www.burmeseclassic.com



www.burmeseclassic.com

No128 JUNE 2013

တာဝန်ခံအယ်ဒီတာ
[illegible]
အယ်ဒီတာ
[illegible]
[illegible]
မျက်နှာဖုံးဒီဇိုင်းနှင့်အတွင်းအပြင်အဆင်
[illegible]
[illegible]

**စုံထောက်ကဗျာ**

မောင်တည်အေး၊ ငွေးကြည်(စလင်း)၊
ဝေးနေ၊ နေသိုက်

**စုံထောက်ရှင်ခုန်သံ**

ရဲထက်ဇော်၊ ရဲရင့်သွေး၊ မိုးဖွဲ့တိမ်၊
အထွန်း(တမာမြေ)၊ အေးချမ်းမောင်(မြန်မာစာ)၊
ကြည်တင့်၊ မောင်နိုင်လင်း(ကောလင်း)၊
စောအောင်ခ(ဘားအံ)

**စုံထောက်မှုင်းသစ်**

ရွှေမြင့်စုံ(ဉပဒေ)၊ စုမြတ်နိုး၊
စည်သူ(အဖျောက်)၊ ညီလမင်း(အောင်လံ)

**ကာတွန်း**

မောင်မောင်ညွှက်၊ သိန်းထွန်း၊
သာခင်၊ ကိုငယ်၊ မှုံ့အိန်ဂျယ်၊
ကျော်လှ၊ မြတ်နိုး၊ မောင်တင်ယု

**အတိုဆုံးစုံထောက်ဝတ္ထု**

လှထွဋ်၊ ခင်မောင်မြင့်(ရွှေဆယ်မြေ)၊
ဉက္ကာဝင်းကျော်၊ ဆလိုင်းငွေ(မင်းတပ်)၊
ကျော်မြင့်ကျော်၊ ဝေမင်းနော်(ပျဉ်းမနား)


**နိုင်ငံတကာစုံထောက်**

၁၁။ ဆောင်းဟေမန် – နိုင်ငံတကာစုံထောက်

**စုံထောက်သုတ**

၂၅။ လှမိုး(ပညာရေး) – ဂန္ထဝင်မှုခင်းများ
၃၀။ ဦးအာကာ(တရားလွှတ်တော်ရှေ့နေ) – ဥပဒေစုံထောက်
၃၂။ မောင်ဉာဏ်စိန် – မူးယစ်ဆေးဝါးသုံးစွဲထား
ပြင်ပဆရာဝန်အား
သက်သေအဖြစ်
တင်ပြထားသည့် ပြဿ

၅၃။ စုံထောက်မောင်ရွှေ – စုံထောက်အရာရှိသင်တ
၆၉။ စုံထောက်စံထူး – စုံထောက်သတင်းလွှာ
၁၄၂။ ထွန်းအောင်လှိုင် – ဥပဒေဗဟုသုတမျိုးခင်း

**စုံထောက်ဒိုင်ယာရီ**

၁၃၈။ မောင်ယဉ်ကျော် – စုံထောက်ဒိုင်ယာရီ

**စုံထောက်ယာသ**

၁၅၂။ Pလ – သက်ရှည်ကျန်းမာရယ်စ


BURMESE CLASSIC .com






www.burmeseclassic.com

www.burmeseclassic.com






## Cover Story


၃၄။ စုံထောက်မောင်ရေခဲ
စုံထောက်စံထူးနှင့် မိစ္ဆာဘုံက လူယုံများ

**စုံထောက်ဝတ္ထုရှည်**

၉၀။ မင်းမဟာကျော်ခေါင်
ချစ်သောပန်းထွာ

**ရသဝတ္ထု**

၅၄။ ဇေယျမင်းသျှင်
စိန်
၇၁။ မေလွင်ဦး(သတ္တဗေဒ)
ဒေါ်သခင်မိမှ ဧရိုမီးဆီသို့
၇၅။ မောင်မြင့်မား(ဘိုကလေး)
မမျှော်လင့်သောဟင်းစား
၈၂။ ညာဏ်ဦးစံ
ပြောင်းမှဆိုးနှင့်ကွင်းကြမ်း
၁၀၂။ ဦးကျော်(လှိုင်သာယာ)
ဖြစ်မှ ဖြစ်ရပါပေ့
၁၁၄။ မြမြလှိုင်
ချစ်မိပြီဆိုရင်လည်း
၁၂၂။ မြသိန်း
လူသတ်ကောင်ကို
ဖော်ထုတ်ပေးသောသဲလွန်စ
၁၂၇။ မောင်သစ်နွယ်
ရေကိုလောင်မီး
၁၄၆။ နေစိုးသော်
နှလုံးသားတစ်ခု၏ ရာဇဝင်
၁၅၆။ မောင်သိန်းနိုင်
ရွှေနှင့်ယိုးမှား
၁၆၆။ မြူးရဲသန့်
ကျေးလက်စုံထောက်မောင်တောကျော်
၁၇၅။ လေးမောင်
ငန်းဖိုကြီး၏ ကလဲ့စား


www.burmeseclassic.com

www.burmeseclassic.com

# 2013 JUNE



**မျက်နှာဖုံးပန်းချီ**
မင်းထက်နိုင်
**အတွင်းပန်းချီသရုပ်ဖော်**
မင်းထက်နိုင်၊ ကျော်ဦး၊
လွင်မင်း၊ သန့်စင်၊ ရဲရင့်နိုင်

**ထုတ်ဝေသူ**
ရဲအုပ်မောင်မောင်အေး(ငြိမ်း)
ထုတ်ဝေခွင့်မှတ်ပုံတင်အမှတ်(မြ-၀၃၈၃၂)
မှုခင်းတပ်ဖွဲ့မှူးရုံး၊ နေပြည်တော်

**အုပ်ချုပ်ရေးမှူး**
ဒေါ်စန်းစန်းငွေ(ပြုံးပန်းတစ်ရာ)
၁၃၂၊ မြေညီထပ်၊ အနော်ရထာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

**မဂ္ဂဇင်းတိုက်တည်နေရာ**
အမှတ် ၁၄၇(မြေညီထပ်/ယာ)
၃၇ လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၇၉၅၂၈

**ဖြန့်ချိရေး**
ပြုံးပန်းတစ်ရာစာပေ၊
အမှတ်-၁၅၆၊ ၃၇ လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။



**ပုံနှိပ်သူ**
ဦးညွန့်ဝေ(မြ-၈၅၄၂၅)၊
ပြုံးပန်းတစ်ရာအော့ဖ်ဆက်

**အုပ်ရေ** - ၅၀၀၊
**တန်ဖိုး** - ၁၂၀၀ ကျပ်





www.burmeseclassic.com

www.burmeseclassic.com



## ကျေးဇူးအရိပ်



အဖြူထည် ပွင့်လင်းရိုးသား
အလိုရမ္မက်နည်းနည်းနဲ့လှုပ်ရှား
တည်ငြိမ်အေးချမ်းပြောဆိုနေထိုင်
တရားသဖြင့် ရသမျှကို
စားခဲ့ ထားခဲ့ ပွားခဲ့လို့
မိဘအမွေပေးသလောက်နဲ့
အရိပ်အာဝါသမှိုင်းမှိုင်းညို့ညို့အောက်
ကျွန်တော်တို့ဆက်ခံ ပျံသန်း လူဖြစ်ခဲ့ရတယ်။

မောင်တည်အေး

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

## ခေါင်ရည်

ဘဝဆိုတာ
တစ်လုံးတည်းနဲ့ ဘယ်တော့မှမမူးဘူးလို့ ရူးနေတဲ့ကောင်
တောင်တန်းတွေ မြင့်သည်ထက်မြင့်လာ
ဆာလိုက်တာများ
အစာအိမ်တကြုတ်ကြုတ်နဲ့ တုန်လှုပ်နေတဲ့ကဗျာ
ရှာဖွေစားသောက်ခြင်းက ပထမပုံစံ
ပိုက်ဆံဆိုတာ ဈေးအကြီးဆုံးစာရွက်လို့ သိလိုက်ရ
လက်ထဲမှာ ၁၅၀
တစ်ဘဝလုံး ထိုင်မယ်လုပ်မှ
ဆိုင်ပိတ်ချိန် ည ၉ နာရီ။ ။



ငွေးကြည်(စလင်း)

www.burmeseclassic.com

www.burmeseclassic.com



# ချစ်တဲ့ … မြို့

အဝေးက ငါ့ကဗျာလေး
ချစ်တဲ့မြို့ကလေးဆီ
အချိန်မီ ပျံသန်းခဲ့တာပဲ
ဒါပေမဲ့ အလွဲလွဲအချော်ချော်
ရေပေါ်ဆီ နမော်နမဲ့တွေကြားပျောက်ရှ
မြို့ကလေးက အခုထိ စိတ်နာနေတုန်းလား ..။

BURMESE CLASSIC .com

ငါ ကြီးပြင်း အောင်မြေနင်းခဲ့ရာ မြို့ကလေး
ရက်ကန်းခတ်သံတေးတွေနဲ့ ချိုမြိန်
ဘဝရဲ့ နားမျက်စိဖွင့်ရာ ဘူမိနက်သန်
ကဗျာရနံ့တွေ တလှူလှူ အိပ်မက်တွေဖူးပွင့်
ကိုယ်ခံအားပြည့် လမ်းကလေးတွေပေါ်
ငါ သီဆိုခဲ့တာ လောကခံသီချင်း
မုန်တိုင်းတွေသရုပ်ပျက်ရာသီထဲ
လမ်းများတဲ့ မြို့ကလေးကနေ
လမ်းမမှားဘဲ ထွက်ခွာလာခဲ့ရ
မြို့ကလေးက အခုထိ စိတ်နာနေတုန်းလား ..။



အိမ်ကွင်းမဟုတ်တော့ပေမယ့်
ငါ့ရဲ့ အရင်းနီးဆုံး အဝေးကွင်းဟောင်းကလေး
အပြောင်းအရွှေ့တွေနဲ့ ဝေးကွာခဲ့ရာ
တက္ကသိုလ်မှာ ဝေတဲ့နှင်းကလေးလည်း သူ့အိုးနဲ့သူ့အိမ်
ကျိန်စာသင့် အတိတ်တွေတဖြောက်ဖြောက်ကွာကျ
မီးစိမ်းပြပေမယ့် လမ်းဖြတ်ကူးခွင့်မရသလို
ထာဝရနေထိုင်ခွင့် လွဲချော်ခဲ့ရတဲ့ မြို့ကလေး ..။

ဝေးနေ

www.burmeseclassic.com

www.burmeseclassic.com

## မိတ်ဆွေကြီးနဲ့တော့ ခက်နေပြီ

မသွားဘဲနဲ့ သွားတယ်ပြော
မရောက်ဘဲနဲ့ ရောက်တယ်ပြော
မမြင်ဘဲနဲ့ မြင်တယ်ပြော
ခံစားချက်တွေသောသောညံ
ခင်ဗျား ကျွန်တော့်ကို ရန်စနေတာလား
သတ်မှတ်ချိန်ထက် နောက်ကျတယ်
မိတ်ဆွေတွေနဲ့တွေ့တယ်
အားတက်ရွှင်လန်းစရာ ရွှေရောင်အနာဂတ်
အာပေါင်အာရင်းသန်သန်
အမှန်အကန်မဟုတ်ဘဲ
ခင်ဗျား ကျွန်တော့်ကို ရန်စနေတာလား
တိုက်တာရွှေငွေအပြည့်အစုံရှိပြီး
အညစ်အကြေးပုံပေါ်ကျသွားတဲ့ မဖြစ်စလောက်အသပြာကို
ခင်ဗျားကောက်ပြီး ပုန်းနေတာ အံ့သြတယ်
ဟော .. လာပြန်ပြီ ဒီမနက်
အထွက်နောက်ကျလို့ အဝင်နောက်ကျသတဲ့
ဘယ်မှမထွက်ဘဲ အတွဲညခွံထဲမှာ
ခင်ဗျားလောဘကို ဆီဦးထောပတ်တွေ ခွံ့ကျွေးနေတာ
ကျုပ်တွေ့တယ်
ဒီမှာမိတ်ဆွေ
နောက်တစ်ခါဆို ဒဲ့မေးတော့မယ်
ခင်ဗျား ကျွန်တော့်ကို ရန်စနေတာလား။ ။



နေသိုက်

www.burmeseclassic.com

www.burmeseclassic.com



# စုံထောက် စာအုပ်စင်



ဦးခိုက်ပူဇော်

ပဌာန်းဒေသနာတော် နှင့်

ပဋိစ္စသမုပ္ပါဒ်တရားတော်

## ကေတုမတီမြှဟသ်ာ (လုပ်သားကောလိပ်)

ဆရာကေတုမတီ မြှဟသ်ာ(လုပ်သားကောလိပ်)၏ စာအုပ်ကို လေ့လာခြင်းဖြင့် ပဌာန်းဒေသနာတော်၏ သဘာဝဓမ္မတို့ကို ကြောင်းကျိုးဆင်ခြင်နည်း၊ ပဋိစ္စသမုပ္ပါဒ်တရားတော်၏ အကြောင်းကြောင့်ဖြစ်သော အကျိုးတရားစသည့် ဓမ္မတရားနှစ်ပါး၏ ဓမ္မဖြစ်စဉ်များ ဆက်စပ်၍ ဖြစ်ပေါ်နေမှုကို လွယ်ကူစွာနားလည်သိရှိနိုင်မည်ဖြစ်ပါသည်။ စာအုပ်အဖွင့်တွင် မဟာသဒ္ဓမ္မဇောတိကဓဇ တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယ-ဘီအေ)၏ အမှာစာပါရှိသည်။ ချိုချိုမြင့်စာပေမှ ထုတ်ဝေဖြန့်ချိသည်။

## ဒေါ်အောင်ဆန်းစုကြည်

### မော်ကွန်းဝင် ခရီးစဉ်စကားနှင့် နက္ခတ်ဇာတာတော်ပုံ

ယဉ် မိုး နိုင် စီ စဉ် သည်

ဤစာအုပ်ထဲတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မျိုးနွယ်ပြဇယားကို အတိအကျ ဖော်ပြထားသည်။ သမီးဖြစ်သူ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ကိုယ်ရေးရာဇဝင်အကျဉ်းနှင့် နိုင်ငံရေးခရီးစဉ်မှတ်တမ်း၊ ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ ဒီမိုကရေစီအရေး ဟောပြောချက်များနှင့် အဆိုအမိန့်များပါဝင်သည့်အပြင် ဒေါ်အောင်ဆန်းစုကြည်၏ ဇာတာခွင်ပါ ဖော်ပြထားသဖြင့် ဖတ်မှတ်လေ့လာလိုသူများ အကြိုက်တွေ့မည့်စာအုပ်ဖြစ်သည်။

ကုဋေ ၆၀၀ စာပေမှ ဖြန့်ချိသည်။





www.burmeseclassic.com

www.burmeseclassic.com






## ကမ္ဘာငြိမ်းမြစိမ်းတောင်ညို နှင့် သာသနာပြုဆရာတော်ကြီးများ

### စံသူမြတ် (သုံးဆယ်)

ဆရာစံသူမြတ်(သုံးဆယ်)ရေးသားစီစဉ်သော ကမ္ဘာငြိမ်း မြစိမ်းတော ညိုနှင့် သာသနာပြုဆရာတော်ကြီးများစာအုပ်တွင် သာယာဝတီသုံးဆ ဒေသရှိ တန်ခိုးကြီး ရှေးဟောင်းသမိုင်းဝင် မြစိမ်းတောင်ညို၏ အတိ သမိုင်းကြောင်းနှင့် ခေတ်အဆက်ဆက် သာသနာပြုခဲ့ကြသည့် ဆရာတေ ကြီးများ၏ အတ္ထုပ္ပတ္တိကို လေ့လာနိုင်ရန် ရသမြောက်တင်ပြထားသော စာအုပ်ဖြစ်ပါသည်။ တော်ဝင်မြို့မစာပေ ထုတ်ဝေ ဖြန့်ချိသည်။

## ၂၁ ရာစု မင်းသိမ်းခိုင်

### ။ရွှေရမ်းထူးလင်း။

## ခွေး တစ် ကောင် ၏ ဘ ဝ ဒ သ န များ




၂၁ ရာစု ဆရာမင်းသိမ်းခိုင်(ရွှေရမ်းထူးလင်း)သည် ကွယ်လွန်သူ ဆရာကြီးမင်းသိခ်၏တပည့်ရင်း စာရေးဆရာများထဲမှ၊ အောင်မြင်နေသော ဗေဒင်ဆရာနှင့် စာရေးဆရာတစ်ဦး ဖြစ်သည်။ သူ၏ စာအုပ်ထဲတွင် ကမ္ဘာလောကကြီးကို ခွေးတစ်ကောင်၏ အမြင်များဖြင့် ပုံဖော်ရေးသားထား သည့် ထူးခြားသည့် အတွေးအခေါ်၊ ထူးခြားဆန်းကြယ်သည့် အမြင်များ ကို လှပစွာတန်ဆာဆင်၍ ဆန်းသစ်သော အရေးအသားများဖြင့် တင်ပြ ထားခြင်းဖြစ်သည်။

စာအုပ်ထဲတွင် အခန်းပေါင်း(၅၀)တိတိ ပါရှိသဖြင့် တဝကြီး ဖတ်ရှု ရမည်ဖြစ်သည်။ ရွှေရမ်းထူးလင်းစာပေမှ ထုတ်ဝေဖြန့်ချိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းဟောမန်

# နိုင်ငံတကာစုံထောက်



## နိုင်ငံတကာမူးယစ်အဖွဲ့ဝင်နစ်ဒါဇင်ကျော်ဖမ်းမိ

ဩစတြေးလျနိုင်ငံတွင် နိုင်ငံတကာမူးယစ်ဆေးဝါးဂိုဏ်းအဖွဲ့ဝင် နှစ်ဒါဇင်ကျော်ကို ဖမ်းဆီးလိုက်ကြောင်း ရဲတပ်ဖွဲ့မှ ပြောကြားခဲ့သည်။

ထိုဂိုဏ်းအဖွဲ့ဝင်များထံမှ မူးယစ်ဆေးဝါး Lamborghini ပြိုင်ကား၊ လက်ကိုင်အိတ်များနှင့် အိမ်ရာမြေများအပါအဝင် အမေရိကန်ဒေါ်လာ ၁၀ သန်းနှင့်ညီမျှသော ပိုင်ဆိုင်မှုများကို ဖမ်းဆီးရမိခဲ့ကြောင်း ရဲတပ်ဖွဲ့မှ ပြောကြားခဲ့သည်။ ထိုမူးယစ်ဂိုဏ်း၏ လုပ်ငန်းများသည် တရုတ်၊ ထိုင်း၊ မလေးရှား၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံအထိ ရောက်သည်ဟု သိရသည်။

Ref: International Cirme News

(22-3-2013)



www.burmeseclassic.com

www.burmeseclassic.com



# အမေရိကန်နိုင်ငံတွင် ထောင်မှူးတစ်ဦးသေနတ်ပစ်သတ်ခံရ



အမေရိကန်နိုင်ငံ၊ ကော်လိုရာဒိုပြည်နယ်တွင် တွမ်ကလီမန်အမည်ရှိ ထောင်မှူးတစ်ဦးသည် နေအိမ်တွင် သေနတ်ဖြင့် ပစ်သတ်ခံရပြီးနောက် အဆိုပါပြည်နယ်တွင် လက်နက်ကိုင်ဆောင်ခွင့်ကို ထိန်းချုပ်ကန့်သတ်သည့် ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းလိုက်ကြောင်း သိရသည်။

အသက် ၅၈ နှစ်အရွယ် တွမ်ကလီမန်သည် ၎င်း၏နေအိမ်တံခါးမကြီးမှ ခေါ်သံကြား၍ ထွက်ကြည့်ရာ သေနတ်ဖြင့် ပစ်သတ်ခံရခြင်းဖြစ်ကြောင်း ရဲအရာရှိများက ပြောကြားခဲ့သည်။

ရဲတပ်ဖွဲ့ဝင်များသည် တရားခံအား ရှာဖွေလျက်ရှိပြီး အခင်းမဖြစ်ပွားမီ ၎င်း၏နေအိမ်အနီးတွင် အမည်းရောင် အလုံပိတ်ကားတစ်စီးကို မြင်တွေ့ခဲ့ရကြောင်း မျက်မြင်သက်သေများက ထွက်ဆိုခဲ့သည်။

Ref: International News

# ပြန်လည်ထူထောင်ရေးစခန်း၌ ရက်ပေါင်း ၉၀ ကြာ နေရမည့် လင်ဆေးလိုဟန်



ရဲတပ်ဖွဲ့ဝင်တစ်ဦးအား ကိုယ်ထိလက်ရောက်ပြုမှုအပါအဝင် အမှုသုံးမှုနှင့် ရင်ဆိုင်နေရသော လင်ဆေးလိုဟန်သည် Lock down ပြန်လည်ထူထောင်ရေးစခန်းတွင် ရက်ပေါင်း ၉၀ ကြာနေထိုင်ရမည်ဖြစ်ပြီး မည်သည့်အကြောင်းပြချက်နှင့်မျှ စခန်းမှ ထွက်ခွာနိုင်ဖွယ်မရှိဟု သိရသည်။

အသက် ၂၆ နှစ်ရှိပြီဖြစ်သော လင်ဆေးသည် ပြန်လည်ထူထောင်ရေးစခန်းသို့ ပို့ဆောင်ခံရသည်မှာ ၆ ကြိမ်မြောက်ဖြစ်ပြီး ယခုတစ်ကြိမ်တွင်မူ အိမ်ပြန်ခွင့်မရှိသည့်အပြင် ပြင်ပမှ ဧည့်သည်များနှင့်လည်း တွေ့ဆုံခွင့်မရှိဟု တရားရုံးမှ ပြောကြားခဲ့သည်။

Ref: International Cirme News

(22-3-13)

www.burmeseclassic.com



## သေဆုံးသွားသည့်ချစ်သူနှင့် လက်ထပ်ခဲ့သူ





ထိုင်းနိုင်ငံတွင် အသက် ၂၉ နှစ်အရွယ် Sarinya Kamsook ဆိုသည့် မိန်းကလေးနှင့် အသက် ၂၈ နှစ်အရွယ် သူ့ချစ်သူ Chadil Deffy တို့သည် လက်ထပ်ရန် ရည်ရွယ်ထားခဲ့သည်။

သို့သော် မင်္ဂလာမဆောင်ခင် တစ်ရက်အလိုတွင် ယာဉ်တိုက်မှုတစ်ခုကြောင့် သတို့သမီးလောင်းမှာ ကွယ်လွန်သွားခဲ့ရရှာသည်။ သတို့သား Deffy သည် မင်္ဂလာပွဲကို မဖျက်သိမ်းဘဲ စီစဉ်ထားသည့်နေ့တွင်ပင် သူ့ချစ်သူကောင်မလေးနှင့် လက်ထပ်ခဲ့သည်။

Surin မြို့မှ သူမ၏ အသုဘအခမ်းအနားတွင် Deffy က မင်္ဂလာဝတ်စုံနှင့် သေဆုံးနေသည့် ချစ်သူကောင်မလေးလက်တွင် လက်ထပ်လက်စွပ်ဝတ်ဆင်ပေးပြီး အနမ်းခြွေကာ မင်္ဂလာပြုခဲ့သည်။ သေဆုံးနေသည့် ချစ်သူကို လက်ထပ်ခဲ့သည့် Deffy ၏ လုပ်ရပ်ကြောင့် လက်ထပ်မင်္ဂလာနှင့် အသုဘအခမ်းအနားမှာ တစ်ပြိုင်နက်ပြုလုပ်ခဲ့ရသည်။

Ref: Internet News

## ပြင်သစ်နိုင်ငံတွင် **Eiffel** မျှော်စင် ဗုံးလန့်မှုဖြစ်



ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တော်တွင် အမည်မသိသူတစ်ဦးမှ ရဲဌာနသို့ ဖုန်းခေါ်ပြီး Eiffel မျှော်စင်၌ ဗုံးရှိသည်ဟု ခြိမ်းခြောက်ခဲ့သည့်အတွက် မျှော်စင်အား ၂ နာရီခန့်ကြာအောင် ရဲများက ပိတ်ခဲ့ရသည်။ လူပေါင်း ၁၄၀၀ ခန့်အား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

အနံ့ခံခွေးများနှင့် ဗုံးများကို လိုက်ရှာသော်လည်း မတွေ့သဖြင့် မျှော်စင်ကို အများပြည်သူအတွက် ပြန်လည်ဖွင့်ပေးခဲ့သည်။

Ref: VOA News(30-3-13)

ဆောင်းဟေမန်

www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



## အမေ့မျက်ရည်ထဲက ငါးခုံးမတစ်ကောင်

အမေက ကျွန်တော့်ကို
ပုပ်နေတဲ့ ငါးခုံးမတစ်ကောင်ဘဝ
ဘယ်တော့မှ မရောက်စေချင်ခဲ့ပေမယ့်။

အတောင်အလက်စုံ
အတွေ့အကြုံကြွယ်ဝလာတော့
ငါးပုပ်လှေကြီးထဲက
ငါးခုံးမတွေကို ရေတွက်ရင်း
လူနဲ့ပတ်ဝန်းကျင် ဘယ်သူ ဖန်ဆင်းရှင်လဲ
ပုပ်နေတဲ့ ငါးခုံးမတစ်ကောင်က အစပြုလို့
ငါးတွေတစ်လှေလုံးပုပ်ခဲ့သလား
ငါးပုပ်လှေကြီးထဲကိုပဲ ငါးခုံးမတစ်ကောင်
ယောင်လည်လည်ရောက်ခဲ့သလား
ကျွန်တော်စဉ်းစား။

လောကခံကို
အလဲလဲအပြိုပြို အံတု
မိသားစုဆိုတဲ့ ဝန်ထုတ်ဝန်ပိုးကြီးကို
ထမ်းပိုးပြီး ဆက်နေရတဲ့ခရီးမှာ
အမေ့မျက်ရည်ထက်ပိုပြီး
အနီးဆုံးလူတွေရဲ့ ဝမ်းမီးက
ကျွန်တော့်ကို လောင်မြိုက်နေမှတော့။

တံငါနားနီး တံငါဆိုသလို
တစ်ခါတလေတော့ ကျွန်တော်လည်း
ငါးပုပ်လှေကြီးထဲက ငါးခုံးမတစ်ကောင်ဘဝနဲ့
ရဲရဲကြီး ကပြတတ်နေပြီ အမေ။ ။

**ရဲထက်ဇော်**





www.burmeseclassic.com

www.burmeseclassic.com



# မိခင်ပင်စည်



ဘယ်အကိုင်းက အသီးကို
ချိုစေ
ဘယ်အကိုင်းက အသီးကို
ခါးစေ
ပင်စည်ဟာ
ခွဲခြားပြီး ဆုမတောင်းခဲ့ပါဘူး။

ဘယ်သားသမီးကို
သုခဘုံသို့
ဘယ်သားသမီးကို
ဒုက္ခကြုံဖို့
အမေဟာ ..
ရည်ရွယ်ပြီး မမွေးဖွားခဲ့ပါဘူးလေ။ ။

**ရဲရင့်သွေး**



www.burmeseclassic.com

www.burmeseclassic.com



## တစ်ခါက အတိတ်ဟာ ပစ္စက္ခတိုင်း ကိုယ်ထင်ပြ

ဒီတော့ အိပ်ပျော်အောင် မျက်လုံးမှိတ်ထား
မှောင်နေရင် ပုံရိပ်က ဆန်းကြယ်တယ်
ရှိုးရှိုးသားသား ကဝေမလို ပေါ်ထွက်လာတာလေ
လွမ်းဖူးတဲ့ အလွမ်းက ဒါကို လှမ်း လှမ်းကြည့်
မရိုးသားတဲ့အမြင်မှာ အတိတ်က အစိမ်းရောင်
တောအုပ်နဲ့ သစ်ပင်တွေအကြောင်း လေပြင်းတိုက်လို့
မျက်စိမှောက်ခဏတာလေးအတွက် သက်ပြင်းချလို့
ကိုယ့်ရင်ကို 'မ'တင်လိုက်တဲ့အခါ ရှိုက်ဖိုကြီးငင်ဖြစ်လို့
ငိုလိုက်ပြီကွာ
ဒီတော့ မှောင်နေရင် မျက်လုံးမှိတ်ထားဖို့ ကြောက်တယ်
အိပ်မပျော်အောင် ကဝေမလို ထွက် ထွက်လာတာလေ
ဒါကို လွမ်းဖူးတဲ့ အလွမ်းက လှမ်း လှမ်းကြည့်
ဟုတ်တယ် အိပ်မက်တွေ မှုမမှန်တော့ဘူး
ဟုတ်တယ် ပုံရိပ်တွေ လူမဆန်တော့ဘူး
ဟုတ်တယ် ..။ ။

**မိုးဖွဲ့တိမ်**





www.burmeseclassic.com

www.burmeseclassic.com





## အမှိုက်

လမ်းမတစ်လျှောက်
ငါ အမှိုက်ကောက်ခဲ့
ပစ်သူက ပစ်
ကောက်သူက ကောက်
မမြဲခြင်းအနိစ္စရဲ့ သဘောလေလား
ကောက်သူက တစ်ယောက်
ပစ်သူက တစ်သိန်း
ညီမျှခြင်းရဲ့ သဘောတရားအတိုင်း
အမှိုက်ကိုပစ်ရင်း
သူတို့အမှိုက်ဖြစ်သွားကြတယ်။ ။

အထွန်း(တမာမြေ)



www.burmeseclassic.com

www.burmeseclassic.com



## သံစဉ်စည်းဝါးပျက်သွားတဲ့ အိပ်မက်

ငြင်းပယ်ခြင်း သီအိုရီကိုဖွင့်ဆိုတဲ့အခါ
သက်ဆိုင်မှု မရှိခြင်းနဲ့ အသိအမှတ်မပြုခြင်းဆိုတဲ့
သဘောအဓိပ္ပာယ်သက်ရောက်တာလည်းမှန်ရဲ့
ရေကိုသားလို့အကြားမထင်ဆိုပေမယ့်
လှိုင်းဂယက်အလျဉ်ထခဲ့တာလည်း အမှန်ပါပဲ
ငှက်ခြေရာ လေမှာမထင်ပေမယ့်
ကိုင်းဖျား ဆတ်ဆတ်ခါရတဲ့အဖြစ်က
နားခိုသွားခြင်းရဲ့ သင်္ကေတတစ်ရပ်ပဲမဟုတ်လား
အဆင်းနဲ့ရနံ့ကို သိုဝှက်နိုင်စွမ်းအားနည်းခဲ့လို့
ခြွေခူးခံရတဲ့ပန်းတွေအနန္တ
သံစဉ်တေးသွားတွေ လေဟုန်စီးပြီး
နှစ်သက်ကြည်နူးမှုတွေကို သွေးဆောင်စည်းရုံးနိုင်ခဲ့လည်း
ဘယ်လိုပဲ ငြင်းချက်ထုတ်နေပါစေ
စည်းချက်မမှန်တဲ့နှလုံးသား
မကြည်လင်ဝေဝါးတဲ့ မျက်ဝန်း
မှုန်မှိုင်းအုံ့ပျနေတဲ့ရင်ခွင်
ဒီအသွင် ဒီလက္ခဏာတွေက
ကိုယ့်နှလုံးသားဥယျာဉ်အတွင်း
မင်း ... ဖြတ်သန်းသွားခဲ့ဖူးတယ်ဆိုတာကို။ ။



**အေးချမ်းမောင်(မြန်မာစာ)**



www.burmeseclassic.com

www.burmeseclassic.com



## မောင့်မမ 'မေ'



ဘဝမှာ မြင်မြင်သမျှ ခလုတ်တိုက်ခဲ့ဖူးတယ် မေ
ငါဟာ လွဲချော်သူကြီးပေါ့
မအောင်မြင်သူ ညနေခင်းလေးရဲ့
တိတ်ဆိတ်အသံတွေနဲ့ လွဲခဲ့ပါတယ်
ဉာဏ်ပညာကြီးမှုမှာ ကြေကွဲရရှာသူ
'အိုင်းစတိုင်း'နဲ့လည်း လွဲခဲ့ပါတယ်
ပြီးတော့ ယုံယုံကြည်ကြည် မျက်စိမှိတ်ချစ်ခွင့်
ယုံယုံကြည်ကြည် မျက်စိမှိတ်အချစ်ခံရခွင့်နဲ့လည်း လွဲခဲ့ပါတယ်
ဟောဒီလို
ကသုတ်ကရက်နဲ့ ဝရုန်းသုန်းကား ကမ္ဘာကြီးထဲ
ရေနစ်သူတစ်ယောက် ကောက်ရိုးမျှင်ကို အသိမဲ့စွာတွယ်တာသလိုမျိုး
'မေ့'ကို တွယ်တာမိပါပေါ့
နှုတ်ခမ်းပါးပါး လျှာပါးပါးလေးနဲ့များ လိမ်ညာသွားမလား
လည်ပင်းပေါ်ဓားတင်ခံရရှာတဲ့ နွားပေါက်ကလေးလို
ကြောက်ရွံ့မိပါပေါ့
ရယ်မောလိုက်၊ နောက်ပြောင်လိုက်၊ ဝန်တိုလိုက်
အသည်းကို ပါးရိုက်သလို ခပ်ဆတ်ဆတ်ကလေးပုတ်လိုက်နဲ့
မကျီစားပါနဲ့လား 'မေ'ရယ်
ပင်လယ်ထဲ ကမ်းပျောက်ရရှာသူ တံငါသည်တစ်ယောက်
ရေဆာသလိုမျိုး
'မေ့'မေတ္တာကို ဆာလောင်သူကြီးပါ
ယုံကြည်ရင်တော့ လိုက်ခဲ့ပေါ့ 'မေ'
မြွေနံ့နဲ့ ငွေနံ့ ကွဲကွဲပြားပြားမရှိတဲ့ ကမ္ဘာကြီးရယ်
တို့တွေ ချန်ထားရစ်ကြရအောင်လား
ကျောက်စရစ်တော မာခေါင်ခေါင်မှာ ပျိုးမိတဲ့ နှင်းဆီတစ်ပွင့်ရှိလေရဲ့'မေ'
ချိုးလိုချိုး ပန်လိုပန်ပေါ့
ဒါဟာ 'မေ့'ကိုယ်ပိုင်မို့ 'မေ့'သဘောနဲ့သာ ဆိုင်ပါတယ်
ပျင်းတဲ့အခါ နှင်းဆီဆူးတွေနဲ့ အပျင်းပြေပွတ်ဆွဲကစားဖို့
ငါ့ရင်ခွင်ကိုလည်း တန်းတလျား ဖြန့်ခင်းထားခဲ့လို့ပေါ့ 'မေ'။

**ကြည်တင့်**



www.burmeseclassic.com

www.burmeseclassic.com



## တစ်ဖတ်သတ်(၁၂)

ဖွဖွညင်ညင်ပဲ
မျက်တောင်ခတ်ပုံလေးကို ငေးကြည့်မိ
အလင်းကို လုံအောင်သိမ်းထားရတဲ့
ကြယ်ကလေးပါ
ဖြာကျခွင့်မရှိတဲ့ဘဝမို့
သိုသိုသိပ်သိပ်လောင်ကျွမ်းရတယ်
သူ့ဆံနွယ်စလေးတွေအပါး
ကမ္ဘာကုန်သရွေ့
လေပြည်လို ဝေ့နေတော့မယ့်အချစ်
ဘယ်လိုဒုက္ခတရားကမှ
သတ်မပစ်နိုင်ဘူး။

ဝါးရုံပင်ထိပ်ဖျားလေးလို
မျှော်လင့်ခြင်းကို
ကိုင်းညွတ်ထားလိုက်ပါတယ်။

အလွမ်းဟာ
ကိုယ့်ရှာရိုးကို ချိုးဖျက်ခဲ့ပြီမို့။ ။

**မောင်နိုင်လင်း(ကောလင်း)**





www.burmeseclassic.com

www.burmeseclassic.com



# နှလုံးသား



မုန်တိုင်းအလွန်မှာ နှင်းများခဲသွားခဲ့
ပန်းတစ်ပွင့်ရဲ့ မြို့ရိုးထဲကို
ဝင်လာတဲ့ စစ်ပွဲတွေက
အိပ်ရာဝင်ကြတယ်။

ဦးနှောက်ကို စားပစ်မတဲ့လား
နေကြာပင်လေးကို အိမ်ခေါင်မိုးပေါ်မှာ
ပန်းအိုးလေးနဲ့စိုက်ထားပြီး
နေကြာပင်လေးနားမှာ တယောထိုး
ဟောင်းသွားတဲ့ စာမျက်နှာပေါ်က
ကဗျာတစ်ပုဒ်
ရေတွင်းဘေးမှာ ကြွေကျလာတဲ့ သစ်ရွက်လို
အိပ်မက်တစ်မွေ့တစ်ပိုက်နဲ့
ထရပ်ကားပေါ် ပစ်တင်ထားလိုက်တယ်။

ရန့်ကို ခြေရာခံလိုက်ပေမယ့်
ကန္တာရသဲပွင့်တွေကို ငါ့မျက်ရည်ခွံ့ကျွေးထားခဲ့ရ
ကဖီးခွက်တွေရဲ့ ဘောင်မှန်သမျှ
နှုတ်ခမ်းဖျားနဲ့ ထိခတ်ခွင့်ရပြီး
စားပွဲခုံမှာ ချန်ရစ်ခံခဲ့ကြရတယ်။

**စောအောင်ခ(ဘားအံ)**



www.burmeseclassic.com

www.burmeseclassic.com



# လူမိုး

## နိုင်ငံတကာ ဂန္ထဝင်မှုခင်းများ





www.burmeseclassic.com

www.burmeseclassic.com



၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် စီအင်အင်ရုပ်သံလွှင့် အစီအစဉ်မှာထုတ်လွှင့်သွားသော သတင်းတစ်ပုဒ်ကြောင့် ယင်းအစီအစဉ်ကို စောင့်ကြည့်လေ့လာနေသော နိုင်ငံတကာမှ ပရိသတ်များအဖို့ စိတ်ဝင်စားဖွယ် သတင်းဖြစ်ခဲ့သည်။ ထိုသတင်းအရဆိုရလျှင် လွန်ခဲ့သော ရက်သတ္တပတ်ခန့်က အမေရိကန်ပြည်ထောင်စုရှိ ဆန်ဒီဟွခ်မူလတန်းကျောင်းတွင် ကျောင်းသား ၂၀ နှင့် ကျောင်းမှ အဖြစ်မဲ့ဝန်ထမ်းခြောက်ဦးအား လက်နက်ကိုင် စိတ္တဇလူသတ်သမားတစ်ဦးက အကြောင်းမဲ့သေနတ်ဖြင့် ပစ်သတ်ခဲ့သော စိတ်မချမ်းမြေ့ဖွယ်ရာ မှုခင်းကြီးတစ်မှုဖြစ်ပွားခဲ့သဖြင့် ထိုကျောင်းမှ ကျောင်းသားမိဘများက ကလေးငယ်များအား ကျောင်းသို့စေလွှတ်ခြင်းမပြုခဲ့ကြတော့ဟု ဆိုသည်။

ထိုသတင်းသည် အမေရိကန်ပြည်ထောင်စုတွင်းသာမက နိုင်ငံတကာသို့ ထူးထူးခြားခြား ဂယက်ရိုက်ခဲ့သော သတင်းဖြစ်ခဲ့သည်။ အမေရိကန်ပြည်ထောင်စုသမ္မတကြီးကိုယ်တိုင် မှုခင်းဖြစ်ပွားရာကျောင်းသို့သွားရောက်၍ ကျောင်းသားများ၏မိဘများ၊ ဆရာ/ဆရာမများကို အားပေးခဲ့ပြီး သမ္မတကြီးရုပ်သံလွှင့်အစီအစဉ်မှ အမေရိကန်ပြည်ထောင်စု၏ လက်နက်ကိုင်ဆောင်ခွင့်ဥပဒေအား ပြန်လည် စဉ်းစားရမည်ဟု အမေရိကန်လူထုအား တိုက်တွန်းသွားခဲ့သည်ဟု ဆိုသည်။

စီအင်အင်ရုပ်သံလွှင့်အစီအစဉ်မှ ထုတ်လွှင့်သောသတင်းတွင် အမေရိကန်ပြည်ထောင်စု ရိုင်ဖယ်အသင်းကြီးကလည်း ကျောင်းအသီးသီးတွင် လက်နက်ကိုင်ရဲတပ်သားအစောင့်များ ထားရှိသွားရန် အမေရိကန်အစိုးရအား တိုက်တွန်းခဲ့သော်လည်း ကျောင်းသားမိဘများကမူ စိုးရိမ်ထိတ်လန့်ဆဲဖြစ်သဖြင့် ကျောင်းသားများနှင့် ကျောင်းသားမိဘများအဖို့ ကျိုးလန့်စရာ စားဖြစ်ခဲ့သည်ဟု သတင်းများအရသိရသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကျောင်းများအတွင်း လက်နက်ကိုင်လူသတ်သမားများ ရုတ်တရက်ဝင်ရောက်လာပါက ဆရာ၊ ဆရာမများက တန်ပြန်တိုက်ခိုက်နိုင်စေရန် လက်နက်ကိုင်သင်တန်းများကို ကွင်းဆင်းသင်ကြားပေးနေသည်ဟူသော သတင်းနှင့်အတူ ဆရာ၊ ဆရာမများ လက်နက်ငယ်များကိုင်တွယ် လေ့ကျင့် ပစ်ခတ်နေပုံများကိုပါ ထုတ်လွှတ်ပြသသွားခဲ့သည်။

ဤသတင်းကိုပင် ကျွန်တော်တို့ မြန်မာနိုင်ငံမှထုတ်လွှင့်သော အသံ... အစီအစဉ်များတွင်လည်းကော... အင်္ဂလန်နိုင်ငံမှထုတ်လွှင့်သော ဘီ... ရုပ်သံလွှင့်အစီအစဉ်များတွင်လည်... ထုတ်လွှင့်သွားသဖြင့် ဟိုးဟိုးကျော်... သော သတင်းတစ်ပုဒ်ဖြစ်သည်။ ဤ... သတင်းနှင့်အတူ နောက်ဆက်... သတင်းများလည်း ထွက်ပေါ်လာ... သည်။ နယူးတောင်း ပစ်ခတ်သ... ဖြတ်မှုဖြစ်ပွားပြီးသည့်နောက် အမေ... ရိကန်ပြည်ထောင်စု ပြည်နယ်အချို့တွ... ဆရာ၊ ဆရာမများအား သေနတ်ကို... ဆောင်ခွင့်ပြုရန်နှင့် သေနတ်ပစ်ခ... လေ့ကျင့်မှုပေးရန် စီစဉ်နေသည်ဟု... အေအက်(ဖ)ပီသတင်းက ဖော်ပြ... သည်။

ယင်းသတင်းမှာပင် အမေရိက... ပြည်ထောင်စုတွင် သေနတ်ကိုင်ဆော... ခြင်းနှင့် ထိန်းချုပ်ရေးကို အပြည့်အ... ထောက်ခံအားပေးသူများကမူ စစ်သ... လက်နက်ငယ်များနှင့် စွမ်းအားမြ... ကျည်ကပ်များ၊ သေနတ်ဝါသနာအ... များပိုင်ဆိုင်သော စစ်သုံးတိုက်ခိုက်ရေ... လက်နက်ငယ်များကို တရားမဝင်အ... ဖြစ် ကြေညာရန် အားသွန်ခွန်စိုက်... ကြိုးစားနေသည်ဟု သတင်းများလည်... ထွက်ပေါ်လာခဲ့သည်။

နယူးတောင်းစာသင်ကျောင်း ပ... ခတ်မှုဖြစ်ပွားခဲ့ပြီးနောက် လူထုသဘော... ထားစစ်တမ်းကောက်ယူခဲ့ရာ အမေ... ကန်ပြည်ထောင်စု လူထု၏ ၅၈ ရာခို... နှုန်းကမူ သေနတ်ရောင်းဝယ်မှုနှင့် ကို... ဆောင်မှုကို တင်းကြပ်မှုပြုရန် ပိုလ... ကြောင်းဟု သိရှိရသည်ဟု သတ... များက ဖော်ပြခဲ့သည်။ အမေရိက...

www.burmeseclassic.com

ည်ထောင်စု ဥတာပြည်နယ်တွင် သင်ကျောင်းများသို့ လိုင်စင်ရှိသော က်နက်များကို ဖုံးကွယ်ယူဆောင် ရန် ခွင့်ပြုခဲ့သည်သာမက ဆရာ၊ ရာမ ၄၀၀ တို့အား သေနတ်ပစ် ကျင့်သင်ကြားပေးခဲ့၏။ အရီဇိုးနား ည်နယ်တွင်မူ ဆရာ၊ ဆရာမတို့အား နတ်သယ်ဆောင်ခွင့်ဥပဒေ ပြဋ္ဌာန်း ် သက်ဆိုင်ရာတာဝန်ရှိသူများက ကြိုးပမ်းလျက်ရှိသည်ဟု တင်းများလည်း ထွက်ပေါ် ာခဲ့၏။

အလားတူပင် ဖလော် ါပြည်နယ်၊ ပင်နီဆိုတာ ည်နယ်၊ အိုရီဂွန်ပြည်နယ်၊ ကိုတာပြည်နယ်၊ တင်နက် ပြည်နယ်များတွင်လည်း ည်သူအများ ရွေးကောက် တင်မြှောက်ထားသော ဥပဒေ ပြုအမတ်တို့က လာမည့် စာ သင်နှစ်ကစ၍ ဆရာ၊ ဆရာမ များအား စာသင်ကျောင်းများ သို့ လက်နက်ကိုင်ဆောင်ခွင့် ပြုမည့်ဥပဒေ ပြဋ္ဌာန်းရန် ကြိုးစားလျက်ရှိသည်လည်း သတင်းများက ဖော်ပြခဲ့သည်။ သတင်းမီဒီယာများကလည်း လက်နက်ကိုင်ဆောင်ခွင့် လက်နက်ရောင်းချခွင့်ဥပဒေ ကို အလေးအနက်ထား၍ စဉ်းစားသင့်သည့်အကြောင်း ဖိအား ပေးရေးသားဖော်ပြခဲ့ရာ ပြည်နယ်အချို့ တွင် အငြင်းပွားမှုများဖြစ်လာခဲ့၏။ မှန်ပါသည်။ နယူးတောင်းမြို့စာသင် ကျောင်းတွင် ဖြစ်ပွားခဲ့သော သေနတ် ပစ်မှုသည် အမေရိကန်ပြည်ထောင်စု အဖို့ ပျားရည်တစ်စက်ကြောင့် ပြည် ပျက်ရတော့မည့်ကိန်း ဆိုက်ရောက် လာခဲ့သည်။

မှန်ပါသည်။ အမေရိကန်ပြည် ထောင်စုသည် ယနေ့ခေတ်တွင် သိပ္ပံ ပညာတွင် အတိုးတက်ဆုံးနိုင်ငံကြီး တစ်နိုင်ငံဖြစ်သည်သာမကနိုင်ငံတကာ က မော့ကြည့်ရသော စူပါပါဝါနိုင်ငံ



ကြီးတစ်နိုင်ငံဖြစ်သည်မှာ မည်သူမျှ ငြင်းဆိုနိုင်သောအချက်မဟုတ်ဟု ဆိုရ မည်ဖြစ်ပါသည်။ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးတွင်လည်း ထူးထူးခြားခြား တိုးတက်လာသည်နှင့်အမျှ ရာဇဝတ်မှု ဖြစ်ပွားသည့်ရာခိုင်နှုန်းမှာလည်း စံချိန် တင်ရလောက်အောင် တိုးတက်လာ သည်ဟု သိရ၏။ သာဓကအားဖြင့် အ ကြောင်းမဲ့ရည်ရွယ်ချက်ကင်းမဲ့စွာ လူ အများအား ဆက်တိုက်လူသတ်သမား Serial Killer များသည် အမေရိကန် ပြည်ထောင်စုတွင် လက်ဆစ်ချိုး၍ ရေ တွက်မရအောင် များပြားခဲ့သည်ဟု နိုင်ငံတကာမှ မှုခင်းသုတေသီအများ က ဆိုကြသည်။

မှန်ပါသည် ...။

မှုခင်းသုတေသီတို့၏ အဆိုအမိန့်အရ မှုခင်းတစ်ခု ကို ကျူးလွန်ရာတွင် ရည် ရွယ်ချက်ရှိရမည်ဟု ဆိုသည်။ သို့သော် ဤဆောင်းပါးအစ တွင် ဖော်ပြခဲ့သော နယူး တောင်းမြို့ မူလတန်းကျောင်း လူသတ်မှုကြီးနှင့် တက္ကသိုလ် ကျောင်းတိုက်ကြီးများအတွင်း မကြာခဏ ဖြစ်ပွားခဲ့သော သေနတ် ပစ်ခတ်မှုကျူးလွန် သူများသည် သေနတ်ကို ကျောင်းပရဝဏ်အတွင်း ယူ ဆောင်လာက မြင်မြင်သမျှ ကျောင်းသူ/ကျောင်းသား၊ ဆရာ/ဆရာမများ၊ အမှု ထမ်းများအား ပစ်ခတ်သတ် ဖြတ်ခဲ့၏။ ဤကဲ့သို့ ရည်ရွယ် ချက်ကင်းမဲ့စွာ လူအများအား သတ်ဖြတ်ခဲ့မှုများသည် အဘယ် ကြောင့်နည်း။ ဆန်းကြယ်သော စိတ် စေတသိက်တို့၏ ဖြစ်စဉ်ကြောင့်လော။ သို့မဟုတ် အမေရိကန်ပြည်ထောင်စု ၏ လူနေမှုစနစ်ကြောင့်လော



www.burmeseclassic.com

www.burmeseclassic.com



သို့မဟုတ် အဆင့်အတန်းကွာခြားသော စီးပွားရေးစနစ်ကြောင့် စိတ်ဖိစီးမှုဝေဒနာခံစားရာမှ အထက်ဖော်ပြပါ စိတ္တဇလူသတ်သမားဆိုသူများ ပေါ်ပေါက်လာခဲ့သလော။ အထက်ဖော်ပြပါ လူသတ်သမားများအနက် အချို့လူသတ်သမားများကမူ ငယ်စဉ်ဘဝအစက မှောင်ထဲကစခဲ့ကြသူများဖြစ်သည်။ ငယ်စဉ်က မိဘများ အိမ်ထောင်ပြိုကွဲခဲ့ရာမှတွယ်ရာမဲ့ဖြစ်၍ ဒုစရိုက်လောကသို့ကျရောက်သွားကာ စိတ္တဇလူသတ်သမားများ ကမ်းကုန်အောင်မိုက်သော ဒုစရိုက်သမားများဘဝသို့ ရောက်ခဲ့ကြသည်။

သို့သော် ဤကဲ့သို့ စိတ္တဇလူသတ်သမားဟု ကင်ပွန်းတပ်ခံရသူအချို့မှာမူ အံ့ဩဖွယ်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် သန်းကြွယ်သူဌေးမိသားစုများ၊ လူကုံတန်မိသားစုများမှ ပေါက်ဖွားလာခဲ့ကြသူများဖြစ်သည် မည်သည့် လူမှုဒုက္ခကိုမျှ မခံစားရ။ သို့သော် စိတ္တဇလူသတ်သမားဖြစ်လာသည်။ အဘယ်ကြောင့်နည်း။ အမေရိကန်ပြည်ထောင်စုတွင်သာမက ကမ္ဘာ့နိုင်ငံအသီးသီးသို့ ဂယက်ရိုက်ခတ်ခဲ့သည့် ကမ္ဘာ့မှုခင်းရာဇဝင်တွင် အရက်စက်ဆုံးမှုခင်းကြီးတစ်မှုဟု မှုခင်းသုတေသီအများက တစ်ညီတစ်ညွတ်တည်း သတ်မှတ်ခဲ့သော မှုခင်းကြီးတစ်မှု၊ အမေရိကန်ပြည်ထောင်စုတွင် လွန်ခဲ့သော အနှစ်နှစ်ဆယ်ခန့်က ဖြစ်ပွားခဲ့သည်။ ထိုအမှုမှာ သားဖြစ်သူက အသက် ၉၂ နှစ်အရွယ် မိခင်ဖြစ်သူအား မသေမချင်းရိုက်သတ်သည့်အမှုဖြစ်ပါသည်။

သားဖြစ်သူ လူသတ်သမားမှာ ပညာမဲ့တစ်ယောက်မဟုတ်ပါ။ အမေရိကန်ပြည်ထောင်စုမှ ထိပ်တန်းတက္ကသိုလ်ကျောင်းတော်ကြီးမှ ကျောင်းသားတစ်ဦးဖြစ်ပါသည်။ ဆွေမျိုးသားချင်းများမှာလည်း အမေရိကန်ပြည်ထောင်စုတွင် အများက မော့ကြည့်ရသော မိသားစုများဖြစ်သည်။ ဖခင်၊ မိခင်ကိုသတ်သည့် လူသတ်သမား၏ဖခင်မှာလည်း နယ်နယ်ရရပုဂ္ဂိုလ်မဟုတ်ပါ။ အမေရိကန်ပြည်ထောင်စု သမ္မတကြီးရော်နယ်ရီဂင်၏ ကိုယ်ရေးဥပဒေအကြံပေးရှေ့နေချုပ် ရှိုင်မီလားဖြစ်ပါသည်။ သားဖြစ်သူ လူသတ်သမားမှာလည်း အစစအရာရာ မတောင့်မတနေခဲ့သူဖြစ်သည်။ ဤကဲ့သို့ မိသားစုအသိုင်းအဝိုင်းမှ ပညာတတ်တက္ကသိုလ်ကျောင်းသားတစ်ဦးသည် မိမိ၏မိခင်ရင်းဖြစ်သူကို အဘယ်ကြောင့် မသေမချင်းရိုက်၍ သတ်ဖြတ်ခဲ့သနည်း။ လူသတ်သမား၊ သားဖြစ်သူဂျူနီယာမီလာမှာ အသက် ၂၂ နှစ်အရွယ်ရှိပြီဖြစ်သည်။ ထိုအမှုကို ရာဇဝတ်ရုံးတွင် စစ်ဆေးသောအခါ တရားခံ၏ သက်သေဖြစ်သော စိတ်ရောဂါကုဆရာဝန်ကြီးက လူသတ်မှုကျူးလွန်သူမှာ စိတ်ပျံ့လွင့်နေသည်ဟု ရုံးတော်တွင် သက်သေခံခဲ့သဖြင့် ဂျူနီယာမီလာမှာ ပြစ်ဒဏ်မှ လွတ်ကင်းခဲ့သည်။ ဤအမှုကို ဂျူနီယာမီလာသည် အဘယ်ကြောင့် ကျူးလွန်ခဲ့သနည်း။ အမှန်တကယ် သူ့တွင် စိတ်ရောဂါဝေဒနာ စွဲကပ်နေသလော။ ကျွန်တော်တို့ စဉ်းစားစရာဖြစ်ပါသည်။

မှုခင်းသုတေသီနှင့် ဒဿနဆရာ

**စိတ္တဗေဒ ပညာရှင်များနှင့် စိတ်ရောဂါကုဆရာဝန်များက ဤလူသတ်မှုကို ကျူးလွန်သူ သမီးငယ်သုံးယောက်တွင် စိတ်ရောဂါဝေဒနာ စွဲကပ်ခြင်းမရှိဟု ဆိုခဲ့ကြပါကြောင်း ...**

ကောလင်းဝီလ်ဆင်ကမူ အမေရိကာ
ပြည်ထောင်စုတွင် အထက်ဖော်ပြပ
မှုခင်းကြီးကဲ့သို့ မိသားစုအတွင်း ဖြစ်
ပွားခဲ့သောစိတ်မချမ်းမြေ့ဖွယ်ရာ မှုခ
မျိုး လက်ဆင့်ချီး၍ရှာတွေ့ကြမရှေး
ရှိခဲ့သည်ဟု သူ၏ 'စိတ္တဇလူသတ်
သမားများ' စာအုပ်တွင် အသေးစိတ်

www.burmeseclassic.com



ထောက်အထား စုံစုံလင်လင်နှင့် ော်ပြထားသည်ကိုလည်းကောင်း ပြောမှုခင်း သုတေသီကလစ်ဖ်လီနက် က ရေးသားပြုစုသော Killer Kids ရားခွင်ရောက် ကလေးလူသတ် သားများ စာအုပ်တွင်လည်း အမေ ိကန်ပြည်ထောင်စု တနံတလျား မိမိ ၏ မိသားစုများကို သတ်ခဲ့သည့် အလေးငယ်များအကြောင်း စနစ်တကျ မ်းလေ့လာ၍ မှတ်တမ်းတင်ခဲ့သည်။ ိုစာအုပ်ပါ ဖြစ်ရပ်မှန်မှုခင်းများတွင် ူသတ်မှုကို ကျူးလွန်ကြသူများမှာ ူနေမှုအဆင့်အတန်းနှင့် အသိပညာ အဆင့်နိမ့်ကျသည့်လူတန်းစားများမှ ပေါက်ဖွားသူများမဟုတ်သည်ကို ျှန်တော်တို့ ဖတ်ရှုခဲ့ရ၏။

ဤနေရာတွင် အလျင်းသင့်သ ဖြင့် အခြားစိတ်ဝင်စားဖွယ် လူသတ်မှု တစ်မှုကို ဖော်ပြမည်ဖြစ်ပါသည်။ ထို မှုခင်းကြီးကို အမေရိကန်ပြည်ထောင်စု ချီကာဂိုမြို့၊ ဆင်ခြေဖုံးအရှေ့ ဗားမောင့် လမ်း East vermont street လမ်းရှိ ဗီလာပတ်စ်စံအိမ်တွင် ဖြစ်ပွားခဲ့သော လူသတ်မှုကြီးဖြစ်ပါသည်။ ယင်းအိမ် တွင် မုဆိုးမနန်စီနှင့် သမီးသုံးယောက် တည်း နေထိုင်ခဲ့ကြသည်။ မုဆိုးမနန်စီ မှာ ခင်ပွန်းဖြစ်သူ မကွယ်လွန်မီက ဘဏ်တွင်အပ်နှံထားခဲ့သော ငွေတို့ဖြင့် မကြောင့်မကြ နေထိုင်ခဲ့ပြီး သမီးသုံး ယောက်ကိုအလွန်ခေတ်မီသောအထက် တန်းကျောင်းများတွင် ပညာသင်ကြား သော်လည်း နန်စီသည် ရိုမင်ကတ်သ လစ်ဘာသာဝင်တစ်ဦးဖြစ်သည်။ ဘာ သာရေးကိုင်းရှိုင်းသူတစ်ဦးဖြစ်ရကာ သမီးများကိုလည်း ငယ်စဉ်ကပင် ဘာသာရေးကိုင်းရှိုင်းစေခဲ့ပြီး စည်း ကမ်းတင်းကြပ်ခဲ့သည်။




သမီးသုံးယောက်မှာ မိခင် ဖြစ်သူ၏ ပြင်းထန်သော စည်းကမ်းချက်များကို လိုက်နာခဲ့ကြရသည်။ နန်စီသည် သူချမှတ် ထားသော စည်းကမ်း များကိုချိုးဖောက်သည့် သမီးများအား ရိုက် နက်ခြင်း၊ ရေချိုးခန်း တွင် သော့ခတ်ထား ခြင်းစသော ပြင်း ထန်သည့် အရေးယူ မှုများကိုလည်း ပြု လုပ်လေ့ရှိသည်။ သမီးငယ်များမှာ ရပ်ကွက်တွင်းရှိ လူငယ်လူရွယ်များနှင့် ခပ်ကင်း ကင်းကွာကွာနေခဲ့ကြသည်။

၁၉၈၄ ခုနှစ်၊ ဒီဇင်ဘာလနေ့ တစ်နေ့တွင်မူ ရပ်ကွက်အတွင်းမှ လူ အများသည် နန်စီအား မမြင်ကြရသ ဖြင့် တအံ့တသြဖြစ်နေစဉ် နန်စီ၏သမီး များသည် သူတို့နေအိမ်တွင် မိတ်ဆွေ များအားဖိတ်၍ ကပွဲကျင်းပသည်ကို တွေ့ရသည်။ သက်သမကင်းဖြစ်ခဲ့သော ပတ်ဝန်းကျင်မှလူများသည် ရဲနှင့်စုံ ထောက်များအား သတင်းပေးခဲ့ရာမှ အိမ်အတွင်းဝင်ရောက်ရှာဖွေရာပျောက် ဆုံးနေသောနန်စီ၏အလောင်းအား အ ဝတ်အစားထည့်သောသေတ္တာကြီးတစ် လုံးတွင် တွေ့ရသည်။ သမီးများ၏ ထွက်ဆိုချက်အရ သူတို့မိခင်နန်စီအား သမီးအကြီးဆုံးဖြစ်သူက လည်ပင်းကို ခုတ်သတ်ပြီး အဝတ်အစားများထည့် သောသေတ္တာအတွင်း ထည့်ထားခြင်း ဖြစ်သည်ဟု ဖြောင့်ချက်ပေးခဲ့သဖြင့် တရားဥပဒေအတိုင်း အရေးယူခဲ့ကြရ သည်။ စိတ္တဗေဒပညာရှင်များနှင့် စိတ် ရောဂါကုဆရာဝန်များက ဤလူသတ် မှုကို ကျူးလွန်သူ သမီးငယ်သုံးယောက် တွင် စိတ်ရောဂါဝေဒနာစွဲကပ်ခြင်းမရှိ ဟု ဆိုခဲ့ကြပါကြောင်း။

လှမိုး(ပညာရေး)

ကျမ်းကိုး

Killer Kids

By - C - Linedecker

www.burmeseclassic.com

www.burmeseclassic.com





# ဥပဒေစုံထောက်

ဦးအာကာ
(တရားလွှတ်တော်ရှေ့နေ)



www.burmeseclassic.com

www.burmeseclassic.com



...ခင်ဗျား

မှုခင်းနဲ့ပတ်သက်တဲ့ ဂျာနယ်တွေကို ဖတ်လိုက်ရင် ပြည့်တန်ဆာဥပဒေနဲ့ အရေးယူတဲ့သတင်းမပါတဲ့အပတ် ခပ်ရှားရှားဖြစ်ပါတယ်။ ...တန်ဆာလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုသူတွေဟာ ခေတ်တိုင်းမှာကို ရှိနေမှာပဲ ထင်ပါတယ်။ ပြည့်တန်ဆာ ပပျောက်ဖို့ မဖြစ်နိုင်တာမို့ ...တန်ဆာ ပပျောက်ရေးဥပဒေ”က နေပြီး “ပြည့်တန်ဆာနှိမ်နင်းရေးဥပဒေ” ဆိုပြီး လက်တွေ့ကျကျ ပြောင်းခဲ့ရတယ်လို့ ဥပဒေပညာရှင်တွေ၊ ...ဥပဒေပညာရှင်တွေ ပြောဆိုဆွေးနွေးကြတာ ကြားဖူးပါတယ်။

ပြည့်တန်ဆာဥပဒေနဲ့ အရေးယူတဲ့အခါ ပုဒ်မ ၃ တို့ ပုဒ်မ ၅(၁)တို့နဲ့ အရေးယူထားတယ်လို့ ရေးထားတာကို ဖတ်ရှုရပါတယ်။ အဲဒီ ...တွေရဲ့ ဖြစ်မှုနဲ့ ပြစ်ဒဏ်ကို သိပါရစေခင်ဗျား။

ဂျာနယ်ဖတ် ပရိသတ်တစ်ဦး(ရေကျော်)

---

ဂျာနယ်ဖတ် ပရိသတ်တစ်ဦးသို့

---

ပြည့်တန်ဆာအဖြစ်ဖြင့် စီးပွားရှာဖွေရရှိသည်ကိုသိလျက်နှင့် အဲဒီရှာဖွေရရှိတဲ့ ငွေကြေးကိုမှီခိုပြီး အသက်မွေးဝမ်းကျောင်းပြုနေသူများကို ပြစ်ဒဏ်ပေးတဲ့ပုဒ်မ ဖြစ်ပါတယ်။ ပြည့်တန်ဆာလုပ်ငန်းဖြင့် ရှာဖွေရရှိတဲ့ စီးပွားကို လုံးဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ မှီ၍စားသောက်နေထိုင်သူများကို အပြစ်ပေးရန်...

ပြည့်တန်ဆာပပျောက်ဖို့တော့ မမျှော်လင့်ပါနဲ့။ ပြည့်တန်ဆာလုပ်ငန်းကို ဥပဒေနှင့်မညီညွတ်ဘဲ ဥပဒေအရတားမြစ်ထားတဲ့ အချက်တွေကို ဖောက်ဖျက်ကျူးလွန်သူတွေကို နှိမ်နင်းဖို့ အဓိကထားရမှာဖြစ်ပါတယ်။ ခုခေတ်မှာ ပြည့်တန်ဆာလုပ်ငန်းကိုတောင် တရားဝင်လိုင်စင်နဲ့ ဖွင့်လှစ်ဖို့ ဆွေးနွေးတဲ့လူတွေက ဆွေးနွေးနေကြတယ်။ ဂျပန်ခေတ်က ‘ဆောင်ကြာမြိုင်’ ဆိုတာ ရှိခဲ့ဖူးတယ်လို့ ကြားဖူးတယ်။ အဲဒါမျိုးကို အားကျလို့ ထင်ပါတယ်။

ပုဒ်မ (၃)အရ ပြစ်ဒဏ်ပေးတာကတော့ ပြည်သူနဲ့ဆိုင်တဲ့ လမ်း၊ ပြည်သူနဲ့ဆိုင်တဲ့နေရာ၊ ပြည်သူတို့ ဝင်ထွက်သွားရောက်မြဲနေရာ၊ အဲဒီလမ်း၊ အဲဒီနေရာတို့မှာ မြင်သာအောင်၊ ကြားသာအောင်၊ အိမ်အဆောက်အအုံ၊ ရေယာဉ်၊ ကုန်းယာဉ်အတွင်းကဖြစ်စေ၊ ပြင်ပကဖြစ်စေ၊ ပြည့်တန်ဆာကိစ္စအလို့ငှာ နှုတ်အမူအရာ၊ ကိုယ်အမူအရာတို့နဲ့ မြှူဆွယ်သူတွေကို ပြစ်ဒဏ်ပေးတဲ့ပုဒ်မ ဖြစ်ပါတယ်။ ဟီရိသြတ္တပ္ပတရားကင်းမဲ့လျက် မိမိကိုယ်ကာယကို တမင်လှစ်ပြခြင်းလည်းပါပါတယ်။ ပြစ်ဒဏ်ကတော့ အနည်းဆုံး ထောင်ဒဏ်(၁)နှစ်ကနေပြီး အများဆုံး(၃)နှစ်အထိဖြစ်ပါတယ်။

ပုဒ်မ၅(၁)အရတော့ တစ်နှစ်ထက်မနည်း၊ ငါးနှစ်ထက်မပိုသည့် ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်ပါတယ်။ အင်္ဂလိပ်လို PIMP လို့ခေါ်တဲ့ အခြားသူ

စာမျက်နှာ - ၈၀ တွင် ဆက်လက်ဖတ်ရှုပါရန်



www.burmeseclassic.com

www.burmeseclassic.com





# မောင်ညာကဲဝန်

## မူး ယစ် ဆေး ဝါး သုံး စွဲ ထား မှု နှင့်

## ပြင်ပဆရာဝန်အား သက်သေအဖြစ်တင်ပြသည့်ပြဿနာ

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ ၁၅ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပေသည်။

"ဆေးဝါးသုံးစွဲသူသည် ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်သည့်ဌာန (သို့မဟုတ်) ဤကိစ္စအလို့ငှာ အစိုးရက အသိအမှတ်ပြုထားသည့် ဆေးကုဂေဟာတွင် မှတ်ပုံတင်ရန် ပျက်ကွက်လျှင် ဖြစ်စေ၊ ဆေးကုသရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်လျှင်ဖြစ်စေ၊ ထောင်ဒဏ် အနည်းဆုံး(၃)နှစ်၊ အများဆုံး(၅)နှစ်အထိ ချမှတ်ခြင်းခံရမည်"

အထက်ပါအတိုင်း ပြဋ္ဌာန်းထားသော်လည်း အစိုးရက သတ်မှတ်သည့်ဌာန(သို့မဟုတ်)ဤကိစ္စအလို့ငှာအစိုးရက အသိအမှတ်ပြုထားသည့် ဆေးကု ဂေဟာတွင် မှတ်ပုံတင်ထားခြင်းလည်း မရှိ၊ ဆေးကုသရေးအတွက် သက်ဆိုင် ရာဝန်ကြီးဌာနက ညွှန်ကြားချက်များ ကို လိုက်နာခြင်းလည်း မရှိဘဲ ကိုဒင်း ပါသော ဆေးဝါးကို သုံးစွဲထားခြင်းမျိုး ကို ကြုံတွေ့ရတတ်သည်။ ထိုအခါမျိုး တွင် တရားခံက ပြင်ပဆရာဝန်များ က မူးယစ်ဆေးဝါးအကြောင်းပါသော

www.burmeseclassic.com



ဆေးဝါးများပေးထားကြောင်း ခုခံလေ့ရှိကြသည်။ အဆုတ်အအေးမိသည့်ရောဂါ၊ အစာအိမ်ရောဂါ၊ ချောင်းဆိုးရောဂါ တစ်ခုခုအတွက် ဆေးဝါးကုသမှုခံယူရင်း ကိုဒင်းကဲ့သို့သော ဆေးဝါးများကို သုံးစွဲထားသည့် လက္ခဏာတွေ့ရခြင်းဖြစ်ကြောင်း ခုခံချေပလေ့ရှိကြသည်။ ယင်းကဲ့သို့ ခုခံချေပသောအခါမျိုးတွင် မူလတရားရုံး၊ အယူခံတရားရုံးတို့က မည်ကဲ့သို့ သုံးသပ်လေ့ရှိကြသည် ဆုံးဖြတ်လေ့ရှိကြသည်ကို သိရှိထားသင့်ကြပေသည်။

အောင်မြေသာစံမြို့နယ်တရားရုံး၊ ပြစ်မှုကြီးမှုအမှတ် ၁၆၁၃/၉၃ တွင် တရားခံ မြတ်ကိုကိုနှင့် နိုင်လင်းတို့အပေါ် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဥပဒေ ပုဒ်မ ၁၆(ဂ)/၁၅ အရ တရားစွဲဆိုတင်ပို့ခဲ့သည်။ မူလရုံးက တရားခံ မြတ်ကိုကိုအား ယင်းဥပဒေပုဒ်မ ၁၅ အရ ထောင်ဒဏ်(၃)နှစ်၊ ပုဒ်မ ၁၆(ဂ)အရ ထောင်ဒဏ်(၅)နှစ် ပြစ်ဒဏ်နှစ်ရပ်ကို တစ်ပြိုင်တည်းကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ တရားခံနိုင်လင်းကိုမူ အမှုမှ အပြီးအပြတ်လွှတ်လိုက်သဖြင့် ရှေ့နေချုပ်ရုံးက မကျေနပ်၍ အယူခံမှုကို တင်သွင်းခဲ့သည်။

၃၀-၅-၉၃ ရက်နေ့ နံနက် ၁၀ နာရီခန့်တွင် ဒုရဲအုပ် အောင်ဇော်လင်းနှင့်အဖွဲ့သည် နယ်မြေအတွင်း သတင်းစုံစမ်းလျက်ရှိသည်။ ထိုစဉ် မန္တလေးမြို့၊ ၈၆ လမ်း တောင်မှမြောက်သို့ စီးနင်းလာသော စက်ဘီးတစ်စီးကို မသင်္ကာ၍ ရပ်တန့်စေပြီး ရဲစခန်းသို့ခေါ်ဆောင်သွားသည်။ စက်ဘီးကို နင်းသူမှာ အယူခံတရားခံ နိုင်လင်းဖြစ်ပြီး နောက်ထိုင်ခုံ၌ လိုက်လာသူမှာ မြတ်ကိုကိုဖြစ်သည်။ သက်သေဦးကျော်လှိုင်၊ ဦးဝင်းမောင်တို့ရှေ့၌ ရှာဖွေသောအခါ အညိုရောင်ထီးတစ်လက်ကို ကိုင်ထားသည့် မြတ်ကိုကို၏ လက်အတွင်းမှ ကျောင်းသုံးဗလာစာရွက်နှင့်ထုတ်ထားသည့် ဘိန်းဖြူ(၀. ၀၀၀၁၂၅) ကီလိုဂရမ်၊ တန်ဖိုးငွေ ၅၀ ကျပ်တန်အထုပ်တစ်ထုပ်ကို တွေ့ရသဖြင့် အရေးယူဆောင်ရွက်သောအမှုဖြစ်သည်။

အမှုတွဲတွင် ပေါ်ပေါက်ချက်များအရ အယူခံတရားခံနိုင်လင်းက စက်ဘီးနင်း၍ မူလရုံး တရားခံမြတ်ကိုကိုက စက်ဘီးနောက်ခုံတွင် လိုက်ပါလာစဉ် ဒုရဲအုပ်အောင်ဇော်လင်းတို့အဖွဲ့မှ မသင်္ကာ၍ ဖမ်းဆီးရာမှ အမှုပေါ်ပေါက်လာခြင်းဖြစ်သည်။ နိုင်လင်းထံမှ မူးယစ်ဆေးဝါးတစ်စုံတစ်ရာ မရခဲ့ချေ။

တရားလိုပြသက်သေများ၏ ထွက်ချက်အရ ဘိန်းဖြူထုပ်နှင့်တွေ့ရသော တရားခံ မြတ်ကိုကိုနှင့် စက်ဘီးအတူနင်းလာသော်လည်း ဘိန်းဖြူလက်ဝယ်တွေ့ရသော မြတ်ကိုကိုအား မည်ကဲ့သို့ ကူညီအားပေးခဲ့ကြောင်း ထွက်ဆိုနိုင်ခြင်းမရှိချေ။ စက်ဘီးအတူစီးလာရုံမျှဖြင့် ပြစ်မှုကျူးလွန်ရာ၌ တစ်နည်းနည်းဖြင့် ပါဝင်သည်ဟု ယူဆရန်မသင့်ချေ။ တရားခံမြတ်ကိုကို လက်ဝယ်တွင် ဘိန်းဖြူရှိနေမှန်း အယူခံတရားခံနိုင်လင်းအနေဖြင့် သိရှိပြီးဖြစ်ကြောင်း ပေါ်လွင်စေရန်လိုအပ်သည်။ တရားခံမြတ်ကိုကို၏ ထွက်ချက်တွင် စက်ဘီးနင်း၍ ပြန်လာစဉ် နိုင်လင်းကခေါ်သဖြင့်သွားရာ အိမ်ပြန်မည်ဖြစ်၍ စက်ဘီးဖြင့်လိုက်မည်ဟု ပြောကြောင်း၊ ထို့ကြောင့် နိုင်လင်းက စက်ဘီးကိုနင်း၍ မိမိက နောက်ခုံ၌ လိုက်ပါခြင်းဖြစ်ကြောင်း ထွက်ဆိုထားရာ တရားလိုပြသက်သေတို့၏ ထွက်ဆိုချက်နှင့် ကွဲလွဲမှုမရှိကြောင်း တွေ့ရသည်။ အယူခံတရားခံနိုင်လင်းအနေဖြင့် ၎င်းအား မြတ်ကိုကိုနှင့်အတူ အဖမ်းခံရသည့်အချိန်တွင်လည်းကောင်း၊ ရုံးရှေ့၌ အစစ်ခံသောအခါ၌လည်းကောင်း မြတ်ကိုကိုလက်ဝယ်တွေ့ရှိရသော ဘိန်းဖြူထုပ်နှင့် မည်သို့မျှမသက်ဆိုင်ကြောင်းကို တသမတ်တည်း ထွက်ဆိုခဲ့ကြောင်း တွေ့ရသည်။ နှစ်ဖက်သက်သေခံချက်များအရ နိုင်လင်းသည် အိမ်ပြန်ရန်အတွက် မြတ်ကိုကို၏ စက်ဘီးကိုနင်းလာသည်ဆိုသော အချက်သာလျှင် ပေါ်ပေါက်သည်။ ပြစ်မှုကျူးလွန်ခြင်းကို အားပေးခြင်း၊ လှုံ့ဆော်ခြင်းတို့ကို ကြံခဲ့သည်ဟု ကောက်ယူလျှင် ထင်ကြေးဖြင့် အပြစ်ပေးရာရောက်ပေမည်။ ထို့ကြောင့် မူလရုံးက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဥပဒေပုဒ်မ ၁၆(ဂ) အရ မြတ်ကိုကိုအား ပြစ်မှုထင်ရှားစီရင်သော်လည်း အယူခံတရားခံနိုင်လင်းအား ယင်းဥပဒေပုဒ်မ ၁၆(ဂ)/၂၁ အရ ပြစ်မှုကျူးလွန်ခြင်း မတွေ့ရကြောင်း ဆုံးဖြတ်ချက်မှာ အမှုတွင် ပေါ်ပေါက်ချက်အရ မှားယွင်းမှုမရှိချေ။

**စာမျက်နှာ (၈၁)တွင် ဆက်လက်ဖတ်ရှုပါရန် ...**



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

"စမူဆာ ပူပူလေး ..စမူဆာ"

စမူဆာသည် ရာကွတ်က ခေါင်းပေါ်တွင်ရွက်ထားသော လင်ပန်းထဲမှ သူ၏ ရောင်းကုန်များကို အော်ဟစ်နေပါ၏။ ထို့အတူ-

"ဟောဒီက ပဲပြုတ် ..ပဲပြုတ်ပူပူလေးရမယ်"

ပဲပြုတ်သည် ဒေါ်ပြုးကလည်း ခေါင်းပေါ်ရှိနှီးတောင်း ထဲမှ စားရိက္ခာကို ကြော်ငြာနေပါ၏။ နံနက်မိုးသောက်၍ အလင်းရောက်ပြီဆိုလျှင်ပဲ ရပ်ကွက်အတွင်း လမ်းအသီး သီးတွင် နံနက်ချိန်ခါစားစရာများ၏ သံစဉ်က တစ် ယောက် တစ်မျိုးမရိုးနိုင်အောင် ရှိလှပါသည်။ ယနေ့ (၂-၇-၂၀၀၆) မနက် ၆ နာရီ ခွဲအချိန် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့ နယ်၊ အမှတ် ၃ ရပ်ကွက်၊ နွယ်သာကီ လမ်းသွယ်(၁) ပေါ်တွင် စမူဆာသည် ရာကွတ်နှင့် ပဲပြုတ်သည် ဒေါ်ပြုး တို့က အထက်ပါသံစဉ်များကို အလှည့်ကျဟစ်ကြွေး လျက်။ ထိုစဉ်-

"မီးဗျို့ ...မီး ..မီး၊ ဟိုအိမ် အပေါ် ထပ်မှာ မီးလောင်နေ တယ်ဗျို့"

စမူဆာသည် ရာကွတ်၏ သံစဉ် (Tone)က အဲဒီလို ဟစ်အော်လာသည်။ ခေါင်းပေါ်ရှိလင် ပန်းကို လက်နှစ် ဖက်ဖြင့်ကိုင်ဆုပ် ၍ ရှေ့တူရူမှမြင် ကွင်းကိုကြည့်ကာ ရာကွတ်က အသံပြုနေသည်။ ရာကွတ်အနီးနားရှိ ပဲပြုတ်သည် ဒေါ်ပြုးကမူ ခေါင်း ရွက်တောင်းကို လက်ဖြင့်ထိန်း၍ ရှေ့မဆက်တော့ ဘဲ လာရာလမ်းကို ဆုတ်ကာ သုတ်ခြေတင်ခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

ရာကွတ်၏သံစဉ်ကြောင့် လမ်းအတွင်းရှိသူများနေအိမ်အတွင်းမှ အပြေးအလွှားထွက်လာကြသည်။ မီးလောင်ကျွမ်းနေသောနေအိမ်မှာ နွယ်သာကီလမ်းသွယ်(၁)၊ အမှတ်(၁၆/၉၀)မှ ဦးအုန်းမောင်၊ ဇနီး ဒေါ်ခင်အေးသွယ်တို့၏နေအိမ်အပေါ်ထပ်ဖြစ်ကြောင်း မြင်တွေ့ကြသည်။ မကြာလိုက်ပါ။ မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူအသီးသီးတို့ မီးလောင်ရာအရပ်သို့ရောက်ရှိလာကြသည်။ မီးသတ်ဦးစီးဌာန၏စွမ်းအားကြောင့် မီးမှာ ပတ်ဝန်းကျင်သို့မကူးစက်ဘဲ အိမ်ရှင် ဦးအုန်းမောင်၏နေအိမ်အပေါ်ထပ်အိပ်ခန်းတစ်ခန်းသာ မီးလောင်ကျွမ်းခံခဲ့ရသည်။

မီးငြိမ်းသတ်ပြီးနောက် မြို့နယ်ရဲတပ်ဖွဲ့နှင့် တာဝန်ရှိသူများက အခင်းဖြစ်နေအိမ်သို့ စစ်ဆေးကြည့်ရှုရန် ဝင်ရောက်ကြသည်။ နေအိမ်အတွင်းရောက်ပြီဆိုလျှင်ပဲ နေအိမ်အပေါ်ထပ်တက်သည့်လှေခါးခြေရင်းတွင် အိမ်ရှင်ဦးအုန်းမောင်၊ ဇနီးဒေါ်ခင်အေးသွယ်နှင့် အိမ်ဖော်မမေဆွိတို့ ၃ ဦးမှာ အတုံးအရုန်းလဲကျလျက်။ အခြေအနေကိုစမ်းသပ်ကြည့်ရာ လဲကျနေသူ ၃ ဦးစလုံးမှာ အသက်ပျောက်လျက် ရှိနေချေပြီ။ ရာဇဝတ်ပြစ်မှုဖြစ်၍ ရှေ့ပြည်သာရဲစခန်းမှူး ရဲအုပ်သန်းအောင် အပေါ်တာဝန်ကျချေပြီ။ ဒါကြောင့် ရဲအုပ်သန်းအောင်က မီးလောင်မှုနှင့် သေဆုံးမှုတို့အတွက် လုပ်ဆောင်ရန်ရှိသော ရဲလုပ်ငန်းတို့ကို အပြည့်အဝလုပ်ဆောင်ရသည်။ အထူးသဖြင့် နေအိမ်အောက်ထပ်ဧည့်ခန်းအတွင်း စားပွဲပေါ်တွင်တည်ရှိနေသော လီမွှော်ရည်ထည့်ထားသည့် သောက်လက်စဖန်ခွက် ၂ ခွက်နှင့်အတူ ဖန်ခွက်အလွတ်၊ ရေသန့်ဘူးစသည့် အသုံးအဆောင်ပစ္စည်းများကို သက်သေခံအထောက်အထားအဖြစ် စနစ်တကျ သိမ်းယူသည်။

အောက်ထပ်ရှိ သေဆုံးသူ ၃ ဦး၏ အခန်းကဏ္ဍပြီးတော့ အိမ်အပေါ်ထပ်ရှိ မီးလောင်ကျွမ်းခံရသော အိပ်ခန်းသို့တက်သည်။ မီးလောင်ကျွမ်းခံရသော အိပ်ခန်းအတွင်း မီးလောင်ကျွမ်းထားသော ငွေစက္ကူအချို့နှင့် ရေစိုနေသော ငွေစက္ကူစုစုပေါင်း ၁၀၈ သိန်းကိုတွေ့သည်။ ထိုငွေများကိုလည်း တာဝန်ရှိသူ၊ သက်ဆိုင်သူများရှေ့တွင် ရဲအုပ်သန်းအောင်က ဥပဒေနှင့်အညီ သိမ်းယူခဲ့သည်။ အမှုအတွက် လုပ်ကိုင်စရာရှိသည်တို့ပြီးဆုံးပြီးနောက် အခင်းဖြစ်နေအိမ်၏ပိုင်ဆိုင်မှုကို မေးမြန်းကြည့်သည်။ ထိုနေအိမ်တွင် အိမ်ရှင်သေဆုံးသူ ဦးအုန်းမောင်၊ ဇနီး ဒေါ်ခင်အေးသွယ်နှင့် အိမ်ဖော်မေဆွိတို့ ၃ ဦးသာနေကြသည်။ ဦးအုန်းမောင်နှင့် ဒေါ်ခင်အေးသွယ်တို့တွင် သားတစ်ဦးနှင့် သမီးတစ်ဦးရှိသည်။ သားဖြစ်သူ ရော်ဂျာအုန်းမောင် (ခ) စိုးမိုးနိုင်မှာ ဩစတြေးလျနိုင်ငံတွင်လည်းကောင်း၊ သမီးဖြစ်သူ စင်သီရာအုန်းမောင် (ခ) မို့မို့လွင်မှာ အမေရိကန်နိုင်ငံတွင် နေထိုင်လျက်ရှိသည်။ သို့ကြောင့် သေဆုံးသူ လင်မယားအတွက် အနီးစပ်ဆုံးထိန်းသိမ်းဆောင်ရွက်နိုင်သူမှာ သေဆုံးသူ ဦးအုန်းမောင်၏ညီအရင်း ရွှေပြည်သာနေ ဦးဇော်ဝင်းဖြစ်သည်။ ထို့ကြောင့် ဦးဇော်ဝင်းသည် သေဆုံးသူလင်မယား၏ပစ္စည်းထိန်းအဖြစ် တာဝန်သတ်မှ
ပေးထားခဲ့သည်။

အခင်းဖြစ်ပွားမှုကို ရှေ့ပြည်သ
ရဲစခန်း ပထမသတင်းပေးတိုင်ကြ
ချက်အမှတ် ၅၂၀/၂၀၀၆ ပြစ်မှုဆို
ရာဥပဒေပုဒ်မ ၂၈၅/၃၀၂ ဖြင့် အမှု
၍ အမှုစစ်အရာရှိအဖြစ် စခန်းမှူး
အုပ်သန်းအောင်က တာဝန်ယူရသည်
မီးလောင်၊ ရေစို၍သက်သေခံပစ္စည်းအ
ဖြစ် သိမ်းဆည်းထားသော ငွေစက္က
၁၀၈ သိန်းသည် မိမိ၏လက်ဝယ်တွ
ထိန်းသိမ်းထားပါက ပျက်စီးဆုံးရှုံးမည်
စိုး၍ ထိုက်သင့်သလိုစီစဉ်ရန် အမှုစ
အရာရှိက အမွေထိန်းဦးဇော်ဝင်းသ
ဥပဒေနှင့်အညီ လွှဲပြောင်းပေးအပ်ထာ
သည်။ ထိုငွေများကို အမွေထိန်းဦးဇေ
ဝင်းက မြန်မာ့စီးပွားရေးဘဏ်တွင် အ
ကျိုးအကြောင်းတင်ပြ၍ လဲလှယ်ရ
လျှောက်ထားခဲ့သည်။ မြန်မာ့စီးပွားရေ
ဘဏ်ကလည်း ငွေစက္ကူအင်္ဂါရပ်နှင့် ည
ညွတ်သော ငွေစက္ကူ ၁၀၄ သိန်းက
လဲလှယ်ပေးခဲ့ပြီး ငွေစက္ကူအင်္ဂါရပ်နှ
မညီညွတ်သောငွေစက္ကူ ၄ သိန်းက
မြန်မာ့စီးပွားရေးဘဏ်က ထိန်းသိမ်
ထားရှိခဲ့သည်။ အမှုစစ်အရာရှိ၏ လိမ္မ
ပါးနပ်မှုကြောင့် မဆုံးရှုံးသင့်သော
ကာယကံရှင်ပိုင်ငွေများက မဆုံးရှုံးဘဲ
ရှိနေခဲ့သည်။

ထို့အတူ လက်ဗွေလက်ရာများ
ထင်ဟပ်ကျန်ရှိနိုင်သော သိမ်းယူလာ
သည့်ဖန်ခွက်များ၊ ပြောင်လက်သော
အသုံးအဆောင်ပစ္စည်းများကို လက်
ဗွေပုံစံရယူပေးဖို့ မှုခင်းတပ်ဖွဲ့၊ သိ
စစ်ဆေးရေးဌာနခွဲရှိ လက်ဗွေစံကျွမ်း
ကျင်သူထံသို့ပေးပို့သည်။ ကျွမ်းကျင်သူ

www.burmeseclassic.com



...ပို့သော သက်သေခံပစ္စည်းများ ...က် လိမ္မော်ရည်ထည့်ထားသော ...က်လက်စဖန်ခွက် ၂ ခွက်တွင် ...ခွက်တစ်ခွက်မှာ တိုက်ဆိုင်စစ်ဆေး ...နိုင်သော မထင်ရှားသည့်လက်ပုံစံ ...ပြီး ကျန်ဖန်ခွက်တစ်ခွက်မှထင် ...နေသော လက်ပုံစံသည် တိုက်ဆိုင် ...ဆေးနိုင်သော ကောင်းမွန်သည့် ...က်ပုံစံဖြစ်ကြောင်း၊ လက်ပုံစံကျွမ်း ...င်သူထံမှ အဖြေထွက်လာသည်။ ထို ...ဖြေက အမှုစစ်အရာရှိရဲအုပ်သန်း အောင်အတွက် အားဆေးတစ်ခွက်ပင် ဖြစ်ပါတော့သည်။

အခန်း(၂)

"ကျွန်တော့်အစ်ကို ‥ ဦးအုန်းမောင်ဟာ အရင်တုန်းက ဂျီတီအိုင်ကျောင်းအုပ်ကြီးပါ၊ အဲဒီကမှ ရာထူးတက်ပြီး နောက်ဆုံး စိုက်သက်မွေးဌာနကနေ ဒုချုပ်အဆင့်နဲ့ အငြိမ်းစားယူခဲ့ပါတယ်၊ အစ်မဖြစ်သူ ‥ ဒေါ်ခင်အေးသွယ်ကတော့ ငွေစာရင်းရုံးကအငြိမ်းစားပါ၊ အစ်ကို အငြိမ်းစားမသွားမီက အောင်သိဒ္ဓိရိပ်သာအိမ်မှာနေပါတယ်၊ အစ်မကတော့ အငြိမ်းစားယူပြီးတဲ့နောက်မှာ ရွှေနဲ့ လက်ဝတ်ရတနာတို့ကို ဝယ်ယူရောင်းချတဲ့အလုပ်ကို ‥ လုပ်ပါတယ်"

ဟု သေဆုံးသူ ဦးအုန်းမောင်၏ ညီရင်းဖြစ်သော အမှုထိန်းဦးဇော်ဝင်းက အထက်ပါစကားဖြင့်ဖွင့်ဆိုပြီး ဦးအုန်းမောင်၊ ဒေါ်ခင်အေးသွယ်နှင့် အိမ်ဖော်မေဆွိတို့၏ ဇာတ်လမ်းစုံအား အမှုစစ်အရာရှိ ရဲအုပ်သန်းအောင်သို့ သိရှိသမျှကို အောက်ပါအတိုင်း ခင်းကျင်းပြသည်။

ဦးအုန်းမောင် အငြိမ်းစားယူသောအခါ နိုင်ငံတော်မှချမှတ်ပေး၍ ယခု အခင်းဖြစ်မြေကွက်ကိုရရှိခဲ့သည်။ ထိုမြေကွက်ပေါ်တွင် အခင်းဖြစ်နှစ်ထပ်တိုက်နေအိမ်ကို ဆောက်လုပ်ခဲ့သည်။ ထို့နောက် အောင်သိဒ္ဓိရိပ်သာနေအိမ်ကို သိန်း ၁၂၀၀ ဖြင့် ရောင်းချခဲ့ပြီး အခင်းဖြစ်ပွားရာ ရွှေပြည်သာနေအိမ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ရွှေပြည်သာနေအိမ်တွင် ခင်မင်ရင်းနှီးသူများ၊ ငယ်သူငယ်ချင်းမိတ်ဆွေများဖြင့် ပူးပေါင်း၍ ကွန်ပျူတာပညာရပ်ဆိုင်ရာ သင်တန်းကို ဖွင့်လှစ်ပို့ချသင်ကြားပေးခဲ့သည်။ ဒေါ်ခင်အေးသွယ်ကမူ အိမ်ရောင်း၍ရရှိသောငွေများဖြင့် ယုံကြည်စိတ်ချရသောမိတ်ဆွေများသို့ အတိုးအပွားယူ၍ ငွေတိုးပေးချေးသည်။ ကြိုက်နှစ်သက်သောရွှေနှင့် လက်ဝတ်ရတနာပစ္စည်းတွေ့လျှင် ဒေါ်ခင်အေးသွယ်က ဝယ်ယူစုဆောင်းခြင်း၊ ကြိုက်ဈေးရလျှင် တစ်ဆင့်ပြန်ရောင်းရော...



အခင်းဖြစ်ပွားရာအိမ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဦးအုန်းမောင်သည် အေးဆေးစွာနေတတ်၍ ဒေါ်ခင်အေးသွယ်မှာ စည်းစံနစ်ရှိသူတစ်ဦးဖြစ်သည်။ ရက်သတ္တတစ်ပတ်လျှင် ၅ ရက်ခန့်အပြင်သို့ထွက်၍ ရတနာပစ္စည်းရောင်းဝယ်ခြင်းနှင့် ငွေချေးထားသူများထံ လည်ပတ်လေ့ရှိသည်။ စနေ၊ တနင်္ဂနွေနေ့များတွင် ခင်မင်ရင်းနှီးသူများကို နေအိမ်သို့ဖိတ်ကြား၍ ညှိခံကျွေးမွေးလေ့ရှိသည်။ ထိုအခါမျိုးတွင် ဒေါ်ခင်အေးသွယ်က ဧည့်သည်များကို စနစ်ယားတီး၍ ညှိခံတတ်သည်။ ဒါက သေဆုံးသူ ဦးအုန်းမောင်နှင့် ဒေါ်ခင်အေးသွယ်တို့၏ စီးပွားရေး၊ လူမှုရေးနှင့် ပေါင်းသင်းဆက်ဆံမှုတို့ပင် ဖြစ်သည်။

"ဒါဆို ... ဦးအုန်းမောင်၊ ဒေါ်ခင်အေးသွယ်တို့အိမ်ကို ခင်မင်ရင်းနှီးသူတွေ ... စီးပွားဖက်တွေ အဝင်အထွက်ရှိတဲ့သဘောပေါ့"

အမှုစစ်အရာရှိ၏အမေးကို ဦးဖော်ဝင်းက–

"ဟုတ်ပါတယ် ... ခင်ဗျ"

"အိမ်ကိုလာနေကြသူမဟုတ်တဲ့ မျက်နှာစိမ်းဆိုရင် ... အိမ်တံခါးဖွင့်ပြီး ညှိခံတာမျိုးရှိဖူးသလား"

"ဒေါ်ခင်အေးသွယ်က .. စနစ်ရှိပြီး အရမ်းစည်းကမ်းကြီးပါတယ်၊ မျက်နှာစိမ်းဆိုရင် ညှိခံဖို့မပြောနဲ့၊ အိမ်ထဲကိုပင် အဝင်မခံပါဘူး၊ အိမ်ဖော်ကိုလည်း အဲဒီအတိုင်း သင်ထားပါတယ်"

ဒေါ်ခင်အေးသွယ်၏ အကျင့်စရိုက်အတိုင်းဆိုရလျှင် ပြစ်မှုကျူးလွန်သူသည် သေဆုံးသူများဖြင့် ရင်းနှီးသူများ၊ သိကျွမ်းသူများနှင့် ဝင်ထွက်သွားလာဖူးသူထဲကသာဖြစ်နိုင်ကြောင်း မြေကြီးလက်ခတ်မလွဲရှိချေပြီ။

"အိမ်ဖော်မေဆွိကကော ... ဘယ်အရပ် ... ဘယ်ဒေသကနေ ရောက်လာတာလဲ"

"မေဆွိက ... ရခိုင်ပြည်နယ်ဘက်ကပါ၊ ငယ်ငယ်ကတည်းက ခရစ်ယာန်ဘုန်းတော်ကြီးကျောင်းမှာ နေပါတယ်၊ ဆယ်နှစ်သမီးလောက်မှာ ... အစ်ကိုက မွေးစားဖို့ခေါ်လာတာ အခုအချိန်အထိပါပဲ"

"ဒါဆို ... မေဆွိက အဲဒီအိမ်မှာ ၁၀ နှစ်လောက်ရှိပြီပေါ့"

"ဟုတ်ပါတယ်ခင်ဗျ"

"သူ့မိဘတွေ ... ဆွေမျိုးသားချင်းတွေကော ... အသွားအလာ ရှိသလား"

"ကျွန်တော်သိသလောက်တော့ အသွားအလာ ... အဆက်အသွယ်မရှိကြပါဘူး"

အိမ်ဖော် မေဆွိနှင့်ပတ်သက်၍ နောက်ကြောင်းရှင်းပါသည်။ သေဆုံးသူ အကြင်လင်မယား၏ ငယ်မွေးခြေပေါက်ဖြစ်သလို သူမဖက်က ဆွေပြတ်မျိုးပြတ်အခြေတွင်ရှိသည်။ ဒီတော့ အခင်းဖြစ်နေအိမ်ကို ဝင်ရောက်၍ ပြစ်မှုကျူးလွန်နိုင်သူမှာ လူစိမ်းသူစိမ်းထဲက မဟုတ်။ အဆင်းသိ၊ အချင်းသိ၊ မျက်နှာသိထဲမှ လူရင်း၊ လူညစ်၊ လူ့မိစ္ဆာများသာ ..။

အခန်း(၃)

"ကျုပ်က ... ဦးအုန်းမောင်၊ ဒေါ်ခင်အေးသွယ်တို့နဲ့ ရင်းနှီးခင်မင်တဲ့သူပါ၊ သူတို့ဆီက ငွေသိန်းပေါင်းများစွာ ချေးယူထားတာတော့မှန်ပါတယ်၊ သူတို့လင်မယားနဲ့ အိမ်ဖော်တို့ [illegible] မှုကိုတော့ ကျုပ် .. ဘာမှမသိဘူး [illegible] တော့ ကျုပ်က ဌာနဆိုင်ရာက [illegible] တစ်ယောက်၊ အမှုနဲ့ ကျုပ်ကို စ[illegible] မေးမြန်းမယ်ဆိုရင်တော့ ကျုပ်[illegible] ကြီးဌာနကို ခွင့်တောင်းပါ၊ ဝန်ကြီး[illegible] က ခွင့်ပြုချက်ရမှ ကျုပ်က အစစ်[illegible] မယ်ဗျ"

ဖြစ်တဲ့အမှုက အမှုကြီး။ အမှု[illegible] တဲ့အိမ်ကို ဝင်ထွက်သွားလာ ပတ်သ[illegible] နေသူတွေက အရာရှိကြီးများနှင့် [illegible] ဂုဏ်တန်ကြီးများ။ အဲဒီအသိုင်းအဝို[illegible] ကို မေးမြန်းစုံစမ်းဖို့ဝင်စိုးကြည့်[illegible] အရာရှိကြီးတစ်ဦးက အမှုစစ်အရာရှိ[illegible] အထက်ပါစကားဖြင့် အဖြေပွား[illegible] ယခုအမှုသည် အမှုစစ်အရာရှိအတွ[illegible] အဆိပ်ပြင်းသောမြွေကို ဖမ်းရသည့်[illegible] တူပါ၏။ ထိုမြွေမျိုးကို အကိုင်အတွယ်[illegible] အဖမ်းအဆီးမတတ်လျှင် ကိုင်တွယ်[illegible] အတွက် အသက်အန္တရာယ် ရှိလ[illegible] သည်။ ကိုယ့်တသက်တာမဟုတ်၊ ကို[illegible] ကိုမှီခိုနေသော မိသားစုကိုပင် ဒုက္ခ[illegible] နိုင်ပါ၏။ ဒါကြောင့် အမှုစစ်အရာ[illegible] သည် မြွေလိုလူမျိုးကို ကိုင်တွယ်တော[illegible] မည်ဆိုလျှင် အလမ္ဘာယ်ပညာက[illegible] ကောင်းစွာတတ်ထားဖို့ လိုပါသည်။

အလမ္ဘာယ်ပညာကိုတတ်မြောက်[illegible] ထားသော အမှုစစ်အရာရှိတစ်ယောက်[illegible] ဖြစ်ပါလျက် မှန်သော်လည်းရှုံးခဲ့ရသော[illegible] ဖြစ်ရပ်တစ်ခုရှိသည်။ ရန်ကုန်မြို့၏ မြ[illegible] လယ်လမ်းမကြီးများပေါ်တွင် ဥဒဟို[illegible] သွားလာနေသောမော်တော်ယာဉ်မျာ[illegible] အပြည့်။ တစ်နေ့နံနက် ရုံးခ[illegible]က်ချိ[illegible] တွင် ဖြစ်သည်။ ဌာနတွင်ခုမှ အရာ[illegible] ကြီးသည် သူပိုင်ဆလွန်းကားကို ကိုယ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



**အချို့သောအရာရှိကြီးတွေ အချို့သော ဂုဏ်သရေရှိ လုပ်ငန်းရှင်ကြီးတွေ၊ သိက္ခာရှိသောပုဂ္ဂိုလ်ကြီးအချို့မှာလည်း လောဘ၊ ဒေါသ၊ မောဟစသော အကုသိုလ်တရားတွေကြောင့် ထောင်ထဲမှာ ရောက်ရှိနေကြတာလည်း မနည်းလှပါ**

• • •

…မောင်း၍ ရုံးသို့လာသည်။ မြို့လယ် …်းမကြီးတစ်ခုတွင် ဝင်း၏ရှေ့မှ …မောင်းနှင်နေသော ကိုယ်ပိုင်ယာဉ်ငယ် …စီးက ရုတ်တရက် လူဖြတ်ကူး၍ …ားကို ရပ်တန့်ပေးလိုက်သည်။ ထိုစဉ် …နောက်မှကပ်လိုက်လာသော အရာရှိ …ကြီးမောင်းနှင်သည့်ကားက ရှေ့မှ ထိုး …ပ်လိုက်သော ယာဉ်ငယ်၏နောက်ကို …င်တိုက်မိသည်။ ဒီတော့ အရာရှိကြီး …က ကားပေါ်မှဆင်းလာပြီး ရှေ့မှကား …မောင်းသူကို အပြစ်ဆိုသည်။ ရှေ့မှ ယာဉ်မောင်းကလည်း သူ့တွင် အပြစ် …မရှိ။ နောက်ကားမောင်းသူမှာသာ အပြစ်ရှိကြောင်း အငြင်းပွားနေကြ သည်။

ထိုဖြစ်စဉ်ကိုကြားသိသော အမှုစစ်အရာရှိလေးက ဖြစ်ပွားရာသို့ရောက်ရှိသွားသည်။ အကျိုးအကြောင်းကို နှစ်ဦးစလုံးက ဖြစ်စဉ်ကိုရှင်းပြကြသည်။ ကားနှစ်စီးလုံး၏အပျက်အစီးမှာလည်း ပြောပလောက်အောင်မရှိ၍ နှစ်ဦးနှစ်ဖက် ဆွေးနွေးညှိနှိုင်းပြီး ကျေနပ်ကြရန် အမှုစစ်အရာရှိလေးက သိမ်မွေ့နူးညံ့စွာ ဖြန်ဖြေပေး၏။ ဒါကို နောက်မှဝင်တိုက်သူ ယာဉ်မောင်းအရာရှိကြီးက လုံးဝ မကျေနပ်။ ဖြန်ဖြေပေးသော အမှုစစ်အရာရှိလေးကိုပင် ရှေ့ကား၏ယာဉ်မောင်းဖက်သို့ လိုက်ပါသည်ဟုစွပ်စွဲခဲ့သည်။ ဒါတွင်မက ယခုယာဉ်တိုက်မှုတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများပွင်းသူကို ဥပဒေအရအရေးယူရန် ယာဉ်မောင်းအရာရှိကြီးက အရေးဆိုလာသည်။ ဒီတော့ အမှုစစ်အရာရှိလေးက လော်လီကားကြီးများ၏နောက်တွင် ရေးသားအသိပေးထားသော 'ကပ်မလိုက်နဲ့'၊ 'ဝေးလေကောင်းလေ'ဆိုသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဥပဒေကို ထောက်ရှုပြပြီး ယာဉ်မောင်းအရာရှိကြီးကို မော်တော်ယာဉ်နည်းဥပဒေဖြင့် အရေးယူခဲ့သည်။

ဒါကို မကျေနပ်သူ ယာဉ်မောင်း အရာရှိကြီးက သူ၏အရှိန်အဝါ၊ သူ၏ ရာထူးဂုဏ်၊ အာဏာဂုဏ်တို့ဖြင့် အမှုစစ်အရာရှိလေး၏ အထက်ဌာနသို့ မကျေနပ်ကြောင်း ဖွင့်ဆိုပြီး အမှုစစ်အရာရှိလေးကို အရေးယူပေးရန် တိုင်ကြားလေတော့သည်။ အထက်ဌာနကလည်း ယာဉ်မောင်းသူအရာရှိကြီး၏ စကားကို မလွန်ဆန်ဝံ့၍ ထိုစဉ်က အမှုစစ်အရာရှိလေးကို ရန်ကုန်မြို့တော်ကြီးမှ အဝေးတစ်နေရာသို့ ပြောင်းရွှေ့ပစ်လိုက်သည်။ ဒါက အမှုစစ်အရာရှိတစ်ယောက်၏ မှန်သော်လည်း ရှုံးခဲ့ရသော ဖြစ်စဉ်တစ်ခုပင် ဖြစ်ပါ၏။

ယခုအမှုတွင်လည်း မြို့နယ်ရဲစခန်းမှ အမှုစစ်အရာရှိသည် အကိုင်အတွယ်မတတ်လျှင် မိမိဘက်ကမှန်သော်လည်း အရှုံးဖြင့်ရင်ဆိုင်ရတတ်သည်။ ဒီတော့ အမှုစစ်အရာရှိ ရဲအုပ်သန်းအောင်က အခင်းဖြစ်နေအိမ်သို့ ဝင်ထွက်သွားလာတတ်သူများကို စာရင်းပြု၍ ထိုသူတို့၏နောက်ကြောင်းကို လျှို့ဝှက်စောင့်ကြည့် စုံစမ်းထောက်လှမ်းခဲ့သည်။ ထိုစဉ်–

"ကျွန်တော်က . . . ပညာတတ်၊ ပြည့်စုံတဲ့စီးပွားရေးလုပ်ငန်းရှင် တစ်ယောက်ပါ၊ အန်တီဒေါ်ခင်အေးသွယ်က ငွေပိုငွေလျှံလေးရှိနေလို့ သုံးထားပေးပါဆိုလို့ . . . ကျွန်တော့်ရဲ့စီးပွားရေးလုပ်ငန်းထဲမှာ မြှုပ်နှံထားပေးတာပါ၊ အန်တီရဲ့ငွေမပါလည်း ကျွန်တော့်လုပ်ငန်းက ပျက်မသွားပါဘူး၊ ဘာမဆိုင် ညာမဆိုင်နဲ့ အစစ်ခံရမယ်ဆိုတော့ ကျွန်တော့်အတွက် သိက္ခာလည်းကျတယ်၊ အချိန်ကုန်ပြီး အလုပ်လည်းပျက်တယ်ဗျ"

ဂုဏ်သရေရှိ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ကလည်း ဟိန်းဟောက်သံမပါဘဲ အထက်ပါစကားဖြင့် အိုင်အို (Investigation Officer) ကို ထွက်ဆိုပြုပြန်၏။ ပမာပြု၍ စာစုပြချင်ပါသည်။ အချို့သောအရာရှိကြီးတွေ အချို့သော ဂုဏ်သရေရှိ လုပ်ငန်းရှင်ကြီးတွေ၊ သိက္ခာရှိသောပုဂ္ဂိုလ်ကြီးအချို့မှာလည်း လောဘ၊ ဒေါသ၊ မောဟစသော အကုသိုလ်တရားတွေကြောင့် ထောင်ထဲမှာ ရောက်ရှိနေကြတာလည်း မနည်းလှပါ။



www.burmeseclassic.com

www.burmeseclassic.com



လိမ္မာပါးနပ်သော အမှုစစ်အရာရှိက ရှောင်သင့်သူကို ရှောင်၍ နောက်ကွယ်မှ စောင့်ကြည့်ခဲ့သလို၊ ထိတွေ့မေးမြန်းသင့်သူများကိုလည်း ခေါ်ယူစစ်မေးခဲ့သည်။ ဒါတွင်မက ခြေစလက်နရှိသူ၊ နိုးဆိုးလုယက်တတ်သူ၊ သက်သေမကောင်းရှိသူတို့ကို ဖမ်းဆီးစစ်မေးခဲ့သည်။

ခေါ်ယူစစ်မေးခဲ့သူ၊ သက်သေမကောင်း၍ ဖမ်းဆီးစစ်မေးခဲ့သူ ၃၇ ဦးတို့၏ လက်ဗွေပုံစံများကိုလည်း ဥပဒေနှင့်အညီ ရယူခဲ့သည်။ ထိုလက်ဗွေပုံစံများကို အခင်းဖြစ်အရပ်မှ သိမ်းယူရရှိခဲ့သော ထင်ရှားပြတ်သားသည့် ဖန်ခွက်ပေါ်မှ လက်ပုံစံဖြင့်တိုက်ဆိုင်စစ်ဆေးပေးရန် မှခင်းတပ်ဖွဲ့ရှိ လက်ပုံစံကျွမ်းကျင်သူထံသို့ ပေးပို့ခဲ့သည်။ အမှုစစ်အရာရှိတစ်ယောက်အတွက် ဉာဏ်ပညာနှင့် လုံ့လဝီရိယတို့ကို အစွမ်းကုန်စိုက်ထုတ်ကြိုးစားခဲ့သော်လည်း ကံမလိုက်သေး၍လားမသိ၊ ပေးပို့လိုက်သောနမူနာလက်ဗွေပုံစံများသည် သက်သေခံဖန်ခွက်ပေါ်ရှိ လက်ပုံစံနှင့် တူညီမှုမရှိကြောင်း လက်ပုံစံကျွမ်းကျင်သူမှ ပြန်ကြားလာသည်။ ကံမလိုက်သေးသော်လည်း ဉာဏ်နှင့်ဝီရိယကို မလျှော့ဘဲ အမှုမှန်ပေါ်ပေါက်ရေးအတွက် အမှုစစ်အရာရှိ ရဲအုပ်သန်းအောင်က နောက်ထပ် အမှုစုံစမ်းစစ်ဆေးရမည့် လမ်းကြောင်း (line of investigation) ကို ထပ်မံစီစဉ်ရေးဆွဲနေစဉ်–



အခန်း(၄)

"ဪ . . . ဦးဇော်ဝင်း၊ လာဗျာ ထိုင်"

သေဆုံးသူ ဦးအုန်းမောင်၏ညီရင်း၊ အမှုမှ အမွေထိန်းဦးဇော်ဝင်း ကိုယ်တိုင် မြို့နယ်ရဲတပ်ဖွဲ့စခန်းမှူး အမှုစစ်အရာရှိ ရဲအုပ်သန်းအောင်၏ရုံးခန်းသို့ ရောက်ရှိလာသည်။ ဦးဇော်[...] ကို မြင်တွေ့လိုက်သော ရဲစခန်းမှူး[...] အထက်ပါစကားဖြင့် ဖိတ်ခေါ်လို[...] သည်။ ဦးဇော်ဝင်းကလည်း ရုံးခန်း[...] တွင်းရှိ ထိုင်ခုံလွတ်တစ်လုံးတွင် [...] ထိုင်သည်။ ထို့နောက် ရဲအုပ်သန်း[...] အောင်က–

"ကျွန်တော် . . ဘာအကူအည[...] ပေးရမလဲဗျ"

"ဒီလိုပါ . . စခန်းမှူး၊ မီးလော[...] သွားတဲ့ အိမ်အပေါ်ထပ်ကအခန်းကို[...] ပြန်ပြင်ချင်လို့ပါ"

ဟုတ်ပါသည်။ အနီဗ္ဗာရုံမြင်ကွင်[...] ကို ကာယကံရှင်သာမက အနီးပတ်[...] ဝန်းကျင်ကပါ မရှုစိမ့်လိုကြပါ။ [...] ကြောင့် အခင်းဖြစ်ပြီးရက်အတန်ကြာ[...] တွင် ပျက်စီးသွားသောအခန်းကို ပြ[...] ပြင်ဖို့ အမွေထိန်းဖြစ်သူက လာရောက် ခွင့်တောင်းခြင်းဖြစ်ပါ၏။ အမှုစစ်အရာရှိကလည်း အခင်းဖြစ်ပွားမှုမြင်ကွင်းကို မှတ်တမ်းတင်ထားပြီးဖြစ်ရာ ဦးဇော်ဝင်း၏ တောင်းခံချက်ကို မငြင်းလို၍ အထက်ဌာနသို့တင်ပြသည်။ အထက်ဌာနကလည်း အိုင်အိုအတွက် ပြီးပြည့်စုံပါက ဥပဒေနှင့်အညီ ခွင့်ပြုသင့်ကြောင်း မှတ်ချက်ပြုသည်။ သို့ကြောင့် ဦးဇော်ဝင်းအနေဖြင့် ပျက်စီးဆုံးရှုံးသွားသောအခန်းကို ပြန်လည်ပြုပြင်ခွင့် ရရှိခဲ့သည်။

အိမ် ပြင်ဆင်သည်ဆိုတာက ကျွမ်းကျင်သောလက်သမားနှင့် ပန်းရံအလုပ်။ ဒါကြောင့် ဦးဇော်ဝင်းက လက်သမားဆရာကို ရှာပုံတော်ဖွင့်သည်။ ဦးဇော်ဝင်းကလည်း ရွှေပြည်သာတွင် နေထိုင်သူဖြစ်၍ ရွှေပြည်သာမှလက်သမား



www.burmeseclassic.com

www.burmeseclassic.com



ရာ ဦးတင်မြနှင့်သွားတွေ့သည်။ က်သမားဆရာကလည်း အလုပ်လာ ်သူကို အငြင်းမပွား၊ သူတပည့်ဖြစ် ူ အောင်ဖြိုးပိုင်၊ ရန်ပိုင်လင်းတို့ဖြင့် တူ အလုပ်ကိုလက်ခံလိုက်သည်။ အ ုပ်အပ်သူနှင့် အလုပ်လက်ခံသူတို့၏ ခန်းကဏ္ဍက ပြေလည်စွာ ပြီးဆုံး သွားသည်။

အလုပ်စဝင်သည့်နေ့တွင် ဦးတင် မြ အောင်ဖြိုးပိုင်နှင့် ရန်ပိုင်လင်းတို့က မီးလောင်ထားသောအခန်းအတွင်း မီး လောင်ပျက်စီးနေသော အကျိုးအပဲ့၊ အမှိုက်သရိုက်တို့ကို ဦးစွာရှင်းလင်းဖယ် ထုတ်ကြသည်။ ၎င်းတို့ ရှေ့ဆက်လုပ် ရည့်ပြင်ဆင်မှုအတွက် အနှောက်အ ယှက်၊ အဟန့်အတားများကို ဖျက်ဆီး ဖြတ်တောက်ကြရသည်။ တစ်နေကုန် တော့ မီးလောင်ထားသောအခန်းက ပျက်စီးကျိုးပဲ့နေသော အနှောက်အ ယှက်များ ရှင်းသွားသည်။ နောက်တစ် နေ့တွင် လက်သမားအဖွဲ့၏ရှေ့ဆက်ရ မည့် ပြင်ဆင်မှုက အသင့်ဖြစ်နေချေ ပြီ။ နောက် ၂/၃ ရက်အကြာ နေအိမ် ပြင်ဆင်မှုကိုကြည့်ရှုဖို့ ဦးဇော်ဝင်းတစ် ယောက် အခင်းဖြစ်နေအိမ်သို့ရောက် သည်။ နေအိမ်အတွင်း ထုရိုက်၊ လွှား ဖြတ်သံများကို မကြားရသည့်ပြင် လက် သမား ၃ ဦးကလည်းနတ္ထိ။

"အဲဒီနေ့ ညနေက အိမ်ရှင်းပြီး ပြန်အလာ ... နောက်တစ်နေ့မှာ ရှာ ပြန်ဦးမယ်ဆိုပြီးတော့ ပြန်သွားတာ ခု ထိပြန်မလာကြသေးဘူးဗျ"

အတူနေသူတစ်ဦးက အဲဒီလိုဆို သည်။ ကြားသိသောစကားကြောင့် အ မှေ့ထိန်း ဦးဇော်ဝင်းအတွေးများက









www.burmeseclassic.com

www.burmeseclassic.com



ဒ္ဒိပာဖြစ်သွားသည်။ လက်သမား ၃ ဦး၏အရပ်ဒေသကို မေးမြန်းကြည့်တော့ ရောဝတီတိုင်းဒေသကြီး၊ လပွတ္တာဘက်ကဟု သိရသည်။ အကြောင်း၊ အပေါင်းသိရဖို့အတွက် လပွတ္တာကို လိုက်ဖို့လိုလာခဲ့သည်။ ဒါကြောင့် ဦးဇော်ဝင်းက မြို့နယ်ရဲတပ်ဖွဲ့စခန်းသို့သွား၍ အကျိုးအကြောင်းကိုရှင်းပြသည်။ မြို့နယ်ရဲတပ်ဖွဲ့မှ အရာရှိတစ်ယောက် ဦးဆောင်သောအဖွဲ့က လပွတ္တာသို့ဆင်းကြသည်။ လပွတ္တာရဲတပ်ဖွဲ့အကူအညီဖြင့် လက်သမားဦးတင်မြ၊ အောင်ဖြိုးပိုင်နှင့် ရန်ပိုင်လင်းတို့၏အခြေအနေကို လျှို့ဝှက်စွာ သတင်းထောက် ကြည့်သည်။ လပွတ္တာမြို့နယ်ရဲတပ်ဖွဲ့၏ အမာခံသတင်းပေးတစ်ဦးက–

"ရွှေပြည်သာက .. မီးလောင်ထားတဲ့အိမ်တစ်အိမ်ကို ပြန်ပြင်ဖို့ အမှိုက်ရှင်းရာက လက်ဝတ်ရတနာပစ္စည်းတွေရခဲ့လို့ လက်သမားအလုပ်တောင် မလုပ်တော့ဘဲ ပြိုးပြိုးပြောင်ပြောင်ဖြစ်နေကြတယ်လို့ ကြားတယ်"

ဟု ဖွင့်ဆိုပြ၏။ ကြားရတဲ့ သတင်းသာမှန်နေပါလျှင် ဆန်နိုးမမိသေးခင် ဖွဲနိုးကအရင်မိဖြစ်ချေတော့မည်။ ဒီတော့ လက်သမားဦးတင်မြ၊ အောင်ဖြိုးပိုင်နှင့် ရန်ပိုင်လင်းတို့ကို ဆွဲစေ့ကြသည်။ လပွတ္တာရဲစခန်းတွင် လက်သမား ၃ ဦးစလုံးကို စစ်မေးကြည့်ရာ ဝန်ခံထွက်ဆိုခဲ့ကြသည်။ လက်သမားအဆင့်မှ တရားခံအဖြစ် ပြောင်းလဲရေးအတွက် လပွတ္တာရောက် ရွှေပြည်သာမြို့နယ်ရဲက မိမိစခန်းကို ဖုန်းဖြင့်ဆက်သွယ်သည်။ အခြေအနေမှန်ကို သတင်းပို့ပြီး အမှုရေးဖွင့်ရန် ပြောသည်။ ဒီတော့ ဦးဇော်ဝင်းက တရားလိုပြုလုပ်၍ လက်သမား ၃ ယောက်ကို အမှုဖွင့်သည်။ ထိုအမှုကို ရွှေပြည်သာရဲစခန်း (ပ)၈၅၅/၂၀၀၆ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၀ ဖြင့် မှတ်တမ်းရှိသည်။ အမှုဖွင့်ပြီးနောက် တရားခံဦးတင်မြ၊ အောင်ဖြိုးပိုင်နှင့် ရန်ပိုင်လင်းတို့ကိုယ်တိုင် လိုက်လံပြသထုတ်ပေး၍အခင်းဖြစ်နေအိမ်မီးလောင်ခန်းအတွင်းမှ ရယူခဲ့သော လက်ဝတ်ရတနာရွှေထည်ပစ္စည်း သိန်း ၁၀၀ ဖိုးခန့်ကို သိမ်းယူရရှိခဲ့သည်။

သတိမမူ ဂူမမြင်ဖြစ်ခဲ့တာကို မားခုတ်ရာ လက်ဝင်လျှိုခဲ့ကြတဲ့ လောဘသား ၃ ယောက်အတွက် ပြစ်မှုထင်ရှား၍ တရားရုံးမှ ထောင်ဒဏ် ၅ နှစ်စီ ပြစ်ဒဏ်ချမှတ်ခဲ့လေတော့သည်။

## အခန်း(၅)

"ရဲမှူး .. ကျွန်တော့်ကို ခေါ်တယ်ဆိုလို့"

၂၀၀၇ ခုနှစ်၊ ဖွန်လ ၂၃ ရက် မနက် ၉ နာရီအချိန်။ အောက်မြန်မာနိုင်ငံမူခင်းတပ်ဖွဲ့ခွဲ၊ စစ်ဆင်ရေးနှင့် လုံခြုံရေးဌာနခွဲ၊ ဌာနခွဲမှူး (ရဲမှူး)၏ ရုံးခန်းအဝင်အဝမှ အသံပြုခြင်းကြောင့် ဌာနခွဲမှူးရဲမှူးမောင်ညိန်း (ယခု ရဲမှူးကြီး(ငြိမ်း)အောက်မြန်မာနိုင်ငံတပ်ဖွဲ့ခွဲမှူး) အသံလာရာသို့ လှည့်ကြည့်သည်။ အပေါက်ဝတွင် အလေးပြု၍ရပ်လျက်ရှိနေသော အမှုစစ်အရာရှိစုံထောက်စံထူးကိုမြင်၍ ရဲမှူးမောင်ညိန်းက–

"လာဗျာ .. ကိုစံထူး ထိုင်"

ဌာနခွဲမှူး၏ဖိတ်ခေါ်မှုကြောင့် စုံထောက်စံထူးက စားပွဲရှေ့ရှိထိုင်ခုံလွတ်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။ ရဲ[...] မောင်ညိန်းက ခန္ဓာကိုယ်ကို လျော[...] ဆုံလည်ကုလားထိုင်၏ နောက်မှီ[...] သက်သောင့်သက်သာမှီထိုင်လိုက်သ[...] ဒီအခြေကို မြင်တွေ့လိုက်သော [...] ထောက်စံထူးက ဌာနခွဲမှူးအနေ[...] မိမိအားရှည်လျားထွေပြားသော [...] ဆိုမှုများပြုတော့မည်ကို သတိထာ[...] သည်။ အထက်နှင့်အောက် အတူတ[...] လက်တွဲလုပ်နေကြသူများဖြစ်၍ အ[...] အနေအရပ်ရပ်ကို နားလည်နေကြခြင်[...] ဖြစ်သည်။ မျက်နှာချင်းဆိုင်အနေအ[...] ထားရှိနေကြစဉ် ရဲမှူးမောင်ညိန်းက–

"ကျွန်တော်ခေါ်တယ်ဆိုတော့[...] ခင်ဗျားသဘောပေါက်သလောက် ရှိနေ[...] ပြီနဲ့တူတယ်"

"ဟုတ်ကဲ့ .. သဘောပေါက်ပါ[...] တယ် ရဲမှူး၊ မုန့်ကျွေးဖို့တော့ခေါ်တယ်[...] မထင်ပါဘူး၊ အလုပ်ပေးဖို့ခေါ်တယ် ဆို[...] တာ ... ကျွန်တော် သဘောပေါက်ပါ[...] တယ်"

စုံထောက်စံထူး၏အဖြေစကားကို နှစ်ခြိုက်စွာပြုံးရယ်ရင်း ဌာနခွဲမှူး ရဲမှူး မောင်ညိန်းက–

"ဒါကြောင့်မို့လည်း ကိုစံထူးရဲ့ နာမဝိသေသနက စုံထောက်ဆိုပြီး နာမည်ကြီးနေတာပဲ၊ ကျွန်တော်ကလည်း အခုပေးမယ့်တာဝန်ဟာ ခင်ဗျားနဲ့သင့်တော်မယ်လို့ ယုံကြည်မိတာနဲ့ ခင်ဗျားကို ခေါ်လိုက်တာပါ"

ဌာနခွဲတစ်ခုကို တာဝန်ယူရသော အရာရှိတစ်ယောက်သည် မိမိလက်အောက်မှ အမှုစစ်အရာရှိများ၏ တင်[...] ဦးချင်းစီသောစွမ်းရည်ကို သိထားရပါ[...] ၏။ ဤလုပ်ငန်းတာဝန်သည်[...]ည်သည့်



www.burmeseclassic.com

www.burmeseclassic.com



ရှိနှင့်သင့်လျော်၊ မသင့်လျော် ည်တို့ကို ဦးနှောက်ဖြင့် မှတ်ယူထား ဒါမှသာ သူတို့အပေါ်ပေးအပ် ည့် လုပ်ငန်းတာဝန်ကို ကျေပွန် ာင်မြင်စွာ အကောင်အထည်ဖော် ဖြစ်သည်။ ယခုလည်း အထက်မှ အပ်လာသောတာဝန်က စုံထောက် နှင့်သာ အသင့်လျော်ဆုံးဖြစ်၍ မောင်ညိန်းက–

"ဒီလိုဗျ ... ကိုစံထူးရဲ့၊ လွန်ခဲ့ ၂၀၀၆ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့ က် ၆ နာရီခွဲလောက်မှာ ရွှေပြည် သာမြို့နယ်၊ ၃ ရပ်ကွက်ထဲက နွယ်သာ လမ်းသွယ်(၁)မှာ မီးလောင်မှုနှင့်အ ူ အိမ်ရှင်အဖိုးကြီး၊ အဖွားကြီးနဲ့ အိမ် ော်မလေးတို့ကို သတ်သွားတဲ့ ၃ လောင်းပြိုင်လူသတ်မှုဖြစ်သွားတဲ့အမှု အကြောင်း .. ခင်ဗျားလည်း .. သိပြီး သားပါ"

"ဟုတ်ကဲ့ ... သိပါတယ် ရဲမှူး"

"အဲဒီအမှုဟာ .. အခုချိန်ထိ မ ပေါ်သေးဘူး၊ မြို့နယ်ရဲတပ်ဖွဲ့ကလည်း ထိထိရောက်ရောက် ... ကြိုးကြိုးစား စားစစ်တာပဲဗျ၊ ဒါပေမဲ့ .. အမှုက ဘာ မှအကောင်အထည်ပေါ်မလာဘူး၊ အခု ဆို အမှုက တစ်နှစ်ပြည့်ဖို့ ရက်ပိုင်း လောက်ပဲလိုတော့တယ်"

ဌာနခွဲမှူးဖြစ်သူမှ ဤမျှလောက် ခြေဆင်းစကားဆိုနေလျှင် ဤအမှုမှာ စုံထောက်စံထူးအပေါ် ကျရောက်လာ မည်ဟု စံထူးက ကောင်းစွာ သဘော ပေါက်မိပါသည်။ ဌာနခွဲမှူးသို့ ခွန်းတုံ့ မပြန်ဘဲ နားစွင့်နေစဉ်–

"ဟိုး ... တုန်းက ကျွန်တော် စီအိုင်ဒီမှာ Murder (မာ့ဒါး)သောင်းရွှေ ဆိုတာ ရှိခဲ့ဖူးတယ်ဗျ၊ ခင်ဗျားကတော့ မမီလိုက်ဘူးနဲ့တူတယ်"

"ဟုတ်ကဲ့ ... ကျွန်တော် မမီ လိုက်ပါဘူး၊ နာမည်တော့ ကြားဖူးပါ တယ်၊ လူသတ်မှုစစ်ဆေးတဲ့နေရာမှာ အောင်မြင်ကျော်ကြားလို့ ဆရာကြီး သောင်းရွှေရဲ့အမည်ရှေ့မှာတောင် Murder(မာ့ဒါး)ဆိုတဲ့ နာမဝိသေသနပေး ထားတယ်လို့ သိခဲ့ဖူးပါတယ်"

"ဟုတ်တယ်ဗျ ... အဲဒီခေတ် အဲဒီအခါက အောင်မြင်ကျော်ကြားခဲ့တဲ့ မာ့ဒါးသောင်းရွှေရဲ့ခြေရာကို ခင်ဗျားက မီအောင်လိုက်နိုင်တဲ့အိုင်အိုတစ်ယောက် ဆိုတာ ... ကျွန်တော့်ကိုယ်တွေ့ မျက် မြင်ပါ"

"အဲဒီလောက်မြှောက်ပင့်နေရင် တော့ ... ရဲမှူးက ကျွန်တော့်ကို ရွှေ ပြည်သာအမှု တာဝန်ပေးတော့မယ်နဲ့ တူတယ်"

"သိပ်မှန်တာပေါ့ဗျာ .. သိပ်မှန် တာပေါ့"

ဤသို့ဖြင့် ရွှေပြည်သာမြို့နယ် ရဲတပ်ဖွဲ့မှ စုံစမ်းနေသော (၃)လောင်း ပြိုင်လူသတ်မှုကြီးက အမှုစစ်အရာရှိ စုံထောက်စံထူး၏ ပုခုံးပေါ်သို့ တွင်တွင် ကြီးကျရောက်ခဲ့လေတော့သည်။

အခန်း(၆)

လွန်ခဲ့သော တစ်နှစ်ခန့်ကဖြစ်စဉ် ကို မူလပကတိအတိုင်း မြင်နိုင်စွမ်းမရှိ နိုင်ပါ။ သို့သော်လည်း ထင်ဟပ်ကျန်ရှိ ခဲ့သော သက်မဲ့သက်သေခံချက်(Mute Evidence နှင့် ကြားသိမြင်တွေ့ကြသူ များ၏ နှုတ်သက်သေခံချက် (Oral Evid ence) တို့ဖြင့် အခင်းဖြစ်ပွားပုံကို အနီးစပ်ဆုံးတူညီအောင် အမှုစစ် အရာရှိ စုံထောက်စံထူးက စတင်ပုံဖော် ခဲ့သည်။

ဦးစွာပထမ အခင်းဖြစ်ပွားရာနေ အိမ်သို့သွား၍ ထင်ဟပ်ကျန်ရှိနေသော ပုံရိပ်ကိုကြည့်သည်။ အခင်းဖြစ်နေအိမ် မှာ ၂ ထပ်တိုက်ခံဖြစ်၍ ခိုင်ခန့်သော ခြံစည်းရိုးခတ်ထားသည်။ နေအိမ်ခြံ ဝင်းကိုကျော်တက်၍ အတွင်းသို့ လွယ် ကူစွာဝင်ရောက်နိုင်သော်လည်း နေအိမ် အတွင်းဝင်ရောက်ဖို့က လုံးဝမလွယ်ကူ ပါ။ နေအိမ်အတွင်းသို့ဝင်ရောက်ရန်အ တွက် အိမ်ရှေ့တံခါးမကြီးမှဖြစ်စေ၊ နေ အိမ်ဘေး ကားဂိုဒေါင်မှဖြစ်စေ ဝင် ရောက်နိုင်အောင် စီမံဆောက်လုပ်ထား သည်။ နေအိမ်ဝင်ပေါက်နှစ်ပေါက်စလုံး တွင် ပထမအဆင့် သံပန်းတံခါး၊ ဒုတိ ယအဆင့် သစ်သားတံခါးမနှင့် တတိ ယအဆင့်တွင် ခြင်လုံသံဇကာတံခါးတို့ ဖြင့် တံခါး ၃ ထပ်ရှိသည်။ သံပန်းတံ ခါးနှင့် သစ်သားတံခါးမဝကြီးကို အမြဲ တမ်းသော့ခတ်ထားလေ့ရှိပြီး ခြင်လုံသံ ဇကာတံခါးကိုမူ တံခါးကလန့်ဖြင့်သာ အဖွင့်အပိတ်လုပ်သည်။ ခြံဝင်းတံခါးကို လည်း ဝင်ထွက်ပြီးတိုင်း သော့ခတ် သည့် အလေ့အထရှိသည်။ ထို့အတူ နေအိမ်အပေါ်အောက်အထပ်ရှိ ပြူ တင်းတံခါးများကိုလည်း တံခါးမကြီးကဲ့ သို့ တံခါးသုံးဆင့်တပ်ဆင်ထားသည်။ နေအိမ်အပေါ်ထပ်ကို အောက်ထပ်ရှိ လှေခါးတစ်စင်းဖြင့်သာ ဆင်းတက်၍ရ သည်။ နေအိမ်ဖွဲ့စည်းပုံကိုကြည့်၍ စုံ ထောက်စံထူးက–

"ဒီလောက်လုံခြုံအောင် ဖန်တီး



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့အိမ်အတွင်းကို ‥ မသမာသူက ဝင်ရောက်ကျူးလွန်နိုင်တယ်ဆိုတော့ သာမန်လူစိမ်းတော့မဟုတ်ဘူးဗျ။ ခင်မင်ရင်းနှီးတဲ့ လူရင်းထဲကပဲ …ဖြစ်နိုင်တယ်"

"ဟုတ်ပါတယ်ဗျ … ခြံဝင်း ဝင်ပေါက်မှာလည်း လူခေါ်လျှပ်စစ်ခေါင်းလောင်းတပ်ထားပါတယ်၊ အကယ်၍ လျှပ်စစ်ခေါင်းလောင်းများ ချို့ယွင်းနေရင် ‥ ဝင်းတံခါးခတ်ထားတဲ့သော့ကို ခေါက်လို့ပဲဖြစ်ဖြစ်၊ အသံပြုလို့ပဲဖြစ်ဖြစ် နေအိမ်အတွင်းရှိ … သူကို ခေါ်လို့ရပါတယ်"

ဟု မူလမြို့နယ်ရဲတပ်ဖွဲ့ အမှုစစ်ရဲအုပ်သန်းအောင်က ထောက်ပြသည်။ ဒါကို စုံထောက်စံထူးက–

"မှန်တာပေါ့ဗျာ … ခြံဝင်းတံခါး ဝင်ပေါက်က လူခေါ်သံကြားခဲ့ရင် နေအိမ်တွင်းရှိတဲ့သူက ခြင်လုံသံဇကာတံခါးဖွင့်မယ် … ပြီးရင် သစ်သားတံခါးမကြီးကိုဖွင့်မယ် … အဲဒီနောက် သော့ခတ်ထားတဲ့သံပန်းတံခါးအတွင်းကနေ ခြံဝင်းတံခါးကို မျှော်ကြည့်လိုက်ရင် ခြံဝင်ပေါက်မှာ မည်သူမည်ဝါဆိုတာ ကောင်းကောင်း မြင်တွေ့သိရှိနိုင်တာပဲဗျ"

"ဟုတ်ပါတယ်ဗျ … အကယ်၍များ … ခြံဝင်းတံခါးက သော့ချိတ်ရုံသာချိတ်ထားတယ်၊ ဒါမှမဟုတ် … စေ့ရုံသာစေ့ထားခဲ့ရင် ခြံဝင်းထဲသို့ အလွယ်တကူဝင်လာနိုင်ပေမဲ့ … သံပန်းအတွင်းက အိမ်သူနဲ့ ခြံဝင်းအတွင်း သံပန်းအပြင်ဘက်လူတို့ ကောင်းကောင်းကြီးသိသာထင်ရှားလို့ ပြောဆိုဆက်သွယ်နိုင်တာပဲ … လူစိမ်းဆိုရင် ပြောစရာရှိတာပြောပြီး ထွက်သွားရုံပဲပေါ့ … အိမ်ထဲကိုရောက်လာစရာ အကြောင်းကိုမရှိဘူး"

"မှန်တာပေါ့ ‥ ကိုသန်းအောင်ရယ်၊ မျက်နှာသိဖြစ်နေလို့လည်း သိတဲ့

မျက်နှာရှင်သုံးယောက်စလုံးကို အပြ
ရှင်းလိုက်တာပေါ့ … ထားပါတော့
ကျွန်တော်တို့ ‥ ရှေ့ဆက်ကြည့်
အောင်ပါ"

သေဆုံးသူ ၃ ဦးစလုံးမှာ နေအိ
တံခါးမကြီးအဝင်နှင့် အပေါ်ထပ်သ
တက်သည့်လှေခါးရင်းကြားရှိ ကြမ်းပြ
တွင် လဲကျသေဆုံးနေကြောင်း သိ
သည်။ နေအိမ်အောက်ထပ်တွင် အိ
ဖော်မေဆွိအိပ်ခန်းရှိ၍ အပေါ်ထပ်တွ
ဦးအုန်းမောင်အိပ်ခန်းနှင့် ဒေါ်ခင်အေ
သွယ်အိပ်သောအခန်းတို့ ရှိသည်။ ဦ
အုန်းမောင်အိပ်သောအခန်းမှာ မြ
ထန်စွာမီးလောင်ကျွမ်းခဲ့၍ အခန်းတွင်
ရှိ ပရိဘောဂပစ္စည်းများအားလုံး မီ
လောင်ကျွမ်းသွားသည်။ ဒေါ်ခင်အေ
သွယ်အိပ်ခန်းနှင့် အပေါ်ထပ်ဧည့်ခန်
မှာ မီးအနည်းငယ်သာလောင်ကျွမ်းခဲ့
သည်။ သို့သော် မီးမလောင်ဘဲ ကျန်ရှိ
နေသော ဒေါ်ခင်အေးသွယ်အိပ်ခန်းရှိ





www.burmeseclassic.com

www.burmeseclassic.com





ဘီဒိုမှာ မွှေနှောက်ရှာဖွေထားသည့် အသွင်သဏ္ဍာန်မျိုး တွေ့ရှိကြောင်းကို ကိုယ်တိုင်မြင်တွေ့ခဲ့သူ မူလအမှုစစ် ရဲအုပ်သန်းအောင်က စုံထောက်စံထူးကို ပုံဖော်ပြသည်။

"သေဆုံးသူတွေရဲ့ခန္ဓာကိုယ်မှာ မီးလောင်ခံရတဲ့အနေအထားတွေများ တွေ့ခဲ့သေးလား ... ကိုသန်းအောင်"

စုံထောက်စံထူးက မေးသည်။

"ရုပ်ပျက်ဆင်းပျက်ကြီးတော့ မဟုတ်ဘူးဆရာရဲ့ ... မီးလောင်ထားတဲ့ ဒဏ်ရာဒဏ်ချက်တွေတော့ရှိတယ်"

ကိုယ်တိုင်မြင်တွေ့ခဲ့သူ ရဲအုပ်သန်းအောင်ကဖြေသည်။ ဒါတွင်မက နေအိမ်အောက်ထပ် မီးဖိုခန်းအတွင်းရှိ ဂက်စ်မီးဖိုမှာပွင့်နေပြီး မီးဖိုပေါ်ရှိထမင်းအိုးအတွင်းမှ ထမင်းများမှာ မီးသွေး၊ ပြာ အနေအထားမျိုးအထိဖြစ်နေသည်ကို မြင်တွေ့ရကြောင်း ဖြည့်စွက်ရှင်းပြသည်။ ရဲအုပ်သန်းအောင်၏စကားကို တွေဝေစွာစဉ်းစားရင်း စုံထောက်စံထူးက–

"ဒါဆို ... သေဆုံးတဲ့သူ ၃ ဦးဟာ ... ညစာမစားမီ အသတ်ခံရတယ်လို့ တွက်ဆလို့ရတယ် ... မီးစတင်လောင်ကျွမ်းတာကလည်း မီးဖိုခန်းကမဟုတ်ဘူး .. နောက်တစ်နေ့မနက် ၆ နာရီခွဲလောက်မှာ နေအိမ်အပေါ်ထပ်အိပ်ခန်းက စလောင်တာ ... လူသတ်မှုကျူးလွန်ပြီးတဲ့နောက် ရွှေငွေနဲ့ လက်ဝတ်ပစ္စည်းတွေကို ယူမယ် .. ပြီးတော့ နေအိမ်ကိုမီးလောင်ကျွမ်းအောင် စီမံဖန်တီးခဲ့တဲ့သဘောပဲဖြစ်ဖို့များတယ်"

အခန်း(၇)

"ဟုတ်ပါတယ် ... မီးလောင်မှုဖြစ်တဲ့နေအိမ်ကို မနက် ၆ နာရီ၊ မိနစ် ၄၀ မှာ ကျွန်တော်တို့ရောက်ပါတယ်၊ မီးလောင်ချိန်ကတော့ ၆ နာရီခွဲလို့ ခန့်မှန်းရပါတယ် ... မီးပေါ့ဆလို့လောင်ကျွမ်းရခြင်းမျိုး မဟုတ်ပါဘူး .. ရှို့မီး (မီးရှို့မှု)ဖြစ်ပါတယ် ... မီးလောင်လွယ်တဲ့ အထောက်အကူပြုပစ္စည်းတစ်မျိုးမျိုးကို အသုံးပြုပြီးရှို့တဲ့သဘောပါ"

စုံထောက်စံထူးက မီးလောင်ရခြင်းအကြောင်းရင်း (Motive) ကို ရှေ့ပြည်သာမြို့နယ် မီးသတ်ဦးစီးဌာနသို့ သွား၍ လေ့လာမေးမြန်းစုံစမ်းသည်။ မီးငြိမ်းသတ်ရာတွင် ကိုယ်တိုင်ပါဝင်ခဲ့သော မီးသတ်တပ်ကြပ်ကြီးဝင်းနိုင်က အထက်ပါစကားဖြင့် ဖွင့်ချပြသည်။ ကျွမ်းကျင်သူမီးသတ်ပညာရှင်၏ ပြောဆိုမှုနှင့် အမှုစစ်အရာရှိစုံထောက်စံထူး၏ထင်မြင်ယူဆချက်ကတစ်ထပ်တည်း



www.burmeseclassic.com

www.burmeseclassic.com



ကျသည်။ ဒါထက် သေချာအောင် စုံထောက်စံထူးက မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးသို့ သွားသည်။ အခင်းဖြစ်စဉ်က မီးလောင်သည့်နေအိမ်အား လျှပ်စစ်နှင့်ပတ်သက်၍ စစ်ဆေးကြည့်ရှုခဲ့သော မြို့နယ်အင်ဂျင်နီယာ ဦးအောင်မျိုးဦးနှင့် တွေ့သည်။ အခင်းဖြစ်နေအိမ်မီးလောင်မှုသည် လျှပ်စစ်ဓာတ်အားရှော့ယွင်းခြင်း၊ ဝါယာရှော့ဖြစ်ခြင်းတို့ဖြင့် ပတ်သက်မှုရှိ/မရှိကို စုံထောက်စံထူးက မေးမြန်းစုံစမ်းသည်။ ကိုယ်တိုင်စမ်းသပ် ကြည့်ရှုခဲ့သူ ဦးအောင်မျိုးဦးက–

"အဲဒီအိမ်မှာ ... မီးခလုတ်အားလုံး ဖွင့်ထားတာတွေ့ရပါတယ်၊ လျှပ်စစ်မီးပူကို ပလပ်မှာထိုးတပ်ထားတာ တွေ့ပါတယ်၊ ဒါပေမဲ့ ... လျှပ်စစ်ဓာတ်စီးဝင်မှုမရှိလို့ မီးလောင်ကျွမ်းထားတာ မတွေ့ရပါဘူး၊ နေအိမ်မှာရှိတဲ့ ဖြူးစ်တွေအားလုံး ပြတ်တောက်မှုမရှိပါဘူး၊ ဝါယာရှော့ဖြစ်တဲ့အနေအထားလည်း မတွေ့ရပါဘူး"

မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ၏ စစ်ဆေးစမ်းသပ်တွေ့ရှိ ထင်မြင်ချက် (Opinion)ကလည်း လျှပ်စစ်ဓာတ်အားချို့ယွင်းပျက်စီး၍ မီးလောင်ကျွမ်းရခြင်းမဟုတ်ကြောင်း မီးမောင်းထိုးပြနေပါ၏။

သေဆုံးရခြင်းအကြောင်းရင်း (Cause of death) နှင့် မီးမလောင်မီ သေဆုံးခြင်း၊ မီးလောင်၍သေဆုံးခြင်း စသည့်အဖြေမှန်ကို ဖွေရှာဖို့ ရင်ခွဲစစ်ဆေးမှု (Post-mortem) ပြုခဲ့သည့် မှုခင်းဘက်ဆိုင်ရာ ဆရာဝန်ကြီးထံသို့ သွားရောက်ခဲ့သည်။

"ဆရာကြီးခင်ဗျား ... သေဆုံးသူဦးအုန်းမောင်၊ ဒေါ်ခင်အေးသွယ်နဲ့ မမေဆွိတို့ဟာ ဘယ်လိုဒဏ်ရာတွေရရှိခဲ့ပြီး ... ဘာကြောင့် သေဆုံးရတာယ်ဆိုတာ သိပါရစေခင်ဗျ"

စုံထောက်စံထူး၏အမေးကို မှုခင်းဆရာဝန်ကြီးက–

"ဦးအုန်းမောင်ရဲ့ဦးခေါင်းမှာ .. တုံးသောလက်နက်နဲ့ ရိုက်နက်ထားတဲ့ ဒဏ်ရာ ၄ ချက်တွေ့ပါတယ်၊ ဒဏ်ရာတစ်ချက်ဟာ ... အတော်ပြင်းထန်ပါတယ်၊ အဲဒီ .. ဦးခေါင်းဒဏ်ရာတွေကြောင့် သတိလစ်မေ့မြောသွားနိုင်ပါတယ်၊ ဒေါ်ခင်အေးသွယ် ဦးခေါင်းမှာတော့ ဒဏ်ရာမတွေ့ပါဘူး၊ မမေဆွိရဲ့ ဦးခေါင်းမှာ ဒဏ်ရာ ၅ ချက်တွေ့ပါတယ်၊ သူလည်း အဲဒီဒဏ်ရာနဲ့ သတိလစ်သွားနိုင်ပါတယ်၊ ထူးခြားတာက သေဆုံးသူ ၃ ဦးစလုံးဟာ လည်ဆစ်ရိုးတွေကျိုးနေတာ တွေ့ရပါတယ်၊ သေဆုံးရခြင်းအကြောင်းရင်းဟာ .. လည်ဆစ်ရိုးကျိုးလို့ ... သေဆုံးရခြင်းဖြစ်ပါတယ်"

"ဆရာကြီးခင်ဗျာ .. ပြစ်မှုကျူးလွန်တဲ့သူဟာ သေဆုံးသူတွေကို တုံးသောလက်နက်နဲ့ရိုက်နက်ပြီး လည်ဆစ်ရိုးကို ဖြစ်ညှစ်သတ်ဖြတ်ခဲ့တဲ့ အသွင်သဏ္ဍာန်ဖြစ်နိုင်ပါသလား ခင်ဗျာ"

"ဟုတ်ကဲ့ .. ဖြစ်နိုင်ပါတယ်"

"အခင်းဖြစ်နေအိမ်ဟာ မနက် ၆ နာရီခွဲမှာ မီးလောင်ကျွမ်းခဲ့ပါတယ်၊ သေဆုံးတဲ့သူတွေဟာ မီးမလောင်ခင် သေတာလား ... ဒါမှမဟုတ် ... မီးလောင်ပြီးမှ သေဆုံးတာလား၊ ပြီးတော့ သူတို့ ၃ ယောက်စလုံးရဲ့ သေဆုံးချိန်ကို

ပါ သိပါရစေ"

"သေဆုံးသူ ၃ ဦးစလုံးရဲ့ [illegible]
အဆုပ်ထဲမှာ ကာဗွန်ဒိုင်အောက် [illegible]
မတွေ့ရလို့ မီးမလောင်ခင်သေဆုံး [illegible]
လို့ ယူဆရပါတယ်၊ သေဆုံးသူ ၃ [illegible]
စလုံးရဲ့ သေဆုံးချိန်ဟာ ညဉ့်နက် [illegible]
ခေါင်မကျော်ခင်အချိန်လို့ ထင်မြင် [illegible]
တယ်၊ ပြီးတော့ ... သေဆုံးသူမျ [illegible]
အလောင်းမှာ ဓာတ်ဆီနံ့ရတဲ့အတွ [illegible]
ဓာတ်ဆီလောင်းထားတယ်လို့ ယူ [illegible]
ပါတယ်"

"ဟုတ်ကဲ့ ... ကျေးဇူးတင် [illegible]
တယ် ဆရာကြီး၊ ကျွန်တော့်ကို ခွင့် [illegible]
ပါဦး"

"ကောင်းပါပြီဗျာ ... ကောင်း [illegible]
ပြီ"

မှုခင်းဆိုင်ရာဆေးပညာ (Fore[illegible]
sic Medicine) က ရာဇဝတ်ပြစ်မှု [illegible]
တွက် များစွာအထောက်အကူဖြစ်ပါ [illegible]
အမှုစစ်အရာရှိ စုံထောက်စံထူး၏တွေ့ [illegible]
ဆချက်နှင့် ကျွမ်းကျင်သူ၊ အတတ် [illegible]
ပညာရှင်တို့၏ထင်မြင်ချက်က ကွက်ဝ [illegible]
ဖြစ်နေပါသည်။ အခင်းဖြစ်ပွားပုံအ [illegible]
အထားက ရှေ့မှားစရာမရှိသော်လည် [illegible]
ပတ်ဝန်းကျင်သတင်းစကားကို သိထာ [illegible]
ဖို့လိုသေး၏။ ဒါကြောင့် အမှုစစ်အရာ [illegible]
စုံထောက်က အခင်းဖြစ်ပတ်ဝန်းကျင် [illegible]
ကို ကွင်းဆင်းခဲ့သည်။

ပတ်ဝန်းကျင် သတင်းစကားက [illegible]
သေဆုံးသူဦးအုန်းမောင်နှင့် ဒေါ်ခင် [illegible]
အေးသွယ်တို့သည် ပတ်ဝန်းကျင်နေသူ [illegible]
များနှင့် တရင်းတနှီးမရှိဘဲ အေးအေး [illegible]
စွာနေထိုင်တတ်သည်။ နေအိမ်အတွင်း [illegible]
လူရှိသော်လည်း ခြံဝင်းတံခါးနှင့် နေ [illegible]
အိမ်အဝင်တံခါးများကို အမြဲတစေ [illegible]



www.burmeseclassic.com

www.burmeseclassic.com



...ခတ်ထားလေ့ရှိသည်။ နေအိမ်မှ
...သို့သွားရာတွင် မနက် ၈ နာရီမှ
...နာရီကြားတွင် ထွက်၍ ညနေ ၅
...နှင့် ၆ နာရီကြားတွင် ပြန်လာလေ့
...သည်။ ထိုသို့သွားရာတွင် ၎င်းတို့ပိုင်
...(ဆူပါဆလွန်း)အဖြူရောင်ဖြင့်
...ကြသည်။ အပြင်သို့သွားရာတွင်
...တ်မေဆွိကို ခေါ်သွားလေ့မရှိဘဲ
...အိမ်အား သော့များလုံခြုံစွာခတ်၍
...သော့တွဲများကို ၎င်းတို့ယူဆောင်သွား
...ကြောင်း လေ့လာစုံစမ်းသိရသည်။
...ရှိသောသတင်းစကားကို စုံထောက်
...က–

“မီးမလောင်ခင်တစ်ရက်က ..
...အုန်းမောင်နဲ့ ဒေါ်ခင်အေးသွယ်တို့
...ပြင်ထွက်တာများ ... တွေ့မိသေး
...လား”

“ဟုတ်ကဲ့ ... တွေ့ပါတယ်”

၁–၇–၂၀၀၆(စနေနေ့)မနက်ပိုင်း
...တွင် ဦးအုန်းမောင်နှင့် ဒေါ်ခင်အေး
...သွယ်တို့သည် နေအိမ်မှအပြင်သို့ထွက်
...သွားကြပြီး ညနေပိုင်းတွင် ပြန်လာကြ
...သည်။ ထိုနေ့ည ၇ နာရီတွင် လျှပ်စစ်
...ပြတ်တောက်နေသည်။ မီးပျက်နေ
...သော်လည်း ထိုအိမ်မှမီးစက်ဖွင့်သံနှင့်
...များလင်းနေကြောင်း မြင်တွေ့ရ
...သည်။ နာရီဝက်ခန့်မီးပျက်၍ မီးပြန်
...လာသော်လည်း ထိုအိမ်မှမီးစက်မှာ
...က်မပိတ်ဘဲ မီးစက်သံကြားနေရ
...သည်။ ည ၉ နာရီအချိန်တွင် ပတ်ဝန်း
...ကျင်အိမ်များ မီးလင်းနေသော်လည်း
...အခင်းဖြစ်နေအိမ်မှာ မှောင်မည်းနေ
...သည်ကို မြင်တွေ့ရသူက ထွက်ဆိုပြ
...သည်။

ကိုယ်တိုင် ကြားသိ၊ မြင်တွေ့သူ
၏ပြောကြားမှုကို ထောက်ရှုရလျှင် အ
ခင်းဖြစ်နေအိမ်သည် မီးမလာ၍ မီး
စက်နှိုးသည်။ မီးပြန်လာသော်လည်း
မီးစက်မပိတ်ဘဲရှိနေသည်။ ည ၉ နာရီ
အချိန်၊ အနီးပတ်ဝန်းကျင်ရှိနေအိမ်
များ မီးလင်းနေသော်လည်း၊ အခင်းဖြစ်
နေအိမ်မှ မှောင်မည်းနေခြင်းမှာ မီး
ချိန်း (Change) မည့်သူများမရှိ၍ဘဲ
လား၊ ဒါမှမဟုတ် ... လူရှိပါလျက်
မီးမချိန်းနိုင်ဘဲ ဖြစ်နေပေရော့သလား။

## အခန်း(ဂ)

“စုံစမ်း စစ်ဆေး လေ့လာ တွေ့ရှိ
ချက်အရဆိုရရင် .. အခင်းဖြစ်ပွားချိန်
ဟာ မီးစက်နှိုးတဲ့ည ၇ နာရီကနေ
တစ်အိမ်လုံး မှောင်မည်းနေတဲ့ ည ၉
နာရီအတွင်းဖြစ်ဖို့ ... သေချာတယ်
ကိုစံထူးရဲ့”

စုံစမ်းတွေ့ရှိချက်ကို အမှုစစ်အ
ရာရှိ စုံထောက်စံထူးက ဌာနခွဲမှူးဖြစ်
သူသို့ တင်ပြသည်။ တွေ့ရှိတင်ပြချက်
အပေါ် ဌာနခွဲမှူးက အထက်ပါစကား
ဖြင့် ပြစ်မှုအဝန်းအဝိုင်း (Crime
Scope) ကို ကျဉ်း၍ ကောက်နုတ်ပြ
သည်။ ဒီတော့ စုံထောက်စံထူးက–

“ကျွန်တော့်ယူဆချက်ကတော့
အခင်းဖြစ်ပွားချိန်ဟာ .. မီးစက်စနှိုးတဲ့
အချိန်ကနေ လျှပ်စစ်မီးပြန်လာတဲ့ မီး
ပျက်နေတဲ့ နာရီဝက်အချိန်ပိုင်းအတွင်း
ည ၇ နာရီကနေ ၇ နာရီခွဲအတွင်းလို့
ထင်မှတ်ရပါတယ် ... ရဲမှူး”

“ဘာဖြစ်လို့လဲဗျ”

“သေဆုံးတဲ့အဖိုးကြီး အဖွားကြီး
လင်မယားဟာ အင်မတန်စည်းကမ်း
ကြီးပြီး စည်းစနစ်ကျပါတယ်၊ လျှပ်စစ်
မီးပြန်လင်းလာတဲ့အချိန်မှာ သက်ရှိ
ထင်ရှားရှိနေခဲ့ရင် တစ်ယောက်မဟုတ်
တစ်ယောက်က ... မီးစက်ကိုပိတ်ပြီး
မီးလိုင်းက လျှပ်စစ်မီးကိုချိန်းမှာ သေ
ချာပါတယ်၊ အခုတော့ .. လိုင်းမီးပြန်
လာတာတောင် မီးစက်က မောင်းထား
လျက်ပဲဆိုတော့ အိမ်ထဲမှာရှိနေတဲ့သူ
၃ ဦးစလုံးဟာ မီးလိုင်းချိန်းနိုင်မယ့်
အခြေအနေ မရှိကြတော့လို့ဘဲ ဖြစ်ပါ
တယ်၊ ဒီလိုနဲ့ မီးစက်ဟာ လောင်စာ
ဆီလည်းကုန်ရော စက်ရပ်သွားပြီး တစ်
အိမ်လုံးမှောင်မည်းသွားတာဖြစ်နိုင်ပါ
တယ်”

စုံထောက်စံထူး၏ သုံးသပ်ချက်
အဆုံး ဌာနခွဲမှူးက ထိုင်ရာမှထ၍
လက်ကမ်းကာ လက်ဆွဲနှုတ်ဆက်ရင်း
နှုတ်မှာလည်း–

“တော်တယ်ဗျာ ... ကျွန်တော်
ချီးကျူးပါတယ်၊ ဒါကြောင့်မို့လည်း စံ
ထားလောက်အောင် ထူးခြားတဲ့ ... စုံ
ထောက်ဌာနက စံထူးလို့ အများတကာ
က ယုံကြည်လေးစားကြတာပဲ”

“အဲဒီလောက်လည်း .. မဟုတ်
ပါဘူး ရဲမှူး၊ ဖြစ်ပေါ်လာတဲ့အကြောင်း
အချင်းအရာတစ်ရပ်မှာ အကြောင်းနဲ့
အကျိုးကိုဆက်စပ်ပြီး ပဋ္ဌာန်းကျကျ
စဉ်းစားဝေဖန်တတ်ရင် အနီးစပ်ဆုံး
အဖြေတော့ ရလာမှာပါ”

“မှန်တာပေါ့ဗျာ .. အခု ခင်ဗျား
ကိုထပ်ပြီး တာဝန်ပေးမယ့် အင်ကွာရီ
(Inquire) တစ်မှုကိုလည်း အကျိုး
အကြောင်းဆက်နွယ်ပြီး စုံစမ်းဖော်
ထုတ်ပေးပါဦး”

“ဗျာ ..”

ဌာနခွဲမှူး၏နောက်ထပ်တာဝန်ပေး



www.burmeseclassic.com

www.burmeseclassic.com



သောစကားကြောင့် စုံထောက်စံထူး နှုတ်မှ 'ဗျာ'ဟူသောအာမေဍိတ်သံစဉ် က ရုတ်တရက်ထွက်လာခဲ့သည်။ ၃ လောင်းပြိုင်လူသတ်မှုက ခုမှ တာထွက် ခါစရှိသေး။ နောက်တစ်မှုက စံထူးအ တွက် ကံမြူးလာပြန်၍ ဗျာ ဖြင့်သာ။

"မဗျာနဲ့ ... ကိုစံထူးရေ၊ အဲဒီ အင်ကွာရီက ခင်ဗျားစစ်ဆေးနေတဲ့ ၃ လောင်းပြိုင်လူသတ်မှုနဲ့ပတ်သက်နေလို့ ခင်ဗျားကို တာဝန်ပေးရတာပါ၊ ရော့ ခင်ဗျားဖတ်ကြည့်"

ပြောပြောဆိုဆိုဖြင့် ဌာနခွဲမှူးက စားပွဲပေါ်တွင် အသင့်ရှိနေသော စာ တစ်စောင်ကို စုံထောက်စံထူးသို့ ကမ်း ပေး၏။ ဌာနခွဲမှူးပေးသောစာကို လှမ်း ယူပြီး စုံထောက်စံထူးက ဖတ်ရှုကြည့် သည်။ ထိုစာထဲတွင် အခင်းဖြစ်နေအိမ် မှ လက်ဝတ်ရတနာပစ္စည်းများကောက် ယူရရှိသွားသော လက်သမား ၃ ယောက်သည် ရရှိခဲ့သော လက်ဝတ် ပစ္စည်းများကို ကုန်စင်ပြည့်စုံအောင် မအပ်ဘဲ လက်ဝတ်ရတနာပစ္စည်း အချို့ကို လက်သမားရန်ပိုင်လင်း၏ ဖနီး ဝါဝါကျော်မှ သိဝှက်သိမ်းဆည်း ထားသည့်သတင်းစကားပင် ဖြစ်သည်။ ဖတ်ရှုပြီးသောစာကို ဌာနခွဲမှူးသို့ လှမ်း ပေးရင်း စုံထောက်စံထူးက–

"သူခိုးလက်ကပစ္စည်းကို .. သူ ဝှက်က ဓားစာခံဆိုသလိုဖြစ်နေပြီပေါ့ ရဲမှူး"

"အေးပေါ့ဗျာ ... ဘယ်တတ် နိုင်ပါ့မလဲ၊ သူ့အကြောင်းနဲ့သူပဲ၊ အဲဒီ အင်ကွာရီကို မြို့နယ်ရဲနဲ့ ပူးပေါင်းပြီး စုံစမ်းဖော်ထုတ်ပေးပါ၊ အထောက်အ ထားနဲ့ ဖြစ်စဉ်မှန်ကန်ခဲ့ရင် အရေးယူ ဆောင်ရွက်ဖို့ မြို့နယ်ရဲကိုပဲ လွှဲပေး လိုက်ပါ"

"ဟုတ်ကဲ့ ... ရဲမှူး"

စုံထောက်စံထူးနှင့် ရွှေပြည်သာ မြို့နယ်ရဲတို့ လပွတ္တာသို့ဆင်းရချေပြီ။ မူလရောက်ရှိခဲ့ပြီးဖြစ်သော မြို့နယ်ရဲက ရန်ပိုင်လင်းနေအိမ်သို့ ဆိုက်ဆိုက်မြိုက် မြိုက်။ နေအိမ်တွင် ရန်ပိုင်လင်း၏ဖနီး မဝါဝါကျော်ကို အသင့်တွေ့သည်။ တွေ့ ရာလေးပါး အမေးမပွားဘဲ စုံထောက် စံထူးက–

"ထောင်ကျနေတဲ့ မင်းယောက်ျား ရန်ပိုင်လင်း လွှတ်လိုက်လို့ ငါတို့လာ တာပါ၊ မင်းဆီမှာ သူအပ်ထားတဲ့ရွှေ ပြည်သာအိမ်က ကောက်ရခဲ့တဲ့လက် ဝတ်ပစ္စည်းတွေ ရှိသေးတယ်လို့ပြော တယ်၊ အဲဒါတွေကို တို့လာယူတာပါ၊ မင်းအနေနဲ့ ... အဲဒီပစ္စည်းတွေ ကုန် စင်အောင်အပ်ပေးပါ၊ ထိန်ထား ချန် ထားတာတို့ မလုပ်ပါနဲ့"

စံထူးစကားက ပညာသားပါလှ သည်။ အားနွဲ့သူမိန်းမသားအတွက် အားထည့်စရာမလိုတော့ဘဲ ဝါဝါကျော် က သူမသိဝှက်ထားသော သက်သေခံ လက်ဝတ်ရတနာပစ္စည်း သိန်း ၁၀၀ ဖိုးခန့်ကို ထုတ်ပေးသည်။ ထိုပစ္စည်း များကို ဥပဒေနှင့်အညီ သိမ်းယူကြ သည်။ သက်သေခံပစ္စည်းများကို သို ဝှက်ထားသူဝါဝါကျော်ကို အမှုထိန်းဦး ဇော်ဝင်းမှ တရားလိုပြုလုပ်၍ ရွှေပြည် သာရဲစခန်း(ပ)၆၅၉/၂၀၀၇၊ ပြစ်မှုပုဒ် မ–၃၈၁/၁၁၄ ဖြင့် အမှုဖွင့်အရေးယူ သည်။ တရားခံ ဝါဝါကျော်အတွက် တရားဥပဒေ၏ပေးဆပ်ချက်က ထောင် ဒဏ် ၂ နှစ်ဟူ၍ ...။

အခန်း(၉)

အခင်းဖြစ်ပွားမှုတွင် သေဆုံးသူ များနှင့် ရင်းနှီးခင်မင်သူများ၊ ဆွေမျိုး သားချင်းများ၊ ငွေချေးငှားထားသူများ၊ စီးပွားဖက်များက ဥစ္စာပစ္စည်းရယူလို၍ ပြစ်မှုကျူးလွန်ခဲ့ကြခြင်းဖြစ်သည်။ ဦး စွာပထမ သေဆုံးသူဦးအုန်းမောင်၏ မွေးချင်းများဘက်သို့ ဦးလှည့်ကြည့် သည်။ အစ်မအကြီးဆုံး ဒေါ်ကြည် ကြည်ခင်မှာ အခင်းမဖြစ်မီကတည်းက ဩစတေးလျနိုင်ငံတွင် ရောက်ရှိနေပြီး ထိုနိုင်ငံသူအဖြစ် ခံယူထားသည်။ ဒုတိယအစ်မ ဒေါ်ရီရီခင်နှင့် တတိယ အစ်ကို ဦးကျော်ဝင်းတို့မှာ ကွယ်လွန် သွားကြပြီးဖြစ်သည်။ ဦးအုန်းမောင်၏ အောက်တွင် ဦးမောင်မောင်လေး (ဘဏ်အရာရှိ/အငြိမ်းစား)နှင့် ဦးဇော် ဝင်း(မြန်မာ့လျှပ်စစ်/အငြိမ်းစား)တို့ နှစ် ဦးသာရှိသည်။ ဦးမောင်မောင်လေးနှင့် ဦးဇော်ဝင်း(အမှုထိန်း)တို့မိသားစုဘက် ကလည်း ပြစ်မှုဖြင့်သံသယဖြစ်ဖွယ်မရှိ။

သေဆုံးသူ ဒေါ်ခင်အေးသွယ် ဘက်တွင် ညီမ ဒေါ်ခင်နွဲ့(ကျန်းမာရေး မကောင်း)မောင်ဦးတင်မောင်အေး(ဒေါ် ခင်နွဲ့ဖြင့်အတူနေ)နှင့် မောင်အငယ်ဆုံး ဦးဇော်ဝင်းမှာ လေဖြတ်နေ၍ သမီးဖြစ် သူ မထက်ထက်အေးဖြင့် အတူနေ သည်။ ဒေါ်ခင်အေးသွယ်ဘက်က လည်း ကျန်းမာရေးမကောင်းသူများ ဖြစ်၍ အမှုဖြင့်ကင်းကင်းရှင်းရှင်းရှိကြ သည်။ သေဆုံးသူလင်မယားနှစ်ဦး၏ မွေးချင်းများဘက်က ကင်းရှင်းသလို၊ အိမ်ဖော်မမေဆွိဘက်ကလည်း [illegible] ကောင်ကြွက်တစ်မျက်နှာဖြစ်၍ သံသ ယကင်းသည်။ သို့သော် ဆွေမျိုးနှင့်သမီး



www.burmeseclassic.com

www.burmeseclassic.com



ားဖြစ်ခဲ့ဖူးသူ ရွှေပြည်သာမြို့နယ် မောင်ရဲမှာ အခင်းဖြစ်ပြီးနောက် တ်ခြင်းမလှပျောက်သွားခဲ့သည်။ ်ရဲသည် အခင်းမဖြစ်မီ ၁ နှစ်ခန့် မေဆွိနှင့်ပတ်သက်၍ အခင်းဖြစ်နေ ်အတွင်းသို့ ခိုးကြောင်ခိုးဝှက်ဝင် ာက်ခဲ့သော အထောက်အထား တစ် ရှိခဲ့ဖူးသည်။

အခင်းဖြစ်နေအိမ်၏ခြံဝင်းအတွင်း င် နှစ်ထပ်အိမ်ငယ်တစ်လုံးရှိသည်။ အိမ်တွင် ဒေါ်ခင်အေးသွယ်၏မောင် ဓော်ဝင်း(လေဖြတ်နေသူ)နှင့် သမီး ထက်ထက်အေးတို့သားအဖကို နေရာ ားပေးသည်။ ထိုစဉ်က ဦးအုန်း ာင် ဇနီးဒေါ်ခင်အေးသွယ်တို့အိမ် ွင် အိမ်ဖော်မေဆွိအပြင် အိမ်ဖော် ကျော်ဆိုသူတစ်ဦးလည်း အတူနေ ည်။ ဖိုးကျော်သည် ကယားပြည်နယ် ာတိသားဖြစ်သည်။ ဦးအုန်းမောင် ည် အလုပ်တာဝန်ဖြင့် လွိုင်ကော်မြို့ အမှုထမ်းခဲ့စဉ် ဖိုးကျော်ကို မွေးစား ပြီး ရန်ကုန်သို့ခေါ်ဆောင်လာခဲ့ရာ ကျော်သည် အောင်သိဒ္ဓိအိမ်၊ ၎င်းမှ ှပြည်သာအိမ်အထိ အတူပါလာခဲ့ သာ အိမ်ဖော်တစ်ယောက်ဖြစ်သည်။

အခင်းမဖြစ်မီ ၁ နှစ်ခန့်က–

"ဖိုးကျော် ... မေဆွိ .. ထက် က်အေး လာကြဦးဟေ့"

ဒေါ်ခင်အေးသွယ်က ခေါ်သည်။ အတူနေ ကလေး ၃ ယောက်လည်း ဒေါ်ခင်အေးသွယ်ရှိရာသို့ သွားခဲ့ကြ ည်။ အနီးသို့ရောက်သောခါ ဒေါ်ခင် အေးသွယ်က–

"ဖိုးဖိုးကြီးနဲ့ ဖွားဖွားတို့ နိုင်ငံ ခြားခဏသွားမယ်၊ မင်းတို့ ၃ ယောက် နဲ့ အိမ်ကို စိတ်ချလက်ချထားခဲ့မယ် ကြားလား"

"ဟုတ်ကဲ့ .. စိတ်ချပါ အဖွား"

ဤသို့ဖြင့် ဦးအုန်းမောင်နှင့် ဒေါ်ခင်အေးသွယ်တို့သည် သားနှင့်သမီးရှိရာ နိုင်ငံခြားတိုင်းပြည်သို့ ထွက်ခွာသွားခဲ့ကြသည်။

မေဆွိက အသက် ၂၀ ဝန်းကျင် စိတ်ကစားသည့်အရွယ်၊ ဦးအုန်းမောင်နှင့် ဒေါ်ခင်အေးသွယ်တို့မရှိခိုက် သူမတို့အိမ်ရှေ့သို့ အလည်အပတ်လာသူ မောင်ရဲနှင့် လူငယ်ချင်းတွေ့ဆုံကြရာမှ သမီးရည်းစားဖြစ်ခဲ့သည်။ တစ်နေ့ မောင်ရဲသည် မေဆွိနှင့်ဆုံတွေ့ဖို့ မေဆွိရှိရာ ခြံဝင်းအတွင်းသို့ဝင်ရောက်ခဲ့သည်။ ဒါကို ဖိုးကျော်ကမြင်တွေ့သွားသဖြင့် ဖိုးကျော်နှင့် မောင်ရဲတို့ ထိုးကြိတ်ကြမည့်အဆင့်အထိ ဖြစ်ခဲ့သည်။

၃ လခန့်အကြာ ဦးအုန်းမောင်နှင့် ဒေါ်ခင်အေးသွယ်တို့သည်လည်း နိုင်ငံခြားမှ နေအိမ်သို့ပြန်ရောက်လာသည်။ ဒီတော့ ဖိုးကျော်က မေဆွိနှင့်မောင်ရဲတို့ဇာတ်လမ်းကို ခင်းပြသည်။ မေဆွိကလည်း မဟုတ်ကြောင်း ငြင်းဆန်ရာမှ ဖိုးကျော်နှင့်မေဆွိတို့ ခွန်းကြီးခွန်းငယ် စကားများကြသည်။ မေဆွိက ငယ်မွေးခြံပေါက်ဖြစ်၍ ဖိုးကျော်ရှိနေလျှင် သူမ မနေလိုကြောင်းဆိုသည်။ နောက်ဆုံးတွင် မှန်သော်လည်းအရှုံးပေးလိုက်ရသောဖိုးကျော်မှာ ဇာတိချက်ကြွေ မွေးရပ်မြေသို့။ ထို့အတူ ထက်ထက်အေးတို့သားအဖမှာလည်း ထို အိမ်ကို ကျောခိုင်း၍ ထွက်ခွာသွားခဲ့ရသည်။ ဒါကြောင့် အခင်းမဖြစ်မီ ၉ လခန့်ကစ၍ အခင်းဖြစ်နေအိမ်တွင်

လက်ကိုင်းအားသန်ပြီး
လက်ဝါးလက်ဖျံ
တောင့်တင်းတဲ့
အမျိုးသားဆိုရင်
တစ်ဦးတစ်ယောက်ရဲ့
လည်ဆစ်ရိုးကို
ချိုးပစ်နိုင်တယ်၊
ခင်ဗျားပြောသလို
သိုင်းကစားသူ
ဒါမှမဟုတ်
ကျွန်တော်ပြောသလို
လက်ကိုင်းအား
သန်မာသူထဲကလည်း
ဖြစ်နိုင်ပါတယ်
...



www.burmeseclassic.com

www.burmeseclassic.com



သေဆုံးသူ ၃ ဦးသာ တည်ရှိနေခဲ့သည်။ ဒါက အခင်းဖြစ်ပွားမှုနှင့်ပတ်သက်၍ သံသယရှိသူ မောင်ရဲနှင့် မေဆွိတို့၏ ဓာတ်ထုပ်။

အစပျောက်နေသော မောင်ရဲ၏ သတင်းကိုသိရဖို့ ချဉ်းကပ်စုံစမ်းကြည့်ရာ။ မောင်ရဲသည် ယိုးဒယားနိုင်ငံသို့ အောက်လမ်းမှခိုး ဝင်သွားကြောင်း သတင်းရရှိခဲ့သည်။ သက်သေမကောင်းသူ မောင်ရဲကိုရရှိဖို့ သူ၏မိခင်ထံချဉ်းကပ်ကြည့်သည်။ မောင်ရဲက ယိုဒယားနိုင်ငံ ဘန်ကောက်မြို့ရှိလေယာဉ်ကွင်းပေါင်း အနီးတွင် ရှိနေကြောင်းသိရသည်။ သူနှင့်ဆက်သွယ်၍ရနိုင်သော တစ်ဘက်နိုင်ငံကဖုန်းနံပါတ်ကို မိခင်ဖြစ်သူထံမှ ရရှိခဲ့သည်။ မိခင်ဖြစ်သူကိုခေါ်၍ အင်တာနက်(Internet)လိုင်းပေါ်မှတစ်ဆင့် မောင်ရဲနှင့် သူ့မိခင်ကို ဆက်စပ်ပေးသည်။ ထိုအချိန်က မောင်ရဲဖခင်၏ ကျန်းမာရေးစိုးရိမ်ရမှုကို ပြောဆိုပြီး ပြန်လာဖို့ ခေါ်သည်။ သို့သော်လည်း မောင်ရဲက လုံးဝငြင်းသည်။ သူ၏ ငြင်းဆန်မှုကာအမှုစစ်အရာရှိစုံထောက်စံထွေး အတွက် မောင်ရဲအပေါ် ပို၍ သင်္ကာမကင်းရှိသွားသည်။

သင်္ကာမကင်းသူ မောင်ရဲနှင့်ပတ်သက်၍ ကိုယ်ရေးအချက်အလက်များ၊ ဓာတ်ပုံများကို စုဆောင်းရှာဖွေရသည်။ ကိုယ်ရေးအချက်အလက်က အခက်အခဲမရှိသော်လည်း မောင်ရဲဓာတ်ပုံက ၅ နှစ်သားအရွယ်က ရိုက်ကူးထားသော ဓာတ်ပုံသာရရှိခဲ့သည်။ နိုင်ငံသားစိစစ်ရေးကတ်ကလည်း နတ္ထိ။ အသက် ၁၉ နှစ် ၂၀ ဝန်းကျင်ရှိ မောင်ရဲ၏အသွင်သဏ္ဌာန်ကိုအမြင်မှန်သိသူဖြင့် ပုံတူထုတ်၍ သက်ဆိုင်ရာဌာနမှတစ်ဆင့် မောင်ရဲရှိရာနိုင်ငံသို့။ ဒါတွင်မက နယ်စပ်မြို့များဖြစ်သည့် တာချီလိတ်၊ မြဝတီ၊ ကော့သောင်းမြို့များရှိ မှခင်းတပ်ဆွယ်များသို့လည်း သင်္ကာမကင်းသူ မောင်ရဲ၏ကိုယ်ရေးအချက်အလက်နှင့် ရေးဆွဲထားသော ပုံတူသရုပ်များက လည်း ဖြန့်ကျက်လျက်။

အခန်း(၁၀)

အမှုစစ်အရာရှိ စုံထောက်စံထွေး သည် ရှုပ်ထွေးသော ၃ လောင်းပြိုင်အမှု အတွက် စုံစမ်းဖော်ထုတ်ရမည့် အမှု လမ်းကြောင်း ၄ ခုကို ရေးဆွဲထားရှိခဲ့ သည်။ ပထမလမ်းကြောင်းဖြစ်သော သေဆုံးသူများနှင့်ပတ်သက်၍ အမွေ ကိစ္စ၊ ရပိုင်ခွင့်ကိစ္စတို့ဖြင့်သားချင်းဆွေ မျိုးများမှ ရန်ငြိုးရန်စရှိ/မရှိတို့ကို လေ့ လာစုံစမ်းခဲ့ရာ အထက်တွင် ဖွင့်ဆိုခဲ့ သည့်အတိုင်း ထိုလမ်းကြောင်းမှာ ဖြစ် နိုင်ချေမရှိကြောင်း ပေါ်ပေါက်ခဲ့သည်။

ဒုတိယလမ်းကြောင်းဖြစ်သည့် အခင်းဖြစ်ပွားပြီးနောက် အခင်းဖြစ် ဝန်းကျင်မှ ပျောက်ဆုံးသွားသူများကို လေ့လာစုံစမ်းခဲ့ရာ သေဆုံးသူမေဆွိဖြင့် သမီးရည်းစားဖြစ်ခဲ့ဖူးသူ မောင်ရဲအ ကြောင်းကိုလည်း ပြည့်စုံစွာ စုံစမ်းခဲ့ပြီး ဖြစ်သည်။ ထို့အတူ မောင်ရဲကဲ့သို့ ရုတ်





www.burmeseclassic.com

www.burmeseclassic.com



တရက်ပတ်ဝန်းကျင်မှပျောက်ဆုံးသွားသော လူရွယ်လူငယ် ၄/၅ ဦးကို နောက်မှ ထပ်ချပ်မကွာလိုက်၍ စုံစမ်းခဲ့သော်လည်း အဖြေကထွက်မလာ။ ထိုဖက်တွင်လည်းတတိယလမ်းကြောင်းဖြစ်သော အခင်းဖြစ်နေအိမ်အနေအထားနှင့် ဝင်ထွက်သွားလာနိုင်သူများကိုလည်း မျက်ခြေမပြတ် စောင့်ကြည့်လျက်ရှိသည်။

စတုတ္ထလမ်းကြောင်းဖြစ်သော မိုးဆိုးနိုက်၊ မှုယစ်ဆေးဝါးနှင့် လောင်းကစားသမားများဘက်သို့ ဦးတည်ကြည့်သည်။ ထိုသို့ ဦးတည်ရာတွင် သေဆုံးသူများကို ရင်ခွဲစစ်ဆေးခဲ့သော မှုခင်းဆရာဝန်ကြီး၏စစ်ဆေးတွေ့ရှိမှုအရ သေဆုံးသူ ၃ ဦးစလုံးမှာ လည်ဆစ်ရိုးကျိုး၍ သေဆုံးကြောင်းအဆိုပြုထားသည်။ ဒါကြောင့် မိုးဆိုးနိုက်ထဲမှ လက်အားသန်သူ တစ်နည်းသိုင်းတတ်သူအသိုင်းအဝိုင်းသို့ ဝင်တိုးကြည့်ရပြန်သည်။ သူတို့ အသိုင်းအဝိုင်းကလည်း သိပ်လွယ်လှသည်မဟုတ်။ အဝင်အထွက်မတတ်လျှင် စုံထောက်စံထူးတစ်ယောက် နောက်ကောက်ကျသွားနိုင်သည်။ သို့သော် စံထူးကလည်း ခေသူမဟုတ်။ အဝင်အထွက်ပါးနပ်၍ ကိုယ်ခံပညာလည်း နည်းပြအဆင့်တွင်ရှိသည်။ အချိန်ကုန်၍ လူသာပန်းသွားသည်။ သိုင်းသမားလောကထဲက ဘာသတင်းမှထွက်မလာ။ သို့ကြောင့် အမှုစစ်အရာရှိ စုံထောက်စံထူးတစ်ယောက် ရင်ခွဲစစ်ဆေးသော မှုခင်းဆရာဝန်ကြီးထံသို့–

“ဆရာကြီးခင်ဗျား ... သေဆုံးသူ ၃ ဦးစလုံးရဲ့ လည်ဆစ်ရိုးကို ချိုးပစ်နိုင်တဲ့ သိုင်းလောကသမားထဲက တတ်ကျွမ်းသူများ ဖြစ်နိုင်ပါသလား”

“အဲဒီလိုလည်း အဖြတ်ပြောလို့မရဘူးဗျ ... လက်ကိုင်အားသန်ပြီး လက်ဝါးလက်ဖျံတောင့်တင်းတဲ့ အမျိုးသားဆိုရင် ... တစ်ဦးတစ်ယောက်ရဲ့ လည်ဆစ်ရိုးကို ချိုးပစ်နိုင်တယ်၊ ခင်များပြောသလို သိုင်းကစားသူ .. ဒါမှမဟုတ် .. ကျွန်တော်ပြောသလို လက်ကိုင်အားသန်မာသူထဲကလည်း ဖြစ်နိုင်ပါတယ်”

မှုခင်းဆရာဝန်ကြီး၏စကားအဆုံးတွင် စုံထောက်စံထူးက သူ၏လက်ဖဝါးကို ဆုပ်ဖြန့်ဖျစ်ညှစ်၍ လက်ဖျံကို တင်းလျှော့ကြည့်ရင်း လက်ကိုင်အားသန်ပုံကို သရုပ်ဖော်ကြည့်သည်။ ဒါတွင်မက သေချာစွာသိရှိလို၍ ခင်မင်ရင်းနှီးသော တရားသူကြီးတစ်ဦးထံသို့ ရှေ့ရှုခဲ့သည်။

“လာဗျာ ... ကိုစံထူး ထိုင်၊ ဘာအကြောင်းများပေါ်လာလို့လဲ”

တရားသူကြီး၏ဖိတ်ခေါ်မှုကြောင့် စုံထောက်စံထူးက ရုံးခန်းစားပွဲရှေ့ရှိ ထိုင်ခုံလွတ်တစ်လုံးတွင် နေရာယူလိုက်သည်။ ထို့နောက်–

“ကျွန်တော် ... သိချင်တာလေး တစ်ခု မေးချင်လို့ပါ”

“မေးပါဗျာ ... မေးပါ”

“ဆရာ့သက်တမ်းတစ်လျှောက် စစ်မေးခဲ့တဲ့အမှုတွေထဲမှာ ... လည်ပင်းအညှစ်ခံရလို့ လည်ဆစ်ရိုးကျိုးပြီး သေဆုံးသွားတဲ့ သတ်မှုမျိုး ဆရာကြုံဖူးလား”

စုံထောက်စံထူး၏ အမေးကို တရားသူကြီးဖြစ်သူမှ အတန်ငယ်စဉ်းစားပြီးနောက်–

“အင်း ... နယ်မှာတုန်းကတော့ တစ်မှုကြုံဖူးတယ်ဗျ၊ အိမ်ထောင်ရေးဖောက်ပြန်လို့ မိန်းမဖြစ်သူကို သူ့ .. ယောကျ်ားက လည်ပင်းညှစ်ရာကနေ လက်လွန်ပြီး လည်ဆစ်ရိုးကျိုးလို့ သေဆုံးခဲ့ဖူးတယ်”

“အဲဒီအမျိုးသားရဲ့ အသက်အရွယ်နဲ့ .. ခန္ဓာကိုယ်ဖွဲ့စည်းပုံအနေအထားက ဘယ်လိုရှိသလဲ ဆရာ”

“အသက်ကတော့ .. လေးဆယ်ကျော်ကျော်လောက်ရှိမယ်ဗျ၊ အလုပ်ကြမ်းသမားဆိုတော့ ခန္ဓာကိုယ်အချိုးအစားက တောင့်တင်းခိုင်မာတယ်ဗျ”

ဤမျှဆိုလျှင် လည်ဆစ်ရိုးကျိုးအောင်ပြုနိုင်သူ၏ ခန္ဓာကိုယ်ဖွဲ့စည်းပုံအနေအထားက သိသာထင်ရှားခဲ့ချေပြီ။ သို့ကြောင့် အခင်းဖြစ်နေအိမ်ကို ဝင်ထွက်နိုင်ခွင့်ရှိသူများထဲမှ အသက်အရွယ်ကြီးရင့်၍ အားအင်မရှိသော အမျိုးသားများကိုဖယ်၊ အသက်အရွယ်ငယ်သူနှင့် လူလတ်တန်းစားထဲမှ ခန္ဓာကိုယ်ကြံ့ခိုင်သန်စွမ်းသူများကို ရွေးထုတ်ကောက်နုတ်ကြသည်။ ထိုသူများထဲမှ လက်စလက်နရှိသူ လူဆိုးများဖြင့် ပေါင်းသင်းသွားလာတတ်သူတို့၏ လှုပ်ရှားမှုကို တစ်ဆင့်တက်၍ စောင့်ကြည့်ခြင်း (Watch)ကို အရှိန်အဟုန်မြှင့်ပြီး အင်အားအပြည့်ဖြင့် လှုပ်ရှားခဲ့ကြလေတော့သည်။

ရှေ့လသက်ပါဦးမည် ...

စုံထောက်မောင်ရေခဲ



www.burmeseclassic.com

www.burmeseclassic.com



# စုံထောက်(အရာရှိ)သင်တန်း အမှတ်စဉ် (၁၆၆/၂၀၁၂)သင်တန်းဆင်းပွဲ




၂၀၁၃ ခုနှစ်၊ မတ်လ ၂၂ ရက်၊ မနက် ၈ နာရီအချိန်က မှုခင်းရဲတပ်ဖွဲ့ (စီအိုင်ဒီ)၊ အောက်မြန်မာနိုင်ငံ မှုခင်းရဲတပ်ဖွဲ့ခွဲမှူးရုံး၊ အင်းစိန်ရှိ လေ့ကျင့်သင်ကြားရေးဌာနခွဲ၊ စုံထောက်သင်တန်းကျောင်းတွင် စုံထောက်(အရာရှိ) သင်တန်းအမှတ်စဉ် (၁၆၆/၂၀၁၂) သင်တန်းဆင်းပွဲကို ကျင်းပခဲ့သည်။

အဆိုပါ သင်တန်းဆင်းပွဲသို့ မှုခင်းရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်အောင်ဝင်းဦး၊ အောက်မြန်မာနိုင်ငံ မှုခင်းရဲတပ်ဖွဲ့ခွဲမှူးရုံးမှ ဦးစီးအရာရှိ ဒုတိယရဲမှူးကြီး စိုးနိုင်ဦးနှင့် ဌာနခွဲမှူး(ရဲမှူး)များ၊ သင်တန်းနည်းပြအရာရှိများ၊ ဖိတ်ကြား ထားသော ဧည့်သည်များနှင့် သင်တ[...] သားအရာရှိများ တက်ရောက်ကြသ[...]

သင်တန်းဆင်းပွဲတွင် မှုခ[...] တပ်ဖွဲ့မှူး ရဲမှူးချုပ်အောင်ဝင်းဦ[...] သင်တန်းဆင်းမိန့်ခွန်းမြွက်ကြား[...] ဆုရရှိကြသော သင်တန်းသားအရ[...] များကို ဆုများချီးမြှင့်၍ သင်တန်းဆ[...]



www.burmeseclassic.com

www.burmeseclassic.com









အောင်လက်မှတ်များ ပေးအပ်ခဲ့သည်။ အဆိုပါ သင်တန်းတွင် ဆုရရှိကြသူများမှာ–

– ကျောင်းသားအမှတ်(၁၂၉)၊ ကယားပြည်နယ်ရဲတပ်ဖွဲ့မှ ရဲအုပ်လှသိန်းက ပထမဆုနှင့် ရဲကျင့်ဝတ်ဆု

– ကျောင်းသားအမှတ်(၁၀၃) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ စုံမှုးညီညီအောင်က ဒုတိယဆု

– ကျောင်းသားအမှတ်(၁၀)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲအုပ်မြင့်ထွန်းက တတိယဆု

တို့ကို အသီးသီး ရရှိခဲ့ကြသည်။ သင်တန်းကာလမှာ (၁၂)ပတ်ဖြစ်၍ အဆိုပါသင်တန်းသို့ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့်အကျဉ်းဦးစီးဌာနတို့မှ သင်တန်းသားအရာရှိစုစုပေါင်း(၁၅၀)ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

စုံထောက် မောင်ရဲ



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



ာ။

အဆင်ခြင်မဲ့ နှုတ်ထွက်စကား တစ်ခွန်းသည် သည်မျှတာသွား အရာ ကျယ်စေမည်ကိုသာသိခဲ့ပါလျှင် စကား ကို ကြိုကြိုတင်တင် သိမ်းခဲ့မိမည်မှာ ကောန်။ စကားတန်ရှည်ခဲ့မိသမျှကို ဘွာ ခတ်၍ သင်ပုန်းချေစေခဲ့မည်လည်း အ မှန်။ သို့တစေ ကြိုဟ်မင်းက မောင့်ကို မွေကာ နှုတ်အခြေနည်း အာစေးထည့်ခဲ့ မိသည်။

ယခုတော့ဖြင့် ပွဲကပြီးခဲ့ပြီ။ စိန် သူက "စိန်"ခဲ့၍ ကြက်ခေါင်းဆိတ်မခံ နိုင်သူက တစ်ပြန်တစ်လှည့် အတဲ့ အတင်ပြုကာ နားရွက်တော်ဆွဲဆွတ်ခဲ့ ပြီ။ မဆီမဆိုင် လက်ပံသားဓားနှင့်ချိုင်။ ပဲလှော်ကြားဆားညှပ်၍ ရေတာ်သီးနှင့် အလွမ်းသင့်မိသဖြင့် အထုအထောင်းခံ ရလေသော ကြက်သွန်နှယ် အလိုလို အိထက်မီး အောက်မီး အကင်ခံနေရ သူက ကျွန်တော်။

"နှုတ်ကောင်း ပြည်စိုး" တဲ့။ အခု တော့ဖြင့် နှုတ်ရေးစကားတတ်လုပ်ချင် လွန်း၍ မထွေးနိုင် မအံနိုင်။

ငတောက်၊ ခေသက်ကျိုးနည်း ဒုက္ခပေးတဲ့ စိန်ခေါ်ပွဲ"ပျက်လို့သာ ငိုလိုက်ချင်တော့သည်။

၂။

သည်နှစ်ကောင်က ဇာတ်လမ်းစ သည်။ သံချောင်းနှင့် ဝင်းသိန်းဟန်။ ပြဿနာကို နွေခင်းကြောင်တောင် မီး ခွက်ထွန်းရှာကြရာက လောင်မီးကျခဲ့ ခြင်းဖြစ်သည်။ သည်နှစ်ကောင်က အ မှုတွဲ။ ပြစ်မှုတစ်ခုတည်းကို အတူတွဲ ကျူးလွန်ကြသဖြင့် အတူတူ အပြစ်ပေး ခံခဲ့ကြရသူများဖြစ်သည်။ ပုဒ်မက ရာ ဇဝတ်(ခါး)၊ ခါးပိုက်နှိုက်မှုတဲ့။ ပြစ်ဒဏ်. ၇ နှစ်စီ ကျလာခဲ့ကြသည်။ သူတို့လော ကသုံးစကားအရ မျဉ်းစောင်း ၁၁ ဆို သည့် ရာဇဝတ်မှုခင်းနှင့်ပတ်သက်၍ ကျော်ဇောစာရင်းဝင်ဖြစ်သောကြောင့် ဂိတ်ကုန် တန်းကုန် ချလိုက်သည့်ပြစ် ဒဏ်။ မှတ်လောက်သားလောက် တီး ထည့်လိုက်သောအမြင့်ဆုံးပြစ်ဒဏ်ပင်။

သူတို့ကလည်း သူတို့ ၁၉၈၇ ခု နှစ်၊ ရန်ကုန်မြို့တော်အား ဒုက္ခပေး လှသည့် ဒုစရိုက်သမား ခိုး၊ ဆိုး၊ နှိုက် များကို အထူးစီမံချက်များဖြင့် ပြင်း ပြင်းထန်ထန် နှိမ်ကွပ်သည့်ကာလက ကားခနဲပါလာသူ "လေထီးညီနောင်" နှစ်ဦး။

"ဟော့ကောင် ... သံချောင်း၊ လာစမ်းပါဦးကွ၊ ငါ့ကိုလည်း တစ်ဆိတ် ရှင်းပြစမ်းပါဦး၊ မင်းတို့ဟာက ခါးပိုက် နှိုက်ဆိုလဲ ခါးပိုက်နှိုက်ပေါ့၊ ဘာလဲ 'လေထီး' ဆိုတာ ... မင်းတို့ကိုယ် မင်း တို့ တယ်လည်း ... သိဗ္ဗိုတင်လွန်းလှ ပါကလား"

သည်သို့သည်နှယ် တစ်ခါက သူ တို့အား မေးမြန်းစောကြောစပ်စုကြည့် ဖူးသည်။ မိမိတို့ အကျဉ်းဦးစီးဌာနဝင် အရာရှိ ဝန်ထမ်းများဆိုသည်မှာ မြန် မာပြည်အနယ်နယ်အရပ်ရပ် တစ်နံ တစ်လျားက ပြစ်မှုမျိုးစုံဖြင့် ရောက်ရှိ လာသော "မတစ်ထောင်သား" များ အား သူတို့ ပြစ်ဒဏ်ကာလစေ့ရောက် သည်အထိ လက်ပွန်းတတီး နီးစပ်စွာ– ပြုစုထိန်းသိမ်းကြရသူများပေမို့ သူတို့ ဘဝ၊ သူတို့အထာ၊ သူတို့ဘာသာ စကားကို ကျွမ်းဝင်ရင်းနှီးထားဖို့တော့ လိုကိုလိုသည်။ မျက်စိအကြား၊ နား အမြင်လျှင်ဖို့လိုသည်။ သို့မဟုတ်လျှင် သူတို့ တွေ၏ မာယာပရိယာယ်တို့၏ ဟိုး နောက်မှာ ခြေတစ်လှမ်းစာမျှမက ရောက်သွားနိုင်သည်လေ။

ခံခဲ့ရဖူးသည်။ ငယ်နုစဉ် မနှေး မနပ်ကာလက "ထောင်မင်းသား" မောင်မင်းကြီးသားများ၏ ယဉ်ယဉ်က လေးနှင့် ပညာပေးခြင်းကို ခံခဲ့ရသည် အကြိမ်ကြိမ်။ ထောင်မှူးပေါက်စ အရာ ရှိကလေးဖြစ်လာတော့လည်း သူ့အ ဆင့်၊ သူ့နေရာနှင့်သူ ထိုထိုကျေးဇူးရှင် များထံမှ မသိမသာတစ်မျိုး သိသိသာ သာတစ်သွယ် ဆည်းပူးပညာရည်နို့ ခံ ယူခဲ့ရသေးတာပါပဲခင်ဗျာ။ လုပ်သက် ကလေးရ၊ အတွေ့အကြုံကလေး နည်း နည်းပြည့်၊ ထောင်မှူးကြီးရယ်လို့ ဖြစ် လာသည့်အခါကျမှသာ ကိုယ်က တစ် ပြန်တစ်လှည့် ပညာပေးရ၊ နယ်အ မြီးတပ်ရတာလေးတွေ ရှိလာသည်။ ဤ သည်ပင်လျှင် တစ်ချီတစ်ချီ အလစ်အ ငိုက်မှာ ကော့နေအောင်ခံခဲ့ရသည်မျိုး ရှိတတ်သေး၏။

ပြောဦးမည်။ မိမိအလုပ်စခန်းသို့ အင်းစိန်ဗဟိုအကျဉ်းထောင်မှ ရဲဘက် (အကျဉ်းထောင်ပြင်ပသို့ထွက်၍ ပြစ်မှု ကြေးကို ချွေးဖြင့်ဆပ်ကာ ပြည်သူ



www.burmeseclassic.com

www.burmeseclassic.com



အကျိုးပြုလုပ်ငန်း ဆောင်ရွက်နိုင်သည့် စည်းကမ်းချက်များနှင့်ညီညွတ်သော အသက်ငါးဆယ်အောက်၊ ကျခံရန် ကျန်ကာလ တစ်ဆယ့်ငါးနှစ်အောက်ရှိ အကျဉ်းသားများ)အင်အား ဖြည့်တင်းပေးပြီးစကာလနေ့တစ်နေ့။ ရဲဘက်လူသစ်များအား မှတ်ပုံတင်ခြင်း။ ဝတ်စုံသစ်များ ထုတ်ပေးခြင်း။ အခြားအုပ်ချုပ်မှုကိစ္စအဝဝတို့ကို ဆောင်ရွက်ပေးခြင်း စသည့်တွေရာလေးပါးများကြောင့် အလုပ်မဆင်းနိုင်းသေးဘဲ တစ်ရက်တန်သည်၊ နှစ်ရက်တန်သည် အနားပေးထားသည်။ မိမိတို့အလုပ်စခန်းသည် အညိုရောင်နယ်မြေ(ဒေသခံလက်နက်ကိုင်သောင်းကျန်းသူများ မကြာခဏ နှောင့်ယှက်တတ်သဖြင့် လုံခြုံရေးမတည်မငြိမ်၊ အကြွင်းမဲ့ စိတ်ချလုံခြုံမှုမရသေးသော ဇရိယာ)အတွင်း တည်ရှိနေ၍ ရဲဘက်များအား စခန်းသက်ကလေးလည်းရ၊ နေတတ်စားတတ်အောင် ခေတ္တခဏသင်ပေးနေရခြင်းလည်း ဖြစ်သည်။ တစ်ရက်ကနေ နှစ်ရက်၊ သုံးရက်။ ရဲဘက်လူသစ်များ အချင်းချင်းဝါစကာမာပြောနေဆိုနေကြသော စကားများထဲတွင် 'မကျင်လှ' 'မကျင်လှ'ဆိုသည်က မကြာခဏကြားနေရ၏။ 'ထားလိုက်ပါကွာ၊ မကျင်လှပါ'။ 'အဲဒီဆရာကတော့ မကျင်လှပဲဟေ့'။ 'အချင်းချင်းတွေကို မကျင်လှလာမလုပ်နဲ့နော်'တဲ့။ ကြားရဖန်များလွန်းလှ၍ မကျင်လှဆိုသော သည်အမည်က နားထဲမှာ ကလိလှ ငြိလှ၏။ ဘာလဲ။ ဘာလဲ။ ဘယ်က မကျင်လှလဲ။ မိမိအလုပ်စခန်းအတွင်းမှာ အဘယ်မည်သော မကျင်လှကလာ၍ အရေးပါအရာရောက်လွန်းနေရသနည်း။ (မရှိသေးစကား)စခန်းတွင်းမှာ မိန်းမမှုကိစ္စ အရှုပ်အထွေးများ ရှိနေသလား။

'လားတွေထပ်'သံသယတန်းလန်းဖြင့် သိပ်သိပ်သည်းသည်းကလေး တိတ်တဆိတ် စုံစမ်းကြည့်ရသည်။ ထူးခြားသတင်း စုဆောင်းရသည်။ လားလား။ ခုတ်ရာတခြား ရှရာတလွဲပါလား ခင်ဗျာ။

မကျင်လှဆိုသည် ဘယ်မှာများ ဣတ္ထိယအပျိုချော ဟုတ်ပေမလဲ။ 'ဆေးပေါ့လိပ်'ပါတဲ့ခင်ဗျာ။ အင်းစိန်ထောင်တွင် အကျဉ်းသားများ ရာစုသောက်သုံးကာ အရာဝင်တွင်ကျယ်လွန်းလေသော ဆေးပေါ့လိပ်နာမည်ပါတဲ့။ တံဆိပ်က 'နွား'တံဆိပ်။ မကျင်လှဆေးလိပ်ခုံမှ ထုတ်လုပ်သော နွားတံဆိပ်ဆေးလိပ်ခင်ဗျာ။ ကျေးဇူးရှင်တို့ ရွှေဉာဏ်တော်စူးရောက်စွာဖြင့် အနီ 'နွား'တံဆိပ်ကို အမှတ်သညာပြုပြီး သကာလ ခပ်အအ၊ ခပ်ထုံထုံ၊ သူတို့နှပ်ချသမျှ ခံရနိုင်သူတို့အား ကွယ်ရာမှာ လက်တို့လျက် နွားတံဆိပ်ကပ်ကြခြင်းပါ။ မကျင်လှဆိုသည်က စကားဝှက်။ သူတို့အချင်းချင်းသာ သိသော Password တော်ပါသေး၏။ သင်းတို့ မကျင်လှစာရင်း၌ မိမိနာမည်မပါသေးလို့။ ဟုတ်ကဲ့၊ အကျဉ်းသားဆိုသည် ထိုသို့ တောင်တောင်အီအီ ထွေလီကာလီများကို အတော်ကြီး ဉာဏ်မီအောင် မနည်းလိုက်ရတတ်သည့် ပုဂ္ဂိုလ် အကောင်းစားများပါခင်ဗျား။

"ဒီလို .. ဆရာရဲ့၊ ကျွန်တော်တို့ ခါးပိုက်နှိုက်လောက .. ဒုစရိုက်လောကမှာလည်း နယ်မြေအလိုက် ... ကျွမ်းကျင်မှုအလိုက် ... လိုင်းအလိုက် အပိုင်ခွဲထားကြတာကလေးတွေရှိတယ်၊ ကျွန်တော်တို့ဂိုဏ်းက ရန်ကုန်မြို့ကြီးတစ်ခွင်တစ်ပြင်လုံးက ဘတ်စ်ကားတွေ .. အငှားယာဉ်တွေ .. အစိုးရယာဉ်လိုင်းတွေမှာ အလုပ်လုပ်ခွင့်ရှိတယ်၊ ရထားဘူတာရုံတွေနဲ့ ဈေးတွေ ဘုရားတွေစတဲ့ မြေလျှောက်မင်းသားအဖြစ်တော့ .. အလုပ်လုပ်ခွင့်မရှိဘူး။ အလုပ်လုပ်ပြီးလို့ .. အဆင်ပြေပြေ ပစ္စည်းရခဲ့ရင်ပဲဖြစ်ဖြစ်၊ အကြောင်းကြောင်းကြောင့် အလုပ်မအောင်မြင်ဘဲ ခွတီးခွကျကြုံခဲ့ရင်ပဲဖြစ်ဖြစ် ကားပေါ်က ခုန်ချပြီး အလျှိုလျှို ခြေရာဖျောက်ကြရတယ်၊ အဲသလို .. ကားပေါ် ခုန်တက်ခုန်ဆင်းတာကို လေယာဉ်ပေါ်က လေထီးနဲ့ ခုန်ဆင်းသလောက်နီးနီး ကျွမ်းကျင်ကြတယ်၊ ခြစ်ရာပွန်းရာကလေးတောင် မရှိစေရဘူး၊ ဒါကြောင့် ကျွန်တော်တို့အဖွဲ့ကို 'လေထီး'လို့ ခေါ်ကြတာ"

ကိုယ်တော်ချောက သေသေချာချာ အဓိပ္ပာယ်ဖွင့်ပြသည်။ ဖြစ်မှဖြစ်ရပလေ။ သူတစ်ပါးပစ္စည်းကို ပိုင်ရှင်မသိအောင် အလစ်အငိုက် နှိုက်ယူ၊ ဓားနှင့်ခွဲ၍ အလစ်သုတ်သည်ကိုပဲ အလုပ်လုပ်တာတဲ့။ လာလာချေသေး။ အင်မတိအင်မတန် သိက္ခာကြီးသော လုပ်ငန်းကြီးတစ်ရပ် ဖြစ်လေသည့်နှယ် လေသံက ကြွယ်လွန်းဝယ်လွန်းအံ့ထင်သည်။

"နို ... နေစမ်းပါဦး၊ မင်းတို့တွေ အလုပ်လုပ်ဖို့ နယ်မြေတွေ၊ လိုင်းတွေကို ဘယ်လိုပုဂ္ဂိုလ်မျိုးက စနစ်တကျများ ခွဲပေးနေတာတုန်းကွ၊ ညှိနှိုင်းအ

www.burmeseclassic.com

www.burmeseclassic.com



ည်းအဝေးတွေ အမိန့်ပြန်တမ်းတွေ ား ရှိသေးသလား။ အဲဒီလို ခွဲပေးတာ ကိုလည်း မင်းတို့အောက်က ငနဲတွေက ျက်စိမှိတ်ပြီး လက်ခံကြတာပဲလား”

အမြင်ကပ်ကပ်ရှိလှ၍ ကျွန်တော် က ငေါ့တော့တော့ မေးပစ်လိုက်သည်။ ကိုယ်တိုင်သိချင်နေ၍လည်း ဖြစ်သည်။ သူတို့တစ်တွေနှင့် နီးစပ်စွာလက်ပွန်းတ သီးနေထိုင်ဆက်ဆံရကာမှ သူတို့ စရိုက်လောက၊ သူတို့ လုပ်ငန်းခလေး တလေးတွေက ထဲထဲဝင်ဝင် လေ့လာဖို့ ကောင်းသည့် စိတ်ဝင်စားစရာဖြစ်ရပ် လေးတွေ အနတ္တမရှိနေကြောင်း တွေ့လာရသည်။ စာတင်ပေတင် အက္ခရာစကားလုံးများဖြင့် ကဗ္ဗည်းရေး ထိုးမထားသည့်တိုင် ခိုင်မာစွဲမြဲလှသည့် သံမဏိစည်းကမ်းတွေလည်း သူ့ ဆိုင်ရာဆိုင်ရာ သူ့ကဏ္ဍနှင့်သူ ရှိနေ ပြန်သေးကြောင်း တစွန်းတစ သိထား သဖြင့် အခွင့်သာခိုက် ‘အစ်’ထုတ်၍ စကားနှိုက်ကြည့်ခြင်းလည်း ဖြစ်ပါ သည်။

“ဘယ်ရဲ ဘယ်အစိုးရက တရား ဝင်သတ်မှတ်ပေးမှာလည်း ဆရာရယ်၊ ကိုယ်ချင်းကိုယ်ချင်း ဂိုဏ်းခေါင်း ဆောင်အချင်းချင်း တွေ့ကြ .. စကား ပြောကြပြီး ညှိကြတာပဲပေါ့၊ ပေါ့ပေါ့ လွယ်လွယ် မြေပုံပေါ်လက်ထောက်ပြီး နယ်ခွဲကြတာမျိုးတော့ မဟုတ်ဘူးနော်၊ ကိုယ့်လူအင်အား အလုပ်သဘောနဲ့ ဝင်ငွေအဆင်ပြေနိုင် မပြေနိုင်၊ အမှု အခင်း ရှုပ်ထွေးမှု၊ ဆိုင်ရာနယ်မြေရဲ နဲ့ အမှုကြီးတွေငြိထားတာ ရှိ/မရှိ စတာတွေ အသေးစိတ်ကွင်းဆင်း စနည်းနာပြီးမှ နယ်ခွဲ၊ လိုင်းခွဲကြတာ။ အပြီးစီးနယ်ခွဲ၊ လိုင်းခွဲကိစ္စပြတ်ပြီဆိုရင် တော့ ဘာအကြောင်းနဲ့မှ စည်းမကျော် လေနဲ့ ဆရာရေ၊ အလျော်အစားက ပြင်းတယ်၊ မင်းအသက် ငါ့ပေးပဲ”

သံချောင်းမျက်နှာထားက ပီဘိ တည်တည်ငြိမ်ငြိမ်၊ သေသေချွေချွေ။ တ ကယ်အလေးအနက်ပြောနေခြင်းဖြစ်မှန်း သိသာသည်။ သူငယ်စဉ်ကလေးဘဝ စကားပီ နားကြားကတည်းက ယနေ့ အသက်သုံးဆယ်ကျော်၊ လေးဆယ် တွင်းအထိ တစ်ဘဝလုံးစုံးစုံးမြုပ်နှစ်၍ ကျူးကလန်ခတ်မျောပါခဲ့ရသော သူ့အ လုပ်ပေမို့လည်း သူ့စကားသံက စေး စေးပိုင်ပိုင် ရေရေရာရာ ရှိသည်။ ဟုတ် ပေမည်။ သူကလည်း ခေသူမဟုတ်။ ခါးပိုက်နှိုက် ကျော်ဇောမှုဖြင့် စီမံချက် ချ၍ တကူးတက ဖမ်းဆီးထောင်ချခဲ့ရ သော ‘လေထီးဝိဇ္ဇာ သံချောင်း’ပါ တကား။

“ကဲကွာ ... အခြားဂိုဏ်းက မင်းတို့နယ်၊ မင်းတို့လိုင်းထဲအထိ ကျော် ဝင်ပြီး အလုပ်လုပ်တာကို ဘယ်လိုလုပ် သိမလဲ၊ ဒီလောက်ကျယ် ဒီလောက် ကားတွေများလှတာကို ... ကဲ ... သိ ပါပြီတဲ့၊ ဘယ်လိုလုပ်မှာတုန်း”

ကျွန်တော်က စကားစကို ထောက်ပေးသည်။ တစ်ခါတစ်ခါ နယ် ကျော်လိုင်းကျော်၍ အပြိုင်လုလုပ်ကြ ရင်း တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း၊ တစ်ဖွဲ့ နှင့်တစ်ဖွဲ့ အသေအကြေ တိုက်ကြဖိုက် ကြ၊ သတ်ဖြတ်ကြသည့်အကြောင်း တွေကို ကြားဖူးနားဝရှိနေ၍ အခွင့်ကြုံ တုန်း ‘ဗျူး’လိုက်ခြင်း။ တလောကလေး ကပင် ပဲခူးဘူတာကြီး စကြံမှာ ‘အာ ဠာဝကလှစိုး’တစ်ယောက် ဓားထိုးခံရ ကာ မရှုမလှ မာလကီခဲ့ရသေးသည် မဟုတ်လား။

“ရှားတော့ရှားတယ် .. ဆရာရဲ၊ လူသစ်ကလေးတွေ မျက်စိလည်လမ်း မှားဝင်လာတတ်တာနဲ့ တစ်ခါ တစ်ခါ အလုပ်သိပ်ပါးလွန်းရင် တစ်ရက်နှစ် ရက် ... တစ်ပတ် စသည် ဂိုဏ်းကြေး ပေးပြီး ဝင်အလုပ်လုပ်ကြတာကလွဲလို့ ပေါ့တင် ... ပြောင်ကြီး ဝင်တာမျိုးက ရှားတယ်၊ တစ်ယောက်စ၊ နှစ်ယောက်စ ဝင်ဖောက်တာဆိုရင်လည်း သူလှုပ် လိုက်တာနဲ့ ချက်ချင်းသိတယ်၊ လိုင်း တိုင်း၊ နယ်မြေတိုင်းမှာ ကျွန်တော်တို့ နယ်ခံသမားတွေက ပုံမှန်ရှိနေကြတာပဲ၊ အလုပ်လုပ်တဲ့ ‘အထာ’ချင်းလည်း မ တူကြဘူးလေ၊ အလုပ်လုပ်ပုံ၊ ‘ဖား’ရွေး ပုံ အထာမတူရင် ချက်ချင်းသိပြီပေါ့၊ ဒါဆိုလည်း လွယ်ပါတယ်၊ နယ်မကျော် ခင် ‘ခွင်ဆင်’ပြီး ဝိုင်းဖမ်း၊ ရဲစခန်းအပ် လိုက်ကြတာပေါ့၊ နယ်မြေရဲအတွက် လည်း ရာဇဝတ်မှုတစ်ခုနှိမ်ပြီး ဖြစ်က ရော၊ စီမံချက်အမှုလည်း တစ်မှုတိုး ရော၊ ကျွန်တော်တို့အတွက်လည်း တစ် တောရှင်းပြီးဖြစ်ကရော”

လုပ်လိုက်ဟ။ သူ့အရပ်နှင့် သူ့ ဓာတ်ကတော့ ဟုတ်ပေ့ဖြစ်၍နေသည် ပါပဲကလား။ သူပြောနေပုံကြီးက ငှက် ပျောသီး အခွံနွှာစားရသလောက် လွယ် လွန်းနေသည်။

“မင်းတို့ ခါးပိုက်နှိုက်အလုပ်ဆို တာ ခပ်ညံ့ညံ့၊ ခပ်ချာချာ၊ ခပ်တုံးတုံး ကောင်တွေ ... မော့တီမော့ကန်း နုဝ တိမ်တောင်သမားတွေကိုသာ နှိုက်လို့ ရချင်ရမှာပါကွာ၊ သတိနဲ့နေ ... သတိ နဲ့သွား။ ကိုယ့်လုံခြုံရေးကိုယ် ဂရုစိုက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



သူဆိုရင် မင်းတို့ ဘယ်လိုအလစ်သုတ်မှာလဲ၊ ကဲ ... ပြောစမ်းပါဦး''

လာပါပြီ။ လာပါပြီ။ မျှော်လင့်တုန်း ကြော့ဆုံးလာချေပြီ ဆိုရတော့မည်။ 'သူမှ ပါလာပါ့မလား၊ စိတ်ပူလိုက်ရတာ'ဟုပင် ဩဘာပေးရမည်လား။ ခွသမား၊ ထောင်မှူး ဦးလွန်းမောင်၊ ဘယ်သူဘာပြောပြော ကန့်လန့်ဖြတ် ဘေးတိုက်ဝင်လုပ်လိုက်ရမှ အိပ်ပျော်စားဝင် ရင်ချောင်တတ်သူ။ ကိုယ်တိုင်က တပ်သားကလေးဘဝမှသည် ထောင်မှူးဖြစ်လာသည်အထိ လုပ်သက်နှစ်သုံးဆယ်ကျော် ကိုယ့်ဒူးကိုယ်ချွန်လာသူမို့လည်း သူ့ကိုယ်သူ ယုံကြည်ရဲရင့်လှဘိ။ တစ်ခါ တစ်ခါ ရိုးရိုးရှင်းရှင်း၊ ပြတ်ပြတ်တင်းတင်း စဉ်းစားတတ်သူမို့လည်း အများနှင့် သဘောကြိုက်ညီမှုနည်းလှသည်။ သူ့မူနှင့်သူ တစ်ဘာသာထူးသည့် ဆရာကြီး။

ကျွန်တော်တို့ စကားဝိုင်းကလေး စိုစိုပြည်ပြည်တည်နေသည်က မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ နောင်ရိုးကြိုစိုက်ပျိုးရေး အလုပ်စခန်းဧရိယာအတွင်းရှိ ချောင်းပြန့်ကျေးရွာထိပ်၊ တဲကြီးအတွင်း ထမင်းဝိုင်းတွင် ဖြစ်ပါသည်။ ရန်ကုန်–မော်လမြိုင်သွား မော်တော်ကားလမ်း၏ လုံခြုံရေးကို စိုးမိုးထားနိုင်ရန်နှင့် တစ်နေ့ တန် ၅၀၀ ကြိတ်ဝါးမည့် ဘီးလင်းသကြားစက်ရုံသို့ ကြံများ ပြည့်ဝစွာပေးသွင်းနိုင်ရေး ရည်ရွယ်ချက်များဖြင့် ဤစခန်းကြီးကို ၁၉၇၈ ကတည်းက နိုင်ငံပိုင်စိုက်ကွင်းကြီးအဖြစ် ဆောင်ရွက်ခဲ့ခြင်းပါခင်ဗျာ။ ဧက ၃၇၀၀ ကျော် မြေဖော်ထုတ်စိုက်ပျိုးနိုင်ခဲ့သဖြင့်လည်း ထိုခေတ်ထိုကာလက အကြီးဆုံးနိုင်ငံပိုင် စိုက်ကွင်းကြီးအဖြစ် ခေါင်းမော်နိုင်ခဲ့ဖူးပါသည်။

ကျွန်တော်သည် ထိုစခန်း၌ ဆယ်နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့၍ စီမံကိန်းတာဝန်ခံနှင့် ငွေစာရင်းတာဝန်ခံအဖြစ် လုပ်ကိုင်ခဲ့ရပါသည်။ တစ်ပြိုင်တည်းတွင် အကျဉ်းသား(ရဲဘက်ကြီး) ၂၀၀ ကျော်ပါဝင်သော လုပ်ငန်းတပ်ခွဲ တစ်ခု၏ တပ်ခွဲမှူးအဖြစ်လည်း ပူးတွဲတာဝန်ယူထားရသေးရာ ယနေ့ကဲ့သို့ ရုံးပိတ်ရက် စနေ၊ တနင်္ဂနွေနေ့များတွင် ရှေ့တန်းတပ်ခွဲရုံး၌ နေကုန်ရှိနေလျက် လုပ်ငန်းများကို ကြီးကြပ်ရပါ၏။ ယနေ့ စနေနေ့တွင်လည်း ချောင်းပြန့်ရွာထိပ် ရေဇလုတ်ကွင်းဧက ၄၀၀ ကျော်ကို ကြံဘောင်လုံးခြင်း၊ မြေဩဇာကျွေးခြင်းလုပ်ငန်းများ စုပေါင်းလုပ်ကိုင်ရာမှ နံနက်ပိုင်းထမင်းစားချိန် ခေတ္တနားနေကြခြင်း ဖြစ်ပါသည်။ အကျဉ်းသား(ရဲဘက်)အင်အား ၁၀၀၀ နီးပါးကို ချောင်းပြန့်ရွာနှင့် ရေဇလုတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းများအတွင်း သင့်သလို နေရာချထား နားနေစေကာ တပ်ခွဲအရာရှိများဖြစ်ကြသော ထောင်မှူးဦးလွန်းမောင်၊ ထောင်မှူးဦးအုန်းသင်(ပဲခူး)၊ ထောင်မှူး ဦးအောင်ကြည်နှင့် ထောင်မှူးဦးတင်အေးတို့က ကျွန်တော်တို့တပ်ခွဲပိုင်တဲကြီးအတွင်း နံနက်စာ စားသုံးရန် စုဝေးပြင်ဆင်နေကြခြင်းပါ။ တပည့်ကျော်များနှင့်အတူ ရဲဘော်များက စားရေးသောက်ရေး ပြင်ဆင်နေကြစဉ် ကျွန်တော်တို့ အရာရှိတစ်သိုက်က အလွှာပ၊ သလွှာပ လေပေးနေကြရင်း စကားဦးက သံချောင်းတို့၏ ခါးပိုက်နှိုက်လုပ်ငန်းဖက်ဆီ နယ်ကျွံသွားကြခြင်းဖြစ်ပါ၏။

"အဲဒီလိုချည်းလည်း တစ်ဖက်သတ်အတွေးနဲ့ ပုံသေကားချ ပြောလို[...]တော့မရဘူး ဆရာကြီး''

သံချောင်းက စကားကို ခပ်ဆဆ[...] ပြောသည်။ သူ့လုပ်ငန်း၊ သူ့အသက်[...] မွေးဝမ်းကျောင်း၊ သူ့ဘဝဝန်းကျင်ကို[...] ခပ်စပ်စပ်လေး ထိသွားသဖြင့် သူ့ရင်[...] ထဲမှာ ကျွဲမြီးတိုနေမည်ကောင်း။ သို့ပေ[...] သော်မှ လက်ရှိအခြေအနေအရ ကိုယ်[...] က အကျဉ်းသား ဖြစ်နေရသည်မို့[...] စကားကို အကုန်အစင်အန်မချနိုင်[...] အထွေအပါး နားလည်စွာ ကြည့်နေနေ[...] သည်။ သို့နှင့်တိုင် သူ့စကားသံ ခပ်အ[...] အစ်က အလိုမကျဟန် အထင်းသာ[...] ပေါ်နေ၏။

"ဟုတ်တယ်ဗျ .. ဦးလွန်းမောင်[...] ရဲ့ အဲဒီလိုကြီး တစ်ဖတ်သတ်ပြောလို့[...] တော့ ဘယ်ရမလဲ၊ ဘယ်ဖြစ်မလဲ၊ အ[...] လို့ ညံ့လို့ ခံရတာတွေ ရှိနိုင်သလို[...] သူတို့ကျွမ်းကျင်မှုနဲ့ သူတို့ပညာနဲ့သူတို့[...] ဖန်တီးယူတာတွေလည်း .. ရှိဦးမှာပဲ[...] ခင်ဗျားပြောသလောက်တော့ ချောင်[...] မယ် လွယ်မယ် မထင်ဘူးနော်''

စကားအစကို ချွန်တွန်းမင့်လှ[...] ၍ ဝင်ထောင်သူက ထောင်မှူးဦးအုန်း[...] သင်။ တပ်မတော်မှ အသွင်ပြောင်း[...] တာဝန်ထမ်းဆောင်လာသူ ထောင်အ[...] ရာရှိတစ်ဦး။ အသားမည်းမည်း အရပ်[...] ရှည်ရှည် ပိန်ကိုင်းကိုင်းနှင့် တည်ငြိမ်[...] အေးဆေးသူ။ စကားကို မပွင့်တပွင့်[...] တိုးတိုးညင်ညင် ပြောတတ်ပြီး[...] အကွက်ဆိုက်လာပါက တစ်ပါးသူကို[...] ခပ်ရိရိ ကလိတိတိ ပြောတတ်လှ[...]

www.burmeseclassic.com



…တ်လေသူ။ ယခုပင်ကြည့်၊ စကား…ကို ပွဲဆူအောင် အညှောင့်ဝင်…ာင်ပေးနေခြင်းဖြစ်သည်။

"ဟုတ်ပါတယ် … ဆရာကြီး၊ …န်တော်တို့ လုပ်ငန်းမျိုးက အလွန့်…လွန် ပြုတ်လပ်နေမှ ဘယ်လိုမှကို …တူအကာယ်မရနိုင်မှသာ တစ်ကိုယ်…တ် ပွဲတိုးတတ်တာမျိုးပါ။ ဖြစ်နိုင်သ…ူ ဘယ်သူမဆို အအုံအကျင်းမပါဘဲ …လုပ်မလုပ်ကြပါဘူး။ 'ဖား'တွေပြီဆို…င်တောင် အဲဒီ 'ဖား'ကို အာရုံလွှဲဖို့ …အပတ်ဝန်းကျင်ကို နှောက်ဖို့၊ ခ…လောက်ဖို့ ဘော်ဒါတွေကဝိုင်းပြီး တာ…န်ယူကြရတာပါ၊ တော်တော်ဖိုင်မှ …တော်တော်စိတ်ချရမှ အလုပ်လုပ်ရဲ…တာ။ ကျွန်တော်တို့လောကမှာ တစ်…ယောက်ယောက်က 'ဖား'တစ်ကောင်…ကို အပိုင်ကိုင်နိုင်ဖို့ဟာ ကျန်တဲ့သူ အ…နည်းဆုံး လေး,ငါးယောက် ရုံပေး ရုပ်…ရှင်ရိုက်ပေးနေရတာမျိုးရယ် … ပစ္စည်း…ပြီဆိုရင်လည်း ကားပေါ်တင် လက်…လွှဲပြီး အဆင့်ဆင့် ပြောင်းသွားတာက…ကားတစ်မှတ်တိုင်ပဲရှိ … ပစ္စည်းက…ပါသွားပြီ ချောင်ချောင်ကလေး ရလိုက်…တာတော့ မဟုတ်ပါဘူး။ ကျွမ်းကျင်မှု…ရယ်၊ ပါးနပ်မှုရယ်၊ အအုံအကျင်း…တောင့်ဖို့ရယ် … လိုပါသေးတယ် …ဆရာကြီး"

ကိုယ်တော်ချော ကိုရွှေသံချောင်းက သူတို့အရှပ်ထုတ်ကို ဇာတ်စုံခင်းသည်။ သူ့ဘက်မှာ ဂူကူပုံပုံအရာရှိ တစ်ဦးက ပါနေသည်မို့ ပြောအားက လေးလှည်း ရှိလာမေသည်ကိုး။

"မင်းကလည်းကွာ … ချီးမှုပဲ၊ လျှောမွေးကို ကာချာဖာသီချဲ့နေတယ်၊ ပစ္စည်းရှင်က အလစ်မပေးဘဲ သတိရှိနေရင် မင်းတို့ဘာလုပ်လို့ရမှာလဲ၊ မားနဲ့ထောက်လုပယူမှပဲရမယ်"

ဆရာကြီးဦးလွန်းမောင်ကလည်း သူ့အဆိုကို တစ်စက်ကလေးမျှမလျှော့၊ တင်းခံနေသည်။

"ပစ္စည်းရှင်က သတိရှိနေရင် အလုပ်သမားကလည်း ပါးပါးကလေး ကပ်ရှောင်မှာပေါ့ ဆရာကြီး၊ ဘယ်ပြဿနာအစက်ခံမှာတုန်း၊ ဒါမေမဲ့ ပစ္စည်းက မက်လောက်အောင် တန်ဖိုးကြီးနေပြီး 'ဖား'မှာ ဘော်ဒါဘော်ကျွန် မပါ၊ အုန်းလီးဝမ်းဆိုတာ သေချာ လို့ကတော့ 'ဖား'ကို အာရုံမှောက်အောင် ဖန်ပြီး အပိုင်ကစ်တာပေါ့၊ ဆယ်ခါတစ်ခါ လွတ်ခဲ့ပါတယ်၊ လုပ်နိုင်ခဲ့တာချည့်ပါပဲ"

သံချောင်းကလည်း ကြွက်ခေါင်းဆိတ်မခံ။ အရှိန်ကလေးက ရလာပြီကိုး။ သူလာက်ရှိလုပ်နေသည့် ထမင်းဝိုင်း ပြင်ဆင်ပေးနေခြင်းကိုပင် ရပ်ပြီး ဇွတ်တွန်းနေ၏။ ကျွန်တော်ကဖြင့် ထမင်းစားချိန် နည်းနည်းကလေးလိုနေသေးခြင်းနှင့် စိုစိုပြည်ပြည်စကားဝိုင်းကလေး မပျက်စေလို၍ အသာကြည့်နေလိုက်သည်။ ဘူးဆိုဖရုံမသီးတတ်ဘဲ မျက်စိစုံမှိတ်ကာ ခြေကန်ငြင်းတတ်လွန်းသည့် ဦးလွန်းမောင်၏ဇလေ့ကို ပြက်ရယ်ပြုချင်စိတ်ကလေးလည်း အင်တန်အသင့် ပါ,ပါသည်။ ထောင်မှူးဦးအုန်းသင်၏ ကော်လုံး ကာတ်လုံး၊ ခတ်လုံးကလေးများကို ကြားချင်၍လည်းဖြစ်၏။ ထောင်မှူး ဦးတင်အေးနှင့် ထောင်မှူးဦးအောင်ကြည်တို့ကလည်း ကျွန်တော့်နည်းတူ ကြားမဝင်ဘဲ ငြိမ်ငြိမ်ကလေး ပွဲကြည့်ပရိသတ် လုပ်နေကြသည်။

"နေဦး … တပည့်ရဲ့ မင်းတို့အဖွဲ့ လူစုံတက်စုံများဆိုရင် ဘယ်လောက် သတိရှိရှိ သတိကြီးကြီးထားတဲ့လူဖြစ်ဖြစ် ရအောင်အလုပ်လုပ်နိုင်တယ်၊ မဖြစ်ဖြစ်အောင်ဖန်တီးနိုင်တယ်လို့ဆိုချင်တာလား"





www.burmeseclassic.com

www.burmeseclassic.com



ဦးအုန်းသင်၏ ငြိုလုံးကို သံချောင်းက ကသောကမျော ဝန်ခံသည်။

"ဟုတ်ပါတယ် ဆရာကြီး၊ ကျွန်တော်တို့ လက်ရည်တူတွေ စုံစုံညီညီနဲ့ တကယ်အုပ်တောင့်လို့ကတော့ လူမရွေး ... နေရာမရွေး ... အချိန်မရွေးပါဘူး"

တောင်ငူကလည်း တောင်ငူ။ မောင်းထောင်ကလည်း မောင်းထောင်။ ဦးအုန်းသင်၏အချွန်အမြှ သံချောင်းကလည်း အလိုက်သင့် ဝင်ကသည်။ တစ်စ,တစ်စနှင့် စကားဝိုင်းက ပိုစည်လာ၏။ နှုတ်ဖြင့်ဖွင့်ထုတ်ကာ ခွန်းကြီးခွန်းငယ် ဝင်မပါကြသေးသော်ငြား ထောင်မှူး ဦးလွန်းမောင်ဘက်က ထောက်ခံသူ နှစ်ပက္ခကွဲလာသည်။ တီးတိုးတီးတိုး ပွစိပွစိတွေ ဖြစ်စပြုလာသည်။ ဒုစရိုက်လောကတွင် ကျင်လည်ကျက်စားခဲ့ကြသူချင်းမို့ မြွေမြွေချင်း ခြေမြင်ကာ ကိုယ့်ကျွမ်းကျင်မှုကိုတင်စားလျက် သံချောင်းဘက်က ရပ်ချင်သူလည်းရှိ။ တစ်ကြိမ်တစ်ခါသာ ကုသိုလ်ကြမ္မာညှိုးကာ ရာဇဝတ်ပြစ်မှုနှင့် ထိပ်တိုက်တိုးရလေငြား ရိုးရိုးသားသားပင် ဒုစရိုက်အပြုအမူတို့ကို အစေးမကပ်နိုင်ဖြစ်ကာ မျက်ထောင့်နီနေကြသူများလည်းရှိ။ ထမင်းစားကြဖို့ကိုပင် မေ့နေကြမိကြ၏။

"သံချောင်း ... သံချောင်း ... သံချောင်း။ မင်းတော်တော် ကိုယ့်ကိုကိုယ် အထင်ကြီးတဲ့ကောင်ပဲ၊ ဒီလိုလုပ်ရအောင်ကွာ၊ ဟောဒီမှာ ... ငါ့ယူနီဖောင်းအိတ်ကပ်ထဲကဖောင်တိန်ကို တွေ့သလား၊ အဲဒီဖောင်တိန်ကို ဒီညနေ အလုပ်မသိမ်းသေးခင် မင်းအလစ်နှိုက်ယူနိုင်ပါ့မလား၊ မင်းယူနိုင်မယ်ဆိုရင်တော့ ဒီတစ်လစာ ထမင်းစားဖို့မပူနဲ့တော့၊ စခန်းကင်န်တင်း Canteen က ဟင်းယူစား၊ ငါ ပိုက်ဆံရှင်းလိုက်မယ်၊ ငါ့ဖောင်တိန်ကို မယူနိုင်ရင်တော့ မင်းဆရာဆီ ခွင့်တောင်းပြီး မင်းလိုလေပြောကြီးတဲ့ကောင်ကို နားရင်းတစ်ချက်အုပ်ပြီးဆုံးမရမယ်၊ နောင် တစ်သက်လုံး ခါးပိုက်နှိုက်မစားတော့ပါဘူးလို့လည်း မင်း .. ကတိပေးရမယ်၊ ကဲ ... ဘယ်လိုလဲ"

ဗုဒ္ဓေါ ..။

ပွဲက မထင်မှတ်ဘဲ ကြမ်းပြီ။ ထောင်မှူး ဦးလွန်းမောင်ကြီးက ပြောပြီး ကျွန်တော့်ကို အဓိပ္ပာယ်ပါပါ လှမ်းကြည့်နေလိုက်သေးသည်။ သံချောင်းကလည်း ကျွန်တော့်ကိုပဲ လှမ်းကြည့်နေ၏။ ခဏသာဖြင့် အားလုံး အသက်ရှူရပ်သွားသည့်နှယ် လေသံကလေးမျှပင် မကြားရ။ ထောင်မှူး ဦးအုန်းသင်ကလည်း ပြုံးစိ ပြုံးစိ။ သံချောင်းက သည်အကျပ်အတည်းမှရုန်းထွက်ဖို့ ဖွတ်အတင်းအားယူနေဟန်ကို အတိုင်းသား မြင်နေကြရသည်။

"ဒါတော့ .. ဆရာကြီး၊ ဗွေမယူဘူးဆိုရင် ပြောကြည့်ချင်ပါတယ်၊ ပြောမိကာမှ ဆရာကြီးက ဒေါ်ဖောင်းလို့ထတီးရင် ကျွန်တော်က အချောင်နာနေပါဦးမယ်"

သံချောင်း၏စကားသံ။ ဒင်းကလည်း လျှော့ဦးမည့်ဟန်မရှိ။ စိန်ခေါ်အကဲစမ်းသံ ချိတ်တိတ်တိတ်ပါနေသည်။

"မင်း ... ပြောစရာရှိတာ ရဲရဲပြောကွာ၊ မင်းဆရာကြီးကို ငါ တာဝန်ယူပါတယ်၊ ဒီပွဲကလေးပြတ်မှ တို ထမင်းစားလို့ရမှာ၊ မင်းပဲ .. အရှုံး ပေးမလား၊ ညနေအထိ ပွဲဆက်ကြ မလား၊ ဘယ်လိုလဲ ... တပည့်"

ထောင်မှူးဦးအုန်းသင်ကလည်း အလျော်ကောင်း။ ဦးလွန်းမောင်ကို ဟန် ခပ်ပါပါဖြင့် ဝင့်ကြည့်တည့်လျက် ဘေး တီးပေးသည်။ ကျွန်တော်တို့ အရာရှိ တစ်သိုက်လည်း 'ဒီကောင်သံချောင်း ဘာပြောမလဲ' သိချင်စိတ်တို့ဖြင့် ဖင် တကြွကြွ။ သုံးနှစ်ခန့် ကျွန်တော့်တပ်ခွဲ၊ ကျွန်တော့်အုပ်ချုပ်မှုအောက်တွင် ငြိမ် ငြိမ်ဝပ်ဝပ်၊ ပိပိပြားပြား နေထိုင်ခဲ့ကာ တပ်ခွဲစားဖိုတွင် တွဲဘက်ထားရသည့် တပည့်ရင်းပေမို့ အထက်လူကြီးကို ရင့် သီသောစကားတော့ ပြောမည်မဟုတ် မှန်း တပ်အပ်သိသည်။ သူ့ဘဝ၊ သူ့အ သက်မွေးကျောင်းအလုပ်(ပြောပါရစေ တော့) သူ့ကျွမ်းကျင်မှု 'ပညာ'။ သည် အရာတွေကို မထိပါးအောင် သူ ဘယ် လိုကာကွယ်မလဲ။ ကျွန်တော်က ထိုဆင် ခြေစကား၌ ပို၍အာရုံဝင်စားနေမိ၏။

"ပြောမှာသာ ပြောစမ်းပါ ... သံ ချောင်းရာ၊ မင်းကို ငါ ... ဘာမျှ မလုပ် ပါဘူး"

"အဲဒီလို ... ဆရာကြီးက ခွင့် ပြုရင် .. တကယ်လည်း ကျွန်တော့်ကို ဘာမှမလုပ်တာသေချာရင် ဆရာကြီးရဲ့ ဖောင်တိန်ကို နာရီဝက်အတွင်း ကျွန် တော့်ပညာနဲ့ ကျွန်တော် ရအောင်ယူပြ ပါမယ် ဆရာကြီး"

"ဟိုက် ... သေဟဲ့ နန္ဒိယ"

လုပ်ချလိုက်ပြီ။ သံချောင်းမှုက ဖြင့် ညစ်တွန်းတွန်းသည်လား။ သူ့ ပညာစွမ်းသူ ယုံကြည်လွန်း၍ပေလား။



www.burmeseclassic.com

www.burmeseclassic.com



…ထွက်စကားက ရဲတင်းဝံ့စားလွန်း…ည်။

"ဟေ … နာရီဝက်အတွင်း …တ်ကဲ့လား … ဟော့အကောင်၊ မင်း …ယ်စာဆိုတဲ့ကောင်ပဲ … ချီး"

ထောင်မှူးဦးလွန်းမောင်ခမျာ ရှုး…ကြီး ဖြစ်သွားရသည်။ ကျွန်တော်…့အရာရှိတစ်သိုက်နှင့် တဲအတွင်း …မင်းဝိုင်းပြင်နေကြသော ရဲဘော်များ၊ …်ထမ်းများ၊ အကျဉ်းသား(ရဲဘက်) …အားလုံးမှာ မမျှော်လင့်ဘဲ မီးထ …ာက်လာသော သည်'စိန်ခေါ်ပွဲ'ကြီး …ို အံ့ဩတကြီးဖြစ်ကြရတော့သည်။ …ထောင်မှူးဦးအုန်းသင်ကဖြင့် တဟဲဟဲ 'တဲလုံး'ရိုက်ရင်း အကျေနပ်ကြီး ကျေ…နပ်၍နေ၏။ သည်လိုပုံဖြင့် ထမင်းစားဖို့ …ိုပင်လျှင် ခဏ Half Time ပေးကာ …ပ်ထားရဦးမလိုလို။

"ဟုတ်ပါတယ် … ဆရာကြီး၊ …ာရီဝက်ထက် မပိုစေရပါဘူး၊ ဒီထက် …တောင် … မြန်ချင် မြန်နိုင်ပါသေးယ် …ခင်ဗျ"

သံချောင်းဆိုသည့် သံချောင်းက …လည်း အာမခံရဲလှ၏။ တကယ်တမ်းဆို …လျှင် နာရီဝက်ဆိုသော အချိန်သည် …ာမျှကြာလှသည်မဟုတ်။ မျက်လှည့်၊ …လက်လှည့်၊ ပဥ္စလှည့်မဟုတ်ဘဲ ဘယ် …လိုလုပ်မည်နည်း။ မော်တွေ၊ သူ့ရဲတွေ …စီးပြီး ယှူခိုင်းမည်ကား ဟုတ်မည်မ …ထင်။ သည်ကောင်လုပ်လိုက်မှဖြင့် …သည်လိုချည်း။ နှုတ်ကြူးနှုတ်လွန် မ …ဟုတ်ခဲ့လျှင် လူကြီးကို အားနာစရာ။ …သူတစ်ပေါက်၊ ကိုယ်တစ်ပေါက် ထင်ရာ …မြင်ရာ ထင်ကြေးတွေပေးကြရာ လက် …ပံပင်ဖရုပ်ကျသို့ ဖြစ်လာ၏။ ကျွတ်စီ ကျွတ်စီ။ ကိုင်း၊ ပေါက်သည့်နဖူး မထူး တော့ပြီ။ စောင့်လို့သာ ကြည့်ရတော့မည်။

"မီး ဟော့ မီး … မီး၊ ကြခင်း မီးလောင်နေပြီ"

"မီး … မီး"

"ကြခင်း … မီးလောင်ပြီဟေ့"

စူးစူးရဲရဲ အော်လိုက်သော မီးလန့် သံများကြောင့် ခေတ္တမျှ ကမ္ဘာပျက်သွား သည်သို့ ရှိတော့သည်။ ပြေးကြ၊ လွှား ကြ၊ ဝုန်းဒိုင်းကြ။ ကျွန်တော်၏ရင်ထဲ တွင် ဒိုင်းခနဲ ဆောင့်တက်လာသော နှလုံးခုန်သံကြောင့် ရင်ကိုဖိ၍ တဲအပြင် ပြေးထွက်ကာ မီးလန့်ရာဆီသို့ လှမ်းကဲ ကြည့်လိုက်မိသည်။ အရာရှိတစ်သိုက် လည်း သူတို့တပ်ခွဲများရှိရာဆီသို့ အ ပြေးထွက်သွားကြပြီ။ ကျွန်တော့်တပ်ခွဲ နားနေရာ ချောင်းပြန့်ဘုန်းတော်ကြီး ကျောင်းဝင်းအတွင်းမှ တပ်စိတ်မှူး(ရဲ ဘက်ကြီး)အချို့နှင့် ဇင်ပြာဝတ်စုံဝတ် စခန်းသက်ရင့် ရဲဘက်ကြီးများလည်း တဝုန်းဝုန်းပြေးလာနေကြသည်ကို မြင် ရသည်။

"စိုးသိန်း … မီးမျှော်စင်ပေါ် တက်ကြည့်စမ်းကွာ၊ ဘယ်နေရာလဲ၊ ဘယ်လောက်ဝေးသလဲ … ဘယ် လောက်များများ လောင်နေပြီလဲ၊ မင်း မြင်သမျှကို သတင်းပို့စမ်း"

ကျွန်တော့်လုပ်ငန်းတပ်ခွဲ၏ ရဲ ဘက်တပ်ခွဲမှူး စိုးသိန်း(သမိန်ထော)ကို အရေးတကြီး အမိန့်ပေးလျက် စခန်း ရုံးသို့ ပြန်လည်သတင်းပို့နိုင်ရန် စိမ် ရသည်။ ကြခင်းမီးလောင်သည့်ဖြစ်ရပ် မျိုးက အရေးကြီးအရေးပေါ်ဖြစ်စဉ်။ အချိန်မီ မငြိမ်းသတ်နိုင်၊ မထိန်းသိမ်း နိုင်လျှင် ကြံစိုက်ခင်း ဧက ၁၀၀၊ ဧက ၂၀၀ မှသည် လေး ငါး ခြောက်ရာကို တစ်ခဏအတွင်း မီးဝါးကာ ဆုံးရှုံးသွား စေနိုင်သည်။ ပြီးလျှင် နောက်ဆက်တွဲ လိုက်ပါလာမည့် ပြဿနာအကျိုးဆက် များကလည်း မိုးမီးလောင်သလောက် ကြီးလာဦးမည်။ ပေးဆပ်ရမည့် အ လျော်အစားကလည်း တန်ဖိုးတကြီး။ အရေးယူကြေးဆိုလျှင် ရှေ့ဆုံးက ကား ကားကြီးပစ်မလွဲပါလာမည်က စီမံကိန်း တာဝန်ခံဖြစ်သူ ကျွန်တော်။

"မီးစတော့ငြိမ်းသွားပြီ … ဆရာ ရေ့၊ မီးခိုးလောက်ပဲ ရှိတော့တယ်၊ လူနိုင်သွားတယ်ထင်တယ်၊ တချို့ တလေ ပြန်လာနေကြပြီ၊ သိပ်မစိုးရိမ်ရ တော့ပါဘူး"

ကျွန်တော့်ရဲဘက် တပ်ခွဲမှူး၏ သတင်းပို့သံက ကျက်သရေမင်္ဂလာ ရှိ လှပါဘိ။ တဒင်္ဂ ခေါင်းမီးတောက်လိုက် ရသမျှ ပေ့ါပါးသွားရသည်။ တော်ပါ သေး၏။ ကံကြီးပေ၍သာပါတကား။ ယခုနှယ် ကြံပင်များ ပွင့်စပြုချိန်တွင် ကြံရွက်ကြံလက်များ မချရသေးမီ မီး လောင်လိုက်ပါက ဓာတ်ဆီဖြန်းပေးစ ရာမလို၊ ချက်ချင်းလက်ငင်း တစ်ခဏ အတွင်း ဧက ၅၀၊ ၁၀၀ ပြာကျသွား နိုင်သည်။ သိပ်မကြာသေးမီ ၁၉၈၃ ခုနှစ်ခန့်က တောမီးမှတစ်ဆင့် ဝင်းပြန့် ကုန်မှသည် နော်လေးရိုးတစ်ကွင်းလုံး ကြံစိုက်ခင်းဧက ၂၀၀ ကျော် မီးလောင်ဆုံးရှုံးခဲ့ရဖူးသေးသည်။ တစ် ခါသေဖူးပြီမို့ ပျဉ်ဘိုးနားလည်ကာ မီး ရေးထင်းရေးတဲ့ဟော့ဆိုရင် ကျောတွေ စိမ့်၊ နားရွက်တွေကားရစမြဲ။

ဆူညံဆူညံဖြင့် ကျွန်တော့်တပ်ခွဲ



www.burmeseclassic.com

www.burmeseclassic.com



တပ်ကြပ်ဆရာမြဖေ(ရခိုင်)နှင့် ရဲဘက်တပ်စိတ်မှူးတချို့တို့ ပြန်လာကြပြီ။ နောက်နားဆီတွင်လည်း လမ်းခုလပ်မှာပင် အခြေအနေအကျိုးအကြောင်း သိ၍ ပြန်လာခဲ့ကြဟန်တူသော ထောင်မှူးဦးလွန်းမောင်တို့ ဦးအုန်းသင်တို့ လူသိုက်တွေကို တွေ့ရသည်။ မကြာမတင်မီ တပ်သားရွှေကြည်က သံချောင်း၏ အမှုတွဲဝင်းသိန်းဟန်ကို ဂုတ်မှကိုင်ကာ ကျွန်တော့်ရှေ့သို့ အရွတ်သီထိုး ဆွဲလာပြီး အံမောမပြေသေးသည့်အသံဖြင့် မကျေမချမ်း သတင်းပို့၏။

'ဆရာရေ ... တရားခံလက်သည်ကတော့ ဒီကောင်ပဲ၊ ကဖိုင်းလမ်းဆုံနားက ကြံတင်တွဲဆိုက်တင်(ဘီးလင်းသကြားစက်သို့ ပေးသွင်းရမည့် ခုတ်သိမ်းပြီးကြံများအား မီးရထားတွဲများပေါ်သို့ တင်ဆောင်ရာနေရာ)မှာ ကြံရွက်ခြောက်တွေကို မီးပုံပြီး ရှို့နေတာ။ ဘာလုပ်တာလဲ မေးလို့ကို မရဘူး။ မထုံတတ်သေး။ ပြုံးစိစိနဲ့။ ဒီကောင် တစ်ခုခုတော့ အကြံအစည်ရှိမယ်ထင်တယ်ဆရာ'

ဝင်းသိန်းဟန်ခမျာဖြင့် ခေါင်းငုံ့၍ ကုပ်ကုပ်ကလေးရပ်နေရှာသည်။ မောမောဖြင့် ဗိုင်းထုထားကြပုံပေါ်၏။ အရာရှိများလည်း လူစုံတက်စုံရောက်လာကြပြီ။ ပြေးလိုက်လွှားလိုက်ကြရ၍ အတော်ဖားသွားကြလေသဖြင့် တအအတွင်းဝင်ကာ ခြေပစ်လက်ပစ် အပန်းဖြေနေကြသည်။ ကျွန်တော်တို့တွေ လူစုံသည့်တိုင် ဝင်းသိန်းဟန်က စကားမေးမရ။ ငြိမ်နေတုန်း။

"ကိုင်း ... ဝင်းသိန်းဟန်၊ မင်းဘာကြောင့် ကြံရွက်ပုံကို မီးရှို့ရတာလဲ ဆိုတာ ရှင်းအောင်မပြောပြရင်တော့ မင်းထိုက်နဲ့မင်းကံပဲ၊ ငါ့ကို ... အဆိုးမဆိုနဲ့၊ မင်းလည်း ... ရူးနေတဲ့ကောင်မဟုတ်တော့ အကြောင်းမဲ့သက်သက် လုပ်မှာ မဟုတ်လောက်ဘူး၊ ပြော"

ကျွန်တော်က လေသံတင်းတင်း မျက်နှာမာဖြင့် ရာဇသံပေးလေတော့မှ ခေါင်းမော့လာပြီး မလှမ်းမကမ်းတွင် ခပ်ရှိရှိကလေးရပ်နေသော သံချောင်းကို လှမ်းကြည့်သည်။ 'မင်းပဲပြောလိုက်တော့' ဟု မျက်နှာရိပ်ပြနေသယောင်။ သည်ပြဿနာကား သည်နှစ်ကောင်နှင့် အဆက်အစပ်ရှိဖို့ များသည်။ ကျွန်တော်က အကြည့်ကို သံချောင်းဆီသို့ ရွှေ့လိုက်၏။ သံချောင်းကို 'ကိုင်း ... မင်းပဲပြောစမ်း' ဟု အမိန့်ပေးလိုက်သည့် သဘော။

"ဆရာကြီး ... ဦးလွန်းမောင်၊ ဆရာကြီးရဲ့ ဖောင်တိန်ရှိသေးရဲ့လား"

မဆီမဆိုင် လက်ပံသား ဓားနှင့်ချိုင်၊ ဘာဆိုင်၍တုန်း။ သူ့အမှုတွဲ ဝင်းသိန်းဟန်က ကြံရွက်ခြောက်ပုံ မီးရှို့သည့်အမှုနှင့် ထောင်မှူးဦးလွန်းမောင်ကြီး၏ ဖောင်တိန်၊ ဘယ်လိုများ ဆက်စပ်နေ၍လဲ။

"သောက်ကျိုးနည်း ... ငါ့ဖောင်တိန် ဘယ်ကျခဲ့ပတုန်းဟ၊ တင်မြင့်တင်မြင့် ... လမ်းမှာ လိုက်ရှာကြည့်စမ်း"

"လိုက်ရှာမနေပါနဲ့တော့ ဆရာကြီးရယ် ... ဖောင်တိန်က ဒီမှာပါ၊ ကောက်ရတာတော့ မဟုတ်ဘူးနော်၊ အခုနက မီးလန့်ပြီး ပြေးကြတွားကြတုန်း ဆရာကြီးဆီက ကျွန်တော် နှိုက်ယူထားလိုက်တာ"

"ဟော"

မောင်မင်းကြီးသား မောင်သံချောင်းက အနီရွှေရောင်ဖောင်တိန်က လေးကို ထောင်မှူးဦးလွန်းမောင်အား လက်နှစ်ဖက်ဖြင့် ရိုရိုသေသေပြန်၍ ပေးသည်။ ဦးလွန်းမောင်ခမျာ အံ့သြ လွန်းခြင်းကြီးစွာဖြင့် သူ့ဖောင်တိန်ကို ပြန်ယူရင်း သံချောင်းကိုလည်း ဝေ မရတော့ကြည့်နေသည်။ ကျွန်တော်အပ အဝင် အရာရှိတစ်သိုက်နှင့် ပွဲကြည် ပရိသတ်ကား တုံဏှိဘာဝေ။ မတု မလှုပ်။

"နေပါဦး ... နေစမ်းပါဦး၊ မင် က ဆရာဦးလွန်းမောင်ဆီက နှိုက်ယ ထားလိုက်တာကတော့ ထားပါတော့ မင်းလက်ထဲမှာ သူ့ဖောင်တိန်ရောက် နေပြီပဲ၊ ဘယ်လိုမှ ငြင်းလို့မရပါဘူး အဲဒါနဲ့ မီးလောင်တာနဲ့က ဘယ်လိုပတ သက် ... ဟင် .. ဟုတ်ပြီ ... ဟုတ် ဟုတ်ပြီ၊ ကျုလည်း ကျတဲ့အကောင်ဝေ ကွာ၊ သံချောင်းက ဖောင်တိန်ကို နှိုက် လို့ဖြစ်အောင် ဟိုအကောင် ဝင်းသိ ဟန်က ကြံရွက်ခြောက်တွေ မီးပုံရှို့ ငါတို့ကို ရှုပ်ရှုပ်ထွေးထွေး အာရုံ လိုက်တာကိုး၊ ရုတ်တရက် ... ထ သွားတော့ မီးကိစ္စကလွဲပြီး ခေါင်း လည်း ဘာမှမရှိတော့ပါဘူး၊ ဒီအကွ ကို တမင်ခွင်ဆင်ပြီး အခွင့်အရေး လိုက်ကြတာကိုး ... ဟုတ်ပေ့ကွ ဟား ... ဟား ... ဟား"

ထောင်မှူး ဦးအုန်းသင်က ချောင်းကိုမေးနေရင်းက ပုစ္ဆာ၏အ မှန်ကို ရသွားသည့်ကျောင်းသား လေး တစ်ဦးပမာ အူမြူးစွာ ခွက်ထ ခွက်လန် ရယ်မောနေလေ၏။ ကွ



www.burmeseclassic.com

www.burmeseclassic.com



ာက်တို့မှာလည်း သည်တော့မှပင် ်တို့နှစ်ကောင်၏လုပ်ကွက်ကို သ ာပေါက်နိုင်တော့သည်။ ကျော်ချမှ ပြုမှန်းသိတော့သည်ကိုး။ ထို့ကြောင့် ာင် နာရီဝက်အတွင်း ဖောင်တိန်ကို ာင် နှိုက်ယူပြမည်ဟု သည်မောင် အာမခံရဲခဲ့ခြင်းပါပေ။ ကျွမ်းကျင်ရာ ာဆိုဆို၊ တဒင်္ဂမျှ အတောအတွင်း က်ငင်းလက်တွေ့ အလုပ်ဖြစ်အောင် ဆဖန်တီးနိုင်သော လျှင်မြန်လွန်းလှ ည့် တခဲဏှပ္ပတ္တိဉာဏ်ဟုပဲ ချီးမွမ်း မွမ်း လုပ်ကွက်ကလေးကတော့ဖြင့် ာင်းလွန်းသည်၊ သပ်ယပ်လှပလွန်း ည်။

ဆိုကြပါစို့ခင်ဗျာ။ ထိုပွဲတွင် ကျွန် တော့်ဆရာကြီးဦးလွန်းမောင် ဒိုင်ပွဲရပ် ှင့် ရှုံးခဲ့ပါ၏။ ကောင်းသည်ဖြစ်စေ၊ ိုးသည်ဖြစ်စေ၊ ကျွမ်းကျင်ရာလိမ္မာဆို ိသို့ ထဲထဲဝင်ဝင် တတ်မြောက်ထား သည့် 'ပညာ'တစ်ရပ်အား လွယ်လင့် တကူ ပေါ့ပေါ့အထင်သေး၍ မရစ ကောင်းမှန်း အမှတ်ထင်ထင် နှလုံး သွင်းမိရတော့သည်ပင်။

ပွဲသိမ်းထမင်းဝိုင်းကား မြိန်လှပေ တောင်း။ ဝင်းသိန်းဟန် ဖန်တီးလုပ်ကြံ သည့် 'ဟန်ဆောင်ရှိမ်း'ကြောင့် ပြေးရ လွှားရ၍များ ဗိုက်ပိုချောင်သွားလေရော့ သလား။ ထွေးမရမျှိုမရ လိပ်ခဲတဉ်း လည်း ခိုးလိုးခုလု ပြဿနာတစ်ရပ် ပျော်ပျော်ရွှင်ရွှင် အဖြေထွက်ကာ တစ် ခန်းရပ်သွား၍ပေလား။ ထောင်မှူး ဦး လွန်းမောင်ကြီးတစ်ယောက်မှလွဲ၍ အားလုံး ထမင်းမြိန်ကြသည်။ ဦးအုန်း သင်ကဖြင့် ဗိုက်ကို ခွေးနမ်းပ။

ဤမျှဖြင့် 'ပြီးပါပြီ'ဟု စာတန်း ထိုးကာ ကန့်လန့်ကာချလိုက်ဖို့ကောင်း သည်။ သို့တစေ ထိုသို့မဟုတ်ခဲ့။ ပွဲက ရပ်မသွားဘဲ ယခုပင် တကယ်ချောက် ပေါက်တိုးသည့် 'စိန်'ခေါ်ပွဲက နိဒါန်း ပျိုးလာတော့သည်။

၃။

တုန်ချိ(ခ)ရေအေး။

သူ့မိဘများကတော့ ရေလိုအေး ၍ ပန်းနှယ်မွှေးပါစေ ရှယ်စူးကာ 'မောင်ရေအေး'ဟု အမည်သညာ လှ လှကလေးရွေး၍ ပေးခဲ့ခြင်းဖြစ်ပါလိမ့် မည်။ မိဘမေတ္တာပေကိုး။ သို့ရာတွင် ထောင်ထဲရောက်ကာမှ မိမွေဖမွေထိုထို နာမည်ကလေး၏နောက်တွင် လှုံ့သေး သေး ညှက်ညှက်၊ အရာရာကို နေးကွေး လေးလံစွာ ပျင်းတိပျင်းရွဲ လှုပ်ရှားတတ် သူ။ သူ့စရိုက်နှင့်ကိုက်ညီသော နောက် တိုးအမည်ပြောင်တစ်ခုကို အကြွေး အမွေးမပါ ကင်ပွန်းတပ်ခံခဲ့ရတော့ သည်။ 'တုန်ချိ'ပါတဲ့။ အကြောင်းမရှိ လျှင် ခြေလှုပ်လက်လှုပ်ရမည်ကိုပင် တွန့်တိုဝန်လေး ပင်ပန်းတတ်သူ သူ့ အတွက် သည်အမည်က လိုက်ဖက် လွန်းပါဘိ။

သို့သော် နာမည်ကိုကြည့်ကာမျှ နှင့် ကြားကာမျှနှင့် အရမ်း အထင် မသေးလိုက်ပါနှင့်ဦး။ သူ့အလုပ်၊ သူ့ အသက် မွေးဝမ်းကျောင်း သူ့ပညာကို လည်း နားဆင်ကြည့်ပါဦး။ ဟုတ်ကဲ့ ဖောက်ထွင်းဝိဇ္ဇာဆိုပါကလား။ ဖောက် ထွင်းဝိဇ္ဇာ ရေအေး(သို့မဟုတ်)တုန်ချိ။ သူလည်း ခေသူမဟုတ်ဆိုသည့်စာရင်း ထဲကပါ။ ရေအေးကိုဖမ်းမိဖို့ နှစ်ရှည်လ များ စောင့်ဆိုင်းခဲ့ရသည်တဲ့။ သူက မှုတစ်မျိုး။ သူ့ကိုယ်ကို သူက လွဲ၍ အဖော်မရှာ။ လုပ်ဖောက်ကိုင်ဖက် မဖွဲ့။ ကိုယ်ကကျူးလျှင် ကိုယ့်ဒူးတောင် မယုံ တတ်သူ။ သူ့ခေတ်သူ့အခါ သူလုပ်ခဲ့ ကိုင်ခဲ့သမျှ တင့်တယ်အောင်မြင်နေစဉ် က ရောမဖောက်ထွင်းမှုကြီးများကို အ ဖော်မပါ တစ်ကိုယ်တော် ကျူးလွန်နိုင် ခဲ့သူဖြစ်သည်။ ခေါင်းဝင်ကိုယ်ဆန့်ဆို သော ဆိုထုံးက သူ့လက်သုံးစကား။ မိမယ့်မိပြန်တော့လည်း သူညံ့လွန်း၍ မဟုတ်ခဲ့။ သူ့အလုပ်လုပ်၍ ရရှိလာ သော ပစ္စည်းကလေးများကို ပင်တိုင် ထုခွဲပေးနေသည့် မိကျောင်းနှင့် ပီတာ (ခ)ဖော်မင်းတို့ ဆရာတပည့်နှစ်ဦး၏ သတိမထား ပေါ့တီးပေါ့ဆနိုင်မှုကလေး များကြောင့်သာ တစ်နွယ်ငင်တစ်စင်ပါ အဖမ်းခံခဲ့ရခြင်းဖြစ်သည်။ ယခုမှု ထို ပြစ်မှုနှင့် ယခင်ပြစ်မှုများကိုပါ ပူးတွဲ လျက် ထောင်ဒဏ် ၁၀ နှစ် ကျခံနေရ သူ။ ကျခံရန် ကျန်ကာလက သိပ်မရှိ တော့ပါ။ ၂ နှစ်ကျော်ကျော်သာ ပြစ် ဒဏ်ကျခံပြီးလျှင် ထောင်ကလွတ်တော့ မည်။

သံချောင်းနှင့် ထောင်မှူးဦးလွန်း မောင်တို့၏ ဇာတ်လမ်းက ယနေ့အ တွက် ဖေးဘရိတ်ဖြစ်၍နေသည်။ ည နေပိုင်း အလုပ်လုပ်ချိန်တစ်လျှောက်လုံး လုပ်ငန်းခွင်များအတွင်း၌ အကျဉ်းသား ရဲဘက်တိုင်း၏နှုတ်ကို စိုးသည်။ ဇာတ် ကြောင်းလှန်ကြ၊ စားမြုံ့ပြန်ကြ၊ ဝေဖန် ကြ၊ ချီးကျူးကြ၊ ရှုံ့ချကြ။ သူ့စိတ်အခံ နှင့်သူ တုံ့ပြန်ကြသည်သာ။ သည်အ ရှိန်ကလေးက ညနေတပ်ခွဲများအလုပ် သိမ်းချိန်အထိ မပြေနိုင်ချင်သေး။ တစ် နေ့တာအတွက် လုပ်ငန်းသိမ်းကိစ္စ ဆော



www.burmeseclassic.com

www.burmeseclassic.com



တလာများကို တပ်ခွဲအလိုက် ဆောင်ရွက်နေကြစဉ် ကျွန်တော်တို့အရာရှိအဖွဲ့က တပ်ခွဲတဲကြီးအတွင်း ရေနွေးကြမ်းသောက်လျက် ယနေ့၏ ပေါ်ပြူလာဇာတ်ဝင်ခန်းကို နောက်ပြန်ပြန်ရစ်ကာ ရယ်ပွဲဖွဲ့နေမိကြသည်။ ယခုတော့ဖြင့် ဆရာကြီးဦးလွန်းမောင်လည်း ပြုံးနိုင်ရယ်နိုင် ပြုံးဖော်ရယ်ဖော် ရနေပါလေပြီ။

"တကယ်ကတော့ .. ဆရာတို့ရယ်၊ ကျွမ်းကျင်ရာ လိမ္မာဆိုသလိုပါပဲ၊ ဒီအလုပ်နဲ့ အသက်မွေးတယ်၊ ဒီအလုပ်ကို ဖောက်ချပြီး စူးစူးစိုက်စိုက် လေ့လာတယ်၊ လေ့ကျင့်တယ်၊ ပညာယူတယ်၊ ကိုယ့်အလုပ်နဲ့ ပတ်သက်သမျှလုပ်ငန်းအသုံးအဆောင်ကစလို့ အသေးစိတ်ကြည့်ရှုမှတ်သားတယ်။ စာနဲ့ပေနဲ့ မဟုတ်ဘူးနော်၊ စိတ်ထဲမှာ မှတ်ရတာ၊ ကိုယ့်မှတ်ဉာဏ်ထဲမှာ အချိန်မရွေးပြန်ခေါ်၊ ပြန်ထုတ်သုံးလို့ရအောင်ကို မှတ်ရတာ၊ ကျွန်တော်တို့က ဘဝအကျိုးပေးမကောင်းလို့ လမ်းကြောင်းမှားပြီး ဒုစရိုက်လောကထဲရောက်နေပေလို့သာ၊ အကျိုးပေးကောင်းကောင်းနဲ့များ ဘဝလှခဲ့ရရင် ရောက်ရာဖြစ်ရာဘဝမှာ 'ဒိတ်'ချည်းဖြစ်နေမှာပါ"

အလှဲ့ တယ်ဆိုတဲ့စာပါသလား။ ပင်ကိုယ်ခံငှက်ဖျားတက်နေ၍ ညနေတစ်ပိုင်း ဆေးနားနားပြီး တပ်ခွဲရုံးအတွင်း ကူဖော်လောင်ဘက်လုပ်ပေးနေသော ဆေးနားရဲဘက်တုန်ချိုက စကားရော ဖောသောဖြင့်ဝင်၍ မှတ်ချက်ပြုလာသည့် စကားသံဖြစ်ပါသည်။ လက်တွင် ရေနွေးကြမ်းတစ်အိုးကိုကိုင်၍ ပဲကြော်သုပ်တစ်ပန်းကန် ပါလာလိုက်သေးသည်။ လူကောင်က ညှက်ညှက်သေးသေးပေမယ့် သန့်သန့်ရှင်းရှင်း၊ သပ်သပ်ရပ်ရပ် နေတတ်စားတတ်ပုံတော့ ပေါ်၏။ မှတ်ဆိတ် ပါးသိုင်းမရှိ။ ခြေသည်းလက်သည်း တိတိရိရိ ညှပ်ထားသည်။ ဆံပင်က တိုတိုပါးပါး။ မျက်နှာနေမျက်နှာကျကလည်း ခပ်ငြိမ်ငြိမ်။ သိမ်သိမ်မွေ့မွေ့။

"အေးကွ ... ဟုတ်တော့ဟုတ်တယ်၊ ငါလည်း နေ့လယ်တစ်ပိုင်းလုံး ဒါပဲခေါင်းထဲဝင်နေတယ်၊ ဗီဇနဲ့ပတ်ဝန်းကျင် ဘယ်ဒင်းက ပိုအရေးကြီးသလဲဆိုတာရယ် ... မင်းတို့လို ဒုစရိုက်လောကထဲက တကယ့် 'မီးခဲ'တွေကို လူကောင်းသူကောင်းအဖြစ်နဲ့ ဘယ်လိုပြုပြင် အသုံးချရင် ပိုကောင်းမလဲဆိုတာတွေရယ်ပေါ့"

ဦးလွန်းမောင်က တိုရေရှားရေ လိုလိုလားလား တလိုက်တရော လက်ခံစကားပြောသည်။ နေ့လယ်ခင်းအတွေ့အကြုံက တော်တော်ထိသွားပုံပေါ်၏။ စိတ်အခံဖြောင့်မတ်သူမို့ စေတနာမှန်သော အတွေးတို့ ဖိတ်အံလျှံကျလာခြင်းလည်း ဖြစ်ပေမည်။

"ဟုတ်တယ်ဗျ ... ကျုပ်တို့ အင်းလုပ်ငန်း ရေလုပ်ငန်းတွေမှာဆိုရင်လည်း 'တစ်ပွဲစား'ဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ ဘာမှတ်တမ်းမှ မကြည့်၊ ဘယ်လိုအတွက်အချက်မှမလုပ်ဘဲ ရာသီဥတု၊ ရေမြေတောတောင်၊ ရေအရောင်ကိုကြည့်ပြီး ဖမ်းရမယ့် ပိုက်ချက်တွေ၊ မိမယ့်ငါးပုစွန်တွေ ရနိုင်တဲ့အလေးချိန်ကအစ တိတိကျကျ ပြောနိုင်ကြတယ်။ ပြောသလောက်ကလည်း တစ်ချက်မလွဲ ဒက်ထိပဲ။

"ဘုရားကွင်းစခန်းခွဲက ထော[...] မှူးဦးရာကွတ်ရဲ့တပည့်ကျော် 'ဆပ[...] မောင်'ဟာ ... တစ်ပွဲစားပဲဆရာ[...] စခန်းနားက အင်းတွေအိုင်တွေက[...] လိုက်လိုက်ကြည့်ပြီး ရဲဘက်ကြီးသ[...] လေးယောက်နဲ့ ဖမ်းကြ ဆီးကြ၊ [...] တပ်ခွဲက ရဲဘက်တွေအဖို့ အသ[...] ရိက္ခာအတွက် မပူရတဲ့အပြင် ဦး[...] ကွတ်အိမ်အတွက်လည်း ငါးခြောက်[...] ခြမ်းက အလျှံပယ် ဖောဒွေးပဲဗျ"

ထောင်မှူးဦးအောင်ကြည်န[...] ထောင်မှူးဦးတင်အေးတို့က တွေးတေ[...] ဆဆ ထောက်ခံ၍ ပြောကြသည[...] ခြောက်စထောင်ဦးအုန်းသင်ကဖြင့် [...] နွေးကြမ်းကိုပဲ တဖူးဖူး မှုတ်သောက်[...] တော့သည်။ သည်စကားဝိုင်းက သ[...] တွင် ရပ်ခဲ့လျှင်လည်း အကောင်းသာ[...]

"ကျွန်တော်တို့ .. ဒုစရိုက်သမ[...] ... အလုပ်သမား မျက်စိထဲမှာတေ[...] အရာဝတ္ထုပစ္စည်းတို့ .. အခြေအနေ[...] ဆိုတာက ယာယီ အဟန့်အတား[...] ပါပဲ ... ဆရာရယ်၊ အဲဒီ ... အဟ[...] အတားတွေကို ကျော်ဖြတ်နိုင်ဖို့ နည[...] လမ်းရှာမတွေ့သေးခင်သာ ထိုင်ကြည[...] ထိုင်တွေး၊ ထိုင်ကြံနေရတာပါ၊ နည[...] လမ်းရပြီဆိုရင်တော့ ဘာကြီးနဲ့တ[...] ထားထား၊ လုပ်ချင်တာကိုလုပ်လို့ ဖြ[...] ခဲ့တာချည်းပါပဲ"

လာလာချည်သေး။ ပိန်ချိတ[...] ယောက် ပါးစပ်ပေါက်ကျယ်လွန်းပြ[...] သည်ကောင်က စာကလေး ပေကလေ[...] ကိုလည်း ဖတ်တတ်မှတ်တတ်သည်[...] ခံကလေးအားကောင်း၏။ လေလု[...] လည်း နည်းနည်းထွ[...]ချင်တတ်သေ[...] သည်။ ဒါက သူ့[...]၊ သူ့စရိုက်။

www.burmeseclassic.com

www.burmeseclassic.com



"နောက်လာတဲ့ ... မောင်ပုလဲ ဝန်ထက် ကဲနေပြန်ပါပြီကွာ ..၊ ချောင်းက လက်စခြေစကလေး တ်ပြလိုက်တာနဲ့ မင်းကလည်း ဝှက် းတဲ့ လက်သည်းတွေကို ပြန်ပြချင် ပြီမဟုတ်လား၊ ဝိဇ္ဇာ ..အစုတ် တ်ရဲ့"

ထောင်မှူးဦးအောင်ကြည်က ထ ာက်တော့၏။ နားကလောလာအံ့ င်၏။ သူက လူဖြောင့်စိတ်တို။ စ းနည်း နှုတ်နည်းသော်လည်း ပြော ကြိုက ဝိသာလေးနှင့်နံဘေးပစ် ပြာတတ်လုပ်တတ်သူ။

"အဟုတ်ပြောနေတာ ..ဆရာ ီးရဲ့၊ ကျွန်တော့်အလုပ်ကိုပဲ ကျွန် တ် ပြောပါမယ်၊ ကျွန်တော်တို့ ောက်ထွင်းသမားများအဖို့ ဖွင့်မရနိုင် ဲ့သော့မျိုးဆိုတာ ကမ္ဘာပေါ်မှာ မပေါ် သေးဘူးလို့ပဲ မှတ်တယ်၊ ဖွင့်မရသေး တာ ... ဖွင့်ဖို့နည်းလမ်း ရှာမတွေ့ သေးတာမျိုးသာ ရှိရမယ်၊ လုံးဝ ... င့်လို့မရတဲ့သော့တော့ဖြင့် မရှိပါဘူး၊ ခု ဆရာတို့သုံးနေတဲ့ တရုတ်သော့ ို့၊ Globe သော့တို့ဆိုတာတွေဟာ ာပစ္စည်း၊ ဘာကိရိယာမှ အကူအညီ ါဘဲ ကျွန်တော်တို့ လက်ဆနဲ့ လှုပ်ရုံ င် ပွင့်နိုင်ပါတယ်၊ ဉှုဖွ ... မန်းတာ ဟုတ်ဘူးနော်၊ အတွေ့အကြုံ၊ သမ္မာ၊ ျွန်တော်တို့အဖို့ နည်းနည်းကြောက် တက ဆရာတို့ထောင်တွေမှာသုံးတဲ့ hubb သော့၊ Gubb သော့မျိုးတွေပဲ၊ င့်ရ ပြုရ နည်းနည်းခက်ချင်တယ်၊ ပေမဲ့ ဝါရင့်အလုပ်သမားကတော့ သံ ချောင်းကလေးတစ်စလောက် ကလိ ရာရရင်ပဲ ဖွင့်နိုင်ပါတယ်လေ၊ သိပ် မခက်လှပါဘူး၊ အဆင်ပြေလို့ ကျွန် တော်တို့သာ လက်နည်းပစ္စည်းစုံစုံ၊ Master Key နဲ့ ဘာနဲ့ ကျကျနန ... အလုပ်လုပ်ခွင့်ရလို့ကတော့ ဘယ်သော့ မှ အာမခံမပေးနိုင် .. မပေးရဲလောက် အောင် သင်ခန်းစာပေးနိုင်ပါရဲ့"

သင်းကတော့ တစ်ဆိတ်နည်း နည်း လွန်လွန်းလာပြီ ထင်သည်။ ဖောက်ထွင်းသမားမဟုတ်။ ဖောက် ထွင်းဝိဇ္ဇာဟု နာမည်တစ်လုံးနှင့် ထောင်ကျလာသူမို့ သူပြောနေသည်ကို ငြင်းဆန်ကန့်ကွက်ဖို့ကလည်း အခက်။ ကိုယ့်မှာ ပြောစရာအချက်အလက်မရှိ။ 'တော်စမ်းပါကွာ' ဟု အာဏာဖြင့် ပိတ် ပင်ရအောင်ကလည်း ... ကိုယ့်လက် အောက်ဝန်ထမ်းများ ... အကျဉ်းသား ရဲဘက်များရှေ့တွင် မတော်မတရား အ ကျိုးအကြောင်းမဲ့ နှိပ်ကွပ်သည်ဟု အ မြင်မစောင်းစေချင်၊ ကျွန်တော့်သဘော ကျွန်တော့်အကျင့်က ... လက်အောက် အား ဖိနှိပ်ချုပ်ချယ်ခြင်းကို လက်မခံ တတ်၊ ချုပ်ချယ်ခြင်းနှင့် ထိန်းကွပ်ခြင်း တို့မှာ သဘောလက္ခဏာအားဖြင့် ကွဲ ပြားသည်ဟု ထင်ပါသည်။ ချုပ်ချယ် ခြင်းသည် ဖိနှိပ်ခြင်းသဘော ပြဋ္ဌာန်း၍ ထိန်းကွပ်ခြင်းသည် အကျိုးလိုလား ခြင်းသဘောကို ညွှန်းပါသည်။ သို့ဖြစ် ၍ တုန်ချိကိုတားဟန်ပြုပြီးကာမှ တုံ့ ဆိုင်းနေလိုက်မိ၏။ သို့နှင့်တိုင် တုန်ချိ ကို လျှော့၍ဖြင့် မတွက်ရဲ။

သည်တစ်ချီ ဝေါက်ကနဲ ခေါင်း ထောင်လာသူကား ဦးအောင်ကြည်။ တုန်ချိ၏လေကို ဘဝင်တွေ့ပုံမရ။

"မင်း တကယ်ပြောနေတာလား တုန်ချိ"

သူ့လေသံက ပြတ်သည်။ မာ သည်။ တစ်ခုခုကို အတိအကျ ပြော ထွက်တော့မည်နှယ်။

"တကယ်ပြောတာပေါ့ .. ဆရာ ရဲ့ ..၊ ကျွန်တော် ဖောက်ထွင်းမှုနဲ့ ထောင်ကျခဲ့ရတာက အလုပ်လုပ်ရင်း လက်ပူးလက်ကြပ်မိလို့ ကျခဲ့တာမျိုး တစ်ခါမှမရှိဖူးဘူး၊ ပစ္စည်းထုခွဲတဲ့သူ တွေ အသုံးမကျလို့ မှုခင်းကွင်းဆက်နဲ့ ကျခဲ့ရတာချည်းပဲ"

တုန်ချိကလည်း တုန်ချိပေမို့ တစ် ပြားသားမျှ မလျှော့။ အတွံ့အတင် အ ကန်အကြောက်တွေဖြင့် ရှိလာလေပြီ။

"ဒီလိုဆို ... ဒီစခန်းက လုံခြုံ ရေးသော့တွေအားလုံးကို မင်းက ဖွင့် နိုင်တယ် ... ဖွင့်တတ်တယ်ပေါ့၊ အဲဒီ လိုလား"

တကယ်သိချင်၍ပေလား။ မျှော့ သွေးစမ်းကာ ထောင်ချောက်ဆင်လိုက် ခြင်းလား။ ဦးအောင်ကြည် အမှန်တ ကယ်တင်းနေမှန်း ထင်ရှားလွန်းသည်။ တပည့်ကျော် တုန်ချိကိုလည်း ရပ် လိုက်စေချင်ပြီ။ ပွဲသိမ်းမလှမှာစိုးသည်။

"ဖွင့်နိုင်တာပေါ့ ... ဆရာရယ်၊ ပြောမှပြောတတ်ပလေ၊ ဒီမှာ သုံးနေတဲ့ သော့တွေအားလုံးက Globe သော့တွေ ချည်းပဲဥစ္စာ၊ Chubb သော့မျိုးက ရှိလှ ၃, ၄ လုံးပေါ့၊ ဘာခက်တာမှတ်လို့"

တုန်ချိကလည်း တုန်ချိ။ မထိ တထိ ကလိတိတိ။

"ဒါဆိုရင် ... မင်းက ဘာလို့ ထောင်ကို ဖောက်ပြီး ထွက်မပြေးသေး သလဲ"

ထောင်မှူး ဦးအောင်ကြည်က ရှက်ရမ်းရမ်းလျက် ဘလိုင်းချည်းဝင်



www.burmeseclassic.com

www.burmeseclassic.com


အောင်းသည်။ Foul Shot ပါ ခင်ဗျာ။ Foul Shot ပါ။ ဝင်ထိန်းဖို့ အချိန်မရလိုက်။ အရှိန်ရသွေးပူနေသည့် တုန်ချိ၏နောက်ဆက်တွဲ ပြောသံကလည်း ချက်ချင်းကပ်ပါလာသည်။

"ကျွန်တော် ... အင်းစိန်ထောင်ကနေ စခန်းကိုလိုက်လာကတည်းက ပြေးလို့လွယ်မယ်ထင်လို့ ထွက်ပြေးဖို့ပါ ဆရာ၊ ဒါကိုပဲ ... အချိန်ရှိသရွေ့ ကြံစည် ... လေ့လာ ... ပြင်ဆင်နေခဲ့တာပါ၊ အဲ ... ဒါပေမဲ့ အခုအထိ မပြေးဖြစ်သေးတာက ကျွန်တော့် ဆရာ တပ်ခွဲမှူးက ကျွန်တော့်အပေါ် မိလိုဘလို ကောင်းလွန်းလို့ စောင့်ရှောက်လွန်းလို့ ကျွန်တော်ထွက်ပြေးခဲ့ရင် ကျွန်တော့်ဆရာထောင်မှူးကို အပြစ်ဒဏ်ထိမှာ စိုးရိမ်လို့ပါ၊ တကယ်လို့များ ကျွန်တော့်ဆရာ ... တခြားကိုပြောင်းသွားခဲ့ရင် ဒါမှမဟုတ် တာဝန်နဲ့ ခရီးရှည်ထွက်ဖြစ်ခဲ့ရင် အဲဒီနေ့ဟာ ကျွန်တော်ပြေးမယ့်နေ့ပါပဲ"

"ကိုင်းကွာ .. ဒီလောက်သောက်ပြောကြီးတဲ့ကောင်"

"ခွပ်"

"အား"

ထင်မထား၍ တားရန်ပင် မမီလိုက်။ ပြောသူကလည်း ကြက်ခေါင်းဆိတ်မခံ နှုတ်လှန်ထိုးသည်။ ဒေါသကုမ္မာရကြီးကလည်း ဘာမပြောညာမပြော လက်သီးနှင့်ထထိုးလိုက်သည်။ မြေမှာလဲလို့ ဆိုကြပါစို့ခင်ဗျာ။ နိဂုံးချုပ်လိုက်တော့ နေ့လယ်ခင်းက အပျော်ကလေးတွေ အငွေ့ပျံကုန်တော့သည်။ တပ်ခွဲများလည်း သိမ်း၊ အလုပ်လည်း သိမ်း၍ စခန်းပြန်လာခဲ့ကြ၏။ ကရုဏာဒေါသောနှင့် တုန်ချိကို ပြစ်တင်မောင်းမဲသူက မောင်းမဲ။ သနားစိတ်ဖြင့် ချော့သူက ချော့။ သည်ကြားထဲကပင် ဒင်းက အညွန့်တက်ဖြစ်အောင် တက်လိုက်သေးသည်။

"ဒီလောက်တောင် ဖြစ်လာတာ ဒီတစ်ခါ ထောင်မှူးဦးအောင်ကြည် တာဝန်မှူးကျတဲ့နေ့ညကျရင် ဒီစခန်းက ပြေးဖြစ်အောင် ထွက်ပြေးပြမယ်" တဲ့။

"ပြောလေ ... ကဲလေ၊ မန်းလေ ပြလေ ... ခွေးမသား"

တပ်ခွဲတပ်ကြပ်ကိုမြဖေ(ရခိုင်)က ခေါင်းကို ထုသည်။ ရဲဘက်တပ်ခွဲမှူးက နားရွက်ဆွဲလိမ်သည်။ သို့နှင့်တိုင် သူ့စကားက တစ်ယောက်စကား၊ တစ်ယောက်နားဖြင့် အခမဲ့ လက်ဆင့်ကမ်းလျက် အလုပ်စခန်းရှိ အိမ်ထောင်တိုင်းသို့ ပြန့်သွားတော့၏။



မြွေပွေးကို
ငယ်သည်ဟု
အလမ္မာယ်မပြုနှင့်ဟု
ကျွန်တော်တို့ ငယ်ငယ်
ဖိုးသူတော်ဦးနုဆုံးမစာ၌
နှုတ်တက်ရွရွ
ကျက်မှတ်ခဲ့ရဖူးပါသည်။
သို့တစေ ရင်ထဲမှာ
နှစ်နှစ်ရှုးရှုး
မဝင်ခဲ့ဘူး ထင်၏။
ယခုတော့ဖြင့်
အရိုးစွဲ
အသည်းခိုက်အောင်
မှတ်မိပါပြီ
...

"ဒီတစ်ခါ ... ထောင်မှူး ဦး
အောင်ကြည် တာဝန်မှူးကျတဲ့နေ့မှာ
တုန်ချိက 'ထွက်ပြေးမတဲ့ ...'ဟော့"

ကောင်းကြရော။ မစင်ပုံကို ခဲဖြင့်
ထုသည်နှယ် စင်လည်း စင်သေး။ နံ
လည်း နံသေး။ ကြားရချက်က မည်သို့
မျှ မသက်သာ။ တုန်ချိ(ခ)ရဲအေး၏
ဆရာရင်းဖြစ်သော ကျွန်တော်။ မျက်
နှာဘယ်လိုထားရပါ့။

သို့ဖြင့်–


www.burmeseclassic.com

www.burmeseclassic.com



၄။

"ဆရာ ... ဆရာ ... ထပါဦး၊ ဆောင် ၄ က ရဲဘက်တစ်ယောက် ပျောက်နေလို့တဲ့ .. ထပါဦး"

ကျွန်တော့်ရုံးအကူ ရဲဘော်က ၏ တိုးတိုးကြိတ်၍ခေါ်သံကြောင့် ပ်မှုံစုံမွှား နိုးလာရသည်။ သူ့စကား မရှင်းလင်းလှ။ ထွက်ပြေးတာ ည်း မဟုတ်။ ပျောက်နေတာတဲ့။ ယ်လိုဖြစ်ရပြန်ပါလိမ့်။ ယနေ့နံနက် ာဝန်မှူးတာဝန်ကို လက်ခံဆောင် က်ရမည့်သူမို့ ကျွန်တော့်ကို ဦးစွာ ာနိုးကာ အသိပေးခြင်း ဖြစ်ပါလိမ့် ည်။

လက်ကနာရီကို ဖျတ်ခနဲ ကြည့် ိုက်မိ၏။ နံနက် ၃ နာရီခွဲကျော်ကျော် အကျဉ်းသား၊ ရဲဘက်များ ပြေးလေ့ ပြေးထရှိ ထွက်ပြေးဖို့ ကြံစည်အား ထုတ်လေ့ရှိတတ်သောအချိန်။ ညလယ် ိုင်း ၁၁ နာရီ၊ ၁၂ နာရီခန့်နှင့် နံနက် ဦးပိုင်း ၄ နာရီခန့်အကြား အချိန်များ သည် အကျဉ်းထောင်၏ ညဥ့်အချိန် သုံ့ခြုံရေးအတွက် အထူးဂရုပြုကြရ သော အချိန်များပင်ဖြစ်သည်။ ထွက် ပြေးသည့် အကျဉ်းသားဆိုသည်က လည်း အသိဉာဏ်နှင့်လူသားများသာ လျှင်ဖြစ်၍ ယင်း၏ထွက်လမ်းနှင့် ထွက် ပြေးဖို့အချိန်ကို အပိုင်တွက်ကာ လိုက် လံရှာဖွေသူဝန်ထမ်းများ ဖမ်းဆီးဖို့ အ ရေးမလှနိုင်သော အချိန်ကိုမှ ရွေး၍ ပြေးတတ်ကြသည်။ မိုးရွာ၊ လေတိုက်၊ ရာသီဥတုပျက်ချိန်၊ လျှပ်စစ် မီးပျက် ချိန်၊ သဘာဝညအမှောင်ထု အားကြီး ချိန်များမှာ သင်းတို့ ခံတွင်းတွေ့လှ သော ထွက်ပြေးချိန်များ ဖြစ်လေ့ရှိ တတ်၏။ ယခုပင်ကြည့်လေ။ သူတို့ ခလေ့တွေနှင့် ကွက်တိ။

"အေး ... အေး ငါအရင် စခန်း ဝင်းထဲဝင်သွားနှင့်မယ်၊ မင်းက ကျန်တဲ့ ထောင်မှူးတွေနဲ့ အကြပ်တွေကို လိုက် နှိုးပြီး သတင်းပို့လိုက်၊ ဒါနဲ့ နေပါဦးကွ၊ တာဝန်မှူးက ဘယ်သူလဲ၊ ကိုတင့်လွင် လား ... ဦးသန်းနိုင်လား"

"ဦးအောင်ကြည် ဆရာ"

"ဟေ .. ဘယ်လိုဖြစ်တာလဲကွ၊ ဦးအောင်ကြည် .. တာဝန်မှူးကျရင် ပြဿနာများတတ်လွန်းလို့ ထောင်ပိုင် ကြီးကပဲ တာဝန်မှူးမဝင်ခိုင်းဘဲအနား ပေးထားတာ မဟုတ်လား၊ ဘယ်လို သူက တာဝန်မှူးဖြစ်ရပြန်တာလဲ"

"ဒီနေ့က .. ဦးတင့်လွင် တာဝန် မှူးကျတာပါဆရာ၊ ညနေပိုင်းရောက်မှ တောင်စွန်းကျောက်ထုတ်စခန်းမှာရှိတဲ့ သူ့အဖေကြီး အသည်းအသန်ဖြစ်လို့ ခွင့်ယူထားတဲ့အတွက် ထောင်မှူးကြီး က အစားထိုးတာဝန်ချပေးလိုက်တာပါ၊ ထောင်ပိတ်ချိန်ကမှ စဝင်တာပါ"

"ဒုက္ခပါပဲကွာ"

ကျွန်တော်က ညည်းချင်းချ၍ လက်နှိပ်ဓာတ်မီးကို ဝင့်ကာ စခန်းသံ ဆူးကြိုးဝင်းဆီ အသော့အလျင်ထွက် လာခဲ့မိသည်။ တပည့်ကျော်က အခြား အရာရှိများကို သတင်းပို့ရန် သွားလေ ပြီ။

"လာ ... လာ ဦးဇော်မြင့်၊ ခင် ဗျားက တာဝန်မှူးလက်ခံမယ့် အရာရှိ မဟုတ်လား၊ အိပ်ဆောင်အလိုက် လူ ပေါင်းစာရင်းယူတာ လူစစ်တာတွေကို ဦးစီးပြီလုပ်ဗျာ၊ ပျောက်နေတဲ့ အကျဉ်း သားအမည်နဲ့ ဖြစ်ပွားပုံအကျဉ်းကို မှတ် တမ်းဖော်ထုတ်ပါ၊ ထွက်ပြေးတာ သေ ချာပြီဆိုရင် ပဏာမစုံစမ်းစစ်ဆေးမှု လုပ်ပေါ့၊ လိုက်ရှာဖမ်းဖို့ ရဲအမှုဖွင့်ဖို့ စတဲ့ အုပ်ချုပ်မှုကိစ္စတွေတော့ ကျုပ်ပဲ စီစဉ်လိုက်မယ်၊ စခန်းတာဝန်ခံရုံးမှာ ရှိနေမယ်ဗျာ၊ မြန်မြန်လုပ်ကြ ... ထောင်ပိုင်ကြီးကိုတော့ မိုးလင်းမှပဲ သတင်းပို့လိုက်တော့မယ်၊ သူ့ဘာသာ အိပ်ပါစေတော့"

ထောင်မှူးကြီး ဦးဇာဂေအာမက် က တာဝန်ခွဲပေးသည်။ ပြီးတော့မှ ရုံး ဘက်ဆီသို့ သူ့ကိုယ်ကောင်ကြီး လိမ့် တိမ့်လိမ့်တိမ့်နှင့် အိပွဲအိပွဲ ထွက်သွား လေ၏။ သူလည်း ယူနီဖောင်းအပြည့် ဝတ်ထားသည်။

တကယ့် တကယ် အဖြေရှာလိုက် သည့်အခါ ထွက်ပြေးသွားသူက ကျွန် တော်တို့ ဇာတ်လိုက်ကျော်ကြီး၊ တုန်ချို (ခ)ရေအေး။ 'ဖောက်ထွင်းဝိဇ္ဇာ ရေ အေး'ပါတကား။ အမှတ်ထင်ထင် သူ ပြောခဲ့သလို ထောင်မှူးဦးအောင်ကြည် တာဝန်မှူးကျသည့်နေ့ ညတွင်မှ အ ဟုတ်တကယ် ထွက်ပြေးသွားခဲ့ပြီ။ ပို၍ ထူးဆန်းနေသည်ကား အိပ်ဆောင်ကို ခတ်ထားသည့်သော့ ၄ လုံးစလုံး လက် ရာမခြေရာ တစ်ခုမျှမပျက်။ အကျဉ်း ထောင်ဝင်းနှင့် သံဆူးကြိုးဝင်းနှစ်ထပ် လည်း အရာမယွင်း။ ဗူးတံခါးကြီး သော့များလည်း အပွန်းအရှမရှိ။ ရေ ငွေ့ဖြစ်ပြီး ပျံသွားလေရော့သလား။ မြေကိုလျှိုးပြီးပဲ တိုးဝင်ထွက်ပြေးလေ သလား။ မသိ။ မသိ။

သေသေချာချာ ပိုက်စိပ်တိုက် ရှာ ဖွေလေမှသာ ခြံစည်းရိုးမြောက်ဘက် ခြမ်း အောက်ဆုံးသံဆူးကြိုးအောက်၌



www.burmeseclassic.com

www.burmeseclassic.com


လူတစ်ကိုယ်စာ သာသာကလေး တိုးဝင်တွားသွားထားသည့် ခြေရာခြေကြောင်းတွေကို တွေ့ခဲ့ရ။

"တုန်ချီ … တုန်ချီ ပြေးမယ်ဆိုရင်တောင် နေ့ခင်းနေ့လယ် အကျဉ်းထောင်ပြင်ပ လုပ်ငန်းခွင်က ပြေးပါတော့လား။ သက်ဆိုင်သူတွေအပြစ်ပေါ့ဦးမယ်၊ ယခုတော့ ချီးတဲ့မှ … မျောက်မောင်းမသား" သက်ပြင်းပူပူကိုသာ ဖွတ်မျိုချ လိုက်ရတော့သည်။

၅။

ဇာတ်ပေါင်းသော် –

အနီဖောက်တွင်းဝိဇ္ဇာရေအေး(ခ) တုန်ချီကို စိန်ခေါ်ခဲ့သူ ထောင်မှူးဦးအောင်ကြည်ခမျာ တစ်ဆင့်နိမ့်ရာထူးဖြစ်သော လက်ထောက်ထောင်မှူးအဆင့်သို့ ရာထူးလျှော့ချခြင်းပြစ်ဒဏ်ကို ခံခဲ့ရ၏။ ဌာနက အငြိမ်းစားသာယူသွားရော့၊ ထိုလက်ထောက်ထောင်မှူးရာထူးဖြင့်သာ ညိုးညိုးငယ်ငယ် ထွက်ခွာသွားခဲ့ရရှာပါသည်။

ဦးအောင်ကြည်နှင့် တုန်ချီတို့စိန်ခေါ်ပွဲတွင် တစ်တပ်တအား ပါဝင်ခဲ့ကြသော ကျွန်တော်တို့ လူစုကဖြင့် နှစ်တိုးတစ်နှစ်စီ ဖြတ်တောက်ခြင်းပြစ်ဒဏ် (One Year inceasement stop) ကို မချိသွားဖြဲ အတူတူခံခဲ့ကြရပါသည်။

သကောင့်သား တုန်ချီတစ်ယောက် ဘယ်ဆီပြေးလေ ရောက်လေပြီမသိ။ ယနေ့အထိ သင်းနှင့်ထပ်မဆုံ၊ ထပ်မကြုံဖြစ်တော့။

"မြွေပွေးကို … ငယ်သည်… အလမ္မာယ်မပြုနှင့်"ဟု ကျွန်တော်… ငယ်ငယ် ဖိုးသူတော်ဦးနုဆုံးမစာ၌ … တက်ရွရွ ကျက်မှတ်ခဲ့ရဖူးပါသည်။ … တစေ ရင်ထဲမှာ နစ်နစ်စူးစူး မဝင်ခဲ့… ထင်၏။ ယခုတော့ဖြင့် အရိုးစွဲအသည်… ခိုက်အောင် မှတ်မိပါပြီ။

မြွေပွေးကိုလည်း အလမ္မာယ်မ… တော့ပါ။ မြက်လျှောကိုလည်း အ… လမ္မယ်မပြုတော့ပါ။ မြွေဆိုတာ မြွေပါပဲ… ခင်ဗျား။ အဆိပ်ပြင်းပြင်း၊ မပြင်းပြင်း… အဆိပ်တော့ အမှန်ရှိတတ်ကြပါသည်… ပြေပ်မှန်လျှင် စပ်ကြစမြဲ ထုံးစံမဟုတ်… ပေလား။

လေယူမင်းသျှင်

# နရသိန်စာကြည့်တိုက်များအတွက်

## ပူးပေါင်းပါဝင်လှူဒါန်းနိုင်ရန် နှိုးဆော်ခြင်း

နရသိန်မဂ္ဂဇင်း အယ်ဒီတာချုပ် ညိုလွမ်းအောင်ကိုယ်တိုင် ဦးဆောင်၍ အကျဉ်းဦးစီးဌာနရုံးချုပ်နှင့် အကျဉ်းထောင်အသီးသီးတွင် စာကြည့်တိုက်များ ရေရှည်တည်တံ့နိုင်ရန် ကော်မတီတစ်ရပ် ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါသည်။

အကျဉ်းဦးစီးဌာန ဝန်ထမ်းများနှင့်တကွ အကျဉ်းထောင်အသီးသီးရှိ အကျဉ်းသား၊ အကျဉ်းသူများအနေဖြင့် သုတ၊ ရသ စာပေများကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာဖတ်ရှုနိုင်ရန် နရသိန်စာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်များ လိုအပ်လျက် ရှိပါသည်။

သို့ဖြစ်ပါ၍ လူကြီးမင်းတို့အနေဖြင့် နရသိန်စာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်များ၊ ဂျာနယ်၊ မဂ္ဂဇင်းများကို…

**နရသိန်စာကြည့်တိုက်များဖွံ့ဖြိုးတူညီရေးကော်မတီ**

နရသိန်မဂ္ဂဇင်း၊ အမှတ်(၂၁၀)၊ ပထမထပ်(ဝဲ)၊ ၃၁လမ်း(ထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ညိုလွမ်းအောင် - ၀၉-၅၁၉၂၄၉၅၊ မောင်ညိုအေး(ပန်းတော) - ၀၉-၅၁၅၈၄၆၂ သို့ ဆက်သွယ် လှူဒါန်းကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com



## မှုခင်းရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် အောင်ဝင်းဦးမှ တဆင့်တိုးရာထူးများ ချီးမြှင့်ပေးခြင်း

# စုံထောက်သတင်းလွှာ




၂၀၁၃ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ မနက် ၉ နာရီခွဲအချိန်က နေပြည်တော်၊ မှုခင်းရဲတပ်ဖွဲ့မှူးရုံးရှိ အစည်းအဝေးခန်းမတွင် မှုခင်းရဲတပ်ဖွဲ့၌ တာဝန်ထမ်းဆောင်လျက်ရှိသောရဲအုပ်အဆင့်မှ ဒုတိယရဲမှူးအဆင့်သို့ တိုးမြှင့်ခန့်ထားခြင်းအခမ်းအနားကိုကျင်းပခဲ့သည်။

အဆိုပါ ရာထူးတိုးမြှင့်ခန့်ထားခြင်းအခမ်းအနားတွင် မှုခင်းရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်အောင်ဝင်းဦးမှ ရာထူးတိုးမြှင့်ရရှိကြသည့် အရာရှိများအတွက် ဝမ်းသာဂုဏ်ယူစွာဖြင့် ပီတိဖြစ်ရပါကြောင်း၊ ယခုတိုးမြှင့်ရရှိသော ရာထူးအဆင့်ဖြင့်ပင် ကျေနပ်နှစ်သိမ့်မနေဘဲ ကျရာတာဝန်ကို ကျေပွန်အောင်မြင်အောင် စွမ်းစွမ်းတမံကြိုးစား၍ ဆင့်ကဲ ဆင့်ကဲ ရာထူးအဆင့်များ ခံစားရရှိအောင် ကြိုးစားကြစေလိုကြောင်း၊ ဤသို့ ကြိုးစားရှက်ဆောင်ကြရာတွင် တာဝန်သိသိ သစ္စာရှိရှိဖြင့် အဂတိတရားကင်းစွာ ပြုမူဆောင်ရွက်ဖို့လိုအပ်ကြောင်းဖြင့် နှုတ်ခွန်းဆက်အမှာစကား မြွက်ကြားပါသည်။





www.burmeseclassic.com

www.burmeseclassic.com








ထို့နောက် မှုခင်းရဲတပ်ဖွဲ့မှူး၊ ရဲမှူးချုပ်အောင်ဝင်းဦးကိုယ်တိုင် ရဲအုပ်အဆင့်မှ ဒုတိယရဲမှူးအဆင့်သို့ တိုးမြှင့်ခန့်ထားခြင်းခံရသော ရဲအုပ်(၇)ဦးအား တဆင့်တိုးရာထူးတံဆိပ်များကို တစ်ဦးချင်းစီသို့ ချီးမြှင့်တပ်ဆင်ပေးသည်။ ဒုတိယရဲမှူးအဆင့်သို့ တိုးမြှင့်ခန့်ထားခြင်းခံရသော ရဲအုပ်(၇)ဦးမှာ ...

မှုခင်းရဲတပ်ဖွဲ့မှူးရုံး၊ နေပြည်တော်မှ –

၁။ ရဲအုပ်လှချို

၂။ ရဲအုပ်ညိုဝင်းအောင်

၃။ ရဲအုပ် စိုးစိုးဝင်း

အထက်မြန်မာနိုင်ငံ၊ မှုခင်းရဲတပ်ဖွဲ့ခွဲ၊ မန္တလေးမှ –

၁။ ရဲအုပ်ငွေအောင်

၂။ ရဲအုပ်မျိုးသန်း

၃။ ရဲအုပ်မောင်ဖုန်း

အောက်မြန်မာနိုင်ငံ၊ မှုခင်းရဲတပ်ဖွဲ့ခွဲ၊ အင်းစိန်မှ –

၁။ ရဲအုပ်လွင်ဦး

တို့ဖြစ်ပါသည်။ အဆိုပါ အခ
အနားသို့ မှုခင်းရဲတပ်ဖွဲ့မှ ရဲမှူးကြ
စိုးမြင့်၊ ရဲမှူးကြီး ခင်မောင်ဇော်
ဒုတိယရဲမှူးကြီး တင်အောင်ဝင်းနှ
ဌာနခွဲမှူးများ၊ ဒုတိယရဲမှူးများနှ
ရာထူးတိုးမြှင့်ခြင်းခံရသော ရဲအုပ်
တက်ရောက်ကြောင်း သတင်းရရှိပ
သည်။

စုံထောက် စံ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အိမ်ခြေ ၁၀၀၀ ခန့်ရှိသော သပြေကုန်းရွာတွင် 'ကိုစိန်ဝင်း' ဆိုလျှင် မသိသူမရှိပါ။ အထူးသဖြင့် အိမ်ရှင်မများက သူ့ကိုပို၍ သိကြသည်။ ကိုစိန်ဝင်းက အိမ်ရှင်မများတွင် အသုံးဝင်သော ယောက်မ၊ ခုံဖိနပ်၊ သောက်ရေအိုးစင်လေးများမှအစ ပန်းကန်စင်၊ ထမင်းစားပွဲဗိုင်းအဆုံး ပရိဘောဂအထည်လေးများ လုပ်ကိုင်ရောင်းချ၍ အသက်မွေးသည်။ နွေရာသီတွင်လည်း ဝါးကုလားထိုင်လေးများပါ လုပ်ကိုင်ရောင်းချတတ်သည်။ ရပ်ထဲ၊ ရွာထဲနာရေးရှိလျှင် အခေါင်းရိုက်ခြင်း၊ တံတားပျက်၍ ပြင်ခြင်း၊ အိမ်ပြင်ဆောင်ခြင်းကဲ့သို့သော ဆောက်လုပ်ရေးဆိုင်ရာများကိုလည်း လုပ်ကိုင်တတ်သည်။

ကိုစိန်ဝင်းက အနေရိုးပြီး စကားနည်းသော်လည်း အသောက်အစား ရှိသည်။ သောက်တတ်၊ စားတတ်သော်လည်း တခြားအရက်သမားတွေလို မိန်းမကို ရိုက်ခြင်း၊ ပစ္စည်းပစ္စယများ တစ်ခုပြီးတစ်ခုခွဲခြင်း၊ ဆဲဆိုအော်ဟစ်ကြိမ်းမောင်းခြင်းဆိုသည့် စရိုက်ဆိုးများ မရှိပေ။ လုပ်စရာရှိလျှင် တကုန်းကုန်းနှင့် ကြိုးကြိုးစားစား လုပ်ကိုင်လေ့ရှိသလို အလုပ်နားလျှင်လည်း ရေနွေးကြမ်းတစ်အိုးနှင့် အေးဆေးစွာနေလေ့ရှိသူဖြစ်သည်။ သူ့မိန်းမ မခင်မြက ရွာစဉ်လှည့်ပြီး ဟင်းသီးဟင်းရွက်မျိုးစုံ ရောင်းချတတ်သည်။ မိုးရာသီမှာတော့ ကောက်စိုက်၊ မျိုးနှုတ် လုပ်ကိုင်တတ်သည်။ အိမ်ထောင့်တာဝန်ကို တစ်ဖက်တစ်လမ်းမှ ကူညီထမ်းရွက်ရှာသည်။ ဘဝကြမ်းပေမယ့် မခင်မြက ဘာသာတရားကို ရှိသေကိုင်းရှိုင်းသည်။ ဈေးရောင်းမထွက်ခင် ဘုရားရှိခိုး၊ ဆွမ်းတော်ကပ်ပြီးမှ ဈေးရောင်းထွက်သည်။ ညနေစောင်းလျှင် သောက်တော်ရေဆီမီးကပ်လှူ၍ ဘုရားဝတ်တက်လေ့ရှိသည်။

ကိုစိန်ဝင်းနှင့် မခင်မြတို့မှာ သားသမီး မထွန်းကားရှာကြ။ လင်ကိုယ်မယားနှစ်ဦးတည်းဖြစ်၍ ခြောက်ကပ်ကပ်နိုင်လှသည်။ တစ်နေ့ ညနေစောင်းမှာတော့ မခင်မြ ဈေးရောင်းရာမှ ပြန်လာသည်။ ပြန်ရောက်ရောက်ချင်း ထမင်းအိုးတည် ရေချိုးသည်။ အိမ်မှူကိစ္စတွေ လုပ်ကိုင်နေဆဲမှာပင် ကိုစိန်ဝင်း ပြန်ရောက်လာသည်။ ကိုစိန်ဝင်း ရေချိုးနေတုန်း မခင်မြ ဘုရားဝတ်တက်ရန် ပြင်ဆင်လိုက်သည်။

"မခင်မြ ... ထမင်းစားကြမယ်လေ ... ဘာလုပ်နေတာလဲ၊ ထမင်းခူးတော့ဟာ"

ကိုစိန်ဝင်း ပုဆိုးလဲရင်း လှမ်းပြောလိုက်သည်။

"ခဏလေးနော် ... ဘုရာ[...] ပြီးတော့ .. ခူးပေးမယ်"

မခင်မြ သောက်တော်ရေလဲ[...] ပြန်ဖြေသည်။

ကိုစိန်ဝင်း စောင့်နေလိုက်[...] သည်။ ဒါပေမယ့် သောက်ထားသ[...] အရှိန်လေးကရှိနေ၍ ကိုစိန်ဝင်း စိ[...] မရှည်ချင်တော့။ မခင်မြက ဘုရား[...] ပူဇော်ဖို့ မီးခြစ်လိုက်ရှာနေသည်။ အ[...] မီးခြစ်ရှာတုန်းရှိသေးသည်။ ပြီးအေ[...] စောင့်ဖို့ ကြာဦးမည်။ ကိုစိန်[...] ဒေါသက ငယ်ထိပ်ရောက်လာသ[...] အဝတ်စကိုလိပ်၊ ရေနံဆီဆွတ်၍ [...] မြှရာလာသည့် မီးခြစ်ဖြင့်တို့၍ ဘု[...] ကျောင်းဆောင်ပေါ်ပစ်တင်လိုက်သ[...]

"ရော့ ... ငါ .. မီးပူဇော်လို[...] ပြီ .. ထမင်းခူးတော့"

မခင်မြ အံ့လွန့် တုန်လှုပ်သ[...] သည်။

"ဘုရား .. ဘုရား ရှင်ယုတ်[...] လှချည်လား .. ငရဲအိုးကို ဖောက်[...] ဆင်းမယ့်လူ"

"လာကြပါအုံးရှင် .. မီးရှို့နေ[...] လုပ်ကြပါဦး"

မခင်မြ အထိတ်တလန့် အော်[...] ကြောင့် ပတ်ဝန်းကျင်မှလူများ ရေအ[...] ရေခွက်များဖြင့် ဝိုင်းဝန်း ငြိမ်းသတ်[...] သည်။ လူအုပ်ကောင်း၍ မီးဆက်မ[...] ခဲ့သော်လည်း ဘုရားကျောင်းဆောင်[...] ပြာကျသွားပြီဖြစ်သည်။

ကိုစိန်ဝင်းတစ်ယောက် ဒေါ[...] ရှေ့ထား၍ မပြစ်မှားသင့်သည်ကို [...] မှားမိခဲ့ချေပြီ။ ထိုသို့ဖြစ်ပြီးသည့်မှ[...] ကိုစိန်ဝင်း ကျန်းမာရေး တရော[...] ရောင် ဖြစ်လာသည်။ တစ်ခါတ[...]



www.burmeseclassic.com

www.burmeseclassic.com



…်သို့ လှည့်ကြည့် လှည့်ကြည့်နှင့် …ယောက်တည်း စကားပြောနေ …ည်။ မခင်မြ မေးကြည့်တော့–

"ငါ့နောက်ကို .. လူမည်းမည်း …လိုက်နေလို့ .. ဟဲ့၊ နင်မမြင်ဘူး … အဲဒါကြောင့် ငါ .. မောင်းလွှတ် …တာ" ဟု ပြန်ပြောသည်။

ခင်မြ ပင့်သက်ချမိပါသည်။ …ယောက်ျား ကျူးလွန်ခဲ့သော အကု …က အကျိုးပေးဖို့ အချိန်နီးပြီ …

တစ်ညနေတွင် ရွာထိပ်ရေတွင်း … ကိုစိန်ဝင်း ရေချိုးဖို့အတွက် လာ …ည်။ နောက်မှ အသံများကြောင့် ကို …ဝင်းလှည့်ကြည့်လိုက်ရာ ခွေးနက် … ပြေးလိုက်လာသဖြင့် ရေတွင်းဆီ … အူယားဖားယား ပြေးချလာခဲ့ရ …ည်။ ရေတွင်းရောက်တော့ ကိုစိန် …း အတော်မောနေပြီ ဖြစ်သည်။ ရေ …င်းမှလူများက–

"ကိုစိန်ဝင်း ... ဘယ်လိုဖြစ်တာ … ... ဘာတွေ့လိုက်လို့လဲ"ဟု ဝိုင်း …းကြသောအခါ–

"မင်းတို့မမြင်ဘူးလား ... ငါ့ကို …ခွေးနက်တွေ ဝိုင်းလိုက်နေတာ၊ ဝိုင်း …ိုက်ရင် အရိုးတခြား ... အသားတ …ား ဖြစ်သွားမှာ ... မင်းတို့က .. ကူ …ို့ မောင်းဖော်တောင် မရဘူး"ဟု ပြန် …ပြောလေသည်။

သူ့နောက်တွင် မည်သည့်ခွေးမှ …ပြေးမလိုက်သည်ကို အားလုံး မြင်တွေ့ …ကြပြီးဖြစ်သည်။ အရက်သောက်သဖြင့် …အရက်ကြောင်ကြောင်သွားသည်ဟုသာ …များက မှတ်ထင်ကြသည်။ သည့် …နောက်ပိုင်းမှာတော့ ကိုစိန်ဝင်း အစား အသောက်မမှန်ဘဲ တပိန်ပိန်ဖြစ်လာသဖြင့် မြန်မာဆေး၊ အင်္ဂလိပ်ဆေး မျိုးစုံဖြင့် ကုသသော်လည်း အကြောင်းထူး မလာပါ။

တစ်ညမှာတော့ ကိုစိန်ဝင်း အထူးအဆန်းစကားများ ပြောလာသည်။

"မခင်မြရယ် ... နင် .. ငါ့ကို ကူညီပါအုံးဟာ ... ငါ .. ညဘက်ဆိုရင် အိပ်လို့မရဘူး။ ငါ့ကို .. မီးတွေဝိုင်းလိုက်နေကြတယ်၊ ငါ .. ပူလွန်းလို့ မအိပ်နိုင်တာပါ၊ အဲဒီမီးတွေကိုလည်း နင်မမြင်ရဘဲ ... ငါပဲ မြင်နေရတော့ မခက်ဘူးလား"

ကိုစိန်ဝင်းမှာ ပြောရင်းနှင့် ယောက်ျားတန်မဲ့ ငိုတော့သည်။ မခင်မြလည်း ခင်ပွန်းသည်နှင့်အတူ ငိုပွဲဆင်ခဲ့ရသည်။

"ကိုစိန်ဝင်း ... ရှင် .. ဘုရားကျောင်းဆောင်ကို မီးရှို့ပြီးကတည်းက မကောင်းခဲ့တာ ... အဲဒီအကုသိုလ်ကြောင့် .. ရှင် .. ဒုက္ခရောက်နေတာ၊ ဘုရားရှင်ကိုကန်တော့ပြီး ဝန်ချတောင်းပန်လိုက်ပါ ကိုစိန်ဝင်းရယ်"

"အေးပါဟာ .... ငါရဲ့ ဒေါသစိတ်ကြောင့် မလုပ်သင့် .. မလုပ်ထိုက်တာကို ငါလုပ်ခဲ့မိတာပါ"

နောက်တစ်နေ့မှာ မခင်မြ အစီအစဉ်အတိုင်း၊ ကိုစိန်ဝင်း ရေမိုးချိုး အဝတ်လဲသည်။ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ကပ်လှူပူဇော်၍ ကိုစိန်ဝင်း တောင်းပန်ကန်တော့ပါသည်။ ကျေးဇူးတော်ရှင် မြတ်စွာဘုရားအား ရှိခိုးကန်တော့ပါသည်။ ကျေးဇူးတော်ရှင်မြတ်စွာ ဘုရားအား ရှိခိုးကန်တော့လိုက်ရ၍ လူရော စိတ်ပါ ရွှင်လန်းခဲ့ရပါသည်။ ကိုစိန်ဝင်းတစ်ယောက် မီးများဝိုင်းလိုက်နေသည့် ဘေးမှ လွတ်မြောက်ခဲ့ရသော်လည်း ညစဉ်လိုလို အိပ်မက်ဆိုးများပေး၍ ခြောက်လှန့်ခြင်းကို ခံခဲ့ရသည်။ ဒီလိုနှင့်ပင် ကိုစိန်ဝင်းတစ်ယောက် ဆုံးပါးခဲ့ရပါသည်။

အချိန်နှောင်းမှရသော နောင်တသည် အချည်းနှီးဖြစ်ခဲ့ပါပြီ။ ကိုစိန်ဝင်း ရသော နောင်တသည် ပြင်၍မရသော နောင်တဖြစ်ခဲ့သည်။ သုံးလောကထွဋ်ထား ရှင်တော်မြတ်ဘုရားအား ကိုယ်၊ နှုတ်၊ စိတ်သုံးပါးစလုံးဖြင့် ပြစ်မှား စော်ကားခဲ့သော အကုသိုလ်သည် ကြောက်မက်ဖွယ်ကောင်းလှသည်။ ကိုယ်၊ နှုတ်၊ စိတ်သုံးပါးတို့မှ ဖြစ်ပေါ်လာသော အကုသိုလ်ကို သီလတရားဖြင့် ချုန်းအုပ်ရသည်။ ဘာဝနာတရားဖြင့် စောင့်ရှောက်ရသည်။ သေရည်သေရက် သောက်စားခြင်းဖြင့် သီလပျက်နေသူအဖို့ အကုသိုလ်တရားက ဝင်ရောက်နှိပ်စက်ရန် မခဲယဉ်းတော့ပေ။

တကယ်တော့ ကိုစိန်ဝင်း လူဆိုးလူမိုက်တစ်ယောက် မဟုတ်ခဲ့ပါ။ အသောက်အစားမက်၍ ဖြစ်လာသည့် ဒေါသက ကိုစိန်ဝင်းကို ကံကြီးထိုက်စေခဲ့သည်။ ထိုဒေါသမီးများသည် ငရဲမီးများအဖြစ် ကူးစက်လောင်ကျွမ်းခဲ့ပြီတည်း။

မေလှင်ဦး(သတ္တဗေဒ)



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

"ကျော်စိုးတို့ ... တင်ဝင်းတို့ ကြည့်လုပ်ကြစမ်းပါဦးကွာ"

ကျော်စိုးနှင့် တင်ဝင်းက အထုပ် အပိုးလွယ်ကာ တက်လာရုံပဲရှိသေး သည်။ စောဂျိမ်းပြောလိုက်သောစကား ကြောင့် ကျော်စိုးက–

"စောဂျိမ်း ... ဘာလဲဗျ၊ ခရီး ရောက်မဆိုက် .. ခင်ဗျားဆိုလိုတာက"

"ဒီလိုကွ .. မင်းတို့နဲ့ ငါနဲ့ ချိန်း ထားတာက မရမ်းမြောင်တောထဲမှာ ပြောင်သင်းကွဲတစ်ကောင်တွေ့လို့ .. သတင်းပေးတဲ့လူက လာပေးတော့ ပြောင်ပစ်ဖို့ မင်းတို့ကို ချိန်းလိုက်တာ၊ အခုတော့ .. ကိုမြဒေါင်း သူ့တောင် ယာထဲမှာ ကြက်တူရွေးတွေ သောင်း ကျန်းလွန်းအားကြီးလို့ ပစ်ပေးပါဆိုပြီး ရှိခိုးဦးတင် လာတောင်းပန်နေတယ်၊ အဲဒါကြောင့် .. မုဆိုးကို ကြက်တူရွေး လာပစ်ခိုင်းလို့ ကြည့်လုပ်ကြပါဦးလို့ ပြောတာ"

တင်ဝင်းက အထုပ်အပိုးများကို ချလိုက်ကာ–

"ဒါကတော့ ... စောဂျိမ်းရယ် ကိုမြဒေါင်းတို့ ကျွန်တော်တို့က မိတ် ဆွေရင်းချာတွေပဲဟာ ... အကူအညီ တောင်းစရာဆိုလို့ ကျွန်တော်တို့ပဲ ရှိတာ .. သူ့မှာ အတော် အခက်တွေ့ နေလို့နေမှာပါ .. ကူညီလိုက်ပါ စော ဂျိမ်းရယ်"

"မုဆိုးကို ကြက်တူရွေးပစ်ခိုင်း တာတော့ .. မုဆိုးသိက္ခာကျတယ်ကွ"

"ဩော် .. စောဂျိမ်းရယ် .. ရင်း နှီးလို့ အကူအညီတောင်းတာပဲဟာ .. လုပ်ပေးလိုက်ပါ"

"ငါ့မှာက .. တူမီးပဲရှိတာ၊ မင်းတို့ဆီမှာ ဘာတွေပါလဲ"

"(. ၅၀၀)ရယ် .. (၃၀. ၀၆)ရယ် နောက် .. နှစ်လုံးပြူးလဲပါတယ်ဗျာ"

"အေး ... နှစ်လုံးပြူးပါရင် ဖြစ်တယ်၊ မင်းတို့ ... ခဏနားပြီး သွားကြရအောင်"

"ကောင်းပြီလေ"

ကိုမြဒေါင်းတို့ တောင်ယာက ရွာထဲကနေ တစ်နာရီကျော်လောက် လျှောက်မှရောက်သည်။ တောင်ယာကို မရောက်မီ ယာနှင့်မနီးမဝေးတွင် တဲ တစ်လုံးရှိသည်။ တဲနားကိုရောက်တော့ စောဂျိမ်းက–

"ဗျို့ ... ကိုမြဒေါင်း ... ကိုမြ ဒေါင်း"

"ဗျာ ... လာပြီ .. လာပြီ"

တဲအတွင်းမှ မည်းမည်းပုပု လူ တစ်ယောက် ထွက်လာသည်။ စောဂျိမ်း တို့ကို မြင်တော့ အံ့ဩသွားသည်။

"ဟာ ... စောဂျိမ်း"

"ခင်ဗျား .. အံ့ဩသွားလား"

"အံ့လည်း ... အံ့ဩတယ် ဝမ်းလည်း .. သာသွားတယ်"

"ခင်ဗျား .. ကံကောင်းတယ် မှတ် .. ဒီမှာ ကျွန်တော့်မိတ်ဆွေ ဒီနေ့ ရောက်လာတယ်၊ သူတို့လည် မုဆိုးတွေပဲ၊ သူတို့မှာ နှစ်လုံးပြူးပါလ တယ်၊ အတော်ပဲ .. ကျွန်တော့် တူ ကြီးနဲ့က အဆင်မပြေဘူး"

"ကျေးဇူးပါပဲ .. ဆရာတို့ရယ် ကျွန်တော်မှာ နေ့မအိပ်ရ ညမအိပ် တော်တော်ဒုက္ခတွေ့နေတယ်၊ စောစေ ကပဲ ကြက်တူရွေးတစ်အုပ်ကို ခြော ထုတ်လိုက်ရသေးတယ်"

"ခင်ဗျား ... ယာခင်းကို အ သွားကြမလား"

"ခဏနေဦး .. ဆရာတို့ .. ကျွ တော် စောစောက ခြောက်ထားထ ချက်ချင်း မဝင်လာသေးဘူး၊ ခဏထို ကြပါဦး ... ရေနွေးကြမ်းလေး ဘ လေး သောက်ကြပါဦး"

ကိုမြဒေါင်းက ရေနွေးကြမ်းအိ ယူလာကာ ပြောင်းဖူးပြုတ်များ၊ ငါ ခြောက်ဖုတ်များ ပြာချပေးသည် ပြောင်းဖူးပြုတ်များက တောင်ယာထွက် လတ်လတ်ဆတ်ဆတ်များဖြစ်သောကြော အရသာရှိလှသည်။ ကိုမြဒေါင်း၏တ တွင် ရေနွေးကြမ်း ထိုင်သောက်ကြပြီ နာရီဝက်လောက်အကြာတွင် ကိုမြ ဒေါင်းက–

"လာ .. ဆရာတို့ သွားကြမယ် ဒါလောက်ဆိုရင် .. ကြက်တူရွေးအု တစ်ကျော့ဝင်လောက်ပြီ"

တဲကနေ (၁၀)နာရီခွဲ လျှောက် လိုက်သည်နှင့် တောင်ယာကွင်းကို


www.burmeseclassic.com

www.burmeseclassic.com



ရောက်ကြသည်။ ယာကွင်းကို မရောက်မီကပင် ကြက်တူရွေးအုပ်၏ ဆူညံနေသောအသံများကို အတိုင်းသား ကြားနေရသည်။ ယာခင်းများဘေးမှ ကိုင်းဖင်များကို အကာအကွယ်ယူကာ တရွေ့ရွေ့ ချီတက်လာကြသည်။ ကျော်စိုးက (၁၂)လုံးကျည်ကို ဘယ်မြောင်းယာမြောင်း တစ်တောင့်စီထည့်ကာ ကျိတ်၍ မောင်းတင်လိုက်သည်။ ကျော်စိုးက ခေါင်းဆတ်ပြလိုက်သည်နှင့် စောကျိမ်း၊ အင်စင်းနှင့် ကိုမြခေါင်းတို့က တပေါးမှားတပေါးမှားအောက်ကာ သစ်ကိုင်းခြောက်များ၊ ဖုတ်များဖြင့် စိုက်ခင်းအတွင်းသို့ ပစ်ပေါက်လိုက်ကြသည်။

ဝေါခနဲ အသံနှင့်အတူ ကြက်တူရွေးအုပ်ကြီးက ထိတ်လန့်တကြား အပေါ်သို့ ပြန်တက်သွားကြတော့သည်။ ထိုအခါ ကျော်စိုးထံမှ–

"ဒိန်း ... ဒိန်း"

(၁၂)လုံးကျည်နှစ်လုံး ပေါက်ကွဲသံက စက္ကန့်ပိုင်းလောက်ခြား၍ ထွက်သွားသည်။ ကြက်တူရွေးအုပ်က ဖရိုဖရဲနှင့်တကွဲတပြားစီဖြစ်ကာ ပျံထွက်သွားကြသည်။ ထိုအခါကျမှ စောကျိမ်းတို့အုပ်စုသည် ယာခင်းအတွင်းဝင်ကာ မသေမရှင်အကောင်များ၊ ခုန်ဆွ ခုန်ဆွနှင့် မြေနေသောအကောင်များကို တဖုန်းဖုန်းနှင့်ရိုက်ကာ ရှင်းလိုက်ကြသည်။ ကျော်စိုး ကျည်နှစ်တောင့်တည်းနှင့် ကြက်တူရွေး ၁၉ ကောင်တိတိ ရလိုက်သည်။

ကိုမြခေါင်းက အတော် သဘောကျနေသည်။

"ကောင်းတယ်ဗျာ ... တစ်ပတ်လောက်တော့ ဒီကောင်တွေ ရန်အေးသွားပြီ၊ ဒီကောင်တွေကို ခေါင်းဖြတ်အရေခွံဆုတ် ... နနွင်းတို့ ဘားတို့နဲ့ နယ်ပြီးကြော်လိုက်ရင် ... ညနေကြ ထန်းရည်အခါးလေးနဲ့ .. အတော်ပဲ၊ ဆရာတို့ သဘောမကျဘူးလား"

"သိပ်ကျပေါ့ဗျာ ... ဒါပေမယ့် နေစောင်းဖို့က အတော်လိုသေးတယ် ဆရာစောကျိမ်း ... ဒီနားတဝိုက် ဟင်းစားလေး .. ဘာလေး ရှာကြဦးမလား"

"ကျော်စိုး .. မင်းအကြံကောင်းတယ်၊ ကိုမြခေါင်းက .. ခင်ဗျား အစီအစဉ် ဆက်လုပ်ထားလိုက်ဗျာ၊ ကျွန်တော်တို့ နေမစောင်းမီ အရောက်ပြန်လာခဲ့မယ်၊ ဟင်းစားရရင်လဲ ညနေစာအတွက် ပိုမြိုင်တာပေါ့"

"စိတ်ချ ဆရာတို့ ... ကျွန်တော်လည်း ရွာထဲသွားပြီး ညနေစာအတွက် အဆင်ပြေအောင် စီစဉ်ထားပါ့မယ်"

ယာခင်းများကိုကျော်လာပြီးနောက် တမျှော်တခေါ်ကြီးရှိသော ကျူတောများကို ဖြတ်လာကြသည်။ ကျူတောက တစ်နာရီလောက်တိုးလာသည် အထိမဆုံးနိုင်သေး။ ကျူမျှာရက်သူများ ကျူပင်ခုတ်ရင်း လမ်းထွင်ထားသော လမ်းကြောင်းများ ရှိသောကြောင့်သာ အဆင်ပြေတော့သည်။

ကျူပင်များအကြားမှ ညို့မှိုင်းအုပ်ဆိုင်းနေသော အင်တောကြီးဖိုင်းကို လှမ်းမြင်နေရပြီ။ ကျူငုတ်များသာ ကျန်တော့သော ကွက်လပ်ကြီးတစ်ခုကိုအဖြတ်တွင်–

"ဗိုး ... ဝေါ"

ဆိုသော အသံနှင့်အတူ မှဲ့ဆိုး သုံးယောက် ခေါင်းပေါ်မှလေတိုက်သွားသလို ခံစားလိုက်ရသည်။ အကောင်တစ်ကောင်က လေထဲတွင် ပြန့်ဝဲလာကာ ရှေ့ကိုက် ၂၀ အကွာလောက်ရှိ ကျူတောထဲသို့ ထိုးဆင်းသွားတော့သည်။

ကျူပင်များ၊ လှုပ်ခါနေသည်နှင့်အတူ တဖြောင်းဖြောင်းအသံများကို ကြားနေရသည်။ သိပ်မကြာလိုက် တဖြန်းဖြန်း အတောင်ခတ်သံနှင့်အတူ မြွေကြီးက တွန့်လိမ်လျက်ပါသွားသည်။

"လင်းယုန်ကြီးကွ ... ချီသွားတဲ့ အကောင်ကြီးကလည်း နည်းနည်းနောနော အကောင်ကြီးမဟုတ်ဘူး"

စောကျိမ်းတို့ ရပ်ကြည့်နေစဉ်မှာပင် လင်းယုန်ငှက်ကြီးက ကိုက်တစ်ရာလောက်ပျံသွားပြီးနောက် ရုတ်ချည်းအောက်ကို ပြုတ်ကျသွားတော့သည်။ တောစပ်ရှိသစ်ပင်တစ်ပင်ပေါ်သို့ ပြုတ်ကျသွားခြင်းဖြစ်သည်။

"စောကျိမ်း ... ဘယ်လိုဖြစ်တာလဲ"

"အေး .. ငါလည်း အဲဒါစဉ်းစားနေတာ၊ လင်းယုန်လို အကောင်မျိုးက သူနိုင်တဲ့အကောင်မျိုးကို သူနိုင်လို့ချီသွားတာ ပြုတ်ကျလာစရာ အကြောင်းမရှိဘူးကွ၊ ထူးတော့ထူးတယ်၊ သွားကြည့်ရအောင်ကွာ"

စောကျိမ်းတို့သုံးယောက် လင်းယုန်ငှက်ကြီးပြုတ်ကျသွားသော အပင်အောက်ကို ရောက်နေကြသည်။ လူတစ်ယောက်ကျော်ကျော်မျှရှိသော ပျဉ်းကတိုးပင်ကြီး ဖြစ်သည်။ အကိုင်းအခက်အလက်များ ပြွတ်သိပ်နေသောကြောင့် အပေါ်ကို မော့ကြည့်လျှင်တောင် ထိပ်များကို မမြင်ရ။ စောကျိမ်းတို့ သုံးယောက် သစ်ရွက်ခြောက်များကို နင်း



www.burmeseclassic.com

www.burmeseclassic.com



ကာ အပင်အောက်တွင် လိုက်ရှာကြသည်။ အရိပ်အယောင်မျှပင်မတွေ့။ စောဂျိမ်းက–

"ဒီအပင်ပေါ်ကို ... ကျလာတာမဟုတ်လား"

"ဟုတ်ပါတယ် ... သေချာပါတယ်"

"အေး ... သေသေချာချာတွေ့လိုက်တာပါ၊ တို့သုံးယောက်လုံး မြင်လိုက်ကြတာပဲဟာ"

"အပင်ပေါ်များ ... တင်နေတာလား၊ ဘာသံမှလဲမကြားဘူး"

"အေးကွ ... ကြည့်ကြပါဦး"

"အပင်ပေါ်ကလည်း သစ်ရွက်သစ်ကိုင်းတွေရှုပ်နေတော့ ဘာမှလည်းမတွေ့ရဘူး"

"ဖောက် ... ဖောက်"



စောဂျိမ်းတို့ ရပ်နေသောနေရာနှင့် ပေ ၂၀ အကွာလောက်ရှိသော သစ်ရွက်ခြောက်များပေါ်သို့ တဖောက်ဖောက်ကျနေသောသွေးစက်ကျသံများဖြစ်သည်။ တင်ဝင်းက သွေးစက်ကျနေသည့်နေရာမှ အပေါ်တည့်တည့်သို့ မော့ကြည့်လိုက်သောအခါ–

"ဟာ ... စောဂျိမ်း .. တွေ့ပြီ"

သစ်ရွက်သစ်ခက်များအကြားမှ သစ်ကိုင်းတစ်ခုတွင်ချိတ်နေသော လင်းယုန်ကြီးက ငြိမ်သက်နေပြီဖြစ်သည်။

စောဂျိမ်းက ခါးတောင်းကိုမြှောက်အောင်ကျိုက်လိုက်ကာ သစ်ပင်ပေါ်သို့ သွက်လက်စွာပင် တက်သွားသည်။ စောဂျိမ်းတက်သွားပြီး သိပ်မကြာလိုက်၊ သစ်ရွက်သစ်ခက်များကို ပွတ်တိုက်ကာ ဗုန်းခနဲမြည်အောင်ကျလာသော လင်းယုန်ကြီးနှင့်မြွေကြီး။ နှစ်ကောင်စလုံး လုံးထွေးကာ ငြိမ်သက်နေပြီဖြစ်သည်။ စောဂျိမ်းက သစ်ပင်ပေါ်မှ ဆင်းလာပြီး–

"ဟီး ... ဟီး အဲဒါပဲကွ၊ စားရက်ကြူးတော့ မှတ်ဆိတ်ကိုပျားစွဲတယ်ဆိုတာ .. လင်းယုန်သားက စားရခဲတယ်ကွ၊ အခုတော့လည်း ကျည်တစ်တောင့်မှမကုန် ... မပင်မပန်းဘဲ ဟင်းစားရတယ် ဆိုတာပဲ"

"ဘယ်လိုဖြစ်တာလဲ စောဂျိမ်း"

"ဒီလိုကွ .. မြွေပောက်ကြီးကို လင်းယုန်ကမြင်တော့ ကျူပင်တွေကြားကနေ ဆင်းကုတ်သွားတာကို အမြင်ပဲလေ .. မြွေပောက်ကြီးက ကြီးပေမယ့် လင်းယုန်ကအားကောင်းတော့ ပါတာပေါ့၊ ဒါပေမယ့် မြွေပောက်ကတွန့်လိမ်ပြီး လင်းယုန်ကိုပတ်လိုက်တော အတောင်တစ်ဖက်ကို ဖတ်မိသွားတော့ လင်းယုန်က မပျံနိုင်တော့ဘဲ ပြုတ်ကျသွားတာပေါ့၊ ပြုတ်ကျသွားတာက ပျဉ်းကတိုးပင်ပေါ်ကိုဆိုတော့ ပျဉ်းကတိုးကိုင်းခြောက်တစ်ခုပေါ်ကိုကျပြီး ကိုင်းခြောက်က လင်းယုန်ကြီးကိုရော မြွေပောက်ကြီးကိုရော စူးဝင်ပြီး တန်းလန်းဖြစ်နေတာ၊ ပျဉ်းကတိုးသားကမာတော့ ... ဘယ်ကျိုးကျမလဲ၊ နှစ်ကောင်စလုံး ထုတ်ချင်းခတ်နေလို့ ပြုတ်ကျအောင် ငါ့ခြေထောက်နဲ့ ကန်ပြီးတော့ တွန်းချခဲ့တယ်၊ ဟိုမှာကြည့်ပါလား၊ လင်းယုန်ကြီးအတောင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ကို မြွေဟောက်ကြီးက ပတ်ထားတာ''

''ကြဲကြဲဖန်ဖန်နော် .. ဖြစ်တတ်တယ်''

''ကဲ ...ကဲ ဟော့ကောင်တွေ ဒီနှစ်ကောင်ကိုဖြည့်ပြီး .. ဝါးတစ်လုံးနဲ့ လျှိုထမ်းရအောင် လုပ်တော့၊ ဟင်းစားလည်းရပြီ .. ပြန်ကြမယ်''

''တောမပစ်တော့ဘူးလား ... စောဂျိမ်း''

''နေလည်းစောင်းနေပြီလေ ကွာ ... နောက်နေ့ပေါ့''

ဝါးတစ်လုံးနှင့် မြွေဟောက်ကြီးရော လင်းယုန်ငှက်ကြီးကိုပါ လျှိုထမ်းလာတာကို ကိုမြဒေါင်းက မြင်လိုက်တော့ အံ့ဩနေသည်။

''စောဂျိမ်းတို့ ...မြန်လှချည့်လား၊ ဟင်းစားတွေလည်း ပါလာသေး၊ ဒီမှာလည်း .. ကြက်တူရွေးတွေ ကျော်ပြီးပါပြီ၊ ထန်းရည်လည်း သိပ်မကြာမီ ရောက်လာပါလိမ့်မယ်၊ ရွာထဲကိုလည်း ဟင်းလျာမှာထားတယ်''

''ကဲ ... ကိုမြဒေါင်း .. မှာတာတွေလည်း မှာပေါ့ဗျာ၊ လောလောဆယ် ဒီမြွေကြီးကို ခေါင်းဖြတ် အရေခွံဆုတ်ပြီး ထည့်ပြုတ် ... လင်းယုန်ကိုလည်း ရေနွေးထဲထည့်ပြီး အမွေးနှုတ်၊ ခုတ်ထစ်ပြီး ဆီပြန်ချက်၊ ချက်ရင် ချင်း ၄,၅ စိပ်လောက်ထည့်ချက် ... လုပ်တတ်တယ် မဟုတ်လား''

''ရပါတယ် ... စောဂျိမ်း''

ကိုမြဒေါင်းက ရေနွေးဖြောပြီးသား လင်းယုန်သားကို ခုတ်ထစ်ကာ ဆီပြန်ချက်ရန် လုပ်နေချိန်တွင် စောဂျိမ်းက ပြုတ်ပြီးသားမြွေကြီးကို အလယ်အရိုးမှကိုင်ကာ ခါချလိုက်သည်။ အသားများ အဖတ်လိုက် ကွာကျသွားသည်။

''ကိုမြဒေါင်း ... အဲဒါပြီးရင် ဒီမြွေသားတွေကို ငရုတ်သီးစပ်စပ်လေးနဲ့ သာကြော်ပေတော့''

ခဏကြာတော့ ရွာထဲမှ ဟင်းလျာအတွက် မှာထားသော ဖက်သန်းသီးသုပ်နှင့် ငပိထောင်း ရောက်လာသည်။ မြူအိုးများနှင့် ထည့်ထားသော ထန်းရည်များလည်း ရောက်လာသည်။

စောဂျိမ်းက မြူအိုးထဲမှထန်းရည်များကို နှစ်ခွက်လောက်ခပ်၍ မြီးနေချိန်တွင် လင်းယုန်သား ဆီပြန်၊ မြွေဟောက်သားအကျွတ်ကြော်၊ ဖက်သန်းသီးသုပ်၊ ငပိထောင်းနှင့် ကြက်တူရွေးကြော်များက အဆင်သင့် ဖြစ်နေပြီ။

''ကဲ ...ကိုမြဒေါင်း ခင်ဗျား အလုပ်တွေ ခဏထားပြီး လာဝိုင်းတော့ ဒီမှာ ...အဆင်ပြေနေပြီ''

''စောဂျိမ်းရယ် ...ခင်ဗျားက ကြက်တူရွေးကိစ္စရှင်းပေးတော့ ခင်ဗျားတို့ကို ကျေးဇူးတင်နေတာ .. ဒါကြောင့်မို့ ထန်းရည်နဲ့ အမြည်းကောင်းကောင်းနဲ့ ကျေးဇူးဆပ်ချင်နေတာ၊ အခုတော့''

''အခုတော့ .. ကျုပ်တို့အလှည့်ပေါ့ဗျာ၊ နောက်အပတ် .. ကြက်တူရွေးလာပစ်ရင် ခင်ဗျားအလှည့်ပေါ့၊ ဒီနေ့ထက်တော့ မညံ့စေနဲ့ပေါ့''

''ဗျာ ... ဒီနေ့ထက်မညံ့အောင် ဟုတ်လား''

''ဟား .. ဟား .. ဟား .. နောက်တာပါ .. ကိုမြဒေါင်းရယ်၊ ကျွန်တော်ပြောတာနဲ့ စားမဝင်ဘူး ဖြစ်နေပါဦးမယ်၊ ကျွန်တော်တို့တောင် ဒီနေ့ကံကောင်းလို့ မမျှော်လင့်တဲ့ ဟင်းစားတွေစားရတာ၊ ဒါပေမယ့် မုဆိုးနဲ့ပေါင်းရင် ...မြို့က ဟိုတယ်တွေမှာတောင် မစားဘူးတဲ့အစားအစာတွေစားရပါတယ်၊ နောက်အပတ်လည်း ကံကောင်းရင် ဟင်းစားကောင်းကောင်းနဲ့ အမြည်းကောင်းကောင်းနဲ့ ဆုံကြသေးတာပေါ့''

ကိုမြဒေါင်းက–

''ဟင်း ... တော်ပါသေးရဲ့ဗျာ''

''တော်တာလဲ ... ကောင်းပါတယ်၊ ခင်ဗျား ထန်းရည်နဲ့မြည်းတာ ခင်ဗျားတစ်ယောက်ထဲ လင်းယုန်သား ဆီပြန်နဲ့ မြွေသားအကျွတ်ကြော်တွေ အတော်ရော့သွားပြီ''

''ဟာ ...ဟုတ်သားပဲ၊ ကျွန်တော်လည်း စားကောင်းကောင်းနဲ့ ကန်တော့ဗျာ၊ ဟာ ... စောဂျိမ်း ခင်ဗျား ရှေ့က ကြက်တူရွေးကြော်တွေရော''

''ကျွန်တော်လည်း .. ကြက်တူရွေးကြော်နဲ့ ထန်းရည်က လိုက်ဖက်နေတော့ ... ကန်တော့ဗျာ''

''ဟား ... ဟား ... ဟား ... ဟား''

မုဆိုးသုံးယောက်နှင့် ကိုမြဒေါင်းတို့ရယ်သံကြောင့် ယာတဲခေါင်မိုးပေါ်တွင် ထိုင်နေသော ရှဉ့်ပေါ်တစ်ကောင်က လန့်ဖြန့်၍ တဲပေါ်မှ ခုန်ဆင်းပြေးသွားပါတော့သည်။

မောင်မြင့်မား(ဘိုကလေး)



www.burmeseclassic.com

www.burmeseclassic.com



စာမျက်နှာ - ၃၀ ဦးအာကာမှ စာဆက်

တစ်ဦးတစ်ယောက် ပြည့်တန်ဆာအဖြစ်ဖြင့် စီးပွားရှာဖွေရရှိသည်ကိုသိလျက်နှင့် အဲဒီရှာဖွေရရှိတဲ့ ငွေကြေးကိုမှီခိုပြီး အသက်မွေးဝမ်းကျောင်းပြုနေသူများကို ပြစ်ဒဏ်ပေးတဲ့ပုဒ်မ ဖြစ်ပါတယ်။ ပြည့်တန်ဆာလုပ်ငန်းဖြင့် ရှာဖွေရရှိတဲ့ စီးပွားကို လုံးဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ မှီ၍စားသောက်နေထိုင်သူများကို အပြစ်ပေးရန် ရည်ရွယ်ခြင်းဖြစ်ပါတယ် သူတစ်ပါးလုပ်အားဖြင့် ရှာဖွေရရှိတဲ့ စီးပွားဥစ္စာအပေါ် ခေါ် ပုံဖြတ်စားသောက်သူဆိုလည်း မမှားဘူးပေါ့။ ပြည့်တန်ဆာ များကိုတော့ ခုခေတ်မှာ Sex Worker (လိင်အလုပ်သမား လို့ ခေါ်ကြပါတယ်။

**သရာခင်များ**

မှုခင်းသတင်းကျာနယ်ကို ကျွန်တော်ဟာ အမြဲမပြတ်ဖတ်ရှုသူဖြစ်ပါတယ်။ မှုခင်းသတင်းဂျာနယ်ကို ဖတ်တဲ့အခါ ကားတိုက်မှုသတ တွေကို အမြဲမပြတ်တွေ့ရှိရပါတယ်။ အဲဒီလို ဖတ်တဲ့အခါ ကားတိုက်မှုတွေကို ပုဒ်မ ၂၇၉၊ ပုဒ်မ ၃၃၇၊ ပုဒ်မ ၃၃၈ တို့နဲ့ အရေးယူတဲ့သတ တွေကိုလည်း ဖတ်ရှုရပါတယ်။ အဲဒီ ပုဒ်မတွေရဲ့ အဓိပ္ပာယ်၊ ပြစ်ဒဏ်အတိုင်းအတာတို့ကို သိချင်လို့ ဥပဒေစုံထောက်အခန်းက ပြန်ကြားပေးပါ မေတ္တာရပ်ခံအပ်ပါတယ်။

ဂျာနယ်ဖတ်ပရိသတ်တစ်ဦး(ပုဇွန်တောင

## ဂျာနယ်ဖတ်ပရိသတ်တစ်ဦးသို့

ဂျာနယ်ဖတ်တာ ကောင်းပါတယ်။ တစ်ပတ်အတွင်း ပြည်တွင်း၊ ပြည်ပ သတင်းထူးတွေကို သိနေရတယ်ပေါ့။ ဂျာနယ်အသက်က (၇)ရက်ဆိုတော့ တစ်ပတ်အတွင်းပြီး အောင်ဖတ်ရတယ်။ တစ်ပတ်အတွင်းမပြီးရင် နောက်တစ်ပတ်ဂျာနယ်က ထွက်လာရော။ ဂျာနယ်တွေကို တစ်ပတ်အတွင်း ၄/၅ စောင် ဝယ်လိုက်ပြန်တော့ ဖတ်လို့မပြီးနိုင်ဖြစ်ရတယ်။ ဂျာနယ်တွေများလာပြန်တော့ အိမ်မှာထားစရာနေရာ မရှိဖြစ်ရပြန်တယ်။

ကူမောင်မေးတဲ့ ပုဒ်မ ၂၇၉ ဆိုတာက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ဖြစ်ပါတယ်။ အများပြည်သူဆိုင်ရာလမ်းမှာ အရမ်းမောင်းခြင်း၊ အရမ်းစီးခြင်းကြောင့် ပေါ်ပေါက်လာတဲ့ ပြစ်မှုကျူးလွန်သူကို ပြစ်ဒဏ်ပေးတဲ့ပုဒ်မဖြစ်ပါတယ်။ ကားကားချင်းတိုက်မိတာ ပွန်းမိတာလည်း ဖြစ်နိုင်တယ်။ ကားက လမ်းအလယ်မှာရှိတဲ့ ကွန်ကရစ်တုံးတွေကို ဝင်တိုက်တာဆို ဖြစ်နိုင်တယ်။ ကားနှင့် ဆိုင်ကယ်၊ ကားနှင့် စက်ဘီးပွန်းမိတာတို့လည်း ဖြစ်နိုင်တယ်။ လူကိုတော့ ထိခိုက်ခြင်း၊ အနာတရဖြစ်စေခြင်း မရှိဘူးပေါ့။ အဲဒီအခါမျိုးမှာ ပုဒ်မ ၂၇၉ နဲ့ တရားစွဲဆိုခြင်း ပြစ်ဒဏ်ပေးခြင်းတို့ကို ပြုလေ့ရှိတယ်။ ပြစ်ဒဏ်ကတော့ နှစ်နှစ်အထိရှိပါတယ်။ ဒဏ်ငွေသက်သက်လည်း ထပ်ရိုက်လို့ရပါတယ်။

ပုဒ်မ ၃၃၇ ကတော့ ကားကားချင်းတိုက်မိတဲ့အခ ကားနဲ့လူနဲ့ တိုက်မိတဲ့အခါ လူမှာဒဏ်ရာရသွားတာမျိုး ဖြ နိုင်တယ်။ ရရှိတဲ့ ဒဏ်ရာကလည်း သာမန်နာကျင်မှုဒဏ်ရ မျိုးဖြစ်ရမယ်။ အဲဒီအခါ ပြစ်မှုကျူးလွန်သူကို ပြစ်ဒဏ်ပေးတ ပုဒ်မဖြစ်ပါတယ်။ ပြစ်ဒဏ်ကတော့ နှစ်နှစ်အထိ ပေးနိုင တယ်။ ဒဏ်ငွေသက်သက်လည်း ထပ်ရိုက်လို့ ရပါတယ်

ပုဒ်မ ၃၃၈ ကတော့ ပုဒ်မ ၃၃၇ ရဲ့ အဆက်ဖြစ် တယ်။ အဲဒီလို ကားကားချင်း တိုက်မိတာတို့၊ ကားနဲ့ဆိုင ကယ်၊ စက်ဘီးတို့ တိုက်မိတာတို့ ဖြစ်ကြတဲ့အခါ တစ်ဦးတ ယောက်အား အပြင်းအထန်နာကျင်စေမှုဖြစ်တဲ့အခါ ပြစ်ဒဏ်ပေးတဲ့ ပုဒ်မဖြစ်ပါတယ်။ ပြစ်မှုကျူးလွန်သူကို ပ နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်အပြင် ငွေဒဏ လည်း ချမှတ်နိုင်ပါတယ်။ ထူးခြားတာကတော့ ပုဒ်မ ၃၃ မှာ ထောင်ဒဏ်ကို မချမနေရ ချမှတ်ရမှာဖြစ်ပါတယ် တစ်ခါတစ်ရံ ရုံးတက်ရုံးဆင်း ထောင်ဒဏ်တစ်ရက် ဆို စတီထောင်ချတာမျိုးလည်း ရှိတတ်ပါတယ်။ အမှုတစ်ခု ရဲ့ ထူးခြားတဲ့အခြေအနေအပေါ် မူတည်ပြီး ချမှတ်ရခြင်းဖြ ပါတယ်။

ဦးအာကာ(တရားလွှတ်တော်ရှေ့နေ)



www.burmeseclassic.com

www.burmeseclassic.com



စာမျက်နှာ (၃၂)
မောင်ဉာဏ်စိန်မှ စာဆက်...

အယူခံတရားခံနိုင်လင်း မူးယစ်ဆေးဝါးသုံးစွဲမှု ရှိ/မရှိနှင့် စပ်လျဉ်း၍ ဒေါက်တာလှဘူး(လိုပြ–၆)နှင့် ဒေါက်တာမျိုးသန့်(ခံပြ–၃) တို့၏ ထွက်ချက်ကို စိစစ်ရန်ရှိသည်။ ဒေါက်တာလှဘူးသည် မန္တလေးဆေးရုံကြီးမှ မှူးဆရာဝန်ဖြစ်သည်။ အယူခံတရားခံနိုင်လင်းအား စမ်းသပ်စစ်ဆေးချက်ကို သက်သေခံ(ဂ)အဖြစ်တင်သွင်းထားသည်။

ဒေါက်တာလှဘူးက နိုင်လင်းသည် မူးယစ်ဆေးအတွက် မှတ်ပုံတင်ထားခြင်းမရှိကြောင်း၊ မူးယစ်ဆေးသောက်သုံးမှုရှိသည်ဟု ဝန်ခံကြောင်း၊ ကိုယ်ကာယစမ်းသပ်စစ်ဆေးချက်မတွေ့ရှိရကြောင်း တိကျသောလက္ခဏာတွေ့ရပြီး၊ မျက်စိသူငယ်အိမ်အနေအထားပုံမမှန်ကြောင်း၊ ဆီးတွင်မတွေ့ရကြောင်း၊ သို့ရာတွင် မူးယစ်ဆေးဝါးဘုတ်အဖွဲ့မှ စမ်းသပ်စစ်ဆေးချိန်တွင် မူးယစ်ဆေးဝါးသုံးစွဲသည့်အခြေအနေရှိသည်ဟုထင်မြင်ချက်ပေးထားကြောင်း ထွက်ဆိုထားသည်။ ပြန်လှန်စစ်မေးသောအခါ နိုင်လင်းအား ဆေးထိုး၍ မစမ်းသပ်မီ နှာရည်ယိုခြင်း၊ မျက်ရည်ကျခြင်းတို့ကို တွေ့ရသကဲ့သို့ မူးယစ်ဆေးဝါးသုံးစွဲခြင်းရှိ/မရှိ ဆေးထိုးစမ်းသပ်သောအခါ၌လည်း ယင်းလက္ခဏာနှစ်ခုကို တွေ့ရကြောင်း ရှင်းလင်းထားသည်။ အယူခံတရားခံနိုင်လင်းက မူးယစ်ဆေးဝါးမသုံးစွဲခဲ့ကြောင်း၊ အဆုတ်အအေးမိသည့်ရောဂါနှင့် အစာအိမ်ရောဂါအတွက် ဒေါက်တာမျိုးသန့်(ခံပြ–၃)ထံ၌ ကုသမှုခံယူခဲ့ကြောင်း၊ လွန်ခဲ့သော (၅)နှစ်က ရင်ကျပ်ချောင်းဆိုးရောဂါ၊ ၄က်ဖျားရောဂါ၊ အစာအိမ်ရောဂါတို့အတွက် ဒေါက်တာမျိုးသန့်ဆေးခန်း၌ ပြသခဲ့ရာ ဆေးမှတ်တမ်းစာအုပ်များမရှိတော့ကြောင်း ထွက်ဆိုခဲ့သည်။ ဒေါက်တာမျိုးသန့်(ခံပြ–၃)က နိုင်လင်းအား ဆေးကုသခဲ့ရာ၌ ကိုဒင်းပါသော ချောင်းဆိုးဆေးနှင့် အစာအိမ်ရောဂါအတွက်ဆေးများပေးခဲ့ကြောင်း၊ ယခင်မှတ်တမ်းများမရှိသော်လည်း ၁၉၉၂ ခုနှစ်မှစ၍ ၂၉–၅–၉၃ ထိ ကုသမှုမှတ်တမ်းများကို တင်ပြထားသည်။ နိုင်လင်းနှင့်မြတ်ကိုကိုအား ဖမ်းဆီးအရေးယူသောနေ့မှာ ၃၀–၅–၉၃ နေ့ဖြစ်သည်။ သို့ရာတွင် မူးယစ်ဆေးဝါးသုံးစွဲမှု ရှိ/မရှိကို ဆေးသွင်း၍ စမ်းသပ်စစ်ဆေးသောအခါ မူးယစ်ဆေးသုံးစွဲသည့် အခြေအနေရှိကြောင်း စမ်းသပ်တွေ့ရှိခဲ့သည်။ မူးယစ်ဆေးဝါးသုံးစွဲမှုကို အတတ်ပညာပိုင်းဆိုင်ရာ စမ်းသပ်စစ်ဆေး၍တွေ့ရှိခြင်းဖြစ်သည်။

ထို့နောက် တရားရုံးချုပ်က ယင်းအမှုအပေါ် အောက်ပါအတိုင်း သုံးသပ်ခဲ့သည်။

"ပြင်ပတွင် ဆရာဝန်က ကိုဒင်းပါသော ဆေးဝါးများကိုပေး၍ သုံးစွဲသောကြောင့် တရားခံတွင် မူးယစ်ဆေးဝါးသုံးစွဲသည့် အခြေအနေကို တွေ့ရှိရခြင်းသည် ဖြစ်မှုမမြောက်ဟု ဆိုလျှင် ဥပဒေပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်ကို အဟောသိကံဖြစ်စေရာ ရောက်ပေလိမ့်မည်။ မူးယစ်ဆေးဝါးသုံးစွဲသဖြင့် အရေးယူသောဖြစ်မှုများတွင် ပြင်ပဆရာဝန်များက မူးယစ်ဆေးဝါးအာနိသင်ပါသော ဆေးဝါးများပေးထားကြောင်း အစစ်ခံထွက်ဆိုလေ့ရှိကြသည်။ မူးယစ်ဆေးဝါးသုံးစွဲခြင်း ရှိ/မရှိ စစ်ဆေးရန် တရားဝင်ဖွဲ့စည်းပေးထားသော အဖွဲ့အစည်းအနေဖြင့် သတ်မှတ်ပေးထားသော နည်းလမ်းများဖြင့် စမ်းသပ်စစ်ဆေး၍ တွေ့ရှိခြင်းကို ထူးခြားသည့်အကြောင်းတစ်စုံတစ်ရာမရှိဘဲ လွယ်လင့်တကူ ပြစ်ပယ်ရန် မသင့်ချေ။ ထို့ကြောင့် မူလရုံးက အယူခံတရားခံနိုင်လင်းအား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဥပဒေပုဒ်မ ၁၅ အရ စွဲချက်တင်ပြီးနောက်မှ အမှုမှအပြီးအပြတ်လွှတ်ခဲ့ခြင်းသည် မှန်ကန်သည်ဟု မဆိုနိုင်ပေ"

အထက်ပါအတိုင်း သုံးသပ်ပြီး ရှေ့နေချုပ်ရုံး၏ အယူခံလွှာကို လက်ခံခဲ့သည့် မူလရုံးက အယူခံတရားခံနိုင်လင်းအား အမှုမှ အပြီးအပြတ်လွှတ်သည့် အမိန့်ကို ပယ်ဖျက်၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဥပဒေပုဒ်မ ၁၅ အရ ထောင်ဒဏ်(၃)နှစ် ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။ ချုပ်ရက်များကို ထောင်ဒဏ်မှ ထုတ်နုတ်ခံစားခွင့်ပြုခဲ့သည်။

ဤအမှုအားလည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် နိုင်လင်း(၁၉၉၅၊ မ.တ.စ စာ–၅၄) အဖြစ် စီရင်ထုံး ပြုခဲ့ကြောင်း ရေးသားတင်ပြအပ်ပေသည်။

မောင်ဉာဏ်စိန်

ရည်ညွှန်းစာအုပ်
မြန်မာနိုင်ငံတရားစီရင်ထုံးများ(၁၉၉[illegible])



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



ဝါးမှုတ်ပြောင်းတစ်ချောင်းကို ထမ်းလျက် လက်တွင် ဖားတွဲတစ်တွဲကို ဆွဲထားသော စိန်ဘန်းသည် အရှေ့ လယ်ကွင်းပြင်အတွင်း ကွေ့ကောက်စီး ဆင်းနေသော ရိုးချောင်းငယ်လေး အတွင်းမှတက်လာကာ ငါးရှဉ့်ဂယက် ရွာလေးဆီသို့ ပြန်လာနေသည်။ သည် နေ့ ရိုးချောင်းအတွင်း ဖားမှုတ်ရသည် မှာ လမိုင်းကပ်သည်ဟုဆိုရချေမည်။ သုံးလေးဆယ်သားခန့်ရှိမည့် ဖားကြီး ငါးကောင်ရလာခဲ့သည်။ ဖားမှုတ်ရ သည်က မလွယ်ကူလှပါချေ။ ကျဲကျဲ တောက် ပူပြင်းနေသော တော်သလင်း နေသည် ညနေစောင်းနေပြီဖြစ်သော် လည်း အပူဓာတ်က လျော့မသွားသေး။ အိုက်စပ်ပူလောင်လှသည်။

ရိုးချောင်း၏အစပ် ဘေးတစ်ဖက် တစ်ချက်တွင် ထူထပ်စွာပေါက်နေသော ချုံနွယ်အမြစ်များကြားသို့တိုးကာ ဝပ် နေတတ်ကြသော ဖားကြီးများကို မျက် စိလျင်လျင်ဖြင့် ရှာဖွေရသည်။ ငြိမ်ဝပ် စွာဝပ်နေသော ဖားကို တွေ့ပါက မှုတ် မြားထည့်ထားသော ဝါးမှုတ်ပြောင်းကို ချုံအတွင်းသို့ ဖြည်းညှင်းစွာထိုးထည့်၍ ချိန်သားကိုက်မှုတ်ရသည်။ အချို့က မှိန်းရှည်ဖြင့်ထိုးကြသော်လည်း စိန် ဘန်းက ဝါးမှုတ်ပြောင်းဖြင့် မှုတ်ရသည် ကို ပို၍စိတ်ကြိုက်တွေ့သည်။ နေ့လယ် မွန်းတည့်ကျော်မှစ၍ ရိုးချောင်းအတွင်း ခါးစောင်းခန့်နက်သောရေတွင် ဖားရှာ ခဲ့သော စိန်ဘန်းမှာ တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲနေသော်လည်း ဖား များရခဲ့သဖြင့် ပင်ပန်းခြင်းတို့က ကြက် ပျောက်ငှက်ပျောက်။ အဆိုတော်ရင်ဂို၏ ကံကောင်းခြင်းလက်ဆောင်သီချင်းကို အားပါးတရ အော်ဟစ်သီဆိုကာ ပြန် လာနေသည်။

ရွာစပ်သို့ရောက်လာပြီး ခြံချင်း ကပ်နေထိုင်သော ဦးလေးဦးရွှေညို၏ ခြံအတွင်း ကွေ့ဝင်လိုက်သောအခါ အိမ်ရှေ့တွင်ထိုင်ကာ ဝါးတစ်ချောင်းကို ဓားမောက်ဖြင့် အဆစ်များသပ်ချောနေ သော ဦးရွှေညိုက–

"လာဟေ့ ... စိန်ဘန်း၊ ဖား သွားမှုတ်တာလား ... ရသားပဲကွ"

စိန်ဘန်းက ဝါးမှုတ်ပြောင်းကို အိမ်တံစက်မြိတ်တွင်ထောင်လိုက်ရင်း–

"ဟုတ်ကဲ့ ... ဦးလေး၊ ဒီနေ့ တော့ အဆင်ပြေသား"

ဟုဆိုကာ ဖားတွဲမှ အကြီးဆုံး ဖားတစ်ကောင်ကို ဖြုတ်လိုက်ပြီး–

"ရော့ ... ဦးလေးဖို့ ဟင်းစား"

ဟု လှမ်း၍ ပေးလိုက်သည်။

ဦးရွှေညိုက လှမ်းယူလိုက်ပြီး–

"ဟင်းစားပြတ်နေတာနဲ့ ... အတော်ပဲကွ"

စိန်ဘန်းက ရေအိုးစင်မှ ရေတစ် ခွက်သောက်လိုက်ပြီး ဦးရွှေညိုလက်မှ ဝါးရှည်ကို လှမ်းကြည့်လိုက်ကာ–

"ဦးလေး ... ပြောင်းလုပ်နေတာ လား"

"အေးကွ ... အနောက်ပိုင်းက စောဖိုးထော် မှာထားလို့ လုပ်နေတာ၊ ဝါးက အတော်ကိုရှာရတယ်ဟေ့"

စိန်ဘန်းက–

"ဦးလေးရေ ... ကျွန်တော် ပြန် လိုက်ဦးမယ်၊ ချက်ပြုတ်တာ နောက်ကျ နေမှာစိုးလို့"

"အေး ... အေး ပြန်လိုက်ဦး၊ မင်းမိန်းမလည်း မျှော်နေလောက်ပြီ"

\+ + + + +

ဦးရွှေညိုက စိန်ဘန်း၏ဦးလေး ဝမ်းကွဲတော်စပ်သည်။ ငါးရှဉ့်ဂယက်ရွာ ၏ ဝါရင့်ပြောင်းမှုဆိုးတစ်ဦး။

သည်ရွာကလေးရှိ လူငယ်လက် သစ် ဝါးမှုတ်ပြောင်းသမားလေးများ အားလုံးက ဦးရွှေညို၏ လက်ထွက်။ ယခင်က ဦးရွှေညို ဟင်းစားရှာထွက် လျှင် သူ့နောက်ကလိုက်ပါလာသော ဝါ သနာရှင်လူငယ်လေးများကို ဖားရှာ၊ ငါးရှာလက်တွေ့ပြသလုပ်ကိုင်စေသည်။

"ဘယ်အလုပ်ပဲဖြစ်ဖြစ် .. လက် တွေ့လုပ်ကြည့်ပါများမှ ကျွမ်းကျင်တာ ကွ" ဆိုသည့်စကားက ဦးရွှေညို၏ ဆောင်ပုဒ်ဖြစ်သည်။ သားသမီးများ အိမ်ထောင်ကျ၍ အိမ်ခွဲသွားကြပြီး ဇနီး ဖြစ်သူကလည်း လွန်ခဲ့သောနှစ်က ကွယ်လွန်သွားခဲ့သဖြင့် တစ်ဦးတည်း နေထိုင်ကာ အသက်ခြောက်ဆယ်နား ကပ်နေပြီဖြစ်ပေမယ့် စိတ်လိုလက်ရရှိ ပါက လက်စွဲတော်ဆယ့်နှစ်တောင်ရှည် သည့် ဝါးမှုတ်ပြောင်းဖြင့် ဟင်းစား



www.burmeseclassic.com

www.burmeseclassic.com



ကြွေးစား ရှာဖွေနိုင်သေးသည်။ စိန်ဘန်းတို့တောင်မှ ကိုးတောင် ဆယ်တောင်ပြောင်းများကိုသာ မှုတ်နိုင်၏။ ဆယ့်နှစ်တောင်ပြောင်းကို ကျွမ်းကျွမ်းကျင်ကျင် မမှုတ်နိုင်သေး။ ဝါးမှုတ်ပြောင်းရှည်သည်နှင့်အမျှ များကပို၍ ပြေးကာပို၍ထိချက်ပြင်းသည်။ ဦးရွှေညို၏ နေ့တဓူဝအသက်မွေးဝမ်းကြောင်း အလုပ်သည်ကား ဝါးဖြင့်ပြုလုပ်သော လက်မှုလုပ်ငန်း ဖြစ်သည်။ စကော၊ စကာ၊ တောင်း၊ ပလုံး၊ ပုတ် စသည့် ကျေးလက်အသုံးအဆောင်များကို ကျွမ်းကျင်စွာပြုလုပ်နိုင်သလို ဝါးမှုတ်ပြောင်းမှာ သူ့ရှိလျှင်လည်း စနစ်တကျ သေသပ်စွာပြုလုပ်ပေးသဖြင့် အနီးနားရွာများမှပင် လာရောက်မှာယူကြသည်။

ဝါးမှုတ်ပြောင်းကောင်း တစ်ချောင်း ရရှိရန် အလွန်စိတ်ရှည်ရပြီး အလွန်လက်ဝင်လှသည်။ ဦးရွှေညို၏ တဲအိမ်နောက်ဘက်တွင် ဝါးခြံကြီးက အုံ့အုံ့ဆိုင်းဆိုင်း၊ ညို့ညို့မှိုင်းမှိုင်းနှင့် ရေခံမြေခံကောင်းသဖြင့် ဝါးပင်တို့က သန်မာထွားကြိုင်းလှသည်။ ဝါးခြံအတွင်း ဝင်၍ ဝါးယားရုံများအတွင်းသို့ စေ့စေ့စပ်စပ် တိုးဝှေ့ရှာဖွေရကာ အဆစ်ကျဲကျဲ၊ မနုမရင့်၊ အရင်းအဖျား ညီညွတ်ဖြောင့်တန်းသောဝါးကို ရှာတွေ့ပါက အရိုးရှည်တပ်ထားသော အသွားထက်သည့် ဝါးထိုးတူရွင်းဖြင့် ဝါးပင်အရင်းကို ထိုးဖြတ်ရသည်။ ပြတ်သွားသောဝါးပင်ကို မထိခိုက်၊ မကွဲအက်ရလေအောင် ဝါးရုံအတွင်းမှ ဖြည်းညှင်းစွာဆွဲထုတ်ရသည်။ အပြင်သို့ရောက်လာသည့်ဝါးပင်ကို အခက်အလက်ကိုင်းဖျားများသုတ်သင်ပြီး လိုအပ်သော အရှည်အတိုင်းအတာ လက်တောင်ဖြင့်တိုင်း၍ ဖြတ်တောက်ကာ ဝါးအဆစ်များ ဓားဖြင့်သပ်ချောရ၏။ ထို့နောက် ဝါးအဖျားကို ကြိုးတစ်ချောင်းဖြင့် ချည်နှောင်၍ ကြိုးစတစ်ဘက်အား သစ်ပင်မြင့်မြင့်တစ်ပင်၏ အကိုင်းတစ်ခုတွင် တက်၍ ခိုင်မြဲစွာချည်နှောင်ကာ တွဲလောင်းချထားပြီး အောက်ဝါးအရင်းကို ကြိုးဖြင့်ချည်နှောင်ထားသော လေးလံသည့် သစ်ပိုင်း(သို့)အလေးတစ်ခုဖြင့် တုတ်ချည်ချိတ်ဆွဲထားရသည်။ ဝါး ပိုမိုဖြောင့်တန်းစေရန် အလေးဖြင့်ဆွဲ၍ ညောင်းထားရခြင်းဖြစ်သည်။ ဝါး မစိုမခြောက်၊ သပွတ်ရစ်ဖြစ်လာလျှင် ဖြုတ်ချ၍ နီရဲအောင် မီးဖုတ်ထားသော ငါးမူးလုံးသံချောင်းအား ဝါးအခေါင်းပေါက်တွင်တေ့၍ ထိုးသွင်းကာ အပေါ်သို့ထောင်ပြီး အဆစ်များ ထွတ်ချွန်းပေါက်သွားအောင် အောက်သို့ အမာခံတစ်ခုပေါ် ဆ၍ ဆောင့်ချရသည်။ သုံးမတ်လုံးသံချောင်းဖြင့် ထုတ်ချွန်းပေါက်အောင် ထပ်မံဖောက်ပြီးသောအခါ အချောသတ်ပြီးဝါးမှုတ်ပြောင်းတစ်ချောင်း ရရှိပြီဖြစ်သည်။

ပြောင်းအတွင်းထည့်၍ မှုတ်ရသောဝါးမြားတို့ကို ပြုလုပ်ရာတွင် တောင်ဆုပ်ခန့်အဆစ်ကျဲသော ဝါးယားကို နှစ်ဘက်အဆစ်များ ဖြတ်တောက်၍ အလယ်သားကိုခွဲစိတ်ကာ မြားတံများသပ်ချောပြီး အဖျားကိုညီညွတ်စွာ ချွန်ပြီး နေပြလျှင်ပြု သို့မဟုတ်က ကြပ်ခိုးစင်ပေါ်တင်ထားရသည်။ ထို့နောက် စုဆောင်းသိမ်းဆည်းထားသော လက်တစ်ဆစ်နှစ်ဆစ်ခန့် ဘဲမွေးနုလေးများကို အမှောက်အလှန်အတိုင်း သုံးရွက်စီ ညီညာစွာထပ်၍ အပ်ချည်ကြိုးဖြင့်ချည်ကာ ဘဲမွေးအစည်းလေးများ ပြုလု ထားရသည်။ ခြောက်သွေ့သွားသော ဝါးမြားအရင်းတွင် ဘဲမွေးသုံးစည်းကို လှန်၍ ဖိုခုံလောက်ဆိုင် ညီညာစွာကာ ပြီး အပ်ချည်ကြိုးဖြင့် ခိုင်မြဲစွာ ချည် ရသည်။ နောက်ထပ် ဘဲမွေးသုံးစည်းကို လှန်၍ ချည်ထားသောဘဲမွေးပေါ်တွင် မှောက်၍ချည်ရသည်။ ထို့နောက် ဘဲမွေးသုံးစည်းစီကို မြားအဖျားဘက်သို့ အနည်းငယ် ဆုတ်ကာ ဆုတ်ကာဖြင့် မှောက်၍ ချည်သွားရသည်။ မြားအရင်းတွင် ဘဲမွေးလက်လေးငါးလုံးခန့် အချောသတ်ချည်နှောင်ပြီးသောအခါ ဝါးမှုတ်ပြောင်းအတွင်းထည့်၍ မှုတ်နိုင်သော ဝါးမြားများရရှိပြီ ဖြစ်ပါသည်။

\+ + + + +

စိန်ဘန်းတို့နေထိုင်သော ငါးရှဉ့်ဂယက်ရွာ၏အရှေ့ဘက်တွင် ကျယ်ပြန့်သောလယ်ကွင်းပြင်ကြီးရှိနေပြီး လယ်ကွင်းပြင်အတွင်း ကွေ့ကောက်စီးဆင်းနေသော ရိုးချောင်းလေးနှစ်ခုက မြေခြားချောင်းမကြီးအတွင်းသို့ စီးဝင်သွားကြသည်။ ရွာ၏အနောက်ဘက် တစ်မိုင်ကျော်ခန့်တွင် တမျှော်တခေါ်ကျယ်ပြန့်လှသော မိုးကြိုးကွင်းဟုခေါ်သည့် အနိမ့်ကွင်းကြီးတစ်ကွင်း ရှိနေသည်။ မိုးကြိုးကွင်းအတွင်းရှိ အင်းမကြီးနှင့် အင်းလက်တက်များကို မိုးကြိုးအင်းဟု ရှေးကပင်ခေါ်ခဲ့ကြပြီး အင်းကြီးအတွင်းတွင် လက်ခုပ်တစ်ဖောင်ကျော်မြင့်သော ဆောက်မချုံကြီးများ ထူထပ်စွာ ပေါက်နေကြကာ ကြောင်ဝပ်ကြောင်မြင်း၊ ကြောင်နှံ့သာ စသည့် တော



www.burmeseclassic.com

www.burmeseclassic.com



ကြာင်ကြီးများ ကျက်စားနေခဲ့ကြ ည်။ လွန်ခဲ့သောအနှစ်နှစ်ဆယ်ခန့် ဘစိကုန်းရွာဘက်မှ ကြောင်လိုက် သုံးဦးသည် နွေရာသီအင်းခမ်း တွင် တောမတိုင်၊ ကွင်းမမြောက်ဘဲ လိုက်ခွေး ခြောက်ကောင်ဖြင့် ကြာင်လိုက်ခဲ့ကြရာ ကွင်းမှောက်ခဲ့ပြီး များအားလုံး မြွေပွေးကိုက်ခံရ၍ ခဲ့ကြကာ ကြောင်လိုက်သမားများ မြွေများဝိုင်း၍လိုက်သဖြင့် သေပြေး ပြေးထွက်ပြေးခဲ့ကြရသည်။ ရှေး ခါက မိုးကြိုးအင်းဟုအမည်တွင်ခဲ့ သော်လည်း ထိုအချိန်မှစ၍ ခွေးခြောက် ကောင်သေခဲ့သဖြင့် 'ခွေးခြောက်ကောင် င်း'ဟု ခေါ်ခဲ့ကြသည်မှာ ယနေ့တိုင် ပေသည်။

အင်းခမ်းချိန် အင်းသိမ်းပြီးစ နွေ ာင်းကာလ၏ နေ့လယ်ခင်းတစ်ခု။

စိန်ဘန်းကဇနီးဖြစ်သူမအေးချစ် ား "အေးချစ်ရေ ... ငါ အနောက် ွင်းဘက်ထွက်ဦးမယ်ကွာ၊ ရေဘူးနဲ့ ဆးလိပ် ... ကွမ်းယာလေးတွေ ပြင် းပါလား"

မအေးချစ်က–

"ဟုတ်ကဲ့ ... အစ်ကို၊ ခွေး ခြာက်ကောင်အင်းဘက်ရောက်အောင် ွားမယ်ဆိုရင် အဖော်တစ်ယောက် လောက်ခေါ်သွားပါလား၊ အနောက် င်းက ... စောဖိုးထော်ဖြစ်ဖြစ်ပေါ့" ု စိတ်မချသည့်လေသံနှင့် ပြောလိုက် ည်။

"ဒီဘက်ကွင်းစပ်လောက်ပဲ သွား ပါကွာ၊ ဒါပေမဲ့ ... စောဖိုးထော်ကို တော့ ခေါ်သွားမယ်၊ အဖော်ရတာပေါ့"

စိန်ဘန်းက မအေးချစ် စီစဉ် ပေးသော ခေါ်မတို၊ ရေဗူး၊ ဆေးလိပ်၊ ကွမ်းယာ၊ မီးခြစ် အသုံးအဆောင်များ ထည့်ထားသော လွယ်အိတ်ကြီးကို ကောက်၍ လွယ်လိုက်ပြီး ဝါးမြှားဘူး ကို ခါးတွင်ချိတ်၍ ဝါးမှုတ်ပြောင်းနှင့် မိုန်းရှည်တစ်ချောင်းကို ပခုံးတွင်ထမ်း ကာ အနောက်ပိုင်းဘက်သို့ ထွက်လာ ရင်း လမ်းတွင် အတွေးများဖြင့် အစီ အစဉ်ချလာသည်။ အင်းသိမ်းပြီးစ ငါးကြွင်းငါးကျန်များနှင့် ငှက်များတွေ့ လျှင် ဝါးမှုတ်ပြောင်းဖြင့်မှုတ်မည်။ မ တွေ့ပါက အင်းစပ်ရှိ ဗေဒါဖောင်၊ ဒိုက် ဖောင်များပေါ်တွင်လျှောက်၍ မိုန်းရှည် ဖြင့် လိပ်ထောက်မည်။

စိတ်ကူးဖြင့် လျှောက်လာခဲ့ရာ စောဖိုးထော် အိမ်ရှေ့သို့ရောက်လာခဲ့ပြီး အဆင်သင့်တွေ့ရသော စောဖိုးထော် အား "စောဖိုးထော်ရေ ... အနောက် ကွင်းဘက်ထွက်ရအောင် လိုက်ခဲ့ကွာ၊ မိုန်းရှည်ပါယူလာခဲ့"

BURMESE CLASSIC .com

စောဖိုးထော်က–

"အေး .. လိုက်မယ်သူငယ်ချင်း။ ငါပြင်ဆင်လိုက်ဦးမယ် .. ခဏစောင့်"

မကြာမီ အနောက်ကွင်းစပ်သို့ ရောက်ခဲ့ကြရာ ရေမခမ်းသေးသော အင်းမြောင်းများအတွင်း ငါးလည်းရှာ မတွေ့။ အတော်အလှမ်းဝေးသေးသော ခွေးခြောက်ကောင်အင်းကြီး၏အလည် လောက်တွင်သာ ဗျိုင်းငှက်ဖွေးဖွေးတို့ အုပ်လိုက်ကျနေသည်ကို တမျှော်တခေါ် တွေ့နေရသည်။

စိန်ဘန်းက–

"စောဖိုးထော်ရေ လိပ်ထောက် တာပဲ ... အဆင်ပြေမယ်ထင်တယ်"

"အေးလေ ... ထောက်ကြတာ ပေါ့"

ဝါးမှုတ်ပြောင်း မသုံးဖြစ်ကြတော့ ဘဲ မိုန်းရှည်ကိုယ်စီဖြင့်သာ လိပ် ထောက်ကြတော့သည်။

မိုးတွင်းအခါက ကွင်းပြင်ကြီးတစ် ခုလုံး ရေများပြည့်လျှံနေကာ ရေပေါ် တွင် ဗေဒါပင်၊ ဒိုက်ပင်များသည် ထူ ထပ်စွာပေါက်နေကြပြီး နွေရာသီအင်း ပက်ချိန် ရေခမ်းသွားသောအခါ မြေ သားနှင့်ထိကပ်၍ နေအပူရှိန်ကြောင့် ခြောက်သွေ့ ညှိုးနွမ်းသွားကြသည်။ နောက်တစ်နှစ် မိုးအခါတွင် ရေပေါ်သို့ ပြန်ရောက်လာပြီး ဗေဒါပင်၊ ဒိုက်ပင် များ ထူထပ်စွာ ထပ်မံပေါက်ကြပြန် သည်။ နှစ်ကြာလာသောအခါ ထူထဲ သော ဗေဒါဖောင်၊ ဒိုက်ဖောင်များ ဖြစ် လာကြပြီး လိပ်များသည် ထိုဖောင်များ အောက်သို့တိုးဝင်ကာ စိုစွတ်သောမြေ ကြီးအအေးဓာတ်ကိုရယူပြီး ဝပ်နေကြ တော့သည်။ လိပ်ရှာသူများသည် ဗေဒါ ဖောင်များအပေါ်တွင်လျှောက်ကာ မိုန်း သွားဖြင့်လိုက်၍ ထိုးကြ၊ ထောက်ကြ သည်။ လိပ်ကျောကုန်းခွံပေါ်သို့ မိုန်း သွားက ဒေါက်ကနဲထောက်မိသည်နှင့် ဗေဒါဖောင်ကိုဖြဲပြီး လိပ်ကို နှိုက်ယူ လိုက်ရုံသာဖြစ်သည်။ မိုးကြိုးကွင်းဘက် တွင် ဆောက်လိပ်နှင့် ဖင်းရှောလိပ်နှစ် မျိုးတွေ့ရတတ်သည်။ ဖင်းရှောလိပ်က ကြောကုန်းအခွံပျော့သဖြင့် လိပ်ပျော့ဟု ခေါ်ကြပြီး စျေးကောင်းရသည်။ ဆောက်လိပ်က ကြောကုန်းတစ်ခုလုံး အခွံမာဖြစ်ပြီး ရောင်းတမ်းမဝင်၊ အိမ် ဟင်းစားသာဖြစ်ရသည်။

ဆောက်လိပ်နှစ်လုံးနှင့် ဖင်းရှော တစ်လုံးရထားပြီဖြစ်သော စိန်ဘန်းက

www.burmeseclassic.com

www.burmeseclassic.com





ညနေစောင်းလာပြီဖြစ်သဖြင့် "စောဖိုးထော်ရေ ဘယ်နှစ်လုံးရပြီလဲ၊ . . ပြန်ကြမယ်ဟေ့"

စောဖိုးထော်က–

"အပျော့တစ်လုံး . . . အမာတစ်လုံးပဲရတယ်၊ ပြန်ကြမယ်လေ"

ဗျိုင်းအုပ်ဖွေးဖွေးများ တက်ကာဆင်းကာနှင့် အုပ်လိုက်ကျနေသော ချွေးခြောက်ကောင်အင်းဘက်သို့ လှမ်းမျှော်၍ကြည့်ကာ ပြန်ခဲ့ကြတော့သည်။

\+ + + + +

နောက်တစ်နေ့နံနက်တွင် ခေါင်းရင်းဘက်ခြံရှိ ဦးရွှေညို၏ အိမ်သို့ဆောက်လိပ်သားဟင်း တစ်ပန်းကန်ကိုင်ကာ စိန်ဘန်း လျှောက်လာခဲ့သည်။ ဦးရွှေညိုက အိမ်ရှေ့ကွပ်ပျစ်တွင်ထိုင်ကာ ရေနွေးကြမ်းတစ်အိုး၊ ကောက်ညှင်းပေါင်းတစ်ဇလုံဖြင့် နံနက်အဆာပြေစားသောက်နေသည်။

ဦးရွှေညိုက "လာဟေ့ . . . စိန်ဘန်း၊ ကောက်ညှင်းပေါင်းစားဦး"

စိန်ဘန်းက "ဟုတ်ကဲ့ ဦးလေး ဒီမှာ . . . ဦးလေးဖို့ လိပ်သားဟင်း"လှမ်းပေးလိုက်ပြီး ကောက်ညှင်းပေါင်း တစ်ဆုပ်ယူ၍စားလိုက်ကာ–

"ကျွန်တော်နဲ့ စောဖိုးထော် မနေ့က အနောက်မိုးကြိုးကွင်းစပ်ရောက်ခဲ့တယ် ဦးလေး၊ ချွေးခြောက်ကောင် အင်းဘက်မှာ ဗျိုင်းအုပ်တွေ အတော်များများ ကျနေတာ တွေ့ခဲ့တယ်"

ဦးရွှေညိုက မျက်ခုံးပင့်၍ မော့ကြည့်ရင်း

"အဲဒီတော့ . . ."

စိန်ဘန်းက–

"ကျွန်တော် . . အဲဒီဗျိုင်းတွေသွားမှတ်ချင်တယ်၊ ခြောက်တောင်ဗျိုင်းတွေ များမယ်လို့ထင်တယ်၊ ဦးလေး လိုက်ခဲ့ပေးပါလား"

ဝေသာလီဗျိုင်းများက အစိတ်သား၊ သုံးဆယ်သားခန့်သာရှိပြီး ခြောက်တောင်ဗျိုင်း

တွေ့လိုက်ရသည့်
မြင်ကွင်းကြောင့်
စိန်ဘန်း
တစ်ယောက်
မျက်စိအပြူးသား၊
ပါးစပ်က
ဟောင်းလောင်း။
ဗျိုင်းလည်းမဟုတ်၊
တင်ကျီးလည်း
မဟုတ်၊
ခရုပ်စုပ်လည်း
မဟုတ်သော
မည်းသည့်
ငှက်ကြီးမှန်း
မသိရသည့်
ပြာနှမ်းနှမ်း
ငှက်ကြီးတစ်ကောင်
. . .



www.burmeseclassic.com

www.burmeseclassic.com



က ငါးဆယ်သားကျော်အလေးချိန်သည်။ ဦးရွှေညို့က သက်ပြင်းတစ်ချပြီး–

"လိုက်တာက … လိုက်လို့ရပါတယ်ကွာ၊ ဒါပေမဲ့ … မင်းတို့လူငယ်တွေက ကွင်းကြမ်းတယ်၊ တောကြမ်းတယ်ဆိုတာမယုံ၊ တဖွတ်ထိုးတဖောက်ကန်းလုပ်တတ်ကြလို့ မမြင်ရတဲ့အန္တရာယ်နဲ့ ထိပ်တိုက်တိုးမှာ စိုးရတယ်၊ နောက်ပြီး … အဲဒီကွင်းက .. ကွင်းမြှောက်ပြီး ကတိတစ်ခုခုပေးပြီးမှ လုပ်လို့ရတယ်"

BURMESE CLASSIC .com

စိန်ဘန်းက–

"အဲဒါကြောင့် … ဦးလေးကို လာတိုင်ပင်တာ၊ သွားဖြစ်ရင် ဦးလေးပဲ ကွင်းမြှောက်ပေးပါ၊ ကျွန်တော်က … ဘာလုပ်ရမယ်၊ ဘယ်လိုလုပ်ရမယ်ဆိုတာ ဦးလေးပြောပါ၊ တသဝေမတိမ်း လိုက်နာပါ့မယ်"

ဦးရွှေညို့က–

"အေး … မင်းဘက်က သေချာဖို့ ကတိတည်ဖို့ပဲလိုတာကွ၊ တို့က ကတိပေးပြီး လုပ်ရမှာ၊ တို့နှစ်ယောက်လုံး ကတိမဖျက်၊ ကတိတည်ဖို့တော့ လိုမယ်"

"စိတ်ချပါ … ဦးလေး"

ဦးရွှေညို့က–

"ကဲ … ဗျိုင်းသွားမှတ်ခဲ့ရင် မင်း .. ဘယ်နှစ်ကောင်ရရင် ကျေနပ်မလဲ"

စိန်ဘန်းက တစ်ချက်စဉ်းစားလိုက်ပြီး–

"အစိတ် .. သုံးဆယ်ဆိုရင် ကျေနပ်ပြီး ဦးလေး"

ဦးရွှေညို့က–

"ဒါဆိုရင် ဒီနေ့ပြင်ဆင်ပြီး နက်ဖြန်မနက် ထွက်ကြမယ်၊ မင်းက … မြားအချောင်းအစိတ် အသေအချာစစ်ပြီး ယူလာခဲ့၊ မပိုစေနဲ့၊ မလိုစေနဲ့၊ မင်းနဲ့ငါ အကောင်အစိတ်စီ မှတ်ကြမယ်၊ ကွင်းမြှောက်ဖို့ ကောက်ညှင်းအရက်တစ်လုံးနဲ့ ငါးကင်တစ်ကောင် မင်း မိန်းမကို စီစဉ်ခိုင်းလိုက်၊ ကျန်တာငါ လုပ်လာခဲ့မယ်၊ နက်ဖြန်မနက် အဆာပြေစားပြီး ထွက်ကြမယ်၊ တည်တညင် (တည်ဗျိုင်း)လဲယူလာခဲ့ …၊ နေ့လယ် ထမင်းစားဖို့ ထမင်းထုပ်လည်း မမေ့ဦးမယ်"

"ဟုတ်ကဲ့ … ဦးလေး"

နောက်နေ့နံနက် အဆာပြေစားပြီးသည်နှင့် ဦးရွှေညို့နှင့် စိန်ဘန်းတို့နှစ်ဦး လက်နက်ကိရိယာအသုံးအဆောင်များနှင့်တကွ တည်ဗျိုင်းတစ်ကောင်စီပိုက်ကာ ချွေးခြောက်ကောင်အင်းသို့ ထွက်ခဲ့ကြတော့သည်။ ငါးကြွင်းငါးကျန်များ ရှာဖွေကောက်စားနေကြသော ဗျိုင်းများက လူရိပ်တွေ့သဖြင့် လန့်၍ ထပျံကာ ခပ်လှမ်းလှမ်းရှိ ရေစပ်စပ်တွင်သွား၍နားနေကြပြီး အစာကောက်နေကြ၏။

ဦးရွှေညို့က ပုန်းအောင်း၍ ဗျိုင်းမှတ်ရန်အတွက် အုံလုပ်ရမည့်ဆောက်မချုံများရှိသည့်နေရာကို ရွေးချယ်လိုက်သည်။ ရှေးဦးစွာ ဆောက်မကိုင်းလေးချောင်းခုတ်ယူလိုက်ပြီး အဖျားသင်လိုက်ကာ ကုန်းမြင့်တစ်ခုပေါ်တွင် လေးထောင့်ကွက်ကျစိုက်လိုက်သည်။ အသင့်ယူလာသော နှီးဝါးခြမ်းကို ဓားဖြင့်စိတ်ဖြာ၍ ခပ်တောင့်တောင့် လေးထောင့်ဇကာစိတ်တစ်ခု ယက်လုပ်သည်။ တစ်တောင်ကျော်ခန့်အမြင့်တွင် တန်းများချည်ပြီး ဇကာစိတ်ကိုတင်ကာ ကွင်းပိုင်မြှောက်ရန် လေးတိုင်စင်ငယ်တစ်ခုဆောက်သည်။ ငှက်ပျောဖက်ဖြင့် ထုပ်လာသော ငါးကင်၊ အရက်ပုလင်းနှင့် ပန်းကန်လုံးကို စင်ပေါ်တွင်တင်လိုက်ပြီး ကွမ်းယာတစ်ယာကို ကန်တော့ထိုးယာ၍ ဆောက်မကိုင်းတွင် ညှပ်ထားလိုက်သည်။ ဆေးပြင်းလိပ်တစ်လိပ်ကို မီးညှိ၍ လေဖြင့်မှုတ်ကာ မီးစွဲပြီဆိုတော့မှ စင်ပေါ်တွင် ညှပ်ထားလိုက်သည်။ စိန်ဘန်းကို နောက်တွင် ထိုင်စေကာ ဦးရွှေညို့ အကျအနကွင်းမြှောက်တော့သည်။

"ဤကွင်း … ဤကျင်းကို ပိုင်ဆိုင်စောင့်ရှောက်သော ကွင်းပိုင်အရှင်ကြီးခင်ဗျား … ကျွန်တော်တို့နှစ်ဦးက အရက်၊ ငါးကြော်၊ ကွမ်းယာ၊ ဆေးလိပ်များဖြင့် ပသပါတယ်၊ မြှောက်ပါတယ်၊ ကျေနပ်စွာ သုံးဆောင်ပါ၊ မသိနားမလည်လို့ အမှားအယွင်းရှိပါကလည်း ခွင့်လွှတ်ပေးပါ၊ ကျွန်တော်တို့မှာ ဝါးမှုတ်ပြောင်းတစ်ချောင်းစီ၊ မြားအချောင်းအစိတ်စီ ပါလာကြပါတယ်၊ မြားကုန်အောင်မှုတ်နိုင်ဖို့ ဗျိုင်းတောင်ပံကျိုးလေးများ၊ ခြေကျိုးလေးများ ပေးသနားပါခင်ဗျား၊ မြားအစိတ်စီကုန်လို့ ဗျိုင်းအကောင်အစိတ်စီရခဲ့ရင် ရပ်ပါမယ်လို့ … ကွင်းပိုင်ကြီးအား ကတိပေးပါတယ် ခင်ဗျား"

ဦးရွှေညို့က နောက်သို့လှည့်ပြီး–

"ကဲ … စိန်ဘန်းရေ၊ ကွင်းတော့မြှောက်ပြီးပြီ၊ အုံထိုးဖို့ လုပ်တော့"

စိန်ဘန်းက လွယ်အိတ်တွင်းမှ ဓားမကိုဆွဲယူလိုက်ပြီး ရွေးချယ်ထား



www.burmeseclassic.com

www.burmeseclassic.com



သော ဆောက်မချုံကြီးတစ်ခုအတွင်း တိုးဝင်ကာ အလည်တွင်လူတစ်ထိုင်စာ နေရာရအောင် ဆောက်မပင်များ၏အရင်းမှကပ်၍ ခုတ်ထွင်လိုက်သည်။ ခုတ်ထွင်ပြီးသော ဆောက်မကိုင်းများကို အပြင်သို့ဆွဲထုတ်ကာ လူတစ်ကိုယ်စာ ထိုင်၍ရအောင် ရှင်းလင်းလိုက်ပြီး လူထိုင်နေသည်ကို အပြင်မှ မမြင်နိုင်ရန် ဆောက်မရွက်များကို ပိတ်သွားရန် ပြုပြင်လိုက်သည်။ ထို့နောက် ထိုးထားသောအုံ့ရှေ့တွင် တည်တညင် (တည်ဖျိုင်း)တင်ရန်နှင့် ဖျိုင်းများလာနားရန် လက်ခုတ်တစ်ဖောင်ခန့်မြင့်သော တန်းတစ်ခုထိုးလိုက်ပြီး ဦးရွှေညိုသို့ လှမ်းကြည့်လိုက်သည်။

ဦးရွှေညိုသည်လည်း မလှမ်းမကမ်းရှိ ဆောက်မချုံတစ်ခုကို အုံ့ထိုးပြီး၍ စိန်ဘန်းဆီသို့ လျှောက်လာနေသည်။

"စိန်ဘန်းရေ ‥ အုံ့ထဲဝင်မထိုင်ခင် ထမင်းစားထားလိုက်ရအောင်"

နေ့လယ်စာထမင်းကို ခပ်သုတ်သုတ်စားလိုက်ကြသည်။ ထို့နောက် တည်ဖျိုင်းများကို တန်းများပေါ်တွင် ကြိုးချည်၍ တင်ထားလိုက်ပြီး ခြေရိပ်လက်ရိပ်များဖျောက်ကာ အုံ့၏နောက်မှ ကိုယ်ကိုကုန်း၍ ကပ်သပ်တိုးဝင်လိုက်ကြသည်။ အုံ့၏အလယ်တွင်ဝင်၍ ထိုင်လိုက်ကြပြီး ဝါးမှုတ်ပြောင်းကို တည်ဖျိုင်းတင်ထားသောတန်းဆီသို့ ထုတ်၍ ချိန်ထားလိုက်ကြသည်။ ပြောင်းရင်းတွင် မြားတစ်ချောင်းစီထည့်၍ ပါးစပ်ဖြင့်တေ့ထားကာ ဖျိုင်းလာနားလျှင် မလွတ်တမ်းမှုတ်နိုင်ရန် အဆင်သင့်စောင့်နေကြသည်။ တန်းပေါ်ရှိ တည်ဖျိုင်းကလည်း အတောင်တဖြန့်ဖြန့်နှင့် နှုတ်သီးမှ တကွပ်ကွပ်အသံပေးလျက်။

မကြာမီ ဖျိုင်းများက ထပ်ပျံလာကြကာ တန်းပေါ်တွင် တစ်ကောင်ပြီး တစ်ကောင် လာနားကြတော့သည်။ ဖျိုင်းများ လွတ်မသွားရလေအောင် သွက်လက်စွာဖြင့် နှစ်ဦးသားအပိုင်မှုတ်ချနေကြသည်။ မြားစွဲ၍ပြုတ်ကျသော ဖျိုင်းတို့ကလည်း တန်းအောက်တွင်ပုံထပ်နေချေပြီ။ ဦးရွှေညိုက နောက်ဆုံးကျန်သော အချောင်းအစိတ်မြောက်မြားကို ပြောင်းရင်းအတွင်းထည့်၍ တန်းပေါ်လာနားသော ခြောက်တောင်ဖျိုင်းကြီးအား မှုတ်၍ချလိုက်ပြီး စိန်ဘန်းသို့လှမ်း၍ မေးလိုက်သည်။



"စိန်ဘန်းရေ ‥‥ မြားဘယ်
ချောင်းကျန်သေးလဲ"

"တစ်ချောင်းပဲ ကျန်တော့တ
ဦးလေး"

"အဲဒီတစ်ချောင်းမှုတ်ပြီးရင်
လိုက်တော့နော်"

စိတ်မချသောလေသံဖြင့် လှမ်
သတိပေးလိုက်ပြီး ရေဗူးကို မော့
သောက်လိုက်သည်။ စိန်ဘန်းကလ
နောက်ဆုံးမြားတစ်ချောင်းမှုတ်လိုက်
၍ ရေသောက်ရန်ရေဗူးသို့ လက်လှ
လိုက်စဉ် တန်းပေါ်မှအတောင်တဖ
ဖျန်း ရိုက်သံကြားလိုက်ရသဖြင့် လှမ်
ကြည့်လိုက်သည်။ တွေ့လိုက်ရသည်
ကွင်းကြောင့် စိန်ဘန်းတစ်ယော
မျက်စိအပြူးသား၊ ပါးစပ်ကဟော
လောင်း။ ဖျိုင်းလည်းမဟုတ်၊ တင်
လည်းမဟုတ်၊ ခရုပ်စုပ်လည်းမဟု
သော မည်းသည့်ငှက်ကြီးမှုန်းမသ
သည့် ပြာနှမ်းနှမ်းငှက်ကြီးတစ်ကော
တန်းပေါ်တွင် လာနားနေ၏။ ကြီးမ
လိုက်တဲ့ ငှက်ကြီး။ သုံးပိဿာကျော်
အလေးချိန်စီးမည်ဟု ထင်ရသည
တန်းသည်ပင် ညွတ်ပက်ညွတ်ပက်ဖြ
နေချေ၏။ စိန်ဘန်း၏လောဘဖော
ငယ်ထိပ်ကပ်သွားခဲ့ပြီ။ ကွင်းပိုင်ကြ
ကိုပေးထားသော ကတိတို့မှာလည
မေ့လျော့ပျောက်ကွယ်သွားသည
ရှေ့အုံ့အစပ်နားတွင် ကျနေသော မြ
တန်းလန်းနှင့် ဖျိုင်းတစ်ကောင်ကိုလှ
၍ဆွဲယူလိုက်ပြီး မြားကို ဆွဲဖြုတ်လိုက
သည်။ မြားတွင်ပေနေသော ဖျိုင်းသွေ
များကို လွယ်အိတ်ကြိုးဖြင့် သုတ်
ပြီး ပြောင်းရင်းအတွင်းထည့်ကာ
ငှက်ကြီးအား မှုတ်ချလိုက်တော့သည

www.burmeseclassic.com

www.burmeseclassic.com



"ဂိး" ဟု ကျယ်လောင်စွာအော်ဟစ်သောငှက်ကြီး၏အသံက ကွင်းတစ်ကွင်းလုံးတုန်သွားသည်ဟုပင် ထင်မှတ်ရ၏။ စိန်ဘန်းတစ်ယောက် ကတိအတိုင်း ကွင်းမှောက်ခဲ့ပြီဖြစ်သည်။

ကြီးမားလှသော အတောင်ကြီးနှစ်ဘက်ကို တဖျန်းဖျန်းရိုက်ခတ်လိုက်ပြီး ပျံတက်သွားသော ငှက်ကြီး၏နောက်သို့ မြားတန်းလန်းဖြင့်ကျ၍ သေဆုံးကြသော ဖျိုင်းများအားလုံး ပျံတက်လိုက်ပါသွားကြရာ ဝေး၍ ဝေး၍ မျက်စိအဆုံးတွင် ပျောက်ကွယ်သွားကြသည်။ တန်းပေါ်မှတည်ဖျိုင်းနှစ်ကောင်သည်လည်း အတင်းရုန်းကန်ပျံတက်ကြရာ ခိုင်ခန့်စွာချည်ထားသော ကြိုးများပင် ပြတ်ထွက်ကာ ထိုငှက်ကြီးနောက်သို့ လိုက်ပါသွားတော့သည်။ ကျန်ရစ်ခဲ့သည်က စိန်ဘန်းမြားဖြုတ်၍ချထားသော ဝေသာလီဖျိုင်းလေးတစ်ကောင်တည်းသာ။

အသက်မရှူအား ..၊ မျက်လုံးအပြူးသားနှင့်ကြည့်နေရင်းက သတိဝင်လာသော ဦးရွှေညိုက "ဟော့ကောင် ... စိန်ဘန်း၊ မင်း .. ဘယ်လိုလုပ်လိုက်တာလဲ"

ကြောက်လန့်စိတ်ဖြင့် တုန်ယင်နေသော စိန်ဘန်းက–

"ကျွန်တော့် မှားသွားပြီ ဦးလေး၊ ငှက်ကြီးလိုချင်ဇောနဲ့ ဖျိုင်းတစ်ကောင်မြားကို ဖြုတ်ပြီး မှုတ်လိုက်မိတယ်"

အုံအတွင်းမှ အတင်းတိုးထွက်လာသော ဦးရွှေညိုက–

"ဒုက္ခတော့ ... ရောက်ကုန်တော့မှာပဲ စိန်ဘန်းရယ်၊ မင်းပစ္စည်းတွေယူ မြန်မြန်လုပ် ... ဒီကွင်းက အမြန်ဆုံးထွက်ကြမယ်"

ပြောင်းများတန်းလန်းဆွဲ၍ မနားတမ်းသုတ်ခြေတင်ပြေးလွှားလာခဲ့ကြရာ ကွင်းစပ်ရွာခြေသို့ရောက်တော့မှ ရပ်တန့်လိုက်ကြကာ ပက်လက်လန်၍ တဟဲဟဲ အမောဖြေနေကြတော့သည်။

"အဲဒါပဲ ... စိန်ဘန်းရေ၊ ဒီကွင်းက ကတိပေးရပြီး ပေးတဲ့ကတိတည်မှ ရတယ်ဆိုတာ မင်းအတွက် သင်ခန်းစာတစ်ခုပဲ၊ ကံကြီးပေလို့သာ အန္တရာယ်မဖြစ်ခဲ့တာ"

တုန်ယင်မောပန်းနေသော အသံကြီးဖြင့်ပြောလိုက်သော ဦးရွှေညို၏စကားသံက စိန်ဘန်းတစ်ယောက် ကြားတစ်ချက်၊ မကြားတစ်ချက် မောပန်းလွန်းသဖြင့် နားများပင်အူနေချေတော့၏။

\+ + + +

မည်သို့မျှမဖြစ်နိုင်သော သဘာဝလွန်ဖြစ်ရပ်တစ်ခုကို မျက်ဝါးထင်ထင်မြင်တွေ့ခဲ့ရသော်လည်း စိန်ဘန်းတစ်ယောက် ဇဝေဇဝါနှင့် မယုံကြည်နိုင်။ ကိုယ်တိုင်ကြုံတွေ့ခဲ့ရသော်လည်း မဖြစ်နိုင်ဟူသောအတွေးများက အသိစိတ်တွင်ကြီးစိုးဆဲ။ ငါးရက်လုံးလုံး မည်သည့်အလုပ်မှမလုပ်ဖြစ်၊ တအုံ့နွေးနွေး။ ဦးရွှေညိုခြံဘက်သို့ပင်မကူးဖြစ်၊ မျက်နှာမပြရဲတော့။

ငါးရက်မြောက်နေ့တွင် အနောက်ပိုင်းသို့ထွက်လာကာ စောဖိုးထော်အား အဖော်စပ်သည်။

"စောဖိုးထော်ရေ ... အဖော်လေးငါးယောက်လောက် ရှာခေါ်ကွာ၊ ဟိုနေ့က တို့ဖျိုင်းမှုတ်ခဲ့တဲ့နေရာကို ဘာထူးခြားလဲသွားကြည့်ရအောင်"

သူတို့နှစ်ဦးနှင့် ရွာလူငယ်ငါးဦး စုစုပေါင်း ခုနစ်ဦး လူစုလူဝေးဖြင့် ခွေးခြောက်ကောင်အင်းသို့ထွက်ခဲ့ကြသည်။ ဖျိုင်းမှုတ်ခဲ့သောနေရာနားသို့ ရောက်လာသောအခါ ဆိုးဝါးလှသော အပုတ်နံ့ကြီးက ထောင်းကနဲတိုးဝင်လာသဖြင့် နှာခေါင်းများကို ပိတ်ထားလိုက်ကြရသည်။ တစ်ဦးမျက်နှာတစ်ဦးကြည့်ရင်း မရဲတရဲချည်းကပ်လာပြီး လှမ်း၍ကြည့်လိုက်သောအခါ တွေ့လိုက်ရသော မြင်ကွင်းက မယုံနိုင်စရာ။

မြားများတန်းလန်းနှင့် ပြာနှမ်းနှမ်းငှက်ကြီးနောက်သို့ တရုံးရုံးထပျံလိုက်ပါသွားကြသော ဖျိုင်းများက ဆောက်မချိုများရှေ့ တန်းများအောက်ရှိ မြေပြင်ပေါ်တွင် မြားတန်းလန်းနှင့်ပင် အတုံးအရုံး နေရာမပျက်။ လောက်များတဖွားဖွားနှင့် ပုတ်ပွ၍ပင်နေချေပြီ။ တန်းများပေါ်တွင်ကား ဖောက်ထိုးကျအတောင်များဖြန့်ကားကာ တွဲလောင်းကျသေနေသော တည်ဖျိုင်းလေးနှစ်ကောင်။ ကြိုးများပြတ်ကာ ငှက်ကြီးနောက်သို့ ပျံသန်းလိုက်ပါသွားသည်ကို မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရသည့် တည်ဖျိုင်းများက တန်းပေါ်တွင် နေရာမပျက်၊ ကြိုးတန်းလန်းကျလျက် သေနေချေ၏။

စိန်ဘန်းတစ်ယောက် "ကြမ်းတမ်းလိုက်တဲ့ကွင်း၊ ကြမ်းတမ်းလိုက်တဲ့ကွင်း"ဟု တတွတ်တွတ်ရေရွတ်ရင်း အပြန်လမ်းတလျှောက် ခေါင်းငိုက်စိုက်ကျ ပြန်ခဲ့ရပါတော့သတည်း။

ဉာဏ်ဦးစံ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

စုံထောက်အခန်းဆက်ဝတ္ထုရှည်

# မင်းမဟာကျော်ခေါင်

## ချစ်သောပန်းထွာ

နောက်တစ်နေ့တွင် တပ်မှူးပါလ ရောက်လာ၏။

ရောက်ရောက်ချင်း ပါလက မေးသည်။

''ဘယ်လိုလဲကွ၊ မင်းတို့ ညက သွားဖြစ်တယ်မဟုတ်လား''

''သွားဖြစ်တာပေါ့ဗျာ''

''ဘာထူးလဲ''

''ဒဿနလာသွားတယ်ဗျ၊ ညဥ့်တော်တော်နက်မှ ပြန်သွားတယ်''

''ဟေ''

ပါလ အံ့အံ့သြသြဖြစ်သွား၏။

အာဂန္တုရဟာန်းကို ဒဿနပင် ရသေ့မြတ်၏ ကျောင်းသခ်မ်းသို့ ပို့ပေးသည်။ ဖူးတွေ့ချင်လျှင် အချိန်အခါနှင့် သွားသင့်သည်။ ခုလိုညဥ့်နက်သန်းခေါင် သွားတွေ့ရလောက်အောင် ဘာအကြောင်းကိစ္စရှိလို့ပါလိမ့်။



www.burmeseclassic.com

သူတို့မှာ အကြံအစည်တစ်ခုခု များ ရှိနေလို့လား။ သိပ်တော့မဖြစ်နိုင်ပါ။ ဗိသနိုးကို မကောင်းကြံမည့်ကိစ္စဆိုလျှင် အရှင်ခမည်းတော်ရသေ့မြတ်ရှေ့မှာ ပြောကြမည်မဟုတ်။ အခြားသွေးရိုးသားရိုးအကြောင်းကိစ္စနှင့် အလာပသလာပစကားပြောကြရင်း ညဥ့်နက်သွားတာလည်း ဖြစ်နိုင်သည်ဟု နှစ်ဖက်မျှတွေးရတော့၏။

"ခင်ဗျား . . ဘာတွေစဉ်းစားနေတာလဲ တပ်မှူး"

"အင်း . . ငါကတော့ ကောင်းတာရော . . မကောင်းတာရော စဉ်းစားတာပေါ့ကွာ။ ဒဿနပြန်သွားပြီးတဲ့နောက်ကော ဘာထူးသေးလဲ"

"မထူးဘူးဗျ၊ တပ်မှူးပြောတဲ့အတိုင်းပဲ လမ်းလျှောက်ပြီး တရားမှတ်တယ်။ ကျွန်တော်တို့လည်း စောင့်ကြည့်ကြတယ်။ နောက်ဆုံး သူတရားမှတ်တာ အဆုံးသတ်ပြီး ကျောင်းပေါ်တက်သွားမှ ကျုပ်တို့ ပြန်ခဲ့ကြတာဗျ"

"အေးလေ . . တို့က တစ်ဖက်သားကို သံသယနဲ့ စောင့်ကြည့်နေတာလည်း ဖြစ်ချင်ဖြစ်နိုင်ပါတယ်။ ငရဲကြီးတော့မှာပဲကွာ"

သုံးယောက်သား ပြိုင်တူ ခေါင်းညိတ်မိကြ၏။

ငရဲကြီးတာလောက်တော့ သူတို့မမှုပါ။ နိုင်ငံတော်နှင့် အရှင့်အတွက် အသက်ကိုပင် ပေးဆပ်ရန် သံန္နိဋ္ဌာန်ချထားသူများပင် မဟုတ်ပါလား။

## အခန်း(၁၉)
## တန်ခိုးပြဋ္ဌိဟာ ပြသတော်မူခြင်း

အကျင့်သိက္ခာဖြူစင်၍ မှန်ကန်သော ကျင့်ကြံအားထုတ်မှုများကြောင့် အာဂန္တုရှင်ရဟန်းသည် လောကီလောကုတ္တရာနှစ်ဖြာသော ကိစ္စအဝဝပြီးမြောက်အောင်မြင်ခဲ့ပြီဟူသော သတင်းသည် ဗိသနိုးတစ်မြို့လုံးသို့ အလျင်အမြန်ပျံ့နှံ့လျက်ရှိသည်။

ရဟန်းမှာ အရှင်သူမြတ်တစ်ပါးဖြစ်၍ ဈာန်အဘိညာဉ်ရရှိထားပြီဖြစ်သော်လည်း ဝိနည်းသိက္ခာတော်နှင့်မညီသဖြင့် ထုတ်ဖော်ဝန်ခံခြင်းမပြုခြင်းဖြစ်သည်။ ယခု နန်းရင်းဝန်ကြီးဒဿန၏ တောင်းပန်လျှောက်ထားမှုကြောင့် တန်ခိုးပြာဋိဟာ ပြသရန် ကတိပေးလိုက်ပြီဟူသော သတင်းသည် တောမီးပမာ တမဟုတ်ချင်းပင် တစ်မြို့လုံးသို့ ပျံ့နှံ့သွားလေသည်။

အာဂန္တုရှင်ရဟန်းက မည်သို့တန်ခိုးပြာဋိဟာပြမည်ဆိုသည်ကိုမူ မသိရသေး။ လူတိုင်း စိတ်ဝင်စားကြ၏။ ဘုရင်မကြီး၏ လျှို့ဝှက်အမှုတော်ထမ်းပီပီ သူရနှင့်ဉက္ကာ လူခွဲ၍ မြို့တွင်းစနည်းနာကြည့်သည်။ ဘယ်နေရာရောက်ရောက် အာဂန္တုရှင်ရဟန်းအကြောင်းကလွဲ၍ အခြားအကြောင်းမပြောကြ။

နေစောင်းမှပင် သူရ ဇရပ်ကြီးဆီသို့ ပြန်ရောက်၏။ သူ့အရင်စော၍ပြန်ရောက်နေသည့်ဉက္ကာနှင့် ညီမလေးစိတ္တာကို အသင့်တွေ့သည်။ ခရီးရောက်မဆိုက်ပင် ဉက္ကာက . . .

"ဘာထူးသေးလဲကွ"

"အာဂန္တုရှင်ရဟန်း တန်ခိုးပြမယ်ဆိုတဲ့ သတင်းကလွဲပြီး တခြ
သတင်းထူးမရှိပါဘူးကွာ"

"အေးကွ၊ လူတွေ တော်တေ
စိတ်ဝင်စားကြတယ်"

"စိတ်ဝင်စားစရာပေါ့ကွာ။ ရဟန်း
တော်က ဘယ်လိုတန်ခိုးပြာဋိဟာပြမယ
ဆိုတာ ငါလည်း သိချင်လိုက်တာ"

"တန်ခိုးပြာဋိဟာပြမယ်ဆိုမှတော့
လူသာမန်တွေ မလုပ်နိုင်တဲ့ ကိစ္စမျိုး
ဖြစ်မှာပေါ့"

"အင်း . . ထူးထူးဆန်းဆန်းတစ်
ခုခုတော့ ကြုံရမယ်ထင်တယ်ဟေ့။
စိတ်ဝင်စားစရာပဲ"

+++

တပ်မှူးပါလက တစ်ပတ်တိတိ
ကြာသည်ထိ သူတို့ဆီရောက်မလာ။
သည်ရက်များအတွင်း မြို့ထဲမှာ
အာဂန္တုရဟန်း တန်ခိုးပြာဋိဟာပြသ
မည့်သတင်းသည် ပို၍အပြောများလာ
၏။ လူတိုင်းနှုတ်ဖျားတွင် ရေပန်းအစား
ဆုံးသတင်းပင်။

သူရနှင့်ဉက္ကာတို့ကတော့ ထုံးစံ
အတိုင်း မနက်လင်း၍ ညီမလေးစိတ္တာ
စီစဉ်ပေးသည့်နံနက်စာကို စားသောက်
ပြီးသည်နှင့် မြို့ထဲသို့ ထွက်သည်။ လူ
စည်ကားရာနေရာများတွင် သတင်း
ထောက်လှမ်းသည်။ သည်ရက်များ
အတွင်း အခြားသတင်းထူးမရှိ။
အာဂန္တုရဟန်း တန်ခိုးပြမည့် သတင်း
ကသာ လူအားလုံး၏ အာရုံကို ဖမ်း
စားထားလေသည်။

ထိုည . .

လထွက်ကာစမှပင် တပ်မှူးပါလ
ရောက်လာ၏။ ထုံးစံအတိုင်း စိတ္တာ
က အတွင်းခန်းထဲဝင်၍ ရှောင်နေ


www.burmeseclassic.com

www.burmeseclassic.com



သည်။ ပါလက ဖရပ်ကြီး၏ မြေဝိုက်ခန်းထဲသို့ ဝင်လာလျက်။

"မင်းတို့ဆီမှာ ဘာထူးသေးလဲ"

"အာဂန္တုရှင်ရဟန်း တန်ခိုးပြမယ့် သတင်းကိုပဲ ပြောမဆုံးပေါင်ဖြစ်နေတာပဲ။ တန်ခိုးပြမယ့် ပုဂ္ဂိုလ်က ဘယ်နေ့ဘယ်အချိန်ပြမယ်ဆိုတာ မိန့်တော်မမူသေးဘူး။ လူတွေပါးစပ်ဖျားမှာ စိတ်ဝင်တစားပြောဆိုနေကြတာတော့ ဘာရမှန်းတောင် မသိအောင်ဘဲဗျ"

ပါလက ငြိမ်သက်နေရာမှ ဆတ်ခနဲဖြစ်သွား၏။

"အခု တန်ခိုးပြမယ့် ရက်နဲ့အချိန်ကို အာဂန္တုရှင်ရဟန်းက မိန့်တော်မူလိုက်ပြီကွ"

"ဟင် .. ဟုတ်လား"

သူရနှင့်ဥဏ္ဏာထံမှ ပြိုင်တူ အံ့သြသံထွက်လာ၏။

"အေး .. ဟုတ်တယ်၊ သန်ဖက်ခါ နေ့မွန်းတည့်ချိန်မှာ သူရဇ္ဇနေမင်းရဲ့ အလင်းရောင်ကို မှောင်ချပြမယ်တဲ့ကွ"

"ဗျာ"

"ဟုတ်တယ်၊ အာဂန္တုရှင်ရဟန်းက သူရဇ္ဇနေမင်းရဲ့ အလင်းရောင်ကို တန်ခိုးတော်နဲ့ အမှောင်ချပြမှာတဲ့ကွ။ တော်တော်တော့ ထူးဆန်းပေတာပဲ။ ဘုရင်မကြီးကတောင်အံ့သြစရာကောင်းလိုက်တာတဲ့။ နေလကမ္ဘာဆိုတဲ့ လောကနိယာမတရားကြီးတွေကို ပြောင်းလဲပစ်မယ်ဆိုတာ လူသာမန်တွေ စိတ်ကူးထဲတောင် ထည့်နိုင်တဲ့ကိစ္စမဟုတ်ဘူးတဲ့။ ငါတို့တစ်သက်မှာ မျက်ဝါးထင်ထင်မြင်ကြရတော့မယ်ဆိုတာ ငါတို့ကံထူးလို့ပဲတဲ့။ ဒီလိုတန်ခိုးရှင် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကို ဖူးမြင်ခွင့်ရတာဟာလည်း တို့တွေရဲ့ ရှေးအတိတ်ကံကြောင့်ပဲလို့ အမိန့်တော်ရှိတယ်ကွ"



"ဟုတ်တာပေါ့ဗျာ"

သူရနှင့်ဥဏ္ဏာလည်း အရှင့်စကားကို လက်ခံကြသည်။

"ငါ အခုလာတာက အဲဒီ တန်ခိုးပြာဋိဟာပြမယ့်အချိန်ကို စိုးရိမ်မိတာရှိလို့ လာခဲ့တာပဲ"

"ဘာများလဲ တပ်မှူးရဲ့"

"နေ့ခင်းကြောင်တောင် သူရဇ္ဇနေမင်းရဲ့ အလင်းရောင်မရှိတော့ဘူးဆိုရင် ဗိသနိုးတစ်မြို့လုံး အမှောင်ကျသွားမယ်မဟုတ်လား။ အဲဒီအချိန်မှာ မသမာသူတွေက ဘုရင်မကြီးကို လုပ်ကြံမှာစိုးတယ်ကွာ။ မင်းတို့နှစ်ယောက် အရှင့်လုံခြုံရေးအတွက် ငါနဲ့နေပေးရလိမ့်မယ်"

## အခန်း(၂၀)
## တန်ခိုးပြာဋိဟာ ပြခြင်း

ဗိသနိုးတစ်မြို့လုံး လှုပ်လှုပ်ရွရွဖြစ်လျက်ရှိ၏။

အာဂန္တုရှင်ရဟန်း တန်ခိုးတော်ပြမည်ကို ကြုံတောင့်ကြုံခဲမျက်ဝါးထင်ထင် မြင်ရတော့မည်မို့ စောစောစီးစီး ချက်ပြုတ်စားသောက်ပြီး နေမွန်းတည့်ချိန်ကို စောင့်မျှော်နေကြလေသည်။

သူရနှင့်ဥဏ္ဏာလည်း နန်းတော်ထဲရောက်နေ၏။ တပ်မှူးပါလနှင့်အတူ နန်းတော်ထဲတွင်ရှိသမျှ ပရိသတ်ကို စောင့်ကြည့်အကဲခတ်နေကြ၏။ အာဂန္တုရှင်ရဟန်းမှာ မနက်အရုဏ်တက်ချိန်ကတည်းက အရှင်ဖခင်ရ

www.burmeseclassic.com

www.burmeseclassic.com



မြတ်နှင့်အတူ နန်းတော်ထဲသို့ ကြွလှမ်းလာလျက် ဘုရင်မကြီးဆက်ကပ်သည့် အရုဏ်ဆွမ်းကို ဖခင်ရသေ့မြတ်နှင့်အတူ ဘုန်းပေးသုံးဆောင်တော်မူသည်။

ထို့နောက် အတုလစည်တော်ရှိ ဘုရားဝတ်ပြုခန်းတွင် အဓိဋ္ဌာန်ဝင်လျက်ရှိ၏။ နန်းရင်းဝန် ဒဿနနှင့် မှူးကြီးမတ်ရာသေနာပတိကြီးများလည်း တဖွဲဖွဲရောက်လာလျက် စံနန်းဆောင်ညီခန်းမတွင် နေရာယူလျက်ရှိ၏။ နန်းတော်ကြီးတစ်ခုလုံး ညီ့ပရိသတ်နှင့် စည်ကားနေသော်လည်း စကားကိုပင် ကျယ်ကျယ်မပြောကြ။ အဓိဋ္ဌာန်ဝင်နေသော အာဂန္တုရှင်ရဟန်းအာရုံပျက်မည်စိုးသဖြင့် တိုးတိုးတိတ်တိတ်နေကြသည်။

အတုလစည်တော်ဆောင်မှ လျှံထွက်လာသည့် နံ့သာတိုင်ရနံ့များ၊ စံပယ်ပန်းနှင့် အင်ကြင်းပန်းရနံ့တို့သည် နန်းတော်ကြီးတစ်ခုလုံး ပျံ့မွှေးနေ၏။ အလင်းတိုင်များ၏ အလင်းရောင်များသည်လည်း ရွှေပိန်းချထားသော စည်တော်ဆောင်ကြီးကို တောက်ပရှန်းလက်နေစေသည်။

နေသည် တစ်စတစ်စမြင့်တက်လာ၏။ ထွန်းလင်းတောက်ပနေသည့် နေဝန်းသည် ပုံမှန်အတိုင်း သာမန်မျက်စိဖြင့် ကြည့်၍မရနိုင်အောင်ပင် စူးရှတောက်လက်နေ၏။ နေအပူရှိန်သည်လည်း မြင့်တက်လာသဖြင့် လူတိုင်းလိုလို ချွေးတစိုစိုနှင့်ပင်။ ခါတိုင်းသတိမထားမိသော်လည်း ယနေ့မွန်းတည့်ချိန်တွင် ရဟန်းတော်မြတ် တန်ခိုးပြာဋိဟာပြသမည်ကို ငြိမ်သက်တိတ်ဆိတ်စွာ စောင့်နေကြသဖြင့် ဗိဿနိုးမြို့သားတို့၏ စိတ်အာရုံသည် နေဝန်းကြီးဆီ ရောက်နေကြ၏။ စူးရှလွန်းသည့် နေမင်း၏ အလင်းရောင်ကိုပင် အံတု၍ တစ်ခါတစ်ရံ မော့ကြည့်ကြသဖြင့် မျက်စိများ ပြာဝေကျိန်းစပ်လျက်ရှိကြသည်။

ဘုရင်မကြီးသည် အတုလစည်တော်ဆောင်မှာပင် ဘုရားကို အာရုံပြုလျက် သီလဆောက်တည်နေ၏။ နေမွန်းတည့်လုအချိန်သို့ ရောက်မှန်းမသိရောက်လာ၏။ ဆူဆူညံညံလှုပ်လှုပ်ရွရွဖြစ်နေသည့် ဗိဿနိုးမြို့ကြီးသည် ရုတ်ချည်းငြိမ်သက်သွား၏။ ယုတ်စွအဆုံး ကျေးငှက်သံကိုပင် မကြားရတော့သလိုပင်။

အာဂန္တုရှင်ရဟန်းသည် တန်ခိုးပြာဋိဟာပြရန် အချိန်နီးကပ်ပြီမို့ အဓိဋ္ဌာန်ဝင်ခြင်းကို ရပ်တန့်လိုက်၏။ ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူရာမှ ဣန္ဒြေသိက္ခာပြည့်စုံစွာဖြင့် ထတော်မူ၏။ လက်တစ်ဖက်တွင် နဂါးခေါင်းပါ တောင်ဝှေးကြီးကို ကိုင်ထား၏။ ရှင်ရဟန်းသည် အစွမ်းကုန် ထွန်းလင်းနေသော နေဝန်းကြီးကို မော့ကြည့်တော်မူ၏။

သစ်ခေါက်ဆိုးသင်္ကန်းကို [illegible] လွှမ်းထားသော ရဟန်းတော်၏မျက်[illegible] တော်သည် ပကတိအေးချမ်းသေ[illegible] အသွင်ကို ဆောင်ထား၏။ လော[illegible] ဒေါသ၊ မောဟ ကင်းစင်ဟန်ရှိသေ[illegible] ရဟန်းတော်၏ ရုပ်သွင်သည် ဖြူစ[illegible] ရှင်းသန့်နေ၏။

ရဟန်းတော်၏ နှုတ်တော်[illegible] ဂါထာ၊ မန္တန်များကို အောင်မြင်ခန့်ငြ[illegible] ၍ ဩဇာသံနှင့် ပြည့်စုံသော ရွတ်ဖ[illegible] သရဖ္ဖယ်သံက တိတ်ဆိတ်သော ဝ[illegible] ကျင်တွင် အေးချမ်းစွာ မျောလွင့်စီးဝ[illegible] လာရာမှ ကမ္ဘာလောကကြီးဆီသို့ ပျံ့[illegible] ဝေစည်သွား၏။ ရဟန်းရှင်ပို့လွှတ်တော်[illegible] မူသော မေတ္တာစေတ်သည် စိတ်ဝ[illegible] တစား စောင့်ကြည့်နေသည့် ပရိသတ်[illegible] အပေါင်း၏ရင်ထဲသို့တိုင် တိုးဝင်ဖြ[illegible] ကျက်ပေးထား၏။

နေဝန်းကြီး၏ အလင်းရော[illegible] သည် တိမ်သားကင်းစင်သည့် မိ[illegible] ကောင်းကင်မှတစ်ဆင့် ဗိဿနိုးမြို့ကြ[illegible] အား ကြည်လင်ရွှန်းတောက်သော [illegible] အလင်းဖြင့် လွှမ်းခြုံပေးထား၏။ [illegible] သည်မွန်းတည့်လုပေပြီ။ အာဂန္တုရဟန်[illegible] တော်သည် တောင့်မတ်စွာရပ်နေရာ[illegible] လက်ျာဘက်လက်တော်တွင် ဆုပ်ကိုင်[illegible]

**လူတိုင်း အသက်ရှူဖို့ပင် မေ့လျော့သွား၏။ အံ့ဩလောက်စရာပင် နေလုံးကြီးသည် ကြည့်နေရင်းမှာပင် ရဟန်းတော်၏ တန်ခိုးပြာဋိဟာကြောင့် တစ်စတစ်စ အမှောင်ဝါးမြိုခြင်းကို ခံနေရပါတော့...**



www.burmeseclassic.com

www.burmeseclassic.com





သော နဂါးခေါင်းတောင်ဝှေးကြီးကို န်းကြီးဆီသို့ တည့်တည့်ထိုးလျက်။

"အို ..သူရဇ္ဇနေမင်း ငါ၏ မိန့်တော်ကို သင်နာခံလော့၊ ယခု နှိုမှစ၍ သင်၏ ကိုယ်ရောင်ကိုယ် ကို ရုပ်သိမ်းပြီးသကာလ အမှောင် ပြန့်ကျက်လော့။ ကမ္ဘာမြေကြီးအား ညှိုးမိန်းစေလျက် အေးမြခြင်းကို ဖြစ် လော့။ ငါ၏ အမိန့်တော်သည် မြေ အစိုးရသော၊ ကောင်းကင်ကိုအုပ် သော၊ လေကိုစောင့်သော၊ သမုဒ္ဒရာ ပိုင်သော နတ်မင်းအပေါင်းတို့ သက် သအရာတည်ပါစေလော့ .. တည်စေ လော့"

ရှင်ရဟန်းသည် နဂါးခေါင်း တောင်ဝှေးကြီးကို အတုလစည်တော် အားရော မွန်မြတ်သော စကျင်ကျောက် သားကြမ်းပြင်ကို သုံးချက်တိတိဆောင့် လိုက်လေ၏။

ဒုံး ..ဒုံး ..ဒုံး

"ဟာ .."

"ဟင်"

နန်းတော်ဝင်းအတွင်း တငေး တမော ကြည့်နေသူများထံမှ အာမေ ဋိတ်သံတွေ ပြိုင်တူထွက်လာ၏။ နေလုံး ကြီး၏ ဘေးဘက်အစပ်တွင် အနက် ရောင်အမှောင်တစ်စစတင်ဖုံးလွှမ်းလိုက် သည်ကို မြင်ကြရ၍ဖြစ်သည်။ လူတိုင်း အသက်ရှူဖို့ပင် မေ့လျော့သွား၏။ အံ့ ဩလောက်စရာပင် နေလုံးကြီးသည် ကြည့်နေရင်းမှာပင် ရဟန်းတော်၏ တန်ခိုးပြာဋိဟာကြောင့် တစ်စတစ်စ အမှောင်ဝါးမြိုခြင်းကို ခံနေရပါပကော။

ကမ္ဘာမြေပြင်သည် အလင်း ရောင်အားနည်းဖျော့တော့စပြု၏။ အာဂန္တုရှင်ရဟန်း၏ အာဏာစက် ကြောင့် သူရဇ္ဇနေမင်းသည် အမှန်ပင် အလင်းရောင်ကို ရုတ်သိမ်းလိုက်ရသ ဖြင့် တစ်စတစ်စအမှောင်ဖုံးလာနေ ပေပြီ။

မျက်စိတွေ ကျိန်းစပ်ပြာဝေသည် ထိ တငေးတမောကြည့်ရှုနေသူတို့ အံ့ဩမှင်သက်နေချိန် သူရ၊ ဥက္ကာနှင့် တပ်မှူးပါလတို့သည် ရုတ်တရက် အမှောင်ကျလာချိန်ကို အခွင့်ကောင်း ယူ၍ အရှင့်အနီး မသမာသူများချဉ်း ကပ်မလာနိုင်စေရန် သတိချပ်၍ စောင့် ကြည့်နေရ၏။

သူရတစ်ယောက် ရဟန်းတော် ၏ တန်ခိုးအာနုဘော်ကို မျက်ဝါးထင် ထင် မြင်ရပြီဖြစ်သဖြင့် ရဟန်းတော် ကို ပြစ်မှားမိခဲ့သည်များကိုပင် နောင်တ ရမဆုံးဖြစ်ရပြီ။

"သူတော်ကောင်းကို စော်ကား မိသည့် အပြစ်က နေမှာတော့မဟုတ် ဘူး ..ဘုရား ..ဘုရား ..ငါ ..ငါ မှားသွားပြီ"

နေလုံးကြီးကို အမှောင်ထုက လုံးဝဝါးမျိုလိုက်ပြီဖြစ်၏။ ညိုမည်း နက်မှောင်နေသော နေလုံးကြီးသည် ကောင်းကင်တွင် အားအင်ချည့်နဲ့စွာ ရပ်တည်နေရရှာသကဲ့သို့ပင် ကြေကွဲ ဖွယ်အတိဖြစ်နေ၏။ မြင်ရသူ ဗိဿနိုး တစ်မြို့လုံးလည်း ဝမ်းနည်းသလိုလို၊ ကြေကွဲဆွတ်ပျံ့သလိုလို၊ တုန်လှုပ် ချောက်ချားသလိုလို အမျိုးအမည်မခွဲ ခြားနိုင်သော ဝေဒနာကို ခံစားကြရ၏။

ထိုအချိန်တွင် ...

တည်ငြိမ်အေးချမ်းသော ရဟန်း မြတ်၏ အသံတော်သည် ဩဇာသံ အပြည့်ဖြင့် တစ်လုံးချင်းထွက်ပေါ်လာ ၏။

"အို ..သူရဇ္ဇနေမင်း၊ သင် သည် ငါ၏ အမိန့်တော်ကို အကြွင်းမဲ့ နာခံ၍ သင်၏ ကိုယ်ရောင်ကိုယ်ဝါကို ရုပ်သိမ်းပြီးလျှင် အမှောင်ထုကို ဖြစ် စေခဲ့ပြီ"

ရဟန်းတော်သည် ကိုယ်ရောင် ကိုယ်ဝါကင်းမဲ့၍ မည်းနက်လုံးဝန်းနေ သော အကျည်းတန်နေလုံးကြီးအား စေ့စေ့ကြည့်၍ အမိန့်တော်ပြန်တမ်း ကြီးကို ဆက်လက်မြွက်ကြားလေ၏။

"လောက ကမ္ဘာမြေပြင်သည် အသင်၏ အလင်းရောင်မရရှိပါက သက်ရှိသတ္တဝါအပေါင်းတို့၏ အသက် ဇီဝရှင်သန်ရပ်တည်ခြင်းငှာ ဖြစ်နိုင် မည်မဟုတ်ပေ။ ထို့ကြောင့် သတ္တဝါ အပေါင်းကို ကယ်တင်ရန် သင်၏ ကိုယ် ရောင်ကိုယ်ဝါတို့အား နဂိုအတိုင်း ပြန် လည်လင်းလက်တောက်ပစေရန် သနားသဖြင့် ငါ ပြန်လည်ပေး၏။ အမှောင်ပြယ်လွင့်ပါစေလော့ ..ပြယ် စေလော့"

ရှင်ရဟန်းသည် နဂါးခေါင်း တောင်ဝှေးကြီးအား တဒေါက်ဒေါက် ဆောင့်၍ အမိန့်ပြန်လိုက်သောအခါ နေလုံးကြီးအပေါ် ကျရောက်နေသော အမှောင်ထုသည်တစ်စတစ်စပြန်လည် ဆုတ်ခွာစပြု၏။ စောင့်စားကြည့်ရှုနေ သူတို့၏ မျက်စိအောက်မှာပင် အမှောင် အတွင်းမှ ပြန်လည်လွတ်မြောက်လာ လေသည်။

ကမ္ဘာမြေပြင်သည် မူလအတိုင်း ပြန်လည်ကြည်လင်ရွှန်းပလာ၏။ ဗိဿနိုးမြို့သူမြို့သားအပေါင်းတို



www.burmeseclassic.com

www.burmeseclassic.com





အံ့ဩပြီးရင်း အံ့ဩရင်းဖြစ်ကြရ၏။

နန်းရင်းဝန်ကြီး ဒဿနသည် ရဟန်းတော်နှင့် ခမည်းတော်ရသေ့မြတ်ရှေ့တွင် ရှိသေစွာ ဒူးကိုထောက်လျက် ...

"အို .. အရှင်သူမြတ်ဘုရား၊ အရှင့်တန်ခိုးတော်ကို တပည့်တော်နှင့် တကွသော ပန်ထွာဘုရင်မကြီးအပါ အဝင် ဗိဿနိုးမြို့သူမြို့သားအပေါင်း တို့သည် မျက်ဝါးထင်ထင် ရှုမြင်ခွင့် ရသဖြင့် အံ့ဩမဆုံး ဖြစ်ရပါပြီဘုရား"

ဒဿနသည် အရှင်သူမြတ်၏ ခြေအစုံကို နဖူးနှင့်တိုက်၍ ကြည်ညို စွာ ရှိခိုးကန်တော့၏။ မှူးမတ်ဗိုလ်ပါ အပေါင်းသည်လည်း တုပ်ပျပ်ကျိုးရှိခိုး ကန်တော့ကြ၏။ သူရ၊ ဥက္ကာနှင့်တပ် မှူးပါလတို့လည်း ကန်တော့ကြသည်။

"ကျန်းမာကြပါစေ .. ချမ်းသာ ကြပါစေ၊ ဘေးဘယာရန်ဟူသမျှ မြူ မျှမထင်အောင် ကင်းရှင်းကြ၍ အမျိုး ဘာသာသာသနာနှင့် နိုင်ငံ့အကျိုး၊ အရှင့်အကျိုး ဆထက်ထမ်းပိုးသည့် ပို၍ရက်ဆောင်နိုင်ကြပါစေ"

ရဟန်းတော်က မျက်လွှာကိုချ၍ မေတ္တာပို့၏။ ထို့နောက် ဘုရင်မကြီး ရှေ့မှောက်တွင် ညင်သာသိမ်မွေ့စွာ ရပ်တန့်လျက် ...

"ရေမြေ့ရှင် ဒါယိကာမကြီး .. ကျွန်ုပ်ကို ခွင့်ပြုပါဦးလော့၊ ကျောင်း သခ်မ်းပြန်ရန် အချိန်ကျပေပြီ"

"တင်ပါ့ဘုရား .. တပည့်တော် မအား သနားသဖြင့် တပည့်ဒကာရင်း ကဲ့သို့ မှတ်ယူတော်မူပါ"

"သာဓု . သာဓု . သာဓု"

ဖခင်ရသေ့မြတ်နှင့် ရှင်ရဟန်း သည် အတုလစည်တော်ဆောင်မှဆင်း လျက် အသင့်စီစဉ်ထားသော ဘုရင်မ ကြီး၏ မြင်းရထားပေါ်သို့ တက်သွား၏။

ငေးမောကြည့်ရှုကျန်ရစ်သူများက မှ ဖူးမဝသော ဖူးမျှော်ခြင်းခြင့် ဖူး မျှော်နေကြစဉ်မှာပင် ရထားသည် နန်း တော်ဝင်းအတွင်းမှ ထွက်ခွာသွားပါပြီ တည်း။

အခန်း(၂၁)

လျို့ဝှက်လက်နက်၏ သဲလွန်စ

လက်နက်မျိုးစုံကိုင်ဆောင် ထားသူများသည် သူ့ကို အတင်းနောက်မှ လိုက် ဖမ်းကြ၏။ သူရ အသက် လု၍ အားကုန်ရုန်း ပြေးသည်။

"ဟေ့ကောင် .. မင်း ပြေးလို့ မလွတ်ဘူး နော်၊ မပြေးနဲ့ .. ရပ် .. ရပ်"

"ကျုပ် .. ကျုပ်မှာ ဘာအပြစ်ရှိလို့လဲဗျ၊ ကျုပ် အဖမ်း မခံနိုင်ဘူး။ ခင်ဗျားတို့ လိုက်မလာ ကြနဲ့"

သူရက မောဟိုက်ပန်းလျနေ သည့်ကြားမှ တုံ့ပြန်ပြောခြင်းဖြစ်၏။

"မင်းအပြစ်ကို မင်းမသိဘူး လား၊ မင်းတို့က သူတော်ကောင်း ရဟန်းတော်ကို ပြစ်မှားကြတယ်လေ၊ မသက်ာစိတ်နဲ့စောင့်ကြည့်ကြတယ်။ အဲဒါ အပြစ်ပေါ့ကွ။ ငါတို့က ငရဲသား တွေ၊ မင်းတို့ကို ကောင်းကောင်းအပြစ် ဒဏ်ပေးရမယ်။ ကဲ .. ဟေ့ သူ့ကို မိအောင်ဖမ်းပြီး မီးပုံထဲပစ်ချကြစမ်း"

မီးလျှံတွေ ဟိန်းဟိန်းထအောင် တောက်လောင်နေသည့် မီးပုံကြီးထဲသို့ သူ့ကို ပစ်ချရန်ငရဲသားတွေက ဝိုင်း ဖမ်း၏။ သူကလည်း အပြင်းအထန် ရုန်းကန်သည်။ ထိုစဉ် ..

ငရဲသားတစ်ယောက်က သူ့ခေါင်း ကိုယ်ကို လှံတံတစ်ချောင်းနှင့် [illegible] ထိုးလိုက်၏။ သူ့ကိုယ်တွင်[illegible] သွေးတွေ ပန်းထွက်လာသည်။ နာကျင်သည့်

www.burmeseclassic.com

www.burmeseclassic.com



အနောကြောင့် သူရကြောက်လန့်တ ကြား အသံကုန်အော်ဟစ်လိုက်မိသွား သည်။

"အား . ."

"သူရ . . သူရ"

အသိအာရုံအတွင်း ဝင်ရောက် လာသည်က ဥက္ကာအသံ၊ သူရစုံမှိတ် ထားသည့် မျက်လုံးအစုံကို ဖွင့်ကြည့် လိုက်သည်။ ဦးစွာမြင်ရသည်က စိုးရိမ် အကြီး ငုံ့ကြည့်နေသော ဥက္ကာ၏ မျက်နှာ . .။

"သူရ . . မင်း . . မင်း . . ဘာ ဖြစ်နေတာလဲ"

သူရ ရုတ်တရက် အိပ်ရာမှ ဆတ်ခနဲ ထထိုင်သည်။ သူ ရောက်နေ သည်က ဥက္ကာတို့ မောင်နှမနေသည့် ရေပ်ကြီး၏ မြေတိုက်ခန်းထဲမှာ တည်င်ဆီမီးတိုင်များ၏ အလင်းရောင် ဖြင့် ဥက္ကာဘေးမှာ ရပ်နေသည့် ညီမ လေးစိတ္တာကိုပါ သတိထားမိသွား သည်။ သူ သဘောပေါက်လိုက်ပြီ။ အိပ်မက်ဆိုးတွေ မြင်မက်နေခြင်းပင်။ ဥက္ကာက မေးသည်။

"မင်း . . အိပ်မက် မက်နေတာ ထင်တယ်"

သူရတစ်ကိုယ်လုံး ဇောချွေးများ နှင့် ရွှဲနစ်နေ၏။ မောဟိုက်နေသဖြင့် လည်း ချက်ချင်းတုံ့ပြန်စကားမပြော နိုင်သေး။ ဥက္ကာက သူ့ရပခုံးကို တယု တယဆုပ်ကိုင်ဖြစ်ညှစ်လိုက်ရင်း . .။

"ဟုတ်ပါတယ် . .၊ မင်း အိပ် မက် ဆိုးမက်နေတာပါ"

"အင်း ဟုတ်တယ်ကွာ၊ သူတော် ကောင်းကို ဖြစ်မှားမိတဲ့အတွက် ခြောက်လှန့်သတိပေးခံရတဲ့ အိပ်မက်

**ကြောက်ခွဲဝမ်းနည်းစရာ**
**အဖြစ်များနှင့်**
**ကြုံရတော့မည်မှန်း**
**သိလိုက်ပြီ။ အန္တရာယ်၏**
**အနံ့ကို ရနေ၏။**
**ထိုအန္တရာယ်သည်**
**ဘုရင်မကြီးနှင့်**
**ပီဿနိုးနိုင်ငံတော်အတွက်**
**ကြမ္မာဆိုးများကို**
**သယ်ဆောင်မလာပါစေနဲ့ဟုသာ**
**ဆုတောင်းရုံကလွဲ၍ . . .**

ဆိုးကြီးပါပဲ။ ငရဲသားတွေက ငါ့ကို အတင်းဝိုင်းဆွဲပြီး လှံနဲ့ထိုးသတ်တဲ့ လူ က သတ်တယ်လေ။ မီးပုံကြီးထဲ ပစ် ချဖို့ဖမ်းတဲ့လူက ဖမ်းတယ်။ ငါတို့တော့ မှားသွားပြီကွာ။ သေရင် လားမယ့်ဂတိ ကို ကြိုတင်နိမိတ်ပြနေပြီကွ။ ဘုရား ဘုရား ကြောက်စရာကောင်းလိုက်တာ ကွာ။ မနက်မိုးလင်းရင် ရဟန်းမြတ် ဆီသွားပြီး ဝန်ချတောင်းပန်မှဖြစ်မယ်။ အခု ဘယ်အချိန်ရှိပြီလဲဟင်"

"အရုဏ်တက်ခါနီးပြီကွ။ ငါတို့ တစ်ရေးမှမအိပ်ရသေးဘူး"

"ဟင် . . ဒီအချိန်ထိ မင်းတို့ မအိပ်ဘဲ ဘာလုပ်နေကြတာလဲ"

"တို့မောင်နှမက လျှို့ဝှက်ချက် တစ်ခုကို ဖော်ထုတ်နိုင်ဖို့ ကြိုးပမ်းနေ ကြတာလေ"

အနီးရှိ ကျောက်စားပွဲကြီးပေါ် တွင် သားရေချပ်များကို စာအုပ်ချုပ် ထားသည့် ရှေးဟောင်းကျမ်းစာအုပ် ကြီးတစ်အုပ်ကို အပြန့်တိုင်းတွေ့ရ သည်။ သူရက စိတ်ဝင်တစားမေး သည်။

"ဘာလျှို့ဝှက်ချက်လဲကွဟင်"

"ညီမလေး စိတ္တာကိုပဲ မေး ကြည့်တော့ကွာ"

သူရမျက်လုံးတွေက စိတ္တာဆီ အကြည့်ရောက်သွား၏။

"ညီမလေးစိတ္တာ ဘာလျှို့ဝှက် ချက်လဲဟင်"

"ရဟန်းတု ရဟန်းယောင်ရဲ့ လိမ်လည်လှည့်ဖျားမှုကို ဖော်ထုတ်နိုင် မယ့် လျှို့ဝှက်ချက်ပေါ့ အစ်ကို သူရ ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ‥ အဲဒါ ဘာအဓိပ္ပာယ်လဲ"

"ဟား ‥ ဟား ‥ ဟား ငါတို့ ဗိသနိုးမြို့သားတွေနဲ့ အရှင့်ကိုပါ အတည်ပေါက်နဲ့ လိမ်လည်လှည့်ဖြားသွားတဲ့ ယုတ်မာကောက်ကျစ်တဲ့ ရာဇဝတ်မှုကြီးကို ဖော်ထုတ်နိုင်လိုက်တဲ့ လျှို့ဝှက်ချက်ပေါ့ကွာ"

ဥက္ကာက နာနာကျည်းကျည်း ဝင်ပြောလိုက်ခြင်းဖြစ်၏။ သူရကတော့ ဘာမျှမသိရှာ။

"ငါ့ကို ရှင်းပြကြပါဦးကွာ"

စိတ္တာက ကျောက်စားပွဲကြီးပေါ်မှာ ဖြန့်ခင်းထားသည့် သားရေစာအုပ်ကြီးအတွင်းမှ ပျူအက္ခရာများဖြင့် ရေးသားထားသည့် စာများနှင့် နေပုံလပုံ ကြယ်တာရာများနှင့် ကမ္ဘာကြီးတည်နေပုံများကို ဆေးရောင်စုံဖြင့် သရုပ်ဖော်ထားသည်ကို ညွှန်းပြရင်း …

"တကယ်တော့ ‥ အကျွန်တို့ ကောင်းကောင်းကြီး အလိမ်ခံလိုက်ရတာပဲ အစ်ကို"

"ဟေ ‥ ဘာကို ဆိုလိုတာလဲ ဟင်၊ ရှင်းအောင်ပြောစမ်းပါ စိတ္တာရယ်"

"မနေ့က ဟိုရဟန်းတု၊ ရဟန်းယောင်က သူရဇ္ဈနေမင်းရဲ့ အလင်းရောင်ကို အမှောင်ချပြီး တန်ခိုးပြာဋိဟာပြပွဲကြီးလုပ်တယ်ဆိုတာ လိမ်လည်လှည့်ဖြားမှုကြီးပဲ အစ်ကို"

"ဟေ"

"အစ်ကိုသူရစိတ်ထဲ ရှင်းသွားအောင် ညီမလေး သက်သေပြပါ့မယ်။ ဟောဒီမှာ ကြည့်ပါ"

စိတ္တာက သားရေစာအုပ်ကြီးထဲ



မှ နေပုံလပုံနှင့် ကမ္ဘာပုံများကို လက်နှင့်ထောက်လျက် …

"နေလကမ္ဘာဆိုတာ အားလုံး လုံးဝန်းတဲ့သဏ္ဍာန်ရှိတဲ့ ဂြိုဟ်တွေပါပဲ။ ကမ္ဘာနဲ့လမှာ ကိုယ်ပိုင်အလင်းရောင် မရှိဘူး။ ကိုယ်ပိုင်အလင်းရောင်ရှိတာက သူရဇ္ဈလို့ခေါ်တဲ့ တနင်္ဂနွေဂြိုဟ်နေ ဖြစ်ပါတယ်"

စိတ္တာရှင်းပြနေသည်ကို သူရ နားလည်အောင် မနည်းပင် ကြိုးစားနေရ၏။ စိတ္တာက ဆက်ပြောသည်။

"ကမ္ဘာဂြိုဟ်ရယ်၊ စန္ဒာရော လို့ခေါ်တဲ့ လရယ်က နေကို လှည့်ပတ်နေတယ်။ ဒါကြောင့် နေ၊ ကမ္ဘာနဲ့လ တစ်တန်းတည်းကျရောက်တဲ့အခါ လ အရိပ်ဟာ ကမ္ဘာပေါ်ကိုကျရောက်ခြင်းကြောင့် နေကြတ်ခြင်းဆိုတာ ဖြစ်ပေါ်တာပဲ။ အဲဒီလိုပဲ လနဲ့နေကြား ကမ္ဘာရောက်တဲ့အခါမှာလည်း လဟာ ကမ္ဘာရဲ့ အရိပ်ကြောင့် လကြတ်ခြင်းကို လငပုတ်ဖမ်းခြင်းလို့ ခေါ်ပါတယ်"

"ဒါတွေဟာ ဘယ်တန်ခိုးရှင်ရဲ့ တန်ခိုးပြာဋိဟာကြောင့်မှ မဟုတ်ဘဲ လောက သဘာဝမှု၊ နိယာမတရားဖြစ်စဉ်တွေပါပဲ။ အဲဒီဖြစ်စဉ်တွေကို လောကဓာတ်နည်းပညာတွေနဲ့ တွက်ချက်အဖြေထုတ်တတ်ရင် ဘယ်နေ့ ဘယ်အချိန်မှာ နေကြတ်မယ်၊ ဘယ်နေ့ည ဘယ်အချိန်မှာ လငပုတ်ဖမ်းမယ်ဆိုတာ ကြိုတင်သိနိုင်တယ် အစ်ကို"

"ဟိုတစ်ခါ လနဲ့သောကြာကြယ် နီးကပ်တဲ့ဖြစ်စဉ်တုန်းကလည်း အဲဒီဖြစ်စဉ် ဘာကြောင့်ဖြစ်ရတယ်ဆိုတဲ့ အဖြေကို ဒီစာအုပ်ကြည့်ပြီး အဖြေထုတ်ခဲ့တာပဲ။ အကျွန်လည်း ရုတ်တရက် နေလုံးကြီး မှောင်သွားတော့ ရဟန်းတော်ရဲ့တန်ခိုးပြာဋိဟာလို့ ထင်မိသေးတယ်။ နောက်မှ အကျွန်တို့ ဘိုးဘေးအဆက်ဆက် ထိန်းသိမ်းခဲ့တဲ့ လောကဓာတ်နဲ့ နက္ခတ်တာရာ၊ ဂြိုဟ်သွားဂြိုဟ်လာအကြောင်း အတိအကျ အသေးစိတ် မှတ်တမ်းတင်ပြုစုထားတဲ့ ဒီလောကဓာတ် သိပ္ပံကျမ်းစာအုပ်ကြီးကို သတိရပြီး ပြန်ကြည့်တော့ အသေးစိတ်မှတ်တမ်းတင်ထားတာ တွေ့ရတယ်"

"အကျွန်ကိုယ်တိုင် ဒီလောကဓာတ်သိပ္ပံကျမ်းကြီးထဲက တွက်ချက်



www.burmeseclassic.com

www.burmeseclassic.com



နည်းတွေနဲ့ တွက်ချက်ကြည့်တော့။ ဟုတ်တယ် အဲဒီနေ့ မွန်းတည့်ချိန်မှာ နေသဗ္ဗကြတ်မယ်ဆိုတဲ့ အဖြေကိုရတယ်"

"သဗ္ဗကြတ်တယ်ဆိုတာ နေလုံးကြီးတစ်ခုလုံး အပြည့်ကြတ်တာကို ခေါ်တာ။ တစ်ဝက်ကြတ်တာရှိတယ်။ အကွင်းလိုက်ကြတ်တာရှိတယ်။ ဒါတွေအကုန်လုံးဟာ လောကဓာတ်နည်းနဲ့ ဘယ်နေ့ဘယ်အချိန် ဘာဖြစ်မယ်ဆိုတာ ကြိုတင်တွက်ချက် အဖြေထုတ်လို့ရတယ် အစ်ကို"

"အကျွန်တို့ရဲ့ ရှေးဘိုးဘေးတွေရဲ့ ဒီလောကဓာတ်သိပ္ပံကျမ်းကြီးထဲမှာ နောင်လာမယ့် အနာဂတ်နှစ်ပေါင်းထောင်ချီကြာခဲ့ရင် ကြယ်တာရာနဲ့ ဂြိုဟ်နက္ခတ်တွေအပေါ် လူသားတွေ အရောက်သွားနိုင်ကြလိမ့်မယ်လို့တောင် ကြိုတင်ဟောကိန်းထုတ်ခဲ့ကြတဲ့အထိ လေ့လာမှုအားတွေ ကောင်းမွန်ပြည့်စုံခဲ့ကြတယ်"

"တစ်နေ့ အံ့သြစရာကောင်းတာက သရေခေတ္တရာသားတွေထဲမှာလည်း အကျွန်တို့ ဘိုးဘေးတွေနဲ့အတူ လေ့လာလိုက်စားခဲ့ကြတဲ့ လောကဓာတ်သိပ္ပံပညာရှင်တွေ၊ နက္ခတ်ဆရာတွေ ရှိခဲ့တယ်လို့ ဒီကျမ်းကြီးထဲမှာ တွေ့ရတာပါပဲ။ ဒါကြောင့် ရဟန်းတုရဟန်းယောင်တွေဟာ အဲဒီပုဂ္ဂိုလ်တွေရဲ့ အနွယ်အဆက်တွေထဲက ဖြစ်နိုင်တယ်ဆိုတာပါပဲ။ ဒါကြောင့် ရဟန်းယောင်ဟာ နေကြတ်မယ့်နေ့ကို ကြိုတင်တွက်ချက်ပြီး မသိနားမလည်တဲ့ ဗိဿနိုးမြို့သားတွေနဲ့ အရှင့်ကို လိမ်လည်လှည့်ဖျားတဲ့ အပြစ်ကြီးကို ယုတ္တိရှိရှိ ကျူးလွန်ခဲ့ကြတာပေါ့"



"တောက် ‥ ဖြစ်မှ ဖြစ်ရလေကွာ"

သူရ ယူကျုံးမရဖြစ်သွားသည်။ သူအပါအဝင် ဗိဿနိုးမြို့သားအားလုံး အလိမ်ခံလိုက်ရပြီဖြစ်ကြောင်း သိရချိန်သည် အရမ်းနောက်ကျသွားခဲ့ပြီ။

ရှင်တုရှင်ယောင်၏ လိမ်လည်လှည့်ဖျားမှုကို ပျက်ပြယ်အောင် လုပ်ဆောင်ရန် လွန်မင်းစွာ ခက်ခဲမည့်အချိန်ကို ရောက်သွားခဲ့ပြီဖြစ်၏။ ဤလိမ်လည်မှုကြီးအား ဖော်ထုတ်နိုင်သော်လည်း ဗိဿနိုးမြို့သားများအား ယုံကြည်အောင်ပြောဖို့မလွယ်။ မည်သူမျှလည်း သူတို့၏စကားကို ယုံကြည်ပေးကြလိမ့်မည်မဟုတ်။

ရဟန်းသည် မည်သို့သော အကြံအစည်ရှိ၍ ဤလိမ်လည်မှုကြီးအား အကွက်ချ စီစဉ်သည်မသိ။ ကြေကွဲဝမ်းနည်းစရာအဖြစ်များနှင့် ကြုံရတော့မည်မှန်း သိလိုက်ပြီ။ အန္တရာယ်၏ အနံ့ကို ရနေ၏။

ထိုအန္တရာယ်သည် ဘုရင်မကြီးနှင့် ဗိဿနိုးနိုင်ငံတော်အတွက် ကြမ္မာဆိုးများကို သယ်ဆောင်မလာပါစေနဲ့ဟု သာ ဆုတောင်းရုံကလွဲ၍ ‥‥။

ရှေ့လဆက်ရန်…

မင်းမဟာကျော်ခေါင်



www.burmeseclassic.com

www.burmeseclassic.com



## မေမေပြုံးသော လပြည့်ည

ဝိုင်းဝိုင်းကလေးပြုံးလို့
ချစ်စရာ ယုန်ကလေးရေ
မှိန်ပြပြမြက်ခင်းပေါ်
ခပ်ရှက်ရှက် ပန်းရနံ့နဲ့
တလက်လက်ငွေရောင်ကန်ဘေး
တိတ်ဆိတ်ခြင်းနဲ့အတူ
အေးမြငြိမ်းချမ်းမှုတွေဝေလို့ ..။

မေမေ့ရဲ့ နူးညံ့လက်မောင်းပေါ်
ခေါင်းကလေးအပ်ရင်း
ခပ်သဲ့သဲ့တေးသံကြား
နွေးထွေးတဲ့ လက်တစ်စုံအောက်
ညီမလေးနဲ့အတူ
ပုံပြင်လေးမဆုံးခင်
လမင်းကြီး မအိပ်ရဘူးနော် ..။ ။

ညီလမင်း(အောင်လံ)



### အမှတ်စဉ်(၁၂၉) ဇူလိုင်လအတွက်

**ရွေးကဗျာစာရင်း**

၁။ နန္ဒာမိုးကြယ် – ရွက်ကြွေတော
၂။ မောင်မိုးလှိုင်(သစ္စာမြေ) – မေတ္တာအစဉ်အလာ
၃။ ဆုမွန်ဦး(ဟသ်ာတ) – ရန်ကုန်ည
၄။ လမင်းသစ္စာ – အဝေးမှုန်
၅။ ဗဟိုမောင်မိုးဆွေ – အံခမ့်ကျောင်း
၆။ ရဲမြင့်နောင် – သရောကြီးခိုင်းချိန်
၇။ မြစိုးလွင် – အဌာရသ
၈။ ညီမိုးဆွေ – တိုက်တိုက်ဆိုင်ဆိုင်လွဲတာများ
၉။ ကြယ်လင်းအိမ် – ဘဝကို အဲဒီလို တိုးတိုးတိတ်တိတ်ဖြတ်သန်းခဲ့မှုးပါရဲ့
၁၀။ လဝင်း – ကဗျာလာတယ် လမ်းဖယ်ပေးကြပါ


www.burmeseclassic.com

www.burmeseclassic.com





## တံခါးဖွင့်ခွင့်ပေးပါ

စဉ်းစားမိတယ်
လောကရဲ့တိုင်းတာမှုဆိုတာ
ကြည့်တတ်တဲ့သူမှ
မြင်ရတာပဲ ..
အဆိုးအကောင်းတွေလည်း
အကျိုးအကြောင်းနဲ့
စနစ်တကျ စီမံတည်ဆောက်ပြီး
ဧှာန်ကရိုဏ်းကျကျ
ဖြစ်တည်လာတာပဲ
ဘယ်သူမပြု မိမိမှု
စကားနဲ့ပဲ ဖြေသိမ့်ရင်း
အတ္တကြီးစွာနဲ့
ချောင်လေးတစ်ချောင်မှာ
တိုးတိုးလေး ရှိုက်ငိုခဲ့ဖူးတယ်
နှိုင်းယှဉ်ခံရပေါင်းများတော့
ကိုယ့်တန်ဖိုးတောင်
ကိုယ်မေ့ချင်တယ်
နားလည်စ ပြုသင့်နေတဲ့
ဟောဒီ သဘာဝတရားကြီးမှာ
ငါ့ရဲ့ မေတ္တာအစိုင်အခဲတွေ
ဘယ်ဘက်လက်က တစ်ဆုပ်ကြဲလို့
ညာဘက်လက်က တစ်လှည်း
ပြန်ဝင်ခဲ့ဖူးသလား
ဦးနှောက်နဲ့ လိုက်မမီအောင်ကို
ကဗျာရေးချင်နေတာ
ဒါပေမဲ့ သမားရိုးကျ
အတွေးတွေပဲ ထွက်လာတယ်
လောကကြီးကို
အမှန်အတိုင်းမြင်ချင်လို့
တံခါးဖွင့်ခွင့်ပေးပါ ..။ ။

ရုပ်မြတ်နိုး

## မာယာကောက်ကြောင်း

မှောင်အတိနဲ့
ဖောင်းမညီတဲ့ညတွေမှာ
ကြိုးညှိမရတဲ့ ဂစ်တာတစ်လက်နဲ့
သံစဉ်မဲ့ သီချင်းတစ်ပုဒ်ကို ဆိုညည်းရင်း
အိပ်ရေးပျက်တဲ့ညတွေ မနည်းတော့ဘူး။

အိပ်မရတဲ့
စိတ္တဇညတွေမှာ
မှင်မလိုက်တဲ့ ဖောင်တိန်တစ်ချောင်းနဲ့
ကာရံမဲ့ ကဗျာတစ်ပုဒ်ကို ရေးရင်း
အိပ်ရေးပျက်တဲ့ညတွေ မနည်းတော့ဘူး။

ဝေဒနာ ဗရပွနဲ့
လှည့်စားသွားတဲ့ ညတွေမှာ
မှိန်ပြပြကောက်ကြောင်းနဲ့
စုတ်ချက်မညီတဲ့ ပန်းချီကားတစ်ချပ်ကိုဆွဲရင်း
အိပ်ရေးပျက်တဲ့ညတွေ မနည်းတော့ဘူး။

နောက်ဆုံးတော့
မင်းတို့ဘဝတွေ
ငါတို့ဘဝတွေ
အားလုံး ...
လှည့်စားတတ်တဲ့ ကောက်ကြောင်းတွေနဲ့
ရေးဆွဲခံနေရတာကိုး။ ။

ညည်သူ(အဖျောက်)





www.burmeseclassic.com

www.burmeseclassic.com





နှစ်ယောက်တန်းထိုင်ခုံကြားတွင် ညပ်နေသော မိန်းမကြီးကို
လူနှစ်ယောက်မှ ဝိုင်းကူဆွဲထုတ်နေကြရသည်။
ခက်ခက်ခဲခဲ အောင်မြင်စွာ ဆွဲထုတ်ပေးပြီးနောက်
လူငယ်တစ်ယောက်မှ ...



www.burmeseclassic.com

www.burmeseclassic.com



၁၉၇၅ ခုနှစ်ကဖြစ်သည်။ ကျွန်တော်အရေးပေါ်ခရီးသွားရာမှ အပြန် မြည်မြို့တွင် တထောက်နားနေစဉ်–

"ဟေ့ ... ဟေ့ ညီလေး၊ အစ်ကို စားတဲ့ ထမင်းဖိုး ... ဘယ်လောက်ကျသလဲကွ"

"လာပြီ ... အစ်ကိုရေ၊ အစ်ကို စားတာက ဝက်သားဟင်းနဲ့ ချဉ်ပေါင်ကျော် လိုက်ပွဲက နှစ်ပွဲဆိုတော့"

ဆိုင်စားပွဲထိုးလေးမှ စားပြီးသားပန်းကန်များကိုသိမ်းရင်း ကျသင့်ငွေကို တွက်ချက်နေစဉ် ကျွန်တော် ကျောပေးထိုင်နေမိသော ဆိုင်၏အရှေ့ဘက်သို့ လှမ်းမျှော်ကြည့်မိလိုက်သည်။ အပြင်ဘက်၌ အမှောင်ရိပ်များ လွှမ်းမိုးစပြုလာနေသည်ကို သတိထားမိလိုက်သည်။ စားပွဲထိုးလေး၏ကျသင့်ငွေကို အိပ်ကပ်ထဲမှ နှိုက်ယူပေးနေရင်း–

"ညီလေး ... ရန်ကုန်ပြန်မယ့် ကားတွေ ဘယ်နားကသွားစီးရတာလဲကွ"

"ခင်ဗျား .. ရန်ကုန်သွားဖို့လား၊ မဝေးပါဘူး၊ ကျွန်တော်တို့ဆိုင်ရဲ့ညာဘက်ခြမ်းကိုသာ လျှောက်သွားလိုက်၊ အဲဒီမှာ မနက်ထွက်မယ့်ကားတွေ ဂိတ်ထိုးထားတယ်"

"မနက်မဟုတ်ဘူးလေကွာ၊ ခုစီးလို့ရမယ့် ညကား"

"ဟာ ... ညဘက်ထွက်တဲ့ကား ဒီအချိန်မရှိနိုင်တော့ဘူး"

"ခုမှ ၆ နာရီလောက်ပဲရှိသေးတာ၊ ညကားမရှိတော့ဘူးလား ဟေး"

"ဟုတ်တယ် အစ်ကို၊ သွားတော့မေးကြည့်ပေါ့၊ ကျွန်တော်သိသလောက်ပြောရတာ၊ ညဘက်ဆိုရင် ဒီလမ်းတွေက စိတ်မချရဘူး၊ ခဏခဏအတိုက်ခံရလို့ ဘယ်ကားမှမထွက်ဘူး၊ စီးမယ့်ခရီးသည်လည်း ပါးရှားသွားပြီ၊ ညနေပိုင်းအစောဆုံးကားတောင် ဘယ်အချိန်ထွက်မလဲ၊ ရန်ကုန် ဘယ်အချိန်ရောက်မလဲ သွားမေးရင် မကြိုက်ချင်ဘူး"

"ဒါဆိုရင်တော့ .. ဒုက္ခပါပဲကွာ"

"အစ်ကိုရယ် ... အရေးမကြီးရင် မနက်စောစောထွက်တဲ့ ခေါင်းဆုံးကားကို စီးလိုက်သွားပေါ့၊ ဒီတစ်ညတော့ အဲဒီနားက တည်းခိုခန်းတစ်ခုခုမှာ တည်းလိုက်ပေါ့"

စားပွဲထိုးလေးသည် ပြောပြောဆိုဆိုနှင့် ကျွန်တော့်အနီးမှလှည့်ထွက်သွားသည်။ ကျွန်တော်သည် ထမင်းစားပွဲပေါ် အသင့်ရှိနေသော ရေနွေးခွက်ကို ကောက်ယူမော့သောက်လိုက်ပြီး ဘယ်လက်ဖြင့် မိမိအိပ်ထောင်ကို စမ်းကြည့်လိုက်သည်။ အိပ်ထဲမှ ငွေလက်ကျန်သည် ရန်ကုန်သို့ပြန်နိုင်ရန် လမ်းစရိတ်မျှသာရှိတော့သည်ကို စိတ်တွက်ဖြင့် တွက်ကြည့်မိလိုက်သည်။

"အို ... ကွာ၊ ယောက်ျားပဲ၊ ကြုံသလိုပေါ့၊ တည်းခိုခန်းမတည်းနိုင်တော့လည်း ဒီညအတွက် ခာတ်တိုင်တစ်တိုင်မှီပြီး မနက်ထွက်မယ့် ကားစောင့်စီးရတော့မှာပဲ" ဆိုသည့် စိတ်အတွေးတို့နှင့်အတူ လေးလံနေသောခြေလှမ်းများနှင့် ဆိုင်အပြင်သို့ လှမ်းထွက်လိုက်သည်။ အပြင်ဘက်တွင် အမှောင်ထုနှင့်အတူ ဆောင်း၏ အအေးငွေ့တို့ ထွေးပိုက်မှုကို ခံစားလိုက်ရသည်။

(၂)

အမှောင်ထုအထဲမှ ဝိုးတဝါးလမ်းမီးတိုင်များကို လှမ်းမြင်တွေ့နေရသည်။

ကျွန်တော်သည် စားပွဲထိုးလူငယ်ပြောသည့်ဘက်သို့ ရှေ့ရှုလျှောက်လှမ်းသွားလိုက်သည်။ မနီးမဝေးရှေ့တွင် စစ်ကျန် ဘတ်စ်ကားကြီး ၄/၅ စီးခန့်ကို တွေ့လိုက်ရသည်။ ကားများအားလုံး



www.burmeseclassic.com

www.burmeseclassic.com



သည် တံခါးများပိတ်ကာ အမှောင်ချထားသည်။ မနက်ဖြန်ခရီးစဉ်အတွက် ရပ်နားထားသောကားများသာ ဖြစ်လိမ့်မည်ဟု စိတ်မှ တွေးကြည့်မိလိုက်သည်။

ကျွန်တော်သည် ထိုကားများနှင့် မနီးမဝေးဓာတ်တိုင်တစ်တိုင်အောက်၌ ထိုင်ချလိုက်သည်။ ပါလာသည့်လွယ်အိတ်ထုတ်လေးကို ပွေ့ပိုက်ကာ ခေါင်းတင်မှေးငိုက်နေမိလိုက်သည်။

တစ်နေ့လုံး ကားစီးလာရသည့်အထဲကြောင့် မှေးငိုက်ချင်သော်လည်း ဆောင်းဓါ်အအေးဒဏ်ကို အံတုဘက်ပြိုင်နေရသည်နှင့် စိတ်ရှိလက်ရှိ မငိုက်နိုင်။

ယနေ့မနက် ၄ နာရီလောက်ကတည်းက ညောင်ဦးမှထွက်လာခဲ့ရသည့် ခရီးစဉ်ကို တစ်ချက်တစ်ချက် ပြန်လည်အတွေး ရောက်ရောက်သွားသည်။ ညောင်ဦးမှတောင်တွင်းကြီး၊ တောင်တွင်းကြီးမှတစ်ဆင့် ပြည်၊ အဆင့်ဆင့်စီးလာရသည့်ခရီးလမ်းသည် သက်သောင့်သက်သာမဟုတ်၊ ပြည့်သိပ်နေသောကုန်နှင့် လူများကြားမှ တိုးတိုးဖွေ့ဖွေ့စီးလာရသည့်အထဲကြောင့် တစ်ကိုယ်လုံးကိုက်ခဲနေသည်။

လမ်းတစ်လျှောက် ခရီးသည်တွေအတင်အချ၊ ကုန်တွေအတင်အချနှင့် အချိန်အတော်ပေးလိုက်ရသဖြင့် ပြည်မြို့သို့နေဝင်လုဆဲဆဲမှ ရောက်လာခဲ့ရသည်။

ယခု ပြည်မှ ရန်ကုန်သို့ထွက်နိုင်ရန် ကားကမရှိ။ တစ်ညဉ့်လုံးငုတ်တုတ်၊ ဒီဆောင်းဓါ်အအေးထဲတွင် အားတင်းမာန်ခဲကာနေရဦးမည့်အရေးက မသေးလှသည်ကို မိမိကိုယ်ကိုတွေးမိသော်လည်း ဘာမှမတတ်နိုင်တော့သည့်ဘဝ။

မရေမရာအတွေးများနှင့် ငိုက်မှေးနေစဉ် ကျွန်တော်၏ရှေ့သို့ စစ်ကျန်ဘတ်စ်ကား ဗိုက်ပူကြီးတစ်စီး ထိုးဆိုက်လာသည်။ ထိုကားတစ်စီးလုံး မီးရောင်တို့ဖြင့် ထိန်လင်းနေသည်။ ကားပေါ်မှ စကားပြောသံတချို့ကိုလည်း ကြားနေရသည်။

ကားပေါ်မှလူတစ်ယောက် ဆင်းလာပြီး နောက်ဘက်၌ပိတ်ထားသောတံခါးကို တွန်းဖွင့်လိုက်သည်။ မကြာခင် ၄ တင်း ၅ တင်းဆန်အိတ်ကြီးများကို ထမ်းလာသူကျောပေါ်မှတစ်ဆင့် ကားအတွင်းသို့ ဆွဲတင်နေကြသည်ကို လှမ်းတွေ့လိုက်ရသည်။ ထိုအိတ်ကြီးများမှာ ပဲလျော်အိတ်ကြီးများဖြစ်သည်ကို နောင်မှသိလိုက်ရသည်။

ကုန်များကား နောက်ဘက်တစ်ခုလုံးပြည့်လုနီးပါးအချိန်တွင် ကျွန်တော်သည် ထိုလူနှစ်ယောက်အနီးသို့ သွားကာ–

"ဆရာတို့ ..ဒီကား ဘယ်ကို သွားမယ့်ကားလဲမသိဘူး"

"ရန်ကုန်"

"ဟာဗျာ .. ရန်ကုန် ဟုတ်လားဆရာ၊ ကျွန်တော်လိုက်လို့ရမလားမသိဘူး။ ရှရင်လိုက်ပါရစေ၊ ကျွန်တော်ရန်ကုန်သွားမယ့်ကားစောင့်နေတာ၊ မနက်မှဆိုလို့ဗျာ"

"ဟုတ်တယ်လေ .. ဒီကားတွေအားလုံး မနက် ရန်ကုန်ထွက်မယ့်ကားတွေချည်းပဲ၊ တို့ကားက ကုန်ပို့တဲ့ကားခရီးသည်အရည်းအပါးပဲ လိုက်ကြတာ၊ မင်းလိုက်ချင်တယ်ဆိုရင် လိုက်ခဲ့ပါ့ဗျာ၊

ကားသမားတွေက
ညဆိုရင်
ဒီလမ်းကိုမမောင်းကြဘူး၊
ခရီးသည်က
ရန်ကုန်
ဘယ်အချိန်ရောက်မလဲ၊
ဘယ်အချိန်ထွက်မှာလဲ
သွားမေးနဲ့,
အဲဒီခရီးသည်ကို
မတင်တော့ဘူး၊
အဲဒီလောက်
စိုးရိမ်ကြီးကြတာ
...



www.burmeseclassic.com

www.burmeseclassic.com



ားက ‥ ကုန်တွေနဲ့တော့ပြည့်နေပြီ"

"လိုက်လို့ရရင် တော်ပါပြီ၊ တစ်ညလုံး အအေးထဲထိုင်နေရမယ့် အတူတူ … ကျေးဇူးပါပဲ"

ကားရှေ့ဘက်အပေါက်ဆီသို့ ခပ်သွက်သွက်ပြေးသွားကာ ကားပေါ်တက်လိုက်ရသည်။ ကားဆရာပြောသလို တစ်ကားလုံးကုန်တွေနှင့် ပြည့်နေသည်။ ကားပေါ်၌ ခရီးသည် ၆ ဦး ၇ ဦးခန့်သာ တွေ့ရသည်။

မိမိအတွက် ထိုင်စရာ နေရာ တောင်မရှိ။ နေရာလွတ်ဆို၍ ၃ ယောက်တန်းထိုင်ခုံ၌ သားသည်အမေတစ်ယောက်၏နံဘေးမှနေရာတစ်ခုကိုသာ လှမ်းတွေ့လိုက်ရသည်။ သူမ၏ရင်ခွင်ထဲ၌ နို့တိုက်နေသော ကလေးတစ်ယောက်နှင့်နံဘေး၌ ၄ နှစ်အရွယ် ကလေးတစ်ယောက်သာရှိသည်။ ကျွန်တော် ထိုနေရာအနီးသို့သွားကာ–

"ဒီမှာ … ဒီမှာ၊ ဒီနေရာလေးမှာ ထိုင်သူမရှိရင် ထိုင်ခွင့်ပြုပါလား"

သူမသည် ကျွန်တော့်ကို မော့ကြည့်ကာ ခေါင်းညိတ်ပြလိုက်သဖြင့် ထိုနေရာ၌ ဝင်ထိုင်လိုက်ရသည်။ ကုန်များမှာ ကားနောက်ခန်း အလယ်လျှောက်လမ်းနှင့် ထိုင်ခုံအချို့ပေါ်တွင် ပြည့်နေသည်။ အိတ်များမှ ပဲဖော့အနံ့များ ထွက်နေသလို ငွေ့ငွေ့ငွေ့ငွေ့ ငွေ့အသက်များရှိနေသေးသည်။

မကြာခင် ကားစက်နှိုးသံနှင့်အတူ ကားဘီးများစတင်လှုပ်ရှားကာ ထွက်ခွာခဲ့သည်။ ကားတစ်ခုလုံး ဝါများပိတ်ထားသဖြင့် အောင်း၏ အအေးဒဏ်ကို အတော်အကျွမ်းရယူနိုင်သည်။ ခရီးသည်အားလုံး တိတ်ဆိတ်

ငိုက်မျဉ်းပါလာကြသော်လည်း ကားမောင်းသူနှင့် စပယ်ယာနှစ်ဦးတို့၏ တီးတိုးစကားပြောသံကိုသာ တစ်ချက်တစ်ချက် ကြားနေရသည်။

ကားရှေ့မှန်မှ လှမ်းမျှော်ကြည့်လိုက်လျှင် ဝန်းကျင်တစ်ခုလုံး မှောင်မဲနေသည်။ ကားရှေ့မီးအလင်းရောင် တစ်လျှောက်သာ အလင်းများကို တွေ့နေရသည်။ ကား၏မီးအလင်းရောင်ကြားမှသားကောင်ငယ်များ တစ်ခါတစ်ရံ ဖြတ်ပြေးသွားသည်ကိုလည်း တွေ့နေရသည်။

မကြာခင် ကျွန်တော်လည်းကားပေါ်၌ငိုက်မျဉ်းသွားသည်။ မည်မျှကြာကြာ အိပ်ပျော်သွားသည်မသိ။ ကျယ်ကျယ်လောင်လောင် စကားပြောသံများကြောင့် လန့်နိုးသွားသည်။ စပယ်ယာနှင့် ဒရိုင်ဘာတို့၏ စကားသံကြောင့် ကားရှေ့သို့လှမ်းမျှော်ကြည့်မိလိုက်သည်။

အတော်ဝေးဝေးဆီမှ မီးရောင်လုံးတစ်ခုကို မြင်တွေ့လိုက်ရသည်။ စိတ်ထဲမှလည်း စူးစမ်းလိုစိတ်နှင့် စပယ်ယာနှင့် ဒရိုင်ဘာတို့၏စကားသံများကို နားစွင့်မိလိုက်သည်။ မြင်းရိုင်းတစ်ကောင်လို ပြေးလွှားနေသောကားမှာ နှေးသွားသည်။

"ကိုတာတီး ‥ ရှေ့ကတွေ့နေရတဲ့ မီးရောင်က ဘာလဲ မသိဘူးဗျ၊ ဆက်သွားလို့ ဖြစ်ပါ့မလား"

စပယ်ယာနှင့် ဒရိုင်ဘာတို့၏ စကားသံများကြောင့် ကားပေါ်ပါခရီးသည်များ လှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြသည်။ အချို့ကလည်း ဘာလဲ ဘယ်လဲဆိုသည့် တစ်ယောက်တစ်ခွန်း စူးစမ်းမေးမြန်းသံများကြောင့် တစ်လမ်းလုံး ဆိတ်ငြိမ်နေသောကားသည် သက်ဝင်လှုပ်ရှားလာသည်။

"အေးကွ … ခရီးက အတော်ပေါက်လာပြီဆိုတော့ ငါ ‥ နောက်ပြန်မလှည့်ချင်တော့ဘူး၊ အခြေအနေကြည့်ပြီးတော့ မောင်းမယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုတာတီး သဘောလေ ... တောကြောင်တွေဆိုရင်တော့"

"အိုကွာ .. မင်းကလဲ၊ ဒီမှာ ခရီးသည်တွေ သိပ်လည်းအိပ်ပျော်မနေကြနဲ့ဦး ... သတိထားကြဗျို့၊ ကျုပ်က အသင့်ဆိုတာနဲ့ နေရာသာယူကြတော့"

ဆိုသည့်စကားနှင့်အတူ စက်ရှိန်ကို မြှင့်တင်လိုက်သည်။ ကားသည် မြင်းရိုင်းတစ်ကောင်လို တွန်းထိုးရုန်းထွက်ပြေးသွားတော့သည်။ အားလုံးသည် လှမ်းမြင်နေရသောမီးရောင်ဆီသို့ စူးစမ်းကာစိတ်လှုပ်ရှားနေကြသည်။ မီးရောင်နှင့်နီးလာလေ ကျွန်ုပ်တော့်ရင်ထဲမှာ တထိတ်ထိတ်နှင့် လှုပ်ရှားနေသည်။ ညနေက ထမင်းဆိုင်စားပွဲထိုးလေးပြောသည့်အကြောင်းအရာများကို ကြားယောင်နေမိသည်။

"ကားသမားတွေက .. ညဆိုရင် ဒီလမ်းကိုမမောင်းကြဘူး၊ ခရီးသည်က ရန်ကုန်ဘယ်အချိန်ရောက်မလဲ၊ ဘယ်အချိန်ထွက်မှာလဲသွားမမေးနဲ့ .. အဲဒီခရီးသည်ကို မတင်တော့ဘူး၊ အဲဒီလောက် စိုးရိမ်ကြီးကြတာ"

"ဟာကွာ ... ဒီလောက်တောင်မှလား"

"ဟုတ်တယ်အစ်ကို ... လမ်းတလျှောက်က ရွာတွေနဲ့လည်း ဝေးတယ်၊ ပြီးတော့ ... ဗကပတွေက အလယ်ရိုးမနဲ့ အနောက်ရိုးမကို ဒီလမ်းတွေက ဖြတ်သွားလေ့ရှိတယ်လို့ ပြောကြတာပဲ၊ ဒီကြားထဲ တောကြောင်တွေက ပိုဆိုးသေးတယ်၊ လမ်းက အကွေ့အကောက်ကလည်း ပေါ၊ တောင်ကုန်းမြင့်မြင့်က လှမ်းကြည့်နေရင် ကားလာမလာကို ကြိုမြင်နေရတယ်၊ ဒါကြောင့် ဒီလမ်းက ဓားပြတိုက်ဖို့ အကောင်းဆုံးဖြစ်နေမှာပေါ့"

မကြာခင်ကျွန်တော်တို့ကားသည် အဆိုပါမီးရောင်လှဲ့လှဲ့နေရာသို့ ရောက်သွားသည်။ အနီးရောက်မှ ကိုယ်ပိုင်ကားလေးတစ်စီး လမ်းပေါ်၌ ခရီးသွားရင်းပျက်နေသဖြင့် ပြင်နေကြခြင်းဖြစ်သည်။ ကားလေးအနီး၌ ကားကို ထိုးရပ်လိုက်ပြီး ဒရိုင်ဘာမှ–

"ကားက ... ဘာဖြစ်သွားတာလဲဗျ"

"မသိပါဘူးဗျ ... ကားက ထိုးထိုးပြီး ရပ် ... ရပ်သွားတာ၊ ကျုပ်တို့က ကားသာမောင်းတတ်တာ၊ မပြင်တတ်ဘူးဗျို့ .. ကားဆရာတို့ပြင်တတ်ရင် နည်းနည်းလောက် ကြည့်ပေးသွား[...] စမ်းပါ"

"ဟာဗျာ ... အားနာစရာကြီး[...] ကျုပ်တို့လည်း ဒီလောက်မကျွမ်းကျင်ပါ[...] ဘူးဗျာ၊ ပြီးတော့ ... အချိန်ကလည်း[...] မရဘူးဗျ၊ ကားပေါ်ကကုန်တွေက အ[...] ချိန်မီပို့ပေးရမှာ၊ သတိလည်းထားကြ[...] ဦးဗျို့"

ကားဆရာက ကားကို မောင်း[...] ထွက်လာခဲ့သည်။ ခရီးသည်အားလုံး[...] ယခုမှ စိတ်သက်သာရာ ရသွားကြ[...] သည်။ ကားဆရာသည် ယခုမှ ကျွန်[...] တော်ညနေက ကြားခဲ့ရသည့် ဒီလမ်း[...] ဒီခရီး၏ဇာတ်လမ်းများကို ဖွဲ့ကာနွဲ့ကာ[...] ပြောပြနေသလို ဒီလမ်း၏အဆိုးဝါးဆုံး[...] တောကြောင်ဓားပြတို့၏အကြောင်းကို[...] နိဂုံးချုပ်ကာ ပြောပြအဆုံးသတ်သွား[...] သော်လည်း ကျွန်တော်တို့၏ရင်ထဲမှ စိုး[...] ရိမ်သောကဇာတ်လမ်းတို့သည် အဆုံး[...] မသတ်နိုင်သေး။

အချိန်အတော်လေးကြာမှ ကား[...] ဒရိုင်ဘာသည်–

"အဲဒါပဲဗျာ ... ကျုပ်တို့က ဒီ[...] လောက်အန္တရာယ်များတဲ့ ဒီလမ်းဒီခရီး[...] ကို သွားနေရတာ မလွဲမရှောင်နိုင်တဲ့[...]

**ဒီလိုအချိန်က ကိုယ့်အသက်ကိုယ်လုရမှာပဲ၊ ဟိုကားဆရာကလည်းတော် ပြောကို မပြောချင်တော့ဘူး။ သူစမ်းသပ်တာကြီးက ဓားပြပစ်တဲ့ကျည်ဆံ ငါ့မမှန်ဘဲ ဒီခုံတွေကြားညပ်ပြီး သေတော့မလို ဆိုသည့် စကားသံကြောင့်...**

www.burmeseclassic.com

www.burmeseclassic.com



င်းရေးအတွက်မို့ပေါ့ဗျာ၊ ကဲ .. ကဲ အားလုံးတော့ သတိဝီရိယလေးရှိပါစေ၊ အခြေအနေမကောင်းရင် ကျုပ်ကားကို ရပ်ပေးမှာမဟုတ်ဘူး၊ မောင်းပြေးမှာ''

ကားဆရာ၏စကားကြောင့် ရင်ထဲမှစိုးရိမ်စိတ်သည် ပို၍ မြင့်တက်လာသည်။ အချိန်အတော်ကြာသည်အထိ ရည်သည့်အန္တရာယ်အငွေ့အသက်မှ ရလာတော့သဖြင့် ကျွန်တော်သည် တဖြည်းဖြည်း ပြန်လည်ငိုက်မျှလာသည်။ ကျွန်တော့်နည်းတူ တစ်ကားလုံး ငိုက်မျှကုန်ကြသည်လားမသိ။ တိတ်ဆိတ် ငြိမ်သက်သွားသည်။

''ဟော့ကောင် မင်းက သောက်ရေးထဲ ဟောက်တောင်နေသေးတယ်၊ ရှေ့မှာကြည့်စမ်း ... မီးအချက်ပြနေတာလားလို့''

ဒရိုင်ဘာမှ စပယ်ယာသို့ လှမ်းဟောက်ပြောသံကြောင့် ကျွန်တော် လန့်နိုးသွားသည်။ ရှေ့သို့လှမ်းကြည့်သော်လည်း ဘာမှမတွေ့။ တစ်ကားလုံး လှုပ်လှုပ်ရွရွနှင့် နိုးလာကြသည့်အချိန်တွင်–

''ကဲ ... အားလုံး အဆင်သင့်ကိုယ့်နေရာကိုယ်ယူကြ''

ဒရိုင်ဘာ၏ အသံသြသြကြီးကြောင့် နီးစပ်ရာခုံတန်းအောက်များသို့ တိုးဝှေ့နေရာယူကုန်ကြသည်။ ကျွန်တော်လည်း ခုံတန်းအောက်သို့ဝင်နိုင်ရန် ကြိုးစားသော်လည်း ကျွန်တော့်ခုံတန်းမှသားအမိတို့က နေရာယူပြီးသွားကြသည့်အတွက် ကျွန်တော့်အတွက် ပုန်းခိုစရာ နေရာမရှိတော့။

မတတ်သာသည့်အဆုံး အောက်မှာရောက်နေသည့် ခလေးငယ်ကိုဆွဲမယူကာ ကျွန်တော့်ကိုယ်ပေါ်မတင်လိုက်ရသည်။ ကားစက်သံမှာ ပို၍ ဆူညံလာသည်မသိ။ စိတ်ထဲမှ ဘယ်အချိန်များ သေနတ်သံတွေကြားရမည်မသိ။ ကိုယ့်ကို ဘယ်အချိန်လာမှန်မည်လဲဆိုသည့် အတွေးနှင့် ရင်တွေတထိတ်ထိတ်ခုန်နေမိသည်။ ရင်ဘတ်ပေါ်မှ ခလေးငယ်မှာ ကြောက်၍လားမသိ ငြိမ်သက်နေရာမှ ကျွန်တော့်ကို တင်းတင်းဖက်ထားသည်။

ကျွန်တော်ကိုယ်တိုင် ကျဉ်းကျဉ်းကြပ်ကြပ်အနေအထားမှ မလှုပ်ရဲ။ ကားပေါ်ပါခရီးသည်အားလုံး ကျွန်တော့်နည်းတူ သေနတ်သံကိုသာ နားစွင့်နေကြပေလိမ့်မည်။ အချိန်အတော်ကြာပြီးကာမှ–

''ကဲ ... ကဲ ခရီးသည်တွေ ကိုယ့်နေရာကို ပြန်ထိုင်ကြတော့ ရပြီ၊ ဒီလောက်ဆိုရပြီ''ဆိုသည့် ဒရိုင်ဘာ၏အသံကိုကြားရမှ အားလုံးခုံအောက်မှ တွန်းတိုးရုန်းထွက်ကာ မိမိတို့၏မူလနေရာများ၌ ပြန်လည်ထိုင်လိုက်ကြရသည်။ ထိုင်သာထိုင်လိုက်ရသော်လည်း ရှေ့ကားမှန်မှ ပြင်ပအခြေအနေကို လှမ်းမျှော် ကြည့်လိုက်ရသေးသည်။

ရှေ့တစ်ခွင်၌ အမှောင်တို့ဖြင့် ဖုံးလွှမ်းနေဆဲ။ မည်သည့်အရာမှ မတွေ့ရတော့မှ စိတ်၌ အနည်းငယ်အေးသွားသည်။ ယခုမှ ကျွန်တော်ခန္ဓာကိုယ်များဆီ၌ နာကျင်နေသော နဖူးတံတောင်တို့ကို သတိပြုမိနိုင်တော့သည်။

''မဆိုးဘူးဗျ ... ကျုပ်က .. ဒီလိုမျိုးမှကြိုက်တာ၊ ကျုပ်ရဲ့ ခရီးသည်တွေ ဘယ်လောက်သတိရှိတယ်ဆိုတာ ကျုပ် .. စမ်းကြည့်လိုက်တာ''

ဒရိုင်ဘာ၏ စကားသံကြောင့် အားလုံး၏နှုတ်ဖျားမှ–

''ဟာ ... ဟင် .. အို''

ဆိုသည့် အသံမျိုးစုံနှင့်အတူ မိန်းမဝဝကြီးတစ်ယောက်၏အသံကြောင့် လှမ်းကြည့်မိလိုက်သည်။

''ဟဲ့ ... ဟဲ့ လုပ်ကြပါဦး၊ ငါ့ကို ဆွဲထူပေးကြပါဦး''

နှစ်ယောက်တန်းထိုင်ခုံကြားတွင် ညပ်နေသော မိန်းမကြီးကို လူနှစ်ယောက်မှဝိုင်းကူဆွဲထုတ်နေကြရသည်။ ခက်ခက်ခဲခဲ အောင်မြင်စွာ ဆွဲထုတ်ပေးပြီးနောက် လူငယ်တစ်ယောက်မှ–

''ဖြစ်မှဖြစ်ရလေ ... အဒေါ်ကြီးရယ်''

''ဟဲ့ ... ဖြစ်မှလေ ညှစ်မှလေ လုပ်မနေနဲ့ ... ဒီလိုအချိန်က ကိုယ့်အသက်ကိုယ်လုရမှာပဲ၊ ဟိုကားဆရာကလည်းတော် ... ပြောကို မပြောချင်တော့ဘူး၊ သူ့စမ်းသပ်တာကြီးက ဓားပြပစ်တဲ့ကျည်ဆံ ငါ့မမှန်ဘဲ ဒီခုံတွေကြားညပ်ပြီး သေတော့မလို'' ဆိုသည့် စကားသံကြောင့် ကားတစ်ကားလုံး သောသောညံမရယ်မောနိုင်ပေမယ့် .။

(၁၉၇၅ ခုနှစ်
ခရီးသွားဖြစ်ရပ်မှန်တစ်ခုမှ)
ဦးကျော်(လှိုင်သာယာ)



www.burmeseclassic.com

www.burmeseclassic.com

# စုံထောက်အတိုဆုံးဝတ္ထု

စာရေးသူ၏အမကာ ဈေးနှင့်နီးသဖြင့် ဆရာဇော်ဂျီ၏ "ပုဂံဈေး"ဝတ္ထုထဲက စာဆိုတော်လို ဈေးလာသူတို့၏ ဟန်ပန်သရုပ်တို့ကို တီဗွီဖန်သားပြင်ပမာ မြင်တွေ့နေကျဖြစ်သည်။

အိမ်ဖော်မလေးဆွဲသည့် ဈေးခြင်းတောင်းထဲ ကြက်ခြေထောက်နှစ်ချောင်းထည့်ပြီး "ဒီနေ့တော့ ကြက်သားပဲစားမယ်" ဟု ပြောလာသော ပွဲစားကြီးကတော်ကိုလည်း မြင်ရ၏။ ခရမ်းချဉ်သီးရောင်းသူလေး၏"အဝယ်ပါးလို့ အပြန်ခြင်းတောင်းတောင်မသယ်ချင်ဘူး အကုန်သွန်ခဲ့ရမှာ" ဆိုသည့် ညည်းညူသံကိုလည်း ကြားရ၏။ ပဲကြော်ပဲလှော်ဆိုင်မှာ ဘယ်ညာ လက်နှစ်ဆုပ်ဖြင့် ပါးစပ်မှာတလှုပ်လှုပ် အမြည်းဝါးရင်း "အဆစ်ထည့်ပါဦး" ပြောနေသည့် မိန်းမဝဝကြီး။ အအေးဆိုင်မှာ ရေခဲရေတောင်းသောက်ပြီး "နောက်နေ့မှပဲ ရွှေရင်အေးသောက်တော့မယ်" ဟု မေးငေါ့စကားဆိုနေသည့် အဒေါ်ကြီး။ ထို့အပြင် စတိုးဆိုင်မှာ ကုန်လာချသည့် ဆိုက်ကားသမားက သူ့ဝင်ငွေ ဒီလောက်ကောင်းပါလျက်နဲ့ "အိမ်ကဟာမ အသုံးမကျလို့ စုမိဆောင်းမိ မရှိဘူး"ဟု ညည်းသလို စကားနှင့် စတိုးဆိုင် နေ့စားအရောင်းသမလေးအား တို့ကနန်း ဆိတ်ကနန်း လုပ်ကာ ရိသဲ့သဲ့စကားဆိုနေပုံ ...

စသည့် စသည်တို့မှာ နိစ္စဓူဝ ဈေးမြင်ကွင်းတည်း။



အနီးမြင်ကွင်း။ ထိုမြင် ကွင်း။ ဤမြင်ကွင်း။ မြင်ကွင်းစုံတို့ကို တိုလီထွာလီ ထွေလီကာလီ ထိသိသတိဖြင့် ကြည့်ကြည့်နေမိရာက မထူးသော်လည်း ဆန်းပေသည့် ဖြစ်စဉ်တစ်ခုက စာရေးသူရှေ့မှောက်ရပ်လဲလေသည်။ ဖြစ်စဉ်က ဤသို့တည်း ...။

**ဆေမင်းနော်** (ပျဉ်းမနား)

## မျက်မြေလက်တစ်ပိုဒ်

ဈေးပြန် လာ ဟန် တူ သေ
အသက်(၅၀)နှစ်ခန့် မိန်းမဝဝကြီး
လက်ဆွဲခြင်းမှ တစ်စုံတစ်ခု လွတ်
ဟန်တူ၏။ သူ့ဆွဲခြင်းထဲက ထွက်
သည့် အရာဝတ္ထုကို သူကိုယ်တိုင် 
မကောက်ရဲသဖြင့် "လုပ်ပါဦး .. 
ပါဦး" နှင့် အော်နေသည်။

အသက်(၂၅)နှစ်ခန့် မိန်းမ
တစ်ယောက် ဈေးဝယ်လာရင်း မြင်
ဖြင့် မေး၏။

"အဒေါ် ဘာဖြစ်လို့လဲ"

"ဟို .. ဟို .. ငါးရှဉ့်ခုန်ထွ
သွားလို့"

"ပြန်ကောက်လေ .. အဒေါ်ရဲ့

"မကိုင်ရဲဘူး .. အရှင်ကြီး
ကြောက်တယ်"

ဈေးလာ မိန်းမရွယ်က ဖိုး
ဆတ်ခနဲ လမ်းပေါ်က ငါးရှဉ့်ကို 
မှ ဖိကိုင်ကာ အနီးရှိ တတ်တိုင်
နှစ်ချက်ရိုက်ပစ်လိုက်၏။ ငါးရှဉ့်ငြိမ်သွ
၍ အဒေါ်ကြီး၏ လက်ဆွဲခြင်းထဲ ထ
ပေးလိုက်သည်။

"ရော့ .. အဒေါ်၊ ကိစ္စအေးသွ
ပြီ"

"သာဓုပါတော် .. အခုလို ကူ
တာ၊ ကျုပ်က သူများအသက် မသ
ရဲဘူးတော့၊ အခုဟာကလည်း အိမ်
လူကြီး ဒူလာဝမ်းက ငါးရှဉ့်စားမှ 
မယ်ဆိုလို့ပါ။ အဲဒါ အသေဝယ်ရ
လည်း ပုပ်မှာဆိုတော့၊ အင်း.. ငါ့တူ
ကြီးကူပေလို့။ ငါးရှဉ့်က လမ်းပေ



www.burmeseclassic.com

www.burmeseclassic.com



ရမြောင်းထဲ ခုန်ချတော့မလို့။ ထပ်ယ်ဖို့ ပိုက်ဆံလည်းမပါဘူး။ တော်ပါသေးရဲ့ ကျေးဇူးပါပဲ ငါ့တူမကြီးရယ်"

အခမဲ့ ကူညီလိုက်သည့် မိန်းမယ်က ဘာမှပြန်မပြောဘဲ ပြုံးနေသည်။ သူ့စိတ်ထဲ၌မူ ..

"ဒီနေ့ ဥပုသ်နေ့ သူများကို ကူညီလိုက်ရတာ ကုသိုလ်ရသွားပြီ" ဟု တွေးနေသည်။

ရောဂါသည်လူကြီး၊ ဈေးဝယ်ပြန်အဒေါ်ကြီး၊ ဈေးလာသူမိန်းကလေးတို့တွင် မည်သူ၌ ကောင်းကျိုးဖြစ်ထွန်းပါသနည်း။ စာရေးသူသည် ပုဂံခေတ်က အနန္တသူရိယအမတ်ကြီး၏ မျက်ဖြေလကာ်တစ်ပိုဒ်ကို နှုတ်မှ တီးတိုး ရွတ်ဆိုမိသွားပါသည်။

"သူတည်းတစ်ယောက် ကောင်းဖို့ရောက်မူ၊ သူတစ်ယောက်မှာ ပျက်လင့်ကာသာ ဓမ္မတာတည်း"

**ဝေမင်းနော်(ပျဉ်းမနား)**

---

ဒုတိယတန်းတက်နေတဲ့ သမီးငယ်လေးက သူမရဲ့ ဖတ်စာအုပ်ကိုဖွင့်ပြီး ယခုကဲ့သို့ စာတွေအော်ကျက်နေသည်။

"လူကြီးမိဘ ဆရာသမားတို့ရှေ့တွင် ကိုယ်ကိုညွတ်ကိုင်း၍ သွားရသည်။ လူကြီးမိဘ ဆရာသမားတို့ကို ဧည့်ပေးလျှင် အနားသို့ကပ်၍ လက်နှစ်ဖက်ဖြင့် ရိုရိုသေသေပေးရသည်။ ထမင်းစားသည့်အခါ ကြီးသူကို ဦးချပြီးမှ ငယ်သူက စားရသည်"

ထိုအခိုက် သူမ၏ မိခင်က သူမအနီးသို့ ရောက်လာပြီး ..

"သမီးတို့ မနက်ဖြန် မြန်မာစာဖြေရမှာမဟုတ်လား။ ဒီတော့ အမေက သမီးကို မြန်မာစာ ပြန်လှန်လေ့ကျင့်ခန်းထဲက စာတွေမေးမယ်"

လို့ပြောပြီး ကလေးအနားမှာ ထိုင်ချလိုက်သည်။

ထို့နောက် မြန်မာစာပြန်လှန်လေ့ကျင့်ခန်းစာအုပ်ကိုလှန်ပြီး အမေကမေး သမီးက အလွတ်ဖြေပြနေသည်။

"ကဲ .. သမီးကို စကားလုံးဝါကျဖွဲ့တာတွေ ဆက်မေးမယ်"

"ဟုတ်ကဲ့ .. မေးပါ မေမေ"

အမေက "သွန်သင်" ဆိုလျှင် သမီးက "ကျွန်မတို့ကို ဆရာမိဘတွေက အမြဲသွန်သင်ဆုံးမပါသည်" ဟု ပြောသည်။ "ညွတ်ကိုင်း" ဟု ပြောလိုက်သည့်အခါ "လူကြီးများရှေ့တွင် ကိုယ်ကို ညွတ်ကိုင်း၍ သွားရမည်" ဟု ဖြေသည်။ နောက် "ဦးချ" ဟု ဆိုလိုက်သည့်အခါ "ထမင်းစားသည့်အခါ ကြီးသူကို ဦးချပြီးမှ ငယ်သူက စားရမည်" ဟု ဖြေသည်။

ထို့နောက် အမေက သမီးအား–

"ကဲ .. သမီးမောသွားပြီ၊ ပန်းသီးနွှာထားတာစားလိုက်ဦး" ဟု ပြောရာ သမီးငယ်က တစ်စိတ်နှစ်စိတ်ယူစားလိုက်သည်။ အလားတူ အမေကလည်း စကားပြောရင်း တစ်စိတ်နှစ်စိတ်ယူစားလိုက်သည်။

ခဏကြတော့ သမီးငယ်က ..



**ကျော်မြင့်ကျော်**

# သင်သာသင် မမြင်ပါလားနော်

"တော်ပြီ မစားချင်တော့ဘူး" ဟု ပြောသည်။

ခပ်လှမ်းလှမ်းတွင် အဘွားဖြစ်သူ ထိုင်နေသည်။ ထိုအခါ အမေဖြစ်သူက –

"သမီးမစားချင်တော့ရင်လည်း ဘွားဘွားကို သွားကျွေးချေ"

ဟု ပြောလိုက်သည်။ မြေးကလေးက ပန်းသီးစိတ်များကို အဘွားဖြစ်သူထံ သွားပေးသည်။

ခပ်လှမ်းလှမ်းမှ ကြည့်နေသည့် ဘိုးအေဖြစ်သူက မှတ်ချက်ချလိုက်သည်။

"ဩော် .. သင်လို့သာ သင်နေကြသည်၊ မမြင်ကြပါလားနော်"။

**ကျော်မြင့်ကျော်**



www.burmeseclassic.com

www.burmeseclassic.com



# တုပ်ပြီး တုတ်ပြီး

**ဆလိုင်းနွေ့မင်းတပ်**



ကျွန်တော် ရွာဟောင်းကြီးရွာသို့ ရောက်ရှိ တာဝန်ထမ်းဆောင်လာခဲ့သည်မှာ သုံးနှစ်ကျော်လောက်ရှိပါပြီ။ ရိုးမတောနှင့်နီးသဖြင့် သစ်ခုတ်၊ ဝါးခုတ်လုပ်ငန်း ဖွံ့ဖြိုးသော်လည်း အဆင်ပြေသူဆို၍ ကုန်သည်အနည်းငယ်သာရှိပြီး လက်လုပ်လက်စားများက ငှက်ဖျားနှင့်သာ နပန်းသတ်နေကြသည်။

ငွေယားပေါ်လွယ်သည့် အရပ်မို့ ထုံးစံအတိုင်း အရက်တော့ရောင်းကောင်းသည်။ အမျိုးသမီးအချို့ပါ အရက်ကြိုက်တတ်သည့် အဆင့်ရောက်ကြသည်။ ကျွန်တော်က ကျန်းမာရေးတာဝန်ဖြင့် နေထိုင်သူဖြစ်ရာ အရက်သောက်ဖို့ ငွေရှိပြီး ဆေးကုရန် ငွေမရှိသူများနှင့် မကြာခဏဆုံရသည်။ ဆေးဝါးကို အကြွေးကုသ၍ရကြောင်း သူတို့က သင်ပေးကြသည်။ မုံရွာတက္ကသိုလ် ဆရာတစ်ဦးက ဂျာနယ်ထဲ ရေးခဲ့ဖူးသလိုမျိုး ဆေးကုမစားဘဲ အရက်ရောင်းဖို့သာ ကောင်းတော့သည်။

အရက်သောက်စားမှုကြောင့် ခိုက်ရန်ဖြစ်ပွားခြင်း လူငယ်များကြားတွင် ရှိတတ်သည်။ တစ်နေ့တွင် ရွာသို့ ညှော်သည်တစ်ယောက် ရောက်လာခဲ့သည်။ ထိုလူကို ဆရာဟု လူတစ်ချို့က ခေါ်ကြသည်။ အရှိုးအဖြန်းကောင်းသဖြင့် အချို့လူငယ်တွေက ယုံကြသည်။ ထိုလူသည်ကား တုတ်ပြီးဓားပြီး ဆရာကြီးတဲ့။ လူငယ်တွေကြား ကိုယ်တိုင်အခုတ်ခံခဲ့သည်တဲ့။ ထို့ကြောင့် ထိုသူ့ထံသို့ ပြီးဆေးထိုးသူများ ရှိခဲ့သည်ဟု ဆို၏။

တစ်နေ့တွင် ရီဝေနေသော လူငယ်အချို့ ငြင်းခုန်နေကြသည်။ မယုံသည်ကတစ်ဖက် ယုံသည်ကတစ်ဖက်၊ တစ်ယောက်က "ငါ တကယ်ခုတ်မှာနော်" တဲ့။ တစ်ယောက်က "တကယ်အခုတ်ခံတယ်ကွာ" ဟု ဖြစ်လာသည်။

"ငါ ခုတ်လို့ တစ်ခုခုဖြစ်သွားရင် . ."

"ငါ သဘောတူလို့ ခုတ်ခိုင်းတာကွာ။ တစ်ခုခုဖြစ်သွားရင် ငါ့တာဝန်ထား၊ ဒါပေမဲ့ လောင်းကြေးတော့ ထပ်ရမယ်"

ဤသို့ဖြင့် လောင်းကြေးငွေထပ်ပြီး ခုတ်လိုက်ရာ အခုတ်ခံရတဲ့ သူ့
ပေါင်မှာ ဟက်တက်ကွဲသွားသည
သွေးများ ဖြာထွက်လာသည်။ အား
မျက်လုံးပြူးကြရင်းက ကျွန်တော့်
ရောက်လာကြသည်။ ကျွန်တော့်
ချက်ချင်းကုသ၍မရပါ။ ဤအရာသ
ရဲအရေးပိုင် ဖြစ်နိုင်သည်။ နှစ်ဖက်မိ
တို့၏ သဘောထားတို့ကိုလည်း မ
ရသေး။ ထို့ကြောင့် သွေးတိတ်
လောက်သာ ဆောင်ရွက်ပေးရသည
ထိုအချိန်တွင် ဘိုးတော်ဟု နာမ
ပြောင်ခေါ်ကြသော နယ်ထိန်း အုန်း
ရောက်လာသည်။

ရဲထုံးစံအရ မှုခင်းဟု ခေါ်
တပ်လိုက်သည်။ ခုတ်သည့်သူကို လ
ထိပ်ခတ်လိုက်သည်။ ဤသို့ဖြင့် စ
သို့ မပေါက်ကြားရေး ညှိနှိုင်းကြ
ဘိုးတော်အိတ်ဖောင်းသွားသည်။ လူ
အရေပြားသည် ထိခိုက်မိသည့်အ
ကွဲပြဲလွယ်သလောက် ချုပ်ရသည့်အ
မာကြောလွန်းသည်ဟု ခံစားရသည
ကျွန်တော့်မှာ ချွေးများ ရွှဲနစ်ပင်ပ
စွာဖြင့် ကိုးချက်လောက်ချုပ်ပေး
သော်လည်း ဘိုးတော်၏ ထက်ဝက်
လေးပုံပြန်ပုံ တစ်ပုံပင်မရှိသော ကုသ
ကို လက်ငင်းပင်မရခဲ့ပါ။ နယ်ထိ
ဘိုးတော်ထံ လက်လွန်သွားပြီးဖြစ်
ဖြင့် ကျွန်တော့်ကို အကြွေးဟုမှတ်ခို
ကြသည်။ တစ်ဖက်လူက ဓားမပြီး
နယ်ထိန်းအတွက်သာ တုပ်ပြီး တုတ်
ပြီးဖြစ်သွားရပါတော့သည်။

ဆလိုင်းနွေ့မင်းတ

www.burmeseclassic.com

www.burmeseclassic.com



# မျက်လုံးထဲက ဖြောင့်ချက်

## ခင်မောင်မြင့်
(ရွှေဆယ်မြေ)



အပျိုကြီး ဒေါ်ရှိစီဌေးသည် သားစု၏ ကိုယ်ပိုင်ကား စက်ချို့ယွင်းနေ၍ မင်္ဂလာဆောင်သို့သွားရန် အခက်တွေ့နေ၏။ ခရီးသည်မပါသော အနေးဘဉ်ဆိုက်ကားများမှာ တစ်စီးပြီးတစ်စီး ဒေါ်ရှိစီဌေးအိမ်ရှေ့မှ ဖြတ်နင်းသွားကြသည်။ သို့သော် ဒေါ်ရှိစီဌေးမစီးပါ။ ထိုဆိုက်ကားများသည် အသုဘခေါင်းများတင်၍ နာရေးရှိရာအိမ်သို့ ပို့ကြသည်။

နယ်မြို့ရပ်ဓလေ့ထုံးစံအရ နာရေးအသုဘရှိလျှင် လူသေခေါင်းရောင်းချသောနေရာသို့ သွားရောက်မှာယူရ၏။ လူသေခေါင်းရောင်းချသူများက ခေါင်းကို ဆိုက်ကားဖြင့်တင်ပို့၏။ ဆိုက်ကားဆရာက ခေါင်းအလွတ်ကို ပလတ်စတစ်အထူစားအုပ်ကာ နာရေးရှိသောအိမ်သို့ ပို့ပေးသည်။

"မမ . . မင်္ဂလာဆောင်သွားမှာလား"

"အေးကွယ်"

ဒေါ်ရှိစီဌေးသည် ထိုးဆိုက်လာသော ကိုမျိုးနိုင်၏ ဆိုက်ကားပေါ်သို့ တက်လိုက်၏။ ကိုမျိုးနိုင်၏ ဆိုက်ကားသည် အသုဘခေါင်း လုံးဝမတင်ကြောင်း ဒေါ်ရှိစီဌေးသိသည်။ တစ်မြို့လုံးကလည်း သိကြသည်။

"မောင်မျိုးနိုင်ရယ်၊ မင်းတို့လို ဆိုက်ကားဆရာတွေရှိနေလို့သာ မမတို့ စီးဖို့လွယ်ကူနေတာ။ တို့မြို့က ဆိုက်ကားတော်တော်များများက အသုဘခေါင်းလွတ်တွေတင်ကြတယ်။ နိမိတ်မရှိ နမာမရှိကွယ်၊ အမင်္ဂလာတွေ သူတို့မို့ လုပ်နေကြတယ်"

ဆိုင်ကားစီးရင်း ဒေါ်ရှိစီဌေးက ခေါင်းအလွတ်တင်သော ဆိုက်ကားများကို မသတီမနှစ်မြို့ကြောင်း ထုတ်ဟလေသည်။

မျိုးနိုင်၏ရင်သည် စိုးရွံ့ထိတ်လန့်စွာ ခုန်နေ၏။ မင်္ဂလာခန်းမဆောင်မှ ပျံ့လွင့်လာသော မင်္ဂလာတေးသီချင်းသံများကို ကြားနေရပေပြီ။ မျိုးနိုင်သည် ခန်းမရှေ့၌ ဆိုက်ကားကိုရပ်ပေးလိုက်သည်။ ဒေါ်ရှိစီဌေးက ဆိုက်ကားခကျသင့်ငွေထုတ်ပေးသည်။ မျိုးနိုင်သည် ဒေါ်ရှိစီဌေးထံမှ ဆိုက်ကားခကိုယူရင်း ဖြောင့်ချက်ပေးသော မျက်လုံးတစ်စုံဖြင့် ဒေါ်ရှိစီဌေးကို ကြည့်လိုက်မိ၏။

"ဒေါ်ရှိစီဌေးရေ၊ ကျွန်တော်လည်း အခုမနက်ပဲ ခေါင်းအလွတ်တင်ပြီး နောက်ဘက်လမ်းမှာ မနေ့က သေဆုံးသွားတဲ့ ဦးမြလွင်အတွက် ခေါင်းလာပို့တာ၊ ခေါင်းအလွတ်တင်လို့ရတဲ့ ဆိုက်ကားခက တစ်သောင်းကျပ်လေ၊ ကျွန်တော်တစ်နေ့လုံး ဆိုက်ကားနင်းရင်တောင် ဒီလောက်ရတာမဟုတ်ဘူး။ ကျွန်တော့်မှာလည်း ဇနီးသည်က ကျန်းမာရေးမကောင်းတော့ ငွေလိုနေတယ်လေ။ ဒါကြောင့်မို့ နောင်ဆိုရင် ခေါင်းအလွတ်တင်တဲ့ ကျွန်တော့်ဆိုက်ကားကို ဒေါ်ရှိစီဌေးရှောင်ပေတော့ဗျို့"

ကိုမျိုးနိုင်၏ ဖြောင့်ချက်မျက်လုံးများကို ဒေါ်ရှိစီဌေးအဓိပ္ပာယ်ဖော်နိုင်ဦးမည်မထင်ပါ။ သို့သော် ဤကိစ္စသည် ဖုံးကွယ်နိုင်သောအရာ မဟုတ်၍ ဒေါ်ရှိစီဌေးတစ်နေ့ သိသွားမည်မှာ သေချာသည်။ နောင်တွင် ကိုမျိုးနိုင်၏ ဆိုက်ကားကို ဒေါ်ရှိစီဌေးစီးတော့မည်မဟုတ်ပါ။

သို့သော်လည်း ခေါင်းအလွတ်တင်သော ဆိုက်ကားတစ်ခေါက်စာတော့ ဒေါ်ရှိစီဌေးလိုအပ်လာပေဦးမည်။

ခင်မောင်မြင့်(ရွှေဆယ်မြေ)



www.burmeseclassic.com

www.burmeseclassic.com



ငွေကြေးသည် ကျွန်တော်တို့ လူသားများ၏ ဒုတိယမြောက် အရှင်သခင်ကျေးဇူးရှင်ဟု ပြောရ၍ရသည်။ ငွေကြေးပြည့်စုံလျှင် ဆွေမျိုးရှိသည်။ မိတ်ဆွေရှိသည်။ လူချစ်လူခင်ပေါသည်။ သက်ရှိသက်မဲ့ လိုတရသည်။ ငွေကြေးမရှိလျှင် ဆွေမျိုးရှိလျက် ဆွေမျိုးများက ဝေးဝေးနေသည်။ မိတ်ဆွေအချို့က ရှောင်ကြဉ်သည်။ ထို့ကြောင့် ငွေကြေးသည် သက်မဲ့အရာဝတ္ထုပစ္စည်းဖြစ်သော်လည်းသက်ရှိလူသားအားလုံး၏ စိတ်ကို ကိုင်လှုပ်နိုင်သည့် စွမ်းအားရှိသည်။

ကျွန်တော်သည် နိုင်ငံတော်၏ ဝန်ထမ်းတစ်ယောက်ဖြစ်သည်။ မိတ်ဆွေသူငယ်ချင်း ဆွေမျိုးများ၏ သာရေး နာရေး၊ လူမှုရေး စသည့် ငွေကြေးအခက်အခဲရှိလျှင် ငွေပါမက ကိုယ်ရောစိတ်ပါ ကူညီတတ်သည်။ အားနာတတ်သည့်စိတ်ရှိသည်။ ထို့ကြောင့် ကျွန်တော့်တွင် ကျောင်းနေဖက်သူငယ်ချင်းနှင့် လုပ်ငန်းခွင်ရှိ မိတ်ဆွေအပေါင်းအသင်းစသည့် မိတ်ဆွေများ ပေါများသည်။

ကျွန်တော်သည် ကျန်းမာရေး မကောင်း၍ ဆေးပင်စင်ယူပြီးကတည်းက မိတ်ဆွေအပေါင်းအသင်း ဆွေမျိုးများနှင့် ဝေးခဲ့သလို ငွေကြေးလက္ခဏာလည်း အတော်ရှားပါးခဲ့သည်။ သို့သော် သာရေး၊ နာရေးဖြစ်သည့် ဆွေမျိုး၊ မိတ်ဆွေ အပေါင်းအသင်းတချို့၏ ဖိတ်စာများက မဖိတ်ခေါ်ဘဲ အိမ်သို့ရောက်ရှိလာတတ်သည်။ ထို့ကြောင့် မဖြစ်မနေ ရင်းနှီးကျွမ်းဝင်သော မိတ်ဆွေ၊ ဆွေမျိုး၊ သူငယ်ချင်းများဖြစ်လျှင်သွားရသည်။ ကျွန်တော် ဝန်ထမ်းဘဝက စုဆောင်းထားသော ပစ္စည်းဥစ္စာတို့မှာ ကျွန်တော်၏ ကျန်းမာရေးနှင့် မိတ်ဆွေ၊ ဆွေမျိုးများ၏ သာရေးနာရေးကြောင့် ထုခွဲရောင်းချ၍ လုံးလုံး၍နေပြီ ဇနီးဖြစ်သူမှာလည်း အတော်ညည်းညူ၍ နေရှာသည်။ ဇနီးဖြစ်သူ၏ စက်ချုပ်သည့် ဝင်ငွေနှင့် ကျွန်တော်၏ ဆေးပင်စင်လစာလေးနှင့် ဇနီးမောင်နှံ၏ ဘဝက အသက်ရှင်ရပ်

# ဥက္ကာဝင်းကျော်

## နှလုံးသားဂီတာ

### အမှန်စကား



တည်နေရသည်။

တစ်နေ့ ကျွန်တော်တစ်ယော တည်း ကျန်းမာရေးအတွက် လ လျှောက်ထွက်သည်။ မမျှော်လင့် တစ်ရပ်ကွက်တည်းနေ လုပ်ဖော်က ဖက်ဖြစ်သော မိတ်ဆွေတစ်ယော နှင့် ဆုံသည်။ သူကစ၍ နှုတ်ဆ သည်။

"ဟာ ကိုအောင်နိုင် ကျန်း ရေး ကောင်းရဲ့လား"

ဟု နှုတ်ဆက်သည်။

ကျွန်တော်မှ ..

"ဒီလိုပါပဲ ကိုသစ်အောင်ရ နှလုံးရောဂါသည်ဆိုတာ အခုကော ပေမယ့် တော်ကြာ ကောင်းချ ကောင်းတာ" ဟု ပြောလိုက်သည်

"ဪ .. ဒါနဲ့ ကိုအောင်နိုင် ပြောရဦးမယ်။ ပြီးခဲ့တဲ့ တစ်လလော က ကျွန်တော့်သမီးအကြီးမ ကုန်သ ကြီးဟိုတယ်မှာ မင်္ဂလာဆောင်တယ် အဲဒီ ကိုအောင်နိုင့်ကို ဖိတ်ဖို့မေ့သွ တယ်။ အဲဒီ ကိုအောင်နိုင့်ကို တော ပန်ပါတယ်ဗျာ"

ဟု ပြောရင်း လုပ်ငန်းခွင်သ သွားရန် နှုတ်ဆက်ထွက်ခွာသွားပေ သည်။

ကျွန်တော်သည် ထွက်ခွာသွ သော ကိုသစ်အောင်၏ နောက်ကျေ ပြင်ကို ငေးမောကြည့်ရင်း ရင်တွင် မှ ဖြစ်ပေါ်လာသော နှလုံးသား စကာ လေးကတော့ ..

"ကျေးဇူးတင်ပါတယ် မိတ်ဆွေ လို့သာ ...။

ဥက္ကာဝင်းကျေ

www.burmeseclassic.com

www.burmeseclassic.com



# အချိုးပြောင်းပြန်

## လူထွင်



"ဟူး ...နေကလည်း ပြင်းလိုက်တာ ဆရာရယ်"

ဟု ပြောရင်းက နာမည်ကြီး မဂ္ဂဇင်းတစ်ခုရဲ့ တာဝန်ခံအယ်ဒီတာ တစ်ယောက်ဖြစ်သူ ကိုမြင့်အုန်းတစ်ယောက် မိမိစားပွဲပေါ်ကို စာဖိုင်တစ်ခုကို ပစ်တင်လိုက်ရင်းနောက် တစ်ဆက်တည်း ထိုင်ခုံပေါ်ကို ထိုင်ချလိုက်သည်။

"ဆရာ ဒီနေ့ နောက်ကျတယ်နော်၊ ဘာဖြစ်လို့လဲ"

အရင်ရောက်နှင့်နေသော ကိုအေးမောင်ရဲ့ အမေးကို ကိုမြင့်အုန်းက ..

"ဟုတ်တယ် ဆရာရေ၊ ဒီနေ့ ကျွန်တော့် သူငယ်ချင်းတစ်ယောက်ရဲ့ သမီးလေး မင်္ဂလာဆောင်ရှိနေလို့၊ မိတ်ဆွေတို့ရဲ့ ဝတ္တရားရှိတဲ့အတိုင်း မသွားမဖြစ် သွားနေရတာနဲ့ နောက်ကျသွားတာဆရာရေ"

ဟု ပြန်လည်ဖြေကြားလိုက်သည်။ ထို့နောက် မဂ္ဂဇင်းထွက်ရက်ဖြစ်သဖြင့် စာမူခထုတ်ရန်လာကြသော စာရေးဆရာများ တစ်ယောက်ပြီးတစ်ယောက်ရောက်လာကြသဖြင့် စကားစပြတ်သွားလေသည်။

§ § §

"ကိုအေးမောင်ရေ .. ကျွန်တော် ပြန်တော့မယ်ဗျာ"

"ဟုတ်ကဲ့ ... ဆရာ၊ ကျွန်တော်လည်း နာရီဝက်လောက်နေရင် ပြန်တော့မှာပါ"

ကိုမြင့်အုန်းလည်း ပြန်ကာနီး မိန်းမဆီကို ဖုန်းလှမ်းဆက်လိုက်သည်။

"မိန်းမရေ .. ကို ပြန်လာတော့မယ်၊ ဘာမှာဦးမလဲ"

"အော် .. အေး .. အေး ဝယ်ခဲ့မယ် .. ဝယ်ခဲ့မယ်၊ ဒါဆို ဖုန်းချလိုက်တော့မယ်နော်"

ကိုမြင့်အုန်းတစ်ယောက် မိန်းမဖြစ်သူရဲ့ အမှာတော်ပါးချက်ကြောင့် ကညွတ်ဝယ်ရန် ကုန်စိမ်းတန်းရှိရာသို့ ထွက်လာခဲ့လေသည်။ ဟင်းရွက်ဆိုင်တစ်ဆိုင်ရှေ့ရောက်တော့ ကညွတ်လတ်လတ်ဆတ်ဆတ်တွေ တွေ့တာနဲ့ ဈေးမေးကြည့်လိုက်တယ်။

"သမီး .. ဒါလေးတွေ ဘယ်လောက်လဲ"

"အော် .. အန်ကယ်၊ ကညွတ်သည်က အိမ်သာဘက်သွားတယ်။ သမီးက ပဲသီးရောင်းတာ၊ ကိစ္စမရှိပါဘူးလေ .. သမီးပဲ ရောင်းပေးလိုက်ပါ့မယ်။ တစ်စည်း နှစ်ရာ့ငါးဆယ်၊ ငါးစည်းယူရင် တစ်ထောင်နဲ့ယူသွားလေ အန်ကယ်"

"အေး .. အေး ဒါဆို .. တစ်ထောင်ဖိုးပေး"

ဈေးသည်မလေးက ကညွတ်ငါးစီးကို နှီးနဲ့စုချည်ပြီး ကျွတ်ကျွတ်အိတ်ထဲထည့်နေတဲ့အချိန်မှာဘဲ အမျိုးသမီးတစ်ယောက်ရောက်လာပြီး ...

"ဟဲ့ အဲဒါ ဘယ်ဈေးနဲ့ရောင်းလိုက်တာလဲ"

"ဩော် .. အစ်မ ပြန်ရောက်လာပြီကိုး၊ ငါးစည်း တစ်ထောင်နဲ့လေ အစ်မရဲ့"

"အစ်မလေး ညီမရယ်၊ အစ်မတော့ အရင်းရှုံးပါပြီ၊ အစ်မတို့က တစ်စည်း နှစ်ရာ့ငါးဆယ်နဲ့ရောင်းမှ ကိုက်မှာလေ"

"မတတ်နိုင်ဘူး အစ်မရယ်၊ စကားလွန်သွားပြီ၊ တစ်ထောင်ဖိုး ငါးစီးဘဲ ပေးရတော့မှာဘဲ"

သူတို့နှစ်ယောက် အချီအချ ပြောနေကြတဲ့ စကားသံကြောင့် ကိုမြင့်အုန်းတစ်ယောက် ကောင်မလေး လှမ်းပေးတဲ့ အထုပ်ကို လှမ်းပဲ ယူရတော့မလို မယူရတော့မလိုနဲ့ ကသိကအောက်ကြီးဖြစ်သွားရာမှ ...

"ကဲ .. ကဲ ဒါဆို လေးစည်း တစ်ထောင်ဆိုရင်ကော ညည်းအတွက် အဆင်ပြေမလား"

အဲဒီတော့မှ နောက်မှ ရောက်လာတဲ့ အမျိုးသမီးက ..

"အဲဒါဆိုရင်တော့ တော်သေးတာပေါ့ အန်ကယ်ရယ်" တဲ့။

ကိုမြင့်အုန်းတစ်ယောက်ကညွတ်ထုပ်လေးကို ကိုင်ပြီး လမ်းလျှောက်လာရင်းက တစ်ချက်ပြုံးလိုက်မိသည်။ သူ့ဘဝတစ်လျှောက်လုံး ဈေးဝယ်တိုင်း ဈေးသည်ဘက်က ဈေးလျှော့ပေးတာပဲ ကြုံခဲ့ရဖူးတာလေ။ ခုလို ဈေးဝယ်သူဘက်က လျှော့ပေးခဲ့ရတာမျိုးတော့ အခုမှ ပထမဦးဆုံး ကြုံရ တော့တာကိုး။

လူထွင်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



မြင်ကွင်းတစ်ခု ...။

သည့်မြင်ကွင်းက မလှမပသော မြင်ကွင်း။ ပြောရလျှင်တွေ့မြင်ကြသူတွေအဖို့ အကျည်းတန်သောမြင်ကွင်းဖြစ်သည်။ အနေအထားကအစ၊ အနိဋ္ဌာရုံဖြစ်နေသည်။ ကားခေါင်းပိုင်းတစ်ခုလုံး မွမွကြေနေသည်။ ရှေ့တွင်ရှိသစ်ပင်ကြီးက ပုဆိုးတစ်ပါတ်နီးပါးရှိသော ကုက္ကိုပင်ကြီး။ သည်ပင်ကြီးကိုထိန်းမရနိုင်သော အရှိန်ပြင်းပြင်းနှင့်ကိုယ်ပိုင်ဆလွန်းကားအဖြူလေးက အားပါးတရ ခေါင်းနှင့် ဆောင့်ကာဝင်ခွေ့ထားသည်။

"တစ်ချက်ထဲပွဲချင်းပြီးပဲ...."

"နည်းတဲ့အရှိန်မှမဟုတ်တာ၊ တိုက်လိုက်တဲ့အသံကိုက လမ်းထိပ်ကတောင် ကြားရတယ်.."

"ဖြတ်ပြီးမောင်းသွားတာတော့ မြင်လိုက်သား။ ကားကဟိုရမ်းသည်ရမ်းနဲ့ မောင်းလာတာကလည်း အရှိန်ပြင်းလိုက်တာ.."

လာကြည့်သူ၊ မြင်သူတွေက တစ်ယောက်တစ်ခွန်းပြောနေကြသည်။

"ဖယ်ကြ.. ဖယ်ကြ.. ဟိုမှာရဲတွေလာနေပြီ.."

တာဝန်ရှိသူတွေရောက်လာကြသည်။သုံးလေးဦးလောက်ရှိသည်။ ယူနီဖောင်းဝတ်သူတွေအပြင် အရပ်ဝတ်အရပ်စားတွေလည်းပါသည်။ဖြစ်စဉ်ကို မြင်သူ၊ ကြားသူတွေထံမှ သတင်းမေး သတင်းယူကြသည်။

"ကားထဲက အလောင်းက ဒီအတိုင်းပဲ။ ဖြစ်ဖြစ်ချင်းသွားကြည့်တော့ ခေါင်းကိုခဏလေးပဲ ထောင်ပြီးနောက်ခုလိုစောင်းပြီးလက်ကိုင်ပေါ် ကျသွားတာပဲ..."

ကားမောင်းသူနေရာတွင် ထိုင်ကာ၊ ကားလက်ကိုင်ခွေပေါ်တွင် ဦးခေါင်းများစောင်းလျက်၊ အသက်ဝိဉာဉ်ကင်းမဲ့နေသော ယောကျ်ားတစ်ယောက်၏ အလောင်းဖြစ်သည်။ အဝတ်အစားမှ နိုင်ငံခြားဖြစ် ရှပ်လက်တိုမီးခိုးရောင်နှင့် ဘောင်းဘီရှည်အနက်ရောင် ဝတ်ဆင်ထားသည်။ကားရှေ့ပိုင်းမှ ကွဲထွက်၊ ကျိုးပဲ့လာသော မှန်စ၊ မှန်ကျိုးသံချောင်းတိုများ ခန္ဓာကိုယ်ပေါ်တွင်၊ အများအပြားစိုက်ဝင်နေကြသည်။ ခန္ဓာကိုယ်မှ ပေါက်ထွက်လာသောသွေးတို့မှာ ရွဲရွဲစိုနေသည်။

"ဘေးနားမှာရှိတာ၊ သူ့ရဲ့အိတ်လား.."

သေဆုံးသူ၏အနားတွင်ရှိသော လက်ဆွဲအိတ်အနက်ကို ရည်ညွှန်းကာ တာဝန်ရှိ ရဲဝန်ထမ်းကမေးလိုက်သည်။ အနားတွင်ရှိသောသူများက ခေါင်းညိတ်ပြသည်။

"ဖော်မင်းမောင်.. မ.တ.ည... မှတ်ပုံတင်.. ဟ ဒီလူက၊ အသက်သုံးဆယ်ကျော်ပဲရှိသေးတယ်...၊ မြတ်ငြိမ်းသူ ဆောက်လုပ်ရေးက အင်ဂျင်နီယာပဲ ..."

အိတ်ထဲရှိ ပစ္စည်းများနှင့်စာရွက်စာတမ်းများကို သက်သေများရှေ့တွင် ရှာဖွေပုံစံနှင့်သိမ်းဆည်းလိုက်သည်။ ဝန်ထမ်းကဒ်ပြားတွင် ပါဝင်သောလိပ်စာနှင့်ဖုံးနံပါတ်ကိုယူပြီး ဆက်သွယ်ဖို့စီစဉ်နေကြသည်။

+ + + + + + +

"မောင့်မှာ ချစ်သူရှိနေပြီဟုတ်လား.."

"ဟုတ်တယ်.. မြခက်၊ ငါ့နောက်ဆို မင်းဆီကိုလာနိုင်မှာ မဟုတ်တော့ဘူး။ ငါ့ချစ်သူအတွက် ငါကအချိန်ပေးရတော့မယ်.."

"မောင်က မြခက်နွယ်နဲ့ဝေးရာကို ပြေးမယ်ပေါ့..။မြခက်နွယ်က မောင့်ကိုဘယ်လောက်ထိ သံယောဇဉ်ကြီးသလဲဆိုတာ မောင်မသိလို့လား။ မြခက် မောင်နဲ့ဝေးဝေးမနေနိုင်ဘူး"

နှုတ်ခမ်းနီနီဆိုးထားသည့်နှုတ်ခမ်းနှစ်လွှာမှ၊ အောက်နှုတ်ခမ်းလွှာကိုသွားဖြင့် ခပ်နာနာဖိကိုက်ပြီး၊ ကိုကိုမောင်အား ပြောလိုက်သည်။ မြခက်နွယ်သည် မိန်းမချော ချောသောသူဖြစ်၍ ကိုမောင်မောင်နှင့်ငယ်သူငယ်ချင်း။ ထို့ပြင် ကိုကိုမောင်နှင့် ပတ်သက်လာလျှင် အစစအရာရာ အလိုလိုက်အကြိုက်ဆောင်သူဖြစ်သည်။ သူငယ်ချင်းထက် ပိုသောသံယောဇဉ်ကရှိသည်။ အိမ်နီးချင်းမဟုတ်။ ကိုကိုမောင်အထက်တန်းကျောင်းသားအ



www.burmeseclassic.com

www.burmeseclassic.com



တွင် ကျူရှင်တက်ရင်း ခင်မင်ရင်းနှီး ကာ။ မြခက်နွယ်ကအနားက တစ်ဖဝါး မကွာလိုက်ကပ်နေ၍ ကိုကိုမောင်က လည်းနှလုံးရောဂါအခံနှင့် ဝမ်းနည်း အားငယ်တတ်သောမြခက်နွယ်အား၊ သွေးသားရင်းခြာသဖွယ် ကူညီဖေးမ လေသည်။ ဒါကိုပင် မြခက်နွယ်က ကျေနပ်လျက်နေသည်။ ကိုကိုမောင်၏ ရိုးသားစွာဆက်ဆံမှုကို မြခက်နွယ်က ပန်းနုရောင် နှလုံးသားဖြင့် အရောင် ပြောင်းကာဆက်ဆံလေသည်။

"မောင်ရယ်..မြခက်နွယ်အပေါ် စိမ်းလိုက်တာ၊ မလာတဲ့ရက်တွေများပြီ နော်..''

"ဩော်မြခက်ရယ်..၊ ဆယ် တန်းအောင်ပြီး၊ ဘာသာရပ်မှမတူတာ၊ ငါကအခုကျောင်းပြီးတော့ လုပ်ငန်းခွင် ဝင်ရပြီ။ မြခက်က ကိုယ်ပိုင်လုပ်ငန်း ဆိုတော့ ကိုယ့်စိတ်ဆန္ဒအတိုင်းသွားလို့ လာလို့ရတယ်လေ၊ ငါကမရဘူး..။ ကိုယ့်အလုပ်ရှင် ကျေနပ်အောင်နေရ မယ်..''

"အဲဒါကြောင့်၊ မောင့်ကိုမြခက် နွယ်ပြောတာပေါ့၊ သူများဆီမှာ အလုပ် ဝင်မလုပ်ပါနဲ့လို့၊ မောင့်ကိုမြခက်ရှာ ကျွေးနိုင်ပါတယ်။ မောင် မြခက်နွယ်အ နားမှ အေးအေးဆေးဆေးနေပါ..''

မြခက်နွယ်၏စကားကြောင့် ကိုကိုမောင်ပြုံးလိုက်သည်။နှစ်ယောက် သားပေါင်းစပ်ပြီးဘဝထူထောင်ဖို့ လုံးဝမဖြစ်နိုင်သော အနေအထား၊ ကိုကိုမောင်က မြခက်နွယ်ချစ်သလို အရောင်မပြောင်း၊ အဖြူရောင်သာရှိ သည်။ ရင်ထဲက ရင်ခုန်စွာချစ်ရသော ချစ်သူကိုသာ သူလိုချင်သည်။ အသား ဖြူဖြူ၊ အရပ်မြင့်မြင့်၊ ကြံ့ခိုင်သော ခန္ဓာကိုယ်နှင့်အတူ မွန်ရည်သောရုပ်အ သွင်ရှိသည့် ကိုကိုမောင်အပေါ်မြခက် နွယ်ကသံယောဇဉ်နှောင်ဖွဲ့မိသည်မှာ မဆန်းလှ။

"မောင်က မောင့်ချစ်သူကို သိပ်ချစ်တာပဲလား..''

"ငါချစ်တယ်၊ သူကရိုးရိုးယဉ် ယဉ်လေးနဲ့လှတယ်၊ ဂုဏ်ဒြပ်ကိုမမက် ဘူး၊ သူ့ကိုမြင်ရရင် ငါ့ရင်ထဲမှာ တသိမ့် သိမ့်ခံစားရတယ်။မြခက်နဲ့က သူငယ် ချင်းအရင်းအဖြစ်နဲ့ နေမှာပါ။ မြခက် အကူအညီလိုရင်လည်း ငါကကူညီမှာ ပါ။ နောက်ဆို ငါ့ချစ်သူပါ အတူပါလာ ရင်မြခက်လည်း အကူအညီပေးမယ့် သူနှစ်ယောက်ရတာပေါ့..''

"ဟင့်အင်း.ဟင့်အင်း..မောင်နဲ့ မြခက်နွယ်ကြားထဲကို ဘယ်သူစိမ်းကို မှအဝင်မခံနိုင်ဘူး''

"မြခက်ကလည်း...အဖြစ်မသဲ စမ်းနဲ့.ငါ့ကိုခင်ရင်.ငါ့ချစ်သူကိုလည်း မြခက်ခင်ရမှာပေါ့''

မောင့်စကားက၊ မြခက်နွယ်၏ ရင်ကိုနာကျင်စေသည်။ ငယ်စဉ်အ ထက်တန်းကျောင်းသားဘဝထဲက တွယ်တာခဲ့ရသည့် သံယောဇဉ်ကိုမှ နားမလည်လေခြင်း။

မြခက်နွယ်မျှော်သော်လည်း မောင်က တော်တော်နှင့်ပေါ်မလာ၊ ရက်နှစ်ဆယ်လောက်မှခဏတစ်ဖြုတ် ဝင်လာသည်။ လာလျှင်လည်း သူ့ချစ် သူအကြောင်းကို နားမဆန့်အောင် ကြားရသည်။ ချစ်သူအကြောင်းပြော နေရလျှင် မောင့်မျက်နှာမှာ၊ ရေစင် ဖျန်း၍ လန်းကာအပြုံးပန်းတွေပွင့်နေ သည်။မြခက်နွယ်၏ ရင်ထဲအသည်း[illegible] တွင် တွယ်တာမိသည့် စိတ်ကိုမနည်း[illegible] မျိုသိပ်ထားရသည်။ မောင့်ချစ်သူ[illegible] မမြင်ဘူးသော်လည်း အမည်ကိုတေ[illegible] မကြာခဏ ကြားနေရ၍ သိနေသည်[illegible] ယွန်းသော်တာတဲ့။ ယွန်းပါသည်[illegible] တွက်မောင့်အပါးကနေ ဒင်းဖယ်ရမည်[illegible] ယွန်းရမည်။ လက်ိုအမှောင်ဖုံးအော[illegible] တိမ်မည်းတို့နှင့် ဖန်တီးရမည်။

"အခုဝါကျွတ်ရင်၊ ငါတို့လ[illegible] ထပ်မယ်၊ ငါ့ညီလေးလည်း နိုင်ငံခြ[illegible] မှာ အလုပ်သွားလုပ်တာ ပြန်ရော[illegible] လောက်ပြီ..''

"မောင် သိပ်ပြီး စိတ်ကူးမယ[illegible] နဲ့လေ၊ ကံကြမ္မာကို ကယ်သူက တ[illegible] သေဖန်တီးယူနိုင်လို့လဲ..''

"မြခက်.နင်ဘာပြောလိုက်တ[illegible] လဲ.၊ငါ့ချစ်သူကလည်း မိဘမရှိဘူ[illegible] အဒေါ်နဲ့နေရတာ။ ငါတို့မှာလည်း မိ[illegible] မရှိဘူး၊ ကိုယ့်ဘဝကိုယ်ဖန်တီးယူ[illegible] ရတဲ့အခြေအနေမှာ ရှိနေတယ်၊ န[illegible] ပြောသလိုဘာမှငါတို့ မဖြစ်နိုင်ဘူး''

မောင်က ချစ်သူနှင့်ဘဝချ[illegible] ပေါင်းစပ်ဖို့အရေး သိပ်ပြီးစိတ်အ[illegible] ထက်သန်နေသည်။ မြခက်နွယ်လ[illegible] လျှော့လိုက်သည်။ မောင့်ကိုသူ့အိမ်[illegible] လိုက်လာပြီး ညနေစာအတူတူစား[illegible] စီစဉ်ထားသည်။ အဖျော်ယမကာလေ[illegible] လည်းပါသည်။ ဒါကမောင်နှစ်ခြိုက်[illegible] သောအရာဖြစ်သည်။ များများစားစ[illegible] မဟုတ်သော်လည်း စကားပြော[illegible] လောက်တော့သောက်အုန်း။ မော[illegible] ကြောင့် ဖြစ်ပေါ်လာသည့် ရင်[illegible] အလွမ်းဝေဒနာကို ရင်ထဲမှာနေရာရှ[illegible] ပြီး သိမ်းထားလိုက်သည်။ မောင်စိတ[illegible]



www.burmeseclassic.com

www.burmeseclassic.com





သောလျှင် သူလည်း စိတ်ချမ်းသာရ ပြီ။ မောင်နှင့်လိုက်ဖက်ညီအောင် ဆင့်မညှိနိုင်သည့် သူ့ဘဝကိုလည်း က်နွယ်စိတ်အားငယ်မိသည်။

"ထမင်းစားမယ် မြခက်၊ ဘာ ချက်ထားလဲ..၊ ဒီကညစာ စား ယွန်းဆီကိုသွားမယ်၊ လက်ထပ်ဖို့ တွက် စီစဉ်စရာတွေစီစဉ်ရဦးမယ်"

"ထမင်းစားဖို့ပြင်လိုက်ပါ့မယ် ာင်ရယ် .. မောင့်ချစ်သူဆီသွားဖို့ ချိန်မီရစေမယ် ... မြခက်နွယ်က ားလည်ပါတယ် ..."

"ကဲမောင်လာ.. ထမင်းစားခန်း မှာ မြခက်နွယ် အဆင်သင့်ပြင်ထား ပြီးပြီ."

ကိုကိုမောင်၏ လက်မောင်းကို မြခက်နွယ်က လက်တစ်ဖက်ဖြင့် ချိတ် ကာထမင်းစားခန်းထဲသို့ ဝင်လာသည်။ ဆုံလည် ထမင်းစား စားပွဲဝိုင်းပေါ် တွင် ဟင်းခွက်တွေက စုံလှသည်။

"မောင့်ကို စားစေချင်လို့မြခက် နွယ်သေသေချာချာပြင်ဆင်ချက်ထားတာ၊ ဟောဒီက၊ ဝက်သားကိုနို့ချဉ်နဲ့ မအီ အောင်ချက်ထားတာ၊ ဒါက ကြက်ဟင်း ခါးသီးအလုံးလိုက်အထဲမှာပုစွန်သားနဲ့ ကြက်သွန်ရောပြီး အစာသွတ်ဆီပြန် ချက်ထားတာ။ ကြက်ရိုးနဲ့ ခွေးတောက် ရွက်ဟင်းချို၊ ငရုပ်ကောင်းခပ်မယ်.၊ ဒါက ငါးကြင်းကြော်အချိုနှပ် ထားတယ်"

"ဟင်းတွေများလိုက်တာ မြခက် ရာ."

"မောင့်ကိုဖွယ်ဖွယ်ရာရာ စားစေ ချင်လို့ပါ။နောက်ဆိုမောင်က မြခက်ရဲ့ လက်ရာကို စားချင်မှာမဟုတ်တော့ဘူး။

"ဒါကတော့ မပူနဲ့၊ ငါ့ချစ်သူက လည်း ထမင်းဟင်းချက်တာ တော်တယ်.."

သို့နှင့် နှစ်ယောက်သား ထမင်းပွဲ ဝိုင်းသို့ ဝင်ထိုင်ကြသည်။

"မောင်ရော. ထမင်းမစားခင် လည်ချောင်းလေးရှင်းသွားအောင်."

မြခက် ငှဲ့ထည့်ပေးလိုက်သော ယမကာတစ်ဝက်ကို၊ လည်ချောင်း ရှင်း အောင်မော့လိုက်သည်။ ထမင်းကိုစပြီး စားသည်။

"မြခက်ကောစားလေ.."

"မြခက်နွယ်က ဒီနေ့မွေးနေ့ဖြစ် လို့ ဥပုသ်စောင့်တယ်၊ မောင့်ကို ကျွေးချင်လို့သာချက်တာ.."

"ဟား... ဒါကြောင့်မြခက်ကို ငါကခင်တာ.."

ခင်ရုံခင်တာပဲလား မောင်ရယ်၊ ဘာကြောင့်များ ချစ်နိုင်အောင်မကြိုး စားရတာလဲ။ မြခက်နွယ်ရင်ထဲက ပြောလိုက်သည်။ မောင်ကဟင်းစား နည်းသည်။ မြခက်နွယ်က စားစေချင် လျှင် ဟင်းတွေခပ်ထည့်ပေးသည်။ ဟိုနည်းနည်း၊ သည်နည်းနည်းသာစား သည်။ ဟင်းအစုံတော့ မောင့်ဝမ်းထဲ ဝင်သွားသည်။ မြခက်နွယ်ကျေနပ် သည်။ ချက်ထားရလျှင်၊ ပင်ပန်းရကျိုး နပ်သည်။

"ကဲ ပြန်မယ်..မြခက်အိမ်က၊ မြို့သစ်ဆိုတော့ မြို့ထဲနဲ့ နည်းနည်း အလှမ်းဝေးတယ်၊ တချို့လမ်းတွေက မီးတိုင်တွေက မီးမလင်းကြဘူး၊ မောင် က ကားကို မောင်းသွားရဦးမှာ ..."



www.burmeseclassic.com

www.burmeseclassic.com



မောင်တစ်ယောက်မြခက်နွယ်၏ အိမ်မှပြန်သွားသည်။ ပတ်ဝန်းကျင်ရှိ မီးရောင်မှိန်မှိန်အောက်တွင် မောင့်ကား ဖြူဖြူလေးက အရှိန်ယူကာဘီးလှိမ့်ပြီး မောင်းသွားသည်။ မမြင်ရမှာစိုးရိမ်သည့်အလား မြခက်နွယ်သည် မောင်နှင့်ကားလေးအား မျက်စိတစ်ဆုံး မြင်ကွင်းမှပျောက်ကွယ်သွားသည် အထိကြည့်မိရင်း၊ မျက်လုံးအိမ်တွင် မျက်ရည်ကြည်တို့ စို့လာသည်။ မြခက်နွယ်၏ အချစ်ကိုတန်ဖိုးမထား ကျောခိုင်းထွက်သွားသူအတွက်ကတော့ သည်တစ်လမ်းပင်ရှိတော့သည်။

+ + + + + + +

ကလင်...ကလင်...ကလင်

"ဟဲလို ..ဟဲလို ..ဩော် .. ဟုတ်ပါတယ်..။ ကျွန်မ ယွန်းသော်တာပါ။ ရှင် ...ဘာဖြစ်လို့လဲ။ အို .. မဟုတ်တာရှင်။ ဟဲလို..ဟဲလို.."

ယွန်းသော်တာ၊ ဖုန်းကိုကိုင်ရင်း ရင်ထဲတွင် မတင်မကျခံစားလိုက်ရသည်။သူ့ကို ချစ်တဲ့ကိုကိုမောင်သေတဲ့အတွက် သိပ်ပျော်နေသလားတဲ့၊ တစ်ဖက်က အသံရှင်၏စကားဖြစ်သည်။ယွန်းက ငြင်းချက်ထုတ်လိုက်သည်။ ပျော်စရာလား၊ ချစ်သူတစ်ယောက်လုံးဆုံးရှုံးရသည့် အဖြစ်ပဲ။ အမည်လည်းမဆို၊ နေရပ်လည်းမပြောသောသူပင်။ ကိုကိုဆုံးပြီးကတည်းက ယခု လိုဖုန်းနှင့်စကားပြောသည်မှာ၊ မှုမမှန်သောစကားသံတွေနှင့်သာ သူ့ကို ရန်လုပ်နေသည်။ ကိုကိုဆုံးတာပင် တစ်လပြည့်တော့မည်။ မှုမမှန်သည့် ဖုန်းသံကတော့ မကြာခဏကြားရသဲ ဖြစ်သည်။

မြခက်နွယ်၏
နလုံးသား
ခုန်နှုန်းမြန်သွားသည်။
စကားလုံးများက
နားထဲသို့ အေးစိမ့်စိမ့်
ဝင်လာသည်။
ခန္ဓာကိုယ်တစ်ခုလုံး
ကတုန်ကယင်
ဖြစ်လာသည်
...

"ကိုကို တစ်ယောက်အရက်
လွန်ပြီး ကားမောင်းကြမ်းတာနဲ့
ရတာမဟုတ်ဘူး ...။ အရက်ကို အ
လောက် အလွန်အကျွံသောက်ထ
လည်းမဟုတ်ဘဲနဲ့ ဘာကြောင့်။ အ
လိုမထိန်းနိုင်ဘဲ သစ်ပင်ကိုဝင်တို
ရတာလဲ ..."

ကိုကိုသေဆုံးခြင်းအတွက် အ
လုံးက သံသယဖြစ်ကြသည်။ ကိုက
အပေါင်းအသင်းတွေကလည်း ကိုက
အရက်သောက်မကြမ်းကြောင်းပြေ
ကြသည်။ စားသောက်ဆိုင်ကမှုလာ
ပြန်လာတာလည်း မဟုတ်မှန်းသိ
သည်။သို့သော် ဘယ်နေရာကနေစာ
သောက်ပြီးပြန်လာသလဲဆိုတာ
မည်သူမှတွေးလို့မရကြ။ ကိုကိုက
အလုပ်ကိစ္စနှင့် ဥဒဟိုသွားတတ်သ
ဖြစ်သည်။

"ဦးဇော်မင်းမောင်ရဲ့ အစာအိ
ထဲမှာ food Poison ဖြစ်ထားသလိုပဲ"

ခန္ဓာကိုယ် ရင်ခွဲစစ်ဆေးရင်
အဖြေက ထွက်လာသည်။ အစာထဲတွင်
ဝက်သားဖက် နို့ချဉ်၊ ကြက်ဟင်းခါး
ခွေးတောက်ရွက်ဖတ်တွေပါသည်။
တခြား အဆိပ်သင့်စရာနှင့် ပတ်သက်
၍ ဘာတစ်ခုမှ သဲလွန်စမတွေ့ရ။ သ
ဘာသာသူ အစားအသောက်များပြီး
သေဆုံးခြင်းလို့ပဲ သတ်မှတ်ကြတော့
သည်။ ယွန်းသော်တာထံလာသော
ဖုန်းသံကတော့ ရက်ဆက်လာခြင်း
မဟုတ်သော်လည်း တစ်ပါတ်လျှင် သုံး
လေးကြိမ်မကတော့ လာတတ်သည်
ဖုန်းလာသည့် အချိန်ကလည်း ည
အိပ်ရာဝင်ခါနီးအချိန်ဖြစ်သည်။ ဖုန်း
နံပါတ်ကို မှတ်ထားရန်မှ လမ်းဘေး



www.burmeseclassic.com

www.burmeseclassic.com



ို့မဟုတ်) ဆိုင်တစ်ခုခုမှ ပြောင်းပြီး ာက်သောဖုန်းနံပါတ်များသာဖြစ်သည်။

ယွန်းသော်တာ၊ သတိထား သည့်အရာတစ်ခုတော့ ရှိသည်။ ိုဖုန်းနံပါတ်မှာ၊ မကြာခဏတွေ့ရ သာ ဖုန်းနံပါတ်ဖြစ်သည်။ သိသာသိ သော်လည်း အားသည်မှာလွယ်ကူ ့သည်တော့မဟုတ်ပေ။ သူငယ်ချင်း ဖြစ်သူ မေစံပယ်စံအား ပြောပြလိုက် သည်။

"ဟဲ့..ဟဲ့.ငါဒီဖုန်းနံပါတ်ကို ိုင်ဘူးသလို လို ပဲ... နေပါဦး။ ..ဒါ.ဟာ သိပြီယွန်းရေ.သိပြီ။ ဟာ ရွှေစင်မေဆိုတဲ့ အလှပြင်ဆိုင်က ုန်းနံပါတ်ပဲ"

"ဒါဆို ယွန်းတို့သွားစုံစမ်းကြည့် ရအောင်လား ဟင်."

သို့နှင့်ပင် ယွန်းနှင့်မေစံပယ်တို့၊ ကျောက်ကုန်းဘက်ရှိ အလှပြင်ဆိုင်သို့ သာခဲ့ကြသည်။

"စံပယ်က အဲဒီဆိုင်မှာ မကြခ ဏ ဆံပင်ကို လာလာပြုပြင်တယ်၊ ါကြောင့် ဒီက လူတွေနဲ့ခင်တယ် ယွန်းရဲ့..."

အလှပြင်ဆိုင်မှာ ဆိုင်ခန်းက ကျယ်သော်လည်း အသင့်အတင့် ကျယ်ပါသည်။ ခမ်းနားသပ်ရပ်စွာ ပြင်ဆင်ထားသည်။ မိန်းကလေးများ အလှပြင်တာနှင့် ပတ်သက်ပြီး ပစ္စည်း ကိရိယာအစုံရှိသည်။

"ဟော.စံပယ်တို့လား..လာ ...လာ..ဆံပင်ပြန်ဆန့်မလို့လား။ ဪ အဖော်လည်းပါတယ်ကိုး..."

"ဟုတ်တယ် စနိုးရေ..။ဆံပင် ကိုပြန်ပြီး ဆက်မယ်လုပ်ချင်လို့ ညီမတို့ ဘော့(စ်) ဒီနေ့မလာဘူးလား.."

ဆံပင်နီကြောင်ကြောင်နှင့် ခေတ် ဆန်ဆန်အဆင်အပြင်ဝတ်ထားသော မိန်ကလေးသုံးယောက်ထဲမှ တစ် ယောက်က မေးလိုက်သည်။

"ဘော(စ်) မလာဘူးလေ၊ အသည်းကွဲရောဂါခံစားနေရတာနဲ့ ဆိုင်တောင်မလာနိုင်ဘူး.."

"ဟောတော့၊ စနိုးတို့ရဲ့ဘော့(စ်) ကို သူ့ဘော်ဒါက ထားသွားလို့လား ..."

"ပြောချင်ပါဘူး မစံပယ်ရယ်.။ အရင်လက ကားအက်ဆီးဒင့်ဖြစ်ပြီး ဆုံးသွားတယ်လေ၊ သူတို့က အထက် တန်းကျောင်းသားဘဝထဲက သူငယ် ချင်းတွေ၊ နောက်မှချစ်သူတွေဖြစ်လာ တာတဲ့။ ဟိုးတုန်းကတော့ ဆိုင်ကို မကြာခဏလာတတ်တယ်။နောက် တော့အဲဒီလူက မိန်းမယူတော့မယ် လည်းဆိုရော။ ဘော့(စ်)ခမျာ အသည်း ကွဲရတယ်..."

နှစ်ယောက်သားအလှပြင်ဆိုင် ရှင်၏ စိတ်မကောင်းဖြစ်ကြသည်။ တစ်ဘက်သတ်ချစ်ရတော့ အချစ်၏ ဒုက္ခခံစားရမှုမှာ ပင်ပန်း၊ နာကျဉ်း၊ ကြေကွဲစရာကောင်းကြောင်းကို သိရ သည်။

" ဒါဆို အဲဒီလူက သစ္စာမဲ့တာ ပေါ့။ဒီလောက်ချစ်ကြရဲ့သားနဲ့ပစ်ထား ပြီးမိန်းမယူမယ်ဆိုတော့ တော်တော် ခံရခက်မှာပဲနော်"

"ခံရခက်လား မခက်လား မပြောနဲ့ စံပယ်ရေ၊ ဒီဘဝမှာမပေါင်း ရမယ့်အတူတူ။ အဲဒီလူကိုလည်း အဆိပ်ခပ်သတ်၊ ဘော့စ်ကလည်း သူ့ကိုယ်သူသတ်သေမယ် ဆိုပြီးတော့ တောင်စဉ်းစားထားတာ"

"အဲဒီလူက ဘယ်ကလဲဟင်"

ယွန်းသော်တာက သိချင်စိတ်နှင့် မေးလိုက်သည်။ ဝန်ထမ်းမိန်းကလေး က။ ပြောရခက်သည့်အသွင်နှင့်နှုတ် ဆိတ်နေသည်။ထို့ကြောင့် ယွန်းက ဆက်မမေးဘဲနေသည်။ မေစံပယ်က ထပ်ပြီးမေးလိုက်သည်

"ဆောက်လုပ်ရေးကုမ္ပဏီတစ်ခု က အင်ဂျင်နီယာလို့ပြောတာပဲ၊ သေ သေချာချာတော့ မသိပါဘူး။ ဘော့(စ်) ကသာသည်းသည်းလှုပ်နေတာ၊ ဟို လူကတော့ ခပ်တန်းတန်းပဲပြောတာ ဆိုတာတွေ့ရတယ်။ အမှန်မှာတော့ ဘော့(စ်)က တစ်ဖက်သတ်ချစ်နေတာ ပါ.."

စကားစဖြတ်ပြီး ယွန်းသော်တာ နှင့်မေစံပယ်တို့ ဆံပင်အလှပြင်ရန်အ တွက်၊ ခုံပေါ်ဝင်ထိုင်လိုက်ကြသည်။ ယွန်းသော်တာ၏စိတ်ထဲတွင် တစ်ခုခု ကိုသိချင်နေသည်။

+ + + + + + + + +

နှစ်ယောက်သားတွဲထွက်လာသည် ကို မြခက်နွယ်လှမ်းမြင်လိုက်ရသည်။ ထိုနှစ်ယောက်ထဲမှ အမျိုးသားကို မြခက်နွယ်ပိုပြီးသတိထားမိသည်။ မြခက်နွယ်၏ချစ်သူ။ မောင်နှင့်တော် တော်တူသည်၊ တူတာမှခွဲမရလောက် အောင်ကို တူသည်။ သုံးလေးခါမက မြင်လိုက်ရသည်။ မောင်နှင့်တူလွန်းလို့ သတိထားမိသည်။ မောင်မသေဘဲ အသက်ရှင်လျက်များရှိနေလေသလား။ သံသယဝင်မိသည်။ မြခက်နွယ်၏အလှ ပြင်ဆိုင်နှင့်မျက်နှာချင်းဆိုင်မှာရှိသော



www.burmeseclassic.com

www.burmeseclassic.com





စားသောက်ဆိုင်ကို၊ သူတို့နှစ်ယောက် လာကြသည်။ အမှန်ကေန်၊ မောင်သာ ဆိုလျှင် မြခက်နွယ်ဆီတော့လာမှာ သေချာသည်။ သူတို့နှစ်ယောက်လာ တတ်သည့် နေ့နှင့်အချိန်ကို၊ မြခက် နွယ်သတိထားမိလိုက်သည်။

သည်နေ့က အင်္ဂါနေ့၊ ဟိုနှစ် ယောက် စားသောက်ဆိုင်သို့လာမည့် အချိန်ကိုမှန်းကာ မြခက်နွယ်က အရင် ရောက်နှင့်နေသည်။ မကြာမီ မြခက် နွယ်မျှော်နေသူတို့ရောက်လာကြသည်။ နှစ်ယောက်သားလက်ချင်းတွဲကာ ဝင်လာသည်။ ထိုင်နေကြထောင့်ကျကျ စားပွဲတွင် ဝင်ထိုင်လိုက်ကြသည်။ စားသောက်ဆိုင်မှ စားပွဲထိုးကောင်လေးက သူတို့နှစ်ဦးအားသိနေ၍ အထူးမှာစရာမရှိဘဲ ကြေးအိုးပြုတ်ပွဲကြီးတစ်ပွဲ၊ သီးသန့်ပန်းကန်၊ ဖွန်းနှစ်ချောင်းကိုယူလာပြီး၊ ကြေးအိုးပြုတ်ပွဲကြီးပန်းကန်ထဲမှ တစ်ဝက်ခွဲကာ ထည့်ပေးလိုက်သည်။

"ချစ်လေးက အသည်းဖတ်နဲ့ အသားလုံးလေးတွေကြိုက်တယ် ဆိုတော့ အသည်းဖတ်လေးတွေပဲရွေးပြီးချစ်လေးရဲ့ ပန်းကန်ထဲကိုထည့်ပေးတာ.."

မောင်နှင့်တူလွန်းလှသည့် အမျိုးသားက၊ သူ့ရှေ့ရှိ ပန်းကန်ထဲမှ အသားဖတ်တွေကို အမျိုးသမီးလေး၏ ပန်းကန်ထဲသို့ ခပ်ယူဆယ်ထည့်ပေးနေသည်။ ဖြစ်စဉ်အားလုံးကို မြခက်နွယ်က မြင်နေရသည်။ပြောသမျှကိုလည်း ကြားရသည်။ စားပွဲခြင်းက မနီးမဝေးမှာဖြစ်သည်။ မြခက်နွယ်၏ စားပွဲကလည်းတစ်ဖက်ထောင့်ကျသည့် နေရာတွင်ရှိသည်။

"ကိုကို.."

"ပြောလေချစ်လေး.."

"ကိုကို ရယ်... ချစ်လေးတို့ လက်ထပ်ကြရအောင်နော်.."

"ကိုကိုကတော့၊ ချစ်လေးသဘောပဲ..."

"ဒီတစ်ခေါက်တော့ ကိုကိုနဲ့ ချစ်လေးခွဲရမှာကြောက်လာပြီ.."

မြခက်နွယ်ပို၍ပြီးနားစွင့်ထားသည်။လက်ထက်ဖို့အရေးဆွေးနွေးကြသည့်ပုံပင်။

"ဟုတ်တယ်ကိုကိုရဲ့။ ဟိုတစ်ခါ တုန်းက ကားတိုက်မှုဖြစ်တာ၊ က ကောင်းထောက်မလို့ အသက်ဘေးက လွတ်ခဲ့ရတယ်။ အားလုံးကကိုကို သေပြီဆိုပြီး သတ်မှတ်ကြတာ ဆေးရုံက ဆရာဝန်တွေကောင်းလွန်းလို့ အသက်ပြန်ရှင်ခွင့်ရတာ.. ချစ် လေးတော့ နောက်တစ်ခါထပ်ပြီး ကိုကို နဲ့အဝေးမခံနိုင်တော့ဘူး.. တော်သေး တာပေါ့ ကိုကိုရယ်။ အတိတ်မေ့ရောဂါ ရတာ၊ တခြားသူတွေကိုမေ့ပေမယ့် ချစ်လေးကိုမမေ့တာ ..."

"ကိုယ့်လိုဘဝထဲမှာ ချစ်လေးက အမြဲရှိနေတာပဲလေ၊ တခြားဘယ်သူ ကိုမှ သတိမရချင်နေပါစေ၊ ကိုကို့ချစ် လေးကိုသတိရရင်ကျေနပ်နေတာ"

"ကိုကိုမေ့နေတုန်း သတိရစမှာ နာမည်တစ်ခုရွတ်တာ တိုးတိုးလေး ကြားရတယ်၊ ဘာတဲ့ 'ခက်'ဆိုလား ဘာခက်ဆိုလား..။"

မြခက်နွယ်၏နှလုံးသားခုန်နှုန်းမြန် သွားသည်။ စကားလုံးများက နားထဲသို့ အေးစိမ့်စိမ့်ဝင်လာသည်။ ခန္ဓာကိုယ် တစ်ခုလုံးက တုန်ကယင်ဖြစ်လာ သည်။ တိုက်ဆိုင်လွန်းသည်။ သူနား နှင့်ဆတ်ဆတ်ကြားခဲ့သည်။ သတင်းက အမှန်ပင်ဖြစ်ပါသည်။ မောင်တစ် ယောက်၊သူမျက်စေ့ရှေ့မှောက်ကပင် ကားမောင်းထွက်သွားသည်။ နောက် တစ်နေ့ မိုးလင်းတော့ မောင့်နာရေး သတင်းကိုကြားရသည်။ မြခက်နွယ် မောင့်အသုဘကိုပင် လိုက်မပို့တော့ ခံစားရသောရင်ကွဲနာကိုသာ ကိုယ်တိုင် ခံစားလိုက်သည်။

"ချစ်လေးပြောတဲ့ အမည်တော့

www.burmeseclassic.com



**ညနေစာကျွေးလိုက်တဲ့ ဟင်းတွေက တကယ်ကို သေစေနိုင်ပြီး မတည့်တဲ့အစာတွေကို ချက်ကျွေးတာတဲ့၊ ဒီကြားထဲ အရက်ပါသောက်စေတော့၊ ကားလည်းမောင်းရော...**

ကိုကိုမမှတ်မိဘူး။ ကိုကိုမှတ်မိတာက ကားမောင်းလာရင်း အရမ်းအန်ချင်လာတယ်။ ခေါင်းတွေမူးလာတယ်..အဲဒါကိုတော့ မှတ်မိတယ်.."

"ကဲပါ ကိုကိုရယ်..။ အဲဒီလို အဖိုးမတန်တဲ့သူ၊ ရက်စက်ယုတ်မာတဲ့ သူရဲ့အကြောင်းကို၊ ထပ်ပြီးမတွေးနဲ့တော့"

ရယ်မောကြည်ရွှင်စွာနှင့်စကားဆက်နေသော သူတို့နှစ်ယောက်ကို ကြည့်ပြီး၊ မြခက်နွယ်ဆက်ပြီး ထိုင်ချင်စိတ်မရှိတော့။မှာထားသည့်အအေးကိုလည်းမသောက်ဘဲ သည်အတိုင်းထားပြီး ပိုက်ဆံပဲရှင်းကာ စားသောက်ဆိုင်ထဲမှထွက်လာသည်။ ဒေါသအရှိန်ကြောင့် စားပွဲခုံကိုပင် ဝင်တိုက်မိသည်။

"ညီလေး."

"ပြောပါအစ်ကို.ဘာများလိုအပ်ပါသလဲ."

"တခြားဘာမှမလိုအပ်ပါဘူး၊ မေးချင်တာရှိလို့ပါ"

"မေးပါ..၊အစ်ကို..မေးပါ။

ဆိုင်ပိုင်ရှင်လူငယ်အား၊ မြခက်နွယ်၏ မောင်နှင့်တူသည့်အမျိုးသားက မေးလိုက်သည်။

"စောစောကထသွားတဲ့သူက ရှေ့ကအလှပြင်ဆိုင်ပိုင်ရှင်လား.."

"ဟုတ်တယ်..အစ်ကို။ ဟုတ်တယ်..။သူမှာရည်းစားရှိတယ်လို့ပြောတယ်။ဆိုင်ကိုလာရင် ဒီကပဲ စားစရာမှာလို့ သွားပို့ရတယ်။ သိပ်တော့ သေသေချာချာမမြင်ပါဘူး။ ကားဖြူလေးနဲ့လာပြီး စားသောက်ပြီး တာနဲ့ပြန်ထွက်သွားတာဘဲ..၊

"ဒါဆို အခုကောလာသေးလား."

"မလာတော့ဘူး.အစ်ကို.သူ့ဆိုင်မှာအဖော်ခေါ်ထားတဲ့ ဝန်ထမ်းကောင်မလေးတွေကပြောတာပဲ.သေသွားပြီတဲ့"

"ဝန်ထမ်းကောင်မလေးက .. ဘယ်လိုသိတာလဲ."

"အဲဒီကောင်မလေးက၊ သူနဲ့အတူတူနေတာ။ ကောင်မလေးကရိုးရိုးအအလေး၊ ဆိုင်မှာစားစရာလာဝယ်ရင်၊ ကျွန်တော်တို့က သူတို့ဆိုင်ပိုင်ရှင်နဲ့ပတ်သက်ပြီး သိချင်တာတွေမေးရင် အကုန်ပြောပြတာပဲ.."

"အေး..ဆိုင်ပိုင်ရှင်ကချောတော့ချောသားနော်.."

"ချောပေမယ့်၊ ဘဝချင်းမှမတူတာ။ ခက်တာက၊ မိန်းမလျာများယောကျ်ားတစ်ယောက်ကို ချစ်မိပြီဆိုရင်၊ အသက်ပါပေးကြတယ်။မြခက်နွယ်ဆိုတဲ့ မိန်းမလျာလည်း သူကြိုက်တဲ့သူက သူ့ကိုမယူဘဲ တခြားသူယူမယ်ဆိုတော့ ရက်ရက်စက်စက်ကြံတော့တာပေါ့"

"ညီလေးက အဲဒါတွေဘယ်လိုသိသလဲ.."

"သူနဲ့အတူနေတဲ့ ဝန်ထမ်းကောင်မလေးက ပြောပြတာပေါ့၊ သူတောင် အဲဒါတွေမသိဘူးတဲ့။ အဲဒီလူကို ညနေစာကျွေးလိုက်တဲ့ ဟင်းတွေက တကယ်ကို သေစေနိုင်ပြီး မတည့်တဲ့ အစာတွေကို ချက်ကျွေးတာတဲ့၊ ဒီကြားထဲ အရက်ပါသောက်စေတော့၊ ကားလည်းမောင်းရော၊ ဝမ်းထဲမှာရှိတဲ့အစာတွေက Food Poison တွေဖြစ်လာပြီးကားတိုက်မှုဖြစ်တာတဲ့."

"ဒါဆိုသေသေချာချာကျိတ်ကြံစည်ပြီးလုပ်တာပေါ့"

နိုင်ငံခြားမှ ပြန်လာပြီး အမွှာညီအစ်ကိုဖြစ်သူက အစ်ကို့အတွက် သေဆုံးရသည့် အကြောင်းကို မကျေနပ်၍ ယွန်းသော်တာနှင့်အတူ သေချာစုံစမ်းခဲ့ပြီး၊ ယခုတော့ သဲလွန်စနှင့်အတူ တရားခံကိုတွေ့ပြီ။

ပြီး



www.burmeseclassic.com

www.burmeseclassic.com






# မြသိန်း

## လူသတ်ကောင်ကို ဖော်ထုတ်ပေးသော သဲလွန်စ



www.burmeseclassic.com

www.burmeseclassic.com



မှန်ပြည်နယ်မြို့ ရဲစခန်းမှ ရဲများ အလုပ်များနေကြသည်။ အသက် နှစ်ဆယ်အရွယ်ရှိ မရွှေဥပျောက်ဆုံးနေမှုကို ရှာပုံတော်ဖွင့်နေကြရသောကြောင့်။

မရွှေဥသည်မြို့အနောက်ပိုင်းရှိ သူတို့ပိုင်ခြံကျယ်ကြီးတွင် ဟင်းလျာအတွက်ဟင်းရွက်ခူးသွားရာမှ နေ့လယ်ပြန်မရောက်၊ ညနေလည်းပြန်မရောက်လာသောကြောင့် မရွှေဥမိခင်နှင့် ရွှေဥမောင်ဖြစ်သူမောင်အေးတို့က နှစ်မိုင်ခန့်ဝေးသောထိုခြံထဲသို့သွား၍ မရွှေဥကိုရှာကြသည်။ မတွေ့။ သူတို့ အိမ်ပြန်လာကြသည်။ မရွှေဥ အိမ်ပြန်မရောက်သေး။

ဟိုမေးဒီမေး မေးကြသည်။ မည်သူမျှမပြောနိုင်ကြ။ ထို့ကြောင့် သားအမိနှစ်ယောက် ရဲစခန်းသို့သွား၍ မရွှေဥပျောက်ဆုံးနေမှုကို တိုင်ချက်ဖွင့်သည်။

"ယောကျ်ားနောက်လိုက်သွားတာမဖြစ်နိုင်ဘူးလား" ရဲအရာရှိက မေးသည်။

"ကျွန်မသမီးမှာ ချစ်သူမရှိဘူး" မရွှေဥမိခင်ဒေါ်ငွေက ပြောသည်။

"ကျွန်တော်သိသလောက် ပြောရရင် အစ်မမှာချစ်သူမရှိပါဘူး"

မရွှေဥမောင်အသက် တစ်ဆယ့်ခုနစ်နှစ်အရွယ် မောင်အေးကလည်း ထိုသို့ပြောသည်။

"ချစ်သူမရှိသေးဘူးဆိုတာ သေချာရဲ့လား၊ ခင်ဗျားတို့ မသိအောင် ရည်းစားထားရင်ထားမှာပေါ့"

ရဲအရာရှိ ဦးငြိမ်းဟန်က ပြောသည်။

"ကျွန်မသမီးအကြောင်း ကျွန်မသိပါတယ်"ဟု ဒေါ်ငွေကပြောသည်။

"ခင်ဗျားတို့မှာ အိမ်သားဘယ်နှစ်ယောက်ရှိသလဲ" ဟု ဦးငြိမ်းဟန်ကမေးသည်။

"သုံးယောက်၊ ကျွန်မရယ်၊ သမီးရွှေဥရယ်၊ သားမောင်အေးရယ်။ သူတို့အဖေကတော့ လွန်ခဲ့တဲ့နှစ်နှစ်က ဆုံးသွားပါပြီ"

ဦးငြိမ်းဟန်ဦးစီးသော ရဲတို့သည် သူတို့လုပ်ငန်းအတွေ့အကြုံကိုအခြေခံ၍ပျောက်ဆုံးနေသော မရွှေဥကိုရှာကြသည်။ သုံးရက်ကြာသွားသည်၊ ရှာမတွေ့။

ဒေါ်ငွေတို့၏ အိမ်သို့အဝင်အထွက်များသူများ၊ မရွှေဥ၏မိတ်ဆွေများ၊ မောင်အေး၏သူငယ်ချင်းများ စသည်တို့ကို မေးမြန်းသည်။ ရဲအတွေ့အကြုံရင့်ကျက်နေပြီဖြစ်သော ဦးငြိမ်းဟန်သည် သူတို့ထဲမှ တစ်ယောက်တစ်လေမျှ သိသူမပါကြောင်းသူသိသည်။

တစ်ဧကကျော်ကျော်ရှိသော ထိုခြံကြီးထဲတွင် သစ်ပင်ဝါးပင်ချုံနွယ်ပိတ်ပေါင်းများရှိ၏။ မရွှေဥသည် တစ်ပတ်တစ်ခါ ထိုခြံထဲသွား၍ ဟင်းသီးဟင်းရွက်၊ မှို၊ မျှစ် စသည်တို့ကို ရှာဖွေခူးနေကြ။ ယခုမှ ထူးထူးဆန်းဆန်းပျောက်ဆုံးနေသည်ကို ဘယ်လိုမှ မစဉ်းစားတတ်ပါဟု ဒေါ်ငွေက ပြောသည်။

"ခင်ဗျားတို့ခြံစောင့်မထားဘူးလား"ရဲအရာရှိက မေးသည်။

"ကျွန်မယောကျ်ားမသေခင်က ထားတယ်၊ သေပြီးတော့မထားတော့ဘူး" ဒေါ်ငွေ ဖြေသည်။

"ကလေးတွေအဖေမရှိတော့ ခြံကိုကျွန်မတို့မကြည့်နိုင်ဘူး၊ ခြံစောင့်ကိုလခလည်းပေးဖို့ရာ ကလေးတွေအဖေမရှိတော့ ငွေရှာပေးမည့်သူမရှိတော့ဘူး။ ခြံကိုပြန်ရောင်းဖို့ ကြော်ငြာထားတယ်" ဒေါ်ငွေသည် ပြောရင်း မျက်ရည်လည်လာသည်။

"ခြံစောင့်က ဘယ်မှာနေလဲ"

"ဒီမြို့ရဲ့တောင်ဘက်က နီးမှုတ်ရွာကပါ၊ မွန်အဘိုးကြီးတစ်ယောက်ပါ" ရဲအရာရှိ၏အမေးကို ဒေါ်ငွေဖြေသည်။

"သူ့နာမည်ဘယ်လိုခေါ်လဲ . . ၊ အသက်ရော ဘယ်လောက်လဲ"

"ဦးထော်လို့ခေါ်တယ်၊ အသက်ကခြောက်ဆယ်လောက်ပါ၊ ဦးထော်က ကျွန်မရဲ့ အဖေရဲ့တပည့်လည်းတော်ပါတယ်"

သို့နှင့်သုံးရက်ကုန်သွားသည်။ မရွှေဥသတင်းကို လုံးဝမရ။

စတုတ္ထမြောက်နေ့တွင် ရဲအရာရှိ ဦးငြိမ်းဟန်သည် နံနက်ခုနစ်နာရီတွင် ဒေါ်ငွေတို့၏ ခြံကြီးမြောက်ဘက် ဆက်စပ်တောသို့သွားသည်။ (သူတို့သည်



www.burmeseclassic.com

www.burmeseclassic.com


ဒေါ်ငွေ၏ ခြံကြီးထဲတွင် နေရာအနှံ့ရှာပြီးဖြစ်၏။ အကယ်၍ မရွှေဥသည် အသတ်ခံရပါက မြှုပ်ထား၊ ဝှက်ထားနိုင်မည့်နေရာများကို သူတို့အနှံ့ရှာပြီးဖြစ်၏။)

"မင်းတို့ဘာအနံ့ရသလဲ၊ ငါတော့အပုပ်နံ့ရတယ်" ဦးငြိမ်းဟန်သည်နှာခေါင်းကို ရှုံ့၍သူ့တပည့်များကိုပြောသည်။

သူ့တပည့်များကလည်း အနံ့ခံကြရာ–

"ဟုတ်တယ် ဆရာ၊ အပုပ်နံ့ရတယ်"ဟုပြောကြသည်။

သူတို့သည်အပုပ်နံ့ခံရင်း လှိုဏ်တစ်ခုထဲ၌ ရုပ်ပျက်ဆင်းပျက်နှင့် ပုတ်ပွနေသောအလောင်း၊ မိန်းကလေးအလောင်းတစ်လောင်းကိုတွေ့ရသည်။

အလောင်းကိုသစ်ရွက်သစ်ခက်၊ ကျောက်တုံးများ၊ မြေစိုင်ခဲများ၊ တောင်ကျောက်ပျောရွက်များ၊ ငှက်ပျောတုံးများဖြင့်ဖုံးအုပ်ထားသည်။

ရဲအရာရှိကြီးဦးငြိမ်းဟန်သည် အလောင်းပေါ်ရှိသစ်ခက်သစ်ကိုင်းအရေအတွက်၊ ကျောက်တုံးကျောက်ခဲများအရေအတွက်၊ ကျောက်တုံးကျောက်ခဲအကြီးအသေး၊ ငှက်ပျောပင်များအရေအတွက်နှင့် ခုတ်ဖြတ်ထားမှုအခြေအနေစသည်တို့ကို အသေးစိတ်မှတ်သားပြီး ပတ်ဝန်းကျင်မြေအနေအထားကိုလည်း အသေးစိတ်မှတ်သားသည်။ ထို့နောက် သူ၏တပည့်တစ်ယောက်အား ရဲစခန်းသို့ ပြန်လွှတ်၍ အလောင်းကို ဆေးရုံသို့ ပို့ဆောင်နိုင်ရန်အတွက် ရပ်ကွက်လူကြီးထံအကူညီတောင်းရန်နှင့် အလောင်းပျောက်ဆုံးနေသော မရွှေဥအလောင်းဟုတ်မဟုတ်ကိုပါ စိစစ်နိုင်ရန် မရွှေဥ၏ အိမ်သားတစ်ယောက်ယောက်ကိုပါ ခေါ်ခဲ့ရန်မှာကြားပြီး စေလွှတ်လိုက်သည်။

နောက်ထပ်တစ်နာရီကျော်ကျော်နှစ်နာရီခန့်အကြာတွင် အလောင်းရှိရာသို့ ဦးငြိမ်းဟန်စေလွှတ်လိုက်သော တပည့်နှင့်အတူ၊ မရွှေဥမောင် မောင်အေးပါရောက်လာကြသည်။ သေဆုံးနေသူမှာ မရွှေဥဖြစ်ကြောင်း မောင်အေးနှင့် ရပ်ကွက်လူကြီး၊ လူကြီးနှင့်အတူပါလာသူများက တစ်ညီတစ်ညွတ်တည်းပြောကြသည်။

မောင်အေးသည်အစ်မအလောင်းကို ကြည့်ပြီး ငိုနေရာ ဦးငြိမ်းဟန်က ချော့မော့ရင်း ...

"မင်းအစ်မကို သတ်တဲ့လူ ဒါမှမဟုတ် လူတွေကို ငါဖော်ထုတ်ပေးပါ့မယ်ကွာ"ဟု နှစ်သိမ့်စကားပြောသည်။

ဦးငြိမ်းဟန်သည် လူသတ်သမားကိုဖော်ထုတ်ပေးနိုင်မည့်သဲလွန်စတစ်ခုကို သူတွေ့ထားသော်လည်း၊ သူ့ဝမ်းထဲ၌သာထားပြီး မည်သူ့ကိုမျှ မပြောပေ။

အလောင်းကိုမြို့နယ်ဆေးရုံသို့ ပို့ပြီးဆရာဝန်ကြီးအား စစ်ဆေးရန် အပ်နှံလိုက်သည်။

မရွှေဥအလောင်းတွေ့သည် သတင်းသည်...... မြို့၌တမဟုတ် ခြင်းပျံ့နှံ့သွားလေတော့၏။

"မရွှေဥသည် မုဒိမ်းကျင့်ခံရပြီ မုဒိမ်းကျင့်သူ (သို့မဟုတ်) ကျင့်သူမျာ မှမရွှေဥ၏မျက်နှာသိများ ဖြစ်သေ ကြောင့် မရွှေဥကိုသတ်လိုက်ခြင်းဖြစ် မည်ဟု" ဦးငြိမ်းဟန်တွက်ဆထာ သည်။

အလောင်းကိုအသေးစိတ် စ ဆေးပေးသူ ဆရာဝန်ကြီးက မရွှေ သည်မုဒိမ်းအကျင့်ခံရပြီး၊ လည်ပင် ညှစ်သတ်ဖြတ်ခြင်းခံရကြောင်း အ ထောက်အထားများပြ၍ ဆေးစဉ်မှတ် တမ်းကို ဦးငြိမ်းဟန်အားပေးသည်။

"အားကောင်းပြီး ဗလတောင့်တ လူဖြစ်ရမယ်၊ မရွှေဥကို မုဒိမ်းကျင့်ပြ သတ်တဲ့လူဟာ"

ဆရာဝန်ကြီး၏ မှတ်ချက်နှင့် ဦးငြိမ်းဟန်၏ ထင်ကြေးမှာကိုက်ညီ၏

ရဲအရာရှိဦးငြိမ်းဟန်သည် မရွှေ နှင့်ခင်မင်ရင်းနှီးသူ၊ မရွှေဥမိသားစ အိမ်သို့အဝင်အထွက်ရှိသူ အမျိုးသာ

**အလောင်းပေါ် ဖိထားတဲ့ ကျောက်တုံးအချို့ဟာ သိပ်ကြီးတယ်။**
**တော်ရုံတန်ရုံဗလနဲ့ မသယ်နိုင်ဘူး။**
**ဗလကောင်းသူသာ သယ်နိုင်မယ်ဆိုတာ ငါ့သဲလွန်စရတယ်။**
**ကျန်တဲ့သဲလွန်စပြစ်တဲ့ ...**

www.burmeseclassic.com

www.burmeseclassic.com



းနှင့်တွေ့ဆုံစကားပြောရင်း အကဲ တ်ရာ၌ မသင်္ကာဖွယ်ရာလူများကို တွေ့ရ။

သို့နှင့် မရွှေဥအလောင်းတွေ့ပြီး သးရက်အကြာတွင် မရွှေဥတို့၏ စောင့်အလုပ်လုပ်ခဲ့ဘူးသူ ဦးထော်နေ ိုင်ရာ နီးမှုတ်ရွာသို့ တပည့်နှစ် ယာက်နှင့်အတူ အရပ်ဝတ်ဖြင့် သွားသည်။

ဦးထော်နှင့်တွေ့သည်။ ဦးထော် ာအရပ်ခပ်ပုပု၊ လူမှာခပ်ပိန်ပိန်။ ရွှေဥကို သတ်သူမဖြစ်နိုင်ဟု ဦးငြိမ်း ဟန်စိတ်ထဲမှပြောရင်း ပတ်ဝန်းကျင် ကိုကြည့်ရာ ဦးထော်အိမ်ငယ်နှင့် ပေငါး ဆယ်အကွာမြေကွက်လပ်တွင်၊ ထင်းချောင်းများကို ဘယ်လက်ဖြင့် ဖြတ်နေသော အသက်သုံးဆယ်ကျော် အရွယ်လူတစ်ယောက်ကို သူသတိ ထားမိသည်။

ဗလတောင့်သော ထိုသူကိုကြည့် ၍–

"အဲဒီ ထင်းဖြတ်နေသူဟာ ခင်ဗျားနဲ့ဘာတော်သလဲ" ဟု ဦးထော် ကိုမေးသည်။

"ငါ့တူ၊ ငါ့အစ်မရဲ့သား"

ဦးထော်က ဖြေသည်။

"ခင်ဗျား ဒေါ်ငွေရဲ့ခြံမှာအစောင့် လုပ်တုံးကလဲ ဒီခင်ဗျားရဲ့တူ၊ ခင်ဗျား ထံမကြာမကြာလာတယ် မဟုတ်လား"

"ဒေါ်ငွေမိသားစုနဲ့သူခင်သလား"

"ဟာ . . ခင်တာပေါ့၊ တစ်ခါ တစ်ခါ ငါနဲ့သူ ဒေါ်ငွေအိမ်သွားရင်း ထမင်းစားကြတယ်"

"သူနာမည်ဘယ်လိုခေါ်သလဲ"

"ဒီကောင့်နာမည် ငထွေး"

"မိန်းမရှိသလား"

"မရှိဘူး . .၊ သူက အရက်ဖိုး အတွက် ဟိုအိမ်ဒီအိမ်တွေမှာ အလုပ် ကြမ်းလုပ်ပြီး ငွေရှာတယ်၊ အခုလည်း ကျုပ်အိမ်မှာ ထင်းခုတ်ပြီးရင် အရက် ဖိုးတောင်းမှာ သေချာတယ်"

"သူ့ကိုခေါ်လိုက်ဗျာ . .၊ ကျုပ် သူနဲ့စကားပြောချင်တယ်"

ဦးထော်သည် ငထွေးကိုခေါ်လိုက် သည်။

ငထွေးသည် ဓါးကိုကိုင်၍လာ သည်။ ဦးထော်ရှေ့တွင်ရပ်၍ ဦးငြိမ်း ဟန် တို့အုပ်စုကိုကြည့်သည်။

"မင်းက ဗလတောင့်တယ် . .၊ အရပ်လည်းမြင့်တယ်၊ ငါက မင်းကို အားကျတယ်၊ မင်းကိုမေးစရာရှိတယ်။ ဦးထော့်နားမှာထိုင်ကွ၊ မင်းဗမာဟုတ် တယ်မဟုတ်လား"

"ဟုတ်တယ်"

"မင်းဓားက တော်တော်ထက် တာပဲ၊ သံလည်းသိပ်ကောင်းမယ်၊ မှန်း ပေ့၊ ဒီဓားမျိုးငါတို့ တစ်ခါမှ မမြင် ဘူးဘူး"

ဟု ဦးငြိမ်းဟန်သည် ထိုသို့ပြော ရင်း ငထွေး၏ ဓားကိုလှမ်းယူလိုက်ပြီး ဓားသွားကိုစမ်းကြည့်ပြီး နောက် ဓား ကို လက်ထဲမှမချတော့ပဲ–

"ငါတို့မြို့က ရဲတွေပါ၊ မင်းတို့နှစ် ယောက်ကိုမေးစရာရှိလို့ ငါတို့နဲ့ခဏ လိုက်ခဲ့ပါ"

ဟု ဦးငြိမ်းဟန်က ပြောလိုက်ရာ ငထွေးသည် မျက်စိမျက်နှာပျက်၍ ထိုင် ရာမှထပြီး ထွက်ပြေးမည်ပြုလုပ်စဉ် ဦးငြိမ်းဟန်သည် လွယ်အိတ်ထဲမှ





www.burmeseclassic.com

www.burmeseclassic.com



ခြောက်လုံးပြူးသေနတ်ကိုထုတ်၍–

"ဟေ့ကောင်....၊မပြေးနဲ့ ပြေးရင်ငါပစ်ထည့်လိုက်မယ်"ဟု အသံကျယ်ကျယ်နှင့်ပြောလိုက်ရာ–

ငထွေးသည် သေနတ်ကိုကြည့်၍ပြန်ထိုင်လိုက်သည်။ ဦးငြိမ်းဟန်၏ တပည့်နှစ်ယောက်သည်လည်း ငထွေးအနီးမှမခွာတော့။

"မင်းငါတို့နဲ့ အေးအေးဆေးဆေး လိုက်မလား၊ ငါတို့က မင်းကိုကြိုးတုတ်ပြီး ခေါ်ရမလား။ မင်းအပြစ်ကို မင်းသိတယ်မဟုတ်လား" ဦးငြိမ်းဟန်က ပြောသည်။

ငထွေးသည် ရုတ်တရက်မပြော။ ခဏကြာတော့မှ ...

"ကျွန်တော် အေးအေးဆေးဆေး လိုက်ပါ့မယ်။ ကျွန်တော် များများရပါတယ်" ဟု ပြောလိုက်လေ၏။

"ကဲ .. ဦးထော် ခင်ဗျားပါလိုက်ခဲ့။ ခင်ဗျားရဲ့တူမှာ အပြစ်ကြီးရှိတယ်၊ ဟိုမှာ ... သူပြောတာကို ခင်ဗျားနားထောင်ပြီးရင် ခင်ဗျားပြန်ပေါ့"

သို့နှင့်ဦးငြိမ်းဟန်တို့နှင့်အတူ ဦးထော်နှင့်ငထွေးသည် ရဲစခန်းသို့ လိုက်ပါလာ၏။

"ကျွန်တော် ... အဲဟိုနေ့မနက်က ... ဒေါ်ငွေတို့ခြံကို အစောကြီးရောက်သွားတယ်၊ အသီးအရွက်ခူးပြီး ဒေါ်ငွေတို့အိမ်သွားပို့ရင်း အရက်ဖိုးတောင်းမလို့။ ကျွန်တော်ခူးနေတုန်း၊ မရွှေဥက ကျွန်တော့်ကိုတွေ့ကာ ဘာလာလုပ်တာလဲလို့မေးတော့၊ နင်တို့အိမ်အတွက် ... အသီးအရွက်ခူးပြီး လာပို့မလို့လို့ ပြောတော့"

"ရှင် .. အရက်ဖိုးမရှိလို့မဟုတ်လား"လို့ ပြောတယ်။

ကျွန်တော်က ..

'အေး' လို့ပြောရင်း သူ့ရဲ့ ဖွံ့ဖြိုးတဲ့ ကိုယ်ကိုကြည့်ပြီး တပ်မက်စိတ်တွေဖြစ်လာတော့တယ်၊ ဒါနဲ့အကြံထုတ်တယ်၊ "ငါဒီကိုလာတော့ ... ဟောဟိုမြောက်ဘက်မှာမှိုတွေတွေ့တယ်၊ ဒီကပြီးရင် အဲဒီမှိုကျင်းကိုတူးပြီး ... နင်တို့အိမ်လာမလို့လို့ပြောတော့ ရွှေဥက ဘယ်မှာလဲ မှိုကျင်း၊ မြန်မြန်သွားတူးရအောင်ပြောတော့ ...၊ ကျွန်တော်လဲ သူ့ကို လူသွားလမ်းကမခေါ်ဘဲ တောထူတဲ့နေရာကိုမျှားခေါ်ပြီး အလွန်ထူတဲ့ ချုံတစ်ချုံထဲ ခေါ်သွားတယ်၊ သူလည်းလိုက်ဝင်လာတော့ .. ချုံအလယ်ရောက်တော့ ...၊ ဘယ်မှာလဲ မှိုကျင်းလို့မေးတော့ ကျွန်တော်လည်း စိတ်ဆန္ဒအရ မထိန်းနိုင်တော့ဘဲ သူ့ကို .. ဟိုဒင်းဟိုဟာ .. လုပ်တယ်။ သူကရုန်းတော့ကျွန်တော်က လက်နဲ့သူ့ပါးစပ်ကိုအတင်းပိတ် .. သူက ငါ့ရဲကိုတိုင်မယ်ပြောတော့၊ ကျွန်တော်လည်း ကိစ္စပြီးရော အကြောက်လွန်ပြီး ... သူ့ကို လည်ပင်း ... လည်ပင်း"

ငထွေးက သူသည် မရွှေဥကို မုဒိမ်းကျင့်ပြီးလူသွားရာလမ်းနှင့်ဝေးရာတွင် သွားပစ်ခဲ့ပုံကို ဝန်ခံလေတော့၏။

သူ့ကိုယ်စစ်ဆေးမေးမြန်းခြင်း ထွက်ချက်များကိုမှတ်သားခြင်း စသည်တို့ကိုပြုလုပ်ပြီး သူ့ကိုအချုပ်ထဲထဉ့် ပြီးသောအခါ ... ဦးငြိမ်းဟန်၏ ပည့်များက–

"ဆရာ့သဲလွန်စကို ကျွန်တော် တို့သိချင်တယ်"

ဟု မေးကြသည်။

"ရွှေဥကို မြှုပ်ထားတဲ့နေရာ ... ဓါးနဲ့ခုတ်ပိုင်းထားတဲ့ တောင ပျောပင်တွေကိုခုတ်သူဟာ ဘယ်သ ဖြစ်ရမယ်လို့ ငါသဲလွန်စရတယ်။ ဘယ် လက်နဲ့ခုတ်လိုက်တော့ . ဘယ်ဘက် ရာကမြင့်ပြီး ညာဘက်နေရာကနိမ့် သွားတယ်လေ။ ခုတ်ထားတဲ့ငှက်ပျေ ပင်တိုင်းဟာ အဲဒီလိုပဲဖြစ်နေတာ ဘယ်သန်ဆိုတာ ငါတွေ့ရတယ် နောက်တစ်ခုက ... အလောင်းပေါ် ဖိထားတဲ့ ကျောက်တုံးအချို့ဟာ သိပ်ကြီးတယ်။ တော်ရုံတန်ရုံဗလ မသယ်နိုင်ဘူး။ ဗလကောင်းသူသာ သယ်နိုင်မယ်ဆိုတာ ငါသဲလွန်စရတယ် ကျန်တဲ့သဲလွန်စဖြစ်တဲ့ .. မျက်နှာသိ မို့သတ်တာဆိုတာတော့ .. မင်းတို့ လည်းသိပြီးသားပါ။ ဘယ်သန်သူနဲ့ ဗလတောင့်သူသဲလွန်စတွေကို ဦးထော် ရဲ့တူ ငထွေးမှာတွေ့ရတော့ ဒီအမှုကို ဖော်နိုင်တာပေါ့။ ဒါ့ကြောင့် ဘယ်အမှု မှာမဆို .. သဲလွန်စရှိတယ်။ ဒါကို ဖော်ထုတ်နိုင်ရင်အမှုပေါ်တာပဲကွ"

ဦးငြိမ်းဟန်က ရှင်းပြလိုက်၏။

(မရွှေဥကို မုဒိမ်းကျင့်ပြီးသတ် သော ငထွေးကို မွန်ပြည်နယ်၊ မော် မြိုင်ခရိုင်တရားသူကြီးက သေဒဏ် အပြစ်ပေးလိုက်၏။)

မြသိန်း



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



ဝံ့ထောက်ရသ

ဤသို့ လူတို့၏ ခန့်ညားလေးစားမှုကို ရယူလိုသော် ရက်စက်သင့်လျှင် ရက်စက်ရမည်။ မျက်နှာသာပေး၍ သာယာညင်းပြောင်းစွာ ဆက်ဆံလိုက်လျှင် လူတို့သည် ရောင့်တက်ဝံ့စားလာတတ်၏။ ဘုရင့်သားတော်ဟုသာ ဆိုသည်။ လူပျော့လူညံ့ကြီးပါ။ အဆိပ်အစွယ်မရှိတဲ့ ရေမြွေလို လူစားဟု အထင်သေးကြမည်။ လျော့တွက်ကြမည်။

ထို့ကြောင့် သတ်သင့်သူကို သတ်၍ မျက်မာန်ရှသူ၊ မုန်းတီးစက်ဆုပ်သူဆိုလျှင် ထောင်သွင်းအကျဉ်းချထားစေလိုက်၏။ မည်သူကပင် မည်သို့ထင်စေ ကျွန်ုပ်ဂရုမစိုက်။ ဥပဒေသဆိုသည်မှာ ကျွန်ုပ်၏ နှုတ်ထွက်စကား။ ကျွန်ုပ်သည် တိုင်းပြည်ကို စိုးစံအုပ်ချုပ်သော သက်ဦးဆံပိုင်ဘုရင်၏သားတော်။

ကျွန်ုပ်၏ ဘဝအကျိုးပေးကြောင့် ရုပ်ဆင်းအင်္ဂါတင့်တယ်သူပီပီ၊ မိန်းမများထံမှ ချစ်ခင်မြတ်နိုးမှုကို ရယူလိုလျှင် နှစ်ခါမကြည့်ရ။ အလိုရှိရာကို ကြည်ဖြူစွာပေးအပ်ကြသည်သာ။ သို့ဖြစ်၍ မြို့တော်အတွင်း ကျွန်ုပ်နှင့် လွတ်ကင်းသော မိန်းမ ခပ်ရှားရှား။ ဤသည်မှာ ကျွန်ုပ်၏ ဝါသနာ၊ ကျွန်ုပ်၏ ပါရမီ၊ ကျွန်ုပ်၏ဘဝတွင် အနှစ်သက်ဆုံး၊ အမြတ်နိုးဆုံးအရာကို ပြပါဆိုလျှင် မိန်းမနှင့်သေရည်၊ ပြီးတော့ တောကစားထွက်ခြင်း။

ကျွန်ုပ်၏ ခမည်းတော်နှင့် မယ်တော်သည် ကျွန်ုပ်အရွယ်ရောက်လာပြီဖြစ်၍ ကြင်ယာတော်ရှာစေချင်သည်။ မကြာခဏ ကျွန်ုပ်ကို စကားဦးသန်း၏။ တိုက်တွန်းလှုံ့ဆော်၏။ ကျွန်ုပ် ပစ်ပစ်ခါခါပင် ငြင်းဆိုပယ်ချခဲ့သည်။

ကျွန်ုပ်ဘဝကို ဘာမဟုတ်သည့် မိန်းမဟူသော သတ္တဝါက ချုပ်ကိုင်စိုးမိုးမှုကို လက်မခံနိုင်။ သွေးသားတောင့်တ၍ ကာမဂုဏ်ခံစားလိုလျှင် အသင့်အသုံးတော်ခံမည့် အမျိုးကောင်းသမီးများရှိနေပါလျက် ဘောက်မဲ့ကြောင့် အိမ်ထောင်မည်သောကြိုးနှင့် ရစ်ပတ်တုပ်နှောင်ခြင်းကိုခံမည်နည်း။ လွတ်လပ်ခြင်းတည်းဟူသော တွယ်တာဖွဲ့နှောင်မှု သံယောဇဉ်ကင်းသော ဘဝကိုသာ ကျွန်ုပ်က မြတ်နိုးခင်မင်သူ ပျော်ပိုက်မွေ့လျော်သူပင် မဟုတ်ပါလား။

ကျွန်ုပ်တွင် ယုံကြည်စိတ်ချရသော ကျွန်ရင်းများ ဝိုင်းဝိုင်းလည်အောင် ရှိ၏။ ကျွန်ုပ်၏ မျက်နှာကိုကြည့်၍ ကျွန်ုပ်လိုရာကို မဆိုင်းမတွဖြည့်ဆည်းပေးကြ၏။ သူတို့အပေါ်ကျွန်ုပ်၏ စွန့်ကြဲပေးကမ်းမှုကလည်း မက်မောလောက်စရာဖြစ်၍ ကျွန်ုပ်အလိုရှိရာ တောင့်တရာကို မဖြစ်မနေဆောင်ရွက်ပေးကြခြင်းပင်။ ကျွန်ုပ်အတွက် အသပြာငွေကြေးသည် မှုလောက်ဖွယ်မရှိ။ ခမည်းတော်၏ ဘဏ္ဍာတိုက်သည် ကျွန်ုပ်အတွက် ထာဝရ တံခါးမရှိ ဓားမရှိ။

ကျွန်ုပ်တွင် ဝါသနာနောက်တစ်ခုရှိသေး၏။ အမဲလိုက်ခြင်း၊ တောလည်ခြင်း (သို့မဟုတ်) တောကစားခြင်းဖြစ်ပါ၏။ သမင်ဒရယ် ချေငယ်စိုင်ဆတ်အစရှိသော တိရစ္ဆာန်များ၏ အသားကို ကိုယ်တိုင်သတ်ဖြတ်စားရသည်က လတ်ဆတ်သကဲ့သို့ မြိန်ယှက်ဖွယ်လည်းဖြစ်သောကြောင့်တည်း။ သားရဲတိရစ္ဆာန်တို့၏သွေးကို မြှားချက်နှင့်ခံ၍

၁။

ကျွန်ုပ်၏ အမည်မှာ နန္ဒနကုမာရဖြစ်၏။ ကျွန်ုပ်၏ ခမည်းတော်မှာ ဘုန်းတန်ခိုးအာနုဘော် ကျော်ဇောထင်ရှား၍ အနှိုင်းမဲ့ဥစ္စာ၊ အတိုင်းမဲ့ အခြံအရံများနှင့်ပြည့်စုံသောအဥ္စလမင်းကြောဖ်တည်း ..။

ကျွန်ုပ်သည် သားကြီးသြရသဖြစ်သဖြင့် အိမ်ရှေ့မင်းသားအဖြစ် လျာထားသတ်မှတ်ခံထားရသူ။ နှစ်သက်စဖွယ်တင့်တယ်သော အဆင်းရှိသူဖြစ်သဖြင့်လည်း နန္ဒနကုမာရဟု အမည်တွင်ခြင်းဖြစ်ပေသည်။

ဤတိုင်းဤနိုင်ငံတွင် ကျွန်ုပ်သည် ဘုရင့်သားတော်ပီပီ လက်ညှိုးညွှန်ရာရေဖြစ်၏။ ကျွန်ုပ်၏ အလိုကို မည်သူမျှမဆန့်ကျင်ရဲကြ။ ကျွန်ုပ်အလိုကိုမလိုက်သော၊ ကျွန်ုပ်ကို ဗီလာပြုသောသူများကို ကျွန်ုပ်ကိုယ်တိုင် အချိန်မရွေး နေရာမရွေး နှိပ်ကွပ်ဆုံးမခဲ့သူဖြစ်သဖြင့်လည်း ကျွန်ုပ်ကို ဖိန့်ဖိန့်တုန်အောင် ကြောက်ကြပေသည်။ ကျွန်ုပ်မျက်နှာကိုပင် ရဲရဲမကြည့်ဝံ့ကြ။ အသံကြားသည်နှင့်ပင် တိမ်းကြရှောင်ကြဖယ်ခွာကြသည်။

www.burmeseclassic.com



သရည်နှင့်ရောနှောသုံးဆောင်ရသည့် အရသာသည် ကျွန်ုပ်အဖို့ ဘယ်အရာနှင့်မျှ မနှိုင်းယှဉ်အပ်ပေ။

ကျွန်ုပ်သည် စားခတ်လုံထိုးအမျိုးမျိုး ဆင်စီးမြင်းစီးအတတ်နှင့် လေးမြှားအတတ်ကို တစ်ဖက်ကမ်းခတ်အတတ်မြောက်အောင် သင်ယူလေ့ကျင့်ထားခဲ့၏။ စစ်ချီစစ်တက်၊ စစ်ထိုးစစ်ခံ၊ သနင်္ဂဟာအတတ်များကိုလည်း အတော့်တကာအတော်ဆုံးသော ဒိသာပါမောက္ခများကိုခေါ်၍ သင်ယူခဲ့သည်။ သို့ဖြစ်၍ ကျွန်ုပ်သည် အရာရာပြည့်စုံသူ၊ မည်သူနှင့်ပင် ယှဉ်ရယှဉ်ရ နတ်စ်သည်သည်လည်းကောင်း၊ ဘီလူးစ်သည်သည်လည်းကောင်း မမှုပေ။ ကျွန်ုပ်၏ ဘုန်းလက်ရုံးကို ယှဉ်ရဲပြိုင်ရဲမိန်ခေါ်ရဲသူဖြစ်အံ့၊ ကျွန်ုပ်က မှုန့်မှုန့်ညက်ညက်ချေမှုပစ်မည်သာ။

ကျွန်ုပ်၏သတင်းကို ကြားသိကြသော အတိုင်းတိုင်းအပြည်ပြည်ရှိ တစ်ရာ့တစ်ပါးသောမင်းတို့သည် အားလုံးခန့်ညားကြရ၏။ ရိုသေညွတ်တွားကြ၏။ ကျူးကျော်ရန်စဖို့ဝေးစွ၊ နိုင်ငံနယ်နိမိတ်အနီးသို့ပင် ချဉ်းကပ်ဝံ့သူမရှိပေ။

ကျွန်ုပ်သည် ပျင်းပျင်းနှင့်ရောက်တတ်ရာရာအတွေးများကို တွေးနေမိ၏။ ခုတလော တောကစားမထွက်ဖြစ်သည်မှာပင်အတန်ကြာခဲ့ပြီ။

ထို့ကြောင့် ...။

+++

၂။

ညို့ညို့ပြာပြာတောင်တန်းကြီးကို အဝေးဆီတွင် ပျပျရေးရေးမြင်ရ၏။ ရာသီဥတုကြည်လင်သာယာနေသဖြင့်လည်း ကောင်းကင်သည် တိမ်မြူကင်းစင်နေသည်။ ရွှေမြို့တော်မှ အထွက်လမ်းသည် အင်ကြင်းပင်များ စီတန်းစိုက်ပျိုးထားသော ဖြောင့်ဖြူး၍ ခလုတ်ကန်သင်းကင်းစင်သောလမ်းဖြစ်၏။ လမ်းတစ်ဖက်တစ်ချက်တွင် အပြန့်အပြောကျယ်လှစွာသော မြက်ရိုင်းလွင်ပြင်ကြီးများ မျက်စိတစ်ဆုံးပင်။

ရှည်လျားပျော့ပြောင်းသည့် မြက်ရိုင်းပင်များ ဖုံးလွှမ်းထားသော လွင်ပြင်ကြီးသည် လေအဝှေ့တွင် မြစိမ်းရောင်သမုဒ္ဒရာရေမျက်နှာပြင်မှ လှိုင်းအိကြီးများသဖွယ် ညင်သာသိမ်မွေ့စွာ သက်ဝင်လှုပ်ရှားနေ၏။

ကျွန်ုပ်သည် ဆင်တော် သိရိက ကိုစီးခဲ့၏။ နောက်ပါ လက်နက်ကိုင်အခြွေအရံများကမူ မြင်းတပ်၊ ခြေလျင်တပ်နှင့်တကွ စောင့်ရှောက်လိုက်ပါလာ၏။ သေရည်စသော ရိက္ခာတင်ဆောင်သည့် နွားလှည်းများသည်လည်း အစီအရီ၊ အထိန်းအယ ယောကျ်ားမိန်းမစသည်များမှာလည်း ကျွန်ုပ် တောကစားထွက်တိုင်း မပါမပြီးကြချေ။

ကျွန်ုပ်ထွက်ချီရာ လမ်းတစ်လျှောက် တွေ့သမျှသော တိုင်းသူပြည်သားများသည် ဆင်တော် သိရိကကို စီးလာသော ကျွန်ုပ်ကို ရိုသေလေးမြတ်စွာ ဒူးထောက်ဂါရဝပြု၏။ အရှင့်သားတော် ကျန်းမာချမ်းသာပါစေသတည်းဟူ၍လည်း ဆုတောင်းပတ္တနာပြုကြ၏။ အနာဂတ်ကာလတွင် ကျွန်ုပ်သည် သူတို့၏ သက်ဦးဆံပိုင်အရှင်သခင်ဖြစ်လာမည်မို့ ခန့်ညားကျိုးနွံကြခြင်းဖြစ်သည်။

ကျွန်ုပ်အတိုင်းမသိ ကျေနပ်မိ၏။ ကြည်နူးပီတိဖြစ်မိ၏။ ပြည်သား ပြည်သမီးတို့သည် ပြည့်အဖ၊ ပြည့်အရှင်သခင်အလောင်းအလျာကို ချစ်မြတ်နိုးကြောင်း ပြသကြခြင်းဖြစ်၍လည်း ငါတည်းဟူသော မာနနှင့် ကျွန်ုပ်ရင်တွင်းမှ ဇာတိမာန် စွမ်းအင်သည် နိုးကြွလာခဲ့၏။

ထိုစဉ် ..

ကျွန်ုပ် ရှေ့တူရူပြုထားသော အရပ်မှ ကျွန်ုပ်ရှိရာ မျက်နှာချင်းဆိုင်၍ လျှောက်လှမ်းလာသော တစ်စုံတစ်ယောက်ကို မြင်၏။ သူသည် ထက်အောက်ဘေးဘီဝဲယာကို မကြည့်။ မျက်နှာမူထားသည့် ကျွန်ုပ်နှင့်တည့်တည့် စိုက်လိုက်မတ်တပ်လျှောက်လှမ်းလာနေ၏။ သူ၏ ခြေလှမ်းများသည် မနှေးလွန်း၊ မမြန်လွန်း ဣန္ဒြေသိက္ခာပြည့်စုံလွန်း၊ စောင့်စည်းလွန်းသော သတိဖြင့် အနက်ရောင်သပိတ်ကို ရင်မှာပိုက်ထား၏။ ဦးပြည်းကတုံးနှင့် ဝင်းဝါစိုပြေသော အသားအရည်တို့မှာ တင့်တယ်နေခြင်းကို ကျွန်ုပ်ဝန်ခံရမည်ဖြစ်၏။ ဆင်မြန်းထားသည့် အစပ်စပ်အဖာဖာသော သစ်ခေါက်ဆိုးသင်္ကန်းကိုလည်း ချပ်ရပ်စွာ ဝတ်ရုံထား၏။ ကြည်ညိုစဖွယ်ပင်ဖြစ်ပါ၏။

သို့သော် ...

ကျွန်ုပ်သည် ရေမြေသခင် ပြည့်ရှင်မင်း၏သားတော်ဥပရာဇာမင်းသား။ ကျွန်ုပ်ကိုပင် သူသည် အလေးဂရုမပြု။ ရှိသည်ဟူ၍လည်း မှတ်ယူပုံမရ။ စင်စစ်ဤသူသည် ကျွန်ုပ်နှင့် ပခုံးချင်းယှဉ်၍ ဘုန်းကံခြင်းပြိုင်လိုသော အသွင်ကိုဆောင်သူဟု ကျွန်ုပ် ထင်မြင်ယူဆ၏။

သူနှင့်ကျွန်ုပ်မှာ မြင့်မိုရ်တောင်နှင့်ဆီးစေ့မျှ ကွာခြားလှသည်မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



တုံလော။ အတိုင်းမသိ နက်ရှိုင်းကျယ်ဝန်းလှစွာသော မဟာသမုဒ္ဒရာအား တောကြိုအုံကြားမှ ကွေ့ကောက်စီးဆင်းလာသော အညုတြစမ်းချောင်းငယ်က တုဖက်ပြိုင်ခြင်းနှင့် မတူသလော။ ဖားတု၍ ခရုခုန် အိုင်ပျက်ရုံရှိမည်ကို ထိုသူမသိယောင်တကား။

ကျွန်ုပ်သည်းခံနိုင်သော အတိုင်းအတာကို ကျော်လွန်လာခဲ့ပြီ။

သူသည် ကျွန်ုပ်နှင့် နီးသည်ထက်နီးလာ၏။ အကွာအဝေးမှာ ခဲတစ်ပစ်ပင်မရှိတော့။ သည်နေရာထိရောက်သော်လည်း လမ်းဖယ်ခြင်း၊ ရပ်တန့်ရှောင်တိမ်းခြင်းအမှုကိုမပြု။ ကျွန်ုပ် အံကြိတ်မိ၏။ မျက်လုံးအစုံမှ ဒေါသအလျှံ အခိုးတို့သည် ထိုသူအား ပြာဖြစ်သည်ထိ လောင်မြိုက်လောက်သောအကြည့်ရဲရဲဖြင့် ကျွန်ုပ်ကြည့်မိ၏။ ထိပ်တိုက်ရင်ဆိုင်မှုကြီးကို သူ့ဖက်မှ တိမ်းရှောင်လွှဲဖယ်ခြင်းမပြုပါက သူပေးဆပ်ရမည့်တန်ဖိုးသည် မမှန်းဆနိုင်။ ကျွန်ုပ်ကမူ ထိုမလောက်လေးမလောက်စား ရဟန်းတစ်ပါးကို ဘယ်သောအခါမှ အလျှော့ပေးအညံ့ခံမည်မဟုတ်။ မာနတံခွန်လွှင့်ထူထားသော မဟာဆီမဟာသွေး မင်းသားတစ်ပါးအနေဖြင့် ရင်ဆိုင်လာသူကို မှုန်မှုန်ချေမည်ဖြစ်၏။ ကျားနှင့်ဆင် လယ်ပြင်တွင် တွေ့ကြပြီပေါ့။

"တောက် ‥"

ကျွန်ုပ် တက်တစ်ချက် ပြင်းပြင်းခေါက်မိ၏။ စီးတော်ဆင် သိရိကာအား အသင့်ကိုင်ဆောင်ထားသော ချွန်းဖြင့် ပေါက်လိုက်၏။ သိရိကာသည် ခါတိုင်းကြိုးကြာသံကဲ့သို့ သာယာချိုအေးစွာ ကျူးရင့်တတ်သော်လည်း ယနေ့ ကျွန်ုပ် ဒေါသဖြင့် ချွန်းဖွင့်သည်ကို ခံလိုက်ရသဖြင့် သခင့်အလိုကျ လှမ်း



သိရိကာသည် ခါတိုင်း
ကြိုးကြာသံကဲ့သို့
သာယာချိုအေးစွာ
ကျူးရင့်တတ်သော်လည်း
ကျွန်ုပ်ဒေါသဖြင့်
ချွန်းဖွင့်သည်ကို
ခံလိုက်ရသဖြင့်
သခင့်အလိုကျ
လှမ်းထွက်တော့မည့်
ဆဲဆဲမှာပင် တောဘုရင်
ကေသရာဇာခြင်္သေ့မင်းပမာကဲ့သို့
ဟိန်းဟိန်းညံညံအသံဖြင့်
ဟစ်အော်မာန်သွင်းလိုက်၏။
ဝန်းကျင်တစ်ခုလုံးမှတစ်ဆင့်
မိုးချုန်းသံအလား
ဆင်တော်သိရိကာ၏
စူးရှကျယ်လောင်သော
အသံကြောင့် …

www.burmeseclassic.com

www.burmeseclassic.com



ထွက်တော့မည့်ဆဲဆဲမှာပင် တောဘုရင်တောသရာဇာခြင်္သေ့မင်းပမာကဲ့သို့ ဟိန်းဟိန်းညံညံအသံဖြင့် ဟစ်အော်မာန်သွင်းလိုက်၏။ ဝန်းကျင်တစ်ခုလုံးမှ အစ်ဆင့် မိုးချုန်းသံအလား ဆင်တော်သိရိကာ၏ စူးရှကျယ်လောင်သော အသံကြောင့် တောင်စဉ်ခုနစ်ထပ်ထိ ထင် ပဲ့တင်ရိုက်ဟီးသွားခဲ့၏။

ထို့နောက် ...

ကျွန်ုပ်ကို ရင်ဆိုင်အံတုမည့် ရဟန်းဆီသို့ ပြေးသွားလျက် ကိုယ်နှင့်တိုက်သည်၊ နှာမောင်းနှင့်ရိုက်သည်။ ကျွန်ုပ်၏ သနားစရာပြိုင်ဘက်ရဟန်းသည် အရုပ်ကြိုးပြတ်ပုံလျက်လဲကျသွားခဲ့၏။ အိမ်စဉ် လှည့်လည်တောင်းခံထားသော ထမင်းစသည့် ခဲဖွယ်တို့မှာ လမ်းအပြင်တွင် ဖိတ်စင်ကြဲပျံ့သွား၏။ ရဟန်းလဲရာမှ မထနိုင်ပေ။ ဆင်တော် သိရိကာကို ရပ်တန့်စေလျက် ကျွန်ုပ် ငုံ့ကြည့်လိုက်သည်။

သူသည် မြေပြင်ပေါ်တွင် စောင်းစောင်းခွေခွေဖြင့် နာကျင်မှုဝေဒနာကို ပြင်းစွာခံစားနေရ၏။ ကျွန်ုပ် အားရကျေနပ်စွာ ဟားတိုက်ရယ်မောမိသည်။

"ဘယ့်နှယ့်လဲ မှတ်ပြီမဟုတ်လား။ ငါကဲ့သို့သော ဘုရင့်သားတော် ဥပရာဇာမင်းသားကိုယှဉ်တဲ့အတွက် သင်ရရှိတဲ့ ဆုလာဘ်ဟာ ဒါပဲဆိုသည်ကို သိပြီမဟုတ်သလော .. ဟား .. ဟား .. ဟား"

ကျွန်ုပ်သည် ဆင်တော်သိရိကာကို ချွန်းဖွင့်၍ တောကစားမည့် မှိုင်းပြဝေရီနေသည့် တောင်တန်းကြီး၏ အခြေတွင်ရှိသော တောအုပ်ဆီရှေ့ရှုစေလိုက်၏။ ကျွန်ုပ်ရင်ထဲ့ နှလုံးသားထဲတွင် ငါကဲ့သို့သော ရဲရမြွေသခင်အရှင့်သားတော်အား မထေမဲ့မြင်ပြုသူအား ထိုက်တန်စွာ ဆုံးမလိုက်ရသဖြင့် ကျေနပ်မိပေသည်တကား ..။

၃။

ကျွန်ုပ် ကံဆိုးသည်ဟု ပြောရမလိုပင်။

တစ်နေ့တာ ကာလပတ်လုံး မည်သည့်သားကောင်ကိုမျှ ပစ်ခတ်သတ်ဖြတ်၍မရ။

တွေ့ရှိသော သားရိုင်းကောင်တို့အား လေးနှင့်ပစ်သည်မထိ။ လှံလျင်နှင့်ပစ်ရာတွင်လည်း လွဲချော်သည်။ မိုးသာစုပ်စုပ်ချုပ်သွားသည် သားကောင်တစ်ကောင်တစ်မြီးမျှ မရသဖြင့် စိတ်ပျက်ပျက်ဖြင့် အိမ်တော်ပါ ကျွန်ရင်းများ စီမံပေးထားသော ယာယီသစ်ခက်တဲနန်းတွင် စံမြန်းရန် လက်ဗလာနှင့်ပြန်ခဲ့ရ၏။

နေပြည်တော်မှ ထွက်ခွာလာစဉ် အမြော်အမြင်ရှိသော မှူးမတ်တို့စီမံယူဆောင်ခဲ့သော အမဲသားငါးနှင့် သေရည်သာပါမလာလျှင် ကျွန်ုပ်မည်သည့် အစာရေစာမျှ မှီဝဲရမည်မဟုတ်ပေ။

တောကစားသူတစ်ဦးအဖို့ အမဲသားကောင်ရရှိအောင် စွမ်းဆောင်နိုင်ခြင်းမရှိသည်မှာ ရှယ်ဖွယ်လီလီပင်။ ကျွန်ုပ်သည် စိတ်ပျက်ပျက်နှင့် သေရည်ကို မူးယစ်ရီဝေအောင် သောက်ပစ်လိုက်၏။ စိတ်ပြေလက်ပျောက် အတူပါလာသော အထိန်းတော်မိန်းကလေးနှင့် စိတ်ရှိတိုင်းပျော်ပါးပစ်လိုက်သည်။ မည်သည့်အချိန်တွင် ကျွန်ုပ် နှစ်ခြိုက်စွာ အိပ်ပျော်သွားသည်ပင်မသိချေ။

တစ်စုံတစ်ယောက်က ကျွန်ုပ်ကို လှုပ်နှိုးခြင်းခံလိုက်ရမှသာ ကျွန်ုပ်အိပ်ရာမှ နိုးသွားသည်။ ကျွန်ုပ်ကို လှုပ်နှိုးသူကို ကြည့်မိ၏။ အသားမည်းမည်း အရုပ်ဆိုးဆိုးနှင့်လူတစ်စု။ အားလုံး၏ ဦးခေါင်းတွင် ကျိုး(ချို)ကြီးများနှင့် ဖြစ်၏။ လက်များထဲတွင် ခက်ရင်းခွလက်နက်များ လှံတံရှည်များနှင့် ပုဆိန်ကြီးများကို တင်းတင်းဆုပ်ကိုင်ထားကြသည်။ ထိုအထဲမှ တစ်ယောက်က ..

"အသင်မင်းသား .. ထလော့"

"ဟင် .. ဟင် .. သင်တို့က ဘယ်သူတွေလဲ။ ငါ အိပ်နေတာကို ရာရာစစသင်တို့က ဘာဖြစ်လို့လာပြီး နှောင့်ယှက်ကြတာလဲ ပြောကြစမ်း"

"မင်းသား ကျွန်ုပ်တို့သည် ငရဲဘုံဌာနမှ ငရဲသားများဖြစ်ကြသည်။ ကျွန်ုပ်တို့ ခေါ်ဆောင်ရာသို့ သင်အသာတကြည်လိုက်ခဲ့လော့"

ငရဲသားကြီးသည် ကျွန်ုပ်အား သူ၏ အစေအပါးများနှင့် အဝန်းဝိုင်းဝန်းချုပ်ဖမ်း၏။ အတင်းရုန်းကန်နေသည့်ကြားမှပင် ကျွန်ုပ်အား ဒရွတ်တိုက်၍ ဆွဲခေါ်ကြ၏။ လမ်းဖုံဖုံတစ်ခုမှ တဖြည်းဖြည်းနိမ့်ဆင်းသွားသော ကျောက်သားလှေကား ထစ်များအဆုံးရှိ လင်းထိန်နေသော အခန်းကျယ်ကြီးအတွင်း ရောက်သွားသည်ထိပင်။

အခန်းကျယ်ကြီးထဲတွင် ကျွန်ုပ်မြင်ရသည့် မြင်ကွင်းများမှာ အားလုံးအနိဋ္ဌာရုံများချည်းဖြစ်၏။ အလျှံညီးညီးတောက်လောင်နေသည့် မီးပုံကြီးပေါ်တွင် တည်ထားသော ဆီအပြည့်ဖြင့် ပွက်ပွက်ဆူနေသည့် ဒယ်အိုးကြီးထဲတွင် ဝတ်လစ်စလစ် လူတစ်ချို့



www.burmeseclassic.com

www.burmeseclassic.com



ငရဲသားများက ခက်ရင်းခွကြီးများဖြင့် ထိုးဆွကြော်လှော်ခြင်းခံရသဖြင့် ဟစ်အော်နေသူများ၊ မီးပုံကြီးထဲသို့ အရှင်လတ်လတ် ပစ်ချခံရသူများထံမှ ထိတ်လန့်ကြောက်ရွံ့စွာ ကယ်ပါယူပါ တစာစာအော်ဟစ်နေကြရသူများ။

မီးရဲရဲဖုတ်ထားသော သံတိုင်တစ်တိုင်တွင် သံကြိုးနှင့်တုပ်၍ ကပ်ချည်ခြင်းခံနေသူများအား လှံတံများ၊ ခက်ရင်းခွကြီးများဖြင့် ဝိုင်းဝန်းထိုးသတ်ခံနေကြရသဖြင့် ငယ်သံပါအောင်အော်ဟစ်နေသူများ ..။

ကျွန်ုပ် မကြည့်ရဲတော့။ ကျွန်ုပ်၏သွေးထဲတွင် အစဉ်အတိုင်းစီးဆင်းရှင်သန်နေသော ဇာတိမာန်စိတ်တို့သည် ဘယ်ရောက်သွားကြပြီမသိ။ ကြောက်ရွံ့လွန်း၊ တုန်လှုပ်ရလွန်းသဖြင့် ကျွန်ုပ်ဆောက်တည်ရာမရတော့။

ကျွန်ုပ်ကို ဖမ်းဆီးခေါ်ဆောင်လာသော ငရဲသားကြီးသည် ငရဲဘုံအကြီးအကဲဖြစ်သော ယမမင်းကြီးရှေ့တော်သို့ ကျွန်ုပ်အား တွန်းပို့ခြင်းခံလိုက်ရ၏။ ကျွန်ုပ်၏ မာနတို့သည် ပိန်းကြာရွက်ပေါ်မှ ရေစက်ရေပေါက်ပမာ လျောကျပျောက်ဆုံးသွားခဲ့ပါပြီတည်း။ ကျွန်ုပ်သည် ယမမင်း၏ ပလ္လင်အောက်တွင် ဒူးထောက်ခစားလျက် တဆတ်ဆတ်တုန်နေမိပေ၏။ ယမမင်းကြီးက ကျွန်ုပ်အားကြည့်လျက် ..

"အသင် နန္ဒနမင်းသား"

"မှန် .. မှန်လှပါ ခစားလျက်ပါ အရှင်မင်းကြီး"

"သင့်အပြစ်ကိုသင်သိသလော"

"ကျ .. ကျွန်တော်မျိုး မည်သို့သောအပြစ်ကိုကျူးလွန်မိမှန်း တကယ်မသိပါ မင်းကြီး"

"သင်သည် ပြည်သူပြည်သားများအပေါ် မာနတံခွန် လွင့်ထူ၍ အစဉ်နှိပ်စက်ကလူပြု၏။ သူတစ်ပါးသမီးပျိုတို့ကိုလည်း ယုတ်မာစွာဖျက်ဆီးကျူးလွန်၏။ တစ်ဖန် ဖြူစင်မွန်မြတ်သော အကျင့်တရားကို နိဗ္ဗာန်ရည်မှန်း၍ ကျင့်ကြံအားထုတ်နေသော ပစ္စေကဗုဒ္ဓါအရှင်သူမြတ်အားလည်း ဆင်းရဲဒုက္ခရောက်အောင် ကိုယ်ထိလက်ရောက် နှိပ်စက်၏။ အသင်၏အပြစ်ကား ကြီးလွန်းလှပေသည်"

ယမမင်းကြီး၏ စွဲချက်များကိုကြားရတော့မှပင် ကျွန်ုပ်မှားမိပြီဖြစ်ကြောင်း သံဝေဂရတော့သည်။

"အ .. အသင် ယမမင်းကြီး၊ အကျွန်ုပ်ကို ခွင့်လွှတ်တော်မူပါ။ မသိ၍ ဤအပြစ်များကို ကျူးလွန်မိခြင်းဖြစ်ပါ၏"

ယမမင်းကြီးက ပြုံးသည်။ နှုတ်မှလည်း ...

"ကောင်းပြီ အသင်မင်းသား၊ သင်၏အသက်ဇီဝသည် ချုပ်ငြိမ်းရန်အချိန်မကျသေး။ လူ့ပြည်သို့ပြန်၍ ကျူးလွန်မိသော အပြစ်ကြွေးကို ပေးဆပ်ချေလော့။ အကယ်၍ မေ့လျော့ပေါ့တန်နေမည်ဆိုလျှင် ယခု သင်မြင်ရသော ဒုက္ခဆင်းရဲများဖြင့် အနှစ်အရာအထောင်မက ခံစားရမည် ဧကန်ဖြစ်ပေသည်။ သတိသံဝေဂရခြင်းဖြင့် ဒုစရိုက်အမိုက်တရားများနှင့်တူသော ရွံ့ညွှံအိုင်တွင် နစ်နေခြင်းအား ကောင်းမှုကုသိုလ်ယှဉ်သော အမြိုက်တရားများကို ကျင့်ကြံအားထုတ်ခြင်းဖြင့် ကျန်ရှိနေသေးသော အနည်းငယ်မျှသည့် အချိန်အတောအတွင်း မိ ကိုယ်မိမိ ကယ်တင်ပါလော့"

ကျွန်ုပ် နန္ဒနကုမာရမင်းသ သည် မောပန်းတကြီးဖြင့် အိပ်ရာ လန့်နိုးလာလေသည်။ စင်စစ် ကျွ အိပ်မက် မက်ခြင်းပါပင်။ ကျွန်ုပ် မကောင်းမှုဒုစရိုက်မှုများကို ကျူးလွ နေခြင်းများကို ရပ်တန့်၍ ကိုယ့်အ ဂတ်ကို ကိုယ်တိုင်အသစ်တဖန် ပြုပြ ပုံဖော်နိုင်ရန် သတိပေးခံရခြင်းဖြစ် သည့်အတိုင်း နောင်တမရ။ မပြုပြင် ဆက်သွားလျှင် သေလွန်သောအ လားရောက်ရမည့် ဂတိကို နိမိတ်ထ ခြင်းဖြစ်ကြောင်း ကျွန်ုပ်ကောင်းစွ သဘောပေါက်လိုက်သည်။

ကျွန်ုပ်သည် စက်တော်ခေါ် အိပ်ရာထက်တွင် ရုတ်တရက် ကြော လန့်တကြား ဆတ်ခနဲ ထထိုင်မိလို ၏။ ကျွန်ုပ် အိပ်မပျော်မီက ကျွန်ုပ် ပျော်ပါးခဲ့သော အထိန်းအယမောင် ကလေးကတော့မူ ကျွန်ုပ်၏ သောက မသိရှာ။ အပူအပင်ကင်းစွာဖြင့် ကို ဝတ်များ ဖရိုဖရဲဖြင့် အိပ်မောကျ ဆဲပင်။

ကျွန်ုပ်စက်ဆုပ်စွာ တစ်ချက် စိုက်ကြည့်မိ၏။ ဤသို့သော မေ့ လျော့လျော့ဘဝဖြင့် သူတစ်ပါး သ ပျိုများအား ဖျက်ဆီးခြင်း၊ တိုင်း ပြည်သားများအား မတရားဖိနှိပ်ခြ ပစ္စေကဗုဒ္ဓါကို ပြစ်မှားကျူးလွန်ခြင်း မှာ အကုသိုလ် ဒုစရိုက်ဆိုးများဖြ ကြောင်း သိရှိနားလည်ပြီဖြစ်၍ ..

www.burmeseclassic.com

www.burmeseclassic.com



၄။

ကျွန်ုပ်သည် ကြီးမားသော အရိယာသဝါဒကံကို ကျူးလွန်မိသူပီပီ သံကောက်(ငါးမျှားချိတ်)ကို မြိုမိသော ငါး။ မတ်မတ်ထောင်ထားသော လှံဖျားထက်တွင် အိပ်ရသောလူကဲ့သို့ ပူပင်သောက ဗျာပါဒကြောင့် မစားနိုင်၊ မအိပ်နိုင်ဖြင့် ကိုယ်စိတ်နှစ်ပါး လွန်စွာဆင်းရဲသော ဒုက္ခအဝဝနှင့် ရင်ဆိုင်ကြုံတွေ့နေရပြီ။

ကျွန်ုပ်ကျူးလွန်ခဲ့သော အပြစ်များက အစဉ်လိုပင် ကျွန်ုပ်ကို ခြောက်လှန့်နေတော့၏။ နေမရထိုင်မရ အိပ်မရသော ညများသည်လည်း ရှည်လျားမြင့်ကြာလာခဲ့သည်နှင့်အမျှ စိတ်ထောင်းကိုယ်ကျေပြီးလျှင် အိပ်ရာထဲတွင် ဘုံးဘုံးလဲလုလုအချိန်သို့ပင် ရောက်ခဲ့ရပါပြီ။

ကျွန်ုပ်ပြုနေကျ အပျော်အပါးများကိုလည်း လိုက်စားချင်စိတ်မရှိတော့။ မည်သူနှင့်မျှလည်း အတွေ့မခံတော့ဘဲ နန်းဆောင်ပြာသဒ်တော်အတွင်းမှ အပြင်ကိုပင် မထွက်မိတော့ပေ။ အချိန်ပြည့်လိုပင် ကျွန်ုပ်မက်ခဲ့သော အိပ်မက်ဆိုးထဲမှ ယမမင်းကြီးပြောကြားခဲ့သော စကားများကို နားမှာ အစဉ်ကြားယောင်နေခဲ့၏။

ဘဝတစ်ပါးသို့ ကျွန်ုပ် ပြောင်းရွှေ့ပြီးနောက် လားရောက်ရမည့်ဂတိအတွက် တွေးပင်မတွေးရဲတော့ပါ။ ဤသို့လျှင် တမှိုင်မှိုင်တတွေတွေဖြင့် အရှုမီးဝိုင်းသလို ခံစားရခြင်းဖြစ်ပေသည်။

ကျွန်ုပ်၏ အကြောင်းကို ငယ်ကျွန်များက ခမည်းတော်နှင့်မယ်တော်အား သွားရောက်လျှောက်ထားကြသည်ထင်၏။ ဖခမည်းတော်နှင့် မယ်တော်သည် ကျွန်ုပ်သီးသန့်စံမြန်းသော ပြာသဒ်တော်သို့ ကြွမြန်းလာလေသည်။

ခမည်းတော်နှင့် မယ်တော်သည် စိတ်ဝေဒနာကြောင့် နာကျင်ကြေကွဲနေရသဖြင့် ကြုံလှီသွားခဲ့သော ကျွန်ုပ်ကို စိုးရိမ်ပူပန်စွာကြည့်၏။ မယ်တော်ဘုရားဆိုလျှင် သားတော်ဖြစ်သော ကျွန်ုပ်အားကြည့်လျက် မျက်ရည်မဆည်နိုင်ရှာ။ ခမည်းတော်ဘုရားက ကျွန်ုပ်၏ ပူပန်မှုသောကကို မေး၏။ ကျွန်ုပ် မနေသာတော့။ အဖြစ်မှန်ကိုကုန်စင်အောင် ပြောပြလိုက်၏။ ထိုအခါ ...

"ငါ့သား သင်သည် အဆိပ်ပြင်းသော မြွေပွေး၊ မြွေဟောက်ကို ကောက်ကိုင်မိသူကဲ့သို့လည်းကောင်း၊ အလျှံညီးစွာ တောက်လောင်လျက်ရှိသော ငရဲမီးတွင်းသို့ သက်ဆင်းမိသကဲ့သို့လည်းကောင်း၊ မှန်ယစ်မူးဝေနေသော ဆင်ပြောင်၏အစွယ်ကို ဆုပ်ကိုင်မိသူကဲ့သို့လည်းကောင်း၊ မပြစ်မှားထိုက်သော သူမြတ်ကို ပြစ်မှားမိချေသည်တကား"

"ဤကဲ့သို့သော ဒုစရိုက်မှုကို ပြုခြင်းသည် ပြုမိမှားသူသာလျှင် အပြစ်ရောက်သည်မဟုတ်၊ အခြွေအရံ တိုင်းနိုင်ငံသားများပါမကျန် ပျက်စီးရအံ့သော အကြောင်းတည်း။ ငါတို့အထက်က မင်းပြုခဲ့ကြသော သုခမေလမင်း၊ ကောသလမင်း၊ သိဂ္ဂိမင်းနှင့် သတ္တကမင်းတို့သည် ဤသို့လျှင် အကျင့်သီလဖြူစင်သော ရဟန်းတော်များအား ပြစ်မှားကျူးလွန်မိသဖြင့် တိုင်းနိုင်ငံနှင့်တကွ ပျက်စီးကြဖူးပြီ"

"ထိုအရှင်မြတ်တို့သည် .. အကယ်၍ အမျက်ထွက်ကုန်ငြားအံ့၊ လူ့ရပ်လူ့ပြည်မဆိုထားနှင့် နတ်ပြည်ခြောက်ရွာကိုပင် ဆိတ်သုဉ်းပျက်စီးရာ၏။ ယူဇနာရှစ်သောင်းလေးထောင်နက်သော မဟာသမုဒ္ဒရာသည်လည်း ခန်းခြောက်ရာ၏။ ဤကဲ့သို့သော အပြစ်ဒဏ်မှ ပြေပျောက်စေခြင်းငှာ အခြားသူကိုယ်စားမပြုလုပ်နိုင်။ အပြစ်ကျူးလွန်ခဲ့သော သားတော်ကိုယ်တိုင် အလျင်အမြန် သွားရောက်ဝန်ချတောင်းပန်ချေလော့"

ခမည်းတော်၏ ဆုံးမသြဝါဒအဆုံးမှာပင် ကျွန်ုပ်တုန်လှုပ်ချောက်ချားရတော့၏။

"ဘုရား .. ဘုရား၊ လွန်စွာကြောက်မက်ဖွယ်ကောင်းသည့် အပြစ်ပင်။ သူတော်ကောင်းကို ပြစ်မှားမိသည့် အပြစ်သည် ပြစ်မှားသူသာလျှင် အပြစ်ခံရမည်မဟုတ်။ ကျူးလွန်သူနှင့် နီးနွယ်ပတ်သက်သူများနှင့်တကွ ပြစ်မှားကျူးလွန်သူနေထိုင်ကျက်စားရာ တိုင်းနိုင်ငံသည်လည်း ဘေးသင့်ပျက်စီးလိမ့်မည်ဟု ဆို၏။

ကျွန်ုပ်၏ မဆင်မခြင်အမှားသည် အပြစ်ကြီးလွန်းလှသည်တကား။ ကျွန်ုပ်၏ မာန၊ ကျွန်ုပ်၏ အတ္တသည် ကျွန်ုပ်ကို အဆုံးမဲ့ဘဝသို့ တွန်းပို့ခဲ့ခြင်းပင်။ ငါ ဘုရင့်သားတော်၊ ငါ့တွင် အာဏာရှိသည်၊ ငါ့နောက်တွင် လူသူလက်နက်အင်အားရှိ၏။ မည်ကဲ့သို့သော ပုဂ္ဂိုလ်သတ္တဝါကိုမျှ ငါ ဂရုမစိုက်၊ ငါ့ ခမည်းတော် တိုင်းပြည်သည် ငါ့တိုင်းပြည်၊ ငါ လုပ်ချင်ရာလုပ်မည်၊ မည်သူ့ကို ဂရုစိုက်စရာလိုမည်လော ဟူသော ကျွန်ုပ်၏ မဟာအတ္တကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ကိုပင်မက ပြည်သူပြည်သားများကိုပါ ဒုက္ခနွံအတွင်းသို့ သက်ဆင်းရစေနိုင်သော အပြစ်ကြီးကို ကျွန်ုပ်ကျူးလွန်မိချေပြီ။

သို့ဖြစ်၍ ...

ကျွန်ုပ်သည် ခမည်းတော်ဘုရား၏ ဆုံးမလမ်းညွှန်စကားနှင့်အညီ ပြုမိများသောအပြစ်မှ ကင်းပလွတ်မြောက်စေရန် အရှင်မြတ်ထံ ဆောလျင်စွာသွားရောက်လျက် ဝန်ချတောင်းပန်ရုံမှတစ်ပါး ..။



၇။

ကျွန်ုပ် နန္ဒနကုမာရမင်းသားသည် ပြင်းစွာသောထိတ်လန့်ကြောက်ရွံ့မှုကြောင့် ဝန်ချတောင်းပန်ရန် အမြန်စီစဉ်ရတော့၏။

ပစ္စေက ဗုဒ္ဓါအရှင်မြတ်သီတင်းသုံးရာ ကျောင်းအရပ်သို့ နောက်ပါအခြွေအရံများကို ပန်းနံ့သာတိုင်များကိုယ်စီစွဲကိုင်စေလျက် ကျွန်ုပ် လာရောက်ခဲ့သည်။ ကျွန်ုပ် ရင်ထဲတွင် ပြစ်မှားမိသော တရားအပေါင်းနှင့် ပြည့်စုံသည့် ဒေဝလအမည်ရှိသည့် ပစ္စေကဗုဒ္ဓါသည် ခွင့်လွှတ်မှ လွှတ်ပါ့မလားဟူသော သံသယအတွေးဖြင့် ပူလောင်နေ၏။

ပစ္စေက ဗုဒ္ဓါအရှင်မြတ်၏ ထံပါးသို့ရောက်လျှင် ကျွန်ုပ်သည် ခြေတော်အစုံကို ဦးခိုက်ပူဇော်လျက် ...

"အရှင်ဘုရား .. အကျွန်ုပ်အားသနားသဖြင့် ကျူးလွန်မိသော အပြစ်ကို သည်းခံခွင့်လွှတ်ပါရန်ဝန်ချတောင်းပန်ပါ၏။ ပစ္စုပ္ပန်သံသရာ နှစ်ဖြာသောဘဝ၌ ဝဋ်ဒုက္ခအပေါင်းမှ လွတ်ကင်းချမ်းသာရာရစေရန် မေတ္တာတရားကိုပွားများပေးတော်မူပါဘုရား .."

ကျွန်ုပ်၏ ဝန်ချတောင်းပန်မှုအဆုံး၌ ပစ္စေကဗုဒ္ဓါအရှင်မြတ်ထံမှ ကရုဏာလွှမ်းသော အသံဖြင့် ...

"အို .. ဒကာတော်မင်းသား ငါသည် လူနတ်ဗြဟ္မာအပေါင်းနှင့်တကွ ကမ္ဘာလောကတွင် ရှိရှိသမျှသော သတ္တဝါအပေါင်းတို့က ငါ့အား အသက်ဆုံးသည်ထိ နှိပ်စက်ရန်မူခြင်းပြုသော်လည်း အမျက်စောင်းမာန်ဖြင့် တုံ့ပြန်ခြင်းကို မပြုပြီ၊ အကုသိုလ်စေတနာကို ငါသည် ပယ်သတ်ပြီးဖြစ်၍ မီးသည် ရေကို လောင်ကျွမ်းခြင်းမရှိသကဲ့သို့လည်းကောင်း၊ ဖလန်ပိုးရှသည် မီးကိုမီးခဲ၌ မတည်သကဲ့သို့လည်းကောင်း၊ ဘုရားစသော .. ပစ္စေကဗုဒ္ဓါတို့၏ သဏ္ဍာန်၌ မေတ္တာတရားမှလွဲ၍ စောင်းမာန်ဒေါသအမျက် စသည်

သည် မတည်တော့ချေ။

"ရှိခိုးကော်ရော် ဖူးမျှော်

တော့ ပေးသောသူတို့အားလည်း

ဆယ့်ခြောက်ပါးသော ဥပဒ်၊ နှစ်ဆ

ငါးရပ်သောဘေးဆိုးတို့သည် ကင်း

လွန်မြောက်ပါစေသတည်း။ ဤရှိ

ပုတ်လေးဖြာ၌တည်၍ ကိုယ်၏ ကျ

မာခြင်း၊ စိတ်၏ ချမ်းသာခြင်းတို့

ပြည့်ဝကြပါစေတည်း ..။

ဤသို့ ဆုမွန်ကောင်းများ

သနားပြီးနောက် ပစ္စေကဗုဒ္ဓါအ

မြတ်သည် ကောင်းကင်ခရီးဖြ

ဟိမဝန္တာတောင်သို့ ကြွတော်မူ၏။

ထိုနေ့မှစ၍ ကျွန်ုပ်သည် နောင်

တရားကို သင်ခန်းစာအဖြစ် ယူလျ

ဒါန၊ သီလ၊ ဘာဝနာစသော ကုသို

ကောင်းမှုတို့ဖြင့် နှလုံးသားဖြူစင်စွ

အသက်ထက်ဆုံးကျင့်ကြံအား ထု

ခြင်းဖြင့်သာလျှင် ...။

မောင်သစ်နွယ်

ကျမ်းကို

ကျေးဇူးရှင် ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး

ရေးသားပြုစုတော်မူသော ဇိနတ္ထပကာသနီကျမ်း

စာ ၁၄၀/၃၃ ရှင်ဥပါလိ

ဇွေးအကြောင်းကိုပြခြင်း စာစုအား ခံစားရေးဖွဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





# Pဝေ
# သတ်ရှည်ကျွန်းက ရယ်စရာ

အားပေးပုံ

လူနာ – ဆရာ ကျွန်တော့်မှာ ၉၆ ပါးရောဂါ အကုန်လုံးနီးပါး ဖြစ်နေပါပြီ။ ဆရာကယ်ပါဦး။

ဆရာဝန် – စိတ်ဓာတ်မကျပါနဲ့ဗျာ။ နောက်ထပ်ရောဂါအသစ်တွေအများကြီးပေါ်နေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com


## လူမှန်နေရာမှန်

ကလပ်ပိုင်ရှင် – ကျွန်တော်တို့အသင်း ဘာလို့ ရလဒ်တွေဆိုးဝါးနေရတာလဲ။
နည်းပြ – အသစ်ခေါ်ထားတဲ့ နိုင်ငံခြားသားတွေ အထိုင်မကျသေးလို့ပါ။
ပိုင်ရှင် – ဒါဆိုရင်လည်း ခင်ဗျားအိမ်ကို ခေါ်ထားလိုက်ပေါ့ဗျာ။

## အားကျမဝံ့

ဘောလုံးဝါသနာရှင်နှစ်ဦး ဆုံကြရာဝယ် ...
ပ – နိုင်ငံခြားက ဘောလုံးသမားတွေများ 'ပေါင်'တွေ အထပ်လိုက်ရနေတာပဲဗျာ။
ဒု – ခင်ဗျားကလည်း ဒီက ဘောလုံးသမားတွေလည်း 'ကျပ်'တွေ တစ်ပွေ့တစ်ပိုက်နဲ့ပါဗျာ။

## သူရှိနေလို့

နည်းပြဖြစ်သူ တိုက်စစ်မှူးအား ....
နည်းပြ – ဂိုးတိုင်နဲ့ မင်းပဲရှိတာ ဘာလို့ဝင်အောင် မကန်တာလဲ။
တိုက်စစ်မှူး – ဂိုးသမားပိတ်နေလို့ပါ ဆရာ။

## ရင်ခုန်ဘက်သို့ တမ်းချင်း

လင်မယားနှစ်ယောက် စကားပြောနေစဉ် ...
"ဒီမှာ တင်းတယ် .. တင်းတယ် .. တင်းတယ်ဟေ့ .."
ယောက်ျား – ဟိုဘက်အိမ်က လင်မယားနှစ်ယောက် ရန်ဖြစ်နေကြလားမသိဘူး။ သွားဆွဲရအောင်။
မိန်းမ – ဩော် .. ရှင်ကလည်း သီချင်းဖွင့်နေတာပါ။

## စဉ်းစားပါရစေ

ဘုန်းကြီး – ဒကာကြီး ကံ ကံ၏ အကျိုးကို ယုံလား။
ဒကာ – ကံကံ ဘယ်တုန်းက ကျိုးသွားတာလဲဘုရား။
သနားစရာပဲ။ တပည့်တော်အသိထဲမှာတော့ ကံကံဆိုတာ မရှိဘူးထင်တယ်။


www.burmeseclassic.com

www.burmeseclassic.com



မောင်ယဉ်ကျော်

# စုံထောက်ဒိုင်ယာရီ

## အချစ် HIV ပိုးရှပ်စကြောင့် AIDS နလုံးသား ဖြစ်ကြသူများနှင့် ကမ္ဘာ့အရက်စက်ဆုံးစာစု



www.burmeseclassic.com

www.burmeseclassic.com





(၁)

အချစ်မှာ ..

သဝန်တိုတယ်၊ သံသယရှိတယ်ဆိုတာ ဟိုတစ်ခါက အကယ်ဒမီဝင်းဦး ပြောခဲ့သလို နှလုံးသားကို ဒုက္ခပေးတဲ့ ရောဂါတွေပဲ။ အဲဒီရောဂါဟာ နာတာရှည်ဖြစ်သွားရင် လူ့အသက်ကို သေစေတယ်ဆိုတာ ဟုတ်တယ်။

ခုလည်း အင်္ဂလန်နိုင်ငံ၊ မန်ချက်စတာမြို့မှာနေတဲ့ ရေးမွန်အော့ဝဲလ် (၃၁)နှစ်ဟာ သူ့ချစ်သူ အတူနေ သမီးရည်းစား ဗစ်တိုးရီးယား ဒိုနီဗန်(၂၄)နှစ်က သူ့ကို ပစ်ဖို့ အချစ်သစ်ရှာတယ်ဆိုတဲ့ သံသယနဲ့ နှလုံးသား AIDS ဖြစ်ပြီး သူ့ကိုယ်သူ သစ်ပင်တစ်ပင်မှာ ကြိုးဆွဲချ အဆုံးစီရင်ပစ်လိုက်တယ်။

သူတို့သူငယ်ချင်းတွေက အဲဒီသစ်ပင်မှာ သူတို့ရဲ့သူငယ်ချင်း ရေးမွန်ရဲ့ဝိညာဉ်ရှိနေတယ်ဆိုပြီး အမှတ်တရ ပန်းစည်းတွေချကြ၊ ရေးမွန်ရဲ့ မိသားစုကလည်း ဒီလိုပဲ ပန်းစည်းတွေ ချကြတယ် အဲဒီအထဲမှာ သူနဲ့အတူနေခဲ့တဲ့ သမီးရည်းစားဗစ်တိုးရီးယားလည်း ပါတယ်ပေါ့။ တခြားလူတွေ သူတို့ရဲ့ ပန်းခြင်းကို မန္တမ်းအောင် ရေလေးတွေနဲ့ ဖြန်းကြပေမယ့် ဗစ်တိုးရီးယားကတော့ ပန်းစည်းချတိုင်း မျက်ရည်ကျလို့ သူ့ပန်းစည်းမှာ အမြဲတမ်း အလွမ်းမျက်ရည်စိုနေပါသတဲ့။

AIDS ရောဂါဆိုတာ ခုခံအားကျဆင်းတဲ့ရောဂါပဲဆိုတော့ ဗစ်တိုးရီးယားခံစားနေရတဲ့ နှလုံးသား AIDS က ပြင်းလာတဲ့အခါ ဒီဝေဒနာရဲ့ ဒဏ်ကို ဆက်လက်မခံစားနိုင်တော့တဲ့ ဗစ်တိုးရီးယားက သူ့ချစ်သူ ရေးမွန်အော့စ်ဝဲလ် ကြိုးဆွဲချ သေလိုက်တဲ့ သစ်ပင်မှာပဲ သူလည်း ကြိုးဆွဲချပြီး သေလိုက်တော့တယ်တဲ့။ ဒီလို လိုက်မသေခင် သူ[...]
စာရေးထားခဲ့တယ်။

"ထာဝရအတူနေ ကြတာပေ[...]
ရှင့်ကို ကျွန်မချစ်တယ် ရေး"

အဲဒါ သူရေးသွားတဲ့ စာ။

သူ့ရဲ့ ခံယူချက်ကို ဂမ္ဘီရသဘော[...]
အရ ပြန်ပြောရရင် ဒီသစ်ပင်မှာ သ[...]
ချစ်တဲ့ သူ့ရဲ့ ဝိညာဉ်ရှိနေတယ[...]
ဒါကြောင့် လူ့ဘဝမှာ ပေါင်းသင်းခဲ့ကြ[...]
သလို ဝိညာဉ်ဘဝမှာလည်း ထာဝ[...]
ပေါင်းရအောင် သူလိုက်ခဲ့တယ်ဆိုတ[...]
အချစ်သက်သေ ပြချက်ပဲ။

အချစ်ဆိုတာ သိပ်ချစ်ရင် သိ[...]
ရှူးတယ်ဆိုတာ ဒါပဲ။ ဒီပြဿနာအစက[...]
ရေးမွန်အော့စ်ဝဲက သူနဲ့အတူနေ သမ[...]
ရည်းစား ဗစ်တိုးရီးယားကို သူမဟုတ[...]
တဲ့ တခြားအမျိုးသားတစ်ဦးနဲ့ တွဲသွား[...]
တာကို သူ တွေ့လိုက်ရတယ်။

အဲဒီမှာ သံသယဆိုတဲ့ HI[...]
ရပ်စ်ပိုးဝင်ပြီး သူနဲ့(၇)နှစ်ကြာ အတ[...]
နေတဲ့ သံယောဇဉ်ကို ကမောက်က[...]



www.burmeseclassic.com

www.burmeseclassic.com



…ပြီး သူ့ချစ်သူက သူ့ကို ပစ်ပြီးသွား …တော့မှာပဲဆိုတဲ့ စိတ်နဲ့ ခုလိုလုပ်လိုက် …တာ။

တကယ်တော့ ဒီလို သုံးသပ်ပြီး …ဆုံးဖြတ်လိုက်တာ ရေးမွန်အော့စ်ဝဲ …ားတယ်။ သူ့ချစ်သူ ကခြားအမျိုး …သားနဲ့ တွဲသွားတာ သူမြင်လိုက်ရတာ …)မိနစ်လောက်ပဲ လျှပ်တစ်ပြက်မြင် …လိုက်ရတာ။ ဒီလိုမြင်လို့ (၇)နှစ်လောက် …တွဲနေလာတဲ့ ချစ်သူကို အထင်လွဲ …တာ ရင်ထဲက ဆုံးဖြတ်ချက်မှားတာပဲ။

လူဟာ ရှင်ဖို့ ခက်တယ် ..။

သေဖို့ လွယ်တယ် ..။

သူ ဒီလို လုပ်လိုက်လို့ သူတို့ …နှစ်ယောက် သံယောဇဉ်သွေးတွေနဲ့ ရ …ခဲ့တဲ့ (၆)နှစ်အရွယ်သားတစ်ယောက် …)နှစ်အရွယ် သမီးတစ်ဦး။ ပြီးတော့ …စ်တိုးရီးယားက ပါလာတဲ့ ၈ နှစ် …အရွယ်သားတစ်ယောက်။ အဲဒီကလေး …)ယောက် လူ့လောကတစ်လျှောက် …လုံးမှာ သောကနဲ့ နပန်းလုံးရတော့ …ယ်။ ဘာဖြစ်လို့လည်းဆိုတော့ သူ့ကို …အားကိုးရမယ့် မိခင်ကြီးကလည်း …လိုက်သေသွားပြန်ပြီလေ။ ဒါကြောင့် …ပြောတာပေါ့။ ပြဿနာတစ်ခုကို …အသက်နဲ့မလဲရဘူး။ အသက်ရှိနေမှ …ပြဿနာရှင်းလို့ရတာ။ အသက်မရှိရင် …ပြဿနာက ပိုရှုပ်သွားတယ်ဆိုတာကို …းမောင်းထိုးပြလိုက်တာပဲ။

ဒီဖြစ်ရပ်က ဖွန်လ ၂၁ ရက်နေ့ …က ဖြစ်ခဲ့တာ။ အင်္ဂလန်နိုင်ငံ၊ မန်ချက် …တာမြို့စွန် HATCHETT ရဲ့ သစ်ပင် …တစ်ပင်ခြေရင်းမှာ သင်ကြုံရင် ဝင် …ကြည့်လိုက်စမ်းပါ။ လွမ်းသူ့ပန်းခွေ …အခြောက်တွေ အစိုတွေနဲ့ ခေတ်သစ်

ရှိမိရှိနဲ့ ဂျူးလိယက်ဆိုပြီး ဒီအဖြစ် အပျက်ကို အဲဒီနားမှာရှိနေတဲ့ ဗစ်တိုးရီးယားရဲ့အစ်မ ဆိုင်မွန်ဆိုသူက ပြောပြပါလိမ့်မယ်။

တကယ်လို့ အချစ်မှာ အပြစ်ရှိရင် ဒီလိုမဖြစ်ကြပါစေနဲ့။

(၂)

နောက်ထပ် သံသယ HIV ပိုးရပ်စ်ပိုးကြောင့် နလုံးသား AIDS ဖြစ်ပြီး ချစ်သူကို သေနတ်နဲ့ပစ်ခတ်လိုက်လို့ အပြေးကောင်းတဲ့ ဒုက္ခိတစွမ်းအားရှင် အဖမ်းခံရတဲ့ကိစ္စပြောပြဦးမယ်။

ဒီလိုပါ ..

တောင်အာဖရိကနိုင်ငံ၊ ပရီတိုးရီးရီးယားမြို့မှာနေတဲ့ လန်ဒန်အိုလံပစ် မသန်မစွမ်းသူများ အပြေးပြိုင်ပွဲကြီးမှာ ရွှေတံဆိပ်ရလိုက်တဲ့ အော်စကာ ပစ္စတိုးရီးယပ်(၂၆)နှစ်က သူ့ရဲ့ချစ်သူ ရည်းစား မော်ဒယ်မလေး ရီဗာစတင်းကမ့်ကို သံသယကြောင့် ပြဿနာကြုံရာက ဖေဖော်ဝါရီလ(၁၄)ရက်ချစ်သူများနေ့က သူ့ရဲ့အိမ်ထဲမှာ သေနတ်နဲ့ ပစ်လိုက်လို့ ရဲက ဖမ်းလိုက်တဲ့ အကြောင်းပါ။

**နှစ်ယောက်စလုံး တန်ဖိုးရှိ လူသားတွေ အားကိုးရတဲ့ စွမ်းဆောင်ရှင်တွေ ဖြစ်ပြီး အချစ်အတွက် ဒီလိုဖြစ်ရတယ် ဆိုတာကိုပဲ။ ပြောလို့မဆုံး ယူကြုံးမရ ဖြစ်နေတာပါ …**





www.burmeseclassic.com

www.burmeseclassic.com






ရဲ့စုံထောက်တွေစစ်တော့ မော်ဒယ်မလေးဟာ သေနတ်ဒဏ်ရာ ၄ ချက်နဲ့ သွေးတွေထွက်ပြီး ပက်လက်ကလေးသေနေတယ်တဲ့။

အဲဒီသတင်းကြားတော့ တောင်အာဖရိကနိုင်ငံရဲ့ အားကစားလောကမှာ အတော်လေး စိတ်မကောင်းဖြစ်သွားကြဆိုပဲ။ ပစ္စတိုးရီးယပ်က အားကစားလောကမှ သူရဲကောင်း၊ နိုင်ငံ့ဂုဏ်ဆောင် စွမ်းအားရှင်တစ်ယောက်ဖြစ်သလို အသတ်ခံရတဲ့ မော်ဒယ် ရီဗာစတင်းကလည်း မုဒိမ်းမှုနဲ့ စော်ကားခံရတဲ့ အမျိုးသမီးတွေအတွက် ရှေ့တန်းက တိုက်ပွဲဝင်ခုခံပြီး ဒါမျိုးတွေပြင်းထန်စွာအပြစ်ပေးဖို့ လူထုအတွက် အားကိုးရသူ ဖြစ်နေလို့ပါတဲ့။

ပြောရမယ်ဆိုရင် နှစ်ယောက်စလုံး တန်ဖိုးရှိ လူသားတွေအားကိုးရတဲ့ စွမ်းဆောင်ရှင်တွေဖြစ်ပြီး အချစ်အတွက် ဒီလိုဖြစ်ရတယ်ဆိုတာကိုပဲ။

ပြောလို့မဆုံး ယူကြုံးမရဖြစ်နေတာပါ။

(၃)

ဒီတစ်ခါတော့ ကမ္ဘာ့ရက်စက်မှုကြီးတစ်ခုလို့ ပြောရမယ်။ ဂွာတီမာလာ တရားသူကြီးတစ်ဦးက LXIL MAXA လူမျိုး (၁၇၇၁)ကို သတ်လိုက်တဲ့ ဂွာ



တီမာလာအာဏာရှင်ဟောင်း EFRALN RIOS MONTT အား လူသတ်မှုနဲ့ ရုံးတင်စစ်ဆေးရန် ဇန်နဝါရီလ(၂၈)ရက်နေ့က ညွှန်ကြားလိုက်တဲ့ ကိစ္စပါပဲ။

ဒီဖြစ်ရပ်က ဒီလိုပါ ...

ဗဟို အမေရိကနိုင်ငံရဲ့ တစ်နိုင်ငံဖြစ်တဲ့ ဂွါတီမာလာမှာ ပြည်တွင်းစစ် (၃၆)နှစ်ကြာဖြစ်ပွားပြီးတဲ့နောက် ၁၉၉၆ ခုနှစ်မှာ ပြီးဆုံးခဲ့တယ်တဲ့။

ဒီလိုပြီးဆုံးသွားပြီးတဲ့နောက် အဲဒီဖြစ်ရပ်တွေမှာ လူပေါင်း နှစ်သိန်းအထိ သေဆုံးရကြောင်းခန့်မှန်းကြပြီး ၁၉၈၂ ခုနှစ် အုပ်ချုပ်ရေးကာလအတွင်း ကျေးလက်နေ ထိုလူမျိုး (၁၇၇၁)ကို သတ်ဖြတ်မှုအတွက်လို့ ဆိုပါတယ်။ ဒါဟာ လူမျိုးသုဉ်းသတ်ဖြတ်

မှုအတွက် ပထမဆုံး သမိုင်းဝင် ရုံး
တင်စစ်ဆေးမှုဖြစ်မှာပါလို့ တရားသ
ကြီး မိဂွယ်လ်ဂယ်ဗက်စ်က ပြေ
ကြောင်း AFP သတင်းမှာ ဖော်ပြထ
ပါတယ်။

အစစ်ခံရသူအာဏာရှင်ဟောင်
RIOS MONTT မှာ (၈၆)နှစ်ရှိနေ
ကြဲကြဲခံပြီး တရားခွင်မှာ ထိုင်နေ
သတဲ့။

ရုံးတင်စစ်ဆေးနေချိန် ပြင
မှာတော့ အသတ်ခံရတဲ့ သူတွေ
ဆွေမျိုးတွေက မီးရှူးမီးပန်းများဖော
ကြိုဆိုကြသတဲ့။

ထိုစဉ်က အာဏာရှင်အစိုးရ
ဆန့်ကျင်သူများကို သူပုန်ဟု သတ်မှ
သုတ်သင်ခဲ့သော်လည်း ယခုအသတ်
ရသော လူမျိုးစုမှာ ယင်းပဋိပက္ခ
ပတ်သက်မှုမရှိကြောင်းလည်း သိရ
တယ်။

ထိုသို့ စစ်ဆေးနိုင်အောင်လည်
လူ့အခွင့်အရေးလှုပ်ရှားနေသော အ
များရဲ့ စုံထောက်များက နှစ်ပေါ
များစွာ လေ့လာစုံစမ်းခဲ့ကြတယ်
လည်း သိရပါတယ်။

သို့သော် ထိုသတင်းတွင် လွှ
တော်ထောက်ခံမှုဖြင့် တရားစွဲဆိုမှု
လွတ်ခွင့်ရသွားကြောင်းလည်း သတ
တွင် ဖော်ပြထားကာ လူ့အခွင့်အ



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့များက ရှေ့ကို ဘာဖြစ်မည်ကို စောင့်ကြည့်နေကြကြောင်း ဖော်ပြထားပါသတဲ့။

ဒါက တရားရေးနဲ့ဆိုင်ပါတယ်။

ဒါပေမဲ့ လူတွေဒီလောက်အများကြီးအသတ်ခံရတဲ့ဖြစ်ရပ်ကတော့ ကမ္ဘာလူနဲ့ လူ့ပတ်ဝန်းကျင်လောကမှာ မကြားချင် မမြင်ချင် မဖြစ်သင့်သလို စိတ်မကောင်းဖြစ်စရာပါ။ ကမ္ဘာမှာ စစ်ပွဲတွေ မဖြစ်ပါစေနဲ့၊ လူမျိုးရေး မုန်းတီးမှုတွေ မပေါ်ပါစေနဲ့။ လူသတ်မှုတွေ မကြားရပါစေနဲ့လို့ ဆုတောင်းမိတယ်။

(၄)

သံသယရှိမှုတွေကြောင့် ဖြစ်ရတဲ့ဒုက္ခ၊ အတ္တစွဲကြောင့် သောကနဲ့ အသတ်ခံရတဲ့လူတွေအကြောင်းနဲ့ ဇန်နဝါရီလထဲမှာ ကမ္ဘာကြီးကိုရောက်လာပြီး လူတွေအများကြီးသတ်လိုက်တဲ့ အကျင့်ကို ရှုံးတင်စစ်ဆေးနေချိန်မှာ လူ့လောကထဲ ပထမဆုံးရောက်လာတဲ့ လူသားလေးတစ်ဦးကို အကြောင်းပြုပြီး အခြားလူသားတွေအများကြီးအကျိုးရှိမယ့် လုပ်ရပ်တစ်ခုကို လုပ်ပြလိုက်တဲ့ အချစ်ကို ဗဟိုပြုပြီး ကမ္ဘာ့လူသားအားလုံးကောင်းကြိုးကို မျှော်ကိုးကြတဲ့ ကမ္ဘာကျော် ဘောလုံးသမား ဘာစီလိုနာအသင်းကြီးရဲ့ နောက်ခံလူ ဂျရတ်ပီကေး(၂၅)နှစ်နဲ့ ကမ္ဘာကျော် ကိုလံဘီယာအဆိုကျော်မလေး ရှာကီယာ(၃၆)နှစ်တို့ရဲ့ ပထမဆုံးရင်သွေးလေးကို ကမ္ဘာပြပွဲအဖြစ် ထုတ်ပြလိုက်တဲ့ အကြောင်းလေး စုံထောက်ဒိုင်ယာရီထဲမှာ ပြောလိုက်ချင်တာပါ။

သံသယရှိမှုတွေကြောင့်
ဖြစ်ရတဲ့ဒုက္ခ၊
အတ္တစွဲကြောင့်
သောကနဲ့အသတ်ခံရတဲ့
လူတွေအကြောင်းနဲ့
ဇန်နဝါရီလထဲမှာ
ကမ္ဘာကြီးကိုရောက်လာပြီး
လူတွေအများကြီး
သတ်လိုက်တဲ့ အကျင့်ကို
ရှုံးတင်စစ်ဆေးနေချိန်မှာ ...

သူတို့ရဲ့ ဇန်နဝါရီ(၂၂)ရက်နေ့က မွေးဖွားခဲ့တဲ့ မွေးကင်းစလေးကို UNICEF ဝက်ဆိုက်ကနေပြီး ပိုလီယိုရောဂါကာကွယ်ဆေးနှင့် အခြား အကူအညီများထောက်ပံ့ပေးနေတဲ့ UNICEF အတွက် လှူဒါန်းဖို့ UNICEF ရဲ့ သံတမန်ဖြစ်တဲ့ ရှာကီယာက ပရိသတ်ကြီးကို သူ့ရင်သွေးလေးပြပြီး လှူဒါန်းကြဖို့ တိုက်တွန်းနှိုးဆော်လိုက်တဲ့ ကမ္ဘာ့မင်္ဂလာသတင်းပါ။

ကဲ .. ဒီလတော့ ဒီမျှနဲ့ နားလိုက်ပါဦးမယ်။

စာဖတ်ပရိသတ်ကြီးကို ကိုယ့်ချစ်သူလို သဘောထားပြီး အချစ်ရေလို့ ခေါ်ပြီးရေးနေတဲ့ ...

မောင်ယဉ်ကျော်





www.burmeseclassic.com

www.burmeseclassic.com






# ထွန်းအောင်လှိုင်

## ဥပဒေ မဟာသုတ ပျိုးခင်း



www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာပေါ်တွင် အဓိကအားဖြင့် ဥပဒေစနစ်(၃)မျိုးရှိပါသည်။ ဥရောပ ဥပဒေစနစ်၊ အင်္ဂလိပ်ရိုးရာဥပဒေစနစ်၊ ဆိုရှယ်လစ်ဥပဒေစနစ်ဟူ၍ ရှိပါသည်။ ဥရောပဥပဒေစနစ်ကို ပြင်သစ်၊ ဂျာမနီ၊ တောင်ကိုရီးယား၊ ဂျပန်၊ တရုတ် စသော နိုင်ငံများက ကျင့်သုံးကြပါသည်။ အင်္ဂလိပ်ရိုးရာဥပဒေစနစ်ကို အင်္ဂလန်နိုင်ငံ(ဂရိတ်ဗြိတိန်)၊ အိန္ဒိယ၊ မြန်မာနိုင်ငံ တို့ ကျင့်သုံးပါသည်။

ကမ္ဘာပေါ်တွင် ဆိုရှယ်လစ်စနစ် ကျင့်သုံးသည့် နိုင်ငံများ မရှိသလောက် နည်းပါးနေပြီဖြစ်၍ ဆိုရှယ်လစ်ဥပဒေစနစ်ကို ကျင့်သုံးသည့် နိုင်ငံမှာလည်း အနည်းငယ်မျှသာ ရှိပါသည်။ အစ္စလာမ်တရားဥပဒေစနစ်ကို ကျင့်သုံးသည့် အာရပ်နိုင်ငံအချို့လည်း ရှိပါသည်။ ဥရောပဥပဒေစနစ်ကို ကျင့်သုံးရာတွင် အောက်အဆင့်တရားရုံးများက အထက်တရားရုံးများ၏ ဆုံးဖြတ်ချက်ကို လိုက်နာရန်မလိုပါ။

အင်္ဂလိပ်ရိုးရာဥပဒေစနစ် Common Law System) စနစ်ကျင့်သုံးသည့် နိုင်ငံများတွင်မူ နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံးချုပ်မှ ဆုံးဖြတ်သော အမှုများအနက် စံနမူနာယူသင့်သည့် အမှုများကို နှစ်စဉ်စီရင်ထုံးပြု၍ စာအုပ်ထုတ်ဝေပါသည်။ ယင်းကဲ့သို့ စီရင်ထုံးပြု၍ ဆုံးဖြတ်သည့်အမှုများနှင့် အကြောင်းချင်းဆိုင်ရာ အချက်အလက်၊ ဥပဒေဆိုင်ရာအချက်အလက် တစ်ခုခု လုံးဝ(သို့)သွယ်ဝိုက်၍ တူညီနေပါက လက်အောက်ခံအဆင့်ဆင့် တရားရုံးများက လိုက်နာ၍ ဆုံးဖြတ်ကြရပါသည်။ ဤကား ကျွန်ုပ်တို့မြန်မာနိုင်ငံ၏ တရားစီရင်ရေးဥပဒေစနစ်ဖြစ်ပါသည်။ ၁၉၈၈ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ မြန်မာနိုင်ငံတရားရုံးချုပ်မှ နှစ်စဉ် တရားစီရင်ထုံးများ ထုတ်ဝေပါသည်။ ၂၀၁၁ ခုနှစ်မှစ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ စီရင်ထုံးကို ဆက်လက်ထုတ်ဝေပါသည်။

အထက်တွင်ဖော်ပြခဲ့ပြီးသလို ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ စီရင်ချက်များအနက် လက်အောက်ခံတရားရုံးများမှ နမူနာယူဖွယ်အမှုများမှ ဆုံးဖြတ်ထားသည့် စီရင်ချက်များကို လက်ရွေးစင်ရွေးထုတ်၍ စီရင်ထုံးထုတ်ဝေပါသည်။ ယင်းစီရင်ထုံးများအနက်မှ ပြည်သူအများ သိရှိနားလည်သင့်သည့် စီရင်ထုံးတစ်ခုကို တင်ပြလိုပါသည်။ ပြစ်မှုဆိုင်ရာအမှုများတွင် အဓိက အားကိုးအားထားနှင့် အများဆုံးအသုံးပြုသည့် ဥပဒေမှာ ပြစ်မှုဆိုင်ရာဥပဒေဖြစ်ပါသည်။ ပြစ်မှုဆိုင်ရာဥပဒေကို ၁၈၆၀ ခုနှစ်က စတင်ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေတွင် အခန်းပေါင်း (၂၃)ခန်း၊ ပုဒ်မပေါင်း ၅၁၁ ခု ပါရှိပါသည်။

လူကိုထိခိုက်သော ပြစ်မှုများ၊ အကျိုးဖျက်စီးမှု၊ လူခိုးမှု၊ ပြစ်မှုမကင်းသော ခြောက်လန့်မှု၊ စော်ကားမှုနှင့် စိတ်ငြိုငြင်မှု စသော အခန်းများ ပါဝင်ပါသည်။ မြန်မာနိုင်ငံလူဦးရေ၏ ရာခိုင်နှုန်းအများစုမှာ ကျေးလက်ဒေသတွင် နေထိုင်သူများ ဖြစ်ကြပါသည်။ ကျေးလက်ဒေသတွင် နေထိုင်သူအများစုမှာ ပညာတတ်မြောက်မှု နည်းပါးပါသည်။ တစ်ဦးနှင့် တစ်ဦး သဘောမတိုက်ဆိုင်သည့်အခါ၊ စိတ်အခန့်မသင့်သည့်အခါ ဒေါသရှေ့ထား၍ ပြုမူ၍ မှုခင်းများ ဖြစ်ကြပါသည်။ တရားရုံးသို့ အမှုအဖြစ် ရောက်ရှိလာသည့်အခါ စွပ်စွဲခံရသူ(တရားခံ)၏ ပြုမူမှုများမှာ စွဲဆိုထားသည့် ဥပဒေပုဒ်မနှင့် ညီညွတ်ခြင်း ရှိ/မရှိနှင့် ပြစ်မှုထင်ရှားကြောင်း တွေ့ရှိပါက ထိုက်သင့်သည့် ပြစ်ဒဏ်ကို တရားရုံးမှ ချမှတ်ရပါသည်။ နာကျင်မှု၊ ကျော်နင်းမှု၊ ရာဇဝတ်မကင်းသော ခြောက်လန့်မှုများမှာ ကျေးလက်ဒေသတွင် အဖြစ်များသည့် မှုခင်းများ ဖြစ်ပါသည်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၃ အရ ..

“မည်သူမဆို အခြားလူတစ်ဦးတစ်ယောက်၏ ကိုယ်ကိုသော်လည်းကောင်း၊ ဂုဏ်သရေကိုသော်လည်းကောင်း၊ ပစ္စည်းကိုသော်လည်းကောင်း၊ ထိုအခြားသူက အကျိုးကိုလိုလားသောသူ၏ ကိုယ်ကိုသော်လည်းကောင်း



www.burmeseclassic.com

www.burmeseclassic.com






ဂုဏ်သရေကို သော်လည်းကောင်း နစ်နာစေမည်ဟု ခြိမ်းခြောက်ရာတွင် ထိုသို့ ခြိမ်းခြောက်ခြင်းသည် ထိုသူအား ထိတ်လန့်ခြင်းဖြစ်စေရန် အကြံဖြင့် ခြိမ်းခြောက်ခြင်းဖြစ်လျှင် ထိုသူသည် ပြစ်မှုမကင်းသော ခြိမ်းခြောက်မှုကျူးလွန်သည်မည်၏''

ဟု ပြဋ္ဌာန်းထားပါသည်။

ထိုဥပဒေပြဋ္ဌာန်းချက်မှာ ထိတ်လန့်အောင် ခြိမ်းခြောက်ခြင်းကြောင့် ခြိမ်းခြောက်ခြင်းခံရသူက တုံ့ပြန်တတ်ရာ နောက်ဆုံးတွင် ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်သည်အထိ ဆိုးဝါးနိုင်သဖြင့် ဤပုဒ်မအား ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။ ခြိမ်းခြောက်မှုသည် ဥပဒေနှင့် မညီသော ထိခိုက်စေခြင်းမရှိက ပုဒ်မ ၅၀၆ အရ ပြစ်မှုမြောက်မည် မဟုတ်ကြောင်း ..

ရွှေပိုင်းနှင့် အစိုးရ^ ၁ တွင် လမ်းညွှန်ဆုံးဖြတ်ထားသည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၃၏ အင်္ဂါရပ်များကို ချိုးဖောက်၍ ပြစ်မှုကျူးလွန်ကြောင်း တွေ့ရှိပါက ယင်းဥပဒေပုဒ်မ ၅၀၆ အရ နှစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ် စေ ချမှတ်နိုင်ပါသည်။ သို့ဖြစ်၍ အထက်တွင် ဖော်ပြထားသည့် ဥပဒေပြဋ္ဌာန်းချက်အရ ခြိမ်းခြောက်မှုသည် ဥပဒေနှင့်မညီမှသာ ခြိမ်းခြောက်မှုမြောက်မည်ဖြစ်ပါသည်။ ယေဘုယျအားဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၆ အရ စွဲဆိုသော ပြစ်မှုများတွင် ငွေဒဏ်ရိုက်နိုင်သောကြောင့်လည်း လက်အောက်ခံတရားရုံးများက လွယ်လင့်တကူ ငွေဒဏ်ရိုက်လေ့ရှိကြပါသည်။

ဒေါသထွက်နေစဉ် မရေရာသော ပြောဆိုမှုသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၆ အရ အကျုံးဝင်ခြင်း မရှိပေ။ တရားလို၏ ထွက်ချက်အရ တရားခံက ၎င်းအား ''သတ္တိရှိလျှင် အပြင်ထွက်ခဲ့'' ဟု ပြောဆိုခြင်းသည် ယင်းသို့သော ပြောဆိုမှုမှာ တစ်ဦးနှင့်တစ်ဦး စကားများရာမှ ဒေါသထွက်စဉ် မရေရာသော ပြောဆိုမှုဖြစ်ပြီး ထိတ်လန့်ခြင်းဖြစ်စေရန် အကြံနှင့်ပြုသည် ခြိမ်းခြောက်မှုဖြစ်သည်ဟု ဆိုနိုင်မည် မဟုတ်၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ် ၅၀၆ နှင့် အကျုံးဝင်ခြင်းမရှိကြောင် မှာ မြင်သာကြောင်း •

ဦးဇော်နိုင်ပါ ^၂ နှင့် ပြည်ထောင် စုမြန်မာနိုင်ငံတော်တွင် ဆုံးဖြတ်လမ် ညွှန်ထားပါသည်။

ဤစီရင်ထုံးလမ်းညွှန်ချက်အ တစ်ဦးနှင့်တစ်ဦး စကားများ၍ စိ ခေါ်ခြင်းသည် ပြစ်မှုမကင်းသော ခြိ ခြောက်မှုကျူးလွန်သည်ဟု ဆိုနိုင်မည် မဟုတ်ပါ။ အင်္ဂလိပ်ရိုးရာဥပဒေစန ကျင့်သုံးသည့် မြန်မာနိုင်ငံအနေဖြ အမြင့်ဆုံးတရားရုံးမှ ဆုံးဖြတ်သည အမှုများကို အဆင့်ဆင့်သော လက် အောက်ခံတရားရုံးများက လိုက်နာကျင့် သုံးရန် တာဝန်ရှိပါသည်။

အပြစ်ရှိသူ(၁၀)ဦး လွတ်လျှ လွတ်သွားပါစေ။ အပြစ်မရှိသူ (၁)ဦး ကို မှားယွင်းအပြစ်မပေးမိစေရ ဟူသော ဥပဒေဆိုရိုးစကားကို ယ အထက်ပါစီရင်ထုံးက မီးမောင်းထိုးပြ လိုက်ခြင်းဖြစ်ပါကြောင်း တင်ပြအ ပါသည်။

ထွန်းအောင်လှိ



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

အဲဒီအချိန်ဟာ ကျွန်တော့်ဘဝမှာအထိတ်လန့်ဆုံးနဲ့ အကြောက်ဆုံးအချိန်ပါပဲဗျာ။ တုန်လှုပ်တာမှ ပြောပြစရာစကားလုံးတောင်မရှိဘူး။

စိတ်ရဲ့ ထူးခြားဆန်းကြယ်မှုလို့ ပြောရမလား ..။

ခင်ဗျားတို့ သုံးနှုန်းတဲ့ ဂမ္ဘီရလို့ ပြောရမလား ..။

ဝိညာဉ်လို့ပဲ ပြောရမလား ..။

ဝိဇ္ဇာနည်းနဲ့ ပြောတဲ့သူတွေက တစ်မျိုးပြောနိုင် ယူဆနိုင်သလို၊ သိပ္ပံနည်းနဲ့ပြောတဲ့သူတွေက တစ်မျိုးကောက်ချက်ဆွဲကြမှာပဲ။

ကျွန်တော်ကတော့ ဘာမျှအမည်မပေးတတ်ဘူး။ ကျွန်တော်ပြောတာကိုလည်း ခင်ဗျားယုံချင်မှယုံမယ်။ ကျွန်တော်ပဲ စိတ်ထဲထင်ရာပြောနေတာလား။ ဇာတ်လမ်းထွင်ပြီး စိတ်ဝင်စားအောင် လုပ်နေတာလား။

လူကပဲ ပေါက်သွားလို့လား။

ခင်ဗျား တွေးချင်တွေးနိုင်ပါတယ်။

ကျွန်တော်ကတော့ ကျွန်တော် ဖြစ်ခဲ့တာကို အမှန်ပဲလို့ ယုံကြည်တယ်။ ခင်ဗျားလည်း ဒီလိုမျိုးအကြောင်းတွေ ဖတ်ဖူးမှာပါ။ ကိုယ့်ကိုခွဲစိတ်နေတာကို အပေါ်ကစီးပြီး ကြည့်နေမြင်နေရတာလောက် တုန်လှုပ်စရာကောင်းတာ ရှိမလား။





www.burmeseclassic.com

www.burmeseclassic.com



# နေ့စိုးသော်

## နှ လုံး သား တစ် ခု ၏ ရာဇဝင်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကို သတ်နေတာကို ဘေးကနေ မျက်ဝါးထင်ထင် မြင်နေရတာလောက် သွေးပျက်စရာကောင်းတာ ရှိမလား။ ကိုယ့်ကိုသစ္စာဖောက် နောက်ကျောက မားနဲ့ထိုးတာကို ကိုယ်တိုင် တွေ့သိနေရတာလောက် အံ့ဩစိတ်ပျက်စရာကောင်းတာ ရှိမလား။ ကျွန်တော့်နေရာကနေ ခင်ဗျားနေကြည့်ပါဗျာ။ ဆေးရုံရဲ့ ခွဲစိတ်ခန်း ခုတင်ပေါ်မှာ ကျွန်တော်က မလှုပ်မယှက်ပေါ့။

မေ့ဆေး ပေးထားတယ်ဗျာ။

ကိရိယာတန်ဆာပလာတွေနဲ့ ခွဲစိတ်ဖြတ်တောက် လှီးထုတ်နေကြတာ။

အမဲကောင်ကို ဖျက်နေသလိုပဲလို့ ကျွန်တော် တွေးမိတယ်။ သူငယ်ချင်း နှလုံးခွဲစိတ်ဆရာဝန် ကာရာနော့က ခွဲစိတ်ဓားကိုင်လို့။ သူ့မျက်လုံးတွေက အေးခဲစေးပျစ်နေတယ်။ ခွဲစိတ်ခန်း အပြင်ဘက်အဝမှာ ကျွန်တော့်ဇနီး မူယာက စိတ်လှုပ်ရှားစွာ ရပ်လို့။ ဆေးရုံရဲ့ ဧည့်ဆောင်ခုံတန်းပေါ်မှာ အမေက ရင်ကိုဖိပြီး တရားစာတွေ၊ ဂုဏ်တော်တွေ ရွတ်လို့။ ကျွန်တော်က သေမင်းနဲ့ စစ်ခင်းနေတာ။

မဟုတ်ဘူး ‥ မဟုတ်ဘူး ‥

သေမင်းထံမှာ လည်စင်းခံနေရတာ။

မဟုတ်ဘူး ‥ အဲဒီလိုလည်း မဟုတ်ဘူး။

လူသတ်သမားရှေ့မှောက်မှာ ကိုယ့်ကိုယ်ကိုယ် ထိုးအပ်ပြီး စတေးခံနေမိတာ။

(၂)

ကိုယ့်သူငယ်ချင်း လက်ရုံးသည် အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သည်။ သူပိုင် စီးပွားရေးလုပ်ငန်းများ လေးငါးခုမက ရှိ၏။ စက်မှုဇုန်မှာ စက်ရုံတွေရှိ၏။ နိုင်ငံခြားနှင့် သွင်းကုန်ထုတ်ကုန် အပို့အသွင်းလုပ်၏။

ကိုယ့်အထင် ‥

မြန်မာပြည်တွင် သူဌေးသူကြွယ် စာရင်း ကောက်ယူလျှင် လက်ရုံးသည် နံပါတ်(၁၀)အတွင်းမှာ ချိတ်နိုင်၏။

သို့သော် သူသည် မိဘအစဉ်အဆက် ချမ်းသာလာသူတော့မဟုတ်။ မိဘက အသင့်အတင့်ချမ်းသာသည့် စာရင်းထဲမှာ ပါနိုင်ရုံမျှသာ။ မိဘ၏ အမွေကို ခံယူပြီး အဆပေါင်းများစွာ တိုးတက်အောင် လုပ်နိုင်သည်မှာ သူ၏ အရည်အချင်းကြောင့်ပဲ ဖြစ်သည်။ နိုင်ငံခြားမှ လေ့လာသင်ယူခဲ့သော စီးပွားရေးပညာ၊ သူ၏ ကွက်ကျော်မြင်တတ်မှု၊ အခွင့်အရေးကို အသုံးချတတ်မှု၊ ပေါင်းသင်းတတ်မှု၊ ထောင်မြင်လျှင် ရာစွန့်တတ်မှု စသော အဘက်ဘက်မှ အရည်အချင်းကောင်းများ ပေါင်းရုံးလာတော့လည်း သူမချမ်းသာလျှင် အဘယ်မှာနေပါတော့မည်နည်း။

လက်ရုံးတွင် ဖခင်မရှိတော့။

လက်ရုံး နိုင်ငံခြားတွင် ပညာသင်နေစဉ်မှာပင် ကွယ်လွန်သွားခဲ့၏။ ထို့ကြောင့် မိခင်ဖြစ်သူ ဒေါ်ကြည်ကြည်လှနှင့်သာ အမေတစ်ခု သားတစ်ခုဖြစ်လာရသည်။ လက်ရုံးတွင် ညီအစ်ကိုမောင်နှမအရင်းအချာမရှိသလို၊ ဝမ်းကွဲဆွေမျိုး ဉာတိလည်း နည်းပါးလှ၏။ လက်ရုံး စီးပွားရေးတွင်သာ အချိန်ပြည့် အာရုံစိုက်သူမို့ အပေါင်းအသင်းကလည်း များများမရှိ။

ငယ်သူငယ်ချင်းဖြစ်သော ကိုယ်သည်သာ သူ၏ တစ်ဦးတည်းသော သွေးမစပ်ညီအစ်ကို၊ သို့မဟုတ် တိုင်ပင်ဖော် တိုင်ပင်ဖက် ဖြစ်ခဲ့၏။

ကိုယ်က လက်ရုံးထက် အသက်ကြီးသည်။ ထို့ကြောင့် သူက ကျွန်တော့်ကို 'ခင်ဗျား' 'ကျွန်တော်' နှင့် သုံးနှုန်းခေါ်ဝေါ်သည်။

''ခင်ဗျားက စာရေးဆရာလုပ်ပြီး မွဲဆေးဖော်နေတယ်။ စီးပွားရေးလုပ်ဗျာ။ ကျွန်တော် ကူညီမယ်။ ဒါမှမဟုတ်ရင်လည်း ကျွန်တော့်စက်ရုံတစ်ခုခုမှာ လာပြီးအုပ်ချုပ်ဗျာ''

ဟု လက်ရုံးက ကိုယ့်ကို ခေါ်တတ်၏။ ပြောတတ်၏။

ကိုယ်က ပြုံးသည်။

''ကဗျာတစ်ပုဒ်၊ ဝတ္ထုတစ်ပုဒ် စာမျက်နှာပေါ် ပါလာလို့ ကျေနပ်ပီတိဖြစ်ရတဲ့ အရသာဟာ မောင်ရင်စက်ရုံသစ်တစ်ရုံတိုးပြီး ဖွင့်လှစ်လိုက်လို့ ရလာတဲ့ ကျေနပ်ပီတိဖြစ်ရတဲ့ အရသာထက် ပိုတယ်လို့ ကိုယ်ထင်တယ်''

ကိုယ့်စကားကြောင့် သူကလည်း ပြုံးသည်။

''ခင်ဗျားတို့ စာပေအနုပညာသမားတွေက ရူးသွပ်နေကြသူတွေပဲ''

''မှန်တယ် လက်ရုံး၊ ကိုယ်ချစ်တဲ့ စာပေအနုပညာမှာ ရူးသွပ်နေကြတဲ့သူတွေပါ။ ဒါပေမဲ့ စာပေအနုပညာကို မက်မောစွာ တွယ်ဖက်ရင်း ဒုက္ခရေစီးကို ဆန်နေကြရတဲ့တိုင်အောင် နှလုံးသားကိုတော့ အဖြူကို အရောင်မဆိုးကြဘူးကွ ‥ မင်းသိလား''

''မသိဘူး ‥ ကျွန်တော်သိတာက ကိန်းဂဏန်းတွေပဲ''

''ဒါလည်း မှန်တာပဲ။ မောင်ရင်က ကိန်းဂဏန်းတွေနဲ့ပဲ ကျင်လည်ကြီး

www.burmeseclassic.com



ပြင်းနေတာ။ နှလုံးသားကို နေရာမပေးဘူး။ ပြောရရင်တော့ မင်းဟာ သိပ်ချမ်းသာတဲ့ စက်ရုပ်ပဲ။ လူနဲ့မတူဘူး''

သူ ရယ်သည်။ ရယ်သည်မှ ဟက်ဟက်ပက်ပက်ပါပင်။

ကိုယ်ဝေဖန်သည်မှာ မမှားပါ။

လက်ရုံးသည် အသက်သုံးဆယ်ကျော်၊ လေးဆယ်နားသို့ ချဉ်းလာသည့်တိုင် ချစ်သူမရှိခဲ့။ မရှိသေး။ အိမ်ထောင်လည်း မပြုသေး။

မိခင် ဒေါ်ကြည်ကြည်လှက အိမ်ထောင်ချပေးရန် ရွေးချယ်ပေးသူမှန်သမျှကိုလည်း လက်ရုံးက ပယ်ချခဲ့သည်ချည်းသာ။ တစ်ယောက်မျှ သူ့အကြိုက်မတွေ့။

ဒါကလည်း အကြောင်းနှစ်ချက်ရှိသည်။

တစ် – မိန်းမတွေကို စီးပွားရေးလောက် စိတ်မဝင်စားခြင်းနှင့်

နှစ် – နှလုံးသား အိပ်နေခြင်းတို့ပင် ဖြစ်သည်။

အချစ်ဆိုသည်က နိုးချိန်တန်မှ နိုးသည့်အရာဖြစ်၏။ မွေးမြူ၍ ရကောင်းသော အရာမဟုတ်။ ဖန်တီးလျှင် သံယောဇဉ်ကို ရချင်ရနိုင်၏။ အချစ်စစ်ဟူ၍ကား မဆိုနိုင်။

နိုင်ငံခြားမှ ပြန်ရောက်လာပြီးနောက် စီးပွားရေးမှာပင် နစ်မျောနေသော သူ့အား အိမ်ထောင်ပြုရန် ကိုယ်တိုက်တွန်းသည်။ ဒါက သူ့မိခင် ဒေါ်ကြည်ကြည်လှက သူ့အား နားချပေးရန် အကူအညီတောင်းသောကြောင့်ဖြစ်သည်။

''ခင်ဗျားကို မေမေက ရှေ့နေငှားလိုက်ပြီ ထင်တယ်။ ဖြည်းဖြည်းပေါ့ဗျာ။ အချိန်တွေ ရှိပါသေးတယ်။ ပြောရရင် ခုထိ ကျွန်တော့်ရင်ကို လှုပ်ခတ်စေနိုင်တဲ့သူ မရှိသေးဘူးဗျ''

လက်ရုံးက ဤသို့ ကိုယ့်ကို ပြန်ပြောသည်။

''မင်း .. လုံးဝ မတွေ့သေးတာလား''

''ဟုတ်တယ်''

ကိုယ် ဘာတတ်နိုင်ပါမည်နည်း။

သို့သော် ..

ကိုယ် စောစောက ပြောခဲ့သလို နှလုံးသားက နိုးလာပြန်တော့လည်း အချစ်က ကြိမ်စကြာနှင့်ရိုက်သလို လက်ရုံးကို မနေနိုင်မထိုင်နိုင် ဖြစ်စေပြန်တော့သည်။

ကြည့် ..။

ထိုင်းသို့ စီးပွားရေးကိစ္စနှင့် ခရီးထွက်ပြီးပြန်အလာမှာ လက်ရုံးထံမှ ကိုယ် ထူးဆန်းသောစကားကို ကြားရသည်။

''ကိုစော .. ခင်ဗျားတို့ဆန္ဒပြည့်ပြီ''

''ဘာလဲကွ၊ ဘာဆန္ဒပြည့်တာလဲ''

''ကျွန်တော် မိန်းမယူတော့မယ်''

''ဟေ''

''ကျွန်တော့်မှာ ချစ်သူရှိနေပြီ''

ကိုယ် ပါးစပ်အဟောင်းသားဖြင့် သူ့ကို ကြည့်မိ၏။

''မင်း နောက်နေတာလား''

''တကယ်ပြောတာ''

တကယ်ပင် သူသည် သူ့ချစ်သူကို ကိုယ်ထံ ခေါ်လာကာပြ၏။

''သူ့နာမည်က မှူယာတဲ့''

လှတော့လှသည်။ အတော့်ကို လှသည်။ သို့သော် လက်ရုံးက မှူယာ့ကို ဘန်ကောက်တွင် တွေ့ခဲ့ခြင်းဖြစ်သည်။ ဘယ်ပုံတွေ၍ ဘယ်သို့ ချစ်သူဖြစ်ခဲ့သည်ကိုမူ ကိုယ်မသိ။ မေးရမှာလည်း အားနာသည်။

ကိုယ်သိရသလောက် အလုပ်ကိစ္စနှင့်သွားရင်း လက်ရုံး ဘန်ကောက်မှာ ဆေးရုံတက်ရသည်။ ဒါက သူ၏ မွေးရာပါနှလုံးရောဂါကြောင့်ဖြစ်၏။

ရောဂါအကြောင်း ကိုယ် တိတိပပမပြောတတ်ပါ။ လက်ရုံး၏ နှလုံးရောဂါက နှလုံး၏ အလုပ်လုပ်မှု ပုံမမှန်ဖြစ်ခြင်းဖြစ်ပြီး မကြာခဏဆိုသလို မောတတ် ဖောက်တတ်၏။ စိတ်ဖိစီးမှုများလာသောအခါ ပိုဖြစ်တတ်၏။ လက်ရုံး၏မိခင် ဒေါ်ကြည်ကြည်လှနှင့် ရင်းနှီးပြီး လက်ရုံး ပြနေကျဖြစ်သော နှလုံးအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာဘုန်းရောင်က လက်ရုံး၏ နှလုံးမှာ အချိန်မရွေး ဒုက္ခပေးနိုင်ကြောင်း၊ အလုပ်ကိုလျှော့၍ နားနားနေနေ နေချင်နေ၊ သို့မဟုတ်လျှင် နှလုံးကို အစားထိုးကုသရန် အကြံပေးဖူးသည်။

လက်ရုံးက အလုပ်ကိုလည်း မလျှော့။ နှလုံးအစားထိုးကုဖို့လည်း စိတ်မကူး။

အလုပ်ကိစ္စတွေများပြားပြီး အိပ်ရေးပျက်ရာက နှလုံးရောဂါထတော့ Far East Hospital တွင် တစ်ပတ်ခန့် ဆေးရုံတက်လိုက်ရသည်။ ထိုဆေးရုံမှ နှလုံးအထူးကု ခွဲစိတ်ဆရာဝန် ကာရာနော့က အင်္ဂလန်တွင် လက်ရုံးနှင့် ရင်းနှီးခဲ့သူ။ ကိုယ့်လိုပင် ယုံကြည်အားကိုးရသော မိတ်ဆွေကောင်းဟု သူပြောဖူးသည်။ ဆင်းရဲသားဘဝမှ အပတ်တကုတ် ကြိုးစားသင်ယူရင်း ထောက်ပံ့



www.burmeseclassic.com

www.burmeseclassic.com



ပေးသူ ကုသိုလ်ရှင်တစ်ဦးကြောင့် ယခုလို နှလုံးအထူးကု ခွဲစိတ်ဆရာဝန်ကြီးဖြစ်လာသည်ဟု လက်ရုံးက ပြောပြဖူးသည်။ ကာရာနေ့မှာ ကိုယ်နှင့်ရွယ်တူခန့်ပင် ရှိဦးမည်။

မှုယာက ထို Far East Hospital ဆေးရုံမှာ ယခင်က သူနာပြုဆရာမလုပ်ဖူးသည်။ လက်ရုံးဆေးရုံတက်နေခိုက် မှုယာက သူမ၏ ဆွေမျိုးတစ်ဦးကို သတင်းလာမေးရာမှ လက်ရုံးနှင့်တွေ့ခဲ့ပုံရသည်။

ချစ်သူဖြစ်မြန်သည်ကိုမူ ကိုယ့်စိတ်တွင် ဘဝင်မကျ။

"မှုယာက ဒီမှာပဲနေတာ။ ကျွန်တော်နဲ့သူ လက်ထပ်ဖို့ အစီအစဉ်ဆွဲနေပြီ"

လက်ရုံးက ပြောသည်။

"မောင်ရင့်အမေကို ပြောပြီးပြီလား"

"မပြောရသေးဘူး"

"မောင်ရင့်အမေက သဘောတူပါ့မလား"

"တူမှာပါ။ မေမေက ကျွန်တော့်ကို အိမ်ထောင်ပြုစေချင်တာပဲဟာ"

"ကွန်ဂရက်ကျူလေးရှင်းပါ သူငယ်ချင်း"

ကိုယ့်စိတ်ထဲမှာမူ လေးလံနေခဲ့သည်အမှန်။ မှုယာ့ကို ဒေါ်ကြည်ကြည်လှက သဘောကျပါ့မလား။ လက်ရုံးနှင့် သဘောတူပါ့မလား။

မကြာမီမှာပင် ဒေါ်ကြည်ကြည်လှက ကိုယ့်ကို ခေါ်တွေ့ခဲ့သည်။

"ကိုစော .. မင်းသူငယ်ချင်းကို ပြောပါဦး"

"ဘာကိုလဲ အန်တီ"

"သူ မိန်းမယူတော့မယ်တဲ့။ မင်းကို မပြောပြဘူးလား"

"ပြောပါတယ်"

"သူ့ကောင်မလေးကို မင်းတွေ့ပြီးပြီလား"

"ဟုတ်ကဲ့"

"မင်း ဘယ်လိုမြင်လဲ"

ကိုယ် အဖြေရခက်သွားသည်။ သူတစ်ပါး၏ အရေးကိစ္စတွင် ကိုယ့်စကားတစ်ခွန်းသည် အနှောင့်အယှက်မဖြစ်စေချင်။

"အန်တီ ဘယ်လိုသဘောရလို့လဲ"

ကိုယ်က အခြေအနေကိုအနည်းငယ်ရှောင်လွှဲကာ မေးခွန်းပြန်ထုတ်သည်။ ဒေါ်ကြည်ကြည်လှ သက်ပြင်းချလိုက်သည်ကို တွေ့ရ၏။

"အန်တီက မိန်းချင်းဆိုတော့ သိတယ်။ မှုယာက မှုမမှန်ဘူး"

ကိုယ့်အမြင်နှင့် မကွာခြားပါ။

"မှုယာက လှတော့လှတယ်။ လှတာကြောင့်လည်း မိန်းကလေးနဲ့ပတ်သက်ရင် အရိုင်းဖြစ်တဲ့ လက်ရုံးဟာ တန်းတန်းစွဲဖြစ်ခဲ့တယ်။ မှုယာ့ကိုကြည့်ရတာ အရိုင်းမဟုတ်ဘူး။ ပြီးတော့ မှုယာ့မျက်လုံးတွေက မရိုးသားဘူးလို့ အန်တီထင်တယ်"

ကိုယ် ဘာမျှမပြောဘဲ ငြိမ်နေမိ၏။ မကန့်ကွက်ခြင်းဟု ယူသော်ရနိုင်ပါ၏။

"အန်တီလေ့လာကြည့်တော့ မှုယာက မိဘမျိုးရိုး သိပ်ပြီးမကောင်းလှဘူး။ ပစ္စည်းမရှိတာကို အန်တီမပြောလိုပါဘူး။ ဂုဏ်သိက္ခာ၊ အကျင့်စာရိတ္တစတာတွေတော့ အရေးကြီးတယ်လို့ အန်တီထင်တယ်။ မှုယာက ဒီမှာ မိသားစုနဲ့အဆင်မပြေဖြစ်ပြီး ထိုင်းကိုထွက်သွားတယ်။ ထိုင်းမှာအလုပ်လုပ် တယ်။ အဲဒီမှာ သားနဲ့တွေ့ခဲ့ရတာ မင်းစဉ်းစားကြည့် ကိုစော။ မှုယာ့ Life မှုယာရဲ့ Character "

ကိုယ် ဝေဖန်ချက်မပေးလို၍ နှု ဆိတ်နေရသည်။

"မင်း သူငယ်ချင်းကတော့ အမေ့ရဲ့သဘောကိုတောင် လက်မခံ တော့တဲ့အဆင့် ဖြစ်နေပြီ။ အန်တီ စဉ်းစားပါဦးဆိုတာကို သူ့ဘက် အလျှော့မပေးတော့ဘူး။ လက်ထ တော့မယ် တကဲကဲပဲ။ မင်း ကြည့်ပြေ ပါဦး။ အိမ်ထောင်မှုဆိုတာ တစ်ဘ အရေးမဟုတ်လား။ မမှားစေချင်ဘူး"

"ကျွန်တော် ပြောကြည့်ပါ့ မယ်"

ကိုယ်က ဒေါ်ကြည်ကြည်လှ မယုတ်မလွန် ကတိပေးခဲ့သည် လက်ရုံးကိုပြောဖို့အရေးမှာ အောင်မြ မှုရမည်မဟုတ်ကြောင်း ကိုယ်သိ သည်လေ။

ကိုယ်သိသည့်အတိုင်းပင် လ ရုံးကို ဆွေးနွေးသောအခါ လက်ရုံး ရယ်သည်။

"ကျွန်တော် ကလေးမဟု တော့ပါဘူးဗျာ။ မှုယာ့ကို အကဲခ တတ်ပါတယ်။ မှုယာက ခေတ်ဆန် မယ့် စိတ်ရင်းက ကောင်းပါတယ် မေမေက မှုယာ့ကို ခေတ်ဆန် သဘောမကျတာပါ။ အတူနေကြည့် မှုယာ့ဘသောကို နားလည်ပြီး သွားမှာပါ"

ကိုယ်ဘာပြောဖို့ လိုပါတော့ နည်း။

လက်ရုံးနှင့်မှုယာ လာ အစီအစဉ်တွေ ပြုနေ ကြားကာလ



www.burmeseclassic.com

www.burmeseclassic.com



...င် လက်ရုံး၏ နှလုံးရောဂါက ဖောက်...ာ၏။ ဆရာဝန်ကြီး ဒေါက်တာဘုန်း...ောင်က

"ဒီတစ်ခါတော့ စွန့်စွန့်စားစားနဲ့...ာ ဆုံးဖြတ်ပေတော့။ နှလုံးအစားထိုး...ကို့သာ စဉ်းစားပေတော့"

ဟု ပြောခဲ့သည်။

"ကျွန်တော် ကြောက်တယ်"

လက်ရုံးက နှလုံးခွဲစိတ်ရမှာကို ကြောက်ကြောက်နှင့် ကိုယ့်ကိုရင်ဖွင့်ပြ၏။

ဒေါ်ကြည်ကြည်လှက ..

"တစ်ဘဝလုံးစာကို ကြည့်ရမှာဖြစ်လို့ မင်းစဉ်းစားသင့်တယ်။ ဆရာဝန်ကြီးရဲ့ အကြံပြုချက်ကို မင်းမပစ်ပယ်သင့်ဘူး"

ဟု သူ့ကို တိုက်တွန်းသည်။ ကိုယ်ကလည်း ..

"မင်းမှာ ဆေးကုသဖို့ ပိုက်ဆံမှ မရှိတာမှ မဟုတ်တာ။ ဆေးပညာတွေကလည်း သိပ်ကို တိုးတက်နေပြီလေ။ မင်းခွဲစိတ်ကုသဖို့ကို မကြောက်စေချင်ဘူး"

ဟု အားပေးခဲ့သည်။

ကိုယ်တို့နှင့်တွေ့စဉ် ကြောက်သည်ဟု ပြောခဲ့သော လက်ရုံးမှာ မူယာနှင့်တွေ့ပြီးသောအခါ အချစ်၏ ခွန်အားကြောင့်ပေပဲလားမသိ။ သတ္တိတွေပြည့်မောက်နီရဲသွားခဲ့လေသည်။

"ကျွန်တော် ခွဲစိတ်ဖို့ ဆုံးဖြတ်လိုက်ပြီ။ ဒါပေမဲ့ ဒီမှာတော့ မခွဲစိတ်ချင်ဘူး။ ထိုင်းမှာခွဲမယ်။ Far East Hospital မှာခွဲမယ်။ သူငယ်ချင်း ကာရာနေ့က အဲဒီမှာ ခွဲစိတ်ဆရာဝန်ကြီးပဲ။ မူယာကလည်း အဲဒီလိုပဲ တိုက်တွန်းတယ်"

ကိုယ် စိုးရိမ်သွားသည်။

"ထိုင်းမှာကျတော့ မိဘဆွေမျိုး သူငယ်ချင်းတွေနဲ့ ဝေးတယ်ကွ"

"မေမေ့ကို ခေါ်သွားမှာပေါ့။ ကိုစောလိုက်မယ်ဆိုရင်လည်း ကျွန်တော် စရိတ်ခံမယ်"

"ဒီမှာရှိတဲ့ ဆရာဝန်ကြီး ဒေါက်တာဘုန်းရောင်က မင်း အမေနဲ့မောင်နှမလို နေတာ။ ဝါရင့်တယ်။ အတွေ့အကြုံများတယ်။ သူနဲ့ပဲ ခွဲပါလားကွာ"

"ဆရာဝန်ကြီး ဒေါက်တာဘုန်းရောင်က အသက်ကြီးပြီဗျ"

"သမားဆို အိုမှဆိုတဲ့စကား ရှိတယ်လေ"

"ဟိုမှာက ခွဲစိတ်ခန်းနဲ့ ကိရိယာတန်ဆာပလာတွေ သိပ်ကောင်းတယ်။ ပြည့်စုံတယ်။ ပြီးတော့ အစားထိုးဖို့ နှလုံးရနိုင်တယ်။ ဒီမှာက မလွယ်ဘူး"

"မင်းသူငယ်ချင်းက ငယ်သေးတော့ ယုံကြည်စိတ်ချရပါ့မလား"

"သူတို့ဆေးရုံမှာတော့ နာမည်ကြီးပဲကွ။ သူ ခွဲစိတ်ကုသပေးတဲ့လူ မနည်းတော့ဘူး။ မူယာက အဲဒီမှာ သူနာပြုလုပ်ခဲ့ဖူးတာဆိုတော့ သိတယ်"

"မင်းအမေက ဘာပြောလဲ"

"မေမေကတော့ ဒီမှာပဲ လုပ်စေချင်တာပေါ့။ မေမေက ဆရာဝန်ကြီး ဒေါက်တာဘုန်းရောင်ကိုပဲ အားကိုးတယ်"

"မင်းအမေနဲ့ငါ သဘောထားချင်းတူတယ် လက်ရုံး"

"ကျွန်တော်နဲ့မူယာလည်း သဘောထားချင်း တူတယ်"

အဆုံးမှာတော့ ..

လက်ရုံးမိခင် ဒေါ်ကြည်ကြည်လှလည်း လက်လျှော့ရသည်။ ကိုယ်လည်း လက်လျှော့ရသည်။ ဤကဲ့သို့ နှလုံးအစားထိုး ခွဲစိတ်ကုသဖို့ဆိုရာမှာ အလွန်ကြီးကျယ်သော ကိစ္စဖြစ်သည့်အတွက် ကာယကံရှင်၏ ဆန္ဒကို ဦးစားပေးရမည် မဟုတ်ပါလား။

ထို့ထက် ...

"မခွဲစိတ်ခင် ကျွန်တော် မူယာနဲ့ လက်ထပ်မယ်"

"ဟာ .. ဘာဖြစ်လို့လဲ၊ ခွဲစိတ်ပြီးမှ လုပ်ပါလား။ ဒါက အသက်လောက် အရေးကြီးတာမှ မဟုတ်တာ"

"အသက်ထက် အရေးကြီးတာပေါ့ ကိုစောရာ၊ ဒါက အချစ်လေ"

(၃)

Far East Hospital မှာ ကျွန်တော်တက်ပြီး တစ်ပတ်အတွင်းမှာပဲ နှလုံးအလှူရှင်နဲ့တွေ့တယ်။ အလှူရှင် သခင်ကိုလည်း ကျွန်တော်တို့က ကျေးဇူးပြုရတာပေါ့ဗျာ။

နှလုံးပေးမယ့်လူ စောင့်နေတုန်းအခုလို အဆင့်ဆင့်ကြုံလာတာကိုပဲ ကံကောင်းတယ်ခေါ်ရမှာပေါ့။

မေမေက ကျွန်တော်နဲ့အတူ လိုက်ပါရုံမကဘူး။ ဆရာဝန်ကြီး ဒေါက်တာဘုန်းရောင်ကိုပါအကူအညီတောင်းပြီး ဘန်ကောက်ကို ခေါ်ထားတာ။ ဆရာဝန်ကြီးက မေမေ့ရဲ့ အစ်ကိုလိုဖြစ်နေရုံမကဘူး။ ဖေဖေနဲ့ပါ ရင်းနှီးခဲ့တဲ့ သူငယ်ချင်းဖြစ်လို့ မေမေ့ဆန္ဒကို လိုက်လျောခဲ့တယ်ပေါ့။ ပိုပြီး ကောင်းသွားတာက ဆရာဝန်ကြီး ဒေါက်တာဘုန်းရောင်နဲ့ Far East Hospital ဆေးရုံအုပ်ကြီးကလည်း မိတ်ဆွေဖြစ်ရုံမကဘူး။ ဒေါက်တာဘုန်းရောင်ကို အလွန်လေးစားယုံကြည်တဲ့သူဖြစ်နေတာ။



www.burmeseclassic.com

www.burmeseclassic.com



Far East Hospital ဆေးရုံမှာတောင် လာပြီးအလုပ်လုပ်ဖို့ ဖိတ်ခေါ်နေသူ ဖြစ်တယ်။

မေမေကတော့ မိခင်မို့ပဲပေါ့ဗျာ။ သိပ်ကို စိုးရိမ်နေရှာတာ။ မှူယာက တော့ ဇနီးမယားပီပီ ကျွန်တော့်ဘေး မှာ အားပေးလို့ပေါ့။ Far East Hospital ဆေးရုံက ဒီမှာလို ဆေးရုံမှာ လူနာ စောင့်လို့မရဘူးဗျ။ သူ့ဆေးရုံမှာ ဝန်ထမ်းအပြည့်ရှိတယ်။ ဒါကြောင့် မေမေရော . . မှူယာပါ အပြင်မှာနေကြ ရတယ်။

ခွဲစိတ်တဲ့နေ့မှာတော့ ကျွန်တော် လည်း အတော့်ကို တုန်လှုပ်နေတာ ပေါ့။ မှူယာက ကျွန်တော့်လက်ကို ဆုပ် ကိုင်ထားတယ်။ ခွဲစိတ်ခန်းမဝင်မီ မေမေက မျက်ရည်တွေနဲ့ ဘုရားကို အာရုံပြုဖို့မှာတယ်။ ဆရာဝန်ကြီးဒေါက် တာဘုန်းရောင်ကလည်း အားပေး တယ်။ အောင်မြင်မယ်လို့ ယုံကြည် ထားပါတဲ့။

ကာရာနေ့က . .

"သူငယ်ချင်း . . ဘာမှမစိုးရိမ် ပါနဲ့။ ငါက မင်းရဲ့သူငယ်ချင်းပါ။ မင်း အတွက် အကောင်းဆုံးလုပ်ပေးမှာပါ။ ငါ အာမခံပါတယ်။ မင်း အောင်မြင် ရစေ့မယ်"

နွေးနွေးထွေးထွေး အားပေးကတိ ပြုတယ်။

ခွဲစိတ်ခန်းထဲ ရောက်ပါပြီ။

ခွဲစိတ်မယ့် ဆရာဝန်ကြီး ကာရာ နေ့၊ မေ့ဆေးဆရာဝန်ကြီး၊ လက် ထောက်ခွဲစိတ်ဆရာဝန်များ၊ သူနာပြု များ စုံညီနေပါပြီ။

သူတို့ ကျွန်တော့်ရင်ဘတ်ကို ခွဲ မယ်။ နှလုံးကို အပြင်ထုတ်မယ်။ အလှူ ရှင်ရဲ့နှလုံးကို အခြားအခန်းကနေ ခွဲ စိတ်ပြီး ယူလာမယ်။ ကျွန်တော့်ရင် ဘတ်ထဲကို ထည့်မယ်။ ဒါ လုပ်ရမယ့် အစီအစဉ်။

အဲဒီမှာ . . .

အစောက ကျွန်တော်ပြောခဲ့သ လို . . .

မေ့ဆေးပေးပြီးတဲ့နောက် . . .

ကျွန်တော် ဘယ်လိုဖြစ်သွား တယ် မသိဘူး။

ကျွန်တော်ဟာ ခွဲစိတ်ခန်းရဲ့ အပေါ်ဘက်တစ်နေရာမှာ ရှိနေပြီး ခွဲ စိတ်ဆရာဝန်ကြီး ကာရာနေ့နဲ့ ဆရာ ဝန်တွေ ကျွန်တော့်ကို ခွဲစိတ်နေတာကို မြင်နေရတယ်ဆိုပါတော့။

(၄)

လက်ရုံး ထိုင်းမှပြန်ရောက်လာ သည်ကို ကိုယ်က လေဆိပ်မှာ သွား ၍ ကြိုသည်။ ခွဲစိတ်မှုအောင်မြင်သည် ဟု သတင်းရရှိသဖြင့် ဂုဏ်ပြုရန်ဖြစ် သည်။

လေဆိပ်မှ လူဝင်မှုကြီးကြပ်ရေး နှင့် အကောက်ခွန်ကောင်တာများကို ဖြတ်၍ထွက်လာသူ လက်ရုံးကို မြင်ရ သဖြင့် ကိုယ်က စောင့်နေသူ လူအုပ် ကြားမှ လက်မြှောက်ပြလိုက်သည်။

သို့သော် . . .

လက်ရုံး၏နောက်တွင် ဆရာဝန် ကြီး ဒေါက်တာဘုန်းရောင်ကိုသာ တွေ့ ရပြီး လက်ရုံး၏မိခင် ဒေါ်ကြည်ကြည် လှကိုရော၊ လက်ရုံး၏ဇနီး မှူယာကိုပါ မတွေ့ရသဖြင့် ကိုယ်နားမလည်ဖြစ် သွားသည်။

မှူယာနှင့် ဒေါ်ကြည်ကြည်လှတို့ ဘန်ကောက်တွင် ခေတ္တနေခဲ့ကြသ လော။

"ကွန်ဂရက်ကျူလေးရှင်း . . . သူငယ်ချင်း"

ကိုယ်က လက်ရုံး၏လက်ကို အားပါးတရ ဆွဲကိုင်လှုပ်ယမ်းက ဂုဏ်ပြုစကားပြောလိုက်သော်လည် လက်ရုံး၏ တုံ့ပြန်သောအပြုံးမှာ အသက်မပါ။ အားပျော့လွန်းလှရုံသာ မက မျက်လုံးများ ရီဝေမှိုင်းညို့လျက် ရှိကြောင်း သတိပြုလိုက်မိသည်။

"ကျေးဇူးပဲ ကိုစော"

သူ့အသံတွေ တုန်ခါနေလေ သည်။

ဆရာဝန်ကြီးက . .

"အေးအေးဆေးဆေး အိမ်ကျမှ စကားပြောကြတာပေါ့"

ဟု လက်ရုံးကို နားလည်စွာ ဝင် ၍ သတိပေးသည်။ နှလုံးခွဲစိတ်အစား ထိုးထားသော လက်ရုံးကို ဆရာဝန် အမြင်ဖြင့် မပင်ပန်းစေချင်သည် သဘောဖြစ်မည်ဟု ကိုယ်က ယူဆမိ၏။

လက်ရုံး၏အိမ်သို့ ကိုယ်လိုက် သွားသည်။

အိမ်တွင် အနားယူပြီးမှ . .

"အန်တီရော . ."

ကိုယ်သိချင်သည်ကို မေးမိ၏။

"ဟိုမှာ ကျန်ခဲ့တယ်"

လက်ရုံးအသံတွေ လှုပ်ခါယိမ်း ထိုးနေ၏။ မျက်လုံးတွေစိုစွတ်အိုပျလာ ပြန်သည်။

"မှူယာရော . ."

"သူလည်း ကျန်ခဲ့တယ်"

"ဘာဖြစ်လို့လဲ၊ မင်းကို စောင့် ရှောက်ဖို့ အတူပြန်လာရမှာကို"

လက်ရုံးပြုံးသည်။

ထိုအပြုံးမှာ နာကျင်မှု ကြေကွဲ



www.burmeseclassic.com

www.burmeseclassic.com



သူ ယုကျုံးမရဖြစ်မှု၊ နောင်တရမှုများ ဝင်နေသည်ကို ကိုယ်တွေ့လိုက်သည်။

"ကျွန်တော်မှားသွားတယ် ကို ဇော"

လက်ရုံးထံမှ ထွက်လာသော ထေမဦးဆုံးသတင်းစကား။

ကိုယ်ကြောင်နေစဉ်မှာပင် ..

"မေမေ့ကို ကျွန်တော်အထင်လွဲခဲ့တာ။ မေမေက မှုယာနဲ့ သဘောမတူတာကို ကျွန်တော်အထင်လွဲခဲ့တာ။ ကျွန်တော်မှားသွားတယ်"

သူ ထပ်ပြောသည်။

"ငါ ဘာမှနားမလည်ဘူး"

"ကိုဇော နားလည်အောင် ကျွန်တော်ပြောပါ့မယ်။ လွှမ်းစရာဇာတ်လမ်းတစ်ပုဒ်၊ ဒါမှမဟုတ် ဂမ္ဘီရဇာတ်လမ်းတစ်ပုဒ်အနေနဲ့ ခင်ဗျားရေးလို့ရမှာသေချာပါတယ်"

သို့ဖြင့် ...

လက်ရုံးထံမှ သူ့ဇာတ်လမ်းကို ကြားခဲ့ရခြင်း ဖြစ်လေသည်။

+++

(၅)

သူတို့ ကျွန်တော့်ရင်ဘတ်ကို ခွဲဖြတ်ပြီး ဆွဲလှန်ပြီးသွားပြီ။ ကျွန်တော့်ရင်ဘတ်ထဲက နှလုံးကိုလည်း ထုတ်ယူပြီးသွားပြီ။

အဲဒီအချိန်မှာ တစ်ဖက်ခွဲစိတ်ခန်းက အလှူရှင်ရဲ့ နှလုံးကိုလည်း ထုတ်ယူပြီး ကျွန်တော်တို့ခွဲစိတ်ခန်းထဲကို ဆရာဝန်တစ်ဦးက ယူလာခဲ့ပြီ။

ကာရာနော့က အလှူရှင်ရဲ့ နှလုံးကို စစ်ဆေးကြည့်ရှုတယ်။

"နှလုံးက လုံးဝအိုကေပဲ ဆရာ"

လက်ထောက်ဆရာဝန်က ဝင်ပြောတာပါ။

ကာရာနော့ တွေနေတယ်။ သူ့မျက်နှာဟာ ဆရာဝန်တွေရဲ့ စေတနာနဲ့ အကြင်နာတရားတွေ ပျောက်ကွယ်သွားတယ်လို့ ကျွန်တော် တွေးကြည့်နေမိတယ်။ လုပ်တော့လေ။ ကျွန်တော့်ရင်ဘတ်ထဲကို အဲဒီနှလုံး ထည့်တော့လေ။ အချိန်သိပ်မရဘူးလေ။ ကျွန်တော့်စိတ်ထဲက တိုက်တွန်းနေမိတယ်။

ဒါပေမဲ့ ကာရာနော့က အဲဒီနှလုံးကို ကျွန်တော့်ရင်ဘတ်ထဲ မထည့်သေးဘဲ ခွဲစိတ်ခန်းအပြင်ကို ထွက်သွားတယ်။

ကျွန်တော်လည်း သူအရေးတကြီး ဘယ်သွားတာလဲဆိုပြီး လိုက်သွားတယ်။

သူ ဝေးဝေးသွားတာမဟုတ်ဘူး။ ခွဲစိတ်ခန်းအဝတွင်ပါ။

အဲဒီမှာ ကျွန်တော့်ဇနီး မှုယာရှိတယ်လေ။

မှုယာနဲ့သူ စကားပြောတာ။ ဘာတွေပြောလဲဆိုတာ သိချင်လို့ ကျွန်တော်အနားကပ်သွားတယ်။ သူတို့ ထိုင်းလိုပြောနေကြတာ။ ကျွန်တော်က ထိုင်းစကားကို ကျွမ်းကျွမ်းကျင်ကျင် တတ်ထားသူဆိုတော့ သူတို့ပြောတာကို အားလုံးနားလည်တယ်။

"ထည့်ရမယ့်နှလုံးက အားလုံးအိုကေပဲ"

ကာရာနော့စကား ...

"အဲဒါ မဖြစ်ဘူးမောင်။ မှုယာတို့ စီစဉ်ထားတဲ့အတိုင်း လုပ်လေ"

မှုယာ ပြန်ပြောတဲ့စကား။

ကျွန်တော် ရုတ်တရက်နားမလည်နိုင်ဖြစ်သွားတယ်။ မှုယာပြောတာ ဘာလဲ။ 'မောင်'လို့ ခေါ်လိုက်တာ ဘာသဘောလဲ။ ပြီးတော့ မှုယာတို့ စီစဉ်ထားတဲ့အတိုင်းဆိုတာကရော ဘာလဲ။

"မောင့်စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်နေတယ် မှုယာ"

"ဟာ .. မောင်ကလည်း ဒီအခြေအနေရောက်အောင် မောင်နဲ့မှုယာ ကြိုးစားလာခဲ့ပြီးမှ မောင်တွေဝေနေလို့ မဖြစ်ဘူးနော်"

ကြည့်စမ်း ..၊ သူတို့ပြောနေတာ ချစ်သူပုံစံတွေနဲ့။ ပြီးတော့ ဒီအခြေအနေရောက်အောင် ကြိုးစားလာခဲ့ပြီးမှဆိုတာက ဘာအဓိပ္ပာယ်လဲ။

"ဒီလူ တစ်ခုခုဖြစ်သွားရင် မောင့် မှာတာဝန်ရှိနေတယ်။ မောင်ပြဿနာ တွေ ရှင်းရမှာပဲ"

"ဒါများမောင်ရယ်၊ မောင်အစားထိုးပေးတဲ့ မူလနှလုံးက မကောင်းလို့လို့ ပြောလိုက်ပေါ့။ ပြီးတာပဲ"

ဟာ .. ကြည့်ပါဦး။ မှုယာပြောနေတဲ့စကားက ကျွန်တော့်ရင်ထဲကို ထည့်မယ့် နှလုံးကို မကောင်းအောင် လုပ်မယ့် သဘောလား။ မှုယာနဲ့ ကာရာနော့ပေါင်းပြီး ကြံစည်တာ ကျွန်တော့်ကို အသေသတ်ဖို့လား။ ကျွန်တော် အရမ်းတုန်လှုပ်သွားတယ်။

"မလုပ်နဲ့ .. အဲဒီလို မလုပ်နဲ့"

ကျွန်တော် ဝင်ပြောမယ်။ ဒါပေမဲ့ ကျွန်တော်ပြောတာကို သူတို့မကြားရဘူး။

"မှုယာက သူနဲ့လက်ထပ်ထားပြီးပြီ။ သူသေရင် သူပိုင်ဆိုင်တာတွေ အားလုံး မှုယာရမှာ။ အဲဒါဆို မောင်နဲ့မှုယာတို့ရည်မှန်းချက်အောင်ပြီပဲ ကဲပါ .. စဉ်းစားမနေပါနဲ့။ ဟိုဆေးကို နှလုံးထဲ ထိုးထည့်လိုက်တော့။ အဲဒါဆိုရင် မကြာခင် နှလုံးက အလုပ်မလုပ်တော့ဘဲ ရပ်သွားမှာ။ ခွဲစိတ်မှုအောင်



www.burmeseclassic.com

www.burmeseclassic.com



မြင်တယ်သာ ကြေညာလိုက်။ နောက်မှ ကြုံလာတဲ့ ပြဿနာကိုရှင်း”

မှုယာက ဆရာကြီးပဲ။ ရက်စက်တဲ့နေရာမှာ ကမ်းကုန်ရုံမကဘူး။ ယုတ်မာတဲ့နေရာမှာလည်း ကမ်းကုန်တာပဲ။ မြွေပေါက်မ။ သူ ကျွန်တော့်ကို အသာပူးကပ်တယ်။ ဆွဲဆောင်တယ်။ ဒါ ရည်ရွယ်ချက်နဲ့ပဲ။ မှုယာနဲ့ ကာရာနော့က နဂိုကတည်းက ဇာတ်လမ်းရှိနေပုံပါပဲ။ ကျွန်တော့်ကို မှုယာက သိမ်းသွင်း။ နှလုံးအစားထိုး။ အစားထိုးမယ့်နှလုံးကို သေအောင်လုပ်။ အဲဒါနဲ့ ကျွန်တော်သေ။ မှုယာက ကျွန်တော့်ပစ္စည်းတွေရ။ ကာရာနော့နဲ့ဇာတ်ပေါင်း။ အယုတ်တမာမ။

မေမေပြောခဲ့တဲ့ စကားတွေ မှန်နေပြီ။

“မှုယာ့မျက်လုံးတွေက မရိုးသားဘူလို့ မေမေခံစားရတယ်။ မျက်လုံးဆိုတာ လိမ်လို့မရဘူး သား။ မျက်လုံးဆိုတာက နှလုံးသားရဲ့ ကြေးမုံပဲ”တဲ့။

မှန်လိုက်တာ ကွက်တိပဲ။

“ကောင်းပြီ ‥ မှုယာ။ မောင်တို့ စီစဉ်ထားတဲ့အတိုင်း လုပ်မယ်” ကာရာနော့က ခွဲစိတ်ခန်းထဲ ပြန်ဝင်တယ်။ မှုယာက အပြုံးနဲ့ ရပ်ကျန်တယ်။ ကျွန်တော် ဒေါ်ပွပွနဲ့ မှုယာ့ကို လှမ်းပြီးရိုက်ပေမယ့် မရဘူး။ မထိဘူး။ လက်က လေထဲမှပဲ ဝဲသွားတယ်။

အဲဒီအချိန်မှာ ကျွန်တော် မေမေ့ကို သတိရတယ်။ မေမေ့ဆီ ပြေးသွားပြီး အဖြစ်တွေကို ပြောပြလိုက်ချင်တယ်။ ကျွန်တော်မှားသွားပြီ ‥‥။ ကျွန်တော့်အမှားတွေက ပြင်မရတော့တဲ့ အမှား။ ကျွန်တော့်ဘာသာ သေမင်းဆီမှာ အစတေးခံဖို့ ဆုံးဖြတ်ခဲ့တာ။ အပ်ခဲ့တာ။

ဒါပေမဲ့ မှုယာနဲ့ ကာရာနော့ စကားပြောနေတာကို စကြံထောင့်တစ်နေရာ ပန်းအိုးကြီးဘေးနားက မေမေ မြင်သွားတယ်။ စကားတွေကိုနားမလည်ပေမယ့် မရိုးသားဘူးဆိုတာ မေမေသိသွားပုံရတယ်။ ကျွန်တော်က မေမေ့ဆီ ပြေးသွားပြီး ‥‥

“မေမေ ‥ သားကို ကယ်ပါဦး”

ပြောပေမယ့် မေမေက မကြားဘူး။

မေမေဟာရပ်နေရာက ချက်ချင်း လှည့်ထွက်သွားတယ်။

မေမေ တစ်ခုခုဆုံးဖြတ်လိုက်ပုံပါပဲ။

မေမေ ဘာလုပ်မှာလဲလို့ ကျွန်တော် နောက်က ပြေးလိုက်သွားတယ်။

မေမေဟာ ဆေးရုံအပြင်ကို ပြေးထွက်သွားပြီး တစ်နေရာမှာရပ်လို့ ဆရာဝန်ကြီး ဒေါက်တာဘုန်းရောင်ဆီကို ဖုန်းဆက်တယ်။

“ဆရာကြီး ‥ ကယ်ပါဦး”

မေမေ့အသံတွေ တုန်ခါနေတာ လုံးဝထိန်းချုပ်လို့မရတော့တာပဲ။ မေမေ့မျက်ရည်တွေက ပါးပြင်ပေါ်မှာ။ သားအပေါ်ထားတဲ့ မေမေ့မေတ္တာအတိုင်း အဆကို ကျွန်တော် ပိုင်းခြားနားလည်သွားတယ်။

ဆရာကြီးဘာပြန်ပြောလဲ မကြားရဘူး။

“သူတို့ ကျွန်မသားလေးကို အသက်မရှင်နိုင်အောင် တစ်ခုခုကြံစည်နေတာ ထင်ရှားတယ်။ ဆရာကြီး အမြန်ကယ်ပေးပါ။ သားလေးကို ခွဲစိတ်တဲ့ ဆရာဝန်နဲ့မှုယာတို့ မရိုးမသားလုပ်နေကြတာ ထင်ရှားပါတယ်။ ဖြစ်နိုင်ရင် သားလေးကို ဆရာဝန်ကြီးကပဲ တာဝန်ယူပြီး နှလုံးအစားထိုးပေးပါ။ ကျွန်မ ‥ ကျွန်မရဲ့ နှလုံးကို သားလေးရင်ဘတ်ထဲကို ထည့်ပေးပါ”

မေမေ့ရဲ့ စကားသံ ‥

မေမေ့ရဲ့ တောင်းပန်သံ

ကျွန်တော် လဲပြိုသွားမတတ်ပါပဲ မေမေ။ ဒီမျှတောင် သားကို ချစ်တာတဲ့လား။

အလွှန်ကို တိုတောင်းပြီး အရေးကြီးလှတဲ့အချိန်မှာ မေမေ စဉ်းစားဆုံးဖြတ်လိုက်တာက သားအတွက်။ ကျွန်တော့်အတွက်။

ဟို မိန်းမယုတ်ကတော့ ကျွန်တော့်ကိုသတ်ပြီး ကျွန်တော့်ဥစ္စာပစ္စည်းတွေကိုယူမှာ။

မေမေဟာ ပကတိ ပြတ်သားစွာ ဆုံးဖြတ်ပြီးပါပြီ။

ဖုန်းကို ပိတ်ပြီးတာနဲ့ ‥‥

မေမေဟာ သူမရဲ့အိတ်ထဲက သူမ သောက်နေကျဖြစ်တဲ့ အိပ်မပျော်ရင် သုံးစွဲရလေ့ရှိတဲ့ အိပ်ဆေးပုလင်းကို ထုတ်ယူလိုက်တယ်။

ကျွန်တော် သိလိုက်ပြီ။

မေမေ သူ့ဘဝကို အဆုံးသတ်တော့မယ်။

ကျွန်တော် လက်မခံနိုင်ပါဘူး။

ကျွန်တော်ဟာ မေမေ့ဆီပြေးသွားပြီး မေမေ့လက်ထဲက ဆေးပုလင်းကို လုယူလိုက်တယ်။ ဒါပေမဲ့ မရဘူး။ ကျွန်တော် ဘယ်လိုလုပ်လုပ်မရဘူး။

“မေမေ ‥ မလုပ်ပါနဲ့၊ အဲဒီလို မလုပ်ပါနဲ့”

ကျွန်တော် ငိုယိုပြီး အော်ဟစ်ပေမယ့် မေမေ မကြားရဘူး။



www.burmeseclassic.com

www.burmeseclassic.com



မမေ့လက်ထဲကို ဆေးပြားတွေ ရောက်လာပြီ။

ကျွန်တော် ဆေးပြားတွေကို ပုတ်ချို့ ကြိုးစားတယ်။ အရာမရောက်ပါဘူး။ ငိုရှုံ့ အော်ဟစ်ရုံကလွဲပြီး ကျွန်တော် ဘာမှုမတတ်နိုင်ခဲ့ပါဘူး။

သားအတွက် အသက်စွန့်သွားတဲ့ မေမေ့ကို ဒီအတိုင်း ကြေကွဲဆို့နင့်စွာ ကြည့်နေရုံကလွဲပြီး ဘာမှုမတတ်နိုင်ခဲ့ပါဘူး။

ရင်နာစရာကောင်းလိုက်တာ။

(၆)

အဖြစ်အပျက်ကို နားထောင်နေသော ကိုယ်သည်ပင် မျက်ရည်တွေကျနေပါလား။ ကိုယ့်ရင်တွေ မွန်းကျပ်ဆို့နစ် ကြေကွဲနေပါကလား။

လက်ရုံးကတော့ ကလေးတစ်ယောက်လို ငိုကြွေးနေပါပြီ။

"နောက်ဆုံး ဘယ်လိုဖြစ်သွားလဲ"

ကိုယ်က ဇာတ်လမ်းအဆုံးသတ်ကို မေးလိုက်သည်။

"မေမေ ဆုံးသွားတယ်ပေါ့ ကိုစောရာ။ ဆရာဝန်ကြီး ဒေါက်တာဘုန်းရောင် ရောက်လာတယ်။ ဆရာဝန်ကြီး ဒေါက်တာ ဘုန်းရောင်က Far East Hospital ဆေးရုံက ဆေးရုံအုပ်ကြီးနဲ့ မိတ်ဆွေမို့ အကျိုးအကြောင်းပြောပြပြီး ဆေးရုံပြောပြပြီး ဆေးရုံအုပ်ကြီးနဲ့အတူ ခွဲစိတ်ခန်းကို ရောက်လာတယ်။ အဲဒီအချိန်မှာ ကာရာနေ့က ကျွန်တော့်အတွက် ပေးလှူထားတဲ့ နှလုံးထဲကို ဆေးထိုးထည့်ပြီး အချိန်အနည်းငယ်အတွင်းမှာ နှလုံးကိုသေအောင် လုပ်ခဲ့ပြီးပြီ။ အဲဒီနှလုံးကို ကျွန်တော့်ခန္ဓာကိုယ်ထဲထည့်ဖို့ လုပ်နေပြီ။ ဒါကို ဆေးရုံအုပ်ကြီး စစ်ဆေးတွေ့ရှိသွားတယ်။ ဒါကြောင့် ချက်ချင်းပဲ ရဲကို အကြောင်းကြားပြီး ကာရာနေ့ရယ်၊ သူ့အပေါင်းပါအချို့ရယ်၊ မူယာရယ်ကို ဖမ်းလိုက်ကြတယ်"

မျက်ရည်များဖြင့် လက်ရုံးက ဆက်၍ ပြောပြနေသည်။ ပြောရင်းက ရှိုက်နေပြန်သည်။

ကိုယ်ကမူ ဆက်ပြောပါဟု တိုက်တွန်းရမှာပင် အားနာသွား၍ ငြိမ်ကာ နေလိုက်၏။

"အဆုံးကတော့ဗျာ .. ဆရာဝန်ကြီး ဒေါက်တာဘုန်းရောင်ကပဲ ဆေးရုံအုပ်ကြီးရဲ့ ခွင့်ပြုချက်၊ မေမေ့ရဲ့ ဆန္ဒအရ မေမေ့ရင်ဘတ်ထဲက နှလုံးကို ထုတ်ယူပြီး ကျွန်တော့်ရင်ဘတ်ထဲကို ထည့်ပေးလိုက်တယ်ပေါ့။ ကျွန်တော့် အသက်ဟာ မေမေပေးခဲ့တဲ့ အသက်ပေါ့။ မေမေ့နှလုံးနဲ့ ကျွန်တော်အသက်ရှင်နေခဲ့တာပါဗျာ"

ပြီးပြည့်စုံသွားပါပြီ။

ဇာတ်လမ်းက နိဂုံးချုပ်ဇာတ်သိမ်းသွားခဲ့ပါပြီ။

မိဘ၏ မေတ္တာတရားကို အပီအပြင် ပိုမိုသဘောပေါက်ခံစားလိုက်ရသလို မူရာမာယာများခဲ့သော မူယာ့အကြောင်းကိုလည်း သိလိုက်ရပါပြီ။ လောကတွင် လေးစားကြည်ညိုဖွယ်ကောင်းသောအရာနှင့် စက်ဆုပ်ရွံရှာဖွယ်ကောင်းသောအရာ၊ တစ်နည်းအားဖြင့် ကောင်းမှုနှင့်မကောင်းမှုကိုလည်း ခွဲခြားနားလည်လိုက်ရပါပြီ။

သို့သော် ...

ကိုယ့်ရင်မှာ ဒွိဟဖြစ်နေသော အရာတစ်ခု ရှိနေပါ၏။

လက်ရုံးပြောပြခဲ့သော ဇာတ်လမ်းတွင် လက်ရုံးပါဝင်ခဲ့ရသော ဆေးရုံခွဲစိတ်ခန်းထဲမှ အဖြစ်အပျက်များ၊ ကာရာနေ့နှင့် မူယာစကားပြောဆို၊ မိခင်နှင့် လက်ရုံးတွေ့ခန်းတို့မှာ သဘာဝလွန်အဖြစ်အပျက်များဖြစ်နေပါ၏။ ဆန်းကြယ်နေပါ၏။

ယင်းသည် ...

လက်ရုံး အမှန်တကယ် တွေ့ကြုံခဲ့ခြင်းလား။

အဖြစ်အပျက်အပေါ် ခန့်မှန်းပြောပြခြင်းလား။

သို့မဟုတ် ..

ခံစားချက်တို့မှာ ထိခိုက်ကြေကွဲစရာ ကောင်းလွန်းခြင်းကြောင့် လက်ရုံး၏စိတ်များ ကစဥ့်ကလျားဖြစ်ကာ ထင်ရာမြင်ရာ ပြောခဲ့ခြင်းလား။

အတိအကျသိချင်စိတ် ပြင်းပျနေမိသော်လည်း မေးရမှာခက်ခဲ၍ ကိုယ်နှုတ်ဆိတ်မြဲအ နေလိုက်ရသည်။

စာဖတ်သူ ...

သင်သည်ကော .. လက်ခံနိုင်၊ လက်မခံနိုင် မည်သို့ဆုံးဖြတ်မည်နည်း။

သင် လက်ခံနိုင်သည် .. လက်မခံနိုင်သည်ဖြစ်စေ ..

လက်ရုံးသည် သူ့မိခင်၏နှလုံးဖြင့် အသက်ဆက်ရှင်နေသည်မှာမူ ငြင်းကွယ်၍မရသော အမှန်တရားဖြစ်သည်ကတော့ အသေအချာပင် ဖြစ်ပါတော့သည်။

နေမိုးဘော်



www.burmeseclassic.com

www.burmeseclassic.com





# ရွှေနှင့်ယိုးမှား



www.burmeseclassic.com

www.burmeseclassic.com



သာယာသည့်နေ့တစ်နေ့ဖြစ်သည်။ လိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်ပြီး တာဝန်မှူးတာဝန်ကို စတင်လက်ခံဆောင်ရွက်သည်။ တာဝန်မှူးအဟောင်းက ၎င်း၏ စာရွက်စာတမ်းများ သိမ်းဆည်းရင်း ယမန်နေ့က အဖြစ်အပျက်များကို ပြောပြနေသည်။

"ကိုယ်တို့ကို အရှုံးကတောင် အားကိုးရမှန်းသိတယ် မောင်ရေ့"

"လုပ်စမ်းပါဦး ဇာတ်ဆရာရဲ့"

"တယ်လီဖုန်းမြည်လို့ ကောက်ကိုင်တာ ကိုယ့်လူရေ့"

"ဟုတ်ပြီ .. ဘာတဲ့လဲ"

"အမျိုးသမီးတစ်ယောက်အသံနဲ့ ကျွန်မကို ဝိုင်းသတ်နေလို့ ဒီကို အမြန်လာပါ ကယ်ပါ" ဆိုပြီး ပြောတယ်။ ကိုယ်လည်း အထိတ်တလန့်ဖြစ်သွားတာပေါ့။

"အခုထွက်လာမယ် ဘယ်ကို လာရမှာလဲ" လို့ အလောသုံးဆယ်မေးတော့-

"ကျွန်မဆီကိုပေါ့" တဲ့။

ကျွန်မက ဘယ်မှာလဲဆိုတော့-

"ဒီမှာလေ" တဲ့။

"ဒီမှာဆိုတာ လိပ်စာပြောမှ လာလို့ရမှာပေါ့" ဆိုတော့ ..

"ကျွန်မဆီကိုပေါ့" တဲ့။

သည်မှာတင် ယောကျ်ားတစ်ယောက်အသံ ထပ်ပေါ်လာပြီး ..

"ပီစီအိုပါ .. စိတ်မရှိပါနဲ့၊ စိတ်ဝေဒနာရှင်ပါ။ ကျွန်တော်လည်း အကောင်းမှတ်လို့ ပေးဆက်မိလိုက်တာ" လို့ ဝင်ပြောမှ သဘောပေါက်သွားတယ်။ ပီစီအို (အများသုံးတယ်လီဖုန်း) ထိုင်သူနှင့် ထိုအမျိုးသမီးတို့ ဖုန်းလုနေတာတောင် ကြားလိုက်ရသေး"

တာဝန်မှူးအသစ်နှင့် ကင်းအဖွဲ့အသစ်တို့ ရယ်မောကြလေသည်။ တာဝန်မှူးအဟောင်းက ခပ်လှမ်းလှမ်းရောက်မှ ...

"ကိုယ့်လူရေ ကြည့်လုပ် .. အဲသည့်အချိန်ကစပြီး မျက်တောင်ဖျားပေါ်မှ အိပ်စက်ခြင်းများ ယူငင်သွားရက်သူရေ ဖြစ်တော့တာပဲ"

ကျွန်တော်တို့တစ်ဖွဲ့လုံး သဘောကျရယ်မောကြသည်။ ဒါကြောင့် ထိုတာဝန်မှူးကို 'ဇာတ်ဆရာ' ဟု နာမည်ပြောင် ခေါ်ကြခြင်းဖြစ်သည်။ မည်မျှပင်ပန်းနေစေကာမူ အရွှမ်းဖောက်ကာပျော်အောင် ဖန်တီးနေထိုင်တတ်၍ အားလုံးက သူ့ကိုခင်မင်ကြသည်။ သူနှင့်အလုပ်တွဲလုပ်ရမည်ဆိုလျှင် မည်သူမျှမငြင်းကြ။ ပုံတိုပတ်စလည်း အပြောကောင်းသူဖြစ်သည်။ တာဝန်မှူးတစ်ဦး၏ တစ်နေ့တာ လုပ်ငန်းဆောင်တာ

ပြစ်မှုကျူးလွန်ချိန်နှင့်
စတင်ဆောင်ရွက်ချိန်
ကွာဟမှုက
ပြစ်မှုကျူးလွန်သူကို
အခွင့်အရေးရစေသည်။
ကွာဟမှုများလေ
ပြစ်မှုကျူးလွန်သူအတွက်
အခွင့်အရေးကောင်းများ
ရလေဖြစ်သည်။
မိမိတို့အတွက်မူ
ဆန့်ကျင်ဖက်ရလဒ်
ဖြစ်သည်• • •



www.burmeseclassic.com

www.burmeseclassic.com


မှာ လွန်စွာများပြားရှုပ်ထွေးလေသည်။ GREETING SKILLS ပဋိသန္ဓာရစကား အပြောကောင်းရသည်။ POLITENESS ယဉ်ကျေးသိမ်မွေ့မှုရှိဖို့လည်း လိုအပ်ပေသည်။ UNDERSTANDING KILLS နားလည်မှုရှိဖို့ နားလည်မှုပေးနိုင်ဖို့လည်း အထူးကြိုးစားလေ့ကျင့်ထားရသည်။ သူတစ်ပါး၏ စိတ်ခံစားမှုကို နားလည်ပေးနိုင်ဖို့ လိုသည်။ ထိုသဘောထားရပ်တည်ချက် ATTITUDE များကို POLICE ACADEMY နှင့် CID မှ DETECITIVE TRAINING SCHOOL တို့မှ ပို့ချခဲ့သည်။

ပဋိသန္ဓာရစကားနှင့်ပတ်သက်၍ ဖြစ်စဉ်လေးတစ်ခုကို သတိရမိသည်။ အစ်ကိုကြီးတစ်ယောက်လို လေးစားခင်မင်ရသူနှင့် တွေ့စဉ်က ဖြစ်သည်။

"အစ်ကိုကြီး မတွေ့တာကြာပြီနော်၊ ပိုတောင်ခန့်လာတယ်။ ကျန်းမာရေးကလည်း ဒေါင်ဒေါင်မြည်နေပုံပဲ"

လက်ဆွဲနှုတ်ဆက်ပြီး အလာပသလာပ ပြောဖြစ်ကြသည်။ ၎င်း၏ အချိန်ကို လေးစားသောအားဖြင့် စကားဖြတ်လိုက်ပြီး ...

"အစ်ကိုကြီး အကူအညီလိုရင် ပြောနော်"

နှုတ်ဆက်ကာထွက်မည်အပြု ထို အစ်ကိုကြီးက ကျွန်တော့်လက်ကို ဖမ်းဆွဲလိုက်ပြီး ...

"မင်းနဲ့တွေ့ရင် မင်းရဲ့ Attitude တွေကြားရတာ ကြည်နူးပေမယ့် အကူအညီလိုရင်ပြောနော်လို့ ပြောပြောသွားတာကိုတော့ ကသိကအောက်ဖြစ်မိတယ်"

"ဟောဗျာ ... ဘာလို့လည်း အစ်ကိုကြီးခင်ဗျ"

"ဘာဖြစ်ရမှာလဲကွ။ အကူအညီလိုရင်ပြောဆိုတော့ ငါကပဲ အမှုဖြစ်ပေးရမလို ဖြစ်နေပြီ"

ဟု ပြောပြီး ရယ်လေသည်။

"ဟာ .. အစ်ကိုကြီးက တယ်နောက်တာပဲ"

"ဒါကြောင့် ဆရာဝန်တို့၊ ရဲတို့ကို နှုတ်မဆက်ချင်တာ"

နှစ်ဦးသား ပေါ့ပါးစွာ ရယ်မောကြရတော့သည်။

တစ်ခါကလည်း နှစ်အတန်ကြာက ရင်းနှီးခဲ့သူတစ်ဦးနှင့် အမှတ်မထင်ဆုံဖြစ်စဉ်က ဖြစ်သည်။ အားရဝမ်းသာ နှုတ်ဆက်စကားဆိုလာသည်။

"ကျုပ်ကို မမှတ်မိလောက်ဖူးထင်နေတာ၊ ကျုပ် နာမည်ကိုပါ မမေ့တော့ ကျုပ် ဘယ်လိုဝမ်းသာမှန်းတောင် မသိတော့ဘူး"

"ဒါလေးများ .. ကျုပ်က လူတစ်ယောက်ကို တရားခံပုံသဏ္ဌာန်ယူသလို မှတ်တာဆိုတော့ ဘယ်မေ့ပါ့မလဲ"

ထိုလူက တရားခံပုံသဏ္ဌာန်ယူသလို မှတ်တာဟုဆို၍ မဲ့သွားသည်။ ကျွန်တော့်လက်မောင်းကို ဖျစ်ညှစ်လိုက်ရင်း ကျွန်တော့်ကို မမေ့ကြောင်း သက်သေပြသည့်အနေဖြင့် ကျွန်တော့်လေသံ ကျွန်တော်ပြောနေကျစကားနှင့် ပြန်ပြောလိုက်၍ ရယ်ရသေးသည်။

"ဒီလူ တယ်နောက်တာပဲ"

အတွေးတစ်စ၊ နှစ်စကို ကင်းမှူး၏အသံက ဖြတ်တောက်လိုက်သည်။

"ဗိုလ်လေး မင်္ဂလာပါ၊ ချစ်သူအကြောင်း တွေးနေတယ်ထင်တယ်၊ ပြုံးနေတာပဲ"

"ရှူး .. အသာနေ .. တယ်[illegible] ဖုန်း ကြားသွားဦးမယ်။ ရတောင့်ရ[illegible] အချိန်လေး"

စကားသံပင်မဆုံးလိုက်။ တာဝ[illegible] မှူးစားပွဲရှိ တယ်လီဖုန်းက မြည်သည်[illegible]

"ကိုင်း ကြားသွားပြီ"

ပြောပြောဆိုဆို ဖုန်းကောက်ကိုင်[illegible] လိုက်သည်။ မှတ်စုတွင် လိုအပ်သည်[illegible] များ မေးမြန်းမှတ်သားပြီး ...

"ဟုတ်ကဲ့ .. အခုထွက်ခဲ့ပါ့မယ်"

"ဗိုလ်လေး ဘာဖြစ်တာတဲ့လဲ"

"အပေါင်ဆိုင်က ဆက်တာ၊ ရွှေ[illegible] အတုလာပေါင်လို့"တဲ့။

ကင်းမှူးကိုဖြေရင်း လိုအပ်သည်[illegible] များကို အလျင်အမြန် ထည့်သိုနေ[illegible] သည်။

"လာပေါင်တဲ့လူကို ဖမ်းထား[illegible] လား"

"အခုပဲ ငွေချေပြီးလို့ လာပေါင်တဲ့လူက ဆိုင်ကနေ ထွက်သွားပြီလို့ ပြောတယ်"

"မှတ်ကျောက် မတိုက်ဘူးလား"

"ခင်ဗျားမေးသလို ကျွန်တော်လည်း မေးပါတယ်။ ရွှေရည်တူတော့ ချက်ချင်း မသိဘူးပေါ့ဗျာ။ နောက်မှ မသင်္ကာလို့ မှတ်ကျောက်ထပ်တိုက်မှ အတုကြီးမှန်းသိတာ။ ကဲ ဘာသိချင်သေးလဲ"

"အခု တရားခံက ဘယ်ရောက်နေလဲ"

အလျင်အမြန် လုပ်နေရသည့်အထဲ ကင်းမှူးက အမျှင်မပြတ်နိုင်ဖြ[illegible] နေ၍ ..


www.burmeseclassic.com

www.burmeseclassic.com



"တရားခံလား ... ခင်ဗျားကြီးဒေါ်အိမ်ရောက်နေပြီ။ ရှင်းပြီလား .. နောက်ပိုင်းစိတ်ချမယ်။ တိုက်ချက်ဖွင့်ဖို့ GD မှာ ရေးထားတယ်"

ခပ်သွက်သွက် မှာခဲ့ပြီး လိုအပ်သည့် တင်ပြ/အမိန့်နာခံမှုများ ဆောင်ရွက်ကာ အခင်းဖြစ်အရပ်သို့ G.L 125 ဆိုင်ကယ်နှင့် ထွက်လာခဲ့သည်။

"တစ်ခါ ဆက်ဆံ၊ ဆယ်ဂါလံ" ထွက်ပြီ။

ကင်းမှူးက ကျွန်တော့်ကို လှမ်းပြီး နောက်ဖြစ်အောင် နောက်လိုက်သေးသည်။ ကျွန်တော့်ဆိုင်ကယ်က ဆီစားများနေသဖြင့် နေရာတကာမစီးဝံ့။ မဆက်ဆံဝံ့။ ဒါကြောင့် ကျွန်တော့်ဆိုင်ကယ်ကို တစ်ခါဆက်ဆံ ဆယ်ဂါလံဟု နောက်ကြခြင်းဖြစ်သည်။



(၂)

"ဆရာ .. ကြွပါ၊ ဆရာထွက်လာပြီဆိုတာ သိတယ်"

အပေါင်ဆိုင်ရှေ့အရောက် ဆိုင်ကယ်သော့ ပိတ်လိုက်သည်နှင့် ဆိုင်ရှင်၏ ကြိုဆိုမှုကို ကြားရသည်။ ဆိုင်ကယ်စက်သံဆူညံလွန်းသဖြင့် နောက်ပြောင်လိုက်ဟန်တူသည်။ အနေကြာသည်နှင့်အမျှ ဒေသခံများနှင့်ရင်းနှီးကာ ပြောမနာဆိုမနာတွေ ဖြစ်ကုန်သည်။ ကျွန်တော်က ...

"တယ်နောက်တာပဲ၊ ဘာနဲ့လာပေါင်တာလဲ၊ ဘောက်ချာပါလား"

"ပါတာပေ့ါ ဆရာရယ်၊ ဘောက်ချာက အပျံစားဗျ။ ဒီမယ်"

ရွှေဘောက်ချာနှင့် ရွှေထည်ကို ကြည့်ရှုလိုက်သည်။ စက္ကူက ကြွေရည်သုပ်ထားသည်။ ကာလာစုံပါသည်။ ဆိုင်အမည်၊ လိပ်စာ၊ ဖုန်းနံပါတ်များဖြင့် ပြည့်စုံစွာတွေ့ရသည်။ ရွှေအလေးချိန်၊ အရည်အသွေး၊ အလျော့တွက်၊ လက်ခတို့ကို ကွန်ပျူတာဖြင့် တွက်ချက်ထားသည်ကို တွေ့ရသည်။

"အစ်ကို မမှားပါဘူး"

"ဘာလို့လည်းဗျ"

"ကျွန်တော်ဆိုလည်း ရွှေကိုမှတ်ကျောက်မတိုက်ဘဲတောင် အပေါင်ခံလိုက်မှာ"

"အဲဒီမှာ စတာပဲ"

ဆိုင်ရှင်က ဖနီးဖြစ်သူဘက်လှည့်ကြည့်ပြီး မကျေမနပ်ပြောလိုက်သဖြင့်–

"ဪ .. အစ်မလက်ခံလိုက်တာထင်တယ်"

"ဟုတ်တယ် ဆရာ ..၊ မှတ်ကျောက်မှာတစ်ကြောင်းဆွဲကြည့်တယ်။ အလေးချိန်ကလည်း ကွက်တိဆိုတော့ ငွေချေလိုက်တာ။ သူတို့နှစ်ယောက်ဆိုင်ထဲက ချက်ချင်းထွက်သွားကြတယ်။ ဒါပေမဲ့ ဟန်းချိန်းက အနံ့တစ်မျိုးရလို့ မသင်္ကာတာနဲ့ မှတ်ကျောက်ထပ်တိုက်မှ အတုမှန်းသိတာ။ အပေါ်ယံရွှေက တော်တော်ထူတယ်။ သွားပါပြီ"

လိုအပ်သည်များကို သိမ်းဆည်းရင်း ..

"ဟုတ်ပါပြီ၊ ဒီလူနှစ်ယောက်နောက်ကိုလိုက်မယ်။ ပုံသဏ္ဌာန်မှတ်မိသလောက် ပြောပါဦး"

"ကျွန်မ ကောင်းကောင်းမှတ်မိတယ်။ ကပ္ပတိန်တိုက်ဂါးနဲ့ ဦးကာပ်ဖေ"

ကျွန်တော်နဲ့ ဆိုင်ရှင်တို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်

www.burmeseclassic.com

www.burmeseclassic.com





သည်။ ဆိုင်ရှင်က ပခုံးတွန့်လိုက်ပြီး သူ့ဖနီးအား ...

"မင်း ရှုံးသွားတာတော့ မဟုတ်လောက်ပါဘူးနော်"

"အဲဒီကာတွန်း ဖတ်ဖူးကြမှာပါ။ ဦးကပ်စေးက သူဌေးကြီး၊ ထိပ်ပြောင်ပြောင်၊ ပုပုဝဝ၊ ကပ္ပတိန်တိုက်ဂါးကတော့ ရှည်ရှည်ကိုင်းကိုင်း၊ မျက်နှာစုတ်ချွန်းချွန်းနဲ့"

ခင်ပွန်းဖြစ်သူ ဆိုင်ရှင်က စိတ်မရှည်တော့ ...

"မင်းဘာတွေလာပြောနေတာလဲ"

ကျွန်တော်က ဆိုင်ရှင်အစ်ကိုကြီးကို လက်ကာပြလိုက်သည်။

"ရွှေတုလာပေါင်တဲ့လူနှစ်ယောက်ရဲ့ ပုံသဏ္ဌာန်ကို ပြောပြနေတာဗျ။ ဟုတ်တယ်မဟုတ်လား။ အလွန်ဆုံးမိနစ် ၂၀ ကြာသွားပြီ။ ရွှေကို လှမ်းသတင်းပို့ပြီး တတ်နိုင်သလောက် စစ်ဆေးထိန်းထားပေးဖို့ ရှင်းပြပြီး အကူအညီတောင်းမယ်။ ကျွန်တော်တို့က နောက်ကလိုက်မယ်။ ပုံသဏ္ဌာန်မှတ်မိတဲ့ အစ်မကြီးလိုက်ခဲ့"

ပြစ်မှုကျူးလွန်သူသည် ရွှေဘောက်ချာလိပ်စာပါမြို့မှဖြစ်မည်။ သို့မဟုတ် နီးစပ်ရာဒေသမှဖြစ်မည်။ အဖြစ်နိုင်ဆုံးလမ်းကြောင်းတစ်ခုကို စွန့်စားရွေးချယ်လိုက်ခြင်းဖြစ်သည်။ သဲလွန်စတစ်ခုရနိုင်မည်။ နောက်ဆုံးတွင် ရွှေဘောက်ချာထွက်သည့် ရွှေဆိုင်ကိုတော့ ရောက်မည်။ လိုအပ်သည့် အထောက်အထားများ သိမ်းဆည်းသည်။ ဆောင်ရွက်မည့် အစီအမံကို တင်ပြ အမိန့်နာခံပြီး စတင်ခရီးထွက်ခဲ့သည်။

အမှုစစ်တစ်ဦးတွင် INTEREST လုပ်ငန်း၌ စိတ်ဝင်စားခြင်း၊ INDUSTRIOUS လုံ့လဝီရိယရှိခြင်း၊ EXPERIENCE အတွေ့အကြုံများခြင်း၊ TACT လိုလျှင်ကြံဆ နည်းလမ်းရ ဆိုသကဲ့သို့ ကိစ္စအဝဝကို အဆင်ပြေအောင် နေရာတကျ ပြောဆိုစီမံတတ်ခြင်း၊ KNOWLEDGE OF SEEKING ASSITANCE FROM PROPER PERSON ဘယ်ကိစ္စ၊ ဘယ်သူ့ဆီမှာ အကူအညီရနိုင်ကြောင်း ကြိုတင်သိရှိထားခြင်း၊ KNOWLEDGE OF LAW AND PROCEDURE ဥပဒေလုပ်ထုံးလုပ်နည်းများကို တတ်သိနားလည်ခြင်း စသည့် အမှုစစ်တစ်ဦးတွင်ရှိရမည့် အရည်အချင်းများ ယေဘုယျအချက်များဖြစ်သည်။ D.T.S (DETECTIVE TRAINING SCHOOL) က ပို့ချခြင်းဖြစ်သည်။ ဒါကြောင့်လည်း C.I.D က နာမည်ကြီးခြင်းဖြစ်သည်။ ဒုစရိုက်မှုတွင် လျှောက်လှမ်းကြသူချင်း မတူကြ။

ရွှေတုသည်လည်း လမ်းကြောင်းတစ်ကြောင်း၊ လိုင်းတစ်ခုဖြစ်သည်။ လူတစ်ယောက်သည် အလုပ်တစ်ခုလုပ်ရာ၌ ယခင်လုပ်ကိုင်ခဲ့ဖူးသည့်အတိုင်း ပင် လုပ်လေ့ရှိသည်။ A MAN TENDS TO REPEAT AT THE SAME ACT ပြစ်ချက်ဟောင်းစာရင်းပြန်လှန်ရမည်။

ခရီးစဉ်တစ်လျှောက် MOTHER UNIT နှင့် အခြားအကူအညီရနိုင်သည့် ရဲစခန်းအသီးသီးသို့ သတင်းအချက်အလက်များပေးပို့ခြင်း၊ စုဆောင်းခြင်းများကို ဆောင်ရွက်သည်။ သတင်းစုဆောင်းတတ်ခြင်းသည် ၉၅% သော အမှုများကို ပေါ်ပေါက်စေသည်။ MOTHER UNIT ကလည်း ညွှန်ကြားချက်များပေးသည်။ ပိတ်ဆို့စစ်ဆေးရေးအောင်မြင်လျှင် လမ်းကြောင်းတိုနိုင်သည်။ မှန်ကန်စွာဆုံးဖြတ်ခြင်း JUDGEMENT ဖြစ်သော်လည်း ပြစ်မှုကျူးလွန်ချိန်နှင့် စတင်ဆောင်ရွက်ချိန်ကွာဟမှုက ပြစ်မှုကျူးလွန်သူကို အခွင့်အရေးရစေသည်။ ကွာဟမှုများလေ ပြစ်မှုကျူးလွန်သူအတွက် အခွင့်အရေးကောင်းများ ရလေဖြစ်သည်။ မိမိတို့အတွက်မူ ဆန့်ကျင်ဖက်ရလဒ်ဖြစ်သည်။

လမ်းကြောင်းတစ်လျှောက်တွင် အကူအညီရယူထားသည့် ပိတ်ဆို့စစ်ဆေးရေး(၃)နေရာ၏ နောက်ဆုံးနေရာသို့ပင် ရောက်ခဲ့သည်။ အောင်မြင်မှု မရခဲ့။ မူလအစီအစဉ်အတိုင်း ရွှေ

www.burmeseclassic.com

www.burmeseclassic.com



ဘောက်ချာထွက်သည့် ရွှေဆိုင်သို့ လိပ်စာအတိုင်း ဦးတည်ရလေတော့သည်။

လိပ်စာအတိုင်း ရောက်ရှိသည်။ ရွှေဆိုင်ကို ပြင်ပမှ အကဲခတ်သည်။ ဆိုင်းဘုတ်ကို ပိတ်နီဖြင့် စနစ်တကျ ဖုံးအုပ်ထားသည်။ လူအဝင်/အထွက် မရှိ။ ဆိုင်တောင်မဖွင့်ရသေးတာလား။ လိပ်စာမှားတာလား ဝေခွဲစရာဖြစ်လာပြန်သည်။ အကဲခတ်သည့်လုပ်ငန်းကို ရပ်သည်။ ဆိုင်အတွင်းသို့ ဝင်ရောက်ခဲ့သည်။ အလုပ်သမား(၃)ယောက် နံရံဆေးသုတ်နေသည်။ တစ်ဦးက ညွှန်ကြားခိုင်းစေနေသည်။ မည်သည့် ရွှေထည်ပစ္စည်းမှမရှိသော SHOW CASE များ တွေ့ရသည်။ အခန်းကို လေအေးပေးထားသည်။ CCTV တပ်ဆင်ထားသည်ကို တွေ့ရသည်။ အပြီးသပ်အချောကိုင်ခြင်းလား (သို့မဟုတ်)ပြင်ဆင်မွမ်းမံခြင်းလေလား တွေးခေါ်နေစဉ် ညွှန်ကြားခိုင်းစေနေသူက မိမိတို့ကို မြင်သွားပြီး ..

"ဘာကိစ္စပါလဲ"

တိုတောင်းပြတ်သားစွာမေးသည်။ မိမိမှ အကျိုးအကြောင်းရှင်းပြသည်။ ၎င်း၏ မျက်နှာမှာ နီလာလိုက်၊ ဖြူသွားလိုက် ဖြစ်နေသည်။ တစ်ခါတစ်ခါ အံ့ဩသည့် အမူအရာကို တွေ့ရသည်။ ရှင်းလင်းပြောပြသည်ကို ဆုံးအောင် နားထောင်သည်။ တစ်ခွန်းတစ်ပါဒမျှ ဝင်ရောက်မေးမြန်းခြင်းမရှိ။ သို့သော် မိမိ၏ စကားများကို အသံဖမ်းယူနေသည်ကိုတော့ သတိထားမိသည်။ ၎င်း၏ လက်တွင် HAND PHONE ခလုတ်ကို ဖွင့်ထားသည်။ CCTV မှလည်း မှတ်တမ်းတင်လျက်ရှိပေမည်။

"ကျွန်တော်က မန်နေဂျာပါ"

"စိစစ်ရေးကတ်ပြပါ"

မန်နေဂျာဆိုသူ၏ အပြောအဆိုများသည် ထင်သည်ထက်ပင် ပို၍ တိုတောင်းနေသည်။ အလုပ်တစ်ခုကိုလည်း တိတိကျကျလုပ်တတ်သူတို့၏ စရိုက်မျိုးတွေ့ရသည်။ လူနှင့်ပတ်ဝန်းကျင်တို့၏ သဘောတရားနှင့် စိတ္တဗေဒလေ့လာပို့ချချက်ကို ချက်ချင်းသတိရမိပြန်သည်။ စိစစ်ရေးကတ်ထုတ်ပေးလိုက်သည်နှင့် ကတ်၏ မျက်နှာစာနှင့် ကျောဘက်နှစ်ဖက်စလုံးကို HAND PHONE နှင့် ကျွမ်းကျင်စွာ ဓာတ်ပုံရိုက်ပြီးဖြစ်နေသည်။ ကတ်ကိုပြန်ပေးရင်း SURE THANKS ဟု ပြောသည်။ နိုင်ငံခြားများ ရောက်နေသလား ထင်ရသည်။ မိမိအနေနှင့် လိမ္မာပါးနပ်ခြင်း၊ ကိုယ်နှုတ်နှလုံးထိန်းသိမ်းခြင်းနှင့် ဂုဏ်သိက္ခာရှိရှိနေထိုင်ခြင်း၊ သင်ခန်းစာကို လိုက်နာနေရသည်။ စကားမှား၍မဖြစ်။ မိမိက သံသယဖြစ်ရမည့်အစား ပြောင်းပြန်ဖြစ်နေသည်။ မည်သို့ဆိုစေ သင်ခန်းစာပို့ချချက်များကို အချည်းအနှီး မဖြစ်စေရန် အထူးသတိပြုရသည်။

"ကျွန်တော်တို့ ဘောက်ချာဆိုတာ ပြပါ"

မန်နေဂျာက ဘောက်ချာကိုလည်း ဓာတ်ပုံရိုက်ကူးပြီး ပြန်ပေးရင်း SURE THANKS ဟု ပြောပြန်သည်။ ယခုထိ ထိုပုဂ္ဂိုလ်မေးသမျှ ဖြေ၊ လုပ်သမျှကြည့်နေရသည်။ အပေါင်ဆိုင်ပိုင်ရှင် ဇနီးမောင်နှံတို့ကလည်း ဘာမှဝင်မပြောပဲ ထိုပုဂ္ဂိုလ်ကို အထူးအဆန်း ထင်နေရှာသလားမသိ။ မျက်စိအပြူးသားနှင့်ကြည့်နေကြသည်။ ထိုပုဂ္ဂိုလ်ကလည်း ထိုဇနီးမောင်နှံမေးလည်း မမေး ကြည့်လည်းမကြည့်။ သူ၏ လိပ်စာကတ်ကိုထုတ်ပေးပြီး BOSS ဟု သုံးနှုန်းကာ မိမိတို့ မသိသည့် ဘာသာစကားများဖြင့် (၁၀)မိနစ်တိတိ စကားပြောနေသည်။ မိမိတို့ကို မထိုင်ခိုင်းသဖြင့် ထိုပုဂ္ဂိုလ်စကားပြောပြီးသည်အထိ ရပ်စောင့်နေကြရသည်။ ဆိုင်အပြင်တွင် ရပ်ထားသည့်ကားကို လှမ်းကြည့်လိုက်ပြီး ...

"ကျွန်တော့်ကားနောက်က လိုက်ခဲ့ပါ"

မန်နေဂျာဆိုသူက ပြောပြောဆိုဆိုပင် သူ၏ SURF ကားကို မောင်းထွက်သွားသဖြင့် မိမိတို့အဖွဲ့မှ သူ့ကားနောက်သို့ ကမန်းကတန်း မောင်းလိုက်နေရသည်။ ခမ်းနားသည့် ခြံဝင်းနှင့် တိုက်အိမ်ကြီးတစ်လုံးရှေ့တွင် ရပ်ကြသည်။ ထိုသူ၏ ဦးဆောင်မှုဖြင့် လိုက်ဝင်သွားရသည်။ မိမိမှ အပေါင်ဆိုင်ပိုင်ရှင် ဇနီးမောင်နှံကိုပါ လိုက်ခဲ့ရန် မျက်ရိပ်ပြခေါ်ခဲ့၍ ၎င်းတို့ လိုက်ပါလာခြင်းဖြစ်သည်။ ခမ်းနားကြီးကျယ်သည့် အခန်းသို့ ရောက်ကြသည်။ လူ(၄)ဦးက မိမိတို့အား ထိုင်စောင့်နေကြသည်။ ရွှေဆိုင်ပိုင်ရှင်က မတ်တပ်ရပ်ပြီး မိတ်ဆက်ကာ ထိုင်ရန် ပြုံးရွှင်စွာပြောသည်။ မန်နေဂျာဆိုသူက မိမိတို့ စတင်ရောက်ရှိသည်မှ ထွက်ခွာသည်ထိ ရိုက်ကူးထားသည့် မှတ်တမ်း MOVIE ကို ပရိုဂျက်တာဖြင့် ပြသည်။ အသံဖမ်းထားသည်ကိုလည်း ဖွင့်ပြသည်။ ဂျိမ်း(စ်)ဘွန်းကားထဲက လူ...ကိုင်း



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်နှင့်ပင်တူသေးတော့သည်။ ရုပ်/သံဇာတ်လမ်းတွဲ ပြီးသွားပေပြီ။ ထို အချိန်တွင် မိမိနှင့်အတူပါသူ အပေါင် ဆိုင်ပိုင်ရှင် အစ်ကိုကြီးက ရွှေဆိုင်ပိုင် ရှင်ဆိုသူကို မိမိမသိသော ဘာသာ စကားဖြင့် အချိန်ယူရှင်းပြနေသည်ကို အံ့သြစွာတွေ့ရသည်။ ရွှေဆိုင်ပိုင်ရှင် က ပြုံးရွှင်ဖော်ရွေစွာ နားထောင်သည်။ စကားဆုံးသောအခါ ...

"ကိုင်း ဗမာလိုပဲ ပြောကြရ အောင်ပါ။ ကျွန်တော့်ဆရာကိုလည်း အားနာလို့ပါ"

အပေါင်ဆိုင်ပိုင်ရှင် အစ်ကိုကြီး က ဘာသာစကားလိုင်း ပြောင်းလိုက် ၍ ကျေးဇူးတင်ရသည်။ ရွှေဆိုင်ပိုင်ရှင် က ပြုံးရွှင်ဖော်ရွေစွာဖြင့် ...

"ကျွန်တော့် ရွှေဆိုင်က ဖွင့် တောင် မဖွင့်ရသေးဘူး။ CUSTOMER ထက် ပြဿနာက အရင်ရောက်လာ တယ်။ ကျွန်တော်နဲ့ စီးပွားပြိုင်ဖက် လက်ချက်များလားလို့ ထင်မိတယ်။ အစောပိုင်း အထင်လွဲမိတာတွေကို မေ့ ပစ်လိုက်ပါ။ ဒီတရားခံကို ရေဆုံး ရေဖျားလိုက်ပြီး ဖော်ထုတ်ရပါမယ်။ မြန်မာပြည်အတွင်း သတင်းရတဲ့နေရာ အကုန်သွားပါ။ ဒရိုင်ဘာနဲ့ ကားတစ်စီး အသင့်စီစဉ်ပေးထားပါ့မယ်။ ဆိုင်ဖွင့် ပွဲရက်ကိုလည်း အကန့်အသတ်မရှိ နောက်ဆုတ်လိုက်ပါ့မယ်။ တရားခံမိပြီး မှ ဆိုင်ကိုဖွင့်ဖို့/မဖွင့်ဖို့ ထပ်စဉ်းစားပါ့ မယ်။ ကျေးဇူးတင်ပါတယ်"

တပည့်က စကားပြောတိုတောင်း သလောက် သူ့ဆရာက မိကျောင်း သားကျနေတာပဲ။ ဆန့်ကျင်ဖက်နှစ်ခု မည်သို့တွဲမိကြပါလိမ့်ဟု တွေးမိသည်။

နောက်ရက် နံနက် ၉ နာရီအရောက် လာမည်ဖြစ်ကြောင်း ပြောဆိုပြီး မိမိတို့ သုံးယောက် ပြန်ခဲ့ကြသည်။ အပြန် လမ်းခရီးကြမှ အသက်ရှူချောင်တော့ သည်။ အပေါင်ဆိုင်ပိုင်ရှင် အစ်ကို ကြီးက ရှင်းပြသည်။ စောစောပိုင်းက မိမိတို့ကို ငွေလာညှစ်သူများ၊ စီးပွား ပြိုင်ဖက်၏ လူများဟု သံသယရှိ ကြောင်း သိရသည်။

အစ်ကိုကြီးက ထိုဘာသာစကား ကို နားလည်ရှင်းပြပြီးမှ ကျေနပ်လက် ခံသွားခြင်းဖြစ်ကြောင်း ကားမောင်း ရင်း ရှင်းပြသည်။

"အစ်ကိုပါလို့ တော်သေးတာ ပေါ့ဗျာ။ ကျွန်တော် တစ်ယောက်တည်း ဆို မလွယ်လောက်ဘူး။ ဗမာလို ပြော တော့လည်း ချောနေတာပဲ။ ကမ္ဘဝါ တောင် ဖတ်မလားထင်ရတယ်"

သုံးယောက်သား ရယ်လိုက်ပြော လိုက်နှင့် နေရပ်သို့ပြန်ရောက်ကြသည်။

(၃)

နောက်တစ်နေ့ နံနက် ၉ နာရီ အဆိုပါအိမ်သို့ ရောက်သည်။ ရွှေဆိုင် ပိုင်ရှင်က အသင့်စောင့်နေသည်။ အမှု အကြောင်းချင်းရာများ မေးမြန်းပြော ဆိုကြသည်။ ရွှေဘောက်ချာတစ်အုပ် ထုတ်ပြသည်။ အပေါင်ဆိုင်သို့ လာ ပေါင်သည့် ရွှေဘောက်ချာနှင့် တူညီ နေသည်။ အတုမဟုတ်သဖြင့် အစစ် ကို ဘယ်လိုရရှိပြီး ပြစ်မှုကျူးလွန်ပါ သနည်း။

"ကျွန်တော့်အတွင်း လူတစ် ယောက်များ ဖြစ်နေမလား။ ဒါမှမ ဟုတ် စီးပွားပြိုင်ဖက်က နောက်တာ လားဆိုတာ အမြန်ဆုံး သိချင်တ[...] ဗျာ။ ကြိုးစားပေးစေလိုပါတယ်"

လေးလေးနက်နက် စဉ်းစဉ်းစ[...] စား ပြောနေရသည်။ မိမိလည်း ဖြ[...] နိုင်တန်သည်များကို စဉ်းစားရင်း [...] ဘောက်ချာအပ်သည့်ဆိုင် .. ဟုတ်ပြီ သဲလွန်စရနိုင်တယ်ဟု လက်ခ[...] အတွေးတစ်ချက်ဝင်လာသည်။

"ဒီဘောက်ချာအပ်တဲ့ဆိုင်ကို သွားကြည့်ချင်တယ်"

"ဘာအတွက်ပါလဲ၊ ကျွန်တော်[...] က ရွှေရေ(၅)သောင်းမှာတယ်။ ဆိုင် ကလည်း ကျွန်တော့်ကို ရွှေရေ(၅) သောင်း အုပ်လိုက်ပြန်အပ်တယ်။ တစ် ရွက်မှ မသုံးရသေးဘူး မြင်တဲ့အတိုင်း ဘဲ"

"နောက်ထပ် အတွေးသစ်ပေါ် ရင်လည်း ပေါ်ပေါ့ဗျာ။ အခုတော့ ပထမပေါ်လာတဲ့ အတွေးကို ကျွန် တော် အရင်လုပ်ကြည့်ချင်တယ်"

"ဆရာလုပ်ချင်တာ ပြောပါ၊ ဘာမှမကန့်ကွက်ပါဘူး၊ အားပေးဖို့ပဲ ရှိပါတယ်"

ဟု ပြောသည်။

၎င်း၏ ဒရိုင်ဘာမှ ရွှေဘောက် ချာရိုက်သည့် ပုံနှိပ်စက်သို့ ပို့ပေးသည်။ ပုံနှိပ်စက်ပိုင်ရှင်၊ အလုပ်သမားများ နှင့် တွေ့သည်။ လုပ်ငန်းသဘာဝများ ကို မေးမြန်းသိရသည်။ အလုပ်သမား စာရင်းရယူသည်။ အလုပ်သမားအား လုံးနှင့် တွေ့ပေးသည်။ ကပ္ပတိန်တိုက် ဂါးပုံ မပါသလို ဦးကပ်စေးပုံ[...] မပါ၍ လုပ်ငန်းတစ်ခုရပ်[...]သည်။ ပိုင်ရှင်နှင့်အတူ စကားပြောကြစဉ် ရွှေ ပျက်ကီစွက်ို မေးမြန်းဖြစ်သည်။ စာ

www.burmeseclassic.com

www.burmeseclassic.com


ချက်ရိုက်ပျက်/စက်စမ်းစာရွက်/စာအုပ်ချုပ်လျှင် လေလွင့်စာရွက်(အပြအစုတ်)အတွက် အပိုရိုက်ပြီး လိုရမယ်ရထားကြောင်း သိရသည်နှင့် လက်ခနဲ အတွေးတစ်ချက်ဝင်လာပြန်သည်။ ထိုင်ရာမှ ချက်ချင်း မတ်တပ်ရပ်ကာ . . .

"ဟုတ်ပြီ . . ရိုက်ပျက်တွေ၊ အပိုရိုက်ထားတာတွေ ဘယ်မှာထားလည်း အစ်ကိုကြီး"

"ရှိပါ့ဗျာ"

ဟု ဆိုကာ ကတ္တူပုံးတစ်ခုကို ပြသည်။ ထိုပုံးအတွင်း၌ ဖြတ်စညှပ်စများ၊ တွန့်လိမ်ကောက်ကွေး ရွက်ပျက်များ၊ မူရင်းအကောင်းအတိုင်း ရှိသေးသည့် ဘောက်ချာစာရွက်များ မျိုးစုံကို တွေ့ရသည်။ စည်ပင်ကားပေါ် မတင်ကြောင်း၊ လျှပ်စစ်နှင့် မီးရှို့ဖျက်ဆီးကြောင်း မေးမြန်းသိလာရသည်။ ကုန်ကျစရိတ်ကြီးသည့်အတွက် အလေအလွင့်နည်းအောင် ဂရုပြုလုပ်ရကြောင်း၊ အပိုရွက်ရေကိုလည်း နည်းနည်းပဲထုတ်ကြောင်း၊ ရွှေဘောက်ချာမှာ ကုန်ကျစရိတ်ကြီးသလောက် အင်မတန်လုံကြောင်း သိရသည်။ ရှာဖွေလေ တွေ့ရှိလေဖြစ်လာသည်။ ပန်းချီတင်မြင့်ဆိုသည်မှာ ပန်းချီဆရာကို ပြောပြခြင်းမဟုတ်ကြောင်း၊ ပန်းချီပြခန်းဘေးတွင်နေသည့် တင်မြင့်ကို အလွယ်ခေါ်ခြင်းဖြစ်ကြောင်း၊ ပုပုဝဝ ထိပ်ပြောင်ကြောင်း၊ ဦးစိတ်တိုနှင့် မျောက်ညိုကာတွန်းထဲက ဦးစိတ်တိုနှင့်တူကြောင်း၊ သူ့တူကျော်စွာက စုတ်ချွန်းချွန်းနှင့်မို့ မျောက်ညိုနှင့်တူကြောင်း၊ အလုပ်သမားများနှင့် စကားဖောင်ဖွဲ့ကာ အပြောင်အပျက်ပြောရင်း ရွှေကြောနှင့်တူသည့် သဲလွန်စကို ရလိုက်သည်။ လိပ်စာများကို အမှတ်မထင် မေးမြန်းကာ စိတ်ဖြင့် မှတ်သားလိုက်သည်။

အပေါင်ဆိုင်ပိုင်ရှင် အစ်မကြီးက ဦးကပ်စေးနှင့် ကပ္ပတိန်တိုက်ဂါးဟု ပြောပြီး ပုံနှိပ်တိုက်အလုပ်သမားများက ဦးစိတ်တိုနှင့်မျောက်ညိုဟု ပြောသည်။ နှိုင်းယှဉ်ကြည့်သည်။ အမြင်မတူတာပဲ ကွာသည်။ ပုံသဏ္ဌာန်ချင်း မကွာသဖြင့် အပေါင်ဆိုင်ပိုင်ရှင် အစ်ကိုကြီး၏ ဖနီးနှင့် ပြသအတည်ပြုရန် စီစဉ်ရတော့သည်။

ညနေဖက်အချိန် ပန်းချီပြခန်း အနီး ကားရပ်သည်။ အစ်မကြီးကို ဦးထုပ်ဆောင်း၊ မျက်မှန်တပ်ကာ ကားပေါ်ထိုင်စေပြီး ဦးကပ်စေးတို့အိမ်ဖက်သို့ အကဲခတ်စေသည်။ မိမိနှင့်အစ်ကိုကြီးက မပေါက်သည့် ကားဘီးကို လေလျှော့ပြီး ဘီးအသစ်နှင့် ဖြုတ်လဲရင်း အလုပ်ရှုပ်ချင်ယောင်ဆောင်ရင်း အကဲခတ်နေကြသည်။

ခဏအကြာ အစ်မကြီးက ကားဘော်ဒီကို မြင်းပြေးသလို လက်နှင့်ခေါက်ပြီး အချက်ပေးသည်။

"တိုက်ဂါး ထွက်သွားတယ်"

ရှည်ကိုင်းကိုင်းနှင့် လူငယ်တစ်ဦး ပန်းချီပြခန်းနှင့်ကပ်လျက်ရှိ အိမ်ထဲမှ ထွက်လာသည်ကို တွေ့လိုက်ရသည်။

မိမိအဖွဲ့ကို ဖုန်းချိတ်ပြီး ခေါ်လိုက်သည်။ ခဏအကြာ တိုက်ဂါးပြန်လာသည်။ လက်ထဲတွင် ABC ဘီယာဘူးများ၊ ခေါက်ဆွဲထုပ်များနှင့် ပန်းချီပြခန်းဘေးက အိမ်ရှေ့တွင် ဦးကပ်စေးက ထွက်ကြိုသည်။ စကားရပ်ပြောကာ ရယ်မောပြီး တိုက်ဂါးနှင့်အတူ အိမ်ထဲပြန်ဝင်သွားသည်။

တစ်နေရာတွင် စုဖွဲ့ထားသည့် မိမိအဖွဲ့နှင့် သက်ဆိုင်ရာပုဂ္ဂိုလ်တို့ ရောက်လာကြသည်။ လုပ်ငန်းအစီအမံကို အကျဉ်းချုပ်ရှင်းပြကာ ဦးကပ်စေးနှင့် တိုက်ဂါးတို့ကို ဝင်ရောက်စီးနင်းဖမ်းဆီးလိုက်သည်။ နေအိမ်အား ရှာဖွေရာ ရွှေဘောက်ချာမျိုးစုံ ၃၂ ရွက်၊ ရွှေဟုထင်ရသော ဟန်းချိန်း(၇)ခုနှင့် ငွေစက္ကူများကို တွေ့ရသည်။ ရွှေဘောက်ချာမျိုးစုံတွင် အမှုမှဆိုင်အမည်ပါ ဘောက်ချာအလွတ်(၂)ရွက်တွေ့ရသည်။ ကွန်ပျူတာ၊ ပရင်တာ၊ ကာလာပရင်တာ၊ စကင်နာတို့ကို တွေ့ရသည်။ အသင့်ပါ ကျွမ်းကျင်သူမှ မှတ်ကျောက်တင်စစ်ဆေးရာ ရွှေဟုထင်ရသော ဟန်းချိန်းအားလုံး ရွှေရည်ထူထူစိမ်ထားသည့် ရွှေအတုများဖြစ်ကြောင်း တွေ့ရသည်။

ရှာဖွေတွေ့ရှိရသည့် ဦးကပ်စေး၏ ဒိုင်ယာရီတွင် အမှုမှ အပေါင်ဆိုင်၏ အမည်၊ ရက်စွဲတို့ ရေးသားထားသည်ကို တွေ့ရသည်။ မှတ်တမ်းတင် ဓာတ်ပုံသမားကလည်း အစအဆုံး MOVIE ရိုက်ပြီးဖြစ်သည်။ နယ်မြေခံရဲတပ်ဖွဲ့သို့ အကြောင်းကြားလိုက်သည်။ အမှုနှင့် သက်ဆိုင်သည်များကို သိမ်းဆည်းနေစဉ် နယ်မြေခံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ ရောက်ရှိလာပြီး မိမိတို့နှင့် ပူးပေါင်းကူညီဆောင်ရွက်ပေးသည်။ နယ်မြေခံရဲအရာရှိတစ်ဦးက ရှာဖွေတွေ့ရှိသိမ်းဆည်းထားသည့် ရွှေဘောက်ချာပါ ရွှေဆိုင်အမည်များကို ကြည့်ရင်း . . .


www.burmeseclassic.com

www.burmeseclassic.com


"အိုကေ .. အိုကေ .. အိုကေ"

အဆိုပါအရာရှိ၏ ရုတ်တရက်ထ အော်လိုက်သံကြောင့် အားလုံးက ထို အရာရှိကို ဝိုင်းကြည့်ကြသည်။ ရှာဖွေ ပုံစံရေးသွင်းလက်စကို ရပ်လိုက်ပြီး ထို အရာရှိကို ...

"အိုကေလို့အော်တာ (၃)ခါဆို တော့ အဆင်ပြေတာ (၃)ခါဖြစ်မယ် ထင်တယ်"

"ဟုတ်လိုက်လေဗျာ၊ ကျွန်တော့် အမှု(၃)မှုက ရွှေဆိုင်(၃)ဆိုင်ရဲ့ အမည် တွေ့လို့ ဝမ်းသာပြီးအော်တာဗျို့၊ ကျုပ် ထက်တော်လို့ ကျုပ်ထက် အရင်ဖမ်း နိုင်တာပေါ့ဗျာ၊ ဆရာ့အမှုနဲ့ ဆက်ချိတ် လို့ရပြီး ဂုဏ်ပြုညစာနဲ့ ညှော်ခံပါရစေ"

လိုက်လှဲစွာပြောလာသည်။

"အင်း .. အလုပ်ကလည်းများ တော့ .."

"လိုက်မစားနိုင်တော့ဘူး ဆိုပါ တော့ .."

"အခု သွားကြမယ်လေ"



အားလုံး လွတ်လပ်ပေါ့ပါးစွာ ရယ်မောကြသည်။ C.I.D မှ ပို့ချသည့် "အောင်မြင်သော စုံစမ်းစစ်ဆေးမှု၏ သော့ချက်များ" ခေါင်းစဉ်အောက်တွင် "ပထမလုပ်ရမည်ကို ဦးစွာလုပ်ပါ" အတုဟု ယူဆထားသော အချက် သည်အစစ်ဖြစ်နိုင်သည်။ "အထောက် အထားကို လက်ကိုင်ပြု၍ လုပ်ပါ" "စုပေါင်းလုပ်ဆောင်ခြင်းသည် တန်ဖိုး ရှိသည်" စသည့်အချက်များအပါအဝင် (၂၃)ချက်ပါရှိသည်။ လုပ်ငန်းစဉ်အား လုံးပြီးစီးပြီဖြစ်၍ ပြစ်မှုကျူးလွန်သူ နှစ် ဦးနှင့်အတူ ဤနေရာမှ မိခင်တပ်ဖွဲ့သို့ ရွေ့ရှခဲ့သည်။

အပြန်လမ်း ကားပေါ်တွင် တိုက် ဂါးက မှိုင်တွေချနေသော်လည်း ဦးကပ် စေးက အပေါင်ဆိုင်အစ်မကြီးအား နှုတ်ဆက်လိုက်သေးသည်။

"အစ်မကြီး ပင်ပန်းသွားပြီ"

အစ်မကြီးက ဦးကပ်စေးကို စေ့ စေ့ကြည့်ကာ 'သေနာ' ဟု ပြောပြီး မျက်စောင်းထိုးကာ တစ်ဖက်သို့လှည့် သွားသဖြင့် ကားပေါ်ရှိ လူအားလုံး သဘောကျပြီး ရယ်ကြသည်။ ဦးကပ် စေးတွင် အယ်လ်ကိုဟောအရှိန်လေး နှင့် စိတ်ညစ်ရမှန်းမသိ ဖြစ်နေရော့ ထင့်။ ရဲစခန်းရောက်သောအခါ ပထမ လုပ်ရမည်ကို ဦးစွာပြုလုပ်ပြီး ပြစ်မှု ကျူးလွန်သူများကို တရားစွဲတင်လိုက် သည်။ စီးပွားပြိုင်ဖက်၏ ချောက်ချမှု မဟုတ်ဘဲ ပြစ်မှုကျူးလွန်သူ၏ အသုံး တော်ခံသာ ဖြစ်ရသည်ကို ရှင်းရှင်း လင်းလင်းပေါ်ပေါက်သည်။

အမှတ်မထင် တစ်ရက်တွင် တရားစွဲတင်ခဲ့ပြီးဖြစ်သည့် အထက်ပါ အမှုမှ ရွှေဆိုင်ပိုင်ရှင်နှင့် မန်နေဂျာ လာရောက်တွေ့ဆုံကြသည်။ ရွှေလ စွပ်တစ်ကွင်းကို ကိုယ်တိုင်ဝတ်ဆင် ပြီး ဂုဏ်ပြုသည်။

"ဦးကပ်စေးရဲ့ ဟန်းချိန်းလိုတော မဟုတ်ပါဘူးနော်"

ကျွန်တော်က နောက်လိုက် ရွှေဆိုင်ပိုင်ရှင် အစ်ကိုကြီးက ...

"ကိုအာလူးဆိုင်ကိုတော့ သွာ ပေါင်နဲ့ပေါ့ဗျာ"

အထက်ပါအမှုမှ အပေါင်ဆို ပိုင်ရှင်၏ အမည်ကိုပင် မှတ်မှတ် ပြောနိုင်၍ ကျွန်တော်တို့လက်ဆွဲနှု ဆက်ပြီး ရင်းနှီးစွာရယ်မောကြသည် သို့တိုင် မန်နေဂျာဆိုသူမှာ ပြုံးပင် ပြုံးနိုင်ကြောင်း အံ့ဩစွာတွေ့ရ သည်။

ပြစ်မှုကျူးလွန်ပုံကျူးလွန်နည် များ "MODUS ORERANDI O CRIMINALS"တွင်MODUS ORERAND သည် လက်တင်ဘာသာဖြစ်ပြီး 'ပြစ် ကျူးလွန်ရာတွင် သိသာသည့် အသွ အပြင်နှင့် နည်းစနစ်များဖြစ်သည်။ တစ်နည်းအားဖြင့် ပြစ်မှုကျူးလွန်ရာ လူဆိုးများ လုပ်လေ့လုပ်ထရှိသည် အပြုအမူများဖြစ်သည်။ လူဆိုးမျာ သည် တစ်နည်းအားဖြင့် အောင်မြင် မှုရခဲ့လျှင် အခြားနည်း ပြောင်းလဲစဉ် စားလုပ်ဆောင်ခြင်းမရှိတော့ဘဲ အောင် မြင်ခဲ့သည့်နည်းကိုပင် သုံးလေ့ရှိသည်" ဟု C.I.D ၏ ပို့ချချက်ကို သတိရမိ သည်။

"အလေးပြုပါတယ် C.I.D"

မောင်ပိုင်နိုင်


www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



# ဩးရဲ့သနှ့

## ကျေးလက်စုံထောက်မောင်တောကျော်



www.burmeseclassic.com

www.burmeseclassic.com



စိတ်တိုလွန်း၍ ထောင်ပြီးထလာသော နှုတ်ခမ်းမွေး ကျဲတဲတဲကို သက်ဝါးဖြင့်အုပ်ကာသပ်ချလိုက်သည်။ အတတ်နိုင်ဆုံး သွေးအေးသွားဖို့ စိတ်ကို ထိန်းချုပ်လိုက်၏။ မိမိရပ်နေသော နွားတင်းကုပ်ထိပ်မှ အပေါ်သို့ မော့ကြည့်လိုက်ပြန်သည်။

"အင်း .. ဒီကိစ္စကို သွေးအေးအေးနဲ့ စဉ်းစားပြီး ငါရအောင် ဖော်ထုတ်ရမယ်"

လူပျိုကြီး ကိုတောကျော်မှာ တစ်ယောက်တည်း ရေရွတ်နေသည်။ စေ့စပ်သေချာသော သူ့အကြောင်းကို အကဲစမ်းလာသူများအား ပညာပြရပေဦးမည်။

နွေရာသီမို့ မီးဘေးအန္တရာယ်ကို ကြောက်၍ တစ်ခြံလုံးကို ပြောင်ရှင်းနေအောင် နေ့တိုင်းလိုလို ကိုတောကျော် တံမြက်စည်းလှဲလေ့ရှိသည်။ ဤအကျိုးကား ယခုကိစ္စတွင် အထောက်အကူရပေတော့မည်။ သူရပ်နေသည့် မြေပြင်ပတ်ဝန်းကျင်ကို အသေအချာ လှည့်ပတ်ကြည့်ရှုသည်။ တစ်နေရာအရောက်တွင် ချစ်သူရည်းစားမျက်နှာကို ကြည့်သည့်အလား အသေအချာပင် စူးစူးစိုက်စိုက်ကြည့်နေ၏။ စောစောက တိုသွားသော စိတ်ကို ပြန်ဆွဲဆန့်ရင်း တစ်ချက်ပြုံးလိုက်သည်။

သူ ရပ်နေရာ နွားတင်းကုပ်ထိပ်မှ တောင်ဖက် တံစက်မြိတ်အောက် အစပ်တွင်ရှိသော လေးချောင်းထောက်ခွေးခြေဆီသို့ လျှောက်၍ သွားပြန်သည်။ စပါးလှေ့ရာတွင် အသုံးပြုသည့် ခွေးခြေကြီးဖြစ်၍ ကိုတောကျော်လို အရပ်မြင့်သောသူ၏ ပခုံးတိုက်လောက်မြင့်၏။

ခွေးခြေအနားရောက်သည့်အခါ အောက်ခြေကို လှည့်ပတ်၍ အသေအချာကြည့်နေပြန်သည်။ ပြီးလျှင် ပြုံးလိုက်ပြန်၏။

တစ်ဖန် နွားတင်းကုပ်ထဲဝင်သွားပြီး ကြက်အုပ်ခြင်းတစ်လုံးကို ယူဆောင်လာပြန်သည်။ ကြက်အုပ်ခြင်းဖြင့် နွားတင်းကုပ်ထိပ် မြေပြင်တွင် အသေအချာမှောက်အုပ်လိုက်၏။ လွတ်ထွက်သွားမှာကို စိုးရိမ်သည့်အလား အနီးအနားမှ အုတ်ခဲကျိုးသုံးလုံးကို အုပ်ဆောင်းပေါ်မှ ဖိတင်ထားလိုက်သည်။ လက်နှစ်ဖက်ကို ဖုတ်ဖက်ခါပြီး သဘောကျစွာပြုံးလိုက်၏။

ထိုအချိန်တွင် လူပျိုကြီး ကိုတောကျော်ပြုမူနေပုံကို တစ်ဦးတစ်ယောက်က မြင်ခဲ့လျှင် စိတ်မှန့်ရဲ့လားဟု ထင်နိုင်၏။

သို့သော် ကိုတောကျော်ကတော့ သူ့လုပ်ရပ်ကို အတော်လေးသဘောကျနေပုံပင်။ ထပ်ပြီး ကြက်ခြင်းအပေါ်က်မှ အသေအချာကြည့်ကာ စိတ်လက်ပေါ့ပါးဟန်ဖြင့် အိမ်ခြံဝင်းအပြင်ဖက်ဆီသို့ လှမ်း၍ ထွက်လာခဲ့တော့သည်။

ကိုတောကျော်မှာ အောင်မြင်မှုတစ်ခုကို မလွဲမသွေကြုံတွေ့ရတော့မည့်အလား မြောက်ကြွမြောက်ကြွဖြင့် ရွာလယ်လမ်းအတိုင်း လျှောက်လှမ်းလာခဲ့သည်။ ဒေါ်စပ်စု၏ ဈေးဆိုင်ရှေ့အရောက် တုန့်ခနဲ ရပ်လိုက်၏။ တစ်ရွာလုံးတွင် ဈေးဆိုင်ဟူ၍ ထိုဆိုင်တစ်ဆိုင်သာရှိသည်။ ကုန်ပစ္စည်းလည်း အတော်လေးစုံလင်၏။

ဆိုင်ရှင်မိန်းမကြီးကား ပုပုဝဝနှင့် စိတ်သဘောထား မဆိုးလှသော်လည်း လွန်စွာမှ စပ်စပ်စုစုနိုင်လှသည်။ ထို့ကြောင့်ပင် မူရင်းနာမည်ပျောက်၍ သူမ ကွယ်ရာတွင် ဒေါ်စပ်စုဟူ၍သာ ခေါ်ကြ၏။

ကိုတောကျော်မှာ ဘာအတွေး ပေါက်သွားသည်မသိပေ။ ဒေါ်စပ်စု၏ အိမ်ခြံဝင်းထဲသို့ စွပ်ခနဲ ဝင်သွားပြီး–

"ကဲ .. ဒေါ်စပ် .. အဲ အစ်မကြီးရေ၊ ကျုပ်ကို ဆီတစ်ဆယ်သားနဲ့ မဆလာမွှေးမွှေး သုံးထုပ်ပေးပါဗျာ။ ဆီကိုတော့ အဆင်ပြေတာတစ်ခုခုနဲ့သာ ထည့်ပေးလိုက်ပါ"

"လူပျိုကြီးကလည်းတော် ဆီဝယ်တာများ ပုလင်းလေးဘာလေးတော့ ယူမလာဘဲနဲ့၊ မဆလာကလည်း သုံးထုပ်ကြီးများတောင်ဆိုတော့ ဘာတွေများချက်မလို့တုန်း"

ထုံးစံအတိုင်း ဒေါ်စပ်စုက စကားစလေပြီ။ ယနေ့အဖို့ ထိုစပ်စုပုံမျိုးကိုပင် ကိုတောကျော် သဘောကျနေ၏။

"ဘာရယ်မဟုတ်ပါဘူးဗျာ၊ ညကျရင် လူငယ်တွေနဲ့ ကြက်သားကာလသားချက်လေး အပျော်ချက်စားမလားလို့ပါဗျာ"

"အောင်မယ်လေးတော် .. ဒီရွာမှာ ဘာတွေဖြစ်နေတာလည်း မသိဘူး။ အထူးအဆန်းတွေချည့်ပဲ။ ညတုန်းက



www.burmeseclassic.com

www.burmeseclassic.com



လည်း ကျုပ်ဆိုင်ပိတ်လို့ ညဉ့်နက်တော့မှ ..''

ဒေါ်စပ်စု ပါးစပ်မှ စကားလုံးများဒလဟောထွက်ကျလာတော့သည်။

ကိုတောကျော်က တစ်ခွန်းစနှစ်ခွန်းစ ဝင်၍ မေးလိုက်တိုင်း ဒေါ်စပ်စုမှာ ပါးစပ်အမြှုပ်ထွက်မတတ် စကားပြောရန် အားရှိနေတော့သည်။ ဒေါ်စပ်စုပြောသမျှကို နာရီဝက်ခန့် နားထောင်ပြီးသောအခါ ကိုတောကျော် စကားစကို ဖြတ်တော့၏။

''ကဲ .. အစ်မကြီးရေ စကားပြောရတာတော့ ကောင်းပါရဲ့၊ သွားစရာလေးရှိလို့ ခွင့်ပြုပါဦးဗျာ''

''ကောင်းပါပြီတော် .. ကျုပ်လည်း ယောက်ျားလေးသာဆိုရင် ရှင်တို့နဲ့ ကြက်သားကာလသားချက်ကို လိုက်ပြီး စားလိုက်ချင်သေးတယ်။ ခုတော့ မိန်းမဖြစ်နေတာ ခက်ပါတယ်''

ကိုတောကျော်မှာ ဒေါ်စပ်စု၏ စကားနိဂုံးကို မစောင့်တော့ဘဲ ခပ်သုတ်သုတ် ပြန်ပြီးထွက်လာခဲ့သည်။

''ဟဲ့ .. ဟဲ့ လူပျိုကြီး မေ့တာတ်ရန်ကော၊ ဒီမှာ ဆီနဲ့မဆလာ ကျန်ခဲ့ပြီလေ''

ဒေါ်စပ်စုကို နောက်ပြန်လက်တစ်ချက်သာ ကာပြခဲ့သည်။ ဝယ်ပြီးသားပစ္စည်းများကို ထားခဲ့၏။ ဒေါ်စပ်စုမှာ နားမလည်နိုင်စွာဖြင့် ခေါင်းကို တဗျင်းဗျင်းကုပ်ရင်း ပါးစပ်မှ ပွစိပွစိဖြင့် ကျန်ခဲ့တော့သည်။

+++

''ဟုတ်ရဲ့လား .. မောင်တောကျော်ရယ်၊ တော်တော်ကြာ မဟုတ်ရင် ခက်ကုန်မယ်''

ရွာလူကြီး ဦးဘမောင်မှာ ကိုတောကျော်၏ စကားကို မယုံမရဲနှင့် သေချာအောင်မေးနေသည်။ ကိုတောကျော်က နှုတ်ခမ်းမွေးကို လက်ဖြင့် ဟန်ပါပါသပ်ရင်း ..

''သိပ်သေချာတာပေါ့ ဦးကြီးရယ်၊ ကျုပ်က မြို့ကျောင်းမှာ မနေရပေမယ့် စာတိုပေစမှန်သမျှ လက်လှမ်းမီသလောက် ဖတ်တယ်။ အဲ .. အထူးသဖြင့် စုံထောက်ဇာတ်လမ်းတွေကို တော်တော်လေး ဖတ်ဖြစ်ထားတဲ့ကောင်ပါဗျ။ ကွက်တိနီးနီးကို မှန်နေရမယ်ဗျာ''

''အေးပါကွာ ..၊ မောင့်ရင်ဖက်ကသာ နိုင်လုံတယ်ဆိုရင်တော့ ငါသာအေးကို လွှတ်လိုက်ဦးမယ်''

ရွာလူကြီး ဦးဘမောင်က သူ့အိမ်မှ သူရင်းငှား သာအေးကိုခေါ်၍ သေသေချာချာ မှာကြားနေသည်။ သာအေးမှာ ပုတ်သင်ညိုတစ်ကောင်လို ခေါင်းလေးတညိတ်ညိတ်နှင့် နားထောင်ပြီး ရွာထဲသို့ ခပ်သုတ်သုတ် ထွက်ခွာသွားတော့၏။

ကိုတောကျော်နှင့် ရွာလူကြီးတို့ စကားထိုင်ပြောနေရင်း အိမ်ခြံဝဆီသို့သာ အာရုံရောက်နေကြသည်။

ကွမ်းတစ်ယာညက်သာသာအချိန်တွင် သာအေးခြံဝင်းအတွင်း ပြန်ဝင်လာသည်ကို တွေ့လိုက်၏။ သူ့နောက်မှ လူလတ်ပိုင်းအရွယ် ယောက်ျား နှစ်ယောက်လည်း ပါလာသည်။ တစ်ယောက်က အရပ်ရှည်ရှည်ပိန်ပိန်သွယ်သွယ်နှင့် ရွာလယ်ပိုင်းမှ မြမောင်ဖြစ်၏။ ကျန်တစ်ယောက်က အရပ်ပုပျပ်ပျပ် ကိုယ်လုံးကိုယ်ထည်တောင့်တောင့်နှင့် ရွာအနောက်ပိုင်းမှ ဂျပုဖိုးတင်စိုး ဖြစ်နေသည်။ နှစ်ယောက်စလုံးမှာ အသက်သုံးဆယ်ဝန်းကျင်များဖြစ်ပြီ အိမ်ထောင်ပျက် တစ်ခုလပ်များမို့ ပုလင်းတူဖူးဆို ပေါင်းဖက်မိသူများဖြစ်၏။

''လာဟေ့ .. မောင်မြမောင်နဲ့ ဖိုးတင်စိုးအိမ်ပေါ်ကို တက်လာခဲ့''

ရွာလူကြီးက ခေါ်လိုက်သဖြင့် နှစ်ယောက်စလုံး အိမ်ပေါ်သို့ တန်းပြီး တက်လာသည်။ သာအေးကတော့ နွား တင်းကုပ်ဖက်ထွက်သွား၏။

အိမ်တံခါးဝမှ ဝင်လိုက်သည်နှင့် ကိုတောကျော်ကို တွေ့လိုက်ရသဖြင့် နှစ်ယောက်စလုံး မျက်နှာကွက်ခနဲပျက်သွားပြီး ချက်ချင်းမှင်သေသေမျက်နှာပုံစံကို ပြန်ပြောင်းလိုက်သည်။

ကိုတောကျော်က ရှိစုမဲ့စု နှုတ်ခမ်းမွေးကို လက်ညှိုးနှင့်နှင့်လက်မဖြင့် အသာအယာသပ်ရင်း ထိုနှစ်ယောက်ကို စိုက်ကြည့်နေ၏။

''ကဲ .. ထိုင်ကြကွ၊ မင်းတို့နှစ်ယောက်ကို ခေါ်ရတဲ့အကြောင်းကတော့ ...''

ရွာလူကြီးက စကားစကို ရပ်၍ နှစ်ယောက်စလုံးကို အကဲခတ်ကြည့်နေ၏။ မြမောင်နှင့်ဖိုးတင်စိုးတို့ကလည်း ရွာလူကြီးစကားကို မျက်လုံးလေးများ ပေကလပ် ပေကလပ်နှင့် နားစွင့်နေသည်။

''ဒီလိုကွ .. ဟောဒီက မောင်တောကျော်ရဲ့ တိုက်ကြက်ဖကြီးကို မင်းတို့ ညက ခိုးစားမိတယ် မဟုတ်လား''

''ဟာ .. ကြဲကြီးစည်ပြီးလေးရယ်၊ ကျွန်တော်တို့နှစ်ယောက် ညက



www.burmeseclassic.com

www.burmeseclassic.com



တွေ့လည်းမတွေ့ဖြစ်ကြဘူး။ နေ့ခင်းက အလုပ်လုပ်ရတာ ပင်ပန်းလွန်းလို့ အိပ်နေကြတာပါဗျာ။ ဘုရားစူးပါရစေရဲ့၊ မိုးကြိုးပစ်ရပါစေရဲ့၊ မြွေမြိုပါစေရဲ့''

ဟု ပျာပျာသလဲ ငြင်းလိုက်သော မြမောင်စကားကြောင့် ရွာလူကြီးက ဘယ်လိုလဲဟူသော အမူအရာဖြင့် ကိုတောကျော်ကို ကြည့်လိုက်သည်။ ကိုတောကျော်က တစ်ချက်ပြုံးလိုက်ရင်း–

''မင်းတို့နှစ်ယောက် ညက လူချင်းလည်း မတွေ့ဘူး၊ ဘယ်ကိုမှလည်း မသွားဘူးဆိုတာ သေချာတယ်နော်''

နှစ်ယောက်စလုံး တွေခနဲတစ်ချက်ဖြစ်သွားပြီး မျက်နှာကို ပြန်တင်းလိုက်၏။

''ဟုတ်တယ်ဗျာ၊ သူရော ကျုပ်ပါ ညက ဘယ်ကိုမှမသွားဘူး ကိုတောကျော်၊ ခင်ဗျားဗျာ ဥစ္စာပျောက် ငရဲရောက်လုပ်နေတယ်။ ခုလို မတရားစွပ်စွဲတာကတော့ ကျုပ်တို့ကို သက်သက်အရှက်ခွဲတာပဲဗျ''

ဂျပုဖိုးတင်စိုးက ရှူးရှူးရှားရှားဟန်နှင့် ပြောလိုက်၏။ ကိုတောကျော်က ပြုံးနေသော သူ့မျက်နှာကို တည်တင်းလိုက်ရင်း …

''သူရော ကျုပ်ပါ ဘယ်မှမသွားဘူးဆိုတော့ မြမောင်ဘယ်မှမသွားတာ မင်းက ဘယ်လိုလုပ်ပြီး သိသလဲ''

ကိုတောကျော်က စုံထောက်ကြီးဦးစံရှားလေသံနှင့် ခပ်တည်တည်မေးခွန်းထုတ်လိုက်ခြင်းဖြစ်၏။



သူတို့ကို
သင့်တော်သလိုသာ
အပြစ်ပေးလိုက်ပါ။
ကြက်ဖိုးတော့
မရော်ပါနဲ့တော့။
နောင်ကို
ကျုပ်ပစ္စည်းဆို
ဝေးဝေးက
ရှောင်ပါ့မယ်
ဆိုတာနဲ့တင်
ကျေနပ်ပါပြီ …



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . ဒါ . . ဒါကတော့ မှန်းဆပြီး ပြောတာလေ။ စကားကို မကာတ်သပ်ပါနဲ့ဗျာ။ ကျုပ်တို့ မဟုတ်ဘူးဆိုရင် ကိစ္စက ပြတ်နေပြီပဲ"

ဂျပုဖိုးတင်စိုးက စကားစကို အတင်းဖြတ်ဖို့ ကြိုးစား၏။

ကိုတောကျော်က ချောင်းတစ်ချက်ဟန့်လိုက်သည်။ ပြီးလျှင် တိကျပြတ်သားသော အသံဖြင့် စကားလုံးများကို ပြောချလိုက်တော့သည်။

"အဟမ်း . . ဦးလေးနဲ့ ဒီက မြမောင်ကောဖိုးတင်စိုးပါ အသေအချာနားထောင်ပေးပါ။ ကျုပ်ရဲ့ တိုက်ကြက်ဖကြီး အိပ်တာက နွားတင်းကုပ်ထိပ်က ထုတ်တန်းပေါ်မှာပါ။ ဘယ်လိုလူမျိုးရဲ့ လက်နဲ့မှ လှမ်းပြီးဖမ်းလို့ မမီနိုင်ဘူး။ ဒါပေမဲ့ ဟောဒီဖိုးတင်စိုးက ခိုးပြီးဖမ်းသွားတယ်။ သူ့မှာ အောက်ကစောင့်ပေးမယ့် အဖော်တစ်ယောက်ပါသေးတယ်။ ပထမတော့ ဘယ်သူမှန်းမသိရပေမယ့် နောက်မှ မြမောင်ဆိုတာ သိလိုက်ရတယ်"

"နေပါဦးကွဲ့၊ မောင်တောကျော်ရဲ့၊ ဒီလိုအတိကျသိရအောင် မောင်ရင့်မှာ အထောက်အထားရှိလို့လားကွဲ့"

ရွာလူကြီးဦးဘမောင်ဝင်ထောက်လိုက်သဖြင့် မြမောင်နှင့် ဖိုးတင်စိုးတို့က ဘယ့်နှယ့်ရှိစဟူသော အမူအရာဖြင့် ပေစောင်းစောင်းကြည့်၏။ ကိုတောကျော်က တည်တည်ငြိမ်ငြိမ်နှင့် ခေါင်းတစ်ချက်ညိတ်လိုက်ပြီး . .

"ရှိတာပေါ့ ဦးလေးရယ်၊ ကျွန်တော်က ခြံကို နေ့တိုင်း ရှင်းလင်းထားတော့ နွားတင်းကုပ်ထိပ် မြေပြင်မှာ သူတို့ရဲ့ သက်သေခံတွေ ကျန်ခဲ့တယ်လေ"

"ဟုတ်လား . . ဘာတွေများ ကျန်ခဲ့တာလဲကွဲ့"

"ဒီလိုပါ ဦးလေး၊ ပထမတော့ ဖိနပ်ရာက အသေးနဲ့အကြီးနှစ်မျိုးဖြစ်နေတယ်။ အစဖော်ဖို့ ခက်တာပေါ့နော်။ သေသေချာချာ ရှာကြည့်တော့မှ ထုပ်တန်းအောက်က မြေပြင်မှာ ဖိနပ်မပါတဲ့ ခြေရာကို တွေ့ရတယ်။ အဲဒီဝန်းကျင်မှာပဲ ခွေးခြေရဲ့ အရာလေးခုကို တွေ့ရပြန်တယ်။ ဒါကတော့ အရပ်မမီတဲ့အတွက် စပါးလှေ့တဲ့ခွေးခြေကိုယူပြီး ခွေးခြေပေါ်ကတစ်ဆင့် ဖမ်းယူသွားတာပဲ။ အဲဒီမှာ မြမောင်က အရပ်ရှည်ပေမယ့် ကြက်ဖမ်းတဲ့နေရာမှာ ဖိုးတင်စိုးက ကျွမ်းကျင်လို့ အရပ်ပုပေမယ့် တက်ပြီးဖမ်းဖို့ တာဝန်ကို ယူတာဖြစ်မှာပါ"

ကိုတောကျော်စကားကြောင့် မြမောင်နှင့် ဖိုးတင်စိုးတို့တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြသည်။

"ခွေးခြေအရာနဲ့ လူခြေရာတွေ့ရုံနဲ့တင် ဖိုးတင်စိုးဖမ်းတယ်လို့ ခိုင်လုံပါ့မလားကွယ်"

ရွာလူကြီး အမေးစကားကြောင့် ကိုတောကျော်ပြုံးလိုက်ပြီး နှုတ်ခမ်းမွေးကို ဟန်ပါပါ တစ်ချက်သပ်လိုက်၏။ ပြီးလျှင် . . .

"ခိုင်လုံတဲ့အချက်ရှိပါတယ်။ ကျုပ် ခွေးခြေထားတဲ့နေရာကို သွားပြီး စစ်ကြည့်တော့ နဂိုနေရာမဟုတ်ဘဲ နေရာလွဲနေတာရယ်။ တင်းကုပ်ထိပ်က ခွေးခြေရာရယ်မို့ ခွေးခြေနဲ့ခုပြီး တက်ဖမ်းတယ်ဆိုတာ အသေအချာပြောလို့ရတာပေါ့ဗျာ၊ ဟဲ . . ဟဲ . . ဟဲ"

ကိုတောကျော်က မထေ့တဖေ့ရယ်ရင်း ဖိုးတင်စိုးကို တစ်ချက်စိုက်ကြည့်လိုက်သည်။ ပြီးလျှင် စကားကို ဆက်၏။

"အင်း . . လူခြေရာကတော့ ဖိုးတင်စိုးရဲ့ ခြေရာမဟုတ်ဘူးလို့ ငြင်းဆန်ဖို့ခက်လိမ့်မယ်။ သူက အရပ်နဲ့လိုက်ပြီးခြေထောက်ပါသေးတယ်။ ဒါကြောင့် ဖိနပ်ရာသေးသေးလေးက သူ့ဖိနပ်ရာပဲ။ ခွေးခြေပေါ်ကို တက်ကာနီး ဖိနပ်ချွတ်လိုက်တာ သူ့အမှားပဲ။ အဲဒီမှာ သူ့ရဲ့ခြေရာ ထင်ကျန်ခဲ့တာပဲ"

"ခြေရာသေးတိုင်း ဖိုးတင်စိုးဟုတ်ပါ့မလား။ တခြားခြေထောက်သေးတဲ့သူဆိုရင်ကော မဖြစ်နိုင်ဘူးလား"

ရွာလူကြီးက ကြားဖြတ်မေးလိုက်ပြန်၏။ မြမောင်တို့နှစ်ယောက်မှာ ကိုတောကျော်၏ စကားများကြောင့် မျက်နှာပျက်စ ပြုနေပြီ။ ကိုတောကျော်က ယုံကြည်ချက်အပြည့်ဖြင့် စကားဆက်ပြန်၏။

"ဖိုးတင်စိုးရဲ့ ညာခြေမှာ ခြေခလယ်က တိုနေတယ်။ ဒါကြောင့် ခြေခလယ်တိုနေတဲ့ ခြေရာဟာ သူ့ခြေရာဆိုတာ ငြင်းလို့မရနိုင်ပါဘူး။ အဲဒီခြေရာကို ကျုပ် ကြက်အုပ်ခြင်းနဲ့ အုပ်ထားတယ်။ မယုံရင် လိုက်ကြည့်ပါ။ တစ်ရွာတည်း နေလာသူတွေဆိုတော့ ဘယ်သူ့မှာ ဘာဖြစ်နေတယ်ဆိုတာ သိပြီးသားပါ။ ကဲ . . ဖိုးတင်စိုး၊ ငြင်း

•



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ညာခြေထောက်ကို ဦးလေးကို ထုတ်ပြလိုက်ပါဦးကွ။ လုပ်လေ . ယောက်ျားပဲ ပြလိုက်စမ်းပါကွ"

ဖိုးတင်စိုးမှာ ဖောချွေးများ ပျံ့တက်လာပြီး ခြေထောက်ကိုပြဖို့ ဝန်လေးနေသည်။ ဦးဘမောင်က ရှေ့သို့ နည်းနည်းတိုးလာပြီး ...

"ပြစမ်းပါဦးကွ ဖိုးတင်စိုးရဲ့ ရွာလူကြီးလုပ်နေတဲ့ ငါတောင် ဒါတွေ မသိသေးဘူး"

ဖိုးတင်စိုးမှာ မျက်စိမျက်နှာပျက်ပျက်နှင့် ညာခြေကို မရဲတရဲထုတ်ပြ၏။ မှန်သည် ..။ ဖိုးတင်စိုး၏ ညာခြေလယ်မှာ သိသိသာသာတိုနေ၏။

"ဟာ ..ဟုတ်သားပဲ၊ ခြေလယ်က တိုနေတာကိုး။ ကဲ ..ကဲ ကျန်တဲ့တစ်ယောက်က မြမောင်ပါလို့ ဘယ်လိုသိသလဲ"

ရွာလူကြီးက မေးခွန်းထုတ်ပြန်သည်။

"ဒါကတော့ ..ကျုပ် ရွာထဲ လျှောက်လာရင်း စိတ်ကူးပေါက်တာနဲ့ ဒေါ်စပ်စုကြီးကုန်စုံဆိုင်မှာ ဝင်ပြီးစုံစမ်းလိုက်တယ်ပါ။ ညကြီးသန်းခေါင်ကျမှ ဆီ၊ ကြက်သွန်၊ မဆလာတွေ မြမောင်လာပြီး နှိုးဝယ်တဲ့အကြောင်း၊ ဖိုးတင်စိုးတို့အိမ်မှာ ကြက်သားကာလသားချက်ချက်စားဖို့ နှိုးပြီး အကြွေးဝယ်တယ်လို့ မကျေမနပ်နဲ့ ပြောပြလို့ သိခဲ့ရတယ်။ ဒီတော့ သူတို့နှစ်ယောက် ညက မတွေ့ဖြစ်ဘူးဆိုတဲ့ စကားက ယုတ္တိမရှိဘူး။ လိမ်ညာပြောနေတာ ပေါ်လွင်မနေဘူးလား ဦးလေးရယ်"

"ဟား ..တယ်လည်း အကွက်စေ့ပါလား မောင်တောကျော်ရယ်၊ ကဲ မြမောင်နဲ့ ဖိုးတင်စိုး၊ မင်းတို့ ငြင်းချင်သေးလား"

ရွာလူကြီး ဦးဘမောင်၏ အမေးစကားကြောင့် မြမောင်နှင့် ဖိုးတင်စိုးမှာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ရင်း ဖောချွေးများ ပြန်လာနေသည်။ ခြေတွေလက်တွေလည်း သိသိသာသာတုန်နေ၏။

"ကဲ ..ဦးလေး သူတို့ဆက်ပြီး ငြင်းနေရင် သည်အမှုကို ရဲစခန်းလွှဲပေးပါ။ ဟိုကျမှ ရှင်းတော့မယ်"

ကိုတောကျော်ပြောလိုက်သောစကားကြောင့် နှစ်ယောက်စလုံး ပြုံးပြုံးပျာပျာဖြစ်သွားပြီး ...

"ကျုပ် ..ကျုပ်တို့ မှားမိပါတယ်ဗျာ။ ရဲစခန်းတော့ မအပ်ပါနဲ့။ ကိုတောကျော်ပြောသမျှ အားလုံးအမှန်တွေပါပဲ။ ဝန်ခံပါတယ်။ ကျုပ်တို့ ကြက်ဖိုးကိုလည်း ရော်ပါ့မယ်။ နောင်ဆို ကိုတောကျော်ရဲ့ ပစ္စည်းမှန်သမျှ ဝေးဝေးက ရှောင်ပါတော့မယ် ခင်ဗျာ။ ဒီတစ်ခါတော့ ခွင့်လွှတ်ပေးပါ။ တောင်းပန်ပါတယ်ဗျာ"

မြမောင်က သနားစရာ မျက်နှာငယ်လေးဖြင့် တောင်းပန်နေသည်။ နဂိုက ရှုံ့ရှုံ့သမားဂျပုဖိုးတင်စိုးမှာလည်း ကြက်ကြီးလည်လိမ်ထားသလို ခေါင်းငိုက်စိုက်နှင့် ဖြစ်နေတော့သည်။

"ကဲ ..ဦးလေး၊ သူတို့ကို သင့်တော်သလိုသာ အပြစ်ပေးလိုက်ပါ။ ကြက်ဖိုးတော့ မရော်ပါနဲ့တော့။ နောင်ကို ကျုပ်ပစ္စည်းဆို ဝေးဝေးကရှောင်ပါ့မယ်ဆိုတာနဲ့တင် ကျေနပ်ပါပြီ။ ကဲ



ကျုပ်ကို ခွင့်ပြုပါဦး။ မြို့က ငှားလာတဲ့ စုံထောက်ဝတ္ထုဇာတ်သိမ်းပိုင်း ဖတ်ရဦးမှာမို့ သွားတော့မယ်ဗျာ"

ကိုတောကျော်က ပြောပြောဆိုဆို နေရာမှထကာ အိမ်အောက်သို့ ဆင်းသွားလေတော့သည်။

အမှန်တကယ်၌မူ ကိုတောကျော်ကဲ့သို့ လူတိုင်းမှာ ရသည့်အချိန်လေးတွင် လက်လှမ်းမီသလောက် စာပေများကို ဖတ်ရှုသင့်သည်။ စာပေဖတ်ရှုခြင်းသည် ဗဟုသုတနှင့် ချင့်ချိန်တတ်မှုတွင် အများတကာထက် နှာတစ်ဖျားသာစမြဲပင်။

စာပေ၏ အကျိုးတရားများကို အသုံးချတတ်သော ကိုတောကျော်ကား ထိုနေ့မှစ၍ ကျေးလက်စုံထောက် မောင်တောကျော်ဟုသာ အမည်တွင်ခဲ့လေတော့သတည်း။

ဖြူနဲ့သင်း

www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com





"ဟိုက် ‥ မြွေကြီးပါလား"

ဟုတ်ပေသည် ‥။

အထက်ပါအတိုင်း ကျွန်တော့်နှုတ်ဖျားက ထွက်လာသည့်စကားအတိုင်း အပေါ်ကို မြင့်တက်လာသည့် အရာကို စူးစိုက်ကြည့်နေစဉ် အမြင်က ပြောင်းသွားသည်။ တစ်မဟုတ်ချည်း ဆိုသလို သွဲ့ပျောင်း၍ မြင့်တက်လာသည့်အပိုင်း(ဦးခေါင်း)ပိုင်းက ပုံပြောင်းသွားသည်။ အမြင်တွင် ရှည်ပိုင်းသော ပါးပျဉ်းခွက်ကြီး၊ မည်းနက်ရှည်လျားသည့် လျှာနှစ်ခွက ပျူတစ်ပျူတစ်၊ ဖန်ဂေါ်လီလုံးနီးပါး ရဲရဲတောက်မျက်လုံး အစုံတို့အပြင် ဖြဲဟထားသော ပါးစပ်ကြီးအတွင်း ဘေးသို့ငေါထွက်နေသည့် အစွယ်ကြီးတို့နှင့်အတူ ပါးစပ်ကိုဖြဲ မာန်ထပြနေသည့် မြွေကြီးက ပေါ်ပွရန် လိုနေသည့် ဟန်။ သူ့အတွင်က သား



www.burmeseclassic.com

www.burmeseclassic.com



ာကပ်နေသည့်ပုံပင်။ သို့အတွက် ာဝရရန်လိုနေသည့်ပုံမျိုး။ သို့အတွက် ူကို မထေမဲ့မြင်လုပ်လို့မရ။

ကျွန်တော်တို့အဖွဲ့သား(၆)ဦးက ည်း ကျောပိုးအိတ်များကို မြေပြင်သို့ ်ချလိုက်ပြီး သေနတ်တွေကို မောင်း ာင်ကာ သူ၏ရှေ့ ဝါးတစ်ရိုက်ခန့် အကွာမှ လခြမ်းသဏ္ဍာန်ဖြင့် တိုင်ပင် ထားကြဘဲ ဝိုင်းထားသည့်အနေ အထားမျိုးရှိနေသည်မို့ သူ့အတွက်က ထွက်ပေါက်ပိတ်နေသည်။

ကျွန်တော်တို့ (၆)ဦးထဲမှ ဘယ် သူ့ကို ဦးစွာတိုက်ခိုက်ထိုးစစ်ဆင် ဖောက်ထွက်ရန် နှုတ်ဖျားမှ တရှီးရှီး တမျိုးမျိုး ရန်လိုသံကြီးကိုပြုရင်း ဘယ် ညာယိမ်းထိုး စောင်းငဲ့ အလစ်အငိုက် ကြည့်နေသည့်ပုံစံက တစ်ချက်ကလေး မှ သူ့ကို အလစ်ပေးလို့မရသည့် အနေ အထား။ သတိလက်လွတ်ဖြစ်သွားပါ က သူ့အစွယ်ဖျားတွင် အဆိပ်များနှင့် အတူ ဝိညာဉ်ကို ပေးလိုက်ရမည်က အမှန်။

သူ့ခန္ဓာကိုယ်က ရှည်လျားလွန်း သလို အနီတစ်ရစ်နှင့် ဆင့်ကာထားပြီး အားကောင်းမောင်းသန်မြွေမျိုးဖြစ် သည်။ မာန်ရှိသည်။ ဒေါသရှိသည်။ အဆိပ်ပြင်းသည့်အပြင် လျှင်မြန်သွက် လက်မည့်ပုံစံမျိုး။ ကြည့်ရသည်မှာ သားဖောကပ်နေသည့်အသွင်။

ကျွန်တော်တို့အဖွဲ့ ဘယ်လိုမှ တွေးထင်မထားဘဲ အမှတ်မထင် တိုက် ဆိုင်သည့် ဖြစ်ရပ်မို့ သတိမပြုမိကြ သော်လည်း သူကိုယ်တိုင်က သားစိတ်တက်ကာ ရန်လိုပြီး မြေပြင်ပေါ်သို့ ပစ်ရပြီး စိန်ခေါ်နေသည့် မြွေကြီးသည် မသေးလှ။ ကျွန်တော့်ပေါင်လုံးခန့်ရှိပြီး အားကောင်းမောင်းသန်ဖြစ်သည်မို့ သူ ထွက်ပေါက်ပိတ်ပြီး ဝိုင်းကာနေရာယူ ပိတ်ဆို့ထားလိုက်ပြီး သေနတ်နှင့် ချိန် ရွယ်ထားလိုက်မိခြင်းက ကျွန်တော် တို့အတွက် တစ်ပန်းသာနေသည်။ အကယ်၍များ ကြောက်လန့်ပြီး ဝရုန်း သုန်းကား ထွက်ပြေးလိုက်မိကြပါက တရှိန်ထိုး နောက်က ပြေးလိုက်ပြီး ကိုက်မည်။ ပေါက်မည်။ ပြီးနောက် လိမ်ပတ်ရစ်ခွေဆွဲဆန့်မျိုမည်က ကေန် ဖြစ်သည်။ ထိုကဲ့သို့ တောကြီးများ အတွင်း မထင်မှတ်ဘဲ မြွေကြီးများနှင့် ရင်ဆိုင်ကြုံတွေ့တတ်ကြသဖြင့် စာဥ စမ်းစခန်းဆင်အုပ်ကြီးက ကျွန်တော် တို့ကို မကြာခဏသတိပေးခဲ့ဖူးသည်။ သို့အတွက် ဆင်အုပ်ကြီးကိုလည်း ကျေးဇူးတင်နေမိသည်။ သူ့စကားတွေ ကိုလည်း ပြန်လည်ကြားယောင်နေမိ သည်က ..

"ဟေ့ မုဆိုးတွေ၊ မင်းတို့ကို ငါ တစ်ခုမှာလိုက်ချင်တယ်ကွာ"

မဆီမဆိုင် ဘာကိုရည်ရွယ်မှန်း မသိ။ ဖက်ကြမ်းဆေးပေါ့လိပ်ကြီးကို ဖွာလိုက်၊ အဖန်ရည်ကို မော့သောက် လိုက်လုပ်ရင်း ပြောနေသည့်စကားမို့ ကျွန်တော်က ...

"ဟုတ်ကဲ့ ဆင်အုပ်ကြီး၊ သိသင့် တာတွေကို လိုက်နာမှတ်သားရအောင် ပြောသာပြောပါ ခင်ဗျ"

"အေး .. မင်းတို့ တောတောင်တွေထဲ အမဲပစ်နေကြတဲ့သူတွေဆို တော့ ငါ သတိပေးလိုက်ချင်တာက အကယ်၍များ တောထဲမှာ အမှတ်မ ထင်မြွေကြီးတွေနဲ့ ထိပ်တိုက်တိုးခဲ့ကြ မယ်ဆိုရင် ဘယ်တော့မှ ထွက်မပြေး ကြနဲ့ကွ ကြားလား"

"ဘာကြောင့်လဲ ဆင်အုပ်ကြီးရဲ့၊ ရှင်းစမ်းပါဦးဗျ"

"ကိုယ်က ကြောက်လန့်ပြီး ပြေး ခဲ့ရင် သူက နောက်ကနေလိုက်ပြီး မီ ရာကို ဖမ်းဆွဲပြီး လိမ်ပတ်ဆွဲဆန့်ကြ တယ်ကွ"

"ဟုတ်လား၊ ဒါဆို ထွက်မပြေး ကြရင်ကောဗျာ"

"အေး .. မပြေးဘဲရပ်ပြီး သူ့ကို ရင်ဆိုင်ရင်၊ မလိုက်တော့ဘဲ ရပ်သွား ပြီး ခေါင်းထောင်ကြီး အပေါ်စည်းကို ယူရင်း လူနဲ့တစ်လံနီးပါး တိုးကပ်လာ ကြတယ်။ လူကို အပေါ်စည်းက ပေါက် ချဖို့အတွက်ပေါ့။ အဲဒီမှာ ပါးပျဉ်းခွက် ရင် အပေါ်စည်းက ပေါက်ချတတ်တဲ့ ကောင်မျိုးကွ"

"ဟုတ်ကဲ့ ဆင်အုပ်ကြီး၊ ဆက် ပါဦး"

"ကိုယ်ကရပ်ပြီး မပြေးဘဲနေသ လို သူကလည်း ကိုယ်နဲ့တစ်လံကွာ လောက်ကပ်လာပြီး အပေါ်စည်းက ပေါက်ချဖို့ လုပ်တဲ့အချိန် အဲဒီကြား ကာလဟာ ကိုယ့်အတွက် အခွင့်အရေး ရတာမို့ ဉာဏ်ရှိသလို လက်တုံ့ပြန် အသုံးချပေါ့။ အပိုင်အနိုင် အသုံးချ ပြန်အနိုင်ယူပေါ့ကွ"

အမှတ်မထင် သူ့ဆီရောက်တုန်း



www.burmeseclassic.com

www.burmeseclassic.com



သင်တန်းပို့ချလိုက်သော စာဥစမ်းဆင်စခန်းမှ ဆင်အုပ်ကြီး မှာကြားချက်ကယခု ကြုံတွေ့နေရသည့် ဖြစ်ရပ်နှင့်အမှန်ကွက်တိဖြစ်နေသည်။

အမှန်တော့ ရှုံးအားရက်ကလေးကို အရယူပြီး သည်ခရီးကို မလိုက်နိုင်သူ လူငယ်တွေကိုထားလျက် (၃)ဦးသား ထွက်လာခဲ့ကြခြင်းပင်။

ပါလာသည့်ကားကို သူ့ဆင်စခန်းတွင် အပ်နှံကာ ရွာခံမုဆိုးများကိုခေါ်ပြီး သားကောင်ကြီးများနောက် လိုက်ကြရန် ထွက်ခဲ့ရာမှ စခန်းအထိုင်ချမည့် နေရာဆီသို့ အနီးဆုံး တောလမ်းအတိုင်းသွားနေစဉ် တောတွင်းတစ်နေရာအရောက် သစ်ပင်ကြီးထက်အသိုက်ဝပ်နေသော မြွေကြီးတစ်ကောင်က သူဝပ်နေသော ဥတို့ကိုအန္တရာယ်ပေးမည့်အထင်နှင့် သစ်ပင်ကြီးထက် အသိုက်တွင်းက ဖြုတ်ချကာကျွန်တော်တို့ကို ရန်လုပ်နေခြင်းကို ခံနေရခြင်းပင်။

"ရှီး ‥ ဖျီး ‥ ဖျီး ‥ ရှီး"

ရှည်လျားပြီး အနီတစ်ရစ်၊ အနက်တစ်ရစ်နှင့်ငန်းမြွေကြီးသည် မြေပြင်ကို ဖြိုချလိုက်ပြီး ချက်ချင်းခေါင်းထောင်လိုက်၍ သူ၏ ကြီးမားသော ပါးပျဉ်းခွက်ကြီးကို ဖြန့်ကျက်ပြီး ခွက်လိုက်ရင်း တဖြည်းဖြည်းတိုးကပ်လာသည်မို့ ဦးခေါင်းက ကျွန်တော်တို့ အရပ်များထက်ပင် မြင့်နေသေး။ လှမ်းပေါက်ချမည်ဆိုက ပေါက်လို့ရသော်လည်း သေနတ်နှင့်ချိန်ထားကြသည့် ကျွန်တော်တို့က လှုပ်ရှားမှုမရှိဘဲ ငြိမ်နေသည့်အတွက် မည်သူစတင်လှုပ်ရှားမည်ကို အလစ်မပေးစတမ်းကြည့်နေသည်။ သို့သော် ကျွန်တော်တို့လှုပ်ရှားမှုကို မတွေ့ရသဖြင့် အရဲကိုးကာ ရှေ့ကိုတိုးကပ်လာပြီမို့ ‥။

"ဒိုင်း ‥ ဒိုင်း ‥ ဒိုင်း ‥ ဒိုင်း"

သေနတ်များက မြွေကြီးကို မူလကတည်းက ချိန်ရွယ်ထားကြပြီးသားမို့ ကျွန်တော်တို့၏ လှုပ်ရှားမှုသည် သေနတ်မောင်း ကွင်းထဲမှ လက်ညှိုးကလေး၏ လှုပ်ရှားလိုက်ရုံသက်သက်ဆိုတာကို မြွေကြီးသိဟန်မထင်။ ခြောက်ပေခန့်အမြင့် စကောတစ်ချပ်နီးပါး ရှည်ဝိုင်းဝိုင်း ပါးပျဉ်းခွက်ကြီးအတွင်း သုံးထပ်ကွမ်းအထက်အောက်မျဉ်းပြိုင်လို ဖြစ်နေသည့် ကြာခွက်အတွင်းသို့ ချိန်ရွယ်ပစ်လွှတ်လိုက်ကြပေသည်။ သေနတ်သံနှင့်အတူ ကျည်ခဲလုံးတို့ ဖြတ်ဖောက်သွားခြင်းခံလိုက်ရသော ငန်းမြွေကြီး၏ ဦးခေါင်းပိုင်းမှာငှက်ပျောပင်ကို ဓားဖြင့် ခုတ်ဖြတ်ခံလိုက်ရသလို ထက်ပိုင်းကျိုးကျသွားသည်နှင့်အတူ ကိုယ်ထည်ကြီးက မြေပြင်သို့ ပြုတ်ကျပြီး အလူးလူးအလိမ့်လိမ့်နှင့် သစ်ပင်ငယ်များကို လိမ်ပတ်ကာ ညှစ်လိုက်သဖြင့် တဖြောင်းဖြောင်းကျိုးသံများနှင့်အတူ တစ်ခဏအတွင်းထိုနေရာလေးသည် ယမ်းနံ့များနှင့်သွေးညှီနံ့များ လွှမ်းသွားပေတော့သည်။ အဘကောင်းက …

"သောက်ကျိုးနည်း၊ တောထဲတောင်ထဲ မဝင်ရသေးဘူး၊ မြွေနဲ့စတိုးတာပဲဟေ့။ သေနတ်တွေကို လမိုင်းပြန်တင်ရတော့မယ်။ ကိုသိန်းလွင်နဲ့ဘိုလေး ဘယ်လိုသဘောရကြသလဲ။ နောက်ပြန်ဆုတ်မလား ‥ ရှေ့ဆက်တိုးကြမလား"

သူ့သဘောထားတောင်းလိုက်သည့်အတွက် အစ်ကိုကြီး ဦးသိန်းလွင်က ‥

"ခုလို ရက်အားလေးကို အချိန်ယူပြီး အမဲပစ်ထွက်ရတာ လွယ်တာမဟုတ်ဘူး အဘကောင်းရဲ့။ ဒါကြောင့်မပြန်ဘူး အဘရယ်။ ရှေ့ဆက်တိုးကြမယ်၊ ဖြစ်လာသမျှလည်း ရင်ဆိုင်ကြတာပေါ့"

"ဒီလိုဆို ကုလား၊ အပင်ပေါ်တက်ပြီး ငန်းမြွေသိုက်ကို မီးရှို့ပစ်လိုက်၊ ငါတို့လမ်း ငါတို့သွားတာကိုအပင်ထက်က ဖြုတ်ချပြီး ရန်ရှာတဲ့ကောင်၊ အကုန်ရှင်းပစ်"

အဘကောင်းပြောလိုက်သည့် စကားများကြောင့် အလယ်မြောင်ရွာသား ကုလားက မြေပြင်တွင် ကြွေကျထားသည့် သစ်ရွက်ခြောက်များကိုကောက်ယူပြီး အပင်ပေါ်သို့ တက်သွားလျက် အော်ပြောလိုက်သည်က …

"ငန်းဥတွေအားလုံး ခုနစ်ဆယ်နီးပါးဘဲဗျ"

ထိုစကားကြောင့် အဘကောင်းက ဒေါသသံနှင့် ပြောလိုက်သည်က–

"ဘယ်လောက် ဖြစ်ဖြစ်ကွာ၊ မီးရှို့ဖျက်ဆီးပစ်လိုက်"

ငန်းသိုက်နားရောက်နေသည့်ကုလားက သစ်ရွက်ခြောက်များကို မီးရှို့ကာ ငန်းသိုက်အတွင်း ပစ်ချကာ



www.burmeseclassic.com

www.burmeseclassic.com



ဆင်းလာခဲ့ပေသည်။ အပင်ထက်ထိုက်တွင်းရှိ ငှက်ဥတို့မှာ တဖျစ်ဖျစ်အောင်ကျွမ်းနေသော မီးတောက်ကြီးအောက်တွင် လောင်ကျွမ်းပျက်စီးသွားကြမည်ကအမှန်။ ကျွန်တော်တို့မှာ အျာပိုးအိတ်ကိုလွယ် သေနတ်ကိုယ်စီဆီးကာ ဦးတည်ရာဆီသို့ လှမ်းခဲ့ကြသည်။

အမှန်တော့ အဘကောင်းပြောသကဲ့သို့ ဖြစ်ရပ်ကြောင့် ကျွန်တော်ကိုယ်တိုင် လှည့်ပြန်ချင်စိတ် ပေါ်ခဲ့သည်က အမှန်။ ပြောရလျှင် သည်ဖြစ်ရပ်ကြောင့် ကျွန်တော်ကိုယ်တိုင်လည်း စိတ်ဓာတ်က အောက်ဆုံးဆီသို့ နိမ့်ကျသွားသည်။

BURMESE CLASSIC .com

အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့အဖွဲ့ အမဲပစ်လေတိုင်း တွေ့ခဲ့ရသည့် အတွေ့အကြုံအရ လမ်းတွင်ယခုလို မြွေဆိုသည့် သတ္တဝါနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ပါကခရီးစဉ်တစ်လျှောက် အန္တရာယ်အမျိုးမျိုးနှင့် ကြုံတွေ့ကြရသဖြင့် နိမိတ်မကောင်း။ ထိုခရီးတွင် လူသေအလောင်း တိရစ္ဆာန်အသေကို တွေ့ပါက လာဘ်ကောင်းသည်။ သေနတ်တွင် လမိုင်းကပ်သည်။ သားကောင်တိုများများ ပစ်ခတ်လို့ရသလို ခက်ခက်ခဲခဲမရှိသည့် အနေအထားတွေက ကျွန်တော်တို့ အရိုးစွဲအောင် မှတ်သားထားကြသည့် အတွေ့အကြုံများဖြစ်နေသည် မဟုတ်ပါလား။

"မြွေကြီးကို ဒီအတိုင်း ထားခဲ့ကြမှာလား အဘကောင်း"

အိပ်တလူးကုန်းသား ဖိုးစံညွန့်က သွားနေရင်း လှမ်းမေးလိုက်သည်မို့–

"ထားခဲ့ကွာ၊ စခန်းရောက်မှ လင်းယုံတို့ကို ပြောပြပြီး သူတို့လိုချင်ရင် လာသယ်ကြပစေ"

အဘကောင်း ပြောလိုက်ပြီး ကျွန်တော်တို့အဖွဲ့ ဆက်လက်လျှောက်လှမ်းလိုက်ကြရင်းက အချိန်ကို ခန့်မှန်းကြည့်လိုက်သည်။ နေညိုချိန်ပင်ရောက်ပေတော့မည်။ နံနက်စာကို ဖလုံတွင်စားခဲ့ကြသဖြင့် တော်နေသေးသည်။ စခန်းအထိုင်ချမည့်နေရာဆီ ရောက်ဖို့က အတော်လိုသေးသည်။ ဒါတောင် တောလမ်းအတိုင်းသွားခြင်းမို့ပင်။

လူသွားလမ်းအတိုင်း မသွားကြဘဲ တောထဲဖြတ်ပြီး သွားနေကြရသည်မို့ သစ်ပင်ရိပ်များကြောင်း နေပူဒဏ်က အထိုက်အလျောက်သက်သာသလို တောပန်းတောင်ပန်းရနံ့တို့ကိုလည်း တိုက်ခတ်သည့်လေကြောင့် ရနေသဖြင့် အဆုတ်တွင်းရောက်သည့်တိုင် ရှူသွင်းလိုက်မိသည်။ တောပန်းရနံ့ကို သယ်ဆောင်လာသော လေနုအေးတို့အကြား လျှောက်လှမ်းနေရင်း အတန်ကြာတော့ လေပြင်းကလေးများ တိုက်ခတ်စပြုလာသည်နှင့်အတူ နေညိုချိန်မို့ အအေးဓာတ်ကလည်း ဝင်လာသည်။ ဝန်းကျင်တွင် ငှက်မျိုးစုံအသံနှင့် တောကောင်များ အော်ဟစ်သံကြားလာရသည်။ ထိုအချိန် မျောက်မျက်ကွင်းဖြူတို့က သဖန်းသီးများစားနေကြရင်း ကျွန်တော်တို့ကို တွေ့ပြီး လျှို့အထက်ကို တက်ပြေးသွားကြသည်။ ခပ်လှမ်းလှမ်းမှ ချေအူသံများကိုလည်းကြားနေရသည်။

တိုက်ခတ်လာသည့်လေသည် လေပြည်မှတစ်ဆင့် လေပြင်းသို့ပြောင်းသွားသည်ကို သတိမပြုလိုက်မိကြ။ ဖြစ်ရိုးဖြစ်စဉ် တောတွင်းသဘာဝမို့ သတိမထားကြသော်လည်း အတန်ကြာသော် တိုက်ခတ်သောလေက ကြမ်းလာသည်နှင့်အတူ ကောင်းကင်တစ်ခွင်လုံး ညိုမှောင်လာသည်။ ပြီးနောက် မှောင်မည်းလာပြီး အရှေ့ဆီမှ လျှပ်ပန်းလျှပ်နွယ်တို့ပါ ဖျိုးဖျိုးဖြက်ဖြက် ဝင်းလဲ့ပြီး မိုးခြိမ်းသံများကိုလည်း ကြားလာရသည်။ အချိန်အခါမဟုတ်ဘဲ မိုးကားရွာမယောင်ဟန်ပြင်ခဲ့ပေပြီ။

လတ်တလော မျက်စိရှေ့တွင်ပင် ရာသီဥတုဖောက်ပြန်ပြောင်းလွဲသွားမှုအပေါ် ကြည့်ရှုသတိထားမိသည့် ကျွန်တော်မှာ အတော်ပင် စိတ်မသက်မသာရှိနေသည်။ နွေခေါင်ခေါင်ဖြစ်စေကာမူ ရုတ်ချည်းဖြစ်ပေါ်ပြောင်းလွဲသွားနေမှုသည် နေ့သိုက်ကြီးမှ နေ့မြွေကြီးရန်မှု၌ သတ်ပြီးသည့်နောက်ပိုင်းမှ ဖြစ်ပေါ်လာသည့်ကိစ္စမို့ ကျွန်တော်တို့အဖွဲ့အတွက် ဖြစ်လာမည့် ရှေ့ပြေးနိမိတ်ပေလားတော့ဖြင့်မသိ။

တစ်ခဏလေးအတွင်း လေပြင်းနှင့်အတူ လျှပ်ပန်းလျှပ်နွယ်များ ဖျိုးဖျိုးပြက်ပြက် တဝင်းဝင်းတလဲ့လဲ့တို့နှင့်အတူ မိုးခြိမ်းသံများနှင့် အငြိုးတကြီး မိုးပါရွာချရင်း မိုးကြိုးပါပစ်ချလိုက်ပြန်သည်ကို တွေ့လိုက်ရပေသည်။

လတ်တလောတွင်လေပြင်းတိုက်ခတ်မှု၊ မိုးကြိုးတို့ပစ်ခတ်မှု၊ မိုးခြိမ်းမှု လျှပ်ပန်းလျှပ်နွယ်လင်းလဲ့မှုတို့နှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



သည်းသည်းမည်းမည်း အပြိုးတကြီး ရွာချနေမှုအတွက် ရိုးမကြီးအတွင်း သစ်ရိုင်းပင်ကြီးများ၊ တောချုံပင်ကြီးများ၊ ဝါးရုံတောကြီးများနှင့်အပင်ငယ်များတို့ပင် လေယူရာတိမ်း ဘယ်ညာယိမ်းနွဲ့ရှိနေကြသည်။ အချိန်ကလည်း (၅)နာရီရှိနေပြီမို့ အမှောင်ထု၏ ဖိစီးမှုကြောင့် ဦးတည်စခန်းချမည့်နေရာဆီသို့ အရောက်သွားကြရန် ဘယ်လိုမှ မဖြစ်နိုင်တော့သည်မို့ အဘကောင်းက–

“ငါတို့အဖွဲ့ ရှေ့ခရီးဆက်ဖို့ မလွယ်တော့ဘူးဟေ့၊ တောင်ကျရေတွေ ဒလဟောစီးနေတဲ့ ရှေ့ကတောင်ကျချောင်းကို ဖြတ်ဖို့မလွယ်ဘူး။ ဒီည စခန်းချဖို့ နေရာကို ကြည့်ပေတော့”

အဘကောင်းပြောသည်ကလည်း ဟုတ်ပေသည်။ ယနေ့အဖို့ ဦးတည်ရာ အရောက်သွားဖို့ဆိုသည်က ဘယ်လိုမှ မဖြစ်နိုင်တော့။ အဘယ်ကြောင့်ဆိုသော် ရှေ့သွားကြရမည့်လမ်းတွင် တောင်ကျရေတို့ စီးဆင်းရာ ပုလွေးချောင်းကို ဖြတ်ကျော်သွားရပေမည်။ ချောင်း၏အကျယ်မှာ ပေ(၁၂၀)ထက် မနိမ့်၊ ယခုလို သည်းထန်စွာရွာချလိုက်သော မိုးရေတို့သည် ထိုချောင်းရိုးအတိုင်း စီးဆင်းပြီး တောကိုမှီပြီး လုပ်ကိုင်စားသောက်ကြသည်။ သစ်ခုတ်သမား၊ ဝါးခုတ်သမားတို့ ဖောင်ဖွဲ့ကာ ဆင်းကြသည့်ချောင်း ဖြစ်ပေသည်။ ရေစီးကလည်း အလွန်ကြမ်းပြီး တောတွင်းသတ္တဝါတို့ကိုပင် ဝါးမျိုပြစ်သည့် တောင်ကျချောင်းကြီးဖြစ်ပေသည်။ ယခုပင် လေမိုးအကြားမှ တောင်ကျရေတို့ အပြိုးတကြီး စီးဆင်းသံများကို ကြားနေရပေသည်။

BURMESE CLASSIC .com

ကိုယ့်ထက်လည်း အသက်ကြီး၊ အတွေ့အကြုံကြီးမားသူ ပြောလိုက်သည့်စကားမို့ ကျွန်တော်တို့အဖွဲ့ နေရာ ရှာကြသည်။ မရှာလို့ကလည်း မဖြစ်၊ မိုးရေစိုရွှဲပြီး လူတွေကလည်း ကြွက်စုတ်လိုဖြစ်ကာ ချမ်းသည့်ဒဏ်ကိုလည် အလူးအလဲခံနေကြရသည်။ ထိုဝန် ကျင်တွင် ရှာမရသည့်အဆုံး တောင်က ချောင်းကမ်းနဖူး မြေပြောင်ပြော အထိုင်ကောင်းမည့်နေရာကို ရွေးလိုက် ကြသည်။ အဖွဲ့သားအားလုံးပင် ဝါး ခုတ်၊ နီးဖြာ၊ ထင်းရှာ၊ တဲထိုးနှ အလုပ်ရှုပ်သွားကြသည်။ တဲအမိုးကို တော့ တောငှက်ပျောရွက်တို့ကို ထပ် လျက်မိုးလိုက်သလို လေတိုက်မိုးပက် မည့်နေရာကိုလည်း ငှက်ပျောရွက် တောင်တန်းရွက်များနှင့် ကာလိုက်ကြ ခြင်းအားဖြင့် အထိုက်အလျောက်နေလို့ ရပြီး လုံခြုံသွားသည်။ ထိုအချိန် နာရီ ကိုကြည့်လိုက်ရာ (၇)နာရီပင်ထိုးနေပြီ မိုးကားမစဲသေး။ အပြိုးတကြီးနှင့်ရွာ လို့ကောင်းတုန်းပင်။ ညနေစာကိုဝါးဆစ် ပိုင်းအတွင်းဆန်ထည့်ကာ မီးဖို၍ ပြုတ် လိုက်ပြီး အိမ်ကပါလာသော ငါးခြောက် ထောင်းကြော်ဖြင့် စားလိုက်ကြရုံပင်။





www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့မှာ မိုးမိခံထားရသည့် ဒဏ်ကြောင့် မီးမွှေးကာ ပြုတ်ထားသည့်အတွက် မီးလှုံလို့မရသေး။ ကျောပိုးအိတ်အတွင်း ပါလာသည့် ပုလင်းကိုထုတ် အဖုံးဖွင့် ဝါးဆစ်ခွက်ထဲငှဲ့ကာ အငမ်းမရသောက်နေလိုက်မိကြပေသည်။ ယခုမှပင် ပါးစပ်ကစောတ်ကလေးကြောင့် အနွေးဓာတ်ကလေး ဝင်လာသည်မို့ နေသာထိုင်သာရှိသွားကြသည်။

ဆန်ပြုတ်ကျက်သော်လည်း မစားနိုင်ကြသေး။ စိုနေသော အဝတ်များကို မီးအပူနှင့် ခြောက်သွေ့အောင် လုပ်နေကြစဉ် အစ်ကိုကြီး ဦးသိန်းလွင်က . . .

"အဘကောင်း၊ မြွေနဲ့ကျွန်တော်တို့အဖွဲ့ တိုးလို့ကတော့ ပြောရင်ယုံကြမှာတောင်မဟုတ်ဘူးနော်။ ခုလည်း ကြည့်လေ သူနဲ့တွေ့ပြီးမှ နွှေခေါင်ခေါင်တောကြီးထဲမှာ မိုးမိပြီး ခရီးဆက်လို့တောင်မရဘူးဆိုတဲ့အဖြစ်က . ."

ထိုသို့ ပြောနေစဉ် ဂေါ်ရီဂျီကုန်းမှဆိုးကိုမောင်က . .

"ကျွန်တော်ကတော့ ခုလို မိုးတအားရွာလိုက်တာကို ပိုသဘောကျတယ်ဗျ"

"ဟ . . . ဘာကြောင့်တုန်းကိုမောင်ရဲ့"

"ခုလို မိုးက ဒုက္ခမပေးဘဲ အခြားတစ်ခုခုဖြစ်ရင် ဘာဖြစ်မယ်ဆိုတာ ဘယ်သူဘာဖြစ်မယ်ဆိုတာ မသိပေမယ့် ခုလို မိုးကြီးရွာချလိုက်တော့ အတော်လေး စိတ်အေးသွားတယ်"

ထူးခြားတာက
အခြားငန်းမြွေတွေလို
သူတို့အမြီးက
သွယ်သွယ်မဟုတ်။
တုတ်ခိုင်ပြီး
မာကျောတယ်။ မြေပြင်ကို
အမြီးနဲ့ထိုးစိုက်ပြီး
ခန္ဓာကိုယ်ကိုမတ်ပြီး
ထောင်ထားကာ
လုံးဝမလှုပ်ရှားဘဲ
ငြိမ်နေတတ်ကြတယ်။
သားကောင်တွေက
မီးလောင်ခံထားရတဲ့
သစ်ပင်ကြီးအမှတ်နဲ့
ကပ်လာတော့မှ
. . .

"အေးပါ . . ဘာကြောင့်ဆိုတာ ပြောပါဦး"

"ဘာကြောင့်ဆို ငန်းမြွေတွေထဲမှာ ခုပစ်ခဲ့တဲ့ ငန်းသံကွင်းစွပ်ဆိုတဲ့ အမျိုးက အဆိုးဆုံး၊ အငြိုးအတေးကလည်း အကြီးဆုံး၊ အဆိပ်လည်း အပြင်းဆုံး အကောင်မျိုးဗျ။ ငန်းမသေရင် ငန်းဖိုက လိုက်ကလဲ့စားချေတယ်၊ ငန်းဖိုသေရင်လည်း ငန်းမက လိုက်ပြီး ကလဲ့စားချေကြတဲ့အကောင်မျိုး၊ ခုလို မိုးကြီးရွာလိုက်တော့ မလိုက်နိုင်တော့ဘူး။ ကျွန်တော်တို့အနံ့က မိုးရောလေပါဆိုတော့ သူဘယ်လိုမှမရတော့ဘူးလေ။ ဒါကြောင့် တစ်ရန်အေးသွားပြီး ကျွန်တော်တို့ အေးအေးဆေးဆေး ပင်ပန်းလာသမျှ နားလို့ရမယ်မဟုတ်လားဗျာ။ ဒါကြောင့် ကျွန်တော်ကတော့ ခုလို မိုးရွာတဲ့အခြေအနေကို သဘောကျတယ်လို့ ပြောတာပါ"

ကိုမောင်ပြောလိုက်သည့်စကားတွင် ငန်းမြွေအကြောင်းပါလာသည်မို့–

"နေပါဦး ကိုမောင်ရဲ့၊ ခုပစ်ခဲ့တဲ့ မြွေက ငန်းသံကွင်းစွပ်လား၊ ငါတော့ အနီတစ်ရစ်၊ အနက်တစ်ရစ်နဲ့ အတော်လှတဲ့အကောင်ကြီးဆိုတာ သိပေမယ့် ဘာမြွေမှန်း မသိဘူးလေ။ ခု မင်းပြောမှဘဲ သိတော့တယ်။ ငန်းမြွေက ဘယ်နှစ်မျိုးတောင် ရှိနေတာသလဲ ပြောပါဦးဟ"

အလယ်မြောင်ရွာသားကုလားက မေးလိုက်သည့်အတွက် ကိုမောင်က–

"မင်းက သားကောင်ကြီးတွေနောက်ကို ခုမှလိုက်စဆိုတော့ သိပ်သိ



www.burmeseclassic.com

www.burmeseclassic.com



သေးဘူးပေါ့ကွာ။ မှတ်ထား ..၊ မုဆိုးလုပ်တော့မယ်ဆိုရင် အန္တရာယ်ပေးတတ်တဲ့ ငန်းမြွေတွေအကြောင်းတော့ သိဖို့လိုတယ်ကွ။ ငန်းစောင်း၊ ငန်းပုတ်၊ ငန်းတော်ကြား၊ ခု ငါတို့ပစ်သတ်ခဲ့တဲ့ သံကွင်းစွပ်၊ ငန်းလက်ပတ်၊ ငန်းဦးကွက်စတဲ့ အကောင်ကြီးတွေရှိကြတယ်။ နောက်ပြီး သူ့လိုအကောင်ကြီးတဲ့ စပါးကြီးမြွေ၊ စပါးအုံးမြွေဆိုတာတွေလည်း ရှိကြတယ်။ အကောင်ကြီးတွေပေါ့။ ကျန်တာကတော့ အကောင်သေးပြီး အဆိပ်ပြင်းတဲ့မြွေတွေပေါ့။

အဲဒီ ငန်းမြွေတွေထဲမှာ ထူးထူးခြားခြား ငန်းမြွေတစ်မျိုးရှိသေးတယ်ကွ။ ငန်းပြဿဒ်လို့ခေါ်တဲ့ မြွေမျိုးပဲ။ ရှားပါးပြီး တော်ရုံမုဆိုးတွေတောင် မတွေ့ဖူးကြဘူး။ ရိုးမမုဆိုးကြီး တွေလောက်ဘဲ တွေ့ကြတာ ကြုံကြတာရှိတယ်။ အဆိပ်ကလည်း အလွန်ပြင်းတယ်။ အရည်ထူတဲ့ ဆင်လိုအကောင်မျိုးတောင် သူ့အဆိပ်မိလိုက်ရင် နေရာမှာပဲ တုံးခနဲလဲသေတယ်ကွ"

"ငန်းမြွေဆိုတဲ့အကောင်မျိုးဟာ အနံ့က ညှီစို့စို့အနံ့ အမြဲထွက်သလို ပုပ်အဲ့အဲ့အနံ့ထွက်ကြတယ်။ ခု ငါပြောတဲ့ ငန်းပြဿဒ်ဆိုတဲ့ အကောင်က အဲဒီအနံ့မျိုးမထွက်ဘူး။ သစ်ပင်အစိုပင်စည်လုံးကြီးကို မီးလောင်ထားတဲ့ အနံ့မျိုးထွက်တယ်ကွ။ ဝန်းကျင်အရောင်ကိုလိုက်ပြီး အရောင်ပြောင်းတယ်လေ"

"သူတို့သဘာဝက လူတွေနဲ့ဝေးရာ၊ အသံမကြားရာ နေကြတယ်။ ဝေးလံသီခေါင် အမြင့်ဆုံး တောင်ပေါ်တို့အပြင် ပိတ်ဆို့အုံ့မှိုင်းသော တောကြီးများအတွင်း နေကြတယ်"

"ထူးခြားတာက အခြားငန်းမြွေတွေလို သူတို့အမြီးက သွယ်သွယ်မဟုတ်။ တုတ်ခိုင်ပြီး မာကျောတယ်။ မြေပြင်ကို အမြီးနဲ့ထိုးစိုက်ပြီး ခန္ဓာကိုယ်ကိုမတ်ပြီး ထောင်ထားကာ လုံးဝမလှုပ်ရှားဘဲ ငြိမ်နေတတ်ကြတယ်။ သားကောင်တွေက မီးလောင်ခံထားရတဲ့ သစ်ပင်ကြီးအမှတ်နဲ့ ကပ်လာတော့မှ ပေါက်သတ်ပြီး လိုရာဆီကို ဆွဲယူစားသောက်တတ်ကြတယ်လေ။ အဲဒီ ငန်းမြွေမျိုးက မဆန်းဘူးလား"

သူ့အမေးကြောင့် ကုလားငိုင်သွားသည်။ ပြီးတော့မှ ဖြည်းဖြည်းချင်း ပြောလိုက်သည့် စကားက ...

"အေးကွာ ..ငါ ရိုးမမုဆိုးဘဝရောက်အောင် အတော်ကြိုးစားရဦးမယ်"

BURMESE CLASSIC .com

ကျွန်တော်တို့ ညစာကို စားသောက်ပြီးချိန် မိုးက အငြိုးတကြီး ရွာချနေရာမှ အတန်ငယ်အားပျော့လာသည်။ ဝန်းကျင်တွင် တောင်ကျချောင်းသံ၊ ဖားအော်သံ၊ ပုဇဉ်းရင်ကွဲအော်သံ၊ မြွေတွန်သံများကို ကြားရစပြုလာသည်။ မီးဖိုကြီးဘေးတွင် ဝိုင်းပတ်နေရာယူလိုက်ကြရင်း တောကြီး စိမ်းစိမ်းအတွင်း ညဉ့်နက်သန်းခေါင် ဖြစ်ပေါ်လာနိုင်မည့် အန္တရာယ်အတွက် ကာကွယ်ဖို့ ဘက်စုံထောင့်စုံမှ စဉ်းစားစီစဉ်ကာ သေနတ်များကို အသင့်ဘေးတွင် ချထားသလို တတ်မီးများကို လည်း အသင့်ပြင်ထားလိုက်သည်

မိုးကား အတန်ငယ်စဲသွားေ
လည်း ပြတ်တောင်းပြတ်တောင်း
လက်သလို မိုးခြိမ်းသံတွေကို ကြား
ရသေးသည်။ ခပ်လှမ်းလှမ်းမှ တ
သစ်လား။ ဝံလားတော့ဖြင့် မသိ၊ 
ခေါင်းသံများကို ကြားနေရသည
အဘကောင်းက ...

"မီးဖိုကို မီးမပြတ်စေနဲ့ ထင်း
တွေဆိုင်ထည့်ပေးထား။ လိုအပ်ရင်
ဆစ်ဘူးတွေထဲထည့်ပြီး အသံပေး
အန္တရာယ်ကလက်တစ်ကမ်းမှာကြား
တယ်မို့လား။ ကျားသစ်ဝံ ရှပ်သံကို

နွေကာလဖြစ်လင့်ကစား မ
တွင်းအချိန်အခါမဟုတ်ပါဘဲ ရွာ
လိုက်သော မိုးဒဏ်ကြောင့် တော
ခေါင်ခေါင်အတွင်းသို့ ဟိုမရောက်သည
မရောက်၊ လမ်းခုလတ်တောင်ကျ
စီးဆင်းရာ ချောင်းဘေးတွင် နေ့သ
တစ်နေ့ကိုမျှော်ရင်း ရင်ဆိုင်ရမည
အန္တရာယ်ကို ကျော်လွှားဖြတ်သန်းရ
လူသားမုဆိုး(၆)ဦး၏ ကံကြမ္မာကို တွေး
တောနေလိုက်သည်။

မိုးကား အထိုက်အလျောက်စဲ
သွားပြီဆိုသော်လည်း ညနေပိုင်းက
မတရားသွန်းကြဲရွာချထားသော မိုးရေ
တို့က တောင်မကြီးထက်မှဆင်းကာ
တောင်ကျချောင်းအတိုင်း ကြမ်းတမ်း
ခက်ထန်မာကျောစွာ စီးဆင်းနေသည
အသံက တဝုန်းဝုန်းတဝေါဝေါကြားနေ
ရသည်။

တောင်ကျချောင်းတို့ အသံ...စီး
ဆင်းသံ၊ ပုဇဉ်းရင်ကွဲအော်...သံ၊ ဖား

www.burmeseclassic.com

www.burmeseclassic.com



အော်သံ၊ ကုတ်ကလူး သားစားငှက်ကြီးတို့ အော်မည်သံများအပြင် ခွေးအတို့ အူလိုက်သံများကြောင့် ရိုးမကြီးအလယ် ချောက်ချားဖွယ်ရာအသွင်မျိုးနှင့်မို့ကြောက်စရာပင်ကောင်းနေသည်။ သို့အတွက် လက်တွင်းကိုင်ဆောင်ထားသည့် သေနတ်ကို တင်းတင်းဆုပ်ကိုင်ထားမိပေသည်။

BURMESE CLASSIC .com

ရိုးမကြီးအတွင်းပိုင်းမို့ လွတ်လပ်စွာ ပေါက်ရောက်နေကြသော သစ်ရိုင်းပင်ကြီးများ၊ တောချုံပင်ကြီးများ၊ ဝါးရုံတောများနှင့် တောချုံပင်တို့မှာ ကျွန်တော်တို့နှင့်တော့ မစိမ်းလှ။ သို့သော်သည်နေရာကို ရောက်ခဲ့ကြသည်မှာ လွန်ခဲ့သည့် (၃)နှစ်ခန့်ကပင် ယခင်မှတ်သားထားခဲ့သည်တို့မှာ ယခုအခါ အရင်လိုမဟုတ်။ လွတ်လပ်စွာပေါက်ရောက်နေကြသော အရာအားလုံးတို့ကို ရာသီဥတုက ပြောင်းလဲပစ်လိုက်သည်မို့ ကျွန်တော်တို့က ယခင်ရောက်ခဲ့ကြစဉ်က မှတ်သားထားသည့် အနေအထားမျိုးမဟုတ်တော့။ ရိုးမရင်ခွင်ကြီးအတွင်းမို့ လွတ်လပ်စွာပေါက်ရောက်ခဲ့ကြရသော သစ်ရိုင်းပင်များနှင့် တောချုံပင်၊ ဝါးရုံတောကြီးတို့မှာ မူလအနေအထားကို ပုံစံပျက်အောင်ပြောင်းလဲပစ်လိုက်သလို အချိန်ကိုလုၡ သွားနေကြလမ်းအတိုင်း မလိုက်ဘဲ ဖြတ်လမ်းကို တောတိုးပြီး လိုက်ခဲ့ကြသဖြင့် ငန်းမြွေကြီးနှင့် မမျှော်လင့်ဘဲ ရင်ဆိုင်ကာ သတ်ဖြတ်ခဲ့အပြီး မိုးက အချိန်မဟုတ်ပါဘဲ သည်းထန်စွာ ရွာချလိုက်ကာ လမ်းရှာမရသည့်အပြင် ဒေသခံမုဆိုးတို့ပင် လမ်းရှာမရကြသည့်အတွက် ကသီးကရွဲနိုင်ကာ ယခုလိုဖြစ်နေရခြင်းပင်။

တဲအတွင်း မီးဖိုကြီးဘေးဝိုင်းထိုင်နေကြရင်း ကုလားကာ၊ လေးခဲထိုးဓာတ်မီးဖြင့် တဲအပြင်နေရာအနှံ့ဆီ လိုက်လံထိုးကြည့်ရင်း အခြေအနေကို လေ့လာအကဲခတ်နေသည်။ ကွက်သာများ၊ တောချုံပင်အောက် အကြိုအကြားများ၊ အပင်များထက်ဆီသို့ လိုက်လံထိုးကြည့် ရှာဖွေနေစဉ် ကိုမောင်နှင့် ဖိုးစံညွန့်တို့က သေနတ်များနှင့် ချိန်ရွယ်ကာ သားကောင်ကိုတွေ့လျှင် ပစ်ခတ်မည့် အနေအထားမျိုး။

ယခုအချိန်တွင် မိုးကားစဲသွားပေပြီ။ ပင်ယံမြင့်ထက် ရွက်ဖားဝေဝေတို့ထံမှကျသော မိုးစက်မိုးပေါက်အသံ၊ တောင်ကျချောင်း ရေစီးသံ၊ ညပိုးမွှားတို့အော်သံက ဝန်းကျင်ကို ဆူညံနေသည်။ ထိုစဉ် အစ်ကိုကြီး ဦးသိန်းလွင်က လက်နှိပ်ဓာတ်မီးကို ကိုင်ကာ သက်ာမကင်းသည့်နေရာတွေကို လိုက်လံထိုးကြည့်ရှာဖွေနေပြန်သည်။

"ဖောင်း .. ဖောင်း .. ဖောင်း"

မီးဖိုအတွင်းထည့်ထားသော ဝါးဆစ်ပိုင်းတို့ ပေါက်ကွဲသံများကြောင့် ရယ်လားတော့မသိ။ ကြားနေရသော သားကောင်တို့အသံက အတန်အလှမ်းဝေးသွားသည်။ ညအစာရှာ ငှက်အော်သံ၊ ဖားအော်သံ၊ တောင်ကျချောင်းရေစီးသံတို့မှအပ ထူးခြားမလာသေး။ ထိုစဉ် ...

"ခွီး .. ခွီး .. ရှူး .. ဖျီး . ဖျီး . ဖျီး"

စူးရှပြင်းထန်သော နှာမှုတ်သံ၊ ရန်လိုမာန်ဖီသံကြီးကို တောင်ကျချောင်းရေတို့ စီးဆင်းရာဘက်ဆီမှ ကြားလိုက်ကြရသည်။ ချောင်းရေနှင့် မျောပါလာသော သားကောင်တစ်ကောင်၏ အသံပင်ဖြစ်ပေသည်။

"ဘာသံလို့ထင်လဲ အစ်ကိုကြီး"

ကျွန်တော်က အနီးရှိ အစ်ကိုကြီး ဦးသိန်းလွင်ကို စောင်းငဲ့ကြည့်ရင်း မေးလိုက်သည့်အတွက် ...

"ငါ့အထင် သဖန်းပင်ပေါ် တက်စားနေတဲ့ တောကြောင်တစ်ကောင်ရဲ့ မာန်ဖီသံဖြစ်မယ်ကွ"

"သဖန်းပင်က အသီးကိုတက်စားနေတဲ့ တောကြောင်က ခုလို စူးရှပြင်းထန်တဲ့ မာန်ထသံမျိုးကို လုပ်ပါ့မလား။ ဒီအသံက အစာလုရင်း မာန်ထတဲ့ အသံမျိုးလည်းမဟုတ်ဘူး။ တောကြောင်ဆိုရင်လည်း သူ့ကို ရန်လုပ်လို့ ပြန်ပြီး မာန်ထ ရန်လုပ်တဲ့ အသံမျိုး ဖြစ်မယ်။ မီးထိုးကြည့်စမ်းပါဦး ကိုမောင်"

ရှစ်ခဲထိုး လက်နှိပ်ဓာတ်မီးကိုင်ထားသည့် ကိုမောင်အား ကျွန်တော်ပြောလိုက်သည့်အတွက် အသံကြားရာဘက်ဆီသို့ မီးထိုးရှာဖွေကြည့်နေသည်။ ဓာတ်မီးအလင်းရောင်က အမှောင်ထုကို ထိုးဖောက်ပြီး တန်းတန်းမတ်မတ်ဖြာဆင်းသွားသည်။ အလင်းတန်းတဖြစ်နိုင်ချေရှိသည့် မြေပြင်ကို လိုက်လံထိုးကြည့်ရှာဖွေရာ ထူးခြားမှုကို မတွေ့



www.burmeseclassic.com

www.burmeseclassic.com



ရ။ ကျူပင်ကိုင်းပင် ချုံနွယ်ပင်များ အကြား မီးကိုကစားကာ ရှာဖွေကြည့် သည်။ မထူးခြားသည့်အတွက် ကမ်း နားသစ်ပင်ထက်တို့ကို ရှာဖွေကြည့်ပြန် သည်။ သဖန်းပင်ကြီးထက်တွင် မီး အလင်းတန်းအောက်တွင် ရောင်ပြန် ဟပ်သည့် မျက်လုံး(၂)စုံကို တွေ့လိုက် ရသည်။ နီညိုသောမျက်လုံးပိုင်ရှင်က အပင်ထက် သစ်ကိုင်းခွကြားမှ ကျွန် ရဲရဲတောက်မျက်လုံးအစုံက အောက် ဖက်မှ ပင်စည်လုံးမှအပေါ်ကို လိုက်လံ ကြည့်ရှုနေသည့်အသွင်။ မြေပြင်မှ မျက်လုံးရဲရဲအကောင်သည် လူကို အန္တရာယ်ပေးနိုင်သည့် သားကောင်မျိုး ဆိုသည်ကို အားလုံးသိလိုက်ကြသလို ကျွန်တော်တို့ (၅)ဦးက ဘေးတွင်ချ ထားသည့် သေနတ်များကို ကောက်ယူ ချိန်ရွယ်လိုက်ကြစဉ် အပင်ထက်မှ အကောင်မျက်လုံးအစုံက စိမ်းဖန့်ဖန့် အရောင်အဖြစ် ပြောင်းသွားသည်မို့ အသေအချာကြည့်လိုက်တော့ အနက် အစက်အပျောက်တို့အတိ၊ အဝါအောက် ခံနှင့် ရောထွေးနေသော ဝါးယောင်း ကြောင်ပျောက်(ခ)နွယ်တန်းလျှောက် တောကြောင်ကြီးတစ်ကောင်ဖြစ်ကြောင်း သိရှိလိုက်ရပေသည်။

"ရှီး ‥ဖျီး ‥ဖျီး ‥ဖျီး"

သဖန်းပင်အောက်မှ အပေါ်ကို မော့ကြည့်နေသည့် မျက်လုံးရဲရဲပိုင်ရှင် ထံမှ မာန်ဖီထကာ အော်ဟစ်မာန်ဖီသံ ကြီးကြောင့် အပင်ထက်မှတောကြောင် ကြီးမှာ အောက်ကိုငုံ့ကြည့်လိုက်ပြီး လွတ်ရာသို့ ခုန်ဆင်းကာ အမှောင်တွင်း မှ ပြေးထွက်ပျောက်ကွယ်သွားပေသည်။ ထိုအချိန် အောက်မှ ရဲရဲတောက်မျက် လုံးပိုင်ရှင်က မီးအလင်းတန်းလာရာ ကျွန်တော်တို့ဆီသို့ အကြည့်ကရောက် လာသည်နှင့်အတူ ခေါင်းကို ထောင် ရင်း ပါးပျဉ်းကို ဖြန့်ကျက်လိုက်သည် မို့ ...

"ဟိုက် ‥ မြွေကြီးပါလား၊ ကျွန် တော်တို့ ပစ်သတ်ခဲ့တဲ့ မြွေမျိုးဗျ။ အနီ တစ်ရစ် အနက်တစ်ရစ်နဲ့ ‥ဘုရား ‥ဘုရား"

အလယ်မြောင်ရွာသားကုလားက တအံ့တသြပြောလိုက်သည်။ သူ ပြော သကဲ့သို့ပင် မြွေကြီးတစ်ကောင်က မီး အလင်းတန်းလာရာဆီသို့ ခေါင်းထောင် ကြည့်ရင်း ပါးပျဉ်းခွက်ကြီးကို ဖြန့်ကား လျှက်ကြီးမားသော ပါးစပ်ကြီးအတွင်း သွားစွယ်ကြီးတို့အကြား လျှာနှစ်ခွကို ထုတ်လိုက်သွင်းလိုက်လုပ်ရင်းက ပါး ပျဉ်းခွက်ကြီးကို ဘယ်ယိမ်းညာထိုးလုပ် ကာ ငြိမ်နေသည့် ကျွန်တော်တို့ကို လိုက်ကြည့်ရင်း ပြင်းထန်စွာမာန်ကို ထ နေပြီးမှ ခေါင်းကို မြေပြင်သို့ချကာ ကျွန်တော်တို့ရှိရာဆီသို့ မကြောက်မရွံ့ တိုးကပ်လာနေသည်။ ကျွန်တော်တို့က သေနတ်နှင့် ချိန်ရွယ်ထားကြပြီးပြီမို့

ငြိမ်သက်စွာ စောင့်စားကြည့်ရှုနေလို
ကြပေသည်။ ကျွန်တော်က သေန
နှင့် ချိန်ရွယ်ထားရင်း စောစော
ကုလားပြောသည့် မြွေအမျိုးအစာ
ဟုတ်/မဟုတ်ကို မီးရောင်နှင့် အ
အချာခွဲခြားကြည့်နေမိလိုက်သည်
ဟုတ်ပေသည်။ မနေ့က ကျွန်တော်
ကို အသိုက်ထက်ကဆင်းကာ သာ
ဖောကပ်ပြီး ရန်လုပ်ခဲ့သည့် မြွေအမျိ
အစား ငန်းသံကွင်းစွပ်မျိုးပင်။ အရွယ်
အစား အရောင်အဆင်းနှင့် အလုံ
အထည်က တူနေသည်။ သို့ဆိုလျှင်
ကိုမောင်ပြောခဲ့သည့်စကားထဲတွင်–

"ဘာကြောင့်ဆို ငန်းမြွေတွေထဲ
မှာ ခုပစ်ခဲ့တဲ့ ငန်းသံကွင်းစွပ်ဆိုတဲ့
အမျိုးအစားက အဆိုးဆုံး၊ အငြိုး
အတေးလည်း အကြီးဆုံး၊ အဆိပ်
လည်းအပြင်းဆုံး အကောင်မျိုးဗျ။
ငန်းမ သေရင် ငန်းဖိုက ကလဲ့စား
ချေတယ်။ ငန်းဖိုသေရင်လည်း ငန်းမ



www.burmeseclassic.com



အလိုက်ပြီး ကလဲ့စားချေတတ်ကြတဲ့ အကောင်မျိုး"

ကျွန်တော်က သေနတ်နှင့်ချိန်ရွယ်ထားရင်း သူပြောသည့်စကားကို ပြန်လည်ကာ ကြားယောင်နေစဉ် တဖြည်းဖြည်းရွေ့တိုးလာသော မြွေကြီးမှာ ကျွန်တော်တို့ရှိနေသည့်တဲနှင့် ဝါးတစ်ရိုက်ခန့်အကွာတွင် ခေါင်းကို ထောင်လိုက်ပြီး ပါးပျဉ်းခွက်ကြီးကို ဖြန့်လိုက်ကာ ကျယ်လောင်သော မာန်ဖီသံကြီးကိုပြုရင်း ဖန်ဂေါ်လီလုံးခန့်ရှိ နီရဲသော မျက်လုံးအစုံနှင့် စူးစူးစိုက်စိုက်ကြည့်၍ တရွေ့ရွေ့တိုးကပ်လာသည့် မြွေကြီးကို ပစ်ခတ်လိုက်ကြပေတော့သည်။

ကြီးမားသည့် ငန်းမြွေကြီးမို့ ကျွန်တော်ပင် နှစ်ချက်ဆင့်ပစ်လိုက်မိသည်။ လတ်တလော ညဥ့်နက်သန်းခေါင် ရိုးမတောအတွင်း တိုက်ပွဲတစ်ခုဖြစ်နေသည့်အလား ယမ်းနံ့များ၊ သွေးနံ့များ၊ ကိုယ်လုံးကြီးက နီးစပ်ရာသစ်ပင်များကို ရစ်ပတ်ဆွဲလိမ်ရိုက်သံများ၊ လူးလိမ့်သံများတို့ကြောင့် တောင်ကျချောင်းရေကျသံကိုပင် ဖုံးလွှမ်းသွားပေတော့သည်။ မြွေကြီးငြိမ်အောင် အတန်ကြာစောင့်ကြည့်လိုက်ပြီး သွားရောက်ကြည့်ရှုလိုက်ကြရာ မူလပစ်ခတ်ခဲ့သည့် ငန်းမြွေကြီးထက် အနည်းငယ်ကြီးပြီး အရောင်အဆင်းရော အမျိုးအစားပါ တူညီနေသည်ကို အံ့သြဖွယ်တွေ့လိုက်ရပေသည်။

ဖြစ်ရပ်ကို ကျွန်တော်တို့အားလုံး သုံးသပ်ကောက်ချက်ချလိုက်ကြသည်က အထီးကြီးလည်းဖြစ်နေသည့်အတွက် အစာရှာထွက်ရာမှ ပြန်လာသော ငန်းမြွေဖိုကြီးသည် အသိုက်ဝပ်နေသည့် ဇနီးသည်နှင့် ဥများကို ရက်စက်စွာ သတ်ဖြတ်မီးရှို့ဖျက်စီးရန် သူ ကျွန်တော်တို့အုပ်စုကို လိုက်လံအနံ့ခံ ခြေရာကောက်ရင်း ကလဲ့စားပြန်ချေဖို့ လိုက်ခဲ့စဉ် မမျှော်လင့်ဘဲ အချိန်မဟုတ် မိုးကြီးကလည်း သည်းထန်စွာရွာချလိုက်သဖြင့် ခြေရာကောက်ဖို့အပြင် အနံ့ပါပျောက်ပြီး အစာရှာထွက်နေစဉ် ရွာချလိုက်သော မိုးကြီးကြောင့် တောင်ကျရေများနှင့် စီးမျောပါသွားပြီး ချောင်းအတွင်းရောက်ရှိသွားသဖြင့် စီးမျောပါလာပြီး အတန်ကြာတော့ ရေစီးနေသည့်ကြားမှ ကမ်းစပ်ဘက်ဆီသို့ ရုန်းကန်တိုးကပ်လိုက်ချိန် မီးဖိုအတွင်းမှ ဝါးဆစ်ပိုင်းတို့ တဖောင်းဖောင်းကွဲကာ အသံမည်ချိန်နှင့်တိုက်ဆိုင်ကာကြားသွားပြီး သူ့ရန်သူများ ဟုတ်မဟုတ် ချောင်းစပ်မှ ခေါင်းထောင်ကြည့်လိုက်စဉ် ကမ်းစပ် သဖန်းပင်ထက် တက်စားနေသည့် တောကြောင်ကြီးက တွေ့ပြီး သူ့ကို ရန်ရှာမည်အထင်နှင့် မာန်ဖီသံကြီးပြုကာ ဟိန်းဟောက်ချောက်လှန့်လိုက်သလို သူကလည်း မာန်ထသံကြီးနှင့် ပြန်လည်တုံ့ပြန်လိုက်သံကြီးကို ထိုတဲအတွင်းရှိ ကျွန်တော်တို့အားလုံးက ကြားလိုက်ရသဖြင့် မည်သို့သော သားကောင်ဖြစ်သည်ကို မီးထိုးရှာဖွေကြည့်ကြရာမှ တောကြောင်ကို အစာအတွက် မဲနေရာမှ ဆင်းပြေးသည့်အတွက် မီးနှင့် ထိုးလိုက်မိကြသည့် ကျွန်တော်တို့အနံ့အသက်ကို ရရှိသွားသော ငန်းမြွေကြီးမှာ ကလဲ့စားချေရန် တိုးကပ်လာသည့်အတွက် ယခုကဲ့သို့ သူ့ဇနီးနှင့် သားသမီးများနှယ် အဖြစ်ဆိုးနှင့် ကြုံတွေ့ခံစားသွားလိုက်ရခြင်းပင်ဖြစ်ပေသည်။

ယခုဖြစ်ရပ်က သူတို့မိသားစုတစ်ပြုလုံးအတွက် ကံဆိုးသည်ဟု ဆိုရမည်ဖြစ်သော်လည်း ကျွန်တော်တို့ မုဆိုး ၆ ဦးအဖို့တော့ ကံကောင်းသည်ဟု ဆိုရပေမည်။ အဘယ့်ကြောင့်ဆိုသော် အချိန်အခါမဟုတ်သဖြင့် ယခုကဲ့သို့ မရှာလိုက်ပါလျှင် ကျွန်တော်တို့ စခန်း(အထိုင်)ချရာဆီသို့ ရောက်သွားမည်။ ထိုနေရာတွင် ပင်ပန်းလာသမျှ အတိုးချသောက်ကြမည်။ ပြီးတော့ စားသောက်ပြီး စိတ်ချလက်ချ အိပ်စက်အနားယူကြမည်။ နောက်တစ်နေ့ မိုးလင်းပါမှ ခြေရာကောက်လိုက်ကြမည်။

ထိုကဲ့သို့ စိတ်အေးလက်အေး အနားယူ မှူးမှူးနှင့် အိပ်ပျော်နေကြစဉ် ထိုအချိန် မိသားစုမျိုးပြုတ်ခြင်းကို ခံလိုက်ရသည့် ငန်းမြွေကြီးတစ်ကောင်၏ တန်ပြန်ကလဲ့စားအတွက် ဘယ်နှစ်ဦးအသက်ပျောက်ရမည်ဆိုသည်က မတွေးတောရဲလောက်အောင်ပင်။

ယခု တွေ့ကြုံခဲ့ရသည့် အခြေအနေများက သဘောရင့်(မရင့်တရင့်) မုဆိုးတို့၏ ကိုယ်တွေ့ဖြစ်ရပ်များအပြင် စားရင်းသောက်ရင်း တောပြောတောင်ပြော သူငယ်ချင်းများကို တကယ့်ကိုယ်တွေ့တွင် တစ်ညလုံး ဒုက္ခရောက်ပြီး တစ်မေးမှပင် မေးစက်ခွင့်မရလိုက်သော

www.burmeseclassic.com

www.burmeseclassic.com



အသက်လုလိုက်ရသည့် တကယ့်ဖြစ်ရပ်မှန်အခြေအနေကို စာဖတ်သူတို့သိရှိနိုင်ရန် တင်ပြလိုက်ခြင်းဖြစ်ပေသည်။

နောက်ဆုံး ကျွန်တော်တို့ အယူအဆအရ မြွေကိုတွေ့လျှင်ကံမကောင်းဆိုသည့် အယူစွဲမှုသည် မှန်ကန်နေသည့်ကြောင့် ရှေ့ဆက်မတိုးဝံ့တော့ဘဲ နောက်ကြောင်းပြန်ဆုတ်လာခဲ့ရပါသည်ဆိုလျှင် ...။

လေးယာ

---

## မျှော်လင့်ခြင်းပုံပြင်

နွေဦးပုံပြင်ရဲ့
ရွက်ကြွေတောထဲမှာ
ဥသြငှက်သံကို နားဆင်ရင်း
ငါ နင့်ကိုမျှော်နေဆဲပါ ...။

မိုးရာသီရဲ့
မိုးရေစက်တွေကြားထဲမှာ
မျက်ရည်မိုးတွေ
ရွာသွန်းနေတဲ့
နှလုံးသားနဲ့အတူ
ငါ နင့်ကို စောင့်နေဆဲပါ ...။

မျက်ရည်ပွင့်တွေ
ကြွေလွင့်နေတဲ့
မြောက်ပြန်လေအငွေ့
ဆောင်းရာသီရဲ့
မြူနှင်းငွေ့တွေကြားထဲမှာလည်း
လွမ်းမောရီဝေနေတဲ့
မျက်ဝန်းတွေနဲ့
ငါ နင့်ကို ရှာဖွေနေဆဲပါ။ ။

ဖုန်းပြည့်(ဥပဒေ)





www.burmeseclassic.com